


အမှောင်ရိပ်ဝယ်

မြသန်းတင့်

Synergy Publications
အမှတ်(၉၄)၊ ၃-လွှာ၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

စာမူခွင့်ပြုချက်
၅၀၁၄၃၁၁၂၁၀

အဖုံးခွင့်ပြုချက်အမှတ်
၅၀၀၀၀၄၀၁၁၁

ပုံနှိပ်ခြင်း
ပထမအကြိမ် (၁၉၆၀-အောက်တိုဘာ)
စတုတ္ထအကြိမ် (၁၉၉၄)
ပဥ္စမအကြိမ် (၂၀၁၁-ဖေဖော်ဝါရီ)

အုပ်ရေ
၅၀၀

www.burmeseclassic.com

မျက်နှာဖုံး
CHEN HMINE AUNG

ကွန်ပျူတာစာစီ
Synergy

စာအုပ်ချုပ်
မေသူဝင်း

ထုတ်ဝေသူ
ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ၊
အမှတ်-၁၁၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အဖုံး/အတွင်းပုံနှိပ်
ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်-၈၈၊ ၅၁-လမ်း၊ ၁ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး
၂၀၀၀-ကျပ်

ဤစာအုပ်

ဘဝတစ်ခုကို တင်ပြရာ၌ ကာယကံရှင်ကိုယ်တိုင် ရေးပုံတွေးပုံထက် ကာယကံရှင်၏ ရင်ထဲရှိတာကို ယူ၍ စာရေးဆရာ တစ်ဦးတစ်ယောက်၏ ရေးပုံ၊ တွေးပုံမျိုးက ပိုမိုပြည့်စုံ ခိုင်လုံနိုင်ပေသည်။

ဤအချက်ကို လက်ခံထားသော မြသန်းသည် ထောင်ထဲတွင် သူ့ဇာတ်ကောင် ကျော်မောင်ကို သွား၍ တွေ့ခဲ့ရသည်။ တွေ့ဆုံပြီးသည့်နောက် ကျော်မောင့်ရင်ထဲရှိသမျှ ကျော်မောင်ကိုယ်တိုင် ပြောသမျှကို ဇာတ်ကွက်ဆင်ကာ ရေးသားခဲ့လေသည်။ သမ္မတဟောင်းအိမ်ကို ကျူးကျော် ဖောက်ထွင်းခန်း၌ စာဖတ်သူ၏ စိတ်ကို အမိအရ ဖမ်းချုပ်ထားသည်ကို ခံစားရပေသည်။ ထို့အတူ ကျော်မောင့်စရိုက်ကိုလည်း သမ္မတဟောင်းနှင့် မျက်နှာချင်းအဆုံ၌ ကွင်းကွင်းကွက်ကွက် မြင်လာအောင် တင်ပြနိုင်ပေသည်။ ဤအခန်း၌ စာဖတ်သူ၏ ရင်ထဲတွင် ကျော်မောင့်ကို လူဆိုးဟု ထင်မလား ... ။ သို့မဟုတ် ရဲတင်းသူဟု မြင်မလား ... ။ မလိမ်မိုး မလိမ်မာ အမိုက်အမဲလေးဟု ကရုဏာသက်မည်လား ... ။ စာဖတ်သူသည် ထိုအခန်းကို ဖတ်နေစဉ် အဖြေကို မိမိဘာသာ မရှာဘဲ ရသွားနိုင်ပေသည်။

ရှုမဝစာတည်းအဖွဲ့
(၁၉၆၀၊ အောက်တိုဘာ)

www.burmeseclassic.com

စာဖတ်သူသို့

"အမှောင်ရိပ်ဝယ်" မှာ ဒုစရိုက်လောကထဲမှ ရုန်းမထွက်နိုင်သော တကယ့်လူဆိုး တစ်ယောက်အကြောင်း ဆရာမြသန်းတင့် မြသန်း ကလောင်အမည်ဖြင့် ရေးခဲ့သော လက်ရာဖြစ်သည်။ ၁၉၆၀ တွင် ရှုမဝစာအုပ်တိုက်က ပထမအကြိမ် ပုံနှိပ်ခဲ့သည်။ ယခု ၎င်း ၁၉၆၀ တွင် ထုတ်ဝေစဉ်ကအတိုင်း အပိုအလိုမရှိ ပြန်လည် ထုတ်ဝေလိုက်ပါသည်။ ဆင်းရဲနိမ့်ကျသော ဘဝမှာ ကြီးပြင်း၍ လောင်းကစား ပတ်ဝန်းကျင်တွင် ကျင်လည်ခဲ့ရသော ကျော်မောင်မှာ ဖဲရှုံးလျှင် မိခင်၏ငွေကြေး ပစ္စည်းများကို ခိုးယူခဲ့ရာမှ နောက်ပိုင်းတွင် သူခိုးကြီးဘဝသို့ တစ်စတစ်စ ရောက်ရှိသွားတော့သည်။ ခဏခဏ ထောင်ကျခဲ့ရပြီး အမှောင်လောကတွင် နာမည်ကြီး ဖောက်ထွင်းဝိဇ္ဇာတစ်ယောက် ဖြစ်လာခဲ့တော့သည်။ နောက်ဆုံးတွင် နိုင်ငံတော်သမ္မတကြီး၏ အိမ်ကို ဖောက်ထွင်းခိုးယူမှုဖြင့် ထောင်ကျသွားခဲ့သည်။

သို့သော် ကျော်မောင်မှာ အမှောင်လောကမှာ တကယ်တမ်း ပျော်မွေ့ခဲ့သူ မဟုတ်ပါ။ အမှောင်ရိပ်မှ လွတ်မြောက်လိုသော ဆန္ဒများ အကြိမ်ကြိမ် ဖြစ်ပေါ်ခဲ့သည်။ သူကြုံခဲ့ရသော အချစ်ဇာတ်လမ်းများတွင် ရမ္မက်နှင့်ယှဉ်သော အချစ်တုနှင့် ရင်ထဲက နှစ်နှစ်ကာကာချစ်သော အချစ်စစ်တို့ကို ခွဲခြားသိမြင်လာရာ၊ သူချစ်မြတ်နိုးလှသူ၏ တိုက်တွန်းမှုနှင့် မိခင်၏ ဆုံးမမှုကြောင့် လည်းကောင်း၊ ဝရမ်းပြေးဘဝကို မုန်းတီး၍ ကိုယ်တိုင် ပြုပြင်လိုစိတ်ကြောင့် လည်းကောင်း၊ အမှောင်လောကနှင့် အဆက်ဖြတ်လိုသော ဆန္ဒများ ဖြစ်ပေါ်ခဲ့သည်။

"ချစ်ရသူနှင့် လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် နေနိုင်ဖို့မှု ငွေရှိရန်လိုသည်။ ငွေကို ဖြစ်သည့်နည်းဖြင့် ရာရမည်" ဟူသော အတွေးအခေါ်၏ မောင်းနှင်မှုကြောင့် လည်းကောင်း၊ဖြတ်လမ်းက သူဌေးဖြစ်ချင်သော ဆန္ဒနှင့်အမှောင်လောကသားတို့၏ ဆွဲဆောင်မှုကြောင့် လည်းကောင်း၊ ဒုစရိုက်နည်းဖြင့် ငွေရှာခဲ့ရာ ငွေတွေတော့ ရပါသည်၊ သို့သော် ပျော်ရွှင်မှုကိုကား မရခဲ့ရှာချေ။ ကျော်မောင်မှာ ပြစ်မှုကြီးဖြင့် ထောင်ကျခဲ့ရခြင်းဖြစ်ရာ၊ ထောင်မှလွတ်သည်အထိ သူ့ကို စောင့်နေမည်ဆိုသော သူ ချစ်မြတ်နိုးလှသော ချစ်သူနှင့် ပေါင်းရပါဦးမည်လား။ စိတ်ဝင်စားဖွယ်ရာ တကယ့်ဇာတ်လမ်းတစ်ခုဖြစ်ရာ စာဖတ်သူများကို အစအဆုံး ဆွဲခေါ်သွားမည့် ဝတ္ထုဖြစ်ပါကြောင်း။

Synergy Publications

မြသန်း၏အမှာ

ကျဉ်းမြောင်း မဲမှောင်သော အကျဉ်းထောင်နံရံအတွင်းမှာ ကျွန်တော်သည် ကျော်မောင်နှင့် တွေ့ခဲ့ရ၏။ ကျွန်တော်နှင့် တွေ့စတုန်းက ကျော်မောင်သည် လေးလံလှသော သံခြေကျဉ်းကြီးများကို ဝတ်ကာ ခြေထောက်နှစ်ဖက်ကို သံစို့ကြီးများ ခတ်၍ ထားပေသည်။ သူ့မျက်လုံးများသည် အမြဲတစေ မှုန်ငေး၍လည်း နေတတ်ပေသည်။ ကျွန်တော်ကား ကျော်မောင်ဟူသာ သိသော်လည်း စကားစမြည် မပြောဖူးခဲ့သေးပေ။

www.burmeseclassic.com

ကျွန်တော့်ကို ကြိုးတိုက်မှ ထောင်မကြီးသို့ပြောင်း၍ မကြာမီ ကျော်မောင်လည်း အကျဉ်းတိုက်မှလွတ်ကာ ကျွန်တော်တို့အဆောင် အောက်ထပ်သို့ ရောက်လာ၏။ နံနက်လင်းလျှင် ကျော်မောင်သည် ကျွန်တော်တို့ စားဖိုနားသို့ ရောက်နေတတ်ပေသည်။ ကျွန်တော်တို့က သူတို့ အစားအသောက် ဆင်းရဲမှန်းသိသဖြင့် ထမင်းဟင်းများကို ခွဲပေးသောအခါ ကျော်မောင်သည် အားနာပါးနာဖြင့် ငြင်းတတ်၏။ ကျော်မောင်သည် ပေးတိုင်းလည်း မယူတတ်ပေ။ တစ်ခါတစ်ရံ ထောင်မှူးများအလစ်တွင် ကျွန်တော်တို့အနားသို့ ရောက်လာကာ ကျွန်တော်တို့ဖတ်ပြီးသား သတင်းစာ အပေါင်းများ၊ မဂ္ဂဇင်း အပေါင်းများ၊ ဝတ္ထုစာအုပ် အပေါင်းများကိုလည်း လာ၍ ငှားတတ်၏။ တိတ်တိတ်ခိုး၍ ရေးလာသော ကဗျာများကိုလည်းကောင်း၊ ဝတ္ထုတိုများကိုလည်းကောင်း၊ စာညွှန့်များကိုလည်းကောင်း ကျွန်တော်ကိုလာ၍ ပြတတ်၏။ တစ်ခါက ကျော်မောင်သည် ည လူခြေတိတ်တွင် ထ၍ စာရေးနေသည်ကို တာဝန်ကျထောင်မှူးက တွေ့သဖြင့် တိုက်ပိတ် ခံလိုက်ရသေး၏။ စာရွက်များပေါ်တွင် သူ့ခံစားချက်များ၊ အဖြစ်အပျက်များကို ဝတ္ထုသဖွယ် ရေးထားသည်ဟု ထောင်မှူးက ကျွန်တော့်ကို ပြောပြပေသည်။

တစ်နေ့ ကျွန်တော်စာဖတ်နေစဉ် ကျော်မောင်သည် ကျွန်တော့်အနားသို့ မယောင်မလည် ပေါက်လာလေသည်။ ကျွန်တော်ကား စာထဲတွင် စိတ်နစ်မြုပ်နေ၍ သတိမထားလိုက်မိပေ။

"ဆရာဦးမြသန်း ... အားသလား"

စာအုပ်ပေါ်မှ ကျော်ကြည့်လိုက်သောအခါ ကျော်မောင်သည် မပွင့်တပွင့်ပြုံး၍ ရပ်နေသည်ကို မြင်ရလေသည်။ ကျွန်တော်က စာအုပ်ကို ဘေးသို့ချလိုက်ကာ သူ့ကို နေရာထိုင်ခင်းပေးပြီး

"အားပါတယ် ... ဆိုစမ်းပါဦး ... ကိစ္စ ... "

"ကျွန်တော့်ဘဝကို ဝတ္ထုရေးပေးစမ်းပါလို့ ကျွန်တော် တောင်းပန်ချင်လို့ပါ။ ကျွန်တော် ဒီဘဝရောက်လာခဲ့ပုံတွေ ကျွန်တော် ဆိုးခဲ့၊ မိုက်ခဲ့တာတွေ ... ကျွန်တော့်မှာ နောင်တတရားဝင်တဲ့အခါ ဝင်တတ်ပုံလေးတွေ ... ကျွန်တော့်အချစ်ရေးတွေ ... အဲဒါကလေးတွေကို ရေးပေးပြီး တိုင်းပြည်ကို တင်ပြပေးစမ်းပါ ဆရာ။ ကျွန်တော် ခုလို ဘဝရောက်ရတာဟာ ကျွန်တော့်အပြစ်ချည်းပဲ မဟုတ်ဘူး။ ပတ်ဝန်းကျင်လည်းပါတယ် ... ဆိုတဲ့ သဘောကို ပေါ်အောင် ရေးပေးစမ်းပါ။ ကျွန်တော်ကိုယ်တိုင်ကလည်း စာရေးစာဖတ် ဝါသနာပါပါတယ်။ ဒါပေမယ့် မရေးတတ်လို့ ဆရာ ... အဲဒါ ဆရာတို့ရေးရင်တော့ ပိုပြီး သရုပ်ပေါ်မှာပဲဆိုပြီး ဆရာ့ကို တောင်းပန်တာပါ ဆရာ"

ကျွန်တော်က ဘာမျှမပြောဘဲ သူပြောသမျှ နားထောင်ရင်း သူ့မျက်နှာကို စူးစိုက်ကြည့်ကာ အကဲခတ်နေလေသည်။ ရုတ်တရက်ကြည့်လျှင် ကျော်မောင်သည် လူဆိုးတစ်ယောက်နှင့် မတူ။ မိန်းမရှာ စိတ်ဝင်နေသူနှင့်

www.burmeseclassic.com

တူနေပေသည်။ သူလှုပ်ရှားပုံမှာ ညင်သာသည်။ သူစကားပြောပုံမှာ သိမ်မွေ့သည်။ စကားပြောလျှင် သူ့မျက်လုံးများသည် ကျွန်တော့်ကို မကြည့်ဘဲ အဝေးသို့လည်းကောင်း၊ အပေါ်သို့ လည်းကောင်း ကြည့်နေတတ်သည်။ သို့မဟုတ်လျှင်လည်း ခေါင်းကိုငုံ့၍ စကားပြောတတ်သည်။ သူ့စကားပြောသံမှာ ခပ်တိုးတိုးမျှသာဖြစ်၍ သေသေချာချာ နားစိုက်ထောင်ပါမှ ကြားရရုံသာ ရှိသည်။ စကားပြောနေရင်း နှုတ်ခမ်းခြောက်သလိုဟန်ဖြင့် နှုတ်ခမ်းများကို လျှာဖြင့် မကြာခဏ လျက်နေတတ်သည်။ သို့မဟုတ်လျှင်လည်း တွေ့ရာပစ္စည်းတစ်ခုခုကို လက်ထဲတွင် ကောက်ကိုင်၍ ကစားနေတတ်ပေသည်။ ကျွန်တော့်ဝတ္ထုများကိုလည်း ဝေဖန်တတ်ပေသည်။

"ဆရာ့ဝတ္ထုတွေ တော်တော်များများ ကျွန်တော် ဖတ်ဖူးပါတယ် ဆရာ။ မြဝတီတို့၊ ရှုမဝတို့စတဲ့ မဂ္ဂဇင်းတွေထဲက ဝတ္ထုတွေရော ... နောက်ပြီး ဆရာ ဘာသာပြန်တဲ့ ဂေါ်ကီရဲ့အတ္ထုပ္ပတ္တိတွေကိုရော ... ကျွန်တော် ဖတ်ဖူးပါတယ်။ ကြိုးတိုက်ထဲမှာကတည်းက ဆရာ့ကို စကားပြောဖို့ ချောင်းနေတာ ဆရာ။ လူမလစ်တာနဲ့ မပြောဖြစ်ခဲ့ဘူး။ ခုလည်း ဆရာများ စိတ်ဆိုးမလား၊ ဘာလားနဲ့ တွေးရင်း ကျွန်တော့်ဘဝကို ပြောပြချင်တာနဲ့ ဖွတ်တက်လာခဲ့တာပဲ။ ကျွန်တော့်အဖြစ်အပျက်တွေကို နားထောင်ပြီး ဆရာ အသုံးချသင့်တယ် ထင်ရင် အသုံးချပါ ဆရာ။ ကျွန်တော်ကတော့ ကျွန်တော်ခုလို ဘဝရောက်နေရတာဟာ ကျွန်တော့်အပြစ်လည်းပါတယ် ... ပတ်ဝန်းကျင်လည်းပါတယ်ဆိုတာကို လူတွေ သိချင်တာပါပဲ ... ပြီးတော့ နောင်လာမယ့် လူငယ်တွေ ကျွန်တော်တို့လို မဖြစ်ကြဖို့ သင်ခန်းစာ ရစေချင်တာပါပဲ ... "

ကျော်မောင်သည် စကားရှည်ကြီးပြောပြီးနောက် သူ့အဖြစ်အပျက်ကို ကျွန်တော့်အား ပြောပြလေသည်။ သူ့အဖြစ်အပျက်မှာ စိတ်ဝင်စားစရာ ကောင်းသည်ဟု ကျွန်တော် ထင်လေသည်။ ဝမ်းနည်းစရာ၊ ဒေါသထွက်စရာ၊ ကြည်နူးစရာ ထိတ်လန့်စရာတို့ဖြင့် ပြွမ်းလျက်ရှိသည်။

ကျွန်တော်သည် သူ့အဖြစ်အပျက်ကို နားထောင်ရင်း ရင်တလှိုက်လှိုက် ဖိုသည်လည်းရှိ၏။ ဒေါသထွက်ရသည့်အခါလည်း ရှိ၏။ ဝမ်းနည်းရသည့်အခါလည်း ရှိ၏။ စိတ်ဝင်စားစရာတွေချည်းသာ ဖြစ်လေသည်။ သူ့အဖြစ်အပျက်ကို နားထောင်နေရသဖြင့် ထိုနေ့က နံနက်စာပင် မစားဖြစ်တော့ပေ။

ကျွန်တော်သည် ကျော်မောင်ပြောသွားသည့် အဖြစ်အပျက်များမှ အရိုးခံအကြောင်းများကို ဇာတ်ကွက်ချ၍ ကြည့်ရ၏။ သူပြောသည့်အထဲတွင် ဝတ္ထုတစ်ပုဒ်အတွက် မလိုတာတွေလည်း ရှိ၏။ လိုနေသည့် ဟာကွက်တွေလည်း ရှိ၏။ ဝတ္ထုအနေဖြင့် ရှေ့ပိုင်းက ဖြစ်သင့်သော အဖြစ်အပျက်များသည် နောက်ပိုင်းမှလာ၍ ဖြစ်တာတွေလည်း ရှိ၏။ နောက်ပိုင်းကျမှ ဖြစ်သင့်လျက်နှင့် ရှေ့ပိုင်းမှာ ဖြစ်သွားတာတွေလည်း ရှိလေသည်။ အချို့အချက်အလက်များမှာ ရဲဘက်သို့ သူကိုယ်တိုင် ဖွင့်ဟဝန်ခံထားသည့် အချက်များနှင့် မတူဘဲ ကွဲလွဲနေတာတွေလည်း ပါလေသည်။

သူ့အဖြစ်အပျက်မှာ ဝတ္ထုရေးသူတစ်ယောက်အနေနှင့်မူ အင်မတန် ကောင်းမွန်သော

www.burmeseclassic.com

ကုန်ကြမ်း ပစ္စည်းပေတည်း။ ကျွန်တော်သည် သူ့အဖြစ်အပျက်ထဲမှ ပိုတာတွေကို ဖြုတ်ပစ်ရသည်။ ဟာကွက်တွေကို လိုက်ဖြည့်ရ၏။ အဖြစ်အပျက်များကို ရှေ့နောက် ညီညွတ်သော ဇာတ်ကွက်ဇာတ်လမ်း ဖြစ်လာအောင် စီစဉ်ညှိနှိုင်း၍ နေရာချပေးရသည်။ သို့ဖြင့် ကျော်မောင်၏ အဖြစ်အပျက်မှ ရရှိခဲ့သော ကုန်ကြမ်းပစ္စည်းသည် ကျွန်တော့် လက်ထဲတွင် ကုန်ချောဖြစ်လာပေသည်။

သည်ကုန်ချောပစ္စည်းတွင် လက်ရာမသေသပ်မှု၊ ချို့ယွင်းမှုများ ပါကောင်းပါမည်ဟု ကျွန်တော်ထင်ပါသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် အရိုးခံအကြောင်းကို မွမ်းမံပေးလိုက်သော စာရေးဆရာ၏ စိတ်ကူးစိတ်သန်းနှင့် အဖွဲ့အနွဲ့တွင် ဟာကွက်များ ရှိကောင်းရှိလိမ့်မည်ဟု ထင်ပါသည်။ ရှိခဲ့လျှင် ခွင့်လွှတ်ရန် တောင်းပန်ပါသည်။

ဝတ္ထုထဲမှ ဇာတ်လိုက် ကျော်မောင်သည် ငွေရှိလျှင် သူ့ဘဝသည် သာယာစိုပြေလိမ့်မည်ဟု ထင်ခဲ့၏။ ကမ္ဘာဦးသူတို့ မီးနတ်ကို ကိုးကွယ်သကဲ့သို့ ကျော်မောင်သည် ငွေကို ကိုးကွယ်မတတ် ထားခဲ့၏။ ထို့ကြောင့် ငွေကို နည်းမျိုးစုံဖြင့် ရှာခဲ့၏။ ကျော်မောင်သည် ငွေကိုရ၏။ သို့သော် သူလိုချင်သည့် ပျော်ရွှင်မှုကို မရခဲ့ပါ။ သည်လိုဖြင့် ကျွန်တော်တို့နိုင်ငံတွင် ကျော်မောင်လို ပျက်စီးသွားကြရသူများ အများအပြား ရှိခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံတွင် ရာဇဝတ်မှု အများအပြား ပေါ်ပေါက်လာခဲ့ပါသည်။

ကျွန်တော့်ဝတ္ထုသည် ရာဇဝတ်မှု ကျူးလွန်မိသူများအား အနည်းနှင့်အများ နောင်တတရား ရလိမ့်မည်ဟု ကျွန်တော် ထင်ပါသည်။ ရာဇဝတ်မှု ပပျောက်ရေးတွင် အနည်းနှင့်အများ အထောက်အကူ ပြုလိမ့်မည်ဟုလည်း ထင်ပါသည်။ ကျွန်တော် မျှော်လင့်သည့်အတိုင်း အနည်းနှင့်အများ အထောက်အကူရမည်ဟု ဆိုလျှင်ပင် ဤဝတ္ထုကို ရေးရကျိုး နပ်ပြီဟု ကျွန်တော် ယူဆပါသည်။

မြသန်း

(၁)

တဒေါက်ဒေါက် လျှောက်လာသော ဖိနပ်သံနှင့်အတူ တချွင်ချွင် မြည်လာသော သော့တွဲသံများကို ကြားရလေသည်။

ကျွန်တော်သည် အလုံတိုက် အုတ်နံရံကိုမှီကာ နောက်ကျောဘက်အပေါက် သေးသေးကလေးမှ ကျလာသော နေရောင်ခြည်ကို ငေးကြည့်နေမိလေသည်။ နေရောင်ခြည်သည် ရွှေမြားတံများလို ကြည့်၍လှပေသည်။ မြမြစိမ်းနေသော သရက်ရွက်များကိုလည်း မြင်ရပေသည်။ သရက်ကင်းတို့၏ သင်းပျံ့ပျံ့ ရနံ့ကလေးများလည်း ကျွန်တော့်နှာခေါင်းထဲသို့ တိုးဝင်လာသလို ထင်မှတ်ရသည်။ လေတိုးသောအခါ သစ်ရွက်တို့သည် တရှဲရှဲမြည်နေကြလေသည်။ ကျီးတို့ကလည်း

www.burmeseclassic.com

တအာအာ အော်မြည်နေကြသည်။

ကျွန်တော်သည် နံရံကိုအားပြု၍ မတ်တတ်ရပ်လိုက်သည်။ ခြေထောက်များတွင် ခတ်ထားသော သံခြေကျင်းကြီးများကား လေးလံလှပေ၏။ ကျွန်တော့် ခြေထောက်များသည်လည်း သံခြေကျင်းများ အလယ်တွင် ကန့်၍ခတ်ထားသော သံစို့ကြီးများကြောင့် ခွင်၍နေကြပေပြီ။ အလုံတိုက်ထဲတွင် အနေကြာပြီမို့ ကျွန်တော့်အသားများသည် ဖြူဖတ်ဖြူလျော်ဖြစ်ကာ ပွစိစိ ဖြစ်နေကြပေသည်။

တကယ်တော့ သည်အလုံပိတ်တိုက်ထဲတွင် ကျွန်တော်နေခဲ့ရသည်မှာ လေးလတင်းတင်း ပြည့်ခဲ့ပြီ ဖြစ်၏။ တစ်လလုံးလုံး ပျော့ပြဲနေအောင် ကျိုထားသော ကော်ကိုသာ စားခဲ့ရ၏။ ပြင်ပလေကိုလည်း ရေချိုးထွက်စဉ်သာ ရှူရှိုက်ရ၏။ နေရောင်ခြည်နှင့် ပြာလွင်သော ကောင်းကင်ပြင်ကြီးကိုလည်း သည်အချိန်မှာသာ မြင်ရ၏။ တကယ်တော့ ကျွန်တော့်ဘဝတွင် အမှောင်တိုက်ကြီးသာ ဖုံးအုပ်ယှက်သန်းနေပေသည်။

ကျွန်တော့်ဘဝသည် သည်အမှောင်တိုက်က ဘယ်တော့လွတ်ပါမည်နည်း။ ကျွန်တော့်မေမေနှင့် ကျွန်တော့် ချစ်သူ မခင်လှိုင်တို့သည် လူ့လောကကြီးမှ ကျွန်တော်တစ်ယောက် ပျောက်သွားပြီဟူ၍များ အောက်မေ့ နေကြပေပြီလား။

ကျွန်တော်သည် အုတ်နံရံကို အားပြု၍ ရပ်ကာ တံခါးဘက်သို့ လျှောက်သွားပြီး သံတိုင်ကိုဆုပ်ကိုင်ထားသောကျွန်တော့်လက်များသည်လည်းအားမရှိကြတော့ပေ။

တစ်ဖက်ခန်း အလုံတိုက်ထဲမှ အကျဉ်းသမားမှာ တမံတလင်းပေါ်တွင် ခွေ၍အိပ်နေ၏။ သူ့ဆံပင်များသည် ရှည်လျားကာ ကြပ်ခဲကြီး ဖြစ်နေလေ၏။ လက်မောင်းများသည် အရိုးစုကို အရေဖုံးထားရုံမျှသာ ရှိတော့သည်။ အသက်မှပင် ရှိပါလေစဟု တွေးထင်စရာပင် ဖြစ်သည်။

ကျွန်တော်သည် အသေကောင်ကြီးလို တမံတလင်းပေါ်တွင် လဲနေသော သူ့ကိုကြည့်ကာ ယောင်ရမ်း၍ အသက်ရှူလိုက်မိသည်။ မစင်နှင့် ကျင်ငယ်နံ့များသည် ကျွန်တော့်နာခေါင်းထဲသို့ စူးစူးဝါးဝါး တိုးဝင်လာကြလေသည်။ ထိုကြောင့် ရှူပြီးသား ဝင်သက်လေကို ယောင်ရမ်း၍ ချက်ခြင်း မှုတ်ထုတ်လိုက်မိပြန်သည်။

ကျွန်တော့်ခေါင်းထဲတွင်လည်း မူးနောက်ကာ ငြီးစီစီကြီး ဖြစ်နေလေသည်။ ကျွန်တော်သည် နံရံကိုမှီ၍ အခန်းအတွင်းဘက်သို့ ပြန်လျှောက်လာခဲ့ပြီး တမံတလင်းပေါ်တွင် ပစ်လှဲလိုက်ကာ မျက်လုံးများကို မှိတ်ထားလိုက်သည်။

ကျွန်တော့်မျက်လုံးထဲတွင် မေမေ့ကို မြင်ယောင်လာသည်။ မေမေ၏ မျက်လုံးများတွင် မျက်ရည်တွေ စို့ရွှဲလျက် ရှိသည်။ ကျွန်တော့်အတွက်ဆိုလျှင် မေမေ၏မျက်ရည်များသည် ဘယ်တော့မှ ကုန်ခမ်းနိုင်မည် မဟုတ်ဟု ထင်ပေသည်။ ကျွန်တော်ကမူ မေမေ၏မျက်ရည်တွေကို ခန်းခြောက်စေချင်ပါ၏။ မေမေ ပြုံးသည်ကို မြင်ချင်ပါ၏။ သည်အမှောင်ရိပ်က လွတ်ကာ နေရောင်ခြည်နှင့် ပန်းပွင့်များကို တွေ့ချင်ပါ၏။ သို့ရာတွင် ကျွန်တော်သည် အသက်ထက်ပိုင်းကျိုးအောင် သည်အမှောင်ရိပ်ထဲမှာပင် နေရပေဦးမည်။

www.burmeseclassic.com

ကျွန်တော်သည် မွေးကတည်းက သည်နေ့အထိ မေမေ့ကို မျက်ရည်မိုး တဖြိုင်ဖြိုင် သွန်းစေခဲ့၏။ မေမေ၏ မျက်ရည်မိုးသည် ဘယ်တော့မှ တိတ်ပါမည်နည်း။

*

(၂)

"သားရယ်၊ အမေ့ကိုသနားရင် မမိုက်ပါနဲ့၊ မေ့သားကို တစ်နေ့ တစ်ပြား တစ်ပြားပေးမယ်၊ အဲဒီ တစ်ပြားကို ဆပ်သဖူးမုန့် ဝယ်စား ဟုတ်လား၊ ဘာလို့ မျောက်ပန်းလုန်ချင်ရတာလဲ"

အမေသည် ကျွန်တော့်ခေါင်းမှ ရောင်ပေစူးကလေးကို အုန်းဆီပွတ်ပေးရင်း ဆုံးမနေလေ၏။ ကျွန်တော်က ဘာမျှပြန်မပြောပေ။ ကျွန်တော့်ဆံပင်မှာ ဘောက်တွေပွယောင်းနေသော ကျွန်တော့်ခေါင်းကို မြင်သွားသဖြင့် ကျွန်တော့်ကို မရမကခေါ်ကာ အုန်းဆီလိမ်းပေးပြီး ရောင်ပေစူးကလေးကို ခေါင်းပေါ်တွင် ခွေးချေးပုံကလေးလို အလိပ်လိုက်ခွေ၍ တင်ထားသည် ထင်ရအောင် သပ်သပ်ယပ်ယပ် ထုံးပေးပြီးနောက် ကျွန်တော့်မျက်နှာကိုကြည့်ကာ ပုလိပ်စစ်စစ်နေပြန်ပါ၏။ ကျွန်တော်သည် ဘာကိုမျှ အဖြေမပေးဘဲ လက်သည်းကို ကိုက်နေလေသည်။

"ဘယ်ကရသလဲဟင် ကျော်မောင်၊ ငါ့ကို မှန်မှန်ပြောစမ်း"

"တစ်နေ့ ဖိုးသာရှင့် အသုဘဖဲဝိုင်းကို ဘကြီးနဲ့ လိုက်သွားတုန်းက ဘကြီးက ဖဲနိုင်လို့ တစ်မတ်ပေးတာ"

အမေက ထပ်ခါတလဲလဲ မေးနေသဖြင့် ကျွန်တော်က ပြန်ပြောလိုက်သည်။

"ကြည့်စမ်း ကြည့်စမ်း၊ နင့်ဘကြီးနဲ့ နင် ဖဲဝိုင်းလိုက်သွားတယ်ပေါ့လေ"

ဘကြီးဆိုသည်မှာ အမေ့အဖေ၏ အစ်ကိုဖြစ်၍ အမေက ဘကြီးဟု ခေါ်၏။ ကျွန်တော်ကလည်း အမေ့လို သံယောင်လိုက်ကာ 'ဘကြီး' ဟုပင် ခေါ်လေသည်။ ကျွန်တော့်ဘကြီးမှာ ဖဲအင်မတန်ရိုက်သူ ဖြစ်လေသည်။ ဘကြီးသည် ကျွန်တော့်ကို ဖားကူးရွာတွင် ဖြစ်သမျှ ဖဲဝိုင်းကိုလိုက်ကာ ဖဲရိုက်၏။ အသုဘအိမ် ဖဲဝိုင်းဆိုလျှင် ဘကြီးသည် ရှေ့ဆုံးကရောက်၏။ ကိုးမီးကစားသည့်အခါတွင် ကစား၍ ဘူကြီးတွဲသည့်အခါတွင် တွဲ၏။ တစ်ခါတရံတွင်လည်း အပေါက်နစ်ဆယ် ဆွဲလေသည်။ ဖဲအိမ်များများမရှိလျှင် ကက်ဆွဲတတ်သေး၏။ ဘကြီးသည် အိမ်တွင် အားအားရှိ၍ ပျင်းလျှင်ပင် သုံးပုံရိုက်နေတတ်လေသည်။ တစ်ခါတရံ အိမ်မပြည့်လျှင် ဘကြီးက ကျွန်တော့်ကို ဝင်၍ ကစားခိုင်းတတ်ပေသည်။ ကျွန်တော်ကား ပုဆိုးကွင်းသိုင်းကာ ငွေလိပ်မှ ကျည်းသားရိုက်နေသည့် အရွယ်ပင်ဖြစ်သော်လည်း သုံးပုံဖဲကို ကောင်းကောင်း ကစားတတ်နေပြီ ဖြစ်၏။

www.burmeseclassic.com

သုံးပုံမကစားတတ်သေးမီတွင် ဘကြီးသည် သုံးပုံတွဲမိသည့် ရှမ်းဖဲဗမာဖဲကို ခွဲ၍သင်ပေး၏။ ရှမ်းတွင် ကြုံး၊ ပါတင်း၊ စီတင်း၊ ခြောက်ပေါက်၊ ငါးပေါက်နှင့် သုံးပေါက်ချွန်းတို့ကို ခွဲခြားပြ၏။ ဗမာတွင် ထင်၊ တီ၊ ရင်း၊ ဝေါ၊ မဲအိုး၊ ဆင့်ဆန်၊ ခုတင်တို့ကို ခွဲပြ၏။ သုံးပေါက်ချွန်းနှင့် ခြောက်ပေါက်နှစ်ချပ်ကိုင်လျှင် မင်္ဂလာကျ၍ သုံးပေါက်ချွန်းနှင့် ငါးပေါက်ဆိုလျှင် ရှောတိုးခေါ်ကြောင်း၊ ခြောက်ပေါက်နှင့် စီတင်းကောက်ဆိုလျှင် မိုးကြိုး ခေါ်ကြောင်း စသဖြင့် ဘကြီးသည် ကျွန်တော့်ကို သုံးပုံဖဲ သင်ပေးလေသည်။ သင်ပေးပြီး အိမ်လိုလျှင် ကျွန်တော့်ကို ဝင်၍အရိုက်ခိုင်း တတ်ပေသေးသည်။

တစ်ခါတွင် ဘကြီး၊ ကျွန်တော်နှင့် ဘိုးစံမြတို့ သုံးပုံရိုက်ကြလေသည်။ ဘကြီးက ဂေါင်၊ ဘိုးစံမြက လယ်၊ ကျွန်တော်က ဘိတ် ဖြစ်၏။ ကျွန်တော့်လက်တွင် ဖဲကြီးတစ်ချပ်မျှ မပါ။ ဖဲကလေးတွေသာဖြစ်၏။ အကြီးဆုံးဖဲမှာ ခြောက်ပေါက်သာဖြစ်၏။ ကျန်ဖဲများမှာ ခုတင်၊ မဲအိုး၊ ငါးပေါက်နှင့် သုံးပေါက်ချွန်းစသည့် ဖဲကလေးများသာ ဖြစ်၏။ ဘကြီးက ပထမအလက်တွင် စီတင်းကောက်ကို ချလိုက်သည်။ ဖိုးစံမြက စီတင်းကောက်ကို ကိုးပေါက်ဖြင့် ရိုက်ချလိုက်ပြီး ဝေါကို ပစ်ချလိုက်သည်။ ကျွန်တော်က ဝေါကို ခုတင်ဖြင့် မှောက်ထည့်လိုက်၏။ သူတို့တတွေ အဖူတွေရပြီ ဖြစ်သော်လည်း ကျွန်တော့်မှာ တစ်ဖူမှမရသေး။ အမှန်အားဖြင့် ကျွန်တော်သည် အဖူမနာရအောင် သုံးပေါက်ချွန်းနှင့် ခြောက်ပေါက်ကိုတွဲကာ မင်္ဂလာနှင့် ထွက်ရမည်ဖြစ်၏။ သို့မှသာ ကျွန်တော့်တွင် အဖူမနာမည် ဖြစ်၏။ သို့ရာတွင် ကျွန်တော်က မင်္ဂလာမထွက်ဘဲ အလယ်လောက်တွင်ကျမှ မင်္ဂလာအူပေါက်ချလိုက်သဖြင့် ဘကြီးဒေါပွလေသည်။

"ကြည့်စမ်း၊ ခွေးမသားလေး၊ မင်္ဂလာနဲ့ထွက်နိုင်ရက်သားနဲ့ မထွက်ဘူး၊ အဖူတွေအနာခံပြီး ဖဲတွေကို အကုန်မှောက်ထေပစ်တယ်၊ ကစားရတာ ကောင်းကိုမကောင်းဘူး၊ သိပ်ကသိကအောက် လုပ်တယ်"

ဘကြီး၏ နှုတ်ခမ်းမွေးကျင်စွယ်မှာ ထောင်လာလေသည်။ ကျွန်တော်သည် ဘကြီးကိုကြည့်၍ ရယ်နေမိသည်။ ကျွန်တော့်မှာလည်း သည်လို ကို့ယိုးကားယားကလေးတွေ လုပ်ရသည်ကို ပျော်တတ်လေသည်။ တစ်ခါတလေတော့ ကျွန်တော့်လက်ထဲတွင် ဖဲကြီးရှိသော်လည်း နောက်ဆုံးပတ်တွင် ဖမ်းချင်ဇောဖြင့် ဖဲကြီးကိုမရိုက်ဘဲ ဖဲကလေးတွေနှင့် မှောက်ထေတတ်၏။ တစ်ခါတလေတော့လည်း ကျွန်တော့်လက်ထဲတွင် ဖဲကြီးဆို၍ တစ်ချပ်မျှမရှိ၊ ဖဲကလေးတွေချည်းသာ ရှိသောကြောင့် တကယ်ပင် မှောက်ထေခဲ့ရပေသည်။ နောက်ဆုံးစာရင်းရှင်းကြသောအခါတွင် ကျွန်တော်ပင် ရှုံး၍ ကျွန်တော့်လက်မှာ ထုံးတွေအခွေလိုက်ဖြင့် ဖွေးနေတတ်၏။ သည်လိုနှင့် ကျွန်တော်သည် အလောင်းအစားကို ဝါသနာပါလာခြင်း ဖြစ်လေ၏။ သည့်နောက်တွင်ကား ဘကြီးသည် ကျွန်တော့်ကို သုံးပုံဖဲ ရိုက်ရုံမျှမကတော့ဘဲ ဖဲဝိုင်းများသို့ ခေါ်သွားတတ်၏။ ဘကြီးသည် ဖဲရိုက်တိုင်း အမြဲ ဖဲဒိုင်ခံလေသည်။ အပေါက်နှစ်ဆယ်ဆွဲလျှင်လည်း၊ သူပင် ဒိုင်ခံသည်သာ ဖြစ်လေသည်။ သည်အခါတွင် ကျွန်တော်က အလျော်အစား လုပ်ပေးရ၏။ သည်လိုနှင့် ကျွန်တော်သည် ဖဲကစား ဝါသနာပါလာလေရာ ဘကြီးသည် သူ ဖဲဒိုင်ခံသွားတိုင်း ကျွန်တော့်ကို ခေါ်လေ့ရှိပြီး ကျွန်တော်ကလည်း ဘကြီးမခေါ်သည့်တိုင်အောင် မလိုက်ရ မနေနိုင် ဖြစ်လာတတ်၏။

www.burmeseclassic.com

ကျွန်တော်သည် အိပ်ချင်လာပြီဆိုလျှင် ဖဲဝိုင်းအနားမှာပင် ခွေ၍အိပ်လိုက်လေသည်။ ဖဲဝိုင်းအနားတွင် ဖဲချပ်များကို တဖျတ်ဖျတ်ရိုက်သံ၊ ပိုက်ဆံအမ်းသံတို့ကို ကြားရင်းအိပ်ရသည်ကပင် အရသာတစ်မျိုး ဖြစ်နေပေ၏။

အမေကမူ ကျွန်တော် ဘကြီးနှင့် ဖဲဝိုင်းလိုက်သွားသည်ကို မသိသေးပေ။ အမေသည် နံနက်လင်းလျှင် ရွာပြင်လှည်းလမ်း ကုက္ကိုပင်အောက်တွင် အကြောက်ထွက်ရောင်းလေသည်။ ဘူးသီးကြော်၊ ပဲကြော်၊ ယိုးမှားကြော်၊ ကြက်သွန်ကြော်စသည့်အကြော်မျိုးစုံပင်ဖြစ်လေ၏။ နံနက်ဝေလီဝေလင်းကျွန်တော် အိပ်ရာမှ နိုးသည့်အချိန်တွင် မေမေသည် ကျွန်တော့်ဘေးတွင် မရှိတော့ပေ။ နစ်ပိသသာခွဲဝင် ဆီပုံး၊ ဒယ်အိုး၊ မုန့်ဇန်း၊ လက်ဖက်ရည်ကြမ်းအိုး၊ ဆန်ခါ စသည့် ပစ္စည်းများကို ခံတောင်းတစ်တောင်းထဲတွင် သပ္ပွန်ပေါင်း သိမ်းကျုံး၍ထည့်ကာ အကြော်ဖိုသို့ ထွက်သွားပြီ ဖြစ်၏။ တစ်ခါတရံ မေမေ၏အကြော်ဇန်းကို ကျွန်တော် ကူညီပို့သည့်အခါလည်း ရှိ၏။ သို့ရာတွင် မေမေ့အလုပ်ကို ကျွန်တော် ကူညီမလုပ်သည်က များလေသည်။

မေမေကိုယ်တိုင်ကလည်း ဘယ်သူ့အကူအညီကိုမှ ယူချင်ဟန်မရှိ။ ကျွန်တော့်ကိုလည်း "မေမေ့သား" ရယ်လို့ အားကိုးအားထား ပြုဟန်မပေါ်။ ဆွေမျိုးသားချင်းများကိုကား မေမေသည် လုံးဝပင် အားကိုးလိုစိတ် ရှိဟန်မတူပေ။ မေမေသည် "မုဆိုးမရယ်ကော" ဟု တွေးကာ လင်စုံသားစုံနှင့် တင့်တောင့်တင့်တယ် ရှိကြသော ဆွေမျိုးများအလယ်တွင် မျက်နှာငယ်ဟန် တူလေသည်။ သို့ရာတွင် အပြင်ပန်းတွင်ကား မေမေသည် အားငယ်ဟန်မပြ။ ကိုယ့်အားကိုယ့်မာန်ကိုသာ အားကိုးသည်ဟူသော အဖြစ်မျိုး သက်ရောက်အောင် ဘယ်သူ့ဆီကိုမှလည်း အကူအညီမတောင်း။ ဆွေမျိုးသားချင်းများက ပေးကြကမ်းကြသည်ကိုလည်း လက်မခံ။ အကြော်ရောင်း၍ ရသမျှကလေးနှင့်ပင် တင်းတိမ်ရောင့်ရဲ တတ်ပေသည်။ အမေသည် ဘယ်ဆွေမျိုးနှင့်မှလည်း အရောတဝင် မရှိပေ။ အကြော်ရောင်း၍ ပြန်လာလျှင် ရတတ်သမျှ ဟင်းလျာကလေးကို ကိုယ့်ဘာသာကိုယ် ချက်စားတတ်သည်။ ဘယ်ဆွေမျိုးဆီက ဟင်းတစ်ခွက် မတောင်း။ လာပေးလျှင်လည်း မလွှဲသာမရှောင်သာတော့မှ ယူလိုက်သည်။ သို့မဟုတ်လျှင် အကြောင်းအမျိုးမျိုးပြကာ ငြင်းလိုက်သည်သာ ဖြစ်၏။ ဒါကြောင့်ပင် ဆွေမျိုးတွေက မေမေ့ကို မာနကြီးသည်ဟု ဆိုကြ၏။ ကွယ်ရာတွင်မူ ဆန်မရှိအစားကြီးဟု ရင့်ရင့်သီးသီး ဆိုကြလေသည်။

မေမေသည် လောကကို စိတ်နာဟန် တူလေသည်။ မြေနိမ့်ရာလှံစိုက်တတ်သော လူတွေ၏စရိုက်ကိုလည်း နာကျည်းဟန် ရှိလေသည်။ သည့်ပြင် ဆွေမျိုးသားချင်းတွေ ရယ်ရယ်မောမော ဖက်လှဲတကင်း နေကြသော်လည်း မေမေသည် သူ့အလုပ်ကိုသာ သူလုပ်နေ၏။ သူ့အလုပ်ပြီး၍အားလျှင် တရားစာအုပ်၊ ပြဇာတ်စာအုပ် စသည်တို့ကို ဖတ်နေတတ်ပေ၏။

"မျောက်ပန်းလှန်တာတို့ ဘာတို့ မလုပ်ပါနဲ့ သားရယ်၊ ပြီးတော့ မင်းဘကြီးနဲ့လည်း ဖဲဝိုင်းကို လိုက်လိုက် မသွားပါနဲ့၊ အမေ့ကို မသနားဘူးလား"

www.burmeseclassic.com

မေမေသည် ကျွန်တော့်ခေါင်းမှ ရောင်ပေစူးကလေးကို ရစ်ခွေထုံးပေးပြီးနောက် မုန့်ဆန်ခါကိုကိုင်၍ မုန့်မှုန့်ချနေလေသည်။ မေမေ၏မျက်လုံးတွင် မျက်ရည်တွေ ရစ်ဝဲနေသည်ကို တွေ့ရပေ၏။ ကျွန်တော်သည် အမေ့ကို သနားသွားလေသည်။

"ဒီပြင်လူတွေမှာ အဖေနဲ့ အမေနဲ့၊ မိစုံ ဖစုံ၊ မင်းက ... "

မေမေသည် စကားကို ဆက်မပြောတော့ဘဲ ရပ်ထားလိုက်၏။ ကျွန်တော် စိတ်မကောင်းဖြစ်မည်စိုး၍ ကျံသွားသောစကားကို ရပ်လိုက်ဟန် တူလေသည်။ သည်တော့မှ ကျွန်တော်သည် ကျွန်တော့်ဘဝကို ကျွန်တော် ပြန်တွေးမိ၏။ သည့်ပြင်ဆွေမျိုးသားချင်း ကျွန်တော်နှင့်ရွယ်တူ ညီအစ်ကို မောင်နှမများမှာ ဖအေစုံ မအေစုံ ရှိ၏။ ကျွန်တော်ကား ဖဲဝိုင်းလိုက်၊ မျောက်ပန်းလှန်စသည့် လောင်းကစားတွင်သာ အာရုံစိုက်နေသဖြင့် အဖေ့ကို သတိမရပေ။ မေးလည်း မမေးမိပေ။

"မေမေ၊ ဖေဖေကော၊ သေပြီလား၊ ဟုတ်လား"

ကျွန်တော်က မှုန့်မှုန့်သေးသေး မှုန်မှုန်ကလေးများ မှံ့ ဆန်ခါပေါက်ထဲမှ အောက်ဗန်းထဲသို့ တဖွဲဖွဲ ကျလာသည်ကို ငေးကြည့်ရင်းက မေးလိုက်၏။ အမေသည် ဘာမျှမပြော၊ ခေါင်းကိုငုံ့ထားပေသည်။ မျက်ရည်ပေါက်များသည် အမေ့ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာကြပေသည်။

အမေ ငိုနေသဖြင့် ကျွန်တော်ကလည်း ဘာမျှဆက်မပြောတော့ပေ။ အဖေသည် ကျွန်တော် နှစ်ခါလည်သား လောကကတည်းက ဆုံးသွားသည်ဟု ပြောသံကြားရ၏။ ယခုတိုင် ကျွန်တော်သည် အဖေ၏ရုပ်ပုံလွှာကို မမြင်ဖူးသေးပေ။ ဖြူသလား၊ မည်းသလား၊ ဝသလား၊ ပိန်သလား ဆိုတာကိုလည်း မသိပေ။ အဖေ၏ ဓာတ်ပုံဆို၍လည်း တစ်ပုံမှ မကျန်ရစ်ခဲ့ပေ။

*

(၃)

ဘကြီး၏အိမ်မှာ ဖားကူးရွာတွင် အကြီးဆုံးဖြစ်၍ ရွာထဲတွင် အကောင်းဆုံးလည်း ဖြစ်၏။ သားစဉ်မြေးဆက် နေထိုင်လာသော ရှေးနစ်ဆောင်ပြိုင် အိမ်ကြီး ဖြစ်လေသည်။ အိမ်ဦးခန်းတွင် ဘကြီးအိပ်၍ ကျန်အခန်းများတွင်ကား ကျွန်တော်တို့ သားချင်းဆွေမျိုးများ နေကြလေသည်။ ကျွန်တော်တို့ သားချင်း ဆွေမျိုးများမှာလည်း များလွန်းလှ၏။ မေမေတို့တွင် ကာလမကောင်းသည်ကြောင့် ဖားကူးမှာပင် ဆွေမျိုးသားချင်းအားလုံး လာနေကြပေသည်။ မေမေထက်အကြီး အစ်မနှစ်ယောက်အနက်တစ်ယောက်မှာဌာနာအုပ်ကတော်ဖြစ်၍တစ်ယောက်ကား မီးရထားရုံပိုင်ကတော် ဖြစ်လေသည်။ မေမေ့အောက် ညီမနှစ်ယောက်မှာလည်း တစ်ယောက်က လမ်းဗိုလ်တစ်ဦးနှင့် အိမ်ထောင်ကျ၍ တစ်ယောက်က စာတိုက်စာရေးနှင့် ရလေသည်။ မောင်အငယ်ဆုံး ဦးလေးကိုပါကြီးကား လူပျိုဖြစ်၏။

www.burmeseclassic.com

ကျွန်တော်တို့ သားအမိကား ယခင်က ပိန်းကန်ရှိ အဘိုး(အမေ၏ အဖေ) ထံတွင် နေသော်လည်း၊ ဖားကူးသို့ပင် လာနေကြလေသည်။ သူတို့ရော၊ ကျွန်တော်တို့ပါ ဖားကူးသို့ စစ်ပြေးရောက်နေကြသဖြင့် ဖားကူးရှိ ဘကြီးအိမ်တွင် လူစုံလှပေသည်။

ဌာနအုပ်လင်မယားနှင့် သမီးလေးနှစ်ယောက်က တစ်ခန်း၊ ရုံပိုင်လင်မယားက တစ်ခန်း၊ စာရေးလင်မယားနှင့် ကျွန်တော်နှင့် ရွယ်တူသား တစ်ယောက်တစ်ခန်း၊ လမ်းဖိုလ်လင်မယားနှင့် သားတစ်ယောက်က တစ်ခန်းဖြစ်၍ အခန်းလေးခန်းကို သူတို့အားလုံး ယူထားကြ၏။ ဦးလေးကိုပါကြီးမှာ လူပျိုဖြစ်၍ အိမ်သို့ ညဥ့်နက်သန်းခေါင်မှ ပြန်လာတတ်လေပြီး တွေ့ရာနေရာတွင်ပင် အိပ်လေသည်။ ကျွန်တော်နှင့် မေမေကား မီးဖိုဆောင်ဘက်သို့ ကူးသည့် လမ်းမြောင်ကြားလေးထဲတွင် အိပ်ရပေသည်။

အိမ်ထောင်အားလုံး ကိုယ့်အိုးနှင့်ကိုယ် သပ်သပ်ချက်စားကြ၏။ ကျွန်တော်တို့ သားအမိကား အမေ အကြော်ဖိုသိမ်းမှ သူကိုယ်တိုင် ချက်ပေသည်။ တစ်ခါတစ်ရံတွင်လည်း ကျန်သည့် အကြော်ကလေးဖြင့်ပင် သားအမိနှစ်ယောက် ဆီဆမ်းစားလိုက်ကြ၏။ ဘကြီးက ဌာနအုပ်လင်မယားနှင့် စားလေသည်။ ဦးလေးကိုပါကြီးမှာ ကြုံရာတွင်စား၍ ကျွန်တော်တို့စားနေတုန်းနှင့် ကြုံလျှင် ကျွန်တော်တို့ဝိုင်းမှာပင် စားလိုက်လေသည်။ တစ်ခါတစ်ရံ ကျန်ဆွေမျိုးများက ကျွန်တော့်ကို သူတို့နှင့် တလှည့်ခေါ်၍ ဝင်စားမိလျှင် မေမေသည် ကျွန်တော့်ကို ဆူလေသည်။

"စားရတာက တစ်လုပ်ရယ်၊ ဒင်းသားကို ဒို့ကျွေးခဲ့ရတာလို့ အပြောခံရမှာက တစ်သက်လုံး၊ နောက် ... ဘယ်တော့မှ မစားနဲ့၊ ငတ်ရင် ငါတောင်းပြီး ကျွေးမယ်"

မေမေဆူသဖြင့် နောက်တွင် ကျွန်တော် မစားရဲတော့ပေ။ သူတို့မှာ ပိုက်ဆံတတ်နိုင်သူများဖြစ်၍ စားကောင်းသောက်ဖွယ်များ စားသည့်အခါတွင် ကျွန်တော်သည် သွားရည်ယိုမိပါ၏။ သို့ရာတွင် မေမေ့ကို ကြောက်၍တစ်ကြောင်း၊ မေမေပြောသလို အပြောအဆိုခံရမည် စိုးသဖြင့်တစ်ကြောင်း ကြိတ်မှိတ်နေခဲ့ရပေသည်။ မေမေပြောလျှင်လည်း ပြောထိုက်ပါ၏။ သူတို့တစ်တွေမှာ ကျွန်တော့်ကို ဘာကျွေးလိုက်ရကြောင်း၊ သူတို့ရှိ၍သာ ကျွန်တော် ဝဝလင်လင် စားရကြောင်း စသည်ဖြင့် ညထမင်းစားပြီး လူစုကြသည့်အခါတွင် ကြွားတတ်ကြ၏။ မေမေသည် အစကတော့ သူတို့ပြောသမျှကို ငြိမ်ခံနေ၏။ နောက်တွင်မူ စကားအပြောအဆို တင်စီးလွန်း အားကြီးသဖြင့် တစ်ခွန်းမကျန် ပြန်၍ချေပတတ်ပေသည်။

"မကျွေးကြနဲ့ပေါ့၊ တတ်နိုင်သလောက်တော့ ရှာဖွေကျွေးတာပဲ၊ ဒါမှ မတင်းတိမ်ဘူးဆိုရင် ငတ်ကြီးကို ကျလွန်းတယ်၊ ဒီသေနာကောင်လေးလား သေရင်လည်း သေပါ၊ အေးပါတယ်၊ လုပ်ရကိုင်ရ ရှာရဖွေရနဲ့ နင့်ကို သူများတွေကို အလှကြည့်မထားနိုင်ဘူး"

"အေး ... ညည်းကတော့ ဟုတ်မှာပေါ့။ တို့တော့ ကိုယ့်ကလေးကို ပစ်မထားနိုင်ပေါင်"

ရုံပိုင်ကတော်က အစွာဆုံးမို့ ဝင်၍ခနဲ့၏။

www.burmeseclassic.com

"အို ... ကိုယ့်ကလေးကို ကိုယ်တော့ ချစ်ကြတာချည်းပဲ၊ ညည်းတို့က လင်စုံသားစုံ၊ လုပ်ကိုင်ကျွေးမွေးမယ့်လူ ရှိတယ်၊ ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် နေနိုင်တယ်၊ ငါ့မှာ လင်ရှိတာ မဟုတ်ဘူး၊ လုပ်ကျွေးမယ့်လူ ရှိတာ မဟုတ်ဘူး၊ ကိုယ့်ဘာသာကိုယ် နဖူးကချွေး ခြေမကျအောင် လုပ်ရတာ၊ အားကိုးအားထားရအောင် လင်ယူပြန်တော့လည်း ... "

မေမေသည် စကားကို ဆုံးအောင်မပြောနိုင်ဘဲ ကြုံကြုံပါအောင် ငိုချလိုက်၏။ အစ်မနှင့် ညီမများမှာ မေမေ ဒေါ်ပွလာပြီကို သိသဖြင့် ဘာမျှ မပြောဘဲ ငြိမ်နေကြပေသည်။

"နင် ... သေတာပဲ ကောင်းပါတယ်ဟယ် ကျော်မောင်၊ စောစောစီးစီး နင်ရင်လည်းသေမှ ငါရင်လည်းသေမှ အေးမယ်"

"ငိုမနေပါနဲ့အေ၊ ဒီကောင်လေးတစ်ယောက်တော့ တစ်ယောက်တစ်လုတ် ဝိုင်းကျွေးတောင် ဖြစ်ပါတယ်၊ တို့အိမ်တွေမှာ တစ်လှည့်စီနေလည်း ဖြစ်တာပါပဲ၊ ညည်းသာ ညည်းလင်နဲ့ ညည်း ... "

အစ်မအကြီးဆုံး၊ ဗျာနာအုပ်ကတော်က ဝင်ပြော၏။ မေမေသည် ခေါင်းကို ဆတ်ခနဲမော့လိုက်သည်။ မေမေ၏ မျက်လုံးများသည် ဒေါသရောင်ဖြင့် ဝင်းဝင်းတောက်နေကြပေသည်။

"ဘာပြောတယ်၊ တစ်ယောက်တစ်လုတ် ဝိုင်းကျွေးမယ်၊ ဟုတ်လား၊ တစ်လှည့်စီထားရင် ရတယ် ဟုတ်လား၊ ဝေးသေးတယ်၊ ငါ့သားကို ဘယ်အိမ်မှ ကျွန်ခံမခိုင်းဘူး။ ငါကျွန်ခံပြီး ကျွေးမယ် သိလား၊ ဒီပါးစပ်တစ်ပေါက်လောက်ကို ငါလည်း ရှာကျွေးနိုင်သေးတယ်၊ သိလား။ ညည်းတို့အပူ တစ်ပြားသားမှ မပါဘူး၊ ငါ့ဘာသာ လင်ယူချင် ယူမယ်၊ မယူချင် မယူဘူး၊ ငါကြိုက်လို့ ငါယူတာ၊ ဘာမှ ပြောမနေကြနဲ့"

မေမေက သံကုန်အော်၍ ပြောလိုက်သည်။ မေမေသည် စကား ပြောမတတ်ပေ။ သူတို့တစ်တွေမှာ စကားအလှည့်ကလေးတွေ၊ အဖွင့်အပိတ်တွေနှင့် စကားပြောလည်ပတ်၏။ မေမေကား စကားကို အဖွင့်အပိတ် မပြောတတ်။ ရင်ထဲတွင် ပြောချင်တာရှိလျှင် ပြောချလိုက်၏။ ဒါကြောင့်မို့ မေမေ့ကို မာနကြီးသည်ဟု ဆိုကြခြင်း ဖြစ်မလား မသိပေ။

သူတို့သည် မေမေ နောက်ယောက်ျားယူသည့် အကြောင်းကို အကြောင်းတိုက်ဆိုင်လာတိုင်း ယိုးမယ်ဖွဲ့တတ်ကြသည်။ မေမေ့ကို နောက်လင်ယူရကောင်းလားဟု တစ်ဆွေလုံးတစ်မျိုးလုံးက ဖယ်ကြဉ်ထားကြလေသည်။ ကျွန်တော်ကမူ မေမေ နောက်ယောက်ျား ယူထားသည်ကို ကြားရုံသာ ကြားဖူး၏။ မေမေ၏ယောက်ျားကို ကျွန်တော် မမြင်ဖူးပေ။ အမှန်ကတော့ မေမေ နောက်ယောက်ျား ယူသဖြင့် ပိန်းကန်ရှိ ဆွေမျိုးများက မေမေ့ကို ကဲ့ရဲ့သဂြိုဟ်စကား တင်းဆိုကြ၏။ ဖယ်ကြဉ်ကြ၏။

www.burmeseclassic.com

သည်ကိစ္စကြောင့် မေမေသည် ပိန်းကန်မှ ထွက်လာကာ ဖားကူးသို့ ရောက်လာခြင်း ဖြစ်ပေသည်။ ယခု ဖားကူးရောက်တော့လည်း မေမေသည် ကဲ့ရဲ့သဂြိုဟ်စကား တင်းဆိုသော ပန်ဝန်းကျင်နှင့် ရင်ဆိုင်နေရ ပြန်လေပြီ။

ကျွန်တော်သည် အိပ်ရာထဲတွင် ပက်လက်လှန်ရင်းက ရေနံဆီမီးခွက် ခမိုန်မှိန် မီးရောင်အောက်တွင် ကျွန်တော့်အင်္ကျီအစုတ်များကို ဖာထေးနေသော မေမေ့ကို ကြည့်နေမိ၏။ မေမေမှာ ငယ်ရွယ်နုပျိုတုန်း ရှိသေးသည်။ အသက် သုံးဆယ်လောက်မျှသာ ရှိဦးမည်ဖြစ်၍ သည်လို ငယ်ငယ်ရွယ်ရွယ်တွင် လောကဓံလှိုင်း၏ ရိုက်ပုတ်ချက်ကို အလူးအလဲ ခံနေရသော မေမေ့ကို သနားမိပေသည်။

"ဟဲ့ ... ကျော်မောင်၊ မအိပ်ချင်သေးဘူးလား"

"ဟင့်အင်း မေမေ၊ မအိပ်ချင်သေးဘူး၊ မျက်လုံးတွေ ကြောင်နေတယ်"

"ဘာတွေများ စဉ်းစားနေတာလဲကွဲ့"

"အဖေဟာ ဘယ်လိုနေမလဲလို့၊ ပြီးတော့ မေမေ့နောက်ယောက်ျားဟာလည်း ဘယ်လိုလဲလို့၊ ဝဝလား၊ ပိန်ပိန်လားဟင် မေမေ"

"ဟဲ့ ... ဒါတွေ ဘာလို့စဉ်းစားနေရတာလဲ၊ အိပ်မှာ အိပ်"

"အိပ်လို့မရဘူး မေမေ၊ ပြီးတော့ ဒေါ်ဒေါ်တို့ ဒေါ်လေးတို့ကလည်း အမေဟာ မကောင်းဘူးလို့ ပြောတယ်"

"ဘာမကောင်းတာလဲ၊ နင် ဘယ်တုန်းက ကြားလို့လဲ"

မေမေက အပ်ချည်ကြိုးကို ပါးစပ်ဖြင့် ကိုက်ဖြတ်လိုက်ရင်း မေးလိုက်၏။

"မနက်က မေမေ အကြော်ဖိုထွက်တုန်းက ဒေါ်ဒေါ်မလှနဲ့ ဒေါ်လေးမရှင်တို့ ပြောနေကြတယ်"

ဒေါ်ဒေါ်မလှမှာ မေမေ၏ အစ်မကြီး ဌာနာအုပ်ကတော်ဖြစ်၍ ဒေါ်ဒေါ်မရှင်မှာ မေမေ့ညီမ စာတိုက်စာရေး ကတော်ဖြစ်လေသည်။

"ဘာတွေ ပြောနေကြတာလဲ"

"မေမေဟာ မာနကြီးတယ်တဲ့၊ စကားအတင်စီး မခံဘူးတဲ့။ ဆွေမျိုးသားချင်းအပေါ်မှာ သိပ်ပြီး စိမ်းတယ်တဲ့၊ နောက်ပြီး မေမေ နောက်ယောက်ျားယူတာလည်း မကောင်းဘူးတဲ့၊ အို ... စုံလို့ပါပဲ မေမေရာ"

မေမေသည် ပြုံးနေ၏။ သို့ရာတွင် မေမေ၏အပြုံးမှာ ထေ့ပြုံး၊ လောကကို

www.burmeseclassic.com

သရော်သောအပြုံးသာ ဖြစ်လေ၏။

"ပြောကြပါစေကွယ်၊ ပြောကြပါစေ၊ လူတွေဟာ မြေနိမ့်ရာ လှံစိုက်ချင်ကြတယ်၊ ကိုယ့်ဆွေမျိုး အရင်းခေါက်ခေါက်ကတောင် ဒီလိုပြောမှတော့ တစိမ်းက ဘယ်လောက် ပြောကြမယ်မသိဘူး"

ပြောရင်းဆိုရင်း မေမေ၏မျက်လုံးမှ မျက်ရည်တွေ စီးကျလာပြန်လေသည်။ မေမေငိုသည်ကို ကျွန်တော် မမြင်ချင်၊ ကျွန်တော်သည် မေမေ စိတ်ချမ်းသာကိုယ်ချမ်းသာ ရှိသည်ကိုသာ မြင်ချင်၏။ မေမေပြုံးနေသည်ကို မြင်ချင်၏။ မေမေ၏အပြုံးသည် မေတ္တာငွေ့ဖြင့် နွေးစေသည် မဟုတ်လား။ ကျွန်တော်သည် မေမေ စိတ်မကောင်းအောင် သွားပြောမိလေခြင်းဟု ဝမ်းနည်းနေမိပေသည်။ ဒေါ်ဒေါ်တို့ ဒေါ်လေးတို့တစ်တွေ နောက်မေမေ့အကြောင်း အကောင်းပြောပြော အဆိုးပြောပြော မေမေ့ကို ဘယ်တော့မှ ပြန်မပြောတော့ဟု စိတ်ပိုင်းဖြတ်လိုက်သည်။

ဒေါ်ဒေါ်တို့ ဒေါ်လေးတို့ တစ်တွေမှာလည်း တစ်ဆိတ်တော့ လွန်ပြီထင်၏။ သူတို့တစ်တွေသည် စုမိလျှင် မေမေ နောက်ယောက်ျား ယူသည့်အကြောင်း၊ ပိုက်ဆံတစ်ပြားမှ မရှိဘဲ မာနကြီးကြောင်း၊ ကျွန်တော့်ကို ဂရုမစိုက်ကြောင်း စသည့် အကြောင်းပေါင်း လေးဆယ်တို့ တသီတတန်းကြီး ပြောတတ်ကြ၏။ မေမေ့အကြောင်ကိုသာမဟုတ်၊ တစ်ယောက်ကွယ်ရာတွင် တစ်ယောက်အကြောင်းကို ပြောတတ်ကြ၏။ အမက ဝက်သားဟင်းချက်၍ ညီမက ချဉ်ပေါင်ဟင်းချက်လျှင် အမက 'ကပ်စေးနဲလိုက်ကြတာအေ၊ ထမင်းလေးဟင်းလေးတော့ ကောင်းကောင်းချက်စားကြပေါ့၊ ကာလကြီးက ခုမြင်ခုပျောက်၊ နေ့သေမလား၊ ညသေမလား မသိနဲ့ မသေခင် ကောင်းကောင်းစားရတာ။ တို့တော့ ညည်းတို့လို ချွေချွေတာတာ မနေတတ်ဘူး။ မကောင်းမှန်းသိပေမယ့် သိပ်လက်ဖွာတာ။ ဒီတစ်သက်တော့ ချမ်းသာမှာ မဟုတ်တော့ပါဘူး' စသည်ဖြင့် ကိုယ့်ကိုယ်ကို အပြစ်တင်သလိုနှင့် တစ်ဖက်သားကို ခပ်နိမ့်နိမ့် ပြောတတ်၏။ သည့်အခါတွင် ညီမကလည်း 'ကျွန်မတို့တော့ စာရေးဆိုတော့ စာရေးလိုပဲ ဝတ်ရစားရတယ် မမရေ့၊ မမတို့နဲ့ နေရာတကာ လိုက်ပြိုင်မနေနိုင်ဘူး။ ဆင်းရဲသားဆိုတော့ ဆင်းရဲသားလိုပဲ ဝတ်ရစားရတာပဲ' ဟု ငေါ့သလိုနှင့် ပြန်၍တွယ်တတ်ပေသည်။ ကလေးတွေကို မုန့်ဝယ်ကျွေးရသည်။ သူ့သမီးက တစ်နေ့ဘယ်လောက် သရေစာဖိုး ပေးရသည်စသည့် ဂုဏ်ပြိုင်တာလေးတွေလည်း ရှိသေး၏။ သူ့ယောက်ျားမှာ ဌာနာအုပ်ပြီးလျှင် တိုက်ပိုင် ဖြစ်တော့မည်။ ငါ့ယောက်ျားက ရုံပိုင်ပြီးလျှင် ရုံပိုင်ကြီး ဖြစ်မည် စသည့် ယောက်ျားချင်း ဂုဏ်ပြိုင်တာတွေလည်း ရှိ၏။ သည်မျှမက 'တစ်နေ့က မရှင်တို့ ဟင်းသောက်ပန်းကန် ငှားသွားတာ ပြန်မပေးသေးဘူး၊ သူတို့ငှားလိုက်ရရင် ဒီလိုချည်းပဲ၊ လိုက်ပြန်မတောင်းရတဲ့ အခါရယ်လို့ကို မရှိဘူး' စသည့် ပန်းကန်ခွက်ယောက်ငှားသည့် ကိစ္စလေးတွေနှင့် ပတ်သက်၍ ရန်ဖြစ်တာတွေလည်း ရှိ၏။ ကလေးချင်း ရန်ဖြစ်သည်ကို အကြောင်းပြုကာ တစ်ခါတစ်ခါတွင် လူကြီးချင်းလည်း ရန်ဖြစ်လိုက်ကြသေး၏။ အိမ်ကြီးတစ်လုံးသည် သပွတ်အူလို ရှုပ်ထွေးနေပေသည်။

www.burmeseclassic.com

အိမ်နောက်ဖေး လယ်ကွင်းဘက်ဆီမှ ပုရစ်များ အော်နေကြ၏။ ကုက္ကိုပင်ပေါ်မှ ဇီးကွက်အော်သံကိုကြားရလေသည်။ တစ်ခါတစ်ခါတွင် လေတိုက်သဖြင့် အိမ်ဘေးမှ ကွမ်းသီးပင်မှ ကိုင်းများသည် အိမ်မိုးကို တဖျတ်ဖျတ် လာ၍ ရိုက်နေကြပေသည်။

မေမေမှာ အင်္ကျီစုတ်များကို ဖာထေးပြီး၍ အိပ်ပျော်သွားပြီ ဖြစ်၏။ ကျွန်တော့်မျက်လုံးများကား ကြောင်နေလေသည်။ တော်တော်နှင့် အိပ်မပျော်။

*

(၄)

"ကျော်မောင်ရေ၊ လာစမ်း၊ လာစမ်း၊ ဒီနေ့မနက် ဆီမလောက်လို့ ဆီတစ်ပိဿာလောက် ဝယ်ပြီးပို့လှည့်၊ ရော့ ... ငွေတစ်ကျပ်၊ တော်တော်ကြာ ကျပျောက်ရစ်ဦးမယ်နော်၊ ပျောက်ရင်တော့ နင် သေဖို့သာပြင်ပေတော့"

မေမေသည် ဘူးသီးချောင်းကလေးများကို ဆန်မှုန့်နှင့် နယ်နေရင်းက ကျွန်တော့်ကို လှမ်း၍ ခိုင်းလိုက်ပြီး သေတ္တာထဲမှ ကျပ်တန်တစ်ရွက်ကို ထုတ်ပေးလိုက်၏။ နံနက်စောစော လူကျချိန်ဖြစ်၍ ကျွန်တော်သည် မေမေ့ကို ကူလုပ်ပေးရသည်။ အချဉ်ရေလိုလျှင် အသင့်ဖျော်ထားသော မန်ကျည်းရေကို ငရုပ်သီးမှုန့်နှင့် ဖျော်ပေးရသည်။ ဆလတ်ရွက်၊ ကြက်သွန်မြိတ်တို့ကုန်လျှင် ထည့်ပေးရသည်။

မေမေ၏ အကြော်ဖိုမှာ ရွာတောင်ဘက် လယ်ကွင်းစပ် ကုက္ကိုပင်ရိပ်အောက်တွင် ဖြစ်လေသည်။ လယ်တွေရိတ်ပြီး၍ ရိုးပြတ်များသာကျန်တော့သည်။ ရိုးပြတ်များသည် ဘကြီး၏မေးစေ့ပေါ်မှ မုတ်ဆိတ်မွေး ငုတ်တိုများနှင့် တူလေသည်။ ရိုးပြတ်များသည် နေရောင်တွင် ဝင်းနေကြလေသည်။ ရိုးပြတ်လယ်တောကို ဖြတ်၍တိုက်လာသော နံနက်ခင်းလေပြေကလည်း လန်းဆန်းလှပေ၏။ အရှေ့ဘက်သို့ မျှော်ကြည့်လျှင် ရိုးပြတ်လယ်တောသည် တနံတလျားကြီး မဆုံးနိုင်အောင် ရှိပေသည်။ အနောက်တွင်ကား ပဲခူးရိုးမတောင်သည် မှိုင်းလျက် ရှိလေ၏။ နှင်းမြူဇာပုဝါပါးကို လွှမ်းခြုံထားသည်နှင့် တူလေသည်။

အကြော်ဖိုဘေး မလှမ်းမကမ်းတွင် ပဲခူးချောင်းသည် ငြိမ်သက်စွာ စီးဆင်းနေပေ၏။ ပဲခူးချောင်းထဲတွင် ပိုက်လှေများ၊ သမ္ပန်များသည် စုန်ချည်ဆန်ချည်နှင့် လူးလာခတ်နေကြပေသည်။ ကျွန်တော်ကား အားအားရှိလျှင် ချောင်းကမ်းနဖူးတွင် ထိုင်ကာ စုန်ဆန်သွားလာ နေကြသော လှေသမ္ပန်များကို ငေးကြည့်နေတတ်ပေသည်။ သည်လှေသမ္ပန်များသည် ဘယ်ကလာ၍ ဘယ်ကိုသွားနေကြသည်ကို ကျွန်တော် မသိပေ။ အချို့သည် ရေစီးတွင် မျောကာ အောက်သို့ စုန်ဆင်း သွားကြ၏။ အချို့သည် လေကူကာ ရွက်ထူ၍ လည်းကောင်း၊ လူကူကာ ခပ်တက်နှင့် လည်းကောင်း၊ အညာသို့ ဆန်သွားကြ၏။ သြော် ... အစုန်အဆန်ဆိုတာ ရှိစမြဲပေပဲ။

မေမေကခေါ်သဖြင့် ကျွန်တော်သည် နှစ်ပိဿာခွဲဝင်ဆီပုံးကလေးကိုဆွဲကာရွာထဲသို့ ထွက်လာခဲ့သည်။ ကျောက်ခဲ၊ လှထွေးနှင့် ပန်းမြတို့သည် စပါးတလင်းထဲတွင်



www.burmeseclassic.com

မျောက်ပန်း လှန်နေကြလေသည်။ သူတို့ သုံးယောက်စလုံးနှင့် ကျွန်တော်မှာ ရွာဦးက ဦးပညာသာမိ၏ ဘုရားသုံးဆူကျောင်းတွင် ကျောင်းနေဘက်များ ဖြစ်ကြ၏။ ကျွန်တော်သည် ပါလာသော ဆီဖိုးတစ်ကျပ်ကို အကြွေအမ်းကာ မျောက်ပန်း ဝင်လှန်သည်။ မေမေ ဆီဝယ်ခိုင်းလိုက်သည်ကို သတိမရတော့ပြီ။

ခဏကြာသော် ကျွန်တော့်လက်ထဲတွင် တစ်မတ်သာ ကျန်တော့သည်။ အမှန်ကတော့ကျွန်တော်သည်ကောင်းကောင်းမျောက်ပန်းလှန်တတ်သူမဟုတ်ပေ။ သံချောင်းတို့၊ လှထွေးတို့ကား မျောက်ပန်းလှန်ရာတွင် နောကြေနေသူများ ဖြစ်၏။ ဝါးခြမ်းပြား ဘယ်နားတွင် ပိုက်ဆံတင်၍ အမြင့် ဘယ်လောက်ဆီ မြှောက်လိုက်လျှင် ဘယ်နှစ်ပြား ခေါင်းကျ၍ ဘယ်နှစ်ပြား ပန်းကျသည်ကို တွက်တတ်သူများ ပေတည်း။

ကျွန်တော့်လက်ထဲတွင် ဆီဝယ်စရာ မကျန်တော့ပေ။ ဆီဝယ်စရာ မကျန်လျှင် မေမေက ကျွန်တော့်ကို ရိုက်ဦးမည်။ ထို့ကြောင့် ကျွန်တော်သည် ကုန်စုံဆိုင်ကို ချက်ခြင်းမသွားသေးဘဲ အိမ်သို့ သုတ်ခြေတင်လာခဲ့သည်။ အိမ်ရောက်လျှင် အခန်းထဲဝင်ကာ မေမေ့စုဘူးကို လိုက်ရှာသည်။ မေမေ့စုဘူးမှာ နို့ကျဲဘူးကို ဂဟေဆော် အပေါက်ဖောက်ထားသော ဘူးဖြစ်၏။ မေမေသည် စုဘူးထဲသို့ ငွေမတ်စေ့ ကလေးများများကိုချည်း သပ်သပ် စုထားလေသည်။ ကျွန်တော်သည် မေမေ၏စုဘူးကို ခေါက်ချလိုက်သည်။ အထဲက ငွေမတ်စေများ တော်တော်နှင့် ထွက်မလာ၊ နောက်ဆုံး ခပ်ကြာကြာ ခေါက်တော့မှ မတ်စေတစ်စေ့ ထွက်လာသည်။ နောက်ထက်ခေါက်လိုက်တော့ သုံးစေ့ဆက်တိုက် ကျလာ၏။ သည်တော့မှ ကျွန်တော်သည် ကုန်စုံဆိုင်သို့ပြေးကာ ဆီဝယ်ရသည်။

ကုန်စုံဆိုင်မှာ တရုတ်အစံ၏ ကုန်စုံဆိုင်ဖြစ်၍ အစံ၏ဆိုင်တွင် ကုတ်ခြောက်မှစ၍ တိုလီမိုလီ ပစ္စည်းကလေးတွေအထိ ရနိုင်လေသည်။

"အစံ၊ ဆီတစ်ပိဿာပေးပါ"

ကျွန်တော်က ဆီပုံးနှင့် မတ်စေ့လေးစေ့ကို ထိုးပေးလိုက်သည်။ အစံက ဆီပုံးနားတွင် ဆီခြင်နေခိုက် ကျွန်တော်သည် အလှပြထားသည့် မှန်သေတ္တာနားကို လျှောက်ကြည့်နေလေသည်။ မှန်သေတ္တာမှာ ကြူလေယာဆိုင်များတွင်ထားသည့် အပေါ်ကလှပ်ရသော မှန်သေတ္တာ ဖြစ်၏။ မိန်းမကြယ်သီး၊ ပေါင်ဒါဘူး၊ မျက်နှာချေထုပ်၊ ခေါင်းလိမ်းဆီမွှေး စသည့် စုံစီနဖာပစ္စည်းများ ဖြစ်၏။ ကျွန်တော့်စိတ်ကူးထဲတွင် သံချောင်းတို့ဆီတွင် ရှုံးထားသော သုံးမတ်ကို ပြန်ရချင်လေသည်။ သို့ရာတွင် ကျွန်တော့်မှာ အရင်းမရှိ။ ထို့ကြောင့် တစ်ခုခု အလစ်သုတ်ရလျှင် ကောင်းလေမည်လားဟု တွေးမိ၏။ တွေးမိသည်နှင့် တစ်ပြိုင်နက် ကျွန်တော့်လက်များသည် အစံ၏အလစ်တွင် မှန်သေတ္တာကို ဖျတ်ကနဲဖွင့်လိုက်ပြီး ခေါင်းလိမ်းဆီဘူးနှင့် မိန်းမကြယ်သီး သုံးလေးစုံကို နှိုက်ယူကာ အိတ်ထဲသို့ ထည့်လိုက်သည်။ ခေါင်းလိမ်းဆီဘူးကိုကား ပုဆိုးခါးပုံထဲတွင် ထည့်ထားလိုက်ပေသည်။

ကျွန်တော်သည် အစံ၏ဆိုင်မှ ဆီပုံးကိုဆွဲကာ ခပ်တည်တည် ထွက်လာခဲ့လေသည်။ အစံကား ရိပ်မိဟန် မတူပေ။ နောက်ရောက်လာသည့် ဈေးဝယ်သူများနှင့်

www.burmeseclassic.com

အလုပ်ရှုပ်နေလေသည်။ မေမေက "ကြာလှချည်လား" ဟု ဆိုကာ ကျွန်တော့်ကို အပြစ်တင်၏။ ကျွန်တော်က "အစုံဆိုင်မှာ ဆီကုန်နေလို့ အရှေ့ဖျားက ဒွေးလေးပုတို့ဆိုင်ထိအောင် သွားရတယ်" ဟု ပြောလိုက်သည်။ မေမေက ဘာမျှ ပြန်မပြောတော့ပေ။

ကျွန်တော်သည် အစုံဆိုင်မှ အလစ်သုတ်လာသော ခေါင်းလိမ်းဆီဘူးကို ဦးလေးကိုပါကြီးကို ပေးလိုက်သည်။

"ဟဲ့ ... ကောင်လေး၊ ဒါ နင်ဘယ်က ရတာလဲ"

"လှည်းလမ်းက ကောက်ရတာဗျ၊ အဲဒါကို ဦးလေးကိုပါကြီး လိမ်းပြီးတော့ ကျွန်တော့ကို မုန့်ဖိုးပေး"

ကျွန်တော်က ခပ်တည်တည်လိမ့်ကာ သူ့ထံမှ ပိုက်ဆံတောင်း၏။

"အမယ် ... ငါက အလကားများ ပေးတယ် မှတ်တယ်၊ လက်စသတ်တော့ မုန့်ဖိုးလိုချင်လို့ လာညာတာကိုး"

ဦးလေးကိုပါကြီးက ပြောပြောဆိုဆို ကျွန်တော့်ကို မုန့်ဖိုးငါးမူး ပေးလိုက်၏။ ကျွန်တော့်လက်ထဲတွင် သုံးမတ်လောက် စုမိပေပြီ။ ထမင်းစားပြီးသည်နှင့် တစ်ပြိုင်နက် ကျွန်တော်သည် သံချောင်းတို့အိမ်သို့ ထွက်လာခဲ့၏။ သံချောင်းတို့အိမ်နောက်ဖေးရှိ ကောက်ရိုးစင်အောက်မှာပင် ကျွန်တော်တို့ ဖဲရိုက်ကြ၏။ ဖဲထုပ်မှာ ဘကြီးဖဲထုတ် အစောင်းတစ်ထုပ်ကို ကျွန်တော်ခိုးထားခြင်း ဖြစ်လေ၏။ သံချောင်းတို့နှင့် ကိုးမီးရိုက်သည့်အခါတွင် ကျွန်တော် ရှုံးပြန်လေသည်။ ကျွန်တော်ကား ရှုံးလျှင် မနေတတ်တော့ဘဲ အိမ်သို့ပြန်ပြေးလာ၏။ မေမေ့စုဘူးကို ဖောက်ရန် ဖြစ်လေသည်။ သို့ရာတွင် အမေမှာ အခန်းထဲတွင် အိပ်နေသဖြင့် စုဘူးဖောက်၍ မဖြစ်။ ထို့ကြောင့် မေမေ့သေတ္တာထဲမှ မေမေ ငယ်ငယ်ကဝတ်သော အပြာဘိန်းပေါ်တွင် အဖြူပြောက်ကလေး တွဲရိုက်ထားသည့် စူရတီလုံချည်တစ်ထည်ကို အင်္ကျီထဲတွင် ထည့်၍ ယူလာခဲ့ပြီး သံချောင်းထံတွင် တစ်ကျပ်နှင့် ပေါင်လေသည်။ သံချောင်းကလည်း ငွေထုတ်ချေးကာ ဖဲကစား၏။ သည်တစ်ခါတွင်လည်း ကျွန်တော် ရှုံးပြန်လေသည်။ ကျွန်တော့်မှာ နောက်ထပ် ပိုက်ဆံရလမ်း မမြင်တော့ပေ။ အစုံဆိုင်က လစ်လာခဲ့သည့် ကြယ်သီးများမှာလည်း အရှေ့ဖျားကမအေးလှထံတွင်အကြွေးရောင်းထားပြီးဖြစ်၏။ပိုက်ဆံရနိုင်သည့်လမ်း မရှိပေ။

ကျွန်တော်သည် ညနေဘက်တွင် အစုံဆိုင်နားသို့ မယောင်မလည် သွား၍အကဲခတ်၏။ လူမလစ်သောကြောင့် ဘာမျှလုပ်၍မရဘဲ ပြန်ခဲ့ရလေသည်။

သို့နှင့် ကျွန်တော်သည် အင်္ဂလိပ်ပြေး၍ ဂျပန်ဝင်လာပြီးနောက် ဂျပန်တစ်ခေတ်လုံး ဖဲရိုက်ရင်းသာ အချိန်ကုန်လေသည်။ မေမေက ကျွန်တော့်ကို ဘုရားသုံးဆူကျောင်းတွင် ထား၏။ သို့သော် ကျွန်တော် ကျောင်းမတက်။ အားအားရှိလျှင် သံချောင်းတို့အိမ်ဘေး ကောက်ရိုးစင်အောက်တွင် ဖဲရိုက်ရင်းသာ

www.burmeseclassic.com

အချိန်ကုန်၏။ ရှုံးလျှင် မေမေ၏ အဝတ်အစားများကို ခိုး၍ရောင်း၏။ မေမေသေတ္တာထဲတွင် စုရတီလုံချည်၊ တိုဘရာကိုးလုံချည်၊ မန္တလေးလုံချည်၊ ဘန်ကောက်လုံချည်၊ အင်းလံချည်၊ ဇင်းမယ်လုံချည် များရှိ၏။ သည်လုံချည်များကို ရောင်းချပေါင်နှံကာ ဖဲရိုက်၏။ တစ်ခါတလေတွင် မေမေ၏ ဆီဖိုးကို ခိုး၍သုံး၏။ တစ်ခါတရံတွင်လည်း အစံကုန်စုံဆိုင်နှင့် အရှေ့ဖျား ဒွေးလေးပုတို့ဆိုင်များမှ ပစ္စည်းများကို အလစ်တွင် ဆွဲလေသည်။

မေမေသည် သူ့လုံချည်တွေ ပျောက်သောအခါတွင် တစ်အိမ်လုံး ပွက်သေးကြမ်းအောင် ဆူ၏။ ကျွန်တော်ယူမှန်းလည်းမသိသေး။ ကျွန်တော်ကလည်း မသိလေဟန် ဆောင်နေလိုက်သည်။ လုံချည်ကိစ္စကြောင့် ညီအစ်မတစ်တွေ ရန်ဖြစ်ကြသည်အထိ ဖြစ်လေသည်။ နောက်တော့ မေမေသိသွားလေသည်။ မေမေသည် ကျွန်တော့်ကို ဆူပါလေသည်။ ကျွန်တော်လည်း သိပြီးသည့် အတူတူမို့ မကွယ်မဝှက် ဝန်ခံလိုက်သည်။ မေမေက ကျွန်တော့်ကို ဖဲမရိုက်အောင် ဆုံးမ၏။ ကမန်တော်သည် ဖာသာနေလေသည်။ မေ့လောက်လျှင် မေမေ့ပစ္စည်းများကို ခိုးပေါင်ကာ ဖဲရိုက်ပြန်၏။ တစ်ခါတရံ ဘကြီးနှင့် လိုက်သွား၍ ဖဲရိုက်၏။ နောက်တော့ မေမေသည် လက်လျှော့လိုက်ဟန် တူလေသည်။

"နင့်ထိုက်နဲ့ နင့်ကံ ငါ မပြောတော့ဘူး၊ ပြောလို့လည်း ရမှာ မဟုတ်တော့ပါဘူး၊ ကြီးရင်လည်း သူခိုး၊ ဓားပြ ဖြစ်မယ့်အကောင်"

(၅)

ဂျပန်ခေတ်တွင် ကျွန်တော့်တစ်သက်တာ မေ့မရသည့် အဖြစ်အပျက်တစ်ခု ရှိသေး၏။

တစ်နေ့ ကျွန်တော်တို့ရွာ ဘုရားသုံးဆူကျောင်းတွင် ဘုန်းကြီးပျံ ရှိလေသည်။ ကျောင်းထိုင်ဆရာတော်ကြီး ဖြစ်၍ သြဇာတိက္ကမ ရှိသူ ဖြစ်သောကြောင့် ဘုန်းကြီးပျံမှာ စည်ကားလှပေ၏။ သစ်ဆိမ့်၊ ကျီစု၊ သက်ပင်ချောင်၊ ကုလားဝဲ၊ ဒေးစပ် စသည့် ပဲခူးချောင်းတစ်လျှောက်ရှိ ရွာများမှ လည်းကောင်း၊ ကုလားဝ၊ ထော်သွန်၊ ညောင်လေးပင်ချောင်းဝ၊ လက်ပံ၊ သပြေကန်၊ ရွာသစ်၊ ပုဂံတောင်၊ အအေးရွာ စသည့် ခရမ်းချောင်းတစ်လျှောက် ရွာများမှ လည်းကောင်း၊ ခရမ်းချောင်းနှင့် ပဲခူးချောင်းစပ်ကြားရှိ ဝင်းကောက်၊ ကျူတော စသည့် ရွာများမှ လည်းကောင်း လာရောက်ကြသဖြင့် ဘုန်းကြီးပျံမှာ ကြက်ပျံမကျ စည်ကားလှသည်။ ဖဲဝိုင်းကလည်း ကောင်းလှပေ၏။ ရွာနီးချုပ်စပ်မှ ဖဲသမားများလည်း ရောက်လာကြပေသည်။ ဝိုင်းကြီးများလည်း ရှိ၏။ ဝိုင်းကလေးများကား နေရာတကာပင်တည်း။ ကျွန်တော်ကား ဘကြီးနှင့် ဝိုင်းကြီးများသို့ လိုက်သွားပြီး အလျော်အစား လုပ်ပေးရလေသည်။ ဘကြီး ဖဲသေနေလျှင်လည်း ကျွန်တော် ဝင်၍ကိုင်လေသည်။ ဝိုင်းကြီးပြီး၍ ဘကြီးအိမ်ပြန်လျှင် ကျွန်တော်သည် ဝိုင်းကလေးများသို့ ရောက်လေသည်။ ဘုန်းကြီးပျံ ရက်အတွင်းတွင် အိမ်ပြန်၍ အိပ်သည့်စားသည့်ရက် မရှိပေ။ ဖဲဝိုင်းမှာအိပ်ပြီး ဖဲဝိုင်းမှာသာ စားလေသည်။

www.burmeseclassic.com

မေမေကား ကျွန်တော့်ကို ဘာမျှမပြောတော့ပေ။ ဥပေက္ခာ ပြုထားဟန်တူပေ၏။ နောက်ယောက်ျားနှင့် ရသည့် ကိုယ်ဝန်မှာ ရင့်မာလာပြီဖြစ်၍ မေမေသည် အကြော်ဖိုလည်း မထွက်တော့ပေ။ အကြော်ရောင်းတုန်းက စုမိဆောင်းမိတာကလေးနှင့်ပင် ထိုင်စားနေ၏။ စုထားတာကလေး ကုန်သောအခါ မေမေသည် လက်ကျန်အဝတ်အစားကလေးများကို ရောင်းချထုခွဲရပြန်လေသည်။ လက်ကျန် အဝတ်အစားဆိုသည်မှာလည်း ကျွန်တော် ပေါင်နှံရောင်းချကာ ဖဲရိုက်သည့်အတွက် သိပ်မကျန်တော့။ မဝတ်ရသေးသည့် ဘော်လီအသစ်ကလေး လေးထည်၊ ပဒုမ္မာအင်္ကျီ လေးငါးထည်နှင့် အင်းလေးဖင်းမယ် စသည့် လုံချည်ကလေးများသာ ကျန်တော့သည်။ မေမေသည် သည်အဝတ်အစားကလေးများကို ရောင်းချလေသည်။ ကျွန်တော် ဖဲနိုင်လာ၍ မေမေ့ကို နှစ်ဆယ်စ အစိတ်စပေးလျှင်လည်း မေမေသည် မယူ။

"နင့်ကိစ္စထဲ ငါ မပါဘူး။ ရှုံးရင်လည်း ငါ့ပစ္စည်း မထိနဲ့၊ နိုင်ရင်လည်း နင့်ဟာကို တစ်ပြားဖိုးမှ ငါ မစားဘူး။ မရှိရင် ငါ့ဘာသာငါ ရေသောက်ပြီး ဗိုက်မှောက်နေမယ်"

အမှန်ကတော့ မေမေသည် တကယ်မာနရှိသူ ဖြစ်၏။ ဖူးဆိုလျှင် ဖရုံမသီးတတ်သူ ဖြစ်၏။ ကျွန်တော် ဖဲနိုင်သည့်ငွေနှင့် ကျွန်တော်က မေမေအင်္ကျီချုပ်ရန် ချစ်တီးပိတ်ခြင်ထောင်စ နှစ်ဝတ်စာ ဝယ်ပေး၏။ မေမေသည် "နင်ဖဲနိုင်တာနဲ့ ငါ ဝတ်လည်း မဝတ်ဘူး၊ စားလည်းမစားဘူးလို့ ပြောထားတာ မမှတ်မိသေးဘူးလား" ဟု ဆိုကာ ခြင်ထောင်စများကို လွှင့်ပစ်လေသည်။

သည်နောက် မေမေက လက်မခံမှန်း သိသောအခါ ကျွန်တော်ကလည်း ဖဲနိုင်သောငွေနှင့် မေမေ့ကို ဘာပစ္စည်းမှ ဝယ်မပေးတော့ပေ။ ကျွန်တော်သည် မနေ့ညက ရွာထဲရှိဖဲဝိုင်းမှ နံနက်ဝေလီဝေလင်းကျမှ ပြန်လာကာ အိပ်ရာထဲတွင် ဝင်အိပ်နေလိုက်သည်။ ကျွန်တော် နိုးလာသောအခါတွင် ဆွမ်းခံချိန်လောက် ရှိပြီဖြစ်၏။ အပြင်ဘက်မှ ကျွန်တော့် ကြီးဒေါ်ဌာနာအုပ်ကတော် ဒေါ်ဒေါ်လှ၏ ဆူပူကြိမ်းမောင်းသံကို ကြားနေရလေသည်။

"ဒီကောင်နေမှာပဲ၊ မနေ့ညနေ အိမ်ပြန်လာပြီး ထွက်သွားတာ မြင်လိုက်တယ်၊ မအေကလည်း မဆုံးမ၊ သားကလည်း ပေါက်လွှတ်ပဲစား၊ အမျိုးထဲမှာ ဒီလိုလုပ်တာ တစ်ယောက်မှ မရှိဘူး။ ကြည့်စမ်းပါဦးတော်၊ ကိုယ့်အမေပစ္စည်းကုန်တော့ သူများပစ္စည်းယူပြီး ဖဲရိုက်ပစ်တယ်"

"တိုးတိုးသက်သာ ပြောပါ၊ လူကြားလို့ မကောင်းပါဘူး"

ယောက်ျားဌာနာအုပ်၏ အသံဖြစ်၏။

"မတိုးနိုင်ဘူး၊ မတိုးနိုင်ဘူး၊ မဝတ်ရက်လို့ သိမ်းဆည်းထားတာ၊ ဘန်ကောက်လုံချည်က နှစ်ထည်၊ ဘလေဇာအင်္ကျီက တစ်ထည်၊ ထီးလင်းမှာ ရာဇဝတ်အုပ်လုပ်တုန်းက လက်ဆောင်ရတဲ့ ယောထဘီက တစ်ထည်၊ ဖင်းမယ်လုံချည်က နှစ်ထည်"

www.burmeseclassic.com

"သူ ဟုတ်ချင်မှ ဟုတ်မှာပါကွာ"

"သူမဟုတ်လို့ ဘယ်သူဟုတ်ရမလဲ"

သူတို့အသံမှာ တဖြည်းဖြည်း ကျယ်လာ၏။ သည်အထဲတွင် ညီအစ်မတတွေ၏ အသံကိုလည်း ပွက်စိ ပွက်စိ ကြားရလေသည်။

"နေပါဦး၊ ဘာပျောက်လို့တုန်း"

မေမေ၏ အသံဖြစ်၏။ စောစောက မေမေ့အသံ မကြားရပေ။ မေမေသည် ဆူဆူညံညံအသံကို ကြားသဖြင့် ရောက်လာဟန် တူလေသည်။

"ဘာပျောက်ရမလဲ၊ ဗန်ကောက်လုံချည်ကော၊ ဘလေဇာကော၊ ယောလုံချည်ကော၊ ဇင်းမယ်လုံချည်ကော၊ သေတ္တာထဲထည့်ထားတာ တစ်ထည်မှ မရှိတော့ဘူး"

"အထားမှားလို့ ဖြစ်ပဲ့မယ်အေ ရှားစမ်းပါဦး"

"ဘယ်က အထားမှားရမှာလဲ၊ တစ်နေ့က သေတ္တာဖွင့်ကြည့်တော့ ရှိသေးတာပဲ၊ ဒီနေ့မနက် သေတ္တာဖွင့်တော့ မရှိတော့ဘူး။ သောခလောက်လည်း ထုထားလိုက်တာ ကောက်ကွေးနေတာပဲ တည္ငင်မှာ သူခိုးသူဝှက်ကြောက်လို့ ဆွေမျိုးဆီ အားကိုးရမလားလို့ လာနေပါတယ်၊ ရှင်ကြီး ကျားထက်ဆိုးဆိုတာ ဖြစ်နေပြီ။ ဝါသနာကြီးလို့ ဖဲရိုက်ချင်ရင်လည်း ကိုယ့်ပစ္စည်းနဲ့ ကိုယ် ရိုက်ပေါ့၊ သူများပစ္စည်း ခိုးပြီး ဖဲရိုက်ရတယ်လို့ဘဲ၊ မိမဆုံးမ ဖမဆုံးမ ... ထွီ"

"နေစမ်းပါဦး အလှ၊ ညည်းပစ္စည်း ဘယ်သူယူမှာတုန်း၊ အရမ်းမပြောနဲ့"

"ဘယ်သူယူရမလဲ၊ ညည်းသား ဖဲသမား နေမှာပေါ့၊ အိမ်မှာ ယူမယ့်လူဆိုလို့ သူတစ်ယောက်တည်း ရှိတာ"

"အလှ၊ ညည်း အရမ်းမစွပ်စွဲနဲ့နော်၊ ငါ့သားယူတာဆိုရင် ငါရှာဖွေပြီး ပြန်လျော်မယ်၊ ညည်းဒီလို အရမ်းရမ်း မစွပ်စွဲနဲ့၊ ဟဲ့ ... ကျော်မောင်၊ ကျော်မောင် လာစမ်း"

မေမေ၏ အသံသည် တုန်နေ၏။ ဒေါသသံ၊ ဝမ်းနည်းသံဖြင့် ရောယှက်နေပေသည်။ ကျွန်တော်သည် အိပ်ရာမှ လူးလဲထကာ အိမ်ရှေ့ခန်းသို့ ထွက်လာသည်။

"နင်၊ အလှပစ္စည်းတွေ ယူသလား ... ဟင်"

မေမေက ကျွန်တော့်ကို လှမ်းမေးလိုက်၏။ မေမေသည် တဆတ်ဆတ် တုန်နေလေသည်။ အိမ်ရှေ့ခန်းရှိ ကျွန်တော့်အဒေါ်လေးယောက်၏ မျက်လုံးရှစ်လုံးသည် ကျွန်တော့်ကို စူးစိုက်ကြည့်နေကြလေ၏။ ဒေါ်ဒေါ်လှယောက်ျား ဌာနာအုပ်ကား အပြင်ဘက်သို့ ထွက်သွားလေသည်။ ဘာတစ်ခွန်းမျှ မပြောပေ။

www.burmeseclassic.com

“ဘယ်ကလာ ယူရမှာလဲဗျ”

“နင်မယူလို့ ဘယ်သူယူမလဲ၊ နင်ပဲ မနေ့ညနေက အိမ်ကို ပျာယီးပျာယာ ပေါက်လာပြီး ညပိုင်းကျတော့ ထွက်သွားတယ် မဟုတ်လား၊ ဖဲရှုံးလို့ပေါင်ရင်လည်း ဘယ်သူ့ဆီပေါင်သလဲ ပြောပါ။ ငါ့ဘာသာ ငါရွေးယူပါ့မယ်”

ကျွန်တော်ကား ရှက်လည်းရှက်၏။ ဒေါသလည်း ထွက်၏။ ဝမ်းလည်း နည်း၏။ သားအတွက် အရှက်ရသော မေမေ့ကိုလည်း သနားမိလေသည်။

“ဟဲ့ ... ကောင်လေး၊ ယူရင်လည်း ပြောလိုက်လေ”

ကျွန်တော့်အဒေါ် အငယ်ဆုံးကပါ ဝင်ပြော၏။

“ကျွန်တော် မယူပါဘူးလို့ဆိုနေ”

“နင်မယူ ဘယ်သူယူမှာလဲ၊ ဒီအိမ်မှာ ယူမယ့်လူဆိုလို့ နင်တစ်ယောက်တည်း ရှိတာ၊ ဖအေနဲ့ တစ်ထပ်တည်းပဲ၊ ဖအေ့လို ဖဲသမား၊ ဖအေ့လို ဆယ့်နှစ်မျိုးသမား”

ဒေါ်ဒေါ်လှက သံကုန်ဟစ်၍ အော်လိုက်သည်။ ကျွန်တော်သည် ဒေါပွလာသည်။ လက်များသည် တဆတ်ဆတ် တုန်လာကြပေသည်။ မျက်ရည်များသည် ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာသည်။ ကျွန်တော်သည် အဖေ့မျက်နှာကို မမြင်ဘူး။ အဖေ့ကို ဖြူသလား၊ မည်းသလားကိုလည်း မသိ၊ အဖေ၏ အဆိုးအကောင်းကိုလည်း ကျွန်တော် မကြားဘူး။ သေပြီးသူတစ်ယောက်ကိုပင် လိုက်၍ အမနာပ ပြောသည်မှာ တဆိတ်တော့ လွန်လွန်းပြီထင်၏။ ကျွန်တော်သည် ဒေါ်ဒေါ်လှကို အနားတွင်ရှိသော ဘကြီး၏ တုတ်ကောက်ကြီးနှင့် ကောက်ရိုက်ပစ်လိုက်ချင်၏။ မေမေ့ကို သနား၍သာ စိတ်ကို ချုပ်တည်း ထားရလေသည်။ မေမေကား ဘာမှမပြောတော့။ ကျုံ့ကျုံ့ပါအောင် ငိုနေလေသည်။

“တော်ဗျာ၊ တော်၊ ကျုပ်မယူဘူး၊ ဖဲရိုက်တာ ကျုပ်ပိုက်ဆံနဲ့ ကျုပ်ရိုက်တာ”

တကယ်လည်း သူတို့ပစ္စည်းများကို ကျွန်တော်မယူပေ။ ကျွန်တော်သည် ဖဲရှုံးလျှင် မေမေ့ဆီဖိုးထဲမှ ခိုး၏။ မေမေ့ဆီဖိုးထဲမှ မလွယ်လျှင် မေမေ့ပစ္စည်းများကို ခိုး၏။ မေမေ့ပစ္စည်းကုန်သည့်နောက်တွင် အစ်ကုန်စုံဆိုင်နှင့် ဒွေးလေးပု၏ ကုန်စုံဆိုင်မှ ပစ္စည်းများကို အလစ်ဆွဲ၏။ သည့်ပြင် ဘယ်သူ့ပစ္စည်းမှ မယူဖူးပေ။ ကျွန်တော်သည် ကျွန်တော့်အတွက် အရှက်တကွဲဖြစ်ရသော မေမေ့ကိုသာ သနားမိပေသည်။

“ရှုပ်ပါတယ်၊ ဖိုးသာဝင်းအိမ်ဆီ ပို့လိုက်”

ဒေါ်လေးငယ်က စီရင်ချက်ချ၏။ ဖိုးသာဝင်းမှာ သူကြီးဖြစ်၏။ ကျွန်တော်တို့နှင့်လည်း ဆွေမျိုးနီးစပ် တော်လေသည်။

“ဒီကောင်သေတာကောင်းပါတယ်၊ငါ့ကိုဒုက္ခပေးနေတဲ့အကောင်၊ငါရင်လည်းသေမှ

www.burmeseclassic.com

သူရင်လည်းသေမှ အေးမယ်”

မေမေ့မှာ သားမို့ ကာကွယ်နေရသော်လည်း သူတိုင်ကပင်လျှင် ကျွန်တော့်လက်ချက်ဟု ထင်ဟန်တူပေသည်။ ကျွန်တော့်ကို အဒေါ်ယောကျ်ားနှစ်ယောက်က ချုပ်ကိုင်ကာ ဖိုးသာဝင်းအိမ်သို့ ပို့လေသည်။ ဖိုးသာဝင်းမှာ သူ့အုပ်ချုပ်ရေးတွင် သူခိုးသူဝှက်မရှိရဟု ပညတ်ကာ နာမည်ကောင်း ယူနေသူ ဖြစ်၏။ ကျွန်တော့်ကို မြင်သောအခါ ဖိုးသာဝင်းသည် နဖူးကြောကြီးတွေ ထောင်လာသည်။

“မဖြစ်ဘူး၊ မဖြစ်ဘူး၊ တော်တော်ကြာ ငါ့အမျိုးဆိုလို့ မျက်နှာသာပေးတယ် ထင်လိမ့်မယ်၊ ဒီကောင့်ကို ထိပ်တုံးခတ်ထား၊ တော်တော်ကြာ သူ့ကို အလိုလိုက်လို့ လျော့လျော့ပေါ့ပေါ့ အပြစ်ပေးလိုက်ရင် ဒီပြင် နာမည်ပျက်ရှိတဲ့ ကောင်တွေ ထိန်းလို့ရမှာ မဟုတ်ဘူး”

ဖိုးသာဝင်းက ကျွန်တော့်ကို ထိပ်ထုံးခတ်ခိုင်းလေသည်။ ကျွန်တော်က ကျွန်တော် မယူကြောင်း ပြော၏။ ဘယ်သူကမှ မယုံကြပေ။ ပြော၍မယုံသည့်အတူတူ ကျွန်တော်ကလည်း နောက်ထပ် ဆက်မပြောတော့ဘဲ အံကြိတ်နေလိုက်ပေသည်။ ခဏကြာလျှင် ဘကြီးရောက်လာလေသည်။ ကျွန်တော်သည် ဘကြီးကို အကူအညီ ရလိုရငြား လှမ်းကြည့်၏။ သို့ရာတွင် ဘကြီးမျက်နှာမှာလည်း သုန်သုန်မှုန်မှုန် ဖြစ်နေပေသည်။

“မင်းနဲ့လည်း ဆွေမျိုးဘဲ ဖိုးသာဝင်းရေ၊ ကောင်လေးကို နောက်ကြဉ်အောင် ခပ်နာနာကလေး ဆုံးမလိုက်စမ်း၊ ခုနေကမှ မဆုံးမရင် နောင် ထိန်းလို့ကိုရမှာ မဟုတ်တော့ဘူး”

ဘကြီးက ကျွန်တော့်အတွက် လျှောက်လဲချက် မပေးရုံသာမက “ဆွဲချ” ပင် လုပ်လိုက်ချေသေး၏။ ကျွန်တော်သည် ဘကြီးကိုလည်း ဘာမျှမပြောတော့ပေ။ ခေါင်းငုံ့၍ အံကိုသာ ခပ်တင်းတင်း ကြိတ်ထားလိုက်သည်။ မျက်ရည်တွေလည်း စီးကျလာသည်။ ကျွန်တော်သည် အဖေမရှိ၍ မျက်နှာငယ်ရသည်ဟု အောက်မေ့ကာ ကျွန်တော်မမြင်ဖူးသော အဖေ့ကို အောက်မေ့မိပေသည်။ ကျွန်တော် မမြင်ဖူးသော အဖေ့ရုပ်ပုံလွှာကို တွေးကြည့်မိလေသည်။ ကျွန်တော့်ကို အဖေနှင့်တူသည်ဟု ပြောကြသဖြင့် အဖေသည် ကျွန်တော့်လို အသားညိုညို၊ ကိုယ်လုံးသွယ်သွယ်၊ နာတံမြင့်မြင့်နှင့်လားဟုလည်း တွေးမိ၏။ ကျွန်တော့်လို ဖဲသမားပေလား၊ ခပ်တေတေပဲလားဟုလည်း စဉ်းစားကြည့်မိပေသည်။

“ကျော်မောင်၊ ထမင်းစားမလား ... ဟင်”

အသံကြား၍ ကြည့်လိုက်သည်တွင် ခင်လေးကို တွေ့ရလေ၏။ ခင်လေးမှာ ဖိုးသာဝင်း၏ သမီးဖြစ်၍ ကျွန်တော့်ထက် သုံးနှစ်လောက် ငယ်လေသည်။ ကျွန်တော်နှင့် ခင်လေးသည် ကစားဘက် ဖြစ်၏။ ကျောင်းနေဘက် ဖြစ်၏။ ဆွေမျိုးနီးစပ်တော်၍ ကျွန်တော့်ကို အစ်ကိုအရင်းလိုခင်၍ ကျွန်တော်က ညီမရင်းလို ခင်သူဖြစ်၏။

www.burmeseclassic.com

ကျွန်တော်သည် ခေါင်းကို ခါပြလိုက်သည်။

"စားပါလားဟယ်၊ ဆာရောပေါ့၊ ငါသွားခူးပေးမယ်လေ"

ခင်လေးသည် ထိပ်တုံးဘေးတွင် လာထိုင်လေသည်။ အုပ်လုံးသိမ်းပြီးစ ဆံထောက်ဖားဖားကြီးနှင့်ဖြစ်၍ ငယ်မပျောက် ကြီးမူမရောက်သေးသည့် ရွှေရင်သိမ်းသစ်အရွယ် ဖြစ်၏။ စကားပြောလိုက်သည့်အခါတွင် နားသံသီးကလေးများသည် လှုပ်နေကြလေသည်။

"ဟင့်အင်း၊ မဆာဘူး"

"နင်၊ နောက် ဒီလိုမလုပ်နဲ့ဟာ၊ ဖဲလည်း မရိုက်ပါနဲ့"

"ငါမှ မဟုတ်ဘဲဟ ခင်လေးရ၊ ငါယူလည်း မယူဘူး၊ ရှိမှန်းတောင် မသိဘူး"

ကျွန်တော်သည် ခင်လေးမေးသည်ကို အပြောခံရတော့ ရှက်လေသည်။

"ငါကြားပါတယ်ဟာ၊ နင့်မေမေပစ္စည်းတွေလည်း နင ပေါင်ပြီး ဖဲရိုက်တယ်ဆို"

"ဒါက မေမေ့ဟာ ယူတာပဲ၊ သူများပစ္စည်းယူတာမှ မဟုတ်ဘဲ"

ကျွန်တော်မှာ ကုန်စုံဆိုင်က ကျွန်တော်လစ်တာတွေ မသိ၍ တော်သေးသည်ဟု အောက်မေ့မိသည်။ မေမေ့ ပစ္စည်းယူတာကိုမူ ကျွန်တော် ပြောရဲပေသည်။

"နင့်မေမေဟာကော ဘာဖြစ်လို့ ယူရမလဲ၊ ဖဲလည်း မရိုက်တော့ပါနဲ့"

ခင်လေးက ကျွန်တော့်ကို ဆုံးမလေသည်။ ကျွန်တော်သည် ရှက်လည်းရှက်၊ ဒေါသလည်းထွက်လာသဖြင့် "သွားဟာ၊ ငါ့လာဆုံးမ မနေနဲ့၊ ငါမှ မယူတာပဲ" ဟု အော်လွှတ်လိုက်မိပေသည်။

"အေးလေ၊ ငါကတော့ အကောင်းပြောတာပါ"

ခင်လေးသည် ငိုမဲ့မဲ့နှင့် ထွက်သွားလေသည်။ ကျွန်တော်လည်း သည်တော့မှ စိတ်မကောင်း ဖြစ်ရလေသည်။

နေ့လယ်တွင် ဖိုးသာဝင်းက ကျွန်တော့်ကို နေပူလှန်း၍ စစ်မည်ဟုဆိုကာ ထိပ်တုံးကဖြုတ်လိုက်ပြီး ပေါက်ပန်းဖြူပင်တွင် ပူး၍ကြိုးနှင့်တုပ်လိုက်သည်။ အနောက်ဘက်သို့ စောင်းနေသော နေရောင်ခြည်သည် ကျွန်တော့်ကျောပြင်ပေါ်သို့ ကျလာလေသည်။ ကျွန်တော်ကား နေပူဒဏ်ကို ခံရသည်က အရေးမကြီး၊ လူတွေ ဝိုင်းအုံကြည့်ကြသည်က ရှက်စရာကောင်းလှသည်။ လူအုပ်ကြီးရှေ့ဆုံးမှ ခင်လေးကို မြင်ရလေသည်။ ခင်လေး၏ မျက်လုံးများတွင် မျက်ရည်တွေ

www.burmeseclassic.com

ဉနေကြသည်။ သူ့နာခေါင်းမှာ နီရဲနေလေ၏။ ကျွန်တော်သည် ခင်လေးကို မြင်လိုက်ရသောအခါ ရင်ထဲတွင် ဆို့တက်လာလေသည်။ သူ့မျက်နှာကို မကြည့်တော့ဘဲ ခေါင်းကိုအောက်သို့ ငုံ့ထားလိုက်မိသည်။ ကျွန်တော်မဟုတ်ဘဲနှင့် ခံရသည့်အဖြစ်ကို တွေးလိုက်တိုင်း ရင်ထဲတွင် တလှိုက်လှိုက် ဖြစ်လာကာ ပူနွေးသော မျက်ရည်များသည် ပါးပြင်ပေါ်သို့ စီးကျလာကြပေသည်။

ကျွန်တော်သည် ကျွန်တော့်ကို ဝိုင်းကြည့်နေသော လူအုပ်ကြီးကို မကြည့်တော့ဘဲ ခေါင်းငုံ့ထားလိုက် မိပေသည်။ သူမျက်နှာကို မပြချင်တော့ပေ။ ကျွန်တော့်ကျောပြင်သည် တဖြည်းဖြည်း ပူလောက်လာ၏။ ကျောပြင်သာမဟုတ်၊ ရင်ထဲကလည်း ပူလာလေသည်။ ကျွန်တော့်ရင်သည် တဒိတ်ဒိတ် ခုန်နေလေသည်။ ခြေထောက်များမှာလည်း တဖြည်းဖြည်း ကျဉ်လာကြကာ ခြေသလုံးများ၊ ပေါင်များ တောင့်လာသည်။ ပေါက်ပန်းဖြူပင်ကိုဖက်၍ ချည်နှောင်ထားသော လက်များမှာလည်း ထုံကျဉ်ကိုက်ခဲ လာကြပေသည်။ ခေါင်းထဲမှာလည်း မူးဝေနောက်ကျိ၍ လာပေသည်။ ကျွန်တော်သည် ဘယ်လောက်ကြာအောင် နေပူလှန်းခံနေရသည်ကို မသိ။

သာယာညင်းပြောင်းသော လက်ချောင်းများက ကျွန်တော့်ပုခုံးပေါ်သို့ ရောက်လာကြသည်။ စကားပြောသံတွေကိုလည်း ကြားရသည်။ ဘာတွေ ပြောနေမှန်းတော့ မသိပေ။ ကျွန်တော့်ကို ကြိုးမှဖြေလွှတ်၍ မျက်လုံးကို ဖွင့်ကြည့်လိုက်သောအခါ ကျွန်တော့်ကို တွဲထားသော မေမေနှင့် ဘေးတွင်ရပ်နေသော ခင်လေးကို မှုန်ဝါးဝါး မြင်ရလေသည်။ ကျွန်တော်ကား ခေါင်းထဲတွင် မူးဝေကာ ခြေသလုံးတွေ တောင့်တင်း ထုံကျဉ်နေသဖြင့် ကောင်းကောင်း မရပ်နိုင်တော့ပေ။

"တယ်မိုက်ပါလား ကျော်မောင်ရယ်"

မေမေသည် သည်မျှသာပြောကာ ကျွန်တော့်ကို အိမ်သို့ တွဲခေါ်လာခဲ့လေသည်။ လူအုပ်ကြီးမှာ တဖြည်းဖြည်း လူစုကွဲသွားလေသည်။

ကျွန်တော်သည် ဆွေမျိုးတွေကို စိတ်နာမိလေသည်။ ကျွန်တော့်ကိုယ်ကား နေပူလှန်းခံရသည့် ဒဏ်ကြောင့် နာကျင်လှ၏။ သည်ဒဏ်ရာထက် ပတ်ဝန်းကျင်၏ ထုထောင်းချေမွခံရသည့် ဒဏ်ကား ပို၍ပြင်းထန် လှပေ၏။ ပို၍လည်း နာကျည်းစရာ ကောင်းလှပေသည်။

သည့်နောက်တွင်ကား ကျွန်တော်သည် အိမ်တွင် စားချိန်အိပ်ချိန်ရောက်မှ ပြန်ကာ တစ်နေကုန် ရွှေရိုးလျှောက်ရင်းဖြစ် လည်းကောင်း၊ ဖဲဝိုင်းတွင် လည်းကောင်း၊ အချိန်ကုန်လေသည်။ ပိုက်ဆံရှိလျှင် ဖဲရိုက်သည်။ ဖဲရိုက်စရာ မရှိလျှင် အစံကုန်စုံဆိုင်နှင့် ဒွေးလေးပု၏ ကုန်စုံဆိုင်ကိုအသွား၊ လူမလစ်သည်နှင့် ပြန်ထွက်လာကာ အရှေ့ရွာနှင့် အနောက်ရွာကို ကူးထားသော တံတားပေါ်တွင် ထိုင်နေမိသည်။ ကျွန်တော့်လက်ထဲတွင် ပိုက်ဆံလည်း တစ်ပြားမှမရှိတော့ပေ။ တံတားလက်ရမ်းကိုမှီရင်း ဘယ်လို ပိုက်ဆံရှာရပ့ါမလဲဟုသာ တွေးနေမိပေသည်။

www.burmeseclassic.com

တံတားအောက်ချောင်းထဲတွင်ကားလေ့သမ္ဗန်များသည်ခါတိုင်းလိုစုန်ဆန်သွားလာနေကြသည်။ ကျွန်တော်သည် သည်လေ့သည်သမ္ဗန်များနှင့် လိုက်သွားချင်၏။ ဘယ်ကိုပင် ရောက်စေတော့ အဝေးကို လွှင့်ချင်ပြီ။

"ဟေ့ ... ကျော်မောင်၊ ကျော်မောင်ရေ"

ချောင်းထဲတွင် စုန်သွားသော သမ္ဗန်တစ်စင်းပေါ်မှ ခေါ်သံကို ကြားရ၏။ ကျောက်ခဲသည် ကျွန်တော့်ကို လက်ပြ၍ ခေါ်နေသည်။ သမ္ဗန်ပေါ်တွင် လေးငါးယောက်လည်း ပါသေး၏။

"ဟေး ... ကျော်မောင်၊ လာဟေ့ ... လာ"

ကျွန်တော်သည် ဘုမသိဘမသိဖြင့် ချောင်းကမ်းပါးအတိုင်း လေ့ဆိပ်သို့ ဆင်းလာခဲ့ပေသည်။

"ဟေ့ကောင် ... တို့ ရန်ကုန်သွားပြီး ပစ္စည်းတွေ သယ်မလို့ကွ၊ ဂျပန်တွေ ပြေးကုန်ပြီ ပြောတယ်၊ လာ ... လာ... တက်"

ကျွန်တော်သည် ဘာမျှမပြောဘဲ သမ္ဗန်ပေါ်သို့တက်၍ လိုက်လာခဲ့လေသည်။ ရန်ကုန်ရောက်လျှင် ပုဇွန်တောင်ညောင်တန်းတွင် သမ္ဗန်ကို ထိုးဆိုက်ပြီး ညောင်တန်းဆိပ်တွင်ရှိသော ဂျပန်ဂိုဒေါင်ကို ဖောက်ကြလေသည်။ ဂျပန်တွေ ဆုတ်ခွာနေပြီဖြစ်၍ အစောင့်လည်း မရှိတော့ပေ။ လေ့ဆိပ်တွင် ကျွန်တော်တို့လို ပစ္စည်းသယ်သူများကား ဒုန်းဒေးပင်တည်း။

ကျွန်တော်တို့သည် ဂျပန်ဂိုဒေါင်ထဲမှ စက္ကူထုပ်များကို ထမ်းချကြသည်။ စစ်သုံးသင်္ကလပ် စောင်အုပ်များလည်း ပါ၏။ သမ္ဗန်ပြည့်တော့မှ ရွာသို့ ပြန်ခဲ့ကြပေသည်။

*

(၆)

"ကျော်မောင်ရေ၊ ပစ္စည်းတွေအကုန် လှည်းပေါ်ရောက်ပြီလား"

မေမေက ဆယ်လသားအရွယ် ကလေးငယ်ကို ပွေ့ချီရင်း မေးလိုက်သည်။ မေမေသည် ကလေးမျက်နှာမြင်ပြီးမှ ချူချာလာလေသည်။ အသားအရေ မွဲခြောက်ကာ၊ ကိုယ်များသည် ဖောရောင်နေလေသည်။

"ပြီးပြီ မေမေ၊ သွားစို့၊ နေပူနေလိမ့်မယ်"

ကျွန်တော်က ပစ္စည်းများကို လှည်းပေါ်တင်ပြီး တက်ထိုင်လိုက်ရင်း ပြော၏။



www.burmeseclassic.com

ပစ္စည်းများဆိုသော်လည်းကျွန်တော်တို့မှာများများစားစားမရှိပါ။ မေမေ၏လက်ကျန် အဝတ်အစားကလေးများထည့်သည့် သံသေတ္တာ ခပ်သေးသေး တစ်လုံး၊ ဖာ တစ်လုံး၊ ထမင်းအိုး တောင်းတစ်လုံး၊ တိုလီမိုလီထည့်ထားသည့် တောင်းတစ်လုံးနှင့် ခေါင်းအုံး၊ ခြင်ထောင် စသည်တို့ ထုပ်ထားသည့် အထုပ်တစ်ထုပ်သာ ဖြစ်လေ၏။

အင်္ဂလိပ်တက်လာပြီဖြစ်၍ ကျွန်တော်တို့ ဆွေမျိုးတစ်သိုက်မှာ ကိုယ့်ရပ်ကိုယ့်ရွာသို့ ပြန်ကြလေသည်။ ဗြာနာအုပ်ဒေါ်ဒေါ်လှတို့က တည်င်သို့ ပြောင်း၍ စာတိုက်စာရေးလင်မယား၊ ရုံပိုင်လင်မယားတို့က ရန်ကုန်သို့ ပြောင်းသွား ကြလေသည်။ လမ်းဖိုလ်လင်မယားကား ပဲခူးသို့ ပြောင်းသွားကြပြီ ဖြစ်၏။ ကျွန်တော်တို့ သားအမိကား ပိန်းကန်ရှိ အဖေကြီး(မေမေ၏အဖေ) ဆီသို့ ပြန်ရမည် ဖြစ်လေသည်။ ကျွန်တော့်စိတ်ထဲတွင်ကား အနှောင်အဖွဲ့မှ လွတ်မြောက်သလို ဝမ်းသာနေလေသည်။ ဖားကူးဘကြီး၏ နှစ်ဆောင်ပြိုင် အိမ်ကြီးမှာလည်း ယင်ပျားအပေါင်းတို့ ပျံလေပြီးသော မစုတ်ပျားအုံကြီးကဲ့သို့ ခြောက်သွေ့ တိတ်ဆိတ် ကျန်ရစ်ခဲ့ပေသည်။

ခွဲခြားခါနီးတွင် အစ်မများ၊ ညီမများက လက်ဆောင်ပစ္စည်းများ မေမေ့အား ပေးကြလေသည်။ လက်ဆောင်ဟု ဆိုသော်လည်း မရှိနွမ်းပါးသူ မေမေ့ကို ပေးကမ်းထောက်ပံ့သည့် သဘောသာ ဖြစ်၏။ မေမေက လက်မခံဘဲ ဖွတ်ငြင်းလေသည်။ နောက်ဆုံးဘကြီးကပါဝင်၍တိုက်တွန်းတော့မှ ကလေးအတွက် ပေးလိုက်သော ပစ္စည်းနည်းနည်းပါးပါးကိုသာ ယူခဲ့လေသည်။

လှည်းသည် ရိုးပြတ်လယ်ခရောင်းတောကို ဖြတ်၍မောင်းလာလေသည်။ ဆီမထည့်သဖြင့် လှည်းဝင်ရိုးသံသည် တအီအီ မြည်နေ၏။ နောက်တွင် ဖုတ်တွေ တထောင်းထောင်း ထနေလေ၏။ ငှက်တော်များ၊ ပျံလွှားများသည် ကောင်းကင်တွင် ပျံဝဲနေကြပေသည်။ တိမ်ဖြူများသည် အညာဆန်ငပိလှေကြီးများ ရွက်တိုက်လာသလို ပြာလဲ့သော ကောင်းကင်တွင် တအိအိ မျောနေကြလေသည်။ ကျွန်တော်ကား သည်ပျံလွှားတွေ၊ ငှက်တော်တွေလို အချုပ်အချယ်မရှိ မြူးတူးချင်၏။ သည်တိမ်လှေတွေလို အကန့်အသတ်မရှိ လွင့်နေချင်၏။

အမှန်ကတော့ မေမေသည် ပိန်းကန်ကို ပြန်ချင်လှသည် မဟုတ်ပေ။ မေမေသည် သူ ယောကျ်ားယူသည့် ကိစ္စကြောင့် သူ့ကို ကဲ့ရဲ့သဂြိုဟ်စကား တင်းဆိုကြသော ပိန်းကန်မှာ မနေချင်ပေ။ သို့သော် မတတ်နိုင်၊ ဖားကူးမှ ပိန်းကန်သို့ ပြန်ရပြန်လေပြီ။

ပိန်းကန်သို့ ရောက်သောအခါ အဖေကြီးမှာ နောက်မိန်းမ ရနေပြီဖြစ်၏။ အဖေကြီး၏ မိန်းမမှာ ခပ်ငယ်ငယ်၊ မေမေ့လောက်ပင် ရှိဦးမည် ထင်ရ၏။ ကြီးလျှင် မေမေ့ထက် သုံးလေးနှစ်မျှသာ ရှိပေမည်။ ကျွန်တော် အိမ်ရှေ့တွင် လှည်းဆိုက်၍ ပစ္စည်းများကို ချသည့်အခါတွင် အဖေကြီးက "ဟဲ့ … နင်တို့ပြန်လာ ကြပြီလား" ဟု မေးလိုက်သည်။ သိပ်ပြီး ဟက်ဟက်ပက်ပက် မရှိလှပေ။

"ဟုတ်တယ် အဖေ၊ မလှတို့ မရှင်တို့လည်း ပြန်သွားကြပြီ၊ ပါကြီးကတော့ ဖားကူးမှာပဲ"

www.burmeseclassic.com

မေမေကလည်း ဝတ်ကျောဝတ်ကုန်ပင် ပြောပြီး ပစ္စည်းများကို တစ်ဖက်က သယ်ပိုးကာ တစ်ဖက်က ကလေးငယ်ကို ပွေ့ချီထားသည်။ အဖေကြီးသည် မေမေ့လက်ထဲမှ ကလေးငယ်ကို လှမ်းကြည့်လိုက်သည်။ ဘာမျှတော့ မပြောပေ။ အဖေကြီး၏ နောက်မိန်းမမှာ မီးဖိုထဲတွင် ထမင်းချက်နေရာက ထလာကာ "ဩော် ... လာကြပြီလား၊ အစ်ကိုကတောင် ဘယ်တော့ ပေါက်လာကြမလဲ မသိဘူး ပြောနေသေးတယ်" ဟု ဆို၏။ အစ်ကိုဆိုသည်မှာ အဖေကြီးကို ခေါ်ခြင်း ဖြစ်လေသည်။

မေမေသည် ဘာမျှပြန်မပြောပေ။ ရွယ်တူ မိထွေးနှင့် နေရမည်ကို တွေး၍ စိုးရိမ်ဟန် တူပေသည်။ ပိန်းကန်မှ ဆွေမျိုးသားချင်းလည်း ကျွန်တော်တို့ကို နှုတ်ဆက်ကြလေသည်။ "ဟ ... ကောင်ကြီး၊ မင်းထွားလာပါလား ... ဟင်" ဟု ဖက်လှဲတကင်း ပြုကြသည်။ မေမေ့ကိုမူ သိပ်ဟက်ဟက်ပက်ပက် မရှိလှချေ။ မေမေကလည်း သူတို့ကို ဝတ်ကျေတန်းကျေ နှုတ်ဆက်လေသည်။

ကျွန်တော်ကားရွာထဲတွင်ဆွေမျိုးသားချင်းတွေအိမ်မှာလျှောက်လည်နေလေသည်။ ကျွန်တော်က ဖားကူးတွင် ကျွန်တော်တို့ ဘယ်လိုနေကြ ထိုင်ကြသည်ကို ပြောပြသည်။ မေမေနှင့် ညီအစ်မတွေ သိပ်မတည့်ကြကြောင်း စသည့် ဖြစ်ကြောင်းကုန်စင်ကို ပြောပြလေသည်။

"လေးရှင်ကလည်း လေးရှင်ပဲ၊ သူကလည်း မာနကလေးရှိတယ်"

ကျွန်တော်က ပြောပြသောအခါ ဆွေမျိုးများက မေမေ့ကို အပြစ်တင် ကြပြန်သည်။ သူတို့အထဲတွင် အရီး (မေမေ့အစ်မဝမ်းကွဲ) ကား အဆိုးဆုံးတည်း။ အရီးလေး (မေမေ့ညီမဝမ်းကွဲ)ကမူ ...

"အစ်မတို့ကလည်း တစ်ဆိတ်ရှိ သူ့ကိုပဲ အပြစ်တင်ကြတာပဲ၊ ဟိုကဟာတွေကလည်း မာနငယ်ထိပ် ရောက်နေတာ၊ ကျုပ်တို့တောက ဆွေမျိုးတွေကို အဖက်တန်တယ်လို့ ထင်တာမဟုတ်ဘူး။ တလောက ကျုပ်တို့ သွားတုန်းကတောင် သိပ် ဟက်ဟက်ပက်ပက်ရှိတာ မဟုတ်ဘူး။ စကားမပြောချင် ပြောချင်နဲ့ မတူမတန်သလို နေတာတော့" ဟု မေမေ့ဘက်က ကူပြောသည်။ ကျွန်တော်ကမူ ဘာမျှမပြောပါ။

"နေစမ်းပါဦး မိထွေးနဲ့ကော သင့်သင့်မြတ်မြတ် ရှိပုံရရဲ့လား" ဟု အရီးက မေးသည်။ ကျွန်တော်ကား ရောက်ခါစဖြစ်၍ အဖေကြီး၏ နောက်မိန်းမအကြောင်းကို မသိသေး။

"မိထွေးဆိုတာ ဘယ်တုန်းက ကောင်းဖူးလို့လဲတော်၊ မိထွေးမိထွေးလို နေတော့မပေါ့၊ ငါတော့ မင်းတို့ ပိန်းကန်ပြန်လာတာ မှားတယ် ထင်တာပဲ။ ဟိုလူကလည်း အဖေကြီးကို ကြောက်လို့ အိမ်နားကို ကပ်ဝံ့တာ မဟုတ်ဘူး။ ခုပြန်ရောက်လာလို့ ပြန်ကပ်ရင် အဖေကြီးကလည်း သိပ်ကြိုက်တာ မဟုတ်ဘူး။ ဒီအထဲ မိထွေးက တွင်းမှာက ရှိသေးတယ်"

ဟိုလူ ဆိုသည်မှာ မေမေ၏ နောက်ယောကျ်ား၊ ကျွန်တော့် ပထွေးကို ဆိုလိုခြင်း ဖြစ်လေသည်။ ကျွန်တော်ကား မျက်စိသူငယ်နှင့် နားထောင်နေရုံမှအပ

www.burmeseclassic.com

ဘာမျှမပြောတတ်ပေ။

ကျွန်တော့်မှာကား ပိန်းကန်တွင်လည်း အပေါင်းအသင်းတွေက ဖဲရိုက်၊ မျောက်ပန်းလှန်ခြင်းဖြင့် အချိန်ကုန်လေသည်။ ဖဲရိုက်စရာမရှိလျှင် ကျွန်တော်သည် မေမေ့ပစ္စည်းကိုသာ ခိုးပေါင်လေသည်။ မေမေကလည်း ကျွန်တော့်ကို ဘာမျှမပြောတော့။ ကျွန်တော့်မှာ လူလားမြောက်စဖြစ်၍လည်း ကိုယ့်ကိုယ်ကို ထိန်းသိမ်းနိုင်သည့် အရွယ်သို့ ရောက်ပြီဟု ယူဆဟန်တူ၏။ ပြီးတော့လည်း မေမေ့မှာ ကျွန်တော့်ထက် သားငယ်ကို ပို၍ဂရုစိုက်ရဦးမည် မဟုတ်ပါလား။

ဖဲမရိုက်လျှင် ကျွန်တော်သည် အဖေကြီး၏နွားများကို ကျောင်းပေးရသည်။ မြက်ရိတ်လိုက်ရသည်။ ပေါင်းသင်ရသည်။ တစ်နေ့တွင် ကျွန်တော်သည် နွားကျောင်းရာမှ ပြန်လာပြီး ဆာဆာနှင့် ထမင်းကျန်ဟင်းကျန်စားရန် မီးဖိုချောင်ထဲသို့ ဝင်လာခဲ့လေသည်။ မီးဖိုဘေးတွင် မေမေသည် လူတစ်ယောက်နှင့် စကားပြောနေသည်ကို မြင်ရလေသည်။ ထိုလူမှာ ထွားထွားကြိုင်းကြိုင်း၊ အသားညိုညိုဖြစ်၏။ အသက်လေးဆယ်လောက်ရှိပြီး မေမေ့ထက် ဆယ်နှစ်လောက် ကြီးဟန်တူလေသည်။ ကျွန်တော်က မီးဖိုထဲတွင်ဖြစ်ပြီး သူတို့က မီးဖိုဘေးတွင်ဖြစ်၍ ကျွန်တော့်ကို မြင်ဟန်မတူပေ။ ကျွန်တော်ကား အမှုမဲ့အမှတ်မဲ့ပင် ထမင်းကျန်များကို စားနေလေ၏။

"ဒီမှာ အနေအထိုင် ဆင်းရဲရင်လည်း ငါနဲ့လိုက်နေပါ လေးရှင်ရယ်"

ကျွန်တော်သည် အသံကိုကြားမှ ကျွန်တော့်ပထွေး ဖြစ်လိမ့်မည်ဟုထင်ကာ မီးဖိုထရံကြားမှ ချောင်းကြည့်လိုက်၏။ ကျွန်တော့်ပထွေးသည် ကလေးငယ်ကို ပွေ့ချီနမ်းရှုပ်နေပေသည်။ မေမေကား ခေါင်းကိုငုံ့ကာ မြေကြီးကို တုတ်ချောင်းကလေးဖြင့် ခြစ်နေလေသည်။

"ငါလည်း ဒီနှစ်တော့ သီးစားခ နည်းနည်းပါးပါး ရမှာပါပဲ၊ နင်တို့သားအမိ သုံးယောက်လောက်တော့ ကျွေးနိုင်ပါတယ်၊ ဟိုကောင်လေးလည်း ကျောင်းလေးဘာလေး ထားပေါ့၊ တော်တော်ကြာ အရွယ်လွန်သွားရင် ကျောင်းထားရခက်နေဦးမယ်"

"ကျောင်းထားရတယ်ဆိုတာ လွယ်တာမဟုတ်ဘူး ကိုစံဖေ၊ ကိုယ်က တခြားလူ့အိမ်မှာ ကပ်ရပ်စားနေရတာ၊ အဖေ့အိမ်ဆိုပေမယ့် တစ်မိန်းက ရှိသေးတယ်၊ ကောင်လေး ကျောင်းထားရင် ကျောင်းစရိတ် မကုန်ပေမယ့် သူတို့အလုပ်တွေ ဝင်ပြီး ကူညီလုပ်ပေးနိုင်မှာ မဟုတ်ဘူး၊ ကျုပ်ကလည်း ဒီကလေးနဲ့ဆိုတော့ ဘာမှလုပ်နိုင်တာ မဟုတ်ဘူး၊ တစ်နေ့ကများ ကလေးကလည်း ကျောပူခေါင်းပူ ထပြီး ဖျား၊ တစ်ညလုံး မအိပ်ရနဲ့၊ ကလေးရော၊ ကိုယ့်ကိုယ်ကိုရော သတ်သေပစ်လိုက်ချင်တယ်၊ ဆေးဖိုးဝါးခဆိုလို့လည်း လက်ထဲမှာ တစ်ပြားမှမရှိ"

"ငါ့မှာလည်း စပါးအစိတ်လောက်တော့ ရစရာရှိသေးတယ်၊ ဒီစပါးလေးကို ရောင်းပြီး ငါပေးပါ့မယ်"

www.burmeseclassic.com

"တော်ပါပြီ၊ လိုချင်လို့ ပြောတာမဟုတ်ပါဘူး၊ တော့်ပစ္စည်းလည်း ဘာမှမလိုချင်ပါဘူး၊ ကျုပ်လည်း ဒီမှာ ကြာကြာမနေချင်ဘူး"

မေမေသည် အဝေးသို့ ငေးကြည့်ရင်း ပြော၏။ နွားခြံထဲတွင် ကြက်သားအုပ်မတစ်ကောင်နှင့် ကြက်ကလေးများသည် နောက်ချေးပုံကို ယက်နေကြလေသည်။ ကြက်ကလေးများသည် ကြက်သားအုပ်မနောက်မှ လိုက်ကာ အမေယက်ပေးသော နောက်ချေးပုံထဲမှ အစာများကို စားနေကြ၏။

"ဒီမှာမနေလို့ဘယ်သွားနေဦးမှာလဲ ...ဟင်လေးရှင်၊ပြီးတော့ဒီကလေးနှစ်ယောက်နဲ့ ရွာစဉ်ပြောင်းနေတယ်ဆိုတာဟာ လွယ်တဲ့ကိစ္စ မဟုတ်ဘူး"

"အို ... ဒါကတော့ တစ်ရွာမပြောင်း သူကောင်းမဖြစ် ဆိုတဲ့စကားလည်း ရှိသားပဲ၊ ဒီမှာနေလို့ကကော ဘာအလုပ်အကိုင်မှ မရှိဘဲနဲ့ ဘယ့်နှယ်လုပ်နေမလဲ၊ အဖေ့ဆီမှာချည်းပဲ မှီခိုစားသောက်နေလို့လည်း ဖြစ်တာမဟုတ်ဘူး။ ရှေ့လျှောက် ကိုယ့်လမ်းကိုယ်သွားရမှာ၊ ဘယ်သူ့ကိုမှ အားကိုးလို့ ဖြစ်တာမဟုတ်ဘူး၊ ကိုယ်တစ်ယောက်တည်းဆိုရင်တော့ ဘယ်လိုနေနေ ဘယ်လိုစားရစားရ ဒီကလေးနှစ်ယောက်နဲ့"

ကျွန်တော့်ပထွေးသည် မေမေ့ကိုတစ်လှည့်၊ ကလေးကိုတစ်လှည့် စူးစိုက်ကြည့်နေလေသည်။ သူ့ရင်ခွင်ထဲမှ ကလေးငယ်အား လက်ချောင်းများကို စုပ်ကာ ကော့ကော်ကန်ကားလုပ်ရင်း မြူးထူးနေပေသည်။

"လေးရှင်ရာ၊ ကျုပ်ဘာသာကျုပ်ပဲ နေပါရစေတော့၊ ရှေ့လျှောက်လည်း ကျုပ်ကို ဒုက္ခမပေးပါနဲ့တော့၊ ကျုပ်ထိုက်နဲ့ ကျုပ်ကံပဲ ရှိပါစေတော့"

မေမေသည် တင်းမာလွန်းသည်ထင်၏။ တကယ်တော့ မေမေတို့ အိမ်ထောင်ရေးသည် အစကတည်းကပင် အဖုအထစ်ကလေးတွေနှင့် ကြုံခဲ့ရ၏။ လူကြီးစုံရာတွင် ပုဆိုးတန်းတင် အကြင်လင်မယားအဖြစ် ပေါင်းသင်းလာရသည် မဟုတ်သောကြောင့် ကွဲကြသည့်အခါတွင်လည်း သည်လိုနှင့်ပင် အမှတ်မထင် ကွဲသွားကြရပေသည်။

"ပြန်တော့လေ၊ တော်တော်ကြာ အဖေကြီးတို့ မြင်နေရင် ပြောစရာဆိုစရာ ဖြစ်နေဦးမယ်"

မေမေက သူ့ယောကျ်ားကို အပြန်နှိုင်း၏။ မေမေသည် သည်လူနှင့် ဒီဘဝ ဒီမျှသာဟု သဘောထားဟန် တူလေသည်။ ကျွန်တော့်ပထွေးကား ကလေးငယ်ကို နမ်းရှုပ်ပြီး မေမေ့လက်သို့ လှမ်းပေးလိုက်ကာ ...

"နေပါဦး၊ ဒီမှာမနေရင် နင် ဘယ်သွားမယ် စိတ်ကူးသလဲ"

"မသိသေးဘူး၊ ရန်ကုန်သွားမယ်တော့ စိတ်ကူးထားတာပဲ"

www.burmeseclassic.com

"ဖြစ်ပဲ့မလား လေးရှင်ရာ၊ ဒီကလေးနှစ်ယောက်နဲ့ နင် ရန်ကုန်မှာ ဘယ်လိုလုပ်မလဲ၊ ရှုပ်ကရှုပ်ပါဘိသနဲ့"

"အို ... ကျုပ်သားလည်း လူလားမြောက်ပါပြီ၊ မအေရော သားရော အလုပ်လုပ်ကြရမှာပေါ့၊ ဘယ်သူ့ အားကိုးနေလို့ရမလဲ"

ကျွန်တော်သည် မေမေက ကျွန်တော့်ကို သားတစ်ယောက်အဖြစ် အားကိုးလာသည်ကို မြင်ရသောအခါ ဝမ်းသာသွားလေသည်။ မေမေ့ကို လုပ်ကျွေးမည်ဟုလည်း ဆုံးဖြတ်လိုက်မိ၏။ သို့ရာတွင် ကျွန်တော့်မှာ မေမေ့ကို လုပ်ကျွေးနိုင်လောက်အောင် ဘာကိုမျှ ဖြစ်ဖြစ်မြောက်မြောက် မတတ်။ ကျွန်တော်၏ ခွန်အားမှာလည်း လေ့ထိုးလွှတိုက် စသည့် အလုပ်ဒဏ်ကို ခံနိုင်မည်မဟုတ်ပေ။

ကျွန်တော်သည် ဂျပန်ခေတ် ဖားကူးရွာတုန်းက သူငယ်ချင်းတွေ အလေးမ အားကစားကြသည်ကို မြင်ဖူးပါ၏။ သူတို့သည် အားခွန်ဗလကြီးမားစေရန် အလေးမ၍ အားကစားကြ၏။ ကျွန်တော့်မှာကား သူတို့လို အလေးမစရာမလို၊ ဆင်းရဲကြပ်တည်းလှသော ဘဝ၏ အလေးဒဏ်ကြီးသည် ကျွန်တော့်ကိုယ်ပေါ်သို့ ပိကျနေ၏။ သည်ဘဝ၏ အလေးဒဏ်ကြီးကို အရွယ်နှင့်မလိုက် ထမ်းထားရင်းကပင် ကျွန်တော်၏ ခွန်အားများသည် ယုတ်လျော့ခဲ့ရပေသည်။

ကျွန်တော်သည် မေမေ့ကို လုပ်ကျွေးပြုစုရန် ကိုယ့်မှာ ဘာမှမယ်မယ်ရရ အရည်အချင်း မရှိသည်ကို သိရသောအခါ ဝမ်းနည်းရပြန်လေသည်။ သည်အတွင်း အဖေကြီးအိမ်တွင် ကျွန်တော်တို့ နေရသည်မှာလည်း ကျပ်တည်းကျဉ်းမြောင်းလှ၏။ အဖေကြီးက အဖေအရင်း ခေါက်ခေါက်မို့ ကြည်ဖြူသော်လည်း အဖေကြီး၏ မိန်းမက ငြူစူလာ၏။ မေမေက အဖေဝယ်ပေးခဲ့သော ပစ္စည်းမို့ ဥသျှစ်ရောင် နားတောင်းကလေးကို တယုတယ နားတွင် ပန်ထား၏။ ဒါကိုပင် အဖေကြီးမိန်းမက "မရှိဘူး ... မရှိဘူးနဲ့ သူ့ကျတော့ ရွှေတွဲလဲ ငွေတွဲလဲပါလား" စသဖြင့် စောင်းပါးရိပ်ခြေ မကြားတကြား ပြောတတ်၏။ ကလေးနေထိုင်မကောင်း၍ မေမေ့မျက်နှာ ညှိုးညှိုးငယ်ငယ်ရှိလျှင်လည်း "ချဲ့ပူထတာပါအေ၊ ကလေးဆိုတာ ဘယ်ကလေးဖြစ်ဖြစ် ဒီလောက်တော့ ဖြစ်ကြတာချည်းပါပဲ၊ မသေနိုင်ပါဘူး၊ ကြည်ကြည်လင်လင် နေစမ်းပါ၊ ညည်းကြည့်ရတာ တမှိုင်မှိုင်တတွေတွေနဲ့" ဟု မြည်တွန်တောက်တီး တတ်သည်။ အဖေကြီး၏ နောက်မိန်းမသည် အဖေကြီးနှင့်လည်းကျွန်တော်တို့ရှေ့တွင်တကျက်ကျက်ရန်ဖြစ်နေတတ်လေသည်။ အဖေကြီးမှာ လယ်နှစ်တုံးထွန်လောက်ရှိ၍ စာရင်းငှားများ သီးစားခလာပေး၍ ညအိပ်ညနေ တည်းခိုနေပြန်လျှင်လည်း "ကိစ္စပြီးရင်လည်း ပြန်ကြတာမဟုတ်ဘူး၊ စားရတဲ့လူကတော့ တစ်လုပ်ရယ်၊ ကျွေးရတဲ့လူကဖြင့် ဒီလို တစ်လုပ်တစ်လုပ်နဲ့ များလှပြီ" စသဖြင့် မေမေ့ရှေ့တွင် ပြောနေတတ်ပေသည်။

အမှန်ကတော့ သည်စကားများမှာ ကျွန်တော်တို့ သားအမိတစ်တွေကို ရည်ရွယ်ကြောင်း မေမေသာမက ကျွန်တော်ပါ ရိပ်စားမိပေသည်။ မေမေကမူ ဘာမျှပြန်မပြောတတ်ပေ။ ကလေးကို နို့တိုက်ရင်း မသိဟန်ဆောင်၍သာ နေလိုက်လေသည်။

www.burmeseclassic.com

ကျွန်တော်သည် ပေါင်းခုတ်ရာမှ ပြန်လာကာ မောမောနှင့် ပေါင်းခုတ်ဓားကို ပစ်ချလိုက်ပြီး အိမ်ရှေ့ရှိ ခြောက်တိုင်ခုတင်ကြီးပေါ်တွင် ပစ်လှဲလိုက်သည်။

"ကျော်မောင်ရေ ... ခဏ"

မေမေသည် ရေကန်စွန်းရွက် သင်နေရာမှ ကျွန်တော့်ကို လှမ်းခေါ်လိုက်သည်။ ကလေးငယ်ကား အနားတါင် အားလျားလျှောက်၍ ဆော့နေပေ၏။ ကျွန်တော်က လူးလဲထကာ ကလေးကို ပွေ့ချီချော့မြူရင်း မေမေ့အနားတွင် ထိုင်လိုက်သည်။

"တို့ ရန်ကုန်ပြောင်းမလို့၊ ပြောင်းဆို မနက်ဖြန် ပြောင်းမှာပဲ"

ကျွန်တော်သည် အံ့အားသင့်၍ နေလေသည်။ မေမေ ရန်ကုန်နေမည်ဆိုတာကို ကျွန်တော် မီးဖိုချောင်ထဲတွင် ချောင်းမြောင်းနားထောင်တုန်းက သိပြီးဖြစ်၏။ သို့ရာတွင် သည်လောက် မြန်ဆန်လိမ့်မည် မမျှော်လင့်ခဲ့ပေ။

"ဟင် ... ဟုတ်လား၊ အမေ ဘယ်ကပိုက်ဆံရသလဲ၊ ဟိုကျတော့ ဘယ်မှာနေမလဲ"

ကျွန်တော်သည် အံ့အားသင့်ရုံသာမဟုတ်၊ ဝမ်းသာ၍လည်း နေလေသည်။ ရန်ကုန်ကို ကျွန်တော် သွားချင်နေသည်မှာ ကြာပြီဖြစ်၏။ အဖေကြီး မိန်းမ၏ ဆူပူကြိမ်းမောင်းသံကြောင့် ပိန်းကန်တွင် မနေချင်သည်မှာလည်း ကြာပြီဖြစ်၏။ ယခုမူ ကျွန်တော့်ဆန္ဒ ပြည့်လေပြီ။

"ဘယ်ကရရဟာယ်၊ နင့်အပူ မဟုတ်ပါဘူး။ ဟိုရောက်တော့ နေဖို့လည်း ငါအဆင်သင့် လုပ်ပြီးသားပါ"

မေမေက ကျွန်တော့်ကို ဟန့်လိုက်သည်။ ကျွန်တော်ကား ဝမ်းသာလွန်း၍ ညီလေးကို အားရပါးရ ဖက်နမ်းနေမိပေသည်။

"ဟဲ့ ... ကောင်လေး၊ ကြွန့်ရရနေ၊ တော်တော်ကြာ တို့ကို ယောက်ယက်ခန်လွန်းတယ်လို့ အပြောခံရဦးမယ်"

မေမေက ကျွန်တော်ဝမ်းသာနေသည်ကို ကြည့်၍ ပြုံးရင်း ပြောလိုက်၏။ မေမေ၏ အပြုံးကို မြင်ရသည်မှာ စိတ်ထဲတွင် ချမ်းမြေ့ကြည်နူး၍ သွားလေသည်။ ကျွန်တော်သည် ပြုံးနေသော မေမေ့ကိုကြည့်ရင်း မေမေ၏ ဟောင်းလောင်းဖြစ်နေသော နားပေါက်များကို သွား၍မြင်လေသည်။ မေမေသည် ရန်ကုန်ခရီးစရိတ်အတွက် သူ အမြတ်တနိုးထားသော အဖေဝယ်ပေးသည့် ဥဿဖယား နားကပ်ကလေးကို ရောင်းလိုက်ဟန် တူလေသည်။

မေမေက ငြိမ်ငြိမ်နေပါ ဆိုသော်လည်း ကျွန်တော်ကား ဝမ်းသာလွန်း၍ ငြိမ်ငြိမ် နေလို့မရပေ။ ရွာထဲက သူငယ်ချင်းတွေကိုလည်း လျှောက်၍ ပြောလိုက်သည်။ သူတို့ကလည်း ကျွန်တော်တို့ ရန်ကုန်ပြောင်းသည်ကို ကြည့်၍ အားကျနေလေသည်။

www.burmeseclassic.com

ညနေတွင် ကျွန်တော်တို့သားအမိသည် အဖေကြီးကို ကန်တော့ကြသည်။

"အေး ... အေး ... ဟိုမှာ ကောင်လေးကိုလည်း အလုပ်အကိုင်လေး ဘာလေး ကောင်းကောင်းမွန်မွန် လုပ်ပါစေ၊ အပေါင်းအသင်း မများစေနဲ့ပေါ့၊ အပေါင်းအသင်းများရင် ပျက်စီးတယ်"

အဖေကြီးသည် ဆေးငုံနေရာမှ တံတွေးတပျစ်ပျစ် ထွေးရင်း ဆုံးမနေလေသည်။ ကျွန်တော်သည် ကန်တော့ပြီး အဖေကြီးကို ကြည့်နေလေသည်။ အဖေကြီးမှာ သမီးနှင့်မြေးတွေကို ခွဲရသည့်အတွက် ဝမ်းနည်းနေပုံ ရလေသည်။ အိုမင်းတွင်းဆုံးအရွယ်သို့ ချဉ်းပြီဖြစ်၍ သံယောဇဉ် နှောင်ကြိုးတွေကို ဖြတ်ထားပြီးဖြစ်သောကြောင့် ကန္တော့ မပျက်လှပေ။

"ဒီမှာပဲ ဖြစ်သလို လုပ်ကိုင်စားသောက်ရောပေါ့အေ၊ မရှိအတူ ရှိအတူပေါ့၊ တို့စားရသလောက်တော့ ညည်းတို့လည်း စားရမှာပါပဲ"

အဖေကြီး၏မိန်းမက ကလေးငယ်ကို ကောက်၍ချီရင်း ပြောသည်။ ကျွန်တော်ကား ဟက်ဟက်ပက်ပက် ရယ်ပစ်လိုက်ချင်ပေသည်။

"မဖြစ်ပါဘူးအစ်မရယ်၊ အစ်မတို့လည်း ပါးစပ်တစ်ပေါက်ထဲ တင်ကျွေးထားရတာ မဟုတ်ဘူး၊ ပြီးတော့ အဖေကြီးလည်း အသက်ကြီးလှပြီ၊ ဒီကောင်လေးအတွက်ကလည်း မြို့မှာဆိုတော့ အလုပ်အကိုင်ကလေးများ ကောင်းမလားလို့"

မေမေက အဖေကြီးကို ကန်တော့ပြီး၍ မျက်နှာသုတ်ပဝါကို ပခုံးပေါ်မှ ဖြုတ်လိုက်ရင်း ပြောလိုက်သည်။ အဖေကြီး၏မိန်းမသည် နှုတ်ခမ်းမဲ့လိုက်သည်ကို ကျွန်တော် သတိထားလိုက်မိ၏။ အဖေကြီးကား ထုံးစံအတိုင်း ပါးစပ်မှ တတွတ်တွတ်ရွတ်၍ ဆုတောင်းနေရှာပေသည်။

ကျွန်တော်တို့ လှေဆိပ်သို့ ဆင်းသောအခါ အဖေကြီး၏မယားနှင့် ဆွေမျိုးသားချင်း တစ်သိုက်က လိုက်၍ ပို့လေသည်။ ကျွန်တော်ကား လှေဆိပ်သို့ရောက်သည်နှင့် လှောင်ချိုင့်မှလွတ်သော ငှက်ငယ်လို မြူးနေပေသည်။ ဘယ်သူ့ကိုမျှ နှုတ်မဆက်နိုင်ဘဲ သမ္ပာန်ပေါ်သို့ ပြေးတက်ကာ သမ္ပန်ဦးတွင် ထိုင်နေလေသည်။ အထုပ်အပိုးတွေ မသယ်ရကောင်းလားဟု မေမေကပင် ဆူလိုက်သေးသည်။

ဒီရေအတက်မို့ ခရမ်းချောင်းရေသည် ဝါကျင့်ကျင့် ဖြစ်နေလေသည်။ တစ်ဖက်ကမ်းမှ ဓနိတောသည် ညို့ညို့မှိုင်းနေလေသည်။ ဖျိုင်းအောက်များသည် ကမ်းစပ်သွန်ထဲတွင် ခြေတစ်ချောင်းထောက်ရပ်ကာ လည်တံရှည်ကြီးများဖြင့် ငါးစောင့်နေကြလေသည်။ ပုစဉ်းများသည် ကျူပင်များပေါ်တွင် ဝဲနေကြပေသည်။

သမ္ပန်သည် ကမ်းစပ်မှ ခွာလိုက်ကာ ချောင်းထဲသို့ တဖြည်းဖြည်း မျောလာ၏။ ဆွေမျိုးသားချင်းများက ကမ်းပေါ်က လက်ပြကြလေသည်။ ကျွန်တော်ကလည်း ပြန်၍ လက်ကိုဝှေ့ရမ်း နှုတ်ဆက်လိုက်သည်။ တဖြည်းဖြည်းနှင့် ပိန်းကန်သည်



www.burmeseclassic.com

ဝေး၍ ကျန်ရစ်ခဲ့လေသည်။

နေရစ်ပေတော့ ဘဝဟောင်းရေ။

*

(၇)

ကျွန်တော်သည် လေးထပ်တိုက်မှနေ၍ အောက်သို့ငုံ့ကြည့်လိုက်၏။ နေဝင်ဖျိုးဖျိုးဖြစ်၍ပန်းဆိုးတန်းတစ်ဝိုက်တွင်လူသွားလူလာတို့ဖြင့်ယောက်ယက်ခတ်နေလေသည်။ ဆိုက်ကားဟွန်းသံ၊ မော်တော်ကားသံ၊ လူတွေစကားပြောသည့် အုတ်အုတ်အသံများကို ကြားရလေသည်။ မြောက်ဘက် ဘူတာကြီးဘက်ဆီမှ မီးရထားဥဩသံ၊ ရှန်တိန်လုပ်သံ၊ ခေါင်းတွဲချိတ်သံများကိုလည်း ကြားရပေသည်။ ကုလားဘိုင်စကုတ်ရုံအောက်မှရာရပတ်ရေကုလားများရာလပတ်ရေအိုးကိုအဖုံးနှင့် တဂျိုင်းဂျိုင်း ခေါက်သံသည် ပတ်မသံကြားမှ ထွက်လာသော လင်းကွင်းသံလို စူးရှလှပေသည်။ ဘိုင်စကုတ်ရုံ၊ ဘူတာရုံနှင့် ပျော်ပွဲစားရုံမှ မီးပွင့်များကလည်း လင်းချည်မှိတ်ချည်ဖြင့် မျက်စပစ်နေသလို ထင်ရပေသည်။ လေးထပ်မှ အောက်သို့ ငုံ့ကြည့်လိုက်သောအခါ လှုပ်ရှားနေသော လူတွေကို မြင်ရလေသည်။ သူတို့ကို ကြည့်ရသည်မှာ ပိုးပုရွက်များနှင့်ပင် တူပေသည်။

ကျွန်တော်တို့ သားအမိသည် ပန်းဆိုးတန်းရှိ ဦးကျင်သန်းအိမ်မှာ နေကြ၏။ ဦးကျင်သန်းမှာ ကုန်သည် ဖြစ်လေသည်။ ဖားကူးက မေမေ့မိတ်ဆွေ လင်မယားနှစ်ယောက်နှင့် ပတ်သက်ပြီး ရောက်လာခြင်းဖြစ်သည်။ မေမေက မီးဖိုချောင်တွင် ထမင်းချက်၍ ကျွန်တော်က အိမ်သူအိမ်သားတွေကို ထမင်းရှူးခပ် ပြင်ဆင်ကျွေးရ၏။ ပြီးလျှင် ပန်းကန်ခွက်ယောက်တွေကို ဆေးရ၏။ ဗာဟီရ အလုပ်ကလေးတွေကိုလည်း လုပ်ရ၏။ အဝတ်အစားတွေ လျှော်လိုက်ရသေး၏။ လူကြီးရော၊ ကလေးပါ အိမ်သူအိမ်သား များပြားပေရာ တစ်နေ့တစ်နေ့ လျှော်ရသည့် အဝတ်ပေါင်းမှာ မနည်းလှ။ ညကျလျှင် လက်ပြင်တွေအောင့်ကာ တော်တော်နှင့် အိပ်မပျော်ပေ။ စောင်၊ ခြင်ထောင်၊ အိပ်ရာခင်း၊ ခန်းဆီး စသည့် အထည်ကြီးတွေကိုလည်း အိမ်မှာပင် လျှော်ရလေသည်။ ကျွန်တော်တို့အခန်းမှာ လေးထပ်တိုက် အပေါ်ဆုံးခန်းတွင် ဖြစ်သဖြင့် သုံးရေကို တစ်ကျပ်လေးထမ်းပေး၍ ဝယ်ရပြီးအဝတ်အစားများကိုအောက်ပလက်ဖောင်းရေဘုံပိုင်မှာလျှော်ရလေသည်။

တစ်နေ့ ကျွန်တော် အောက်ဆင်း၍ အဝတ်လျှော်စဉ် ပလက်ဖောင်းဘေး သစ်ပင်ရိပ်မှ ကလေးငယ်ကို ပွေ့ချီထားသော မိန်းမတစ်ယောက် ကျွန်တော့်ကို မကြာခဏ ကြည့်နေသည်ကို တွေ့ရ၏။ မိန်းမမှာ အသက်သုံးဆယ် ကျော်လောက်သာ ရှိဦးမည်ဟု ခန့်မှန်းရ၏။ သည်မိန်းမကို ကျွန်တော် တစ်နေရာတွင် တွေ့ဖူးသည်ထင်၏။ သို့ရာတွင် ဘယ်မှာ တွေ့ဖူးသည်ကို စဉ်းစား၍မရပေ။

ကျွန်တော်သည် ခေါင်းငုံ့၍ အဝတ်လျှော်ရင်း သည်မိန်းမကို ဘယ်မှာမြင်ဖူးပါလိမ့်ဟု

www.burmeseclassic.com

စဉ်းစားကြည့်၏။ မော်၍ကြည့်လိုက်သောအခါ သူ့မျက်လုံးများသည် ကျွန်တော့်ကို စိုက်ကြည့်နေလေသည်။

"ဟဲ့ ... နင် ပိန်းကန်က မလေးရှင့်သား ကျော်မောင် မဟုတ်လား"

သူက ပြုံးရယ်ရင်း လှမ်းမေးလိုက်သည်။

"ဗျာ"

ကျွန်တော်သည် သူ့အမေးကြောင့် ခပ်ကြောင်ကြောင် ဖြစ်နေ၏။ ကျွန်တော်တို့ သားအမိတစ်တွေမှာ သူတစ်ပါးအိမ်၌ အစေအပါး လုပ်နေရသော ဘဝဖြစ်၏။ ကျွန်တော်က စားစားသောက်သောက်ဖြင့် အဝတ်လျှော်၊ ပန်းကန်ဆေး စသည်တို့ကို လုပ်နေရပြီး မေမေက တစ်လသုံးဆယ်ဖြင့် ထမင်းချက် လုပ်နေရသည့် ဘဝဖြစ်၏။ ထို့ကြောင့် ကျွန်တော်တို့သည် ဘယ်သူ့ကိုမှ အပေါင်းအသင်းမလုပ်ဘဲ ခပ်လျှိုလျှို နေကြလေသည်။ ကျွန်တော်တို့၏ ဆင်းရဲနွမ်းပါးသော ဘဝကို အသိမိတ်ဆွေများ တွေ့သွားမည်လားဟု စိုးရိမ်မိလေသည်။ အသိမိတ်ဆွေတွေ့လျှင် ကျွန်တော်သည် ခပ်ဝေးဝေးကပင် ရှောင်သွားပေသည်။

"မလေးရှင့်သား ကျော်မောင် မဟုတ်လား"

သူက ထပ်မေးလိုက်တော့မှ ကျွန်တော်သည် မရှောင်သာတော့ဘဲ အဖြေပေးလိုက်ရသည်။

"ဟုတ်ပါတယ်"

"အေး ... ငါထင်သားပဲ၊ တူပါတယ်လို့ ကြည့်နေတာ၊ နင်က သိပ်ထွားတာကိုး၊ နင်ခု အသက်ဘယ်လောက် ရှိပြီလဲ"

ကျွန်တော့်အသက်မှာ ဆယ့်ငါးနှစ်လောက်သာ ရှိဦးမည်ထင်၏။ လူပျိုပေါက်ပြီး တုံးလိမ်းဟုံးအရွယ်တွင် ယခု အခိုင်းအစေ ဘဝဖြင့် တွေ့သွားသည်ကို မြင်သောအခါ ရှက်သွားလေသည်။

"ဆယ့်ငါးနှစ်"

"အေး ... နင် ငါ့ ဘယ်မှတ်မိမလဲ၊ ငါတို့ရှိတုန်းက နင်က လေးငါး ဆယ်နှစ်လောက် ရှိသေးတာပဲ၊ နင် ဒီ ဘယ်တုန်းက ရောက်နေတုန်း"

"ကြာပြီဗျ၊ တစ်နှစ်နီးပါးလောက် ရှိပြီ"

"ငါ နင့် မြင်မြင်နေတာ ကြာပြီ၊ မေးမလို့ မေးမလို့နဲ့ မမေးဖြစ်ဘူး၊ နေပါဦး၊ နင့်အမေကော"

www.burmeseclassic.com

"အမေလား၊ ရှိတယ်"

"ဘယ်မှာလဲ၊ ဒီမှာပဲလား"

ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။ သူက ပလက်ဖောင်းပေါ်တွင် ဆော့နေသော ကလေးငယ်၏ အင်္ကျီစကို လှမ်းဆွဲလိုက်ရင်း ...

"နင့်အမေကို ပြောလိုက်စမ်း၊ ပိန်းကန်က မအေးမြိုင် အောက်ထပ် ပရိဘောဂဆိုင်မှာ နေတယ်လို့၊ အားရင် အလည်လာခဲ့ပါဦးလို့"

"ဟုတ်ကဲ့"

"နင်တို့ အဖေကြီးလယ်မှာ အရင် စာရင်းငှားလုပ်တဲ့ မအေးမြိုင်လို့ပြော ကြားလား"

"ဟုတ်ကဲ့၊ ခင်ဗျား ရန်ကုန်ရောက်တာ ကြာပြီလား"

ကျွန်တော်က မအေးမြိုင်၏ အသွေးအဆင်းကိုကြည့်၍ မေးခြင်းဖြစ်၏။ မအေးမြိုင်မှာ လယ်ထဲက ကောက်စိုက်သမ မအေးမြိုင် မဟုတ်တော့ပေ။ နိုင်လွန်အင်္ကျီလက်ပြတ် အနက်ရောင်၊ ထဘီအနက်ရောင်ဖြင့် အသားအရေ စိုပြေကာ မြို့ကြီးသူဟန် ပေါက်နေပေ၏။

"ငါလား၊ အင်္ဂလိပ်မပြေးခင် ကတည်းက ရောက်နေတာ။ ဂျပန်ဝင်တော့ သဃ်္ဃန်းကျွန်းဘက် နေတယ်၊ ခုတော့ ငါ့ယောက်ျားက ပရိဘောဂဆိုင် ဖွင့်နေတယ်၊ အဲဒါ ငါတို့ဆိုင်ပဲ"

မအေးမြိုင်က တိုက်အောက်ထပ်တွင် ဖွင့်ထားသော (အလျောင် ပရိဘောဂဆိုင်ကြီး) ဟု ဆိုင်းဘုတ်ရေးထားသည့် အခန်းကိုပြ၏။ ရှေ့ပလက်ဖောင်းပေါ်တွင် တရုတ်လက်သမားနှစ်ယောက်သည် ကျွန်းသာမှန်တင်ခုံ တစ်လုံးကို ကော်ပတ်စားပြီး ပါလစ်သုတ်နေကြလေသည်။

"ဩော်... "

ကျွန်တော်က ဒါပဲပြောနိုင်၏။ ကောက်စိုက်သမ မအေးမြိုင်၊ လယ်ထဲက မအေးမြိုင်၊ အဖေကြီး၏ စာရင်းငှား မအေးမြိုင်မှာ ပရိဘောဂဆိုင်ရှင် မအေးမြိုင်၊ အလျောင်ကတော် မအေးမြိုင် ဖြစ်နေ၏။ အဖေကြီး၏လယ်တွင် စာရင်းငှားလုပ်သော မအေးမြိုင်က ကြီးပွားကာ အခြေကျ၍နေပြီ ဖြစ်သော်လည်း အဖေကြီး၏သမီး မေမေမှာ သူတစ်ပါးအိမ်တွင် အခိုင်းအစေဘဝသို့ ရောက်နေပေ၏။ ကျွန်တော်တို့ သားအမိမှာကား ကျွန်တော် လူလားမြောက်သည့် အခါမှစ၍ အစုန်ချည်းသာ တွေ့ခဲ့ရ၏။ ရေစီးရာတွင် မျောပါသော ဒိုက်ပုံလို ကံကြမ္မာရေစီးကြောင်း သယ်ယူပို့ရာကိုသာ မျောခဲ့ရ၏။ ဘယ်တော့များမှ ကိုယ့်လှေကို ပဲ့ကိုင်ရသော အဆန်ဘဝကို ရောက်မည်မသိပေ။ ကျွန်တော်သည် မအေးမြိုင်ကို ကြည့်ရင်း ကိုယ့်ဘဝကိုယ်တွေး၍ ဝမ်းနည်းလာ၏။ ကိုယ်၏

www.burmeseclassic.com

နွမ်းပါးသော အခြေကိုကြည့်၍လည်း ရှက်လာပေသည်။

"ဟော ... အလျှောင် ခေါ်နေပြီ၊ ငါသွားပြီ၊ ထမင်းကျွေးလိုက်ဦးမယ်၊ နင့်အမေ မလေးရှင်ကို ပြောလိုက်၊ အားရင် အလည်လေးဘာလေး ဆင်းလာခဲ့ပါလို့"

မအေးမြိုင်သည် ကလေးကိုချီ၍ ထသွားလေသည်။ စွတ်ကျယ်အင်္ကျီ အစိမ်းရောင်လက်ပြတ်နှင့် ချည်လုံချည် ဝတ်ထားသော ရွှေသွားနှင့်တရုတ်ကြီးက ကလေးငယ်ကို ဆီးကြိုခေါ်ယူကာ နမ်းရှုပ်နေလေသည်။ သူ့ယောက်ျား ပရိဘောဂဆိုင်ရှင် အလျှောင်ဖြစ်သည်ဟု ထင်ရပေသည်။

ကျွန်တော်က မအေးမြိုင်နှင့် တွေ့သည့်အကြောင်း မေမေ့အား ပြောသောအခါ "ဟယ် ... မသွားချင်ပါဘူး၊ ရိုးရိုးအလည်သွားတာကို မရှိတောင်းနိုးနိုး ထင်နေပွဲမယ်" ဟု မေမေက ငြင်းလေသည်။ မေမေသည် မအေးမြိုင် ခေါ်လွန်းမက ခေါ်တော့မှ အောက်ထပ် ပရိဘောဂဆိုင်သို့ဆင်း၍ လည်လေသည်။ မအေးမြိုင်ကလည်း ယခုလို ကျွန်တော်တို့ ဆင်းဆင်းရဲရဲ နေရသည်ကို တွေ့ရ၍ စိတ်မကောင်းကြောင်း ပြောပြလေသည်။

ဦးကျင်သန်း၏တိုက်သို့ ကျွန်တော်တို့ရောက်သည်မှာ နှစ်နှစ်နီးပါး ရှိသည်ဖြစ်သော်လည်း ကျွန်တော်သည် လေးထပ်တိုက်ပေါ်မှ စီးကြည့်ရင်း မအေးမြိုင်နှင့် တွေ့ခဲ့သည်ကို အမှတ်ရနေကာ ကိုယ့်ဘဝကိုယ် တွေး၍နေမိလေသည်။ ကျွန်တော့်မှာ နေကုန်နေခမ်း အလုပ်လုပ်ပြီး ယခုမှပင် နားချိန်ရတော့သည်။ ရန်ကုန်တွင် သွားတတ်လာတတ်ပြီဖြစ်၍ နံနက်ဆိုလျှင် ကျွန်တော် ဈေးဝယ်ရ၏။ ပြန်လာလျှင် ကော်ဖီသောက်ဖို့ အဆင်သင့်ပြင်၊ အဝတ်အစားလျှော်၊ ထမင်းပွဲပြင်၊ ပန်းကန်ဆေး၊ ကလေးထိန်း၊ ညနေအတွက် မေမေ့ကို ကူလုပ်၊ ထမင်းပြင် စသဖြင့် သံသရာလည်နေပေ၏။ ယခုလို ညနေစောင်းမှပင် အိမ်ရှေ့ဝရံတာသို့ထွက်၍ ပြင်ပလောကကို ငေးမောခွင့် ရလေသည်။ သို့တိုင်အောင် မအားရသေး။ ကလေးတွေကို ထိန်းလိုက်ရသေး၏။ တောက်တိုမယ်ရ ခိုင်းတာကို လုပ်ပေးလိုက်ရသေး၏။

ကျွန်တော်သည် ကလေးတွေနှင့် ဆော့ရင်း အောက်ပန်းဆိုးတန်း လမ်းမပေါ်သို့ ငုံ့ကြည့်လိုက်သောအခါ အလျှောင်နှင့် မအေးမြိုင်ကို မြင်ရလေသည်။ မအေးမြိုင်က ဖီးလိမ်းပြင်ဆင်ကာ သနပ်ခါးအဖွေးသားနှင့် ရှေ့ကသွားပြီး အလျှောင်က နောက်ကကလေးငယ်ကို ချီပိုးကာ ဘိုင်စကုတ်ရုံဘက်သို့ သွားနေကြလေသည်။

ကျွန်တော်သည် မအေးမြိုင်ကိုကြည့်ရင်း မေမေ့ကို သနားလာလေသည်။ မေမေမှာ ငယ်ငယ်ရွယ်ရွယ်ပင် ရှိသေး၍ လင်သားကို အားကိုးကာ တင့်တောင့်တင့်တယ် နေချင်ရှာမည်ဖြစ်၏။ ပြီးတော့ ကျွန်တော့် ညီငယ်ကလေးကိုလည်း သူ့အဖေကို ချီပိုးစေကာ သူတို့လို ပွဲလမ်းသဘင် သွားချင်မည်ဖြစ်၏။ ယခုကား မေမေသည် အဝတ်နွမ်းရိစွာဖြင့် မီးဖိုချောင်ထဲတွင် ခေါင်းမဖော်နိုင်ဘဲ အလုပ်လုပ်နေရပေသည်။

"ဟဲ့ ... ကျော်မောင်၊ ဘာငေးနေတာလဲ၊ ကလေးက ဝရံတာတွယ်တက်နေတယ်၊ လိမ့်ကျဦးမယ်၊ ရော့ ... အောက်သွားပြီး စီးကရက်တစ်ဘူး သွားဝယ်ချေစမ်း"

www.burmeseclassic.com

ဦးကျင်သန်းက စီးကရက် အဝယ်ခိုင်းလိုက်သဖြင့် ကျွန်တော်သည် အောက်သို့ ဆင်းလာခဲ့ပြီး ဝင်းဝင်းရုံရှေ့ စီးကရက်ဆိုင်တွင် စီးကရက်ဝယ်နေလေသည်။ မအေးမြိုင်တို့လင်မယားသည် ဘိုင်စကုတ်ရုံဘက်မှ ပန်းဆိုးတန်းကို ဖြတ်ကူးကာ ဝင်းဝင်းရုံအောက်သို့ ဝင်လာကြသည်။

"ဘိုင်စကုတ် မကြည့်ဘူးလား၊ မအေးမြိုင်"

ကျွန်တော်က အနားသို့ ရောက်လာကြသော သူတို့လင်မယားကို နှုတ်ဆက်လိုက်သည်။

"ဟယ် ... တိုးလို့မှ မရပါဘူး၊ ပြည့်ကျပ်နေတာပဲ၊ သုံးကျပ်တန်းလည်း ကုန်ပြီ၊ လေးကျပ်တန်းလည်း ကုန်ပြီတဲ့၊ သူ့ကြောင့်ပေါ့၊ လက်မှတ်ကြိုဝယ်ထားပါလို့ ပြောရက်သားနဲ့"

မအေးမြိုင်က အလျှောင်ကို မျက်စောင်းထိုးကာ မေးငေါ့ပြလိုက်၏။ အလျှောင်သည် ပြုံးနေ၏။ သူ့ရွှေသွားများသည် မီးရောင်တွင် ဝင်းခနဲ လက်သွားကြပေသည်။

"နင်နဲ့တွေ့တာ အတော်ပဲ၊ နင်တို့အဖေကြီး ရန်ကုန်ရောက်နေတယ်"

"ဟုတ်လား"

ကျွန်တော်၏ မျက်နှာသည် ဝင်းထိန်သွားကာ ဝမ်းသာနေလေသည်။

ကျွန်တော်တို့ သားအမိသည် ရန်ကုန်ကို ဘဝသစ်ထူထောင်မည်ဆိုသော မျှော်လင့်ချက်ကြီးဖြင့် လာခဲ့ခြင်း ဖြစ်၏။ ကျွန်တော်ရော၊ အမေပါ အလုပ်လုပ်မည်ဟူသော ရည်မှန်းချက်ကြီးဖြင့် လာခဲ့ကြခြင်း ဖြစ်၏။ သို့ရာတွင် ရန်ကုန်ရောက်သည်မှာ နှစ်နှစ်ပြည့်လုပေပြီ။ ကျွန်တော့်မှာ ဘာအလုပ်အကိုင်မှ မယ်မယ်ရရမရှိ။ အိမ်တွင် အဝတ်လျှော်၊ ကလေးထိန်းဖြင့် အချိန်ကုန်ရ၏။ မေမေရသည့် လခသုံးဆယ်မှာလည်း ပြောပလောက်သည်မဟုတ်။ ညီလေးအတွက်နှင့်ပင် တစ်ဝက်လောက် ချောလေသည်။ ယခုလို အဖေကြီးလာသည်ဟု ပြောလာသောအခါ ပင်လယ်ထဲတွင် မျောနေရာမှ ကမ်းကို လှမ်းမြင်လိုက်သလို အားတက်သွားပေသည်။ ကျွန်တော်တို့သားအမိတစ်တွေသည် အဖေကြီး၏ နောက်မိန်းမကြောင့် ပိန်းကန်မှ ရန်ကုန်သို့ ပြေးခဲ့ရသည် မှန်သော်လည်း ယခုလို အားကိုးအားထားရာကို ရုတ်တရက် တွေ့လိုက်ရသောအခါ ဝမ်းသာမိပေသည်။

"အေး ... ငါတို့ မနေ့က ရွှေတိဂုံ ဘုရားဖူးသွားရင်း တွေ့ခဲ့တယ်၊ တောင်ဘက်စောင်းတန်း၊ မော်လမြိုင်ဇရပ်မှာ တဲနေသတဲ့၊ ပိန်းကန်မှာလည်း နေလို့မကောင်းပါဘူးဟယ်၊ အစိုးရနဲ့ သူပုန်တွေကလည်း ခဏခဏ တိုက်ပွဲဖြစ်သတဲ့၊ ဒါကြောင့်မို့ ထွက်ပြေးလာတာတဲ့၊ ခုတော့ မော်လမြိုင်ဇရပ်မှာ တဲပြီး အဲဒီကမှ အိမ်ရှာမယ်လို့ ပြောတာပဲ၊ နင်တို့သားအမိနဲ့ အိမ်နားမှာနေတယ်လို့ ပြောလိုက်လို့ မနက်ဖြန် နင့်ကို လိုက်ပို့ပါဆိုပြီး ငါ့ကို မှာလိုက်တယ်၊ နင်တို့အဖေကြီးလည်း

www.burmeseclassic.com

သိပ်နေမကောင်းဘူးတဲ့၊ သွားလိုက်ပါဟယ်၊ နင့်အမေလည်း ပြောလိုက်၊ နက်ဖြန်ငါလိုက်ပို့မယ်လို့"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ကျွန်တော်သည် စီးကရက်ဘူးကိုယူပြီး သူတို့ကို ကပျာကသီနှုတ်ဆက်ကာ လေးထပ်သို့ ပြေးတက်ခဲ့ပြီး မေမေ့ကို ပြောပြသည်။ မေမေလည်း ဝမ်းသာနေလေသည်။ မေမေ့ကိုအချစ်ဆုံးဖြစ်လေသည်။ သားသမီးတွေထဲကလည်း အဖေကြီးကို အခင်တွယ်ဆုံးမှာ မေမေသာဖြစ်၏။ အဖေကြီးသည် စကားနည်း၍ သဘောကောင်းသူဖြစ်၏။ အေးဆေးတည်ငြိမ်သူ ဖြစ်၏။ ရယ်စရာတွေလျှင်လည်း ဟက်ဟက်ပက်ပက် မရှိ။ ဝမ်းနည်းကြေကွဲစရာတွေလျှင်လည်း လှိုက်လှိုက်လှဲလှဲ မရှိ။ လောက၏သဘောကို နားကျေနေသူ ဖြစ်ဟန်ရှိပေသည်။

နောက်နေ့တွင် ကျွန်တော်တို့ သားအမိတစ်တွေကို မအေးမြိုင်က ရွှေတိဂုံ တောင်ဘက်စောင်းတန်းရှိ မော်လမြိုင်ဇရပ်သို့ လိုက်ပို့လေသည်။ အဖေကြီးမှာ ကျွန်တော်တို့ကို တွေ့ရသောအခါ ဝမ်းသာဟန် ရှိလေသည်။ သို့သော်လည်း အဖေကြီးမှာ ထုံးစံအတိုင်း ဝမ်းသာဟန်ကို မပြ။ တည်တည်ငြိမ်ငြိမ်ပင်တည်း။

အဖေကြီးတို့ ပစ္စည်းများ သိပ်များများစားစား မပါလှပေ။ သေတ္တာအချို့သည် ဇရပ်ကြမ်းပြင်ပေါ်တွင် ဖရိုဖရဲ ဖြစ်နေကြလေသည်။ အဖေကြီးသည် ဇရပ်ဘုရားစင်အောက်တွင် ဖြန့်ခင်းထားသော အိပ်ရာတွင်ထိုင်ကာ ကျွန်တော်တို့ကို ဆီးကြိုနှုတ်ဆက်၏။ ကြေးစည်သည် သူ့ခေါင်းရင်းတွင် တွဲလဲ ချိတ်ထားလေသည်။

"လာ … လာ … ထိုင်ကြ၊ ငါလည်း နင်တို့ကို လိုက်ရှာမလို့၊ မနေ့က အေးမြိုင်နဲ့ တွေ့တာနဲ့ အခန့်သင့်ပဲ၊ ကျော်မောင်ကော၊ အလုပ်အကိုင် ဟန်ကျရဲ့လား"

အဖေကြီးက ဆေးရွက်ကြီးကို လက်ထဲတွင် ထည့်ချေပြီး ငုံလိုက်သည်။

"သင့်ပါတယ်၊ အဖေကြီး"

မေမေက အဖေကြီး စိတ်ကောင်းအောင် ကြည့်ပြီး ပြောလိုက်သည်။ အဖေကြီးမိန်းမသည် ဇရပ်နောက်ဖေးမှ ထွက်လာကာ ဖက်လှဲတကင်း ကြိုဆိုပြီး မေမေ့လက်ထဲမှ ကလေးကို ပွေ့ချီနေ၏။

"တို့လည်း ရွာမှာနေလို့ မကောင်းလို့ ရန်ကုန်ကို ပြောင်းလာတာ၊ သူပုန်ကလည်း ရှိ၊ အစိုးရတပ်ကလည်း ရှိတော့ သိပ်မအေးဘူး။ တောကြောင်တွေကလည်း တချီတချီ ထလိုက်သေးတယ်၊ ဒါနဲ့ ရန်ကုန်ကို ပြောင်းတာ ကောင်းတယ်ဆိုပြီး ပြောင်းလာတာပဲ။ ရှိတဲ့ပစ္စည်းလေးတွေလည်း အကုန်မယူနိုင်ပါဘူး၊ အိမ်ကိုတော့ ဘိုးမြလင်မယားကို အစောင့်ထားခဲ့တယ်"

"အဖေကြီးကော၊ နေကောင်းရဲ့လား"

www.burmeseclassic.com

"ကောင်းလှတယ်တော့ မပာတ်ပါဘူးအေ၊ တော်တော်ကြာ ခါးကိုက်တာနဲ့၊ ဒူးနာတာနဲ့၊ ဒီလိုပါပဲ၊ ထူထူထောင်ထောင်တော့ ရှိသပေါ့လေ"

အဖေကြီး၏ မိန်းမက ဝင်၍ဖြေလိုက်သည်။

"တို့လည်း ဒီမှာ အိမ်ရှာပြီး နေရမှာပဲ၊ ခုတော့ မတွေ့သေးဘူး၊ ရှာခိုင်းထားတုန်းပဲ၊ နင်တို့ကော ခု သူများအိမ်မှာ နေတယ်ဆို"

အဖေကြီးသည် ထွေးခံကိုယူကာ တံတွေးထွေးလိုက်သည်။

"ခုတော့ ဒီလိုပဲ နေရသေးတာပဲ အဖေကြီး၊ ဖြည်းဖြည်း ငွေလေးဘာလေး စုမိဆောင်းမိမှ အိပ်သပ်သပ် ငှားနေရမှာပဲ"

"ကျွန်မတို့တိုက်ခန်းနဲ့ အပေါ်ထပ် အောက်ထပ်ပဲ အဖေကြီးရဲ့"

မအေးမြိုင်က ဝင်၍ ထောက်လိုက်သည်။

"တစ်စိမ်းအိမ် နေရတယ်ဆိုတာ အင်မတန် ကျဉ်းကျပ်တယ်၊ နင်တို့ အစ်မဝမ်းကွဲ လွန်းမေ သုံးဆယ့်လေးလမ်းထဲမှာ နေတယ်၊ သူတို့ကတော့ နည်းနည်းပါးပါး တော်ဟန်တူပါရဲ့၊ နင်တို့ကို သူတို့မှာထားမယ် စိတ်ကူးတယ်၊ ဘယ့်နှယ်လဲ"

မေမေသည် ဘာမျှမပြောဘဲ ခေါင်းငုံ့၍ စဉ်းစားနေလေသည်။

"နေလိုက်ပေါ့၊ တစ်စိမ်းအိမ် နေရတာနဲ့စာရင် ဆွေမျိုးအိမ်နေရတာက ချောင်ချောင်ချိချိ ရှိတာပေါ့၊ သူတို့လည်း ကူဖော်လောင်ဘက် ရတာပေါ့၊ သူတို့ဆီ မနေချင်ဘူး ဆိုရင်လည်း တို့များအိမ်ရှာရရင် တို့များအိမ်ကို ပြောင်းခဲ့ပေါ့"

အဖေကြီး၏ မိန်းမက ဝင်၍ဖိမန္တက ပြုလေသည်။ မေမေကား ဘာမျှ မဆုံးဖြတ်နိုင်ဘဲ ငိုင်နေလေသည်။

"နေလိုက်ပေါ့ အစ်မရှင်ရဲ့၊ ကျွန်မတို့နဲ့လည်း သိပ်ဝေးတာမှ မဟုတ်ဘဲ"

နောက်ဆုံးတွင် အားလုံးက တိုက်တွန်းကြသဖြင့် မေမေက သဘောတူလိုက်လေသည်။

ကျွန်တော်တို့သည် အဖေကြီးဆီမှာပင် နံနက်စာ စားကြလေသည်။ အဖေကြီးက ရွာအခြေအနေကို ပြောပြလေသည်။ အဖေကြီးမိန်းမကား ရွာက ဆွေမျိုးတွေအကြောင်းကို ပြောပြနေ၏။ ကျွန်တော်ကား ရွှေတိဂုံဘုရားပေါ်သို့ တက်လာပြီး မြောက်ဘက် သွေးဆေးကန် စောင်းတန်းသို့ ဆင်းကာ ဘုရားခြေတော်ရင်းတွင် လျှောက်လည်လေသည်။

သွေးဆေးကန်မှ မြောက်ဘက်သို့ ကြည့်လိုက်လျှင် ကုန်းပေါ်၌ ထူထပ်စွာ

www.burmeseclassic.com

ပေါက်နေသော ပိန်းတောကြီးကို မြင်ရလေသည်။ ပိန်းတောကြီး အောက် ချိုင့်ဝှမ်းထဲတွင် တဲကလေးများမှာ ပွတ်သိပ်ကြပ်ခဲ နေကြလေသည်။ ပြည်တွင်းစစ်ကြောင့် ပြောင်းရွှေ့လာကြသူများ ဖြစ်လေ၏။ ပြည်တွင်းစစ်အတွင်း မြို့တော် ရန်ကုန်၏ ရှုခင်းပေတည်း။

*

(၈)

ကျွန်တော်တို့ သားအမိတစ်တွေမှာ ၃၄ လမ်း၊ ကြီးကြီးမလွန်းမေအိမ်သို့ ပြောင်းလာကြလေသည်။ ကြီးကြီးမလွန်းမေတို့မှာ တိုက်အပေါ်ထပ်ခန်းတွင် နေ၍ အောက်ထပ်တွင် အမြင့်နှင့် သူ့မောင် မောင်ရွှေတို့ မောင်နှမ နေကြလေသည်။ သူတို့နှစ်ယောက်စလုံးမှာ ဘာအလုပ်မှ မရှိကြပေ။ မောင်ရွှေက မနက်လင်းလျှင် ဆံပင်ကို အမောက်ကလေးထောင်ကာ စပို့ရှပ်အကျႌနှင့် ဘောင်းဘီရှည်ကို ကျကျနနဝတ်ပြီး အပြင်ထွက်သွားတတ်၏။ ဘယ်ကိုသွားမှန်း ကျွန်တော် မသိပေ။ သူ့နှမ အမြင့်ကား အသားညိုညို၊ နှာတံပေါ်ပေါ် ကုလားဆင်ဖြစ်ပြီး လုံးကြီးပေါက်လှ ဖြစ်လေသည်။ အမြင့်ကလည်း ဘာမှမလုပ်ပေ။ နံနက်လင်းလျှင် သနပ်ခါး ခြေဆုံးခေါင်းဆုံးလိမ်းကာ ဝတ္ထုစာအုပ်ဖတ်နေသည်ကို အမြဲတွေ့ရ၏။ အောက်ထပ်သို့ ဆင်းသွားတိုင်း အမြင့်ကို အိမ်ရှေ့မှာပင် တွေ့ရတတ်လေသည်။ တစ်ခါတရံ အမြင့်သည် ကျွန်တော့်ကို စီးကရက်ဘူး အဝယ်ခိုင်းတတ်လေသည်။

ကြီးကြီးမလွန်းမေတို့အိမ်တွင် ကျွန်တော်တို့ သားအမိတစ်တွေမှာ ဦးကျင်သန်းတို့အိမ်မှာကဲ့သို့ပင် အလုပ်လုပ်ရ၏။ မေမေက တစ်အိမ်သားလုံးအတွက် ထမင်းချက်ရ၏။ ကျွန်တော်က အဝတ်လျှော်ရ၏။ ပြီးလျှင် သိမ်ကြီးဈေးသို့ ထမင်းချိုင့်သွားပို့ရလေသည်။ ကြီးကြီးမလွန်းမေနှင့် သူ့ယောကျာ်းက သိမ်ကြီးဈေးတွင် အထည်ဆိုင်ဖွင့်လေသည်။ ကျွန်တော်သည် ပန်းကန်ခွက်ယောက်ဆေး၊ အဝတ်လျှော် စသည့် အလုပ်တွေကို ငြီးငွေ့လှပြီဖြစ်၏။ ဝင်ငွေကလေး အသင့်အတင့်ရှိသည့် ကောင်းကောင်းမွန်မွန် အလုပ်တစ်ခုကို လုပ်ကိုင်ချင်၏။ သို့ရာတွင် ဘယ်မှာမှ အလုပ်မရှာရသေးပေ။ မေမေကလည်း မကြိုးစား၊ ကျွန်တော်ကလည်း မကြိုးစားပေ။

"မေမေ၊ ကျွန်တော် အလုပ်တစ်ခုလုပ်ချင်တယ် မေမေ"

ကျွန်တော်က ညဥ့်ဦးပိုင်း အိမ်တွင် လူစုံသည့်အခါတွင် မေမေ့ကို ပြောပြ၏။ ကြီးကြီးတို့တစ်တွေမှာ ညဈေးတန်းသို့ ထွက်တတ်၏။ မထွက်ဖြစ်လျှင် အိမ်မှာပင်စုကာ စကားစမြည် ပြောနေတတ်ကြလေသည်။

"နင်က ဘာအလုပ်လုပ်မလို့လဲ"

"မသိဘူးလေ၊ ဒါကြောင့်မို့ မေမေ့ကို ပြောတာပေါ့"

"ရှုပ်ပါတယ်ဟယ်၊ ဒီမှာပဲ ဒီလိုနေပါဦး၊ နောက်တော့ ငါရှာပေးပါ့မယ်၊

www.burmeseclassic.com

နင့်ကြီးကြီးတို့နဲ့လည်း တိုင်ပင်သေးတာပေါ့"

ကြီးကြီးတို့က ခပ်လှမ်းလှမ်းတွင် ထိုင်၍ စကားပြောနေကြ၏။ ကြီးကြီးသည် ကျွန်တော်တို့ သားအမိတစ်တွေ ခြေဆင်းလဲလူ ထိုင်နေကြသော နောက်ဖေးဘက်သို့ဝင်သည့် လမ်းမြှောင်ဝတွင် လာထိုင်ကာ ...

"ဟဲ့ ... သားအမိတစ်တွေ ဘာတွေများ တိုင်ပင်နေကြသလဲ" ဟု မေးလိုက်သည်။

"ကောင်လေးက အလုပ်လုပ်ချင်လို့တဲ့"

"ငါလည်း စိတ်ကူးထားတယ်၊ ဘိုင်စကုတ်ရုံအောင်မှာ ကွမ်းယာဆိုင်လေး ဖွင့်ပေးရမလားလို့"

"ကွမ်းယာဆိုင် ဖွင့်တော့ကော မမရယ်၊ နေရာအတွက် ပိုက်ဆံကုန်၊ အရင်းကလည်း ရှာရဦးမယ်"

မေမေက စိတ်ပျက်လက်ပျက်နှင့် ညည်းလိုက်သည်။ တကယ်တော့လည်း ကွမ်းယာဆိုင်ထောင်မည်ဆိုလျှင် မေမေပြောသလို အရင်းအနှီးလိုသည်။ ဘိုင်စကုတ်ရုံအောက်တွင် ဆိုင်နေရာအတွက် ငွေလိုသည်၊ ဘိုင်စကုတ်ရုံအောက်တွင်လည်း ကွမ်းယာဆိုင် တစ်နေရာကို ငါးရာလောက် ပေးရလေသည်။

"အို ... နေရာအတွက် အရေးမကြီးပါဘူးအေ၊ အောက်ထပ်က အမြင့် သိတယ်မဟုတ်လား၊ အမြင့်က ကုလားသူဌေး အာဒါးဘိုင်ရဲ့ မယားငယ်အေ့၊ သူ့ယောက်ျားက ဘိုင်စကုတ်ရုံအောက်က နေရာတွေကို အကုန်သိမ်းကျုံးပြီး ကန်ထရိုက်ဆွဲထားတာ၊ တို့ကို တစ်နေရာလောက် ပေးပါလို့ ပြောလို့ အမြင့်က ပြောပေးထားတယ်၊ ရမယ်တဲ့"

ကျွန်တော်ကား မောင်ရွှေ လပ်ယားလပ်ယား လုပ်နေပုံ၊ အမြင့် သနပ်ခါး ခြေဆုံးခေါင်းဆုံးလိမ်း၍ ဘောကြော့နေပုံကို ယခုမှ အကြောင်းစုံ သိရလေသည်။

"အရင်းက သိပ်မကျပါဘူး၊ တို့က ထုတ်ပေးပါ့မယ်၊ ကွမ်းယာ၊ ဆေးပေါ့လိပ်၊ စီးကရက်၊ ဆေးပြင်းလိပ်နဲ့ မီးခြစ်ထုတ်ကလေး တင်ထားနိုင်ရင် တော်ရောပေါ့၊ နောက်တော့မှ အလုပ်အကိုင် ကောင်း ကောင်းသလို ကြည့်တင်တာပေါ့"

ကျွန်တော့တွင် ဦးကျောင်သန်းတို့က ပေးလိုက်သော စပိုရှပ်အင်္ကျီ နှစ်ထည်၊ ရှပ်အင်္ကျီ အဟောင်းနှစ်ထည် ရှိ၏။ သည်အင်္ကျီကလေးတွေကို နေ့စဉ်လျှော်ဖွပ်ကာ သပ်သပ်ရပ်ရပ် ဝတ်စားပြီး ကွမ်းယာဆိုင် ထွက်ရလေသည်။ ကွမ်းယာဆိုင်မှာ အတော်သင့် ဝင်ငွေအားကောင်းလေသည်။ အမြတ်ဆုံးကာ ကွမ်းယာပင်တည်း။ ညကိုးနာရီခွဲပွဲ အားလပ်ချိန် အပြီးထိရောင်းလျှင် တစ်နေ့ကို ကိုယ့်တွက် တစ်ဆယ် တစ်ဆယ့်ငါးကျပ်လောက် ကျန်လေသည်။ တစ်ခါတရံ ဇာတ်ကားကောင်းပြ၍ လူဝင်များလျှင် ကွမ်းယာဆိုင်ကို ဘေးက

www.burmeseclassic.com

ရောက်ချိုပြားသည် အဒေါ်ကြီးထံတွင် အပ်ကာ ဘိုင်စကုတ် လက်မှတ်ကို ဝယ်၍ မောင်ခိုဈေးတွင် ရောင်းရလျှင် ပို၍နေ့တွက်စီ၏။ ကျွန်တော်သည် ကွမ်းယာဆိုင် လက်ကျန်စာရင်းနှင့် ရောင်းရငွေကို နေ့တိုင် ကြီးကြီးသို့အပ်ပြီး ကြီးကြီးက စာရင်းဖြင့် သိမ်းပေး၏။ ဘိုင်စကုတ်လက်မှတ် မောင်ခိုရောင်း၍ ရသည့်ငွေကိုမူ ကျွန်တော့်အိတ်ထောင်ပိုက်ဆံအဖြစ် ထည့်ထားလေသည်။ သည်ငွေကလေးဖြင့် ခေါင်းလိမ်းဆီကလေး၊ လက်ကိုင်ပုဝါကလေး၊ အဝတ်အစားကလေး ဝယ်၏။

ကျွန်တော်သည် ကွမ်းယာရောင်းသည့် အလုပ်တွင် ပျော်နေလေသည်။ ကျွန်တော့်ကွမ်းယာဆိုင်မှာ အိတ်ဆယ်စီယာရုံ ရှေ့တွင်ဖြစ်လေရာ လူစုံလှပေ၏။ ကွမ်းယာဆိုင်မှထိုင်ကြည့်နေလျှင်ရှုခင်းအစုံတို့တွေ့မြင်နေရ၏။လက်မှတ်ရုံနားတွင် မယောင်မလည် ရပ်နေသော ခါးပိုက်နှိုက်၊ ဘိုင်စကုတ် ချိန်းကြည့်သော သမီးရည်းစား၊ ညကိုးနာရီခွဲပွဲ ကျပ်တန်းတွင် ဧည့်သည်လာရှာသော ပြည့်တန်ဆာ၊ ကပွဲမှ ပြန်လာသော မျက်နှာဖြူစုံတွဲ၊ အထက်တန်းလွှာမှ မိန်းမပျိုး၊ နှုတ်ခမ်းနီနီ၊ ဒေါက်မြင့်ဖိနပ် ဖြူဖြူ ခြေသလုံး ဖွေးဖွေးတို့ကို မြင်နေရ၏။

အမြင့်မောင် မောင်ရွှေကား ကျွန်တော့်ဆိုင်တွင် လာ၍ ကျက်စားတတ်လေ၏။ သူက ဘိုင်စကုတ်ရုံတွင် လာကြသော ပရိသတ်များကို ကြည့်ကာ ဝေဖန်ချက် ပေးတတ်၏။ သူတို့၏ ကိုယ်ရေးရာဇဝင်များကိုလည်း ပြောပြတတ်၏။ ဟုတ်မဟုတ်ကိုမူ ကျွန်တော် မသိပေ။

“ဟော့ ... ကျော်မောင်၊ ဟို ... ဆံထုံးမြင့်မြင့် ထုံးထားပြီး လက်ပွေ့အိတ်ကိုင်ထားတဲ့ မိန်းမ မြင်ရဲ့လား၊ အသားဖြူဖြူ၊ အရပ်မြင့်မြင့် လေကွာ၊ သူ့ယောကျ်ားက အတွင်းဝန်ကွ၊ ခုသူ ကောလိပ်ကျောင်းက ကောင်တစ်ကောင်နဲ့ ညားနေတာ၊ ဟော ... ကြည့် ... ကြည့်၊ စာအုပ်ဆိုင်ရှေ့မှာ ရပ်နေတာ သူ့ငနဲပဲ၊ ခု ကားပေါ်ကဆင်းလာတဲ့ ကောင်မက ကောလိပ်က၊ ဟိုတလောက အဆောင်မှူးကိုမတိုင်ဘဲ ညအပြင်ထွက် အိပ်တယ်ဆိုပြီး သတင်းစာထဲ ပါလာတာ သူပေါ့၊ လက်မှတ်ဝယ်နေတဲ့ ဗိုလ်ကြီးက မိန်းမရှာကြီးကွ၊ သူ့အိမ်မှာ ကောင်လေးတွေ တရုန်းရုန်းနဲ့၊ ဒီကောင်မဟာ ဒီနားကိုလာပြန်ပြီ၊ ဝင်းဝင်းချောင်က ကောင်ကလေးကွာ၊ တလောကတင် ဒီနားမှာ ပုလိပ်ဆွဲလို့ ပါသွားပြီ၊ ဒါတောင် အမှတ်မရှိသေးဘူး”

မောင်ရွှေသည် ကျွန်တော့်အား မြို့တော်ရန်ကုန်၏ ရှုခင်းကို တစ်ခုပြီးတစ်ခု လှစ်ပြနေသကဲ့သို့ ရှိ၏။ သူသည် သည်နားတစ်ဝိုက်တွင် ကျက်စားနေသူဖြစ်၍ သိဟန်တူလေသည်။ ခဏကြာလျှင် မောင်ရွှေသည် ဆူးလေဘုရားဘက်သို့ ထွက်သွားလေသည်။

ဘိုင်စကုတ်စပြ၍ လူရှင်းသွားပြီဖြစ်၏။ ကျွန်တော်သည် စီးကရက်ဘူးကုန်သဖြင့် ၂၄ လမ်းရှိ ဖောက်သည်ထံသို့ စီးကရက်ယူရန် ထွက်လာခဲ့လေသည်။ ဆိုင်ကိုကား ထုံးစံအတိုင်း ရောက်ချိုပြားရောင်းသည့် အဒေါ်ကြီးကို အပ်ခဲ့ရ၏။ ၂၄ လမ်းထိပ်တွင် ဆိုက်ကားသမားများ နှစ်ကောင်ဒိုးမြှောက်နေကြလေသည်။ နှစ်ကောင်ဒိုးမြှောက်သည် ဆိုခြင်းမှာ မျောက်ပန်းလှန်ခြင်း ဖြစ်၏။ မျောက်ပန်းလှန်သည် ဆိုသော်လည်း စည်းတား၍ ကြေးပြားကို ထွေခင်းခြင်းမဟုတ်၊ မူးစေ့နှစ်စေ့ကို ဝါးခြမ်းပြားပေါ်တင် တင်၍ ခေါင်း ပန်း လှန်ခြင်းဖြစ်၏။

www.burmeseclassic.com

ကိုယ်ကြိုက်ရာဘက်ကို လောင်းနိုင်လေသည်။

ကျွန်တော်သည် ၂၄ လမ်းထိပ်တွင် သူတို့တစ်တွေ နှစ်ကောင်ဒိုး မြှောက်သည်ကို ငေးကြည့်နေမိလေသည်။ ၂၄ လမ်းဖောက်သည်ထံသွားတိုင်း သူတို့ဝိုင်းကို အမြဲတွေ့ရ၏။ ကျွန်တော်ကလည်း တွေ့တိုင်း ရပ်ကြည့်မိလေသည်။ တစ်ခါမှတော့ မကစားဖူးသေးပါ။ တစ်ခါက ကျွန်တော်ရပ်ကြည့်နေစဉ်တွင် ဆံပင်အမောက်၊ အင်္ကျီလက်ရှည်ကို လက်မောင်းအိုးတွင်ကပ်၍ လိပ်ထားသော ကောင်လေးတစ်ယောက်နှင့် ဆိုက်ကားသမားတစ်သိုက် နှစ်ကောင်ဒိုး မြှောက်သည်ကို ရပ်ကြည့်နေမိ၏။ အမောက်နှင့်ကောင်လေးက တစ်ဖက်၊ ဆိုက်ကားသမားအုပ်က တစ်ဖက်ဖြစ်၏။ ပိုက်ဆံကိုမူ ဆိုက်ကားသမား တစ်လှည့်၊ အမောက်နှင့်ကောင်လေး တစ်လှည့် မြှောက်ရလေသည်။ သူတို့ဝိုင်းမှာ အစက တစ်မတ်ငါးမူးသာ လောင်းကြေးရှိသော်လည်း တဖြည်းဖြည်း ကြေးကြီးလာ၏။ နောက်ဆုံး ငါးကျပ်လောက်အထိ ရောက်လာလေသည်။ ကောင်လေးမှာ မြှောက်လိုက်တိုင်း ခေါင်းဆိုလျှင် ခေါင်း ကျအောင် မြှောက်နိုင်၏။ ပန်းဆိုလျှင် ပန်း ကျအောင် မြှောက်နိုင်၏။ တော်တော်သေချာသူတည်း။

နောက်ဆုံးတွင် ဆိုက်ကားသမားတစ်သိုက် ပိုက်ဆံမှာ ကောင်လေး၏အိတ်ထဲသို့ ရောက်သွားလေသည်။ ငါးဆယ်လောက်ရှိမည် ထင်ရလေသည်။

"ကဲ ... ဟေ့၊ တစ်ဆယ်လောင်းမယ်"

ဆိုက်ကားသမားတစ်ဦးက ကြေးခေါ်ပြီး လောင်းလေသည်။

"တော်ပါပြီဗျာ၊ နည်းနည်းလုပ်ပေါ့၊ သိပ်များရင် မကောင်းပါဘူး၊ ရှုံးရှုံးနိုင်နိုင် အပျင်းပြေဆို တော်ရောပေါ့"

"လုပ်ပါကွာ၊ တစ်လှည့်ထဲရယ်၊ တစ်ဆယ် တစ်ဆယ်"

အမောက်နှင့်ကောင်လေးက အတင်းငြင်း၏။ ဆိုက်ကားသမားက ဇွတ်လောင်း၏။ ဘေးက ဆိုက်ကားသမားတွေကလည်း လောင်းကြေးနည်းသည် များသည် စသည်ဖြင့် ငြင်းခုံနေကြ၏။

"ကဲပါကွာ၊ မြှောက်လိုက်ပါ"

ဘေးက ဆိုက်ကားသမားတစ်ယောက်က ဝင်ပြောလိုက်သည်။ ကောင်လေးက "ငါးကျပ်နော်" ဟု ဆို၏။ ဆိုက်ကားသမားက "တစ်ဆယ်ထပ်ပါ" ဟု ပြောသည်။

"ကဲဗျာ၊ မရဘူး၊ ငါးကျပ်ပဲ၊ ကျုပ်က ခေါင်း"

အမောက်နှင့်ကောင်လေးက မူးစေ့နှစ်စေ့ကို ဝါးခြမ်းပြားပေါ်တွင်တင်ကာ မြှောက်လိုက်သည် ပန်းကျသဖြင့် ကောင်လေးက ငါးကျပ်တန်တစ်ရွက် ထုတ်ပေးလိုက်သည်။

www.burmeseclassic.com

"အံမာ၊ ဘယ်ရမလဲ၊ တစ်ဆယ်လောင်းထားတာ"

"ဘယ်ကတစ်ဆယ်ရမှာလဲ၊ ငါးကျပ်လို့ သေသေချာချာ ပြောထားတာ"

"ဟေ့ကောင် တစ်ဆယ်ကွ"

"ငါးကျပ်လို့ ကျုပ် မပြောဘူးလား၊ ဘေးကလူတွေ မေးကြည့်၊ ဒါတောင် ကျုပ်က တော်ပါပြီပြောရက်နဲ့ ခင်ဗျားတို့ ဖွတ်လောင်းလို့ အားနာလို့ လောင်းရတာ၊ မပေးနိုင်ဘူး၊ ငါးကျပ်ပဲ"

ကောင်လေးက အိတ်ကပ်ကို လက်ဖြင့်ဖိကာ ဖရေဇာလမ်းမဘက်သို့ လှည့်ထွက်လိုက်၏။

"ဟေ့ကောင်၊ နေဦး ... နေဦး၊ မင်းဘယ်လောက်မိုက်လို့လဲကွ၊ ကဲ ... မပေးဦးကွာ"

ဆိုက်ကားဆရာသည် ဆိုက်ကားဖင်ထိုင်ခုံအောက်တွင် ထိုးထားသော တစ်ပေခန့်ရှိ သံတုတ်ကိုဆွဲယူကာ နောက်မှရိုက်ချလိုက်သည်။ ဘေးတွင်ရှိသော ဆိုက်ကားသမားများကလည်း ဝိုင်း၍ထိုးကြသည်။ ကောင်လေးသည် ပလက်ဖောင်းပေါ်သို့ လဲကျသွားလေသည်။ သွေးခေါင်းမှသွေးများသည် ပလက်ဖောင်းပေါ်တွင် ရဲနေလေသည်။ လူတွေအုံလာသောအခါ ဆိုက်ကားသမားများသည် လူအုပ်ထဲတွင် ပျောက်သွားကြလေသည်။ ၂၄ လမ်းထိပ်တွင် သည်ဝိုင်းကို သုံးရက်လောက် မတွေ့ရပေ။ နောက်တော့ ခါတိုင်းလိုပင် ဝိုင်းဖြစ်ကြ ပြန်လေသည်။ ၂၄ လမ်းဘက်ရောက်၍ ဝိုင်းတွေ့လျှင် ဝင်ကစားမည်ဟု စိတ်ကူးမိ၏။ သို့ရာတွင် ကောင်လေး အရိုက်ခံရပြီးသည်ကို မြင်ကတည်းက မကစားရဲတော့ပေ။ ရပ်ကြည့်ရုံသာ ကြည့်လေသည်။

ယခု ကျွန်တော့်ဖောက်သည်ဆီသို့ စီးကရက်ဘူး ယူရန်အလာတွင် ကစားဝိုင်းကို တွေ့ပြန်၏။ ကျွန်တော်ကလည်း ထုံးစံအတိုင်း ရပ်ကြည့်နေလေသည်။ လောင်းကြေးများသဖြင့် ဝိုင်းမှာ စည်ကားလှ၏။ ကျွန်တော်သည် ရပ်ကြည့်နေရင်း အိတ်ထဲကပိုက်ဆံများကို သွား၍စမ်းမိလေသည်။ ကျွန်တော့်အိတ်ထဲတွင် စီးကရက်ဖိုးပေးရန် ငွေခုနစ်ဆယ် ပါလာလေသည်။ ငွေကို စမ်းမိသည်နှင့် ကျွန်တော့်လက်များ ယားလာကြ၏။ ကျွန်တော်သည် ဖားကူးမှာ နေတုန်းက ရှာရိုးလျှောက်ကာ ခေါင်းပန်းလှန်ခဲ့ဖူး၏။ ဖားကူးက ပြောင်းပြီးသည့်နောက် မကစားရသည်မှာ ကြာလေပြီ။

"ကဲ ... ကျွန်တော်လည်း တစ်အိမ်မြှောက်မယ်ဗျာ"

ကျွန်တော်က အနီးရှိ ဆိုက်ကားသမား တစ်ယောက်ဘေးတွင် ဝင်ထိုင်လိုက်ရင်း ပြောလိုက်သည်။ ဆိုက်ကားသမားသည် ကိုယ်ကိုကျုံ့၍ နေရာဖယ်ပေးကာ ကျွန်တော့်အိတ်ထဲက ငါးကျပ်တန်အထပ်ကို လှမ်းကြည့်လိုက်၏။

www.burmeseclassic.com

"ကဲ … ကဲ … တစ်အိမ်ပါတယ်တဲ့"

သူက ကြေညာလိုက်သဖြင့် ကျွန်တော့်ကိုလည်း အားလုံးက ကစားအိမ်တစ်အိမ်အဖြစ် အသိအမှတ်ပြုလိုက်ကြသည်။ ခေါင်းပန်းမလှန်ရသည်မှာ ကြာပြီဖြစ်၍ စောစောပိုင်း ငါးလက်လောက် ကျွန်တော်ရှုံးရာ ငွေအစိတ်လောက် ထွက်သွားလေသည်။ ကစား၍ တော်တော်ကြာတော့မှ လက်မှန်းတည့်၍ လာလေရာ ကျွန်တော်ချည်း နိုင်၍ ကျွန်တော့်အိတ်ထဲတွင် အနိုင်ချည်းသက်သက် ငါးဆယ်လောက် ပိုက်မိနေလေသည်။

"ဟော့ကောင် … မင်းအိမ်သေနေတယ်၊ ဖယ်စမ်း၊ ငါဝင်မြှောက်မယ်"

ဆိုက်ကားသမားတစ်ယောက်က ကျွန်တော့်ဘေးရှိ သူ့လူကိုဖယ်ပြီး ဝင်ထိုင်လိုက်သည်။ လောင်းကြေးကိုလည်း ထပ်၍တိုးလိုက်သည်။ သူ့လက်မှာ ကျွန်တော့်ထက် သာလေသည်။ မြှောက်တိုင်း ခေါင်းကျ၏။ ကျွန်တော်နိုင်သည့် ငွေကလေးများ ပြန်၍ပါကုန်လေသည်။ ကျွန်တော်ကား နိုင်ပြီးသား ပြန်ရှုံးသည်ကို ဒေါ်ပွကာ မဲ၍လိုက်လေသည်။ ခါတိုင်းဆိုလျှင် ကျွန်တော့်လက်မှာ ဆယ်ခါတစ်ခါ လွဲခဲလှသည်။ ယခုမူ ကျွန်တော်မြှောက်တိုင်း ရှုံးနေလေသည်။ ဆိုက်ကားဆရာ၏ လက်မှာလည်း သေချာလွန်းလှ၏။ စ၍ဝင်ကစားသည့် အချိန်မှစ၍ တစ်လက်မှ မချော်သေးပေ။

နောက်ဆုံးတွင် ကျွန်တော့်လက်ထဲတွင် ငါးကျပ်တန် နှစ်ရွက်သာ ကျန်လေသည်။

"ကိုင်း … တစ်ဆယ်ထပ်ဗျာ၊ ဒါအကုန်ပဲ၊ ပြီးလည်းပြီးတာပေါ့၊ ပန်း ပန်း"

ကျွန်တော်က ငါးကျပ်တန်နှစ်ရွက်ကို ထုတ်၍ခေါ်လိုက်သည်။ သူကလည်း လက်ခံလိုက်သည်။ သူမြှောက်သည့် အလှည့်ကျ၍ မြှောက်ရလေသည်။ သူ့လက်သည် ဝါးခြမ်းပြားကို ညာဘက်လက်မ၊ လက်ညှိုးဖြင့် ညှပ်ကိုင်လိုက်ပြီး ကျန်လက်သုံးချောင်းကို လက်ဖဝါးထဲတွင် ဆုပ်ထားလိုက်သည်။ ဘယ်ဘက်လက်ဖြင့် မူးစေ့နှစ်စေ့ကို ဝါးခြမ်းပြားပေါ်သို့ တင်လိုက်၏။ မူးစေ့နှစ်စေ့လုံးမှာ အသိအမှတ် ပြုထားသော စံဒိုးများဖြစ်၏။ သည်ဒိုးများဖြင့်ပင် ကျွန်တော် တစ်ချိန်လုံး ကစားလာခဲ့ခြင်း ဖြစ်၏။

"ကဲ … မြှောက်မယ်"

ဆိုက်ကားဆရာက သူ့ညာဘက်လက်ကိုမ၍ မြှောက်လိုက်ချိန်တွင် လက်ဖဝါးထဲတွင် ဆုပ်ထားသည့် လက်သုံးချောင်းကြားမှ မူးစေ့ကို အန်ချကာ ဝါးခြားပြားပေါ်တွင် တင်ထားသည့် မူးစေ့တစ်စေ့ကို ဖျတ်ခနဲ ဖမ်း၍ လက်သုံးချောင်းထဲတွင် ကုပ်ထားလိုက်၏။ သည်အခါကျတော့မှ ကျွန်တော်သည် လိမ်ကစားမှန်း သိလေတော့သည်။ အမှန်ကတော့ လက်သုံးချောင်းကြားတွင် နှစ်ဖက်စလုံး ခေါင်းချည်းဖြစ်နေသော မူးစေ့ကို ညှပ်ထားပြီး ဝါးခြမ်းပြားပေါ်က မူးစေ့တစ်စေ့နှင့် လဲယူလိုက်ခြင်း ဖြစ်၏။ သူလုပ်ပုံမှာ လျင်မြန်ဖျတ်လတ်ရုံမျှမက ကျင်လည်လွန်းလှသဖြင့် တစ်ချိန်လုံး ကျွန်တော် မရိပ်မိခဲ့ဘဲ နောက်ဆုံးပွဲမှ

www.burmeseclassic.com

ရိတ်မိခြင်း ဖြစ်လေသည်။ သူသည် ငါးကျပ်တန်းနှစ်ရွက်ကို ကောက်ယူကာ အိတ်ထဲသို့ ထည့်လိုက်လေသည်။ ကျွန်တော်ကား ရှက်လည်းရှက်၏။ ဒေါလည်းပွ၏။ မသိဘဲနေလျှင် အရေးမကြီး၊ သိလျက်နှင့် ခံလိုက်ရသဖြင့် ပို၍ ဒေါသထွက်လေသည်။ သို့ရာတွင် သူတို့မှာ လူအုပ်နှင့်ဖြစ်၍ ကျွန်တော်က တစ်ယောက်တည်း ဖြစ်လေရာ ကျွန်တော်သည် ဘာမျှမပြောဘဲ "တော်ပြီဗျာ" ဟု ဆိုကာ ထလိုက်သည်။ သူတို့က ကျွန်တော့အရိပ်အကဲကို ကြည့်နေလေသည်။

ကျွန်တော်သည် မကျေမနပ်နှင့် ကျုံးကြီးလမ်းဘက်သို့ ပြန်ထွက်လာခဲ့သည်။ မကျေနပ်သော်လည်း ဘာမျှမလုပ်ရဲ၊ သူတို့မှာ အသိုက်အဝန်းနှင့် နေကြသူများဖြစ်ပြီး ကျွန်တော့်လို မနူးမနပ်ကောင်လေးတွေ အပေါ်တွင် အညွန့်ခူး စားနေကြသူများ ဖြစ်၏။ ကျွန်တော်က မကျေနပ်၍ ကလန်ကဆန်လုပ်လျှင် အမောက်နှင့်ကောင်လေးကို ဗိုင်းရိုက်သလို ရိုက်လွှတ်လိုက်ကြမည်သာ ဖြစ်၏။

ကျွန်တော့်အိတ်ထဲတွင် ပိုက်ဆံတစ်ပြားမှ မရှိတော့ပေ။ ဖောက်သည်ထံတွင် စီးကရက်ဝယ်ရန်အတွက် ပါလာသည့်ငွေ ခုနစ်ဆယ်ကျော်လည်း မရှိတော့ပေ။ စီးကရက် ဖောက်သည်ထံမှတစ်ဆင့် ငွေချေ၍ ပစ္စည်းယူရ၏။ ငွေမချေနိုင်လျှင် ပစ္စည်းမရတော့ဘဲ ဆိုင်ပေါ်တွင် ဘာမျှတင်ထားနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ကျွန်တော်သည် ၂၄ လမ်းထဲကို ဒါလဟိုဇီဘက်မှ ပြန်ဝင်ကာ ဖောက်သည်ထံ အရဲစွန့်၍ အကြွေးခံရသည်။ ကျွန်တော့်ဖောက်သည်က အလွယ်တကူဖြင့် စီးကရက်သံဘူး ငါးဘူးနှင့် ဆယ်လိပ်ဝင်ဘူး နှစ်ဒါဇင် ပေးလိုက်သဖြင့် တော်ပေသေး၏။ သို့တိုင်အောင် သည်ကြွေးကို ကျွန်တော် ဘယ်လိုဆပ်ရမည် မသိသေး။ အိမ်ပြန်လျှင် ငွေကို ဘယ်လိုရှာ၍ အပ်ရမည် မသိသေးပေ။

ကျွန်တော်သည် စီးကရက်ဘူးများကို ဆိုင်တွင်ထားခဲ့ပြီး အိမ်သို့ပြန်လာခဲ့သည်။ မေမေမှာ နောက်ဖေး မီးဖိုချောင်ထဲတွင် ထမင်းချက်နေ၏။ ကြီးကြီးတို့လင်မယားမှာလည်း ဈေးထွက်နေကြသဖြင့် အိမ်တွင် လူရှင်းနေပေ၏။ ကျွန်တော်သည် ကြီးကြီး၏ ဗီရိုနားတွင်ရပ်၍ တံခါးကို ဆွဲဖွင့်လိုက်သည်။ အခန့်သင့်ပင် သော့မခတ်ဘဲထားသည်ကို တွေ့ရပေ၏။ ဗီရိုထဲတွင် မွှေနှောက်ရှာကြည့်သောအခါ အဖိုးတန် လက်ဝတ်လက်စားဆို၍ ဘာမျှမတွေ့ရ၊ ကြီးကြီး၏ ဇန်ကောက်လုံချည်၊ ဇင်းမယ်လုံချည်၊ အင်းလုံချည် စသည့် ပိုးလုံချည် တစ်ဒါဇင်ကျော်ခန့်ကို တွေ့ရသည်။ ကျွန်တော်သည် အကောင်းဆုံး အသစ်ဆုံး ပိုးလုံချည်ငါးထည်ကို ကောက်ယူပြီး ဖရေဇာလမ်းအပေါင်ဆိုင်သို့ သွား၍ပေါင်လိုက်သည်။ စုစုပေါင်း ခြောက်ဆယ်ကျော်လောက်သာ ရလေသည်။ အပေါင်လက်မှတ်ကို ကျွန်တော့် အိပ်ရာခေါင်းရင်း ကြွက်လျှောက်ပေါ်တွင် ညှပ်ထားလိုက်သည်။ သည်လောက်ရလျှင် ညဘက်အိမ်ပြန်လျှင် စာရင်းပြ၍ ငွေအပ်နိုင်ပေပြီ။

ညကျတော့ ခပ်တည်တည်ပင် ကြီးကြီးကို စာရင်းနှင့်ငွေပါ အပ်လိုက်၏။ ကြီးကြီးက ကျွန်တော် တိတိကျကျ ရှိပုံကို သဘောကျကာ

"ကိုင်း ... ကိုင်း ... မင်း စာရင်းလေးဘာလေးလည်း တွက်တတ်ပြီ မဟုတ်လား၊ နောက်ကျရင် စာရင်းကော၊ ငွေကော၊ မင်းဘာသာမင်းပဲကိုင်၊ မင်းပိုက်ဆံ မင်း

www.burmeseclassic.com

သပ်သပ်သိမ်းထား၊ တစ်လကုန်တော့မှ တစ်ခါရှင်းမယ်၊ စုပြီးသား ငွေတွေကိုတော့ ငါပဲလက်စနဲ့ သိမ်းပေးထားမယ်”

ကျွန်တော်ကား ထီပေါက်သကဲ့သို့ ဝမ်းသာသွားလေသည်။ အမှန်ကတော့ ကက်စတန်ဘူးဆယ်လိပ်ဝင်ဘူး၇ဘူး၊ဆွဲအတ်(ဖ်)တန်အလိပ်ရေရှစ်ဆယ့်သုံးလိပ်၊ ဂဠုန်နဂါးဆေးပြင်းလိပ်လေးဆယ်၊ကွမ်းယာတစ်ရာနှစ်ဆယ့်လေးရာ၊မီးခြစ်နှစ်ထုပ် ...စသည်ဖြင့်ရောင်းရသည့်စာရင်းအင်းများကိုငွေနှင့်အံကိုက်အောင်နေ့စဉ်နှင့်အမျှ ရှင်းလင်းရသည်မှာ ကျွန်တော့်အဖို့ လွယ်ကူသည့်အလုပ် မဟုတ်ပေ။ သံဘူးထဲမှ တစ်လိပ်စ၊ နှစ်လိပ်စ တည်လိုက်ရသည်ကို မေ့လျော့ပြီး စာရင်းထဲမထည့်ပြန်လျှင် ရောင်းရငွေနှင့်ကွာကာ လုံးချာလိုက် နေတတ်ပေသေးသည်။ ယခုမူ တစ်လတစ်ခါမှ ရှင်းရမည်ဆိုသဖြင့် ကျွန်တော့်အဖို့ နိစ္စဓူဝလုပ်နေရသည့် တာဝန်ကြီးတစ်ရပ် ကျသွားပြီဖြစ်၍ တော်တော် သက်သာသွားပေသည်။

ကျွန်တော့်မှာ နေ့စဉ် စာရင်းမရှင်းရတော့သဖြင့် ရောင်းရသည့်ငွေထဲက အလွယ်တကူ နိုက်သုံးနေလေသည်။ ဖောက်သည်ကလည်း ကျွန်တော့်ကို ယုံကြည်စိတ်ချနေပြီဖြစ်၍ အကြွေးဆိုလို့ အမြဲပင်ရပြီး နောက်ကျမှ ငွေချေရလေသည်။ ကျွန်တော့်ဆိုင်မှာလည်း မောင်ရွှေနှင့် ပတ်သက်ပြီး လူစုံကာ စည်စည်ကားကား ရှိနေတတ်၏။ မောင်ရွှေခေါ်လာသဖြင့် မောင်လှ၊ စူလတန်၊ ကိုစိန်ကြီး စသည့် မိတ်ဆွေတွေလည်း တိုးလာ၏။ သူတို့မှာ ဆိပ်ကမ်းသာလမ်းတွင် ကျက်စားကြလေသည်။ ကျွန်တော်သည် သူတို့နှင့်အတူ ဆိပ်ကမ်းသာလမ်းရှိ မျောက်ပန်းဝိုင်းကို မကြာခဏ ရောက်လေသည်။ ဆိုင်မှငွေနှင့် မျောက်ပန်းလှန်၏။ ရှုံးလျှင် ဖောက်သည်ထံကို ကြွေးယူ၏။ ကြွေးပေးချန်ကျလျှင် ကြီးကြီးဗီရိုထဲမှ လုံချည်ကို ယူပေါင်၏။ သည်လိုနှင့် ကျွန်တော်သည် မျောက်ပန်းဝိုင်းတွင် ကျင်လည်နေလေသည်။

မိုးတွင်းဖြစ်သော်လည်း နေပွင့်၍ ကောင်းကင်မှာ ကြည်လင်နေပေသည်။ စောစောက မိုးရွာပြီး၍ ဘိုင်စကုတ်ရုံရှေ့ ကတ္တရာလမ်းပေါ်တွင် ရေတွေအိုင်နေ၏။ မော်တော်ကားမှ ယိုကျသည့် စက်ဆီ ဓာတ်ဆီတွေကြောင့် ရေအိုင်များထဲတွင် သက်တန့်ပေါ်သလို အရောင်မျိုးစုံ ထွက်နေလေသည်။

ကျွန်တော်သည် မျောက်ပန်းရှုံးသဖြင့် ဆိပ်ကမ်းသာလမ်းမှ ပြန်လာခဲ့သည်။ ထမင်းဆာလာသဖြင့် ဆိုင်သို့မသွားသေးဘဲ အိမ်သို့ပြန်လာခဲ့သည်။ ယနေ့ ဖောက်သည်ကို ပိုက်ဆံပေးရမည်။ သို့ရာတွင် ကျွန်တော့်မှာ တစ်ပြားမှ မရှိတော့ပေ။ ထို့ကြောင့် ကျွန်တော်သည် အပေါ်ထပ်သို့ မတက်သေးဘဲ အောက်ထပ် မောင်ရွှေတို့ အခန်းရှေ့တွင် ရပ်လိုက်သည်။ မောင်ရွှေတို့အခန်းရှေ့တွင် ခန့်ညားပြောင်လက်သည့် ကားကြီးတစ်စီး ရပ်ထားသည်ကို မြင်ရ၏။ ကျွန်တော်သည် ကားကြီးဘေး လှေကားထစ်တွင် ရပ်လိုက်သောအခါ ခန်းဆီးကွယ်ထားသော အတွင်းဘက်ခန်းတွင် ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်ကို နှစ်ယောက်ထိုင်ဆိုဖာပေါ်တွင် မြင်ရ၏။ ယောကျ်ားမှာ နှုတ်ခမ်းမွှေး မုတ်ဆိတ်မွေးတွေ ဗရပျစ်နှင့် ကုလားကြီးဖြစ်၍ မိန်းမမှာ မောင်ရွှေ့အစ်မ အမြင့် ဖြစ်လေသည်။ အမြင့်သည် ခြေများကို ဆန့်တန်းကာ ဆိုဖာလက်တင်ပေါ်တွင် ခြေထောက်များကို တင်ထားပြီး ကုလားကြီးရင်ခွင်ထဲတွင်

www.burmeseclassic.com

လှဲနေလေသည်။ ကုလားကြီးက အမြင့်၏ကျောကို သိုင်းဖက်ကာ ပွေ့ထားလေသည်။ ဆိုဖာလက်တန်းပေါ်တွင် တင်ထားသော အမြင့်၏ထဘီမှာ လျှောကျကာ ခြေသလုံးများ အဖွေးသားပေါ်နေလေသည်။ ကုလားကြီးက အမြင့်ကို ပွေ့ရာမှ ချထားလိုက် ဆိုဖာဘေးတွင် ဒူးထောက် ထိုင်ချလိုက်ကာ အဖွေးသားပေါ်နေသော ခြေသလုံးများကို ငုံ့၍နမ်းနေလေသည်။ အမြင့်၏ ညူသံ၊ ခရာသံ၊ တွတ်တီးတွတ်တာပြောသံနှင့် ကုလားကြီး၏ ရယ်သံကို ကြားရလေ၏။

ကျွန်တော်သည် ကြည့်ကောင်းကောင်းနှင့် ခဏမျှ ရပ်ကြည့်နေပြီး အပေါ်ထပ်သို့ တက်လာခဲ့လေသည်။ ကုလားကြီးမှာ အမြင့်ယောက်ျား အာဒါးဘိုင် ဖြစ်မည်ထင်ရပေသည်။ အပေါ်ထပ်သို့ ရောက်သောအခါ နေမကောင်းသဖြင့် ဈေးမထွက်ဘဲ အိမ်ရှေ့တွင် လှဲနေသော ကြီးကြီးကို တွေ့ရ၏။ မေမေကား ကလေးနှင့် ဆော့နေလေသည်။

"ဟဲ့ ... ကောင်လေး၊ ထမင်းစား ပြန်လာတာ စောလှချည်လား"

ကြီးကြီးက ကျွန်တော့်ကို ဆီး၍ မေးလေသည်။

"ဆာတာနဲ့ မိုးတိတ်တုန်း ထွက်လာတာ"

ကျွန်တော်က ပြန်ဖြေပြီး မီးဖိုဘက်သို့ လှည့်ထွက်လိုက်သည်။

"ဩော် ... အခုမှ သတိရတယ် လေးရှင်ရေ၊ နေပွင့်တုန်း ဗီရိုထဲက ငါ့လုံချည်တွေထုတ်ပြီး နေပြလိုက်စမ်းပါ"

ကြီးကြီးက မေမေ့ကို လှမ်းပြောလိုက်၏။ ကျွန်တော်သည် ထတ်ခနဲ ဖြစ်သွားလေသည်။ မေမေက ကြီးကြီးဗီရိုကိုဖွင့်ကာ လုံချည်များကို အိမ်ရှေ့ ဝရံတာ တမံတလင်းတွင် ဖျာခင်း၍ ဖြန့်ထား၏။

"ဟဲ့ ... လုံချည်တွေက ဒါပဲလား"

"အကုန်ပဲ မမ"

"ပြစမ်း ... ပြစမ်း"

ကြီးကြီးသည် နေရာမှထလာကာ သူ့လုံချည်များကို ကြည့်နေသည်။

"ဟင် ... ဗန်ကောက်လုံချည်တွေ၊ ဇင်းမယ်လုံချည်တွေ မရှိတော့ပါလား"

ကြီးကြီးသည် ဗီရိုကိုဖွင့်ကာ လှန်လှောရှာနေသည်။

"ကျွန်မတော့ ဒါပဲတွေ့တာပဲ"

www.burmeseclassic.com

"ဗီရိုထဲမှာ ထည့်ထားတာပဲ ဘယ်ရောက်မလဲ၊ အိမ်မှာလည်း လူစိမ်းသူစိမ်း ရှိတာမဟုတ်ဘဲ၊ အိမ်မှာ ညည်းပဲကျန်နေရစ်ခဲ့တာပဲ၊ ကောင်လေးကလည်း တစ်နေ့လုံး ဆိုင်ထွက်နေတာ"

ကြီးကြီးက မေမေ့ကို မသင်္ကာဟန်ရှိ၏။ မေမေကမူ ကျွန်တော့်လက်ချက်ဟု ထင်ကောင်းထင်ပေမည်။ ကျွန်တော့်မှာလည်း ကစားပိုင်းရှုံးနေသဖြင့် မရွေးဖြစ်ခဲ့ပေ။ ကြီးကြီးသည် မနက်စာလည်း မစား၊ မေမေ့ကိုလည်း စကားမပြောတော့ပေ။ မေမေလည်း မျက်နှာမကောင်းပေ။

"ဟဲ့ ... ကျော်မောင်၊ နင့်လက်ချက် မဟုတ်လား၊ ဟိုမှာ နင့်ကြီးကြီး လုံချည်တွေပျောက်လို့ ငါတော့ သေမှာအေးမှာပါ၊ သေတာပဲ ကောင်းပါတယ်"

မေမေသည် ကျွန်တော် ထမင်းစားနေရာသို့ လိုက်လာကာ တိုးတိုးတိတ်တိတ် ကျိတ်၍မေး၏။ ကျွန်တော်က ဘူးခံ၍ ငြင်းလိုက်သည်။

"နင်ဟာ မအေကို တော်တော် ဒုက္ခပေးတယ်၊ နင်မယူလို့ ဘယ်သူယူမှာလဲ၊ ခုတော့ ငါခိုးတဲ့အဖြစ်ကို ရောက်နေပြီ"

ကျွန်တော်သည် ကျွန်တော့်အတွက် မေမေ အထင်လွဲခံရသောအခါ ဝမ်းနည်းလာလေသည်။ မေမေ စိတ်သောက ရောက်ရသည်ကိုလည်း စိတ်မကောင်း ဖြစ်လာလေသည်။

"ယူရင်လည်း ယူတယ်ပြောပါဟယ်၊ ဒါမှ သံသယရှင်းသွားအောင်၊ နို့မို့ရင် မေမေ အနေရအထိုင်ရ ခက်နေလိမ့်မယ်၊ နင် မိုက်တယ် ကျော်မောင်၊ နင် သိပ်မိုက်တယ်"

မေမေသည် ကျွန်တော့်ကိုကြည့်ပြီး မျက်ရည်တွေ ကျလာပေသည်။ မေမေ မျက်ရည်ကျသောအခါတွင် ကျွန်တော် မနေနိုင်တော့ပေ။ မေမေ့မျက်ရည်သည် ကျွန်တော့်ကို ရင်နာစေ၏။

"ဟုတ်တယ် မေမေ၊ ကျွန်တော်ယူပြီး ပေါင်ထားတယ်"

ကျွန်တော်သည် ဖွင့်ဟဝန်ခံလိုက်သဖြင့် တစ်အိမ်လုံး အဖြစ်မှန်ကို သိသွားကြသည်။ ကြီးကြီးကမူ မေမေ စိတ်မကောင်းမဖြစ်စေရန် "ဟယ် ... ကလေးဆိုတာ ဒီလိုပေါ့၊ ငွေ့ါဘာသာငါပဲ ရွေးပါ့မယ်၊ ပေး ... ပေး ... လက်မှတ်ကော" ဟုဆိုကာ အပေါင်လက်မှတ် တောင်း၏။

ကျွန်တော်သည် ကြွက်လျှောက်ပေါ်၌ တင်ထားသော အပေါင်လက်မှတ်ကို သွားယူလိုက်သည်။ အပေါင်လက်မှတ်မှာ ကြွက်ကိုက်ထားသဖြင့် စုတ်ပြန်ကြေမွနေလေပြီ။ သို့ရာတွင် လက်မှတ်နံပါတ်ပါသည့် စက္ကူစကလေးမှာ အကောင်းပကတိ ကျန်နေသေးသဖြင့် ပြန်ရွေးရာ အလွယ်တကူပင် ရပေမည်။

ကျွန်တော်ကား ကိုယ့်လိပ်ပြာ ကိုယ် ရှက်မိလေသည်။ ကြီးကြီးမှာ ကျွန်တော့်

www.burmeseclassic.com

သားအမိ၏ ကျေးဇူးရှင် ဖြစ်၏။

ကျွန်တော့်ကို လူလူသူသူ ဖြစ်စေရန် ငွေရောလူပါ ကရိကထခံ၍ ဆိုင်ဖွင့်ပေးထားသူ ဖြစ်၏။ ကျေးဇူးရှင်ကို ကျေးစွပ်သော ကျွန်တော့်ကိုယ်ကိုလည်း အပြစ်တင်မိ၏။ ကြီးကြီးတို့ကို မျက်နှာမပြရဲတော့ပေ။ ကျွန်တော့်ဘဝကား လေလွင့်စပြုသည့်ဘဝတွင် ကြီးကြီးတို့၏ တည်တည်ငြိမ်ငြိမ် ပတ်ဝန်းကျင်တွင် နေရသည်မှာလည်း ကြပ်တည်းကျဉ်းမြောင်းလှသည်ဟု ထင်၏။ မျောချင်ရာမျောစေတော့ဟု ရွက်လွှင့်သွားသည်က ကောင်းမည်ထင်ပေသည်။

"ဟဲ့ ... ဆိုင်ကိုသွားတာ စောလှချည်လား"

မေမေက ကျွန်တော့်ညီနှင့် ဆော့နေရာမှ လှေကားဝတွင် ရပ်လိုက်သော ကျွန်တော့်ကို ပြောလိုက်သည်။ ကျွန်တော်သည် အပြစ်ကင်းစင်သော ညီငယ်နှင့် မေမေ၏ကြည်အေးသော မျက်နှာကို လှမ်းကြည့်မိသည်။ သူတို့ မျက်နှာကိုမြင်ရသည်မှာ ရင်ထဲတွင် အေးသွားပေသည်။

"ဟုတ်တယ်၊ မေမေ သိပ်ကြာကြာနေလို့ မဖြစ်ဘူး၊ ဆိုင်နားက အဒေါ်ကြီးလည်း ထမင်းစား ပြန်လိမ့်မယ်"

ကျွန်တော်သည် သည်မျှသာပြောပြီး အောက်ဘက်သို့ ဆင်းလာခဲ့၏။ ပြီးတော့ မေမေနှင့် ညီလေးတို့ မျက်နှာကိုလည်း ကြည့်လိုက်မိသည်။ ကျွန်တော့်အဖို့ နောက်ဆုံးတွေ့ခြင်း ဖြစ်ကောင်းဖြစ်ပေမည်။ သူတို့ကို ကြည့်ပြီးသည်နှင့် လှေကားထစ်များကို ဆင်းကာ လမ်းမပေါ်တွင် လျှောက်လာခဲ့ပေသည်။ လမ်းမပေါ်တွင်ကား လွတ်လပ်၏။ လေကို ရှူရှိုက်ရသည်ပင်လျှင် လန်းဆန်းသည်ဟု ထင်ရပေသည်။

ဘဝတစ်ကွေ့ဝယ် ကျွန်တော်သည် မြူမှုန်ကလေးလို ကြွေလွင့်သွားပြန်ပေပြီ။

*

(၉)

ကျွန်တော်သည် ဘယ်ကိုသွားရမှန်း မသိပေ။ လောကသည် ကျယ်လွန်းလှချေသည်တကား။

သို့ဖြင့် အစီအစဉ်မရှိဘဲ ဆိပ်ကမ်းသာလမ်းဘက်သို့ လျှောက်လာခဲ့လေသည်။ လမ်းထောင့်တွင် စူလတန်၊ မောင်လှနှင့် ဆိုက်ကားသမားများ မျောက်ပန်းလှန်နေကြလေ၏။ ကိုစိန်ကြီးမှာ အနားရှိ ဆိုက်ကားတစ်စီးပေါ်တွင် အိပ်ပျော်နေလေသည်။

"ဟေ့ ... ကျော်မောင်၊ လာဟေ့ ... တစ်အိမ်"



www.burmeseclassic.com

မောင်လှက လှမ်းခေါ်၏။ ကျွန်တော်က ခေါင်းကိုရမ်းပြရင်း ထိုင်ကြည့်နေသည်။ ကစားချင်စိတ်လည်း မရှိ၊ ကစားရန်လည်း ပိုက်ဆံမရှိပေ။ ကျွန်တော့်အိတ်ထဲတွင် ပိုက်ဆံတစ်ပြားမှ မရှိဘဲ ဘယ်မှာနေ၍ ဘယ်မှာစားရမည်ကို ကျွန်တော် မသိပေ။

ကျွန်တော်သည် အဝေးသို့ငေးရင်း အနာဂတ်ကို တွေးမိပေသည်။ ဗိုလ်ချုပ်လမ်းမပေါ်တွင် ကားများသည် ဥဒဟို ဖြတ်သွားနေကြ၏။ ဆိပ်ကမ်းသာလမ်းဘေး တဲအိမ်များမှ ကလေးငိုသံ ဆူသံဆဲသံတို့ကို ကြားရ၏။ သုဓမ္မဝတီ ပုံနှိပ်တိုက်မှ ပုံနှိပ်စက်များသည် တဝုန်းဝုန်း မြည်နေကြပေသည်။ အားလုံးသည် ရပ်တန့်ခြင်းမရှိ၊ လှုပ်ရှားနေကြချေသည်တကား။

"ဟေ့ကောင် ... လာလေကွယ်၊ ဝိုင်းပြီးသွားပြီ၊ မင်းဆိုင်ဘက် လျှောက်ရအောင်"

မောင်လှက လှမ်းခေါ်လိုက်ပြီး ဆိုက်ကားပေါ်တွင် အိပ်ပျော်နေသည့် ကိုစိန်ကြီးကို နှိုးလေသည်။

"ဆိုင်မရှိတော့ဘူးကွ"

"ဟေ ... ဟုတ်လား။ ဘာဖြစ်လို့လဲ"

မောင်လှက အနားလာထိုင်ရင်း မေးလိုက်၏။

"ဘယ်သွားရမယ်မသိဘူး။ ဘယ်နေရမှန်းလဲ မသိဘူး"

"အိုကွာ ... ပူမနေပါနဲ့၊ ခုလောလောဆယ်တော့ ငါ့အိမ်မှာနေပေါ့၊ နောက်ကျတော့ ကြည့်ရှင်းသေးတာပေါ့၊ ဘာမှမပူနဲ့ သူငယ်ချင်း"

မောင်လှက ကျွန်တော့်ကို သူ့အိမ်သို့ ခေါ်သွားလေသည်။ သူ့အိမ်မှာ ဆိပ်ကမ်းသာလမ်းဘေး တဲစုထဲမှာ ဖြစ်ပေသည်။ ကျွန်တော်သည် မောင်လှအိမ်မှာပင် လိုက်နေလေသည်။ မောင်လှအိမ်မှာ ရှေ့ဆယ်ပေ၊ နောက်ပေနှစ်ဆယ်လောက်ရှိသော တဲဖြစ်၏။ ကျွန်တော်က အိမ်ရှေ့ခန်းတွင် အိပ်၍ သူတို့လင်မယားက နောက်ဖေးခန်းတွင် အိပ်လေသည်။ ကျွန်တော့်ကို မောင်လှကပင် ထမင်းကျွေးလေသည်။ မောင်လှတို့လင်မယားမှာ ကျွန်တော့်အပေါ်တွင် ကောင်းကြပါ၏။ သူတို့လင်မယားမှာ ကျွန်တော့်ကို မငြူမစူထားပါ၏။ သို့ရာတွင် ကျွန်တော်က သူတို့ကျွေးသမျှကို ထိုင်စားနေ၍ ဖြစ်သည်မဟုတ်။ ထို့ပြင် ကျွန်တော်သုံးစွဲဖို့ ငွေကလေးကလည်း လိုလေသေး၏။

"စိတ်ညစ်တယ်ဗျာ၊ မောင်လှတို့လင်မယားလည်း အားနာလှပြီ၊ ပိုက်ဆံဆိုလို့လည်း မှုးလို့တောင် ရှူစရာ မရှိဘူး"

ကျွန်တော်က ကိုစိန်ကြီးရှေ့တွင် ထုတ်၍ ညည်းညူလိုက်သည်။ ကိုစိန်ကြီးက ကျွန်တော့်ကိုကြည့်၍ ဟက်ဟက်ပက်ပက် ရယ်မောကာ ...

www.burmeseclassic.com

"ဟော့ ... လူထွင်းတဲ့ခံတွင်းပါကွ၊ လောကမှာ လူမသေ ငွေမရှားတဲ့၊ ငွေဆိုတာ ရှာရင် ဘယ်မှာမဆို ရနိုင်တယ်၊ မင်းမျက်စိထဲ မြင်မြင်သမျှ အရာတွေဟာ ငွေတွေချည်းပဲ၊ ကြည့်စမ်း၊ ဟိုမှာ မြင်ရဲ့လား"

ကိုစိန်ကြီးက ကျွန်တော့်ပခုံးကိုပုတ်ကာ သုဓမ္မဝတီတိုက်ဘေးတွင် ချိတ်ထားသော ကြွေရည်သုတ် မီးလုံးအဖြူကြီးကို လက်ညှိုးထိုး၍ ပြလိုက်သည်။ ကျွန်တော်က သူ ဘာဆိုလိုမှန်း မသိဘဲ ကြောင်နေလေသည်။

"ဘာလဲဗျ"

ကိုစိန်ကြီးသည် ကျွန်တော့်ကို သဘောကျကာ အားရပါးရ ရယ်နေလေသည်။

"အဲဒါ ... ငွေပေါ့ကွ၊ ဒီမီးလုံးမျိုးတွေ ရန်ကုန်တစ်မြို့လုံးမှာ ပြည့်နေတာပဲ၊ ဘယ်နှစ်လုံးယူမလဲ၊ အဲဒါတွေကို လိုက်ဖြုတ်၊ ပြီးတော့ ရောင်းစား"

"ဟာဗျာ၊ ဘယ်ရောင်းရမှန်းမသိ၊ ဘာမသိနဲ့"

"ဟ ... ကောင်ရ ရောင်းတာ ငါ့တာဝန်ထားပါ၊ ငါ့အဆက်တွေ ရှိပါတယ်၊ ဓာတ်မီးဆိုင်တော်၊ သွားရောင်းလည်း ရတာပဲ၊ ရှာရပတ် ကုလားတွေကဆို ဒီလို မီးလုံးကြီးကြီး လိုချင်လွန်းလို့"

"ဘာလုပ်ဖို့လဲ"

"ရှာလပတ်အိုးလုပ်လို့ သိပ်လှသွားတာပေါ့ကွ။ အထဲမှာ အနီရေထည့်ပြီး ဆိုင်ပေါ်တင်ထားလိုက်ရင် စမတ်ကိုကျနေတာပဲ"

ကျွန်တော်ကား သည်တော့မှ ကိုစိန်ကြီးတို့ မောင်လှတို့ အခြေအနေကို ရိပ်မိလေသည်။ စောစောကတော့ ကျွန်တော်သည် သူတို့ကို ဆိုက်ကားသမားတွေဟု ထင်၏။ ယခုမှ သည်လိုစားနေကြသည်ကို သိလေသည်။ သည်လိုကြေးသာဆိုရင် စိန်လိုက် ကျွန်တော့်လက်ထဲတွင် ငွေသီးနေပေမည်။

ညတွင် ကိုစိန်ကြီးက ကျွန်တော့်ကို ကန်တော်ကြီးဘက် ကျိုက္ကစံလမ်းထိပ်သို့ ခေါ်ဆောင်သွားလေသည်။ ကျိုက္ကစံလမ်းထိပ်သို့ ရောက်သည်နှင့် ရပ်လိုက်ကာ "ဟောဟို ဓာတ်ဆီဆိုင် မြင်ရဲ့လား။ အဲဒီ ဓာတ်ဆီဆိုင်ရှေ့က မီးလုံးတက်ဖြုတ်ခဲ့ပေတော့။ ငါဒီက အရိပ်အခြေ ကြည့်နေမယ်။ ထူးခြားရင် သီချင်းအော်ဆိုလိုက်မယ်" ဟု တွန်းလွှတ်လိုက်သည်။

ကျိုက္ကစံလမ်းထိပ်မှာ လူရှင်းနေလေသည်။ တစ်ခါတရံ ကန်တော်ကြီးဘက်မှ ကားဖြတ်မောင်း သွားသံကိုသာ ကြားရ၏။ ဓာတ်ဆီဆိုင်နားတစ်ဝိုက်တွင်လည်း ရှင်းနေလေသည်။ ကျွန်တော်ကား ပထမဆုံး အတွေ့အကြုံမို့ ကြောက်ဒူးတုန်ကာ ချွေးတွေပြန်လာလေသည်။ ခဏကြာတော့မှ အားတင်းကာ ဓာတ်ဆီဆိုင်ဘေး

www.burmeseclassic.com

မှောင်ရိပ်သို့ ကပ်လိုက်သည်။ အဆင်သင့်ပင် မာလီကုလား ခြံစည်းရိုးဖြတ်သည့် သစ်သားခုံမြင့်ကြီးတစ်လုံးကို တွေ့၍ ဆင်ဝင်မီးလုံးအောက် ရွှေ့လာကာ တက်ဖြုတ်ပြီး ယူလာခဲ့သည်။ ကိုစိန်ကြီးက "စာမေးပွဲအောင်ပြီဟေ့" ဟု ဩဘာပေး၏။ ကျွန်တော်ကိုယ်တိုင်လည်း အလွယ်တကူ ရလာခဲ့သည်မို့ ကျေနပ်နေလေသည်။ သည်မီးလုံးကြီးကို အိမ်တွင်ထားပြီး ကီလီလမ်းထိပ်က ဓာတ်ဆီဆိုင် မီးလုံးကိုလည်း သွားဖြုတ်လိုက်သေး၏။ ကိုစိန်ကြီးကား ဘယ်နေရာက မီးလုံးအဖြုတ်ရ လွယ်သည်ကို ကောင်းကောင်းသိသူတည်း။

မနက်ကျတော့ ကိုစိန်ကြီး မီးလုံးများကို ပုဆိုးနှင့်ထုပ်ပြီး ရှာရပတ်ကုလားထံ သွားရောင်းလေသည်။ တစ်လုံး သုံးဆယ့်ငါးကျပ်ဖြင့် ကျွန်တော်တို့ ငွေ ခုနစ်ဆယ် ရလိုက်သည်။ သည်ငွေကို ကိုစိန်ကြီးကိုလည်း ခွဲပေးလိုက်၏။ ကျွန်တော်မှာ မောင်လှတို့အိမ်တွင် အလကား စားသောက်နေရသဖြင့် အားနာလာကာ ကျွန်တော့်ဝေစု သုံးဆယ့်ငါးကျပ်စလုံးကို မောင်လှအား ပေးလိုက်သည်။

"ဟ ... ငွေတွေ ဘာတွေနဲ့ပါလား။ ဒီလိုမှပေ့ါကွ။ လောကမှာ ငွေလို့ခေါ်ကြတဲ့ စက္ကူတွေဟာ မရှားပါဘူး။ ဒီစက္ကူတွေ ဒီနေ့ကုန်သွားရင် မနက်ဖြန် စက္ကူအသစ်တွေ ရောက်လာလိမ့်ဦးမယ်။ ငွေဆိုတာ စက္ကူကိုမှ ခေါ်တာ မဟုတ်ပါဘူး။ ဒီစက္ကူနဲ့လဲလို့ရတာမှန်သမျှ ငွေချည်းပဲ။ ဒီစက္ကူနဲ့ လဲလို့ရတဲ့ ပစ္စည်းဆိုတာလည်း ပြည့်လို့။ လောကကြီးမှာ ဘယ်နေရာသွားသွား၊ ရှောင်လို့ မလွတ်ဘူး။ ဒီပစ္စည်းတွေရှိရင် စက္ကူနဲ့လဲလို့ရတယ်။ စက္ကူရှိရင်လည်း ဒီပစ္စည်းတွေ အကုန်ရနိုင်တယ်။ တိုက်၊ မော်တော်ကား၊ ဓာတ်မီးလုံး၊ နိုင်လွန်၊ မိန်းမချောချော၊ အို ... လိုချင်တာ ရတယ်။ လွယ်လွယ်ကလေးပါ။ အေး ... အေး ... ဒီလို ဖြစ်ရမှာပေ့ါ။ ဒီငွေက ငါတို့ကို ပေးတာလား။ နေပါစေကွာ။ မင်းသုံးစရာရှိတာသာ သုံးပါ"

မောင်လှက ကျွန်တော့်ကို အားပေးကာ ငွေကို လက်မခံဘဲ ငြင်း၏။ ကျွန်တော်က ငွေသုံးဆယ့်ငါးကျပ်ကို မောင်လှမိန်းမ မတင်အေး လက်ထဲသို့ လှမ်းထည့်လိုက်ပြီး ...

"အို ... ရော့။ မတင်အေး ဝက်သားသုံးထပ်သား ဝယ်ပြီး ဝက်သားနီချက်ကလေး ချက်စမ်းပျာ။ ဆိုင်ကဟာတွေ စားရတာ ငြီးငွေ့လွန်းလို့"ဟု ပြောရင်း ပေးလိုက်သည်။

"ကိုကျော်မောင် သုံးစရာရှိ သုံးပါ"

"ရှိပါတယ်။ ယူမှာသာ ယူပါ" ဟု ကျွန်တော်က အတင်းပေးလိုက်ရ၏။

ကျွန်တော့်စိတ်ကူးမှာ သူတို့ကို သုံးဆယ့်ငါးကျပ်ပေးပြီး ကျွန်တော် သုံးစွဲဖို့အတွက် ညကျမှ ကိုစိန်ကြီးနှင့် ထွက်ရှာရန် ဖြစ်လေသည်။ ငွေရှာနည်းကို ကျွန်တော် သိပြီ။ ကိုစိန်ကြီးတို့ မောင်လှတို့ ပြောသလို လောကမှာ စက္ကူကိုမှ ငွေခေါ်တာ မဟုတ်။ သည်စက္ကူနှင့် လဲလို့ရတာတွေမှန်သမျှ ငွေတွေ မဟုတ်လား ။

"ကိုကျော်မောင်တို့ အလုပ်ဖြစ်ပြီထင်တယ်"

www.burmeseclassic.com

မတင်အေးက သူ့ယောက်ျားမောင်လှကို လက်တို့ပြီး ပြောကာ ကျွန်တော့်ကို မေးငေါ့ပြ၏။

"ဒီလိုပေါ့ဟာ ... မရှိလို့ လုပ်ကိုင်စားရတာ ဖြည်းဖြည်းပေါ့"

မောင်လှက ဝင်ပြောလိုက်၏။ ကျွန်တော်ကမူ ဘာမျှမပြောဘဲ ပြုံး၍နေလေသည်။

ကျွန်တော့်အလုပ်ကား ညကျလျှင် ဆင်ဝင်အောက်က မီးလုံးတွေ လိုက်ဖြုတ်၏။ တစ်ခါတရံတွင် မောင်လှပါ၍ တစ်ခါတရံ ကိုစိန်ကြီးပါ၏။ ကျွန်တော် တစ်ယောက်တည်း ထွက်သည့်အခါလည်း ရှိလေသည်။ ကုန်သည်လမ်း ကုန်တိုက်များ၊ ပန်းဆိုးတန်းရုံးများ၊ ဒါလ်ဟိုဇီလမ်း ဈေးဆိုင်များရှေ့ ဆင်ဝင်မီးလုံးများကာ ကျွန်တော့်အတွက် ငွေရည်တွေ စီးကျနေသည်ဟု ထင်ရလေသည်။ မီးလုံးများမှ ဖြာထွက်နေသော အလင်းရောင်သည် မီးလုံးများဟု မထင်၊ ရွှေရောင်၊ ငွေရောင်တွေဟု ထင်နေလေသည်။ တစ်ခါတရံတွင် ဒရဝမ်များကြောင့် အလုပ်မဖြစ်သည့် အခါလည်း ရှိ၏။ သို့ရာတွင် ဒရဝမ်များမှာ ညဥ့်နှစ်နာရီကျော်လျှင် အိပ်လေ့ရှိကြသောကြောင့် ကျွန်တော့်အဖို့ သက်သက်သာသာနှင့် အလုပ်ဖြစ်သည်က များလေသည်။ မီးလုံးဖြုတ်ရသည့် အလုပ်မှာ အလွယ်ဆုံးဟု ကျွန်တော်ထင်လေသည်။ ပစ္စည်းကရိယလည်း ဘာမှမလို၊ ဝက်အူလှဲ့တစ်ချောင်းရှိလျှင် ပြီးလေသည်။ ရလာသည့် မီးလုံးကို ၂၆ လမ်းနှင့် ၃၂ လမ်းထပ် ဓာတ်မီးဆိုင်များသို့ ပို့လိုက်လျှင် ငွေဖြစ်လာလေသည်။ အစက ကိုစိန်ကြီးက တစ်ဆင့် ပို့သော်လည်း နောက်သော် ကျွန်တော်နှင့် အဆက်ရလာကာ ကျွန်တော်ကိုယ်တိုင် ပို့ကာ ကျွန်တော့် ဖောက်သည်ကြီးများ ဖြစ်လာလေသည်။

ကျွန်တော်ကား မီးလုံးကို ကျင်လည်စွာ ဖြုတ်တတ်နေပြီ ဖြစ်၏။ မီးလုံးဖြုတ်၍ ရောင်းရသမျှ ပိုက်ဆံမှာလည်း ရရ-စားစားနှင့် ကုန်၏။ မျောက်ပန်းရှုံးသည်က များလေသည်။ မျောက်ပန်းနိုင်လျှင် အလုပ်ခေတ္တနားကာ ရှိတာလေးနှင့် စားသောက်နေလိုက်၏။ ရှုံးလျှင် အလုပ်လုပ်ရပြန်လေသည်။

တစ်ညတွင် ကျွန်တော်သည် မီးလုံးဖြုတ်ရန်အတွက် ဝက်အူလှည့်ကို ခါးကြားတွင်ညှပ်ကာ ဒါလ်ဟိုဇီလမ်းဘက်သို့ ထွက်လာ၏။ သန်းခေါင်ကျော်ပြီးဖြစ်၍ ဒါလ်ဟိုဇီလမ်းမှောင်ရိပ်တွင် လူရှင်းနေပေပြီ။ တစ်ခါတစ်ခါတွင် ဂရင်းဟော်တယ်ဘက်ဆီမှ အနောက်တိုင်းတေးသံကို ကြားရ၏။ ညငှက်များနှင့် ဆိုက်ကားသမားများကိုလည်း တွေ့ရတတ်၏။

ကျွန်တော်သည် ဘုံဘေပျော်ပွဲစားရုံရှေ့တွင်ရပ်ကာ ဆင်ဝင်တွင် တပ်ထားသော ကြွေရေသုတ် မီးလုံးကြီးကိုကြည့်ပြီး အလုပ်လုပ်ရန် အခြေအနေကို အကဲခတ်လိုက်သည်။ ဘုံဘေပျော်ပွဲစားရုံရှေ့ ပလက်ဖောင်းပေါ်တွင် ကုလားတွေ တစ်သီတစ်တန်းကြီး အိပ်နေလေသည်။ ချဉ်စူးစူးချွေးနံ့နှင့် ကဇော်နံ့ကား ရောပြွမ်းနေလေ၏။ သည်အခိုက်တွင် တောင်ဘက်ပလက်ဖောင်းမှ တရုန်းရုန်းနှင့် ထပြေးလာသူများကို တွေ့ရသည်။

www.burmeseclassic.com

"ဟော့ … ကောင်တွေ … ထကြ … ထကြ။ မင်းတို့အဖေတွေ လာကုန်ပြီ"

ပြေးလာသူတစ်ယောက်က အော်လိုက်၏။ ကျွန်တော့်နားတွင် အိပ်နေကြသောသူများသည် ထပြေးကြလေသည်။ အအိပ်ကြီးလွန်းသူများမှာ အိပ်မြဲ အိပ်နေကြလေသည်။ ကျွန်တော်သည် ဘုမသိ ဘမသိဖြင့် ငေး၍ရပ်နေစဉ် မြူနီစပယ်ပုလိပ်များ ရောက်လာကြသည်။ ပုလိပ်ယူနီဖောင်းကို မြင်လိုက်တော့မှ ကျွန်တော်သည် လန့်ဖျန့်ကာ လမ်းကြားထဲသို့ ချိုးလိုက်သည်။ သို့ရာတွင် လမ်းကြားဘက်တွင် ပုလိပ်တွေ ရောက်နေနှင့်ပေပြီ။ ထို့ကြောင့် ခါးကြားထဲတွင် ပါလာသော ဝက်အူလှဲ့ကို မြောင်းထဲသို့ ကပျာကယာ ပစ်ချလိုက်ရသည်။

"လာ … လာ … လိုက်ခဲ့ … လိုက်ခဲ့"

ပုလိပ်များက ပလက်ဖောင်းတွင် အိပ်နေသူများကိုရော ကျွန်တော့်ကိုပါ ကျောက်တံတားဂတ်တဲသို့ ခေါ်သွား၍ ချုပ်ထားလိုက်သည်။ ပုလိပ်ပုဒ်မ ၄၁-၄၂ နှင့် ဖမ်းခြင်းဖြစ်လေပြီ။ အချုပ်ခန်းသို့ ပထမဆုံးအကြိမ် ရောက်ဖူးခြင်းပေတည်း။

နောက်နေ့တွင် ကျွန်တော့်ကို ပြန်လွှတ်လိုက်လေသည်။ မောင်လှတို့လင်မယားမှာ ကျွန်တော့်အတွက် စိတ်ပူနေကြလေသည်။ ကျွန်တော်က ကျွန်တော့်အဖြစ်ကို ပြန်ပြောသောအခါ မောင်လှမှာ သဘောကျ၍ ရယ်နေလေသည်။ မတင်အေးကမူ …

"ရှင်က အ သေးတာကိုး။ အလုပ်မဖြစ်ဘဲနဲ့ လမ်းပေါ်မှာ ယောင်လည်ယောင်လည် သွားမလုပ်ရဘူးရှင့်။ ပုလိပ်နဲ့ သွားတိုးရင် ပုဒ်မ ၄၁-၄၂ ထိရင်ထိ၊ မထိရင်တော့ ၁၀၉-၁၁၀ တော့ ထိတာဘဲ" ဟု ကျွန်တော့်ကို သတိပေး၏။

မတင်အေးကား ဥပဒေပုဒ်မတွေကို အလွတ်ရနေလေသည်။ တကယ်တော့ မတင်အေးသည် စာဆို၍ တစ်လုံးမျှတတ်သူ မဟုတ်ပေ။ ဥပဒေဖြင့် အသက်မွေးသူတို့သာ နားလည်သည့် ပုဒ်မတွေ၊ ပုဒ်ထီးတွေကို ပါးစပ်က တတွတ်တွတ် ရွတ်ပြသွားသောအခါ ကျွန်တော်သည် မတင်အေးကို အထင်ကြီးလာမိပေသည်။

"နောက် ဒီအလုပ်လုပ်စားရင် ရှင် မသေမချင်း မှတ်ထား။ ညထွက်ရင် ဘယ်တော့မှ အင်္ကျီအနက်တို့ဘာတို့ ဝတ်မသွားနဲ့။ ကင်းပတ်ဖိနပ်တွေ ဘာတွေလည်း စီးမသွားနဲ့။ ဒါတွေကြည့်ပြီး ညအချိန်မတော်တွေ့ရင် ရှင့်ကို ဘယ်သူကလူကောင်းလို့ ထင်မလဲ။ ညထွက်ရင် ရှင့်ကို လူကောင်းထင်အောင် ရိုးရိုးအင်္ကျီအဖြူပဲ ဝတ်သွား။ လူများတွေ ဝတ်စားသလို ဝတ်စားသွားပေါ့။ တစ်ခါထဲ ဖောက်ထွင်းမှု မသင်္ကာမှုနဲ့ ဖမ်းချုပ်ထားဖို့ပဲ ကောင်းတော့တယ် … ဟား … ဟား … ကြည့်စမ်းပါဦး"

မတင်အေးက ကျွန်တော့်ကို ကြည့်ကာ ခွက်ထိုးခွက်လန် ရယ်ကာနေပေသည်။ ကျွန်တော်ကသည်တော့မှကိုယ့်ကိုယ်ကိုပြန်၍ငုံ့ကြည့်မိသည်။ကျွန်တော့်ကိုယ်တွင် ဖရေဇာလမ်းညဈေးတန်းကဝယ်ထားသည့်ပိုးတွန့်အင်္ကျီနီညိုရောင်ကိုဝတ်ထားပြီး လုံချည်အနက်ကွက်ကို ဝတ်ထား၏။ အိတ်ထဲတွင် ပန်းရိုက် ပိုးတုလက်ကိုင်ပုဝါကြီး

www.burmeseclassic.com

တစ်ထည်လည်း ပါလိုက်သေး၏။ သည် လက်ကိုင်ပုဝါကြီးမှာ အရေးရှိက ရုပ်ရှင်ဇာတ်လိုက်များလို မျက်နှာကို မျက်လုံးပေါ်ရုံဖော်၍ စည်းရန် ဖြစ်လေသည်။ ကျွန်တော်ကား ရုပ်ရှင်ထဲက ဇာတ်လိုက်များလို လူဆိုးဘ၀ဆိုသည်မှာ ဘာမျှခက်ခဲစရာ အရာမဟုတ်။ အင်္ကျီအနက်၊ ဘောင်းဘီအနက်ဝတ်၍ သက္ကလပ်ဦးထုပ်ဆောင်းပြီး မျက်နှာကို ပုဝါစည်းလိုက်လျှင် ကိစ္စပြီးသည်ဟု အောက်မေ့ကာ လွယ်လွယ်ဖြင့် လူဆိုးဘ၀ကို ရောက်ခဲ့ရခြင်း ဖြစ်လေသည်။

"လူဆိုးသူခိုးဘ၀ဆိုတာ...မှင်ကောင်းရတယ်ကိုကျော်မောင်ရဲ့မှင်ဆောင်ကောင်းမှ လူကောင်းနဲ့ ခွဲမရမှာပေါ့။ မြင်လိုက်ရင် ... ကိုယ့်ကို လူကောင်းလို့ထင်အောင် ရှိုးပေးရတယ်။ ဒါမှ ပုလိပ်ကလည်း ဟန့်မှာပေါ့။ နို့မို့ရင် ပုလိပ်လက်ထဲ ကွိကနဲပေါ့ ... ဟင်း ... ဟင်း"

"သိပါဘူးဗျာ ... ခင်ဗျားတို့ဟာတွေ"

ကျွန်တော်က ကျွန်တော်ဝတ်စားပုံကိုကြည့်၍ ရက်ပြုံးပြုံးရင်း ပြန်ပြောလိုက်၏။ မောင်လှက သူဝယ်လာသည့် ဝက်အူလှဲ့ကလေးများကို သွေးနေရာမှ လက်မဖြင့် အသွားကို ဖွ၍စမ်းကြည့်နေရင်း ...

"မသိပါဘူးဗျာ လုပ်မနေနဲ့ခင်ဗျ ... ဒီအလုပ်လုပ်ရင် ဒါမျိုးဆိုတာ သိရတယ်" ဟု လှမ်းပြောလိုက်သည်။

"အမလေး ... ရှင်ခိုးစားရင်တော့ ပုလိပ်နဲ့ချည်း ဆုံးနေမှာပဲ။ ခိုးချင်လိုက်တာလည်း ပျာလို့။ လက်နေးလိုက်တာလည်း ချာလို့ ဆိုတဲ့စကားလို ဖြစ်နေပြီ။ ခိုးမှုဆိုတာ အမျိုးမျိုး ရှိတယ်တော့"

"ဆိုစမ်းပါဦး"

"ဆိုစမ်းလုပ်မနေနဲ့ ... တကယ်ပြောတာ။ ဒီအလုပ်လုပ်စားတယ်ဆိုတာ လက်ရဲရတယ်။ သူတစ်ပါးပစ္စည်းကို ပိုင်ရှင်မသိဘဲနဲ့ ကိုင်မိရုံနဲ့ ခိုးမှုဖြစ်နေတဲ့ အတူတူ မြန်မြန်ဆွဲပြီး လစ်ခဲ့ရုံပေါ့"

"ဟာ ... ဗျာ ... ကိုင်မိရုံလေးနဲ့လား"

"ဩော် ... ခက်ပါဘိ၊ ကျွန်မဥပမာပြောမယ်။ ကျွန်မက ရှင်လက်စွပ်ကို ရှင့်အိမ်ထဲက စားပွဲပေါ်မှာတွေ့လို့ မရိုးသားတဲ့ သဘောနဲ့ နေရာရွှေ့ထားလိုက်တာနဲ့ တစ်ပြိုင်နက် ကျွန်မဟာ ခိုးမှုကျူးလွန်တာပဲ"

"ဗျာ ... "

ကျွန်တော်ကား မတင်အေး၏ အမိုက်မဲသလို ဖွင့်ဆိုချက်တွေကို တွေး၍ စိမ့်ကြောက်နေလေသည်။

www.burmeseclassic.com

"ပြီးတော့ … ကျွန်မက ရှင့်ရဲ့ခွေးကို ရှင်မသိဘဲနဲ့ ကျွန်မလိုချင်လို့ ကျွန်မနောက်လိုက်လာအောင် ထန်းလျက်ခဲနဲ့မြူပြီး ခေါ်တယ်ဆိုပါတော့ …။ အဲ … ခွေးက ထန်းလျက်ခဲမြင်လို့ ခြေတစ်လှမ်း ရွှေ့လိုက်တာနဲ့ တစ်ပြိုင်နက် … ကျွန်မဟာ ခွေးသူခိုးပဲ … ဟား … ဟား"

မတင်အေးသည် သူ့စကားသူ သဘောကျ၍ ရယ်လေသည်။

"လောကကြီးမှာ ရှင်သိစရာတွေ အများကြီး ရှိသေးတယ်။ ခိုးမှု၊ လုယက်မှု၊ ဓားပြမှု၊ အလွဲသုံးစားမှု၊ ခိုးရာပါပစ္စည်း လက်ခံမှု၊ လိမ်လည်မှု၊ အို … စုံလို့ပဲ"

"တော်ပြီဗျာ … ခင်ဗျားတို့ဟာတွေ နားရှုပ်တယ်"

ကျွန်တော် တကယ်နားရှုပ်လာ၍ မတင်အေးကို ဟန့်လိုက်၏။ မတင်အေးက တဟားဟားရယ်ကာ …

"ရှေ့လျှောက်ဒီထက် နားရှုပ်စရာတွေချည်းပဲ။ လိမ်လည်မှုဆိုတာတော့ ရှင် မျက်စိတောင် လည်ထွက်သွားလိမ့်ဦးမယ်။ ဥပမာ … ကျွန်မက ရှင့်ကို ဆိတ်ခွံလုံချည်တစ်ထည် နမူနာပြပြီး ရှင်ဝယ်လာတဲ့အခါကျတော့ နာနပ်ချည်လုံချည်ကို ခုနကပြတဲ့ ဆိတ်ခွံလုံချည်ပါလို့ ပြောင်းပြီး ရှင့်ကို ရောင်းလိုက်ရင် ကျွန်မဟာ ရှင့်ကို လိမ်တာပဲ … လိမ်လည်မှုနဲ့ တရားစွဲနိုင်တယ်"

"ဟား … ဒီလိုဆို ဒုက္ခပါပဲဗျာ။ ကျုပ် တစ်နေ့က ကုလားဆိုင်က ဖီးလ်ခေါင်းလိမ်းဆီဘူး နမူနာပြပြီး ရှီးလ်ခေါင်းလိမ်းဆီဘူးကြီး ပေးလိုက်တယ်။ ဒီလိုဆို ဒီကုလား လိမ်လည်မှုနဲ့ တရားစွဲနိုင်တာပေါ့"

သည်တော့မှ လိမ်လည်ခြင်း အဓိပ္ပာယ်ကို ကျွန်တော် နားလည်လာပေသည်။ ငန်ပြာရည်ကို ကောက်ရိုးရည် တစ်ထက်ရောခြင်း၊ ငါးပိကို ဆန်မှုန့်ရောခြင်း၊ ပဲဆီကို ဝါစေ့ဆီရောခြင်း၊ ဂျပန်နိုင်လွန်ကို အမေရိကန်နိုင်လွန်ဟု ပြောခြင်း စသည်တို့ကို ကျွန်တော် မကြာခဏ ကြုံတွေ့ဖူးခဲ့ရပြီဖြစ်၏။ ခံခဲ့ရပေါင်း များလေပြီ။

"ဒီမှာ ကိုကျော်မောင် … အဲဒီလောကကြီးမှာ ရိုးသားတယ်ဆိုတာ မရှိဘူးမှတ်ပါ။ ကုန်သည်တွေဆိုတာ နေ့တိုင်းလိမ်၊ နေ့တိုင်းခိုး၊ နေ့တိုင်းဝှက်ပြီး ရာဇဝတ်မှုကို ကျူးလွန်နေကြတာ။ ရှင်တို့ မောင်လှတို့ ကျူးလွန်တာက ငါးကျပ်ဖိုး တစ်ဆယ်ဘိုးရယ် … ။ သူတို့ ကျူးလွန်တော့ နေ့စဉ်နဲ့အမျှ ထောင်သောင်းချီ ခိုးဝှက် လိမ်စားနေကြတာ မဟုတ်ဘူးလားဟင် …။ သူတို့ကိုကြည့်တော့ မော်တော်ကားကြီးတွေနဲ့၊ ပိုးဖဲတွေ စိန်တွေနဲ့။ ရာဇဝတ်မှု ကျူးလွန်တယ်လို့ ဘယ်သူက လာပြောရဲမလဲတော်။ တကယ်တော့ သူတို့လောကက ကြက်တောင်ပြန် လောကကြီးပါတော်။ အမွေးတွေဖွထားလို့ အပြင်ပန်းကနေကြည့်တော့ လှတယ်လို့ ထင်နေရတာပါ။ တကယ်ကျတော့ ကျွန်မတို့လို သူခိုးတွေချည်းပါပဲ။ သူတို့က ပရိယာယ်နဲ့ တိတ်တိတ်ကလေး ပုန်းခိုးတယ်။ တိတ်တိတ်ကလေး လိမ်တယ်။ ဒါပဲ ကွာတယ်။ ဒီမှာ လောကကြီးမှာ လူရိုးဆိုတာ မရှိဘူး။ သိလား … လူရိုးဆိုတာ သင်္ချိုင်းမှာပဲ ရှိတယ်"



www.burmeseclassic.com

မတင်အေးက သူ့အဘိဓမ္မာကို ဖွင့်အန်ပြလေသည်။ သူ့အဘိဓမ္မာ မှန်သည်များသည်ကိုမူ ကျွန်တော်၏ဦးနောက်ကလေးဖြင့် မစဉ်းစား၊ မဆုံးဖြတ်တတ်ပါ။ သို့သော် သူ့အဘိဓမ္မာကား ကျွန်တော့်ကမ္ဘာ ကျဉ်းကျဉ်းကလေးထဲတွင် တွေးစရာတစ်ခု ဖြစ်လာခဲ့ပေသည်။

(၁၀)

ကျွန်တော်၊ မောင်လှနှင့် မောင်လှမိန်းမ မတင်အေးတို့ သုံးယောက်သည် ပန်းဆိုးတန်း ကုလားဘိုင်စကုတ်ရုံမှ ထွက်လာကြလေသည်။ မတင်အေးက ကုလားကား ကြည့်ချင်သည်ဆိုသဖြင့် လိုက်ပို့ရခြင်း ဖြစ်၏။ ကျွန်တော်ကား ကုလားကားကို သိပ်မကြိုက်ပေ။ ဘိုင်စကုတ် တစ်ချိန်လုံး အိပ်ငိုက်နေရင်းသာ အချိန်ကုန်လေသည်။

ဆိပ်ကမ်းသာလမ်းထိပ်သို့ ရောက်သောအခါ မောင်လှက ခြေလှမ်းတုန့်လိုက်ပြီး ...

"တင်အေးရေ ... ဒို့ အလုပ်ရှိတယ်ဟေ့။ စောင့်မနေနဲ့ အိပ်နှင့်" ဟု ရှေ့တွင်သွားနေသော မတင်အေးကို လှမ်းပြောလိုက်သည်။

"လာဟေ့ ... ကျော်မောင်"

မောင်လှက နောက်ဆုံးမှ လိုက်လာသော ကျွန်တော့်ကို စောင့်ခေါ်၏။ ကျွန်တော် အနားရောက်လာသောအခါတွင် "ဝက်အူလှည့်ပါသလား" ဟု ခပ်တိုးတိုး ကပ်၍မေးလိုက်သည်။ ကျွန်တော်က ခေါင်းညိတ်ပြလိုက်၏။ ကျွန်တော်က ညအပြင်ထွက်လျှင် ဝက်အူလှည့်ကို ခါးကြားထဲတွင် အသင့်ဆောင်ထား၏။ လွယ်လျှင် လွယ်သလို အလုပ်လုပ်ရန် ဖြစ်ပေသည်။

"ဒီနေ့ည အလုပ်လုပ်ရအောင်ကွာ။ ငါ တော်တော် ဘိုင်ကျနေတယ်"

"လုပ်လေ ... "

ဟု ကျွန်တော်က ပြောလိုက်သည်။ ကျွန်တော့်တွင်လည်း ပိုက်ဆံတစ်ကျပ်သာ ရှိလေသည်။ နေ့လယ်က ကျွန်တော့်အိတ်ထဲတွင် သုံးဆယ်ကျော်ကျော်လောက် ရှိသော်လည်း မျောက်ပန်းရှုံးသဖြင့် တစ်ကျပ်သာ ကျန်၏။ မောင်လှသာ မပါလျှင်လည်း ကျွန်တော်တစ်ယောက်တည်း အလုပ်လုပ်မည်ဟု စိတ်ကူးပြီးသား ဖြစ်လေသည်။

ကျွန်တော်တို့နှစ်ယောက်သည် ဗိုလ်ချုပ်လမ်းအတိုင်း ဘိုင်စကုတ်ရုံများဘက်သို့ လျှောက်လာကြသည်။ ဗိုလ်ချုပ်လမ်းဘက်မှာ လူမစဲသေး။ ထို့ကြောင့် ဆူးလေဘက် ဘိုင်စကုတ်ရုံများနှင့် ပျော်ပွဲစားရုံများဘက်သို့ ချိုးခဲ့ကြပြန်သည်။ အိုရီယင့်နှင့် ဂလုပ်ရုံအောက်မှ မီးလုံးကြီးများသည် ကျွန်တော်တို့ကို

www.burmeseclassic.com

လက်ယပ်ခေါ်နေသလို ထင်ရ၏။ သို့ရာတွင် သည်နေရာမှာလည်း လူမစဲသေးပေ။ တက္ကစီဆရာများသည် ကားတစ်စင်းပေါ်တွင် စုကာ စကားပြောနေကြ၏။ မဟန်သဖြင့် ကွန်တီနင်တယ်အောက်မှ ဖြတ်ကာ မောင်ထော်လေးလမ်းထဲသို့ ချိုးဝင်ပြီး ဖရေလမ်းဘက်သို့ ပြန်ထွက်လိုက်ကြသည်။

ဟိုတယ်ဒီစီတီးက မီးလုံးကြီးမှာ ထိန်နေလေသည်။ ကျွန်တော်တို့သည် ဟိုတယ်ဒီစီတီးမှ မီးလုံးကို မျက်စေ့ကျသွားကြလေသည်။ အင်္ဂလန်လုပ် မီးလုံးဖြစ်၍ ဈေးကောင်းကောင်း ရပေမည်။ ဟိုတယ်ဒီစီတီးရှေ့ လမ်းဘေးဆိုင်ကလေးထဲတွင် ချယ်ဂါရီကုလားတွေ အိပ်နေကြ၏။

ကျွန်တော်တို့အတွက်ကာ ယနေ့ညအဖို့ အကောင်းဆုံး နေရာဖြစ်၏။ မြို့တော်ရန်ကုန်တွင် လူပြတ်မှ အလုပ်လုပ်ဆိုလျှင် ဘယ်နေရာမှ အလုပ်ဖြစ်တော့မည် မဟုတ်။ အနီးအနားတွင် အိပ်ပျော်နေသည် ဆိုလျှင်ပင် ကျွန်တော်တို့အဖို့ ကျေနပ်ဖွယ်ကောင်းသည့် အခြေအနေဖြစ်၏။

ကျွန်တော်သည်လူရိပ်လူခြေကိုကြည့်ကာဆေးသုတ်ကုလားတွေထောင်ထားသည့် လှေကားကြီးပေါ်ကိုတက်၍မီးလုံးကိုဖြုတ်ခဲ့ပြီး မောင်လှဆီသို့ လျှောက်လာခဲ့သည်။

"ဟေး ... မောင်လှ အတွင်းခံဘောင်းဘီပါသလား။ ပါရင် မင်းလုံချည်ပေးကွာ။ ထုပ်ယူရအောင် ... အမလေးကွာ ... ပူလိုက်တာ"

ညဦးကတည်းက ထွန်းထားသဖြင့် မီးလုံးကြီးမှာ အတော်ပူနေပြီ ဖြစ်၏။ မောင်လှဆီရောက်အောင် ကျိတ်မှိတ်၍ ကိုင်လာရလေသည်။ မောင်လှက လုံချည်ကိုချွတ်ပြီး ဖြန့်ခင်းပေးလိုက်တော့မှ မီးလုံးကြီးကို လုံချည်ထဲတွင် ထုပ်ကာ ယူလာခဲ့သည်။

နာရီပြန်တစ်ချက်လောက် ရှိပြီဖြစ်၍ ဖရေဇာလမ်းမတစ်လျှောက်တွင် အသွားအလာ နည်းသွားပြီဖြစ်၏။ ကျွန်တော်တို့နှစ်ယောက်သည် ပလက်ဖောင်း မှောင်ရိပ်မှ စကားတပြောပြောနှင့် လျှောက်လာကြလေသည်။ ၃၂ လမ်းထိပ်သို့အရောက်တွင် မောင်လှက အပေါ့သွားချင်သည်ဆို၍ မှောင်ရိပ်တွင် ရပ်နေခဲ့သည်။ ကျွန်တော်ကား အထုပ်ကြီးနှင့်ဖြစ်၍ လူမြင်သွားမည်စိုးသဖြင့် ဣန္ဒြေမပျက်ပင် ဆက်၍လျှောက်လာခဲ့သည်။

"ဟေး ... ရပ်လိုက်"

ဖရေဇာလမ်းဒေါင့်အိမ်သာ မှောင်ရိပ်မှ အော်သံကို ကြားရပြီး လူနှစ်ယောက် ထွက်လာ၏။ ကျွန်တော့်မျက်နှာကိုလည်း လက်နှိပ်ဓာတ်မီးနှင့် ထိုးထားလေသည်။ ကျွန်တော်ကား ပြေး၍မရတော့ပေ။ ကျားလက်ထဲသို့ စင်းစင်းရောက်သွားသည့် သမင်ငယ်ကဲ့သို့ပင်တည်း။

"ဒါ ... ဘာလဲ"

www.burmeseclassic.com

"ဗျာ ... "

ကျွန်တော်က ဝေ့လည်ကြောင်ပတ် လုပ်နေလိုက်သည်။ ဘိနပ်သံ တဒေါက်ဒေါက်နှင့် အိမ်သာကြားမှ နောက်တစ်ယောက် ထွက်လာပြန်သည်။

"ဘာလဲ ... မီးလုံးဖြုတ်လာတာ မဟုတ်လား"

တယောက်က ကျွန်တော့်အထုပ်ကြီးကို လာစမ်း၍ မေးလိုက်လေသည်။

"မဟုတ်ပါဘူး ... ကျွန်တော် ... "

"ဟေ့ကောင် ... လာ ... လာ ... စကားများမနေနဲ့ ... လိုက်မှာသာ အေးအေးဆေးဆေး လိုက်ခဲ့"

ပုလိပ်နှစ်ယောက်က ကျွန်တော့်လက်မောင်းကို တစ်ဖက်တစ်ချက်မှ ညှပ်ကာ ကျောက်တံတားဂတ်သို့ ခေါ်သွားပြီး အချုပ်ထဲတွင် ထည့်ထားလိုက်သည်။ မောင်လှကား ကျွန်တော့်အခြေအနေကို ရိပ်မိ၍ နောက်မှ လှည့်ထွက်သွားသဖြင့် လွတ်သွားလေသည်။

နောက်တစ်နေ့တွင် အမှုဖွင့်ကာ ပုလိပ်က ရုံးတင်လေသည်။ ကျွန်တော်ကား လက်ဆုပ်လက်ကိုင် မိနေပြီမို့မထူးတော့ပါဘူးဟုဆိုကာ ဖြောင့်ချက်ပေးလိုက်သည်။ ရင်ထဲတွင်ကား တုန်၍နေပေသည်။ တရားရုံးကို သည်တစ်ကြိမ်သာ ရောက်ဖူးသဖြင့်လည်း တရားရုံး၏ ခံ့ညားသော အဆောင်အယောင်ကို မြင်ရသောအခါ ဒူးတွေပင် တုန်၍လာလေသည်။

တရားသူကြီးက ကျွန်တော့်ကို အသက်မပြည့်သေးဟုဆိုကာ အမေ့ကျောင်း(ဒေါ်တီတီလု(စ်)ကျောင်း) သို့ တစ်နှစ်နေစေဟု အမိန့်ချလိုက်လေသည်။

ကျွန်တော့်ကို အမေ့ကျောင်း ယမန်ခန်းသို့ ပို့လိုက်၏။ ယမန်ခန်းတွင် ကျောင်းသားများကိုလက်ခံရာဖြစ်၏။ ယမန်ခန်းဒေါင့်တစ်ဒေါင့်တွင် ကျွန်တော်သည် ခပ်ကုတ်ကုတ် ထိုင်နေလေသည်။ စောစောရောက်နှင့် နေသူများသည် ကျွန်တော့်ကို စူးစိုက်ကြည့်နေကြ၏။

"မင်းက လူမိုက်လားကွ"

သူတို့အထဲမှ ကိုယ်လုံးကိုယ်ထည် ခပ်မြှောင်မြှောင်နှင့် ကောင်လေးတစ်ယောက်က ကျွန်တော့်ကို လှမ်းမေးပြီး မောင်းချဒါးနှင့် ပစ်လိုက်၏။ ကျွန်တော်က ခေါင်းကိုငုံ့၍ ရှောင်လိုက်သဖြင့် မောင်းချဒါးသည် ကျွန်တော့်ခေါင်းအထက် ခြောက်လက်မအကွာ သစ်သားနံရံတွင် စိုက်နေလေသည်။

သူသည် လက်သီးဆုတ်၍ ရှေ့တိုးလာ၏။ ကျွန်တော်ကလည်း ကိုယ်ရေးကြုံလျှင် သက်လုံကောင်းရမည်မို့ မတ်တတ်ထကာ အသင့်ပြင်ထားလိုက်သည်။ သူက

www.burmeseclassic.com

အရိုန်ဖြင့် ပြေးဝင်လာကာ "ကြွက်အကြောင်း သိရမှာပေါ့ကွာ" ဟု ဆိုပြီး လက်သီးဖြင့် စွပ်၍ ထိုးလိုက်သည်။ ကျွန်တော်က ဘေးသို့ အသာတိမ်းလိုက်ပြီး သူ့မေးရိုးကို လက်သီးဖြင့် ပင့်၍ထိုးလိုက်သည်။ ကြွက်သည် အရှိန်ဖြင့် ကြမ်းပြင်ပေါ်တွင် လဲကျသွားပေသည်။ သူပြန်ထ၍ ထိုးမည်အလုပ်တွင် ကျွန်တော်က နောက်တစ်ချက် ဆင့်ထိုးလိုက်သည်။

သူ့ဗလမှာ ကျွန်တော့်ထက် ငယ်၏။ အရပ်လည်း ကျွန်တော့်ထက် နိမ့်လေသည်။ သူ့လောက်ကမူ ကျွန်တော် အလွယ်တကူနှင့် အနိုင်ယူနိုင်လေသည်။ ဘေးက ကောင်လေးများကား ၁၃ နှစ်၊ ၁၄ နှစ် အရွယ်လေးတွေဖြစ်၍ သူ့ကို ကြောက်နေကြရသည်။ ကျွန်တော်နှင့် ဖြစ်သောအခါတွင် သူတို့သည် ဘာမှ မကူဘဲ ဘေးမှရပ်ကြည့် နေကြလေသည်။ သူတို့အပေါ် ဗိုလ်ကျနေသော ကြွက်ကို နိုင်သူပေါ်လာသဖြင့် အားရဝမ်းသာဟန် တူပေ၏။ သည်တုန်းက အမေ့ကျောင်းမှာ ပြန်လည်ထူထောင်စဖြစ်၍ စည်းကမ်းသိပ် မကျသေးပေ။ အားရှိသူက အားနည်းသူ၊ ကြီးသူက ငယ်သူကို ညှဉ်းကာ နိုင်ရာစားချိန်ဖြစ်၏။ စာကိုလည်း စနစ်တကျ မသင်ကြားနိုင်သေးပေ။ အမေသည် ကျွန်တော်တို့ကို ဂရုတစိုက် လှည့်မကြည့်နိုင်သေးဘဲ ကျောင်းပြန်လည် ထူထောင်ရေးအတွက် အချိန်နှင့်အမျှ လုံးပမ်းနေရချိန် ဖြစ်၏။

ကြွက်သည် ကြမ်းပြင်ပေါ်တွင် လဲနေရာမှ ထပြေးကာ နံရံတွင် စိုက်နေသော မောင်းချဒါးကို ဆွဲနှုတ်နေသည်။

"ဟေ့ ... ဟေ့ ... ကောင်လေးတွေ ဘာဖြစ်နေကြတာလဲဟင်"

အခန်းအပြင်ဘက်မှ အော်လိုက်သံနှင့်အတူ ဆရာကိုလှရွှေ ရောက်လာလေသည်။ ဆရာကိုလှရွှေမှာ ကျွန်တော်တို့ အမေ့ကျောင်းရောက်လာပြီး အကျင့်စာရိတ္တ ကောင်းမွန်သဖြင့် ကျွန်တော်တို့တတွေကို စာသင်ကြား၍ အုပ်ချုပ်ရသော ဆရာဖြစ်လေသည်။ ကိုလှရွှေနှင့်အတူ လူတစ်ယောက်လည်း ပါလာလေသည်။

"ကြွက် ရန်ဖြစ်ပြန်ပြီထင်တယ် ... ဟုတ်လား ... "

ဆရာကိုလှရွှေက ကြွက်လက်ထဲမှ မောင်းချဒါးကို လှမ်း၍ယူလိုက်သည်။

"သူ ... ကိုကျော်မောင်ကို မောင်းချဒါးနဲ့ ပေါက်တယ်ဆရာ"

ကောင်လေးတစ်ယောက်က ဆရာကိုလှရွှေကို ဆီး၍တိုင်၏။ ကြွက်က ကောင်လေးကို မျက်စောင်းထိုးလိုက်သည်။

"အေး ... ဖြစ်ရမယ်။ မင်းကတော့ လူတိုင်းကို လိုက်ဗိုလ်ကျနေတဲ့ကောင်။ လာ ... လာ... ရန်ဖြစ်ချင်တဲ့ကောင် မြက်ပေါက်ခိုင်းလိုက်ရဦးမယ်။ ဟေ့ ဒီထဲမှာ ညွှန့်ကြွားရှိသလား၊ ညွှန့်ကြွား လာစမ်း၊ စာရေးကြီး လာနေတယ်။ ဒီနေ့မင်း ရုံးထွက်ရမယ်"

www.burmeseclassic.com

ဆရာကိုလှရွှေက ကြွက်၏နားရွက်ကို ဆွဲထားလိုက်ရင်း ညွှန့်ကြွားကို လှမ်းခေါ်လိုက်သည်။ စာရေးကြီးဆိုသူကို လှမ်းကြည့်လိုက်ရာ ကျွန်တော်တို့ ပန်းဆိုးတန်းတွင် နေစဉ်က ဦးကျင်သန်းထံတွင် ဝင်ထွက်သွားလာနေသော ကိုဟုတ်ကြည် ဖြစ်နေလေသည်။ ကိုဟုတ်ကြည်မှာ ၃၄ လမ်း ကြီးကြီးတို့အိမ်နှင့်လည်း နီးလေသည်။ ကိုဟုတ်ကြည်မှာ အပေါ်အင်္ကျီအနက် ခပ်နွမ်းနွမ်းနှင့် ပလေကပ်လုံချည်အဖြူကို ဝတ်ထားပြီး လက်မောင်းတွင် ထီးတစ်လက် ချိတ်ထားလေသည်။ လက်ထဲတွင်လည်း မှတ်ပုံတင်စာအုပ်ကြီး တစ်အုပ်ကို ကိုင်ထားလေ၏။

ကျွန်တော်က ကိုဟုတ်ကြည်ကို မြင်လိုက်သဖြင့် ခေါင်းငုံ့ထားလိုက်သည်။ ကိုဟုတ်ကြည်သည် ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီးနောက် ...

"ဟ ... နင် ဦးကျင်သန်းအိမ် နေသွားတဲ့ ကျော်မောင် မဟုတ်လား" ဟု မေး၏။

"ဟုတ်ပါတယ် ... "

"ကြည့်စမ်း ... ကြည့်စမ်း။ နင် ဘာမှုနဲ့ ရောက်နေတာလဲ။ အိမ်မှာဖြင့် နင့်ကြီးကြီးတို့ နင့်အမေတို့ ရှာလိုက်တာ ဒေါင်းတောက်နေတာပဲ"

ကျွန်တော်ကကိုဟုတ်ကြည်အားအဖြစ်အပျက်အမှန်အတိုင်းထုတ်ပြောလိုက်သည်။ ကိုဟုတ်ကြည်သည် ဆေးပြင်းလိပ်ခဲရင်း ကျွန်တော့်ကိုကြည့်ကာ ...

"မင်းက မိုက်တာကိုးကွ။ မင်းအမေကို စိတ်ချမ်းသာအောင် နေမှပေါ့။ အေး ... အေး ... ငါမင်းအမေများကို ပြောလိုက်မယ်"

ကိုဟုတ်ကြည်သည် ကျွန်တော့်ကို နှုတ်ဆက်၍ ပြန်သွားလေသည်။ နောက်တစ်နေ့တွင် အမေ့ကျောင်းသို့ မေမေရောက်လာလေသည်။ မေမေနှင့်အတူ လူတစ်ယောက်လည်း ပါလာလေသည်။ မေမေနှင့် ပါလာသူမှာ အသားညိုညို ပိန်ပန်ပါးပါး ဖြစ်၏။ မေမေ့ထက် လေးငါးနှစ်လောက် ကြီးပုံရလေသည်။ သူ့ကို ကျွန်တော် တစ်ခါမှ မမြင်ဖူးပေ။

ကျွန်တော့်ကို မြင်သောအခါ မေမေသည် ငိုလေသည်။ ကျွန်တော့်ကိုလည်း ဆူပူကြိမ်းမောင်း လိုက်သေး၏။ မေမေနှင့် ပါလာသူကမူ စကားတစ်လုံးမှ မပြောဘဲ ကျွန်တော့်ကို အကဲခတ်နေလေသည်။

ကျွန်တော့်ကို မေမေက အာမခံဖြင့် ထုတ်လာလေသည်။ ကျွန်တော်နှင့် မေမေတို့နှစ်ယောက်သည် အမေ့ကျောင်းမှ ထွက်လာကာ အင်းလျားလမ်းအတိုင်း တက္ကသိုလ်ရိပ်သာလမ်းဘက်သို့ ရောက်လာကြလေသည်။ နဂါးဘတ်(စ်)ကား တစ်စင်းသည် အင်းယားလမ်းထိပ်တွင် ရပ်နေ၏။

"ငါ ... ခု ၃၄ လမ်းမှာ မဟုတ်တော့ဘူး"

www.burmeseclassic.com

ရှေ့က နှစ်ယောက်သား လျှောက်လာကြရင်း မေမေက ကျွန်တော့်ကို ပြောလိုက်၏။ မေမေနှင့် ပါလာသူမှာ နောက်က လိုက်လာလေသည်။

"ဘယ်မှာနေတုန်း"

"ကျောက်မြောင်း အောင်မင်္ဂလာလမ်းထဲမှာ ..."

ကျွန်တော်သည် မေမေ ဘာကြောင့် ကြီးကြီးတို့အိမ်မှာ မနေသည်ကို တွေးနေမိလေသည်။

"ငါ့မှာ အားကိုးစရာဆိုလို့ မင်းပဲရှိတယ် မဟုတ်လား။ ခုတော့ မင်းကလည်း မရှိ။ အလုပ်အကိုင်ကလည်း ဘာမှ မယ်မယ်ရရ မလုပ်တတ်နဲ့ဆိုတော့"

မေမေသည် စကားကို အဆုံးသတ်အောင် မပြောဘဲ နောက်သို့ လှည့်ကြည့်လိုက်သည်။ ကျွန်တော်က မေမေ ဘာဆိုလိုသည်ကို ရိပ်မိလိုက်ပေသည်။ မေမေသည် မပြောမပြီးသည့်ကိစ္စမို့ သူ နောက်အိမ်ထောင် ပြုသည့်အကြောင်းကို ကျွန်တော့်အား ပြောပြ၏။

"မေမေယောကျ်ားက ဘာလုပ်လဲ"

"ခုတော့ ... လက်သမားဆရာပဲ။ အိမ်တို့ဘာတို့ အငှားလိုက်ဆောက်တာပေါ့။ အိမ်ဆောက်ရင်သူ့လာငှား၊ သူကလက်သမားတွေရှာပြီးကြီးကြပ်ဆောက်ရတာပေါ့"

ကျွန်တော်က ဘာမျှ မပြောတော့ပေ။ တကယ်တော့လည်း ကျွန်တော်သည် မေမေ့အိမ်ထောင်ရေး ကိစ္စကို ဘာမျှပြောစရာ မလိုပေ။ မေမေမှာ ကျွန်တော်မရှိသည့်နောက် မြို့ကြီးရန်ကုန်အလယ်တွင် တစ်ကောင်ကြွက် ဖြစ်နေပေလိမ့်မည်။ မိန်းမသားမို့လည်း အားငယ်ပေလိမ့်မည်။ ကျွန်တော်ကိုယ်တိုင်ကလည်း မေမေ့ကို "အမေ့သားဟဲ့ ... " ဟု တင့်တောင့်တင့်တယ်ဖြင့် လုပ်ကျွေးနိုင်သည့်ဘဝ မဟုတ်။ အားကိုးမဲ့နေသည့်အချိန်တွင် သင့်မြတ်သူတစ်ယောက်နှင့် တင့်တောင့်တင့်တယ် ဖြစ်နေသည်ဆိုလျှင်ပင် ကျွန်တော် ဝမ်းသာရမည် မဟုတ်ပါလား။

(၁၁)

မေမေတို့အိမ်မှာ သုံးပင်နှစ်ခန်းဖြစ်၍ တစ်ခန်းတွင် အိမ်ရှင်နေပြီး တစ်ခန်းတွင် မေမေတို့လင်မယား၊ ညီလေးနှင့်ကျွန်တော်တို့ နေကြလေသည်။ ကျွန်တော်ကား ဘာမှ မယ်မယ်ရရ မလုပ်တတ်သဖြင့် အလုပ်လက်မဲ့ဘဝဖြင့် အိမ်မှာပင် အချိန်ကုန်ပေသည်။ ကြာသော် ကျွန်တော်သည် ထိုင်စားဘဝကို ငြီးငွေ့လာလေသည်။ မေမေ့ယောကျ်ားမှာ သဘောကောင်းသော လူအေးတစ်ယောက် ဖြစ်သော်လည်း သူ့လုပ်စာကို ကျွန်တော် အလကား

www.burmeseclassic.com

ထိုင်စားဖန် များသောအခါ အားနာလာပေသည်။ ပထွေးမို့လည်း ကျွန်တော့်မှာ အနေရအထိုင်ရ ကြပ်တည်းသည်ဟု ထင်မိလေသည်။

မေမေတို့အိမ်တွင် နှစ်လလောက် နေပြီးနောက် ကျွန်တော်သည် ဆိပ်ကမ်းသာလမ်းသို့ ထွက်လာခဲ့လေသည်။ ဆိပ်ကမ်းသာလမ်းတွင် မောင်လှ၊ စူလတန်နှင့် ကိုစိန်ကြီးတို့ကို အဆင်သင့်ပင် တွေ့ရပေ၏။ သူတို့ကား အရင်ကလို နေ့လယ်တွင် မျောက်ပန်းလှန်၍ ညတွင် အလုပ်ထွက်လုပ်ကြတုန်းပင် ဖြစ်လေသည်။ နေ့လယ်ဘက်တွင် အမြင့်၏မောင် မောင်ရွှေလည်း တစ်ခါတစ်ခါ ရောက်လာတတ်သေး၏။

ကျွန်တော်သည် သူတို့နှင့်တွေ့သောအခါ ဘဝဟောင်းကို မေ့ကာ ဘဝသစ်သို့ ရောက်နေသည်ဟု ထင်မိ၏။ ဘာကိုမျှအပူအပင် မရှိ၊ အကြောင့်အကြ မရှိ၊ ငွေယားလေးရှိလျှင် မျောက်ပန်းလှန်ကြ၏။ ဘိုင်စကုတ်ကြည့်၏။ ငွေပြတ်လျှင် အလုပ်ထွက်လုပ်လေသည်။

သည်တစ်ခါတွင်မူ ကျွန်တော်တို့တစ်သိုက်မှာ ဖရေဇာလမ်း ညဈေးတန်းတွင် ကျက်စားကြပြီး တွေ့သမျှကို အလစ်သုတ်လေသည်။ ဆင်ဝင်မီးလုံးဖြုတ်ခြင်းမှာ ပြိုင်ဘက်တွေ များလာသဖြင့် ဈေးကျစပြုလာ၏။ ရာလပတ်ကုလားကလည်း သိပ်မဝယ်တော့ပေ။ ဓာတ်မီးဆိုင်များသို့ သွင်းလျှင်လည်း အရင်က တစ်လုံးကို သုံးဆယ့်ငါးကျပ်ဈေးပေါက်သည့် ကြွေရောင် ဆင်ဝင်မီးလုံးကြီးများကို တစ်ဆယ်၊ ဆယ့်ငါးကျပ်လောက်သာ ပေးလေသည်။ သို့တိုင်အောင် ဈေးမသွက်လှ။ ခပ်ထိုင်းထိုင်း ဖြစ်နေ၏။ ထို့ကြောင့် ညဈေးတန်းဆိုင်များမှ အထည်များကို အလစ်ဆွဲ၏။ ညလူခြေတိတ်တွင် ညဈေးတန်း သစ်သီးဆိုင်များကို ဖောက်ကာ ပန်းသီးသေတ္တာထမ်း၏။ နံနက်ကျတော့ ပန်းသီးသေတ္တာကို တရုတ်တန်း သစ်သီးဈေးသို့ သွားရောင်းရလေသည်။ ပန်းသီးသေတ္တာ ပေါက်ဈေးကား နည်းလွန်းလှ၏။ လုပ်ရသည့် အလုပ်ကား မီးလုံးဖြုတ်သလောက် မလွယ်ပေ။ မီးလုံးဖြုတ်ခြင်းမှာ အိမ်မဖောက်ရဘဲ ဆင်ဝင်အောက်ရောက်ရုံနှင့် ကိစ္စပြီး၏။ သယ်ရပိုးရတာ လွယ်၏။ အရောင်းရလွယ်၏။ ပန်းသီးသေတ္တာထမ်းခြင်းမှာ ဆိုင်ကို ဖောက်ရ၏။ သေတ္တာကြီးကို ထမ်းရသေး၏။ တရုတ်တန်း သစ်သီးဈေးမှ ယူလျှင် ရသည့်ဈေးနှင့် ရောင်းပစ်ရ၏။ သို့မဟုတ်လျှင် ပန်းသီးများ ပုပ်ကုန်ပေမည်။

ကျွန်တော်သည် မနေ့ညက ညဈေးတန်းမှ ဖောက်လာသော ပန်းသီးသေတ္တာကို တရုတ်တန်းတွင် ရောင်းပြီး ထမင်းဆာသဖြင့် ပေငါးဆယ်ထိပ် တက္ကစီဂိတ်အနီး တရုတ်ထမင်းဆိုင်ဘက် လျှောက်လာခဲ့လေသည်။

"ဟော့ ကျော်မောင်"

ခေါ်သံနှင့်အတူ ပခုံးပုတ်လိုက်သဖြင့် လှည့်ကြည့်လိုက်သည်။ ကျွန်တော့်ကို ပြုံးကြည့်နေသော ညွန့်ကြွားမှာ ဇန်ကောက်လုံချည် ဖက်ဖူးရောင်၊ ပေါ်ပလင် ရှပ်အင်္ကျီလက်ရှည်အပြာစင်း၊ ရွှေကြယ်သီးတို့ဖြင့် ပြောင်ပြောင်လက်လက် ဖြစ်နေလေသည်။

www.burmeseclassic.com

"ဟော့ ... ညွှန့်ကြွား ... မင်း ဘယ်တုန်းက ပြန်လာသလဲ"

ကျွန်တော်က ဝမ်းသာအားရဖြင့် မေးလိုက်သည်။ ညွှန့်ကြွားကား ကျွန်တော်အမေ့ကျောင်း ရောက်စဉ်က အမှုတန်းလန်းဖြင့် ရုံးထွက်နေပေသည်။

"သိပ်မကြာဘူးကွ ... မင်းသွားပြီး တစ်လလောက်ကြာတော့ အမှုပြီးတာပဲ။ မထင်ရှားဘူးဆိုပြီး လွှတ်ပစ်လိုက်တယ်။ မင်းထမင်းစားပြီးပလား"

"ဟင့်အင်း ..."

ကျွန်တော်က ခေါင်းခါပြလိုက်သည်။

"လာပါကွာ ... ငါဒကာခံပါ့မယ်"

ညွှန့်ကြွားက ကျွန်တော့်ကို ပေငါးဆယ်ထိပ်ရှိ ထမင်းဆိုင်သို့ ခေါ်သွားလေသည်။ ထမင်းဆိုင်မှာပလက်ဖောင်းပေါ်တွင်အမိုးမိုးထား၏။ဘေးတွင်ဆံပင်ညှပ်ဆိုင်လည်း ရှိလေသည်။ ထမင်းဆိုင်တွင် ညီအစ်မနှစ်ယောက် ရောင်းလေသည်။ နှစ်ယောက်စလုံး အသားလတ်လတ်၊ မျက်ခုံးမျက်လုံး ကောင်းကောင်းနှင့် ကိုယ်လုံးကိုယ်ပေါက် တောင့်လေသည်။ အငယ်မကပို၍တောင့်ပြီး ပို၍ကြည့်လို့ လှ၏။ ပို၍လည်း ပြင်ဆင် မွမ်းမံထားလေသည်။ ခေါင်းပေါ်တွင် အမောက်မှာ ဖွာရာကြဲနေ၍ နှုတ်ခမ်းနီကို ထူပျစ်နေအောင် ဆိုးထားပြီး လက်သည်းခြေသည်းလည်း ဆိုးထားလေသည်။ ညာဘက်အံသွားစွယ်ကို ရွှေကွပ်ထားလေ၏။

ဒါ ... ဒို့စားနေကျဆိုင်ပဲ ... " ဟု ညွှန့်ကြွားက စားပွဲတစ်လုံးတွင် ထိုင်ချလိုက်ရင်း ပြော၏။

"ကိုညွှန့်ကြွားကြီးတို့ ဒီနေ့တော့ ရှိုးနဲ့ပါလား" ဟု အငယ်မက ရွှေသွားအစွယ်ကလေးပေါ်အောင် ပြုံး၍မေး၏။ သူ့မျက်လုံးများက လူစိမ်းဖြစ်သော ကျွန်တော့်ဆီသို့ ဝဲလာလေသည်။

"ဒီလိုပေါ့ ... လူလူသူသူလေးဖြစ်အောင်လည်း ဝတ်ရတာပေါ့။ စုတ်စုတ်ပြတ်ပြတ်လာရင် တချို့ဆိုင်တွေက သပ်လက်ခံချင်တာ မဟုတ်ဘူး"

ညွှန့်ကြွားက ရီကြဲကြဲလုပ်၍ ပြော၏။ အငယ်မက မျက်စောင်းတစ်ချက် ထိုးကာ ...

"ခုမှကြီးကျယ်နေလိုက်တာ ... ခါတိုင်းဖြင့် လူရုပ်ပေါ်အောင်တောင် ဝတ်နိုင်တာ မဟုတ်ဘူး။ ကဲ ... ဆို ... ဘာဟင်းနဲ့ စားမလဲ"

"ဘာရှိလဲ"

"အစုံရှိတယ်။ စားချင်တာရမယ် ... ကြက်သား၊ ဆိတ်သား၊ ဆိတ်ကလီစာ၊

www.burmeseclassic.com

ငါးမြင်းချည်ရည်၊ အမဲသားနပ်၊ ချဉ်ပေါင်ကြော်၊ ငပိကြော်၊ စားတော်ပဲကြော်၊ ပဲသီးကြော်"

အငယ်မက ဆိုင်တွင်ရှိသည့် ဟင်းလျာအမယ်စာရင်းကို ပါးစပ်မှရွတ်နေခိုက် ညွန့်ကြွားက လက်ကာပြလိုက်ကာ ...

"ဟိုး ... ဟိုး ... တော်ပြီ။ ဒါတွေ တစ်ခုမှ မစားချင်ဘူး"

"ဘာစားမှာလဲ"

"ဟို ... ဟို ... ဟိုဟာလေ"

"အသေကောင် ... ဒီကဖြင့် အကောင်းမှတ်လို့" ဟု အငယ်မက မျက်စောင်းထိုးလိုက်သည်။ မျက်စောင်းသာထိုးသော်လည်း နှုတ်ခမ်းများက ပြုံးနေပေ၏။ ပြီးမှ ကျွန်တော့်ဘက်ကို တစ်ချက် ဝင့်ကြည့်လိုက်သည်။

"နေပါဦး။ ငါက ဘာပြောသေးလို့လဲ။ ဟိုဒင်းလေ ... ငါးကြင်းခေါင်းအိုး တစ်အိုးလောက် စားချင်လို့"

"ဒါက ကျွန်မတို့ဆိုင်မှာ မရှိဘူး။ ရှင့်အဖေဆိုင်မှာ ရှိတယ်။ ရှင့်အဖေဆိုင် သွားစားချည်" ဟု ပြောကာ ပြုံးနေပြီးမှ "ကဲပါ ... ဘာစားမှာလဲ။ တော်တော်ကြာ လူကျလာရင် သိပ်ရှုပ်နေမယ်" ဟု ပြောလိုက်၏။

သည်တော့မှ ညွန့်ကြွားက ကြက်သားဟင်းတစ်ခွက်နှင့် ဆိတ်ကလီစာဟင်း တစ်ခွက် မှာလိုက်သည်။ သူသည် ထမင်းဟင်းလျာများ တင်ထားသည့် စားပွဲခုံသို့ ပြန်သွားသော အငယ်မ၏ ကိုယ်လုံးကို နောက်မှနေ၍ ကြည့်လိုက်ရင်း ...

"ဘယ့်နှယ်လဲ ... မနိပ်ဘူးလား" ဟု ကျွန်တော့်ဘက်သို့ လှည့်၍မေးလိုက်၏။

"မဆိုးဘူး"

ကျွန်တော်က ပြုံး၍ပြောလေသည်။

"ညီအစ်မတွေ။ အကြီးမက မိစီတဲ့။ အငယ်မက မိရီတဲ့။ ထမင်းလည်း ရောင်းတယ်။ လူရေလည်ရင်လည်း စွံတာပေါ့ကွာ"

"ဟေ့ ... ညွန့်ကြွား ... နင့်သူငယ်ချင်း လှဆောင်ကော ငါ့အကြွေး ပေးမသွားသေးဘူး"

အကြီးမ မိစီ ကျွန်တော်တို့အနားသို့ ရောက်လာ၏။ အကြီးမ မိစီက ထမင်းပွဲဟင်းပွဲပြင်ပေး၍ အငယ်မ မိရီက ထမင်းပွဲများ လိုက်ချလေသည်။ အကြီးမမှာ အငယ်မလောက် စိုစိုပြေပြေ မရှိလှပေ။

www.burmeseclassic.com

"တောခဏပြန်သွားတယ်။ ခင်ဗျားပိုက်ဆံ ရမှာပေါ့ဗျ ... ဘာကြွေးလဲ" ဟု ညွှန့်ကြွားက မေးလိုက်သည်။

"ထမင်းကြွေးပေါ့ဟဲ့။ ဘာကြွေးရမှာလဲ။ ကာလနာကလေး ... မေးလိုက်ရင် ဒီလိုချည်းပဲ။ မဦးမချွတ်နဲ့"

"သိပါဘူးဗျာ" ဟု ညွှန့်ကြွားက ပြုံး၍ ပြောလိုက်သည်။ ဆိုင်တွင် လူရှင်းချိန်ဖြစ်၍ ကျွန်တော်တို့ ထမင်းစားနေတုန်းတွင် ညီအစ်မနှစ်ယောက်စလုံး ကျွန်တော်တို့ ထမင်းပွဲနား လာထိုင်ကာ စကားပြောနေ၏။ သူတို့စကားထဲတွင် ဖဲဝိုင်းအကြောင်းလည်း ပါ၏။ ဆိုက်ကားသမားက သူတို့အပေါ်တွင် ဖြတ်စားလပ်စား လုပ်တာလည်း ပါ၏။ နိုင်လွှန်အကြောင်းလည်း ပါလေသည်။

ကျွန်တော်တို့ ထမင်းစားပြီးသောအခါ ညွှန့်ကြွားက "ဟေ့ ... မိရီ သိမ်းလိုက်" ဟု ဆို၏။ မိရီက "ကောင်းလှပါပြီရှင့်" ဟု ပြီတီတီ ပြောလိုက်သည်။ ညွှန့်ကြွားက ပိုက်ဆံထုတ်မပေးသဖြင့် သူ့မှာ မပါလို့လားဟု အောက်မေ့ကာ ကျွန်တော်က ကျွန်တော့်အိတ်ထဲမှ နှိုက်ပေးလိုက်သည်။

"နေ ... နေ။ သူငယ်ချင်း ... ဒီဆိုင်က ငါ့ဆိုင်လို ဖြစ်နေတာ မပေးနဲ့" ဟု ကျွန်တော့်လက်ကို တားလိုက်သည်။ မိရီက ...

"ကိုညွှန့်ကြွားကြီးနော်။ အော့ဝမ်းကျကြီး ... စကားပြောတာ အပေါ်ကချည်း စီးစီးမပြောနဲ့ ... နေပေ့စေ။ သူ့ဘာသာသူ ပေးလိမ့်မယ်။ ဒီဆိုင်က သူမျိုးဆို့နေကျ။ အိတ်ထဲမှာ ပိုက်ဆံလေးရှိရင် ဆိုင်ဘက်ခြေဦးမလှည့်ဘူး။ မျိုစရာ ဆို့စရာမရှိမှ ဒီဘက်လှည့်လာတယ်"

"ညွှန့်ကြွားလားအေ့။ ဒီသေနာကောင်ကတော့ ဒီလိုချည်းပါပဲ။ ဟို ... မောင်ညွှန့်တို့ လှဆောင်တို့လည်း အတူတူပဲ"

ကျွန်တော်တို့နှစ်ယောက် ထမင်းစားပွဲမှ ထလာကာ အပြင်သို့ ထွက်အလာတွင် အကြီးမ မမိစီက လှမ်းပြောလိုက်သည်။ ညွှန့်ကြွားကား ရယ်နေလေသည်။

အမှန်ကတော့ သည်ဆိုင်မှာ ညွှန့်ကြွားတို့လူသိုက်၏ ဖောက်သည်ဖြစ်၏။ ပိုက်ဆံရှိလျှင် ရက်ရက်ရောရော ပေးလိုက်ကြ၏။ ပိုက်ဆံမရှိလျှင် အကြွေးစားပြီး ရှိတော့မှ တစ်ခါတည်း စုပေါင်း၍ ပေးလိုက်လေသည်။ ညွှန့်ကြွားတို့ လူသိုက်မှာ ပေငါးဆယ်ထိပ်တွင် ကျက်စားကြလေသည်။ သူတို့အသိုက်မှာ ဆယ်ယောက်လောက် ရှိလေသည်။ သည်အထဲတွင် အမေ့ကျောင်းတွင် ကျွန်တော်သိခဲ့သော မောင်ညွှန့်တို့လည်းရှိ၍ ကျွန်တော်မသိသူလည်း ရှိလေသည်။ ကျွန်တော်လည်း ဆိပ်ကမ်းသာလမ်းမှ မပြန်တော့ဘဲ ညွှန့်ကြွားတို့နှင့်ပင် ပေငါးဆယ်ထိပ်မှာ ကျက်စားနေလိုက်သည်။ ပေငါးဆယ်တွင် မျောက်ပန်းဝိုင်းလည်း ကောင်းလှပေ၏။ ဖဲဝိုင်းများနှင့်လည်း နီးပေ၏။ ကျွန်တော်တို့သည် ဖဲဝိုင်းနှင့် မျောက်ပန်းဝိုင်းကို လူးလာခတ်၍ ကူးသန်းနေကြလေသည်။

www.burmeseclassic.com

ညကျလျှင် ထမင်းဆိုင်မှာ အိပ်လေသည်။ မိရီတို့ညီအစ်မမှာ ညနေဆိုင်သိမ်းပြီး ၂၄ လမ်းမှအိမ်သို့ ပြန်ကြလေရာ ညတွင် ကျွန်တော်တို့တစ်သိုက်လုံး ထမင်းဆိုင်ရှိ ခုံများပေါ်တွင် အိပ်လေသည်။ ထမင်းဆိုင်တွင် လူပြည့်နေလျှင် ကပ်လျက် ဆံပင်ညှပ်ဆိုင်တွင် အိပ်၏။ ဆံပင်ညှပ်ဆိုင်တွင် လူပြည့်ပြန်လျှင် ကပ်လျက်ပင်မင်းဆိုင်တွင် အိပ်၏။ ပေငါးဆယ်ထိပ်ရှိ ထမင်းဆိုင်၊ ဆံသဆိုင်နှင့် ပင်မင်းဆိုင် သုံးဆိုင်မှာ ကျွန်တော်တို့၏ အိပ်စက်နားနေရာပေတည်း။

သည်နေရာမှာ ကျွန်တော်တို့အတွက် များစွာ အဆင်ပြေလေသည်။ ဆာလျှင် မိရီတို့ဆိုင်မှာ စားလိုက်သည်။ ဆံပင်ညှပ်စရာရှိလျှင် ဆံသဆိုင်သို့ ဝင်လိုက်သည်။ အင်္ကျီညစ်လျှင် ပင်မင်းဆိုင်သို့ ပေးလိုက်သည်။ ရေချိုးချင်လျှင် ဘေးနားက ပလက်ဖောင်း ရေဘုံဘိုင်တွင် ချိုးနိုင်သည်။ မရှိ၍ မစားရမှာ မပူရ။ မရှိ၍ ဆံပင်မညှပ်ရမှာ မပူရ။ မရှိ၍ အင်္ကျီမဝတ်ရမှာ မပူရ၊ ရှိမှပေး၍ မရှိလျှင် မပေးဘဲနေလိုက်လေသည်။ ကျွန်တော်တို့အဖို့ ပြည့်စုံသော လောကကလေးပေတည်း။ သည်အထဲတွင် မိရီတို့ညီအစ်မလည်း ရှိနေပြန်ရာ ပို၍သာယာစိုပြေကာ ပျော်စရာကောင်းနေပေသည်။ သို့ရာတွင် သည်အချိန်က ကျွန်တော်တို့တတွေမှာ လက်ထဲမှာ ပိုက်ဆံပြတ်သည့်အခါဟူ၍ မရှိ၊ ငွေရွှင်လှပေသည်။ ပိုက်ဆံ မပြတ်အောင်လည်း အလုပ်ထွက်၍ လုပ်ရလေသည်။ ပေငါးဆယ်တစ်ဝိုက်မှ ကျွန်တော်တို့အလုပ်မှာ မော်တော်ကားမီးလုံး ဖြုတ်ခြင်းဖြစ်၏။ ပန်းသီးသေတ္တာ မခြင်း၊ အလစ်သုတ်ခြင်း၊ ဆင်ဝင်မီးလုံး ဖြုတ်ခြင်း စသည်တို့မှာ မသေချာသည့် အလုပ်များဖြစ်၏။ ဆင်ဝင်မီးလုံးဆိုလျှင် စျေးကျနေ၏။ ပန်းသီးသေတ္တာမှာ သယ်ရပိုးရခက်၍ လက်ဝင်၏။ ပုပ်ကုန်လည်း ဖြစ်၏။ အလစ်ဆွဲခြင်းမှာလည်း တစ်ခါတလေ ပေါင်ဒါဘူး၊ ခေါင်းလိမ်းဆီဘူးလောက်နှင့် ကိစ္စပြီးရသည့်အခါ ရှိ၏။ ထို့ကြောင့် သည်အလုပ်များကို စွန့်ခွာလိုက်ပြီး မော်တော်ကားမီးလုံးဖြုတ်လေသည်။ ဂျစ်ကားမီးတစ်လုံးဆိုလျှင်အစိတ်လောက်ရှိ၍ ဆလွန်းကားမီးလုံး ဆိုလျှင် သုံးဆယ်မှ ငါးဆယ်အထိ ရှိလေသည်။

ညတွင် အလုပ်ထွက်လုပ်၍ အိပ်ရေးပျက်လျှင်လည်း အိပ်စရာအတွက် ပူစရာမရှိပေ။ မိရီတို့ ထမင်းဆိုင်မှာ နေ့လယ်တွင်လည်း အိပ်လို့ရလေသည်။ သို့သော် နေ့လယ်တွင် အရောင်းအဝယ်ရှိ၍ ခုံတန်းများပေါ်တွင် အိပ်၍မရပေ။ ထမင်းဆိုင်ရှေ့ မျက်နှာစာတွင် ထမင်းအိုး ... ဟင်းအိုးများတင်သော စားပွဲရှည်ကြီး ရှိ၏။ ရှေ့ဘက်နှင့် ဘေးနှစ်ဘက်တွင် ခြောက်ငါးမူး ပျဉ်ပြားများ အလုံကာထား၏။ နောက်ဘက်တွင်လည်း တစ်ဝက်လောက် ကာထားပြီး အထဲတွင် တိုလီမိုလီပစ္စည်းများ ထားလေသည်။ နေ့လယ်ဆိုလျှင် သည်အထဲမှာပင် အိပ်ကြလေသည်။ သို့ရာတွင် စားပွဲခုံကြီးမှာ တစ်ယောက်သာ ဆံ့သဖြင့် စောစောစီးစီး နေရာဦးထားရ၏။

ကျွန်တော်သည် အိပ်ရေးပျက်သဖြင့် ခေါင်းတွေအုံနေ၏။ မနေ့က ညွှန့်ကြွားတို့နှင့်အတူ ၂၃ လမ်း ကိုသိန်းမောင်တို့အိမ် သို့သွား၍ ဘူကြီးသွားဆွဲရာ မနက်ကိုးနာရီကျမှ ပြန်လေသည်။ ကိုသိန်းမောင်မှာ ဘတ်(စ်)ကားလိုင်းတွင် လက်မှတ်စစ်ဖြစ်ပေ၏။ ဘူကြီးရှုံးလွန်း၍ကိုးမီးဆွဲကာညွှန့်ကြွားကိုဝင်အထိုင်ခိုင်း၏။ ဖဲမှာ တစ်ညလုံး သေလေသည်။ နံနက်လင်းသောအခါ ကျွန်တော်နှင့် ညွှန့်ကြွားတွင် ပါသမျှငွေသာမက ကြယ်သီး၊ လက်ပတ်နာရီ၊ ဗန်ကောက်လုံချည်ပါ

www.burmeseclassic.com

အကုန်ပြောင်ကာ ပေငါးဆယ်ထိပ်သို့ ဘောင်းဘီတိုနှင့် ပြန်ခဲ့ရ၏။ ဆိုးလိုက်တဲ့ ဖဲ။ သည်လောက်ဆိုးတာကို တစ်ခါမှ မတွေ့ဖူးသေးဘူး။

ကျွန်တော်တို့ ပေငါးဆယ်ထိပ်သို့ ရောက်သောအခါ မိရီတို့ညီအစ်မ ဆိုင်ဖွင့်ထားပြီ ဖြစ်၏။ ဆိုက်ကားသမားများနှင့် တေဖော်တေဖက်တွေက ကျွန်တော်တို့ကို ပြောင်ကြ၏။ သူတို့ကသာ မကသေး။ မိရီကလည်း ဘောင်းဘီတိုနှင့် ဝင်လာသော ကျွန်တော့်ကိုကြည့်ကာ "ကျော်မောင် ထိလာပြီထင်တယ်။ ကောင်းတယ် ... ကောင်းတယ် ... အားကြီးကောင်းတယ်" ဟု ရွှေကွပ်ထားသော သွားစွယ်လေးပေါ်အောင် ပြုံး၍ နောက်နေလေသည်။

ကျွန်တော်ကား ပေငါးဆယ်ထိပ်သို့ ရောက်သည့်အချိန်မှစ၍ မိရီဆိုင်မှာပင်စား၏။ ကျွန်တော်စားလျှင် မိရီက ခူးကျွေးလေသည်။ အကြီးမ မိစီကမူ ကျွန်တော့်ကို "ငကျော်" ဟု ခေါ်၍ မိရီကွယ်ရာတွင် "ငဲ့မတ်ကလေး" ဟု နောက်၍ ခေါ်တတ်၏။ အမှန်ကတော့ အမကြီးရော ... အငယ်မရော ကျွန်တော်တို့ကို မြူ၍စားနေကြခြင်း ဖြစ်၏။ ကျွန်တော်တို့တွင် ငွေစရှင်လျှင် အကျႌ၊ လုံချည် အဆင်ဆန်းလျှင် ဝယ်ခိုင်း၏။ နှုတ်ခမ်းဆိုးဆေး၊ ရေမွှေး စသည်တို့ကိုလည်း အဝယ်ခိုင်း၏။ ကျွန်တော်တို့ကလည်း မဆိုင်းမတွ ဝယ်ပေးလိုက်ကြသည်ပင် ဖြစ်၏။ ဒါမျိုးတော့ ကုန်ချင်လည်း ကုန်ပေ့စေပေါ့။

မိရီမှာခေါင်းပေါ်တွင်ဆံပင်တွေဖွာနေအောင်အမောက်ထောင်ထားကာမျက်နာတွင် မိတ်ကပ်တွေ ဖွေးနေအောင် လိမ်းထား၏။ နှုတ်ခမ်းကလည်း နီရဲနေလေ၏။ ကွမ်းရိုးစင်းနိုင်လွန်ကို ဝတ်ထားလေရာ သူ့ရင်အုံမို့မို့ကို တစေ့တစောင်း မြင်ရပေ၏။

"ကာလနာကလေး ... မနေ့က ဝတ်သွားတဲ့ ဗန်ကောက်လုံချည် ပြုတ်လာပြီပေါ့ ... ဟုတ်လား" ဟု အကြီးမ မိစီက ဆီးမေး၏။

"သူ့မယားများရှိရင် မယားတောင် ဖဲပေါင်ရိုက်မလား မသိဘူး။ သူ့မယားတော့ သေပေရော့ပဲ"

မိရီက စားပွဲခုံကို အဝတ်ဖြင့်တိုက်ရင်း ပြောလိုက်၏။ စားပွဲရှေ့သို့ ကုန်း၍နေသဖြင့် သူ့ခါးမှ နိုင်လွန်အကျႌသည် ဘော်လီအကျႌအစပ်နားအထိ တက်နေလေသည်။

"တစ်ညလုံး မအိပ်ရလို့ ခုမှ စက်တော်ခေါ်မလို့ မဟုတ်လား။ နေရာမပေးနိုင်ဘူး" ဟု မိစီက ပြော၏။

"လုပ်ပါဗျ ... အိပ်ချင်လို့ပါ"

"မပေးနဲ့ ... မစီ ... မပေးနဲ့။ သေချင်ရာ သေနေပြီး နေ့ကျမှ ပြန်လာ။ ဆိုင်မှာ ညညစိတ်ချရအောင် စောင့်အိပ်မလားလို့ မှတ်တယ်။ ဖဲချည်းပဲ လျှောက်ရိုက်"

ကျွန်တော့်ကို မိရီက မာန်လေသည်။ မိရီမာန်ပုံမှာ ပိုင်စိုးပိုင်နင်း နိုင်လှပေ၏။ သို့ရာတွင် သည်လိုအပြောကလေးတွေမှာ သာယာသလိုလို ရှိသော်လည်း

www.burmeseclassic.com

ကျွန်တော်တို့ ပတ်ဝန်းကျင်တွင် ပြောနေကျဖြစ်၍ ဘာမျှမထူးဆန်းတော့ပေ။

ဆိုင်မှာလူကျလာပြီဖြစ်၍ ကျွန်တော်လည်း စားပွဲခုံအောက်တွင် အိပ်ရန် စားပွဲနားသို့ ထလာခဲ့သည်။ ကျွန်တော်က ငုံ့၍ စားပွဲအောက်သို့ လျှိုဝင်မည်အပြုတွင် မိရီက စားပွဲအောက်သို့ဝင်မည့် အပေါက်ဝမှရပ်၍ ကာထားလိုက်သည်။ ကျွန်တော်က စားပွဲအောက်တွင်ထိုင်လျက် သူက စားပွဲခုံရှေ့တွင်ရပ်လျက်။

"မိရီ … ဖယ်ပေးပါဟာ … အိပ်ချင်လို့ပါ"

"ဖယ်ဘူး … အိပ်ချင်ရင် သေလိုက်ပါလား"

သူက စားပွဲခုံရှေ့တွင် ကာ၍ရပ်ထားရင်း ကျွန်တော့်ကို ငုံ့ကြည့်ပြီး နှုတ်ခမ်းစူ၍ ပြောလိုက်သည်။ သူ့ကိုကလည်း မွှေးကြိုင်နေပေ၏။

"ကဲဟာ … မဖယ်ဦး"

ကျွန်တော်က ကျွန်တော့်မျက်စိရှေ့တွင်ဖြစ်၍ မိုးတင်းရင်းနေသော သူ့ပေါင်ကို လိမ်၍ဆွဲလိုက်သည်။

"အလယ် … လယ် … နာလိုက်တာ … အသေကောင် … သွား … သွား အဲဒီထဲမှာ သေချည်။ ထွက်မလာခဲ့နဲ့ … "

သူက ပေါင်များကို ပွတ်ရင်း ကျွန်တော့်ခေါင်းကို ဒေါင်ကနဲမြည်အောင် ခေါက်ပြီး နေရာဖယ်ပေးလိုက်၏။ သည်တော့မှ ကျွန်တော်လည်း ငုံ့လျှိုးကာ စားပွဲခုံအောက်သို့ဝင်၍ ကိုယ်ကိုဆန့်ပြီး လှဲချလိုက်ရသည်။ သို့ရာတွင် ကောင်းကောင်း အိပ်မပျော်ပေ။ ဆိုင်ရှေ့က လမ်းသွားလမ်းလာတွေကလည်း ဆူလှ၏။ ဆိုင်ထဲတွင် ထမင်းစားလာသူတွေ အသံကလည်း ဆူ၏။ စားပွဲပေါ်က ဟင်းအိုးဖုံးလှန်သံ၊ ပန်းကန်ချသံ၊ ဇွန်းသံနှင့် "ထမင်းတစ်ပွဲ … ဆိတ်ကလီစာဟင်းနဲ့ ထမင်းလိုက်ပွဲတစ်ပွဲလည်း ပေးပါ" ဆိုသည့်မိရွှေရီ၏ အသံကလည်း တစာစာရှိ၏။ သို့ရာတွင်ညက အိပ်ရေးပျက်ခဲ့သဖြင့် သည်ဆူသံတွေကြားထဲကပင် မေးကနဲ ပျော်သွားလေသည်။

ကျွန်တော် အိပ်ရာမှ နိုးလာသောအခါ မိရွှေရီ၏အသံကို ကြားရပြန်၏။ မိရွှေရီသည် စားပွဲခုံနောက်တွင် ရပ်၍ ထမင်းပြင်နေဟန်တူ၏။ စားပွဲပေါ်မှ ဇွန်းသံ၊ ပန်းကန်သံများကိုလည်း ကြားရလေသည်။ ကျွန်တော်က စားပွဲခုံအောက်မှ လှဲနေသဖြင့် မိရီ၏ပေါင်တံများကို မြင်နေရလေသည်။ မိရီ၏ပေါင်တံများမှာ ရှည်လျား၍ သွယ်ဆင်းလာသော ကျားခေါင်းပါတိတ် လုံချည်အောက်တွင် တင်းရင်းနေပေ၏။ ခြေထောက်များတွင် သနပ်ခါးလိမ်းထား၍ ခြေဖမိုးပေါ်တွင် ဖွေးနေပေသည်။ ညွှန့်ကြွားတို့၊ လှဆောင်တို့တတွေ သည်စားပွဲခုံအောက်ကို ဒါကြောင့် လုကြတာကိုးဟုလည်း တွေးမိသည်။ သူတို့သည် စားပွဲခုံအောက်တွင် ပက်လက်လှန်ရင်း စားပွဲခုံနားတွင် ထမင်းပြင်ရန် ရပ်သော ညီအစ်မကို လက်သရမ်းတတ်ကြသည်။ ကျွန်တော်သည် ကျွန်တော့်အနားတွင် လာရပ်သော

www.burmeseclassic.com

မိရီ၏ပြည့်ဖြိုးသော ပေါင်တံများကို စိတ်ရှိလက်ရှိ လိမ်ဆွဲပစ်လိုက်ချင်လေသည်။

"ကျော်မောင် ... ထ ... ထ ... နင့်ယောက်ဖ ညွန့်ကြွားလာခေါ်နေပြီ"

ကျွန်တော်က မိရီ၏ကိုယ်အောက်ပိုင်းကို ကြည့်နေစဉ် မိရီကခေါင်းငုံ့ကာ ကျွန်တော့်ကို လှမ်းနှိုး၏။ ကျွန်တော်က ယခုမှ နိုးချင်ဟန်ဆောင်ကာ အင် ... အာ ... လုပ်ရင်း စားပွဲခုံအောက်ခံ ကြမ်းပြင်ပေါ်တွင် နင်းထားသည့် မိရီ၏ ခြေထောက်တစ်ဖက်ကို ပေါင်ဖြင့် ဖိထားလိုက်ပြီး ပေါင်ကို ဆွဲလိမ်လိုက်သည်။ မိရီက ကျွန်တော့်ပေါင်ကို ခြေမခြေညှိုးဖြင့် ညှပ်၍လိမ်ဆွဲရင်း ...

"ထလို့ဆိုနေ ... ညွန့်ကြွားလာခေါ်နေတယ်"

"ဟင့်အင်း ... မထဘူး"

ကျွန်တော်က ချွဲပျစ်ပျစ်ပြောကာ ကျွန်တော့်ပေါင်ကို လိမ်နေသော ခြေထောက်ကို ဖမ်းဆုပ်ထားလိုက်ပြီးမှ ထမီအောက်သို့ လက်လျှို၍ဝင်ကာ ခြေသလုံးသားများကို ရှောတိုက်ပွတ်သပ်ပြီး ဆုပ်နယ်နေလေသည်။ မိရီ၏ ခြေသလုံးများကို ဆုပ်နယ်ရင်း အမြင့်၏ခြေသလုံးကို နမ်းနေသော ကုလားကြီးကို သွား၍ အမှတ်ရနေပေသည်။

"ထရှင့် ... လူကို ဘာများအောက်မေ့နေသလဲ မသိဘူး။ ဖယ်ပါ လူတွေမြင်ကုန်မယ်" ဟု မှုသံဖြင့် ဆိုလေသည်။ ကျွန်တော်ကလည်း မှုသံဖြင့်ပင် ...

"ဟင့်အင်း ... ထဘူး။ ဒီလို နေချင်တယ်"

"ဘာလဲ ... ငါ့ကို နင့်မယားများ အောက်မေ့နေသလား"

"အင်း ... "

"ငါ့ ယူချင်ရင် ... နင် ဆံပင်ကောက်ခတို့ ဘာတို့ ပေးမှပေါ့ဟဲ့။ ပြီးတော့ နိုင်လွန်ဖိုး၊ ဂျော့ဂျက်ဖိုး၊ နှုတ်ခမ်းဆိုးဆေးဖိုး၊ ပါးဆိုးဆေးဖိုး၊ မျက်တောင်ကော့ဆေးဖိုး"

မိရီက မမတို့၏ မဆုံးနိုင်သော ပစ္စည်းစာရင်းဖိုးကို ပါးစပ်က တတွတ်တွတ် ရွတ်နေ၏။ ကျွန်တော်ကား မိရီရွတ်နေသည့် မမတို့၏ ပစ္စည်းစာရင်းကို မကြားတော့ပေ။ မိရီ၏ ပြည့်ဖြိုးအိစက်နေသော ခြေသလုံးသားများကိုသာ ဆုပ်နယ်နေလေသည်။ အတန်ကြာတော့မှ မိရီက ကျွန်တော့်ပေါင်ကို ခြေထောက်ဖြင့် ခပ်ဆတ်ဆတ် တစ်ချက်ကန်လိုက်ပြီး ...

"ငါပြောတာ ကြားရဲ့လား ... အသေကောင်" ဟု ယဉ်ကျေးစွာ မေးပါသည်။

"အင်း ... "

"အေး ... ဒါပဲ။ အဲဒါတွေ ဝယ်ပေးနိုင်ရင်ယူ"



www.burmeseclassic.com

"မပေးနိုင်ရင် ... "

"မပေးနိုင်ရင် မယူနဲ့ပေါ့"

"မိရီရာ ... နင့်မှာ ချစ်တယ်ဆိုတာ မရှိဘူးလား" ဟု ကျွန်တော်က ချွဲပျစ်ပျစ်ဖြင့် မေးလိုက်သည်။ တကယ်လည်း ကျွန်တော့်မှာ အချစ်ဆိုတာကို တောင့်တနေချိန် ဖြစ်ပေသည်။

"ဟာ ... ဟာ့ ... ရီချင်တယ်ကွာ။ နင်ကလား အချစ်လို့ပြောတာ။ အချစ်ဆိုတာဟာလဲ။ ဂျိုနဲ့လား ... ဟုတ်လား။ ဟေ့ ... ကျော်မောင်၊ အချစ်တွေဘာတွေ နားမလည်ဘူး။ ဘယ်လောက်ဘဲ ချစ်ချစ်၊ ကောင်းကောင်း မစားရ၊ ကောင်းကောင်း မဝတ်ရရင် ဘာသွားချစ်မှာလဲ။ ချစ်လှချည်ရဲ့လို့ပြောပြီး နင်က ဖဲချည်းပဲ ရိုက်နေပြီး ငါ့မှာ ဝတ်ချင်တာမဝတ်ရ။ စားချင်တာ မစားရရင် ဘာသွားလုပ်မှာလဲ။ လင်ယူတယ်ဆိုတာ ... ခုလို ဝတ်စားနေရတာထက်ပိုပြီး ဝတ်ရ၊ စားရမလားလို့ ယူတာဟ။ ခုလောက်မှ မဝတ်ရ မစားရဘဲ ဝတ်တတ်ပြတ်ပြတ်နဲ့ သွားနေရတာဆိုရင် ဘာလုပ်မှာလဲ။ ဒီလိုလင်တော့ လိုချင်ပေါင်။ ကိုယ့်ဘာသာကိုယ် ဖြစ်သလို ရှာဖွေပြီး ဝတ်စားနေတော့မယ်။ နင်တို့ပြောတဲ့ အချစ်တွေဘာတွေလည်း နားမလည်ဘူး။ တရုတ်ကြီးပြောသလို (ကောင်းကောင်းစားရလယ်နော် ... ချစ်လယ် ... အားကီး ချစ်လယ်၊ ကောင်းကောင်း မီစားရဘူး။ ကောင်းကောင်း မီဝတ်ရဘူးနော် ... မီချစ်ဘူး ... စွား) ထဲကဘဲ"

မိရီက တရုတ်လေသံဖြင့် ခေါင်းကို ရမ်းကာပြောနေ၏။ ကျွန်တော်သည် မိရီ၏ အဘိဓမ္မာကိုတွေး၍လန့်သွားလေသည်။ မိရီသည် ဘော်လီဘိုး၊ ထမီဘိုးအတွက်ဖြင့် ကိုယ့်ကိုယ်ကို ရောင်းစားရန် မခဲယဉ်းသော မိန်းမစားမျိုးသာတည်း။

ကျွန်တော်ကား အချိန်တန် အရွယ်ရောက်၍ လူလားမြောက်လာပြီ ဖြစ်၏။ ကျွန်တော့်စိတ်တွင် အချစ်၏ အဘိဓမ္မာကို ပြည်းစမ်းကြည့်ချင်နေလေသည်။ မိရီ၏ သေးမျှင်သော မျက်ခုံး၊ ကော့ရွှန်းသော မျက်တောင်အောက်မှ တောက်ပသော မျက်လုံးများ၊ နီထွေးနေအောင် ဆိုးထားသည့် နှုတ်ခမ်းနီနီများသည် ကျွန်တော့်ရင်ကို တလှပ်လှပ် ခုန်စေ၏။ ဒါကိုပင် အချစ်ဟု ဆိုရမည်လား မသိပေ။

ကျွန်တော်သည် မိရီကိုယ်ခန္ဓာကို ပိုင်ဆိုင်ချင်၏။ မိရီ၏ အချစ်ကို ပိုင်ဆိုင်ချင်၏။ မိရီ၏ တောင်းဆိုချက်ဖြစ်သည့် ဂျော်ဂျက်တို့၊ နိုင်လွန်တို့သည် မိရီ၏ ခန္ဓာကိုယ်၊ မိရီ၏ အချစ်နှင့်စာလျှင် ဘာတန်ဖိုးရှိပါသနည်း။ သည်ပစ္စည်းတွေနှင့် လဲလို့ရသော ငွေဆိုသည့်အရာကို ကျွန်တော် တစ်ညထွက်လိုက်လျှင် ပက်ကနဲ ... ရလာသည် မဟုတ်ပါလား ... ။

"နင် ဘာလိုချင်သလဲ ... ကောင်းကင်ပေါ်က ကြယ်တွေယူချင်သလား။ ငါ့အသွေးတွေ၊ ငါ့အသဲနှလုံးတွေ၊ ငါ့အသားတွေ လိုချင်သလား၊ နင် လိုချင်တာ အကုန်ရှာပေးမယ်"

www.burmeseclassic.com

ကျွန်တော်က အချစ်ဝတ္ထုများ၊ အချစ်သီချင်းများထဲတွင် တွေ့ရတတ်သည့် စကားလုံးတွေကိုရွတ်ကာ ရီကျဲကျဲလုပ်ရင်း ပြောလိုက်သည်။ မိရီက မျက်ခုံးကလေးချီချီ၊ မျက်လုံးကလေး ရီတီတီဖြင့် ...

"ဟာ ... ဟာ့၊ ရီစရာကောင်းလိုက်တာ။ နင် ပြောတာတွေ တစ်ခုမှ မလိုချင်ဘူး။ ပိုနေတာပဲ။ ကြယ်တွေက ဘာလုပ်ရမှာလဲ။ နင်ယူလို့ကော ရမှာလား။ နင့်အသွေးတွေ၊ နင့်အသဲနှလုံး ကျောက်ကပ်တွေကကော ... ဘာလုပ်မှာလဲ။ စားလို့လည်း မရဘူး။ နင့်ဟာတွေ ဘာမှမလိုချင်ပါဘူး။ ငါလိုချင်တာ ဂျော်ဂျက်ရယ်၊ နိုင်လွန်ရယ်၊ နှုတ်ခမ်းနီဆိုးဆေးရယ်၊ တရုတ်ဆိုင်က ခုံမြင့်ဖိနပ်အကောင်းစား တစ်ရံရယ်။ ရေမွှေး ကောင်းကောင်းရယ်။ ပုံနဲ့ ဘော်လီ ကောင်းကောင်းရယ်။ ပိုက်ဆံများများရယ် ... ပြီးတော့"

"အမလေး ... တော်ပါတော့ဟာ။ ငါသိပါတယ်။ နင်လိုချင်တာ ရစေ့မယ်။ ရစေ့မယ် ... စိတ်ချ။ ဒီလောက်များတော့ စာဖွဲ့မနေနဲ့။ ဒါတွေရရင် ငါ့ကို ချစ်မယ်ပေါ့ ဟုတ်လား"

မိရီက ဘာမျှမပြော၊ ပြုံး၍ နေလေသည်။ ကျွန်တော့်ကို မှိုး၍ကြည့်နေသဖြင့် သူ့ပါးများသည် ဖောင်းအိနေကြလေသည်။

"ပြောလေ ... ဒါတွေရရင် ချစ်မှာလား"

"ဒါပေါ့ဟ ... ဒါတွေရရင် ဘယ်သူ့ဖြစ်ဖြစ် ချစ်မှာပဲ။ ကောင်းကောင်း ဝတ်ရတယ်။ ကောင်းကောင်းစားရလယ်နော်။ ချစ်လယ်။ အားကီးချစ်လယ်။ တိတ်ချစ်လယ်။ ကောင်းကောင်း မိဝတ်ရဘူး။ ကောင်းကောင်း မီစားရဘူးနော် ... မီချစ်ဘူး။ နမ်းစိလောက်မှ မီချစ်ဘူး"

မိရီသည် သူပြောသည့် တရုတ်ကြီး၏ အဘိဓမ္မာကို ပြော၍ ရယ်နေလေသည်။ မိရီသည် တစ်ခါက ဂျော်ဂျက်တို့ နိုင်လွန်တို့ ဝယ်ပေးခဲ့သော တရုတ်ကြီးထံမှ သည်အဘိဓမ္မာကို ရလာခဲ့လေသလား မသိပေ။

မိရီ၏ အချစ်သည် ဂျော်ဂျက်တစ်ထည်စာ၊ နိုင်လွန် တစ်ဝတ်စာလောက်နှင့်ဆိုလျှင် စျေးပေါလွန်းလှချေကလား။

"ကဲ ... ကဲ ... ထ။ ညွန့်ကြွားလာနေပြီ"

မိရီကစားပွဲခုံနောက်ဘက်အပေါက်တွင်ရပ်နေရာမှဖယ်ပေးသဖြင့်ကျွန်တော်လည်း လူးလဲထကာ ငုံ့၍ထွက်လိုက်သည်။ ဆိုင်တွင် လူတော်တော် ရှင်းသွားပြီဖြစ်၍ ညွန့်ကြွားနှင့် မိစီသည် စားပွဲတစ်လုံးတွင် ထိုင်၍စကားပြောနေကြ၏။

"ဟေးကောင် ... အိပ်လှချည်လား။ ငါတော့ ဆံပင်ညှပ်ဆိုင် လူရှုပ်နေလို့ တစ်မေးဘဲ မေးခဲ့ရတယ်။ ထလေကွာ။ ကိုသိန်းမောင်တို့အိမ်မှာ ဝိုင်းဖြစ်နေပြီ"

ကျွန်တော်က ထမင်းစားပွဲခုံနားရှိ သံစည်ပိုင်းထဲမှ ရေတစ်ခွက် ခပ်ယူကာ

www.burmeseclassic.com

မျက်နှာသစ်ပြီး အိတ်ထဲတွင်ရှိသည့် ဂျပန်ပုဝါကလေးနှင့် သုတ်လိုက်၏။

"မီရီ ထမင်းကျွေးပါဦး"

"မရှိဘူး ... "

မိရီက သံပြတ်ဖြင့် ဖြေ၏။ ကျွန်တော့်ကို စိတ်ဆိုးနေပုံဖြစ်၏။ သို့ရာတွင် သူ့မျက်လုံးများနှင့် မျက်နှာထားကား ပြုံးစစနဲ့ ရှိပေ၏။

"လုပ်ပါဟ ... "

"ကျွေးရင်လည်း ကျွေးလိုက်စမ်းပါအေ ... နားညည်းလွန်းလို့။ လူနာအမဲခြောက်တောင်းတာကျနေတာပဲ"

"မရှိပါဘူးလို့ဆိုနေ ... ဘာကျွေးရမှာလဲ ... ပဲသီးကြော်နဲ့ ချဉ်ပေါင်ကြော်ပဲ ရှိတော့တယ်"

"ရှိတာပဲကျွေး" ဟု ညွန့်ကြွားက စပ်ဖြဲဖြဲနှင့် ပြော၏။

"ဘာလဲ အသေကောင် ... ရှင့်ကို မကျွေးဘူး"

"ဒို့တော့ ဘယ်ကျွေးမလဲ။ နင်က နင့်အဆက်ပဲ ကျွေးမှာပေါ့" ဟု ဆိုသဖြင့် မိရီက ညွန့်ကြွားကို မျက်စောင်းထိုးလိုက်သည်။ ကျွန်တော်က ...

"အဲဒါနဲ့ပဲ စားမယ် ... "

သည်တော့မှ မိရွှေရီသည် ထမင်းခူးလာလေသည်။

"မိရီက ဒါတွေ ချစ်စရာကောင်းတာ ... "

"တော်စမ်းပါ ... သွားချင်ရာသွား။ အိပ်ချင်ရာအိပ်ပြီး မျိုချင်ဆို့ချင်တော့မှ ပြန်လာ"

မိရီက ကျွန်တော့်ကို ကြိမ်း၏။ ကျွန်တော်ကား မိရီကြိမ်းသည်ကို သဘောကျနေလေ၏။

"မင်းမှာ ပိုက်ဆံရှိသလား"

ကျွန်တော်က ထမင်းစားရင်း ညွန့်ကြွားကို မေးလိုက်၏။ ညွန့်ကြွားက ခေါင်းခါပြလေသည်။ ကျွန်တော်တို့ နှစ်ယောက်ထဲရှိတော့မှ ညွန့်ကြွားသည် အနားကပ်လာကာ "ဘယ်ရှိမလဲကွ။ မနေ့ညကဟာ အကုန်ပဲ။ အလုပ်ကလေးဘာလေး ထွက်လုပ်ဦးမှ ဖြစ်မှာပေါ့" ဟု ခပ်တိုးတိုး ပြောသည်။

www.burmeseclassic.com

ကျွန်တော်က အလုပ်လုပ်ရမည့် နေရာကို စဉ်းစားကြည့်၏။ နေ့ခင်း ကြောင်တောင်ကြီးဖြစ်၍ အလုပ်လုပ်စရာ အကွက်ကောင်းကို မမြင်။ မနေ့ညက ရှုံးထားသောကြောင့်လည်း စိတ်ထဲတွင် ဂဏှာမငြိမ် ဖြစ်နေသည်။

"အင်း ... ဒါဖြင့် ဒီမှာ စောင့်နေဦးကွာ ... ငါအခြေအနေ အကဲခတ်သွားဦးမယ် ..."

ကျွန်တော်က မိစီဆီမှ စီးကရက်တစ်လိပ် တောင်းညှိကာ ကျုံးကြီးလမ်းဘက်သို့ ထွက်ခဲ့သည်။ ကျုံးကြီးလမ်းတစ်လျှောက်မှ လတ္တာလမ်း ဟောင်ကောင်ဟော်တယ်သို့ လျှောက်လာခဲ့သည်။ ဟောင်ကောင်ဟော်တယ်ရှေ့နှင့် ဆေးကောလိပ်ရှေ့တွင် ဆလွန်းကား၊ ဂျစ်ကားများကိုမြင်ရ၏။ ကျွန်တော်သည် အနားသို့လျှောက်သွားကာ လူရိပ်လူခြေကို ကြည့်၏။ လူရှုပ်သဖြင့် အသာပြန်လှည့် လာခဲ့၏။ ပြန်လျှောက်လာခဲ့ပြီး အခြေအနေကို အကဲခတ်ရပြန်သည်။

ကျုံးကြီးလမ်းမြောက်ဘက် ဆေးရုံကြီး သူနာပြုဆရာမများ ဂေဟာဘေးတွင် ကြက်ခြေနီခတ်ထားသည့် သူနာပြုကားကြီးတစ်စင်းကို သွား၍ မြင်လေသည်။ ဆေးရုံဝင်းထဲမှာ လူပြတ်နေ၏။ အလုပ်လုပ်ရန်အတွက် အကွက်ကောင်းပေတည်း။

ကျွန်တော့်မှာ ဆံပင်ညှပ်ဆိုင်က လုံချည်တစ်ထည်ကို ဆွဲဝတ်လာပြီး စွပ်ကျယ်အကျႌနှင့် ဖြစ်၏။ ဆေးရုံအလုပ်သမားလိုလို ဘာလိုလိုနှင့်ပင် ဆေးရုံဝင်းထဲသို့ ဝင်ခဲ့လေသည်။ သူနာပြုကားနားတွင် ဘယ်သူမှ မရှိ။ နိတ်ဟ ... ကျော်မောင်တို့အတွက် အကွက်ကောင်းပဲ။ ဒီလောက်လူပြတ်တာမှ မလုပ်ရင် ဘယ်မှာ သွားလုပ်တော့မတုံး။

ကျွန်တော်သည် သူနာပြုကား ရှေ့မီးတစ်လုံးကိုဖြုတ်ပြီး ပုဆိုးခါးပုံထဲတွင်ထုတ်ကာ ပြန်ထွက်လာခဲ့သည်။ ကျုံးကြီးလမ်းဘက်အစ အရောက်တွင် လမ်းမပေါ်မှ တက်လာသောဒရဝမ်နှင့်ပက်ပင်းတိုးလေသည်။ဒရဝမ်သည်ကျွန်တော့်ကိုကြည့်ပြီး သင်္ကာမကင်းဖြစ်လာကာ ကျွန်တော့်ခါးပုံစကို ဆွဲနေ၏။ ကျွန်တော်က ပြေးမည်အပြုတွင် ဒရဝမ်က ကျွန်တော့်ကိုဝင်လုံးပြီး ပါးစပ်က အော်လေသည်။

ခဏကြာတော့ ဆေးရုံအလုပ်သမားများ ရောက်လာပြီး ဆေးရုံအုပ်ကြီးဆီသို့ ပို့လေသည်။ ဆေးရုံအုပ်ကြီးက ပုလိပ်လက်သို့ အပ်လိုက်၏။ ပုလိပ်က ရုံးတင်တရားစွဲပြီး အမေ့ကျောင်းသို့ တစ်နှစ်ခွဲ ပို့လိုက်လေသည်။ အမေ့ကျောင်းကို ဒုတိယအကြိမ် ရောက်ခြင်းပေတည်း။

အမေ့ကျောင်းမှာ တော်တော်စည်းကမ်းတကျ ဖြစ်နေသည်ကို တွေ့ရလေ၏။ ကျွန်တော့်မှာ တစ်နှစ်ခွဲချပြီးဖြစ်၍ ရမန်ခန်းတွင် မနေရတော့ပေ။ နံနက်လင်းလျှင် တောင်ယာလုပ်ရ၏။ တောင်ယာမှာ ပန်းပင်စိုက်၊ ရေမြောင်းဖောက်၊ ပေါင်းသင်၊ မြက်ခုတ်၊ ပန်းပင်ရေလောင်း၊ ခြံစည်းရိုးညှပ် စသည့် ထွေရာလေးပါး အလုပ်တွေ ဖြစ်လေသည်။ ကျွန်တော်ကား မထူးတော့သည့်ဘဝမို့ အမေ့ကျောင်းတွင် ပျော်နေလေသည်။ သို့ရာတွင် ကျွန်တော်သည် ကြာကြာ မပျော်ချေ။ လေးလလောက်ကြာလျှင်ပင် ငြီးငွေ့လာပေပြီ။

www.burmeseclassic.com

သည်အချိန်က အင်းစိန်တစ်ဝိုက်တွင် ကရင်သူပုန်နှင့် အစိုးရတပ် တိုက်ပွဲဖြစ်ချိန်မို့ အမြောက်သံ၊ သေနတ်သံများကို အင်းလျားလမ်း အမေ့ကျောင်းမှ နေ့ညမပြတ် ကြားနေရလေသည်။ ကျွန်တော်ကား သည်လိုအချိန်တွင် အပြင်၌ လွတ်လွတ်လပ်လပ် နေချင်၏။ အခွင့်သာခိုက်တွင် အလုပ်လုပ်ချင်၏။

ကျွန်တော်သည် ညနေတောင်ယာတွင် ပန်းပင်ရေလောင်းပြီး ပန်းခရားကို တိုင်တွင် ချိတ်ထားလိုက်သည်။ အမြောက်သံများ မြည်ဟီးနေလေ၏။ အမေ့ကျောင်းမှာ ခါတိုင်းနှင့်မတူ။ ယနေ့မှ ပို၍ တိတ်ဆိတ်ကာ ပို၍ လူပြတ်သည် ထင်ရ၏။ ကျွန်တော်သည် ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ပြီး ပုဏ္ဏရိပ်ခြံစည်းရိုးကို ဖြိုကာ အင်းလျားကန်ဘက်သို့ ထွက်လာခဲ့လေသည်။ အင်းလျားကန်စပ်သို့ အရောက်တွင် အမေ့ကျောင်းဘက်မှ သံချောင်းမွေသံများကို ကြားရလေသည်။ လူစစ်၍ လူပျောက်ကြောင်း သိသဖြင့် အချက်ပေးခြင်းပေတည်း။ သည်တော့မှ ကျွန်တော်သည် အင်းလျားကန်စပ် ခြုံတစ်ခြုံအောက်တွင် ပုန်းနေလိုက်သည်။ မိုးစုံးစုံးချုပ်တော့မှ အင်းလျားကန်ဘေးရှိ ဘီ၊ အို၊ စီ ဝင်းကိုဖြတ်ကာ တက္ကသိုလ်ရိပ်သာလမ်းသို့ ထွက်လာခဲ့ပြီး မြို့ထဲဘက်သို့ ပြန်ခဲ့လေသည်။ နဂါးဘက်(စ်)ကားသည် မြို့ထဲဘက်သို့ ပြေးနေလေသည်။

*

(၁၂)

ကျွန်တော့်မှာ ဘယ်ကိုမှ သွားစရာမရှိပေ။

သည်အချိန်မှာ ညွှန့်ကြွားတို့တစ်တွေ ဘာများလုပ်နေပါလိမ့် ကိုသိန်းမောင်အိမ်တွင် ဝိုင်းကောင်းတုန်း ပေပဲလား။ မိရီတို့ကော အရင်လို ဆိုင်ထွက်တုန်းပဲလား … ။

သည်မေးခွန်းများကြောင့် ကျွန်တော်သည် ပေငါးဆယ်ထိပ်သို့ လျှောက်လာခဲ့ပေသည်။ မိရီတို့ဆိုင် ခုံပေါ်တွင် လှဲနေကြသော လှဆောင်တို့ မောင်ညွှန့်တို့တစ်တွေကို တွေ့ရလေသည်။ သူတို့က ကျွန်တော့်ကို ဝမ်းသာအားရ နှုတ်ဆက်ကြ၏။ ညွှန့်ကြွားကား ပြန်မလာသေးပေ။ သူတို့က အလုပ်လုပ်ရသည်မှာ မလွယ်ကြောင်း၊ မီးလုံးဈေးတွေ ကျနေကြောင်း ပြောကြ၏။ ဂျစ်ကားမီးလုံးဈေးမှာ တစ်ဆယ် ဆယ့်ငါးကျပ်လောက်သာရှိ၍ ဆလွန်းကားမီးလုံးမှာ နှစ်ဆယ် အစိတ်လောက်သာ ရှိလေသည်။

ကျွန်တော်သည် ခါတိုင်းလိုပင် မိရီတို့ဆိုင်တွင်စား၍ မိရီတို့ခုံပေါ်မှာပင် အိပ်လေသည်။ မိရီတို့ကလည်း ကျွန်တော့်ကို ခါတိုင်းလိုပင် မြူဆွယ်သည့်အပြုံးဖြင့် ကြိုဆို၏။ ရီသဲ့သဲ့စကားများဖြင့် နှုတ်ဆက်ကြ၏။ ခါတိုင်းလိုပင် ဘေးဆံသဆိုင်တွင် ဆံပင်ညှပ်၍ ခါတိုင်းလိုပင် အင်္ကျီညစ်လျှင် ပင်မင်းဆိုင်တွင် ပင်မင်းပေးလေသည်။ ကျွန်တော့် စား၊ ဝတ်၊ နေရေးအတွက် အင်မတန် အဆင်ပြေသော နေရာပေတည်း။

www.burmeseclassic.com

ခါတိုင်းလိုပင်ကျွန်တော်လည်းကိုသိန်းမောင်အိမ်တွင်ဖဲရိုက်လေသည်။ နိုင်တလှည့်၊ ရှုံးတစ်ခါပေါ့လေ။ ရှုံးသည့်အခါတွင်လည်း ခါတိုင်းလိုပင် မော်တော်ကားမီးလုံး ဖြုတ်လေသည်။ မော်တော်ကား မီးလုံးဈေးမှာ ဈေးကျသော်လည်း မတတ်နိုင်။ သည်အလုပ်ပဲ ကျွမ်းကျင်သူမို့ ကျွမ်းကျင်ရာကို လုပ်ရပေသည်။

ကျွန်တော်သည် ဖဲရှုံး၍ ဖဲဝိုင်းမှ ထလာကာ မော်တော်ကား မီးလုံးဖြုတ်ရန် ပန်းဆိုးတန်းဘက်သို့ လျှောက်လာခဲ့သည်။ ပန်းဆိုးတန်းမှတစ်ဖန် ဒါလဟိုဇီလမ်းဘက်သို့ ချိုးပြီး သည်ကမှ မြူနီစီပယ်ရုံးဘေး ဘားလမ်းထဲသို့ ဝင်ခဲ့သည်။ မြူနီစပယ်ရုံး နောက်ဘေး ၃၃ လမ်း လမ်းတိုကလေးထိပ်တွင် ရပ်ထားသော ကုန်တင်ကားကြီးတစ်စင်းကို သွားတွေ့လေသည်။ သည်နေရာမှ လူပြတ်၏။ အမှောင်ရိပ်လည်း ရှိလေသည်။ ကျွန်တော်သည် မယောင်မလည်ဖြင့် ကားနားသို့ကပ်ကာ ခါးကြားမှ ဝက်အူလှည့်ကို ထုတ်ကာ ဖြုတ်လိုက်သည်။ ကားမှာ ဗွီအိတ်-ခေါင်းတိုကြီး ဖြစ်၏။ သည်ကားမီးလုံးက အဖြုတ်ရ အလွန်ခက်လေသည်။ သူ့ကိုဖြုတ်နေစဉ် လမ်းထိပ်မှ လက်နှိပ်ဓာတ်မီးရောင်ကို ဝင်းကနဲ မြင်လိုက်ရသဖြင့် ကျွန်တော်သည် မြောက်ဘက်သို့ ခပ်မှန်မှန် လျှောက်လာခဲ့သည်။

လမ်းကြားတွင် မီးရောင်မှာ ခပ်မှိန်မှိန်သာ ရှိ၏။ လက်နှိပ်ဓာတ်မီးရောင်သည် ကျွန်တော့်ကိုယ်ပေါ်သို့ ရောက်လာပြီး စက်ဘီးလေးစင်းသည် ကျွန်တော့်ကို ညှပ်၍ ရပ်လိုက်၏။ သူတို့က ကျွန်တော့်ကို မသင်္ကာဟုဆိုကာ ရှာကြသည်။ ကျွန်တော်ကလည်း လျင်တော့ လျင်၏။ မလျင်၍လည်း မဖြစ်ဘဲကိုး။

သူတို့အနားသို့ ရောက်သည်နှင့် ခါးကြားမှ ဝက်အူလှည့်ကို မြောင်းထဲသို့ ပစ်ချလိုက်သည်။ သူတို့က ကျွန်တော့်ကို ရှာကြ၏။ ဘာမျှ မတွေ့ပေ။ ပုလိပ်တစ်ယောက်က မကျေနပ်သဖြင့် ကားဆီသို့ သွားကြည့်နေ၏။ ကျွန်တော့်ကို ရှာသောပုလိပ်က ဘာမျှမတွေ့သဖြင့် ကျွန်တော့်ကို ပြန်လွှတ်လိုက်၏။ လွှတ်ပြီးမှ မကြာခင် "ဟေ့ ... ဟေ့။ ဖမ်းထား ... ဖမ်းထား။ ဒီကား မီးလုံးဖြုတ်ထားတယ်" ဟု အော်သဖြင့် ပြန်၍ ဖမ်းထားပြန်၏။

"ကျွန်တော်မှ မဖြုတ်ဘဲ"

"ဘယ်က မဖြုတ်ရမှာလဲ။ ဟိုမှာ ဝက်အူတစ်လုံးဘဲ ကျန်တော့တယ်။ ဘယ်မလဲ ဝက်အူလှဲ့"

သူတို့ မကျေနပ်၍ ထပ်ရှာကြပြန်သည်။ ကျွန်တော့်ကိုယ်ပေါ်မှာ ဘာမျှမရှိပေ။ သို့ရာတွင် ကံဆိုးချင်တော့ ပုလိပ်တစ်ယောက်က လက်နှိပ်ဓာတ်မီးနှင့် လမ်းဘေးသို့ ထိုးလိုက်ရာ မြောင်းဘောင်ပေါ်တွင် တင်နေသော ဝက်အူလှဲ့ကို ထိုးမိရက်သား ဖြစ်နေလေသည်။

ကျွန်တော်က နောက်ထပ်မငြင်းတော့ပေ။ သို့သော် ပစ္စည်းလက်ဆုပ်လက်ကိုင် မရသေးဘဲနှင့် အဖမ်းခံရသည်ကိုကား ဒေါပွနေမိလေသည်။ အလုပ်မဖြစ်ဘဲ အဖမ်းခံရတာလောက် နာတာမရှိပေ။

www.burmeseclassic.com

ကျွန်တော့်ရုံးတင် တရားစွဲပြီး အမေ့ကျောင်းသို့ ပို့လိုက်၏။ သည်တစ်ခါမှာမူ အသက်စေ့ပြီဖြစ်၍ အမေ့ကျောင်းက လက်မခံတော့ပေ။ (--------)ထောင်သို့ ပို့လိုက်လေ၏။ ထောင်သို့ ပထမဆုံးအကြိမ် ရောက်ခြင်းပေတည်း။

ထောင်တွင် လူသစ်ဘုတ်အလုပ်ချသောအခါ ကျွန်တော့်မှာ ထောင်အရာရှိအိမ်တွင် ကျလေသည်။ ကျွန်တော့်အလုပ်ကား မီးဖိုချောင်တွင် ထမင်း၊ ဟင်း ကူချက်သည့် အလုပ်ဖြစ်၏။ ထောင်အရာရှိ၏ သားသမီးများ ကျောင်းပြန်လာလျှင် ထမင်းခူးခပ်ကျွေးရ၏။ ထောင်အရာရှိအိမ်ကျသဖြင့် ထောင်ထမင်း ထောင်ဟင်း မစားရပေ။ တစ်နေကုန် အလုပ်လုပ်ပြီး ညနေထောင်ပိတ်ချိန်ကျမှ ထောင်ထဲဝင်ရလေ၏။ အပြင်တွင်နေသည်နှင့် သိပ်မထူးလှ။

"ကျော်မောင် ... ကောင်မလေးတွေ ကျောင်းကပြန်လာရင် ထမင်းခူးကျွေးလိုက်နော် ... ကြောင်အိမ်ထဲမှာ ပန်းဂေါ်ဖီနဲ့ ဝက်သားနဲ့ ကြော်ထားတာရှိတယ်"

ဒေါ်ကြီးက ကျွန်တော့်ကိုပြောပြီး ထမင်းစားပြီး တရေးတမောအိပ်ရန် အိပ်ခန်းထဲသို့ ဝင်သွားလေသည်။ ဒေါ်ကြီးမှာ သူတို့အိမ်တွင် အကြီးအကဲဖြစ်လေ၏။ နေ့လယ် နာရီပြန်တစ်ချက် ထိုးလျှင်ပင် သူတို့တစ်တွေ ကျောင်းကပြန်လာကြလေသည်။

ကျွန်တော်ကား ထောင်အရာရှိအိမ်တွင် ရောက်သည်မှာ အနည်းငယ်ကြာပြီ ဖြစ်သော်လည်း သူ့သမီးသုံးယောက်ကို သေသေချာချာ မကြည့်ဘူးသေးပေ။ အကြီးမမှာ အထက်တန်းကျောင်းတွင်နေ၍ အငယ်မနှစ်ယောက်မှာ ကွန့်ဗင့်ကျောင်းတွင် နေလေသည်။

ကျွန်တော် ထမင်းပွဲပြင်ပြီးလျှင် သူတို့သုံးယောက် ထမင်းစားပွဲသို့ ရောက်လာကြလေသည်။ အကြီးမနာမည်မှာ ဒေစီဖြစ်၍ အလတ်မက နယ်လီ ဖြစ်၏။ အငယ်ဆုံးကား မီမီဖြစ်လေသည်။ သူတို့သုံးယောက်ထဲတွင် အငယ်မ မီမီကား အလှဆုံးဖြစ်၏။ မီမီမှာ ရွှေရင်သိမ်းသစ် အရွယ်ဖြစ်၍မို့ ပွင့်ခါစပန်းလို လန်းဆန်းလှပေ၏။ မျက်ခုံးများသည် နက်မှောင် စိမ်းဖန့်နေကြ၏။ မျက်တောင်များသည် ကော့ရှန်းကာ ဝန်းစက်ညိုရီနေသော မျက်လုံးကြီးကို မိုးယှက်ထားကြလေ၏။ မျက်နှာသည် ငွေလဝန်း သာသလို ကြည်လင်ဝင်းပနေပေသည်။ဖြူဝင်းသောပါးပေါ်တွင်မြမြစိမ်းသောအကြောအလေး ယှက်သန်းနေ၏။ပန်းဝတ်လွှာပေါ်တွင်အကြောကလေးများရေးရေးပေါ်နေသကဲ့သို့ ရှိလေသည်။ တုလွတ်ကျွန်းသော အလှဟု ကျွန်တော်ဆိုချင်ပေသည်။

ကျွန်တော်သည် မီမီ၏မျက်နှာကလေးကို မီးဖိုချောင် တံခါးဝမှ မရဲတရဲ လှမ်းကြည့်နေမိရင်း ရင်ထဲတွင် တလှပ်လှပ် ခုန်လာပေသည်။ ကြည်နူးသလိုလို၊ ဝမ်းနည်းသလိုလို ဝေဒနာတစ်မျိုးလည်း တလှိုက်လှိုက် ဖြစ်လာပေ၏။

"ဟော့ ... နိပ်တယ်ကွ။ ပန်းဂေါ်ဖီနဲ့ ဝက်သားနဲ့ ... မီမီ့အကြိုက်ပဲ"

မီမီက ခိုမကလေးလို ဖျပ်လပ်သွက်လက်စွာ ကုလားထိုင်တွင် ဝင်ထိုင်လိုက်ရင်း ပြောလိုက်၏။ ကျွန်တော့်ကိုမြင်တော့ သူတို့သုံးယောက်သည်

www.burmeseclassic.com

တိုးတိုးတိုးတိုးနှင့် ပြောနေကြ၏။ ကျွန်တော့်ဘက်ကိုလည်း တစ်ချက်တစ်ချက် လှမ်းကြည့်လေသည်။ ကျွန်တော့်အကြောင်းကို ပြောနေကြပြန် တူပေသည်။ သည်နောက် သူတို့စကားများထဲတွင် အမေရိကန် ဘိုင်စကုတ်အကြောင်း၊ ဝတ္ထုစာအုပ်အကြောင်းတို့ကို ပြောနေကြ၏။ စကားတပြောပြောနှင့် အကြီးမနှစ်ယောက်မှာထမင်းစားပြီးကြပြီးမီမီတစ်ယောက်သာကျန်ရစ်ခဲ့လေသည်။ မီမီကား စကားလည်းပြောနိုင်၏။ အစားလည်း စားနိုင်ပေသည်။ မီမီသည် ထမင်းစားရင်းတန်းလန်းဖြင့် ပန်းဂေါ်ဖီကုန်၍ ထည့်မည်ပြုပြန် ရှိလေသည်။

"ဘာယူဦးမလဲ မီမီ ... " ဟု ကျွန်တော်က လှမ်းမေးလိုက်သည်။

"ပန်းဂေါ်ဖီ ... " ဟု မီမီက သံပြတ်နှင့် ဖြေလိုက်သည်။

"ပန်းဂေါ်ဖီ ကုန်သွားပြီ ... " ဟု ကျွန်တော်က ပြောလိုက်တော့မှ မီမီသည် ကုလားထိုင်တွင်ပြန်၍ ထိုင်ချလိုက်ပြီး ထမင်းဆက်စားနေ၏။ အတန်ကြာမှ ထမင်းစားနေရာက ကျွန်တော့်ကို မျက်လုံးတစ်ချက်ဝင့်၍ ကြည့်လိုက်ပြီး ...

"နာမည် ဘယ်လိုခေါ်လဲ ... " ဟု မေးလိုက်သည်။

"ကျော်မောင်ပါ"

"ဘာမှုနဲ့လဲ ... "

"ကားတိုက်မှု ... "

ကျွန်တော်သည် ကျွန်တော် လူဆိုးဖြစ်သည်ဟု ပြောရမှာ ရှက်နေလေသည်။ ကျွန်တော် လူဆိုးဆိုလျှင် မီမီ အထင်သေးသွားလေမည်ဟု စိုးရိမ်မိလေသည်။ ထို့ကြောင့် ကျွန်တော့်အမှုမှန်ကို မပြောဘဲ ကားတိုက်မှုဟု လိမ်ပြောလိုက်သည်။

"အိုး ... ကျွတ် ... ကျွတ် ... " ဟု မီမီက ကျွန်တော့်ကို စုတ်သပ်လိုက်ပြီး "ဘယ်မှာတိုက်တာလဲ" ဟု မေးလိုက်၏။

"ဆူဖူကီး အပေါင်ဆိုင်ရှေ့မှာ ကျွန်တော်က တာမွေဘတ်(စ်)ကား မောင်းလာတုန်း ... ကုလားမကြီးက လမ်းဖြတ်ကူးတာ ရုတ်တရက်ဆိုတော့ ဘရိတ်အုပ်လို့မရဘဲ ဝင်တိုက်မိတာဘဲ"

"ဟုတ်လား ... ဒါဖြင့် ကုလားမကြီး သေရောပေ့ါနော်"

မီမီက ကျွန်တော့်လုပ်ဇာတ်ကို စိတ်ဝင်စားလာကာ မျက်တောင်လေး စင်း၍ တွေးရင်းမေးလိုက်သည်။

"မသေတော့ မသေပါဘူး။ ပေါင်ကျိုးသွားတယ်"

www.burmeseclassic.com

မိမိသည် ဘာမျှ ပြန်မပြောတော့ပေ။ ထမင်းစားသောက်ပြီး၍ ပန်းကန်ထဲတွင် ကျွန်တော်အဆင်သင့် ခွဲစိပ်ထားသော နာနတ်သီးစိပ်များကို စားနေ၏။ မိမိက ကျွန်တော့်ဘက်သို့ နာနတ်သီးပန်းကန်ကို ထိုးပေးလိုက်ရင်း

“စားလေ ... ” ဟုဆို၏။ ကျွန်တော်က ခေါင်းခါပြလိုက်ပြီး

“စားပါ ... တော်ပါပြီ ... ” ဟု ပြောလိုက်သည်။

အိမ်ရှေ့မှ ခေါ်သံကြားရသဖြင့် မိမိသည် နာနတ်သီးစိပ်ကို ကိုက်ရင်း အိမ်ရှေ့သို့ ပြေးထွက်သွားသည်။ ဖဲကြိုးစည်းထားပြီး နောက်ကျောတွင် တွဲလောင်းချထားသော ကျစ်ဆံမြီးသည် လှုပ်ရမ်းနေကြလေသည်။ မိမိ၏ ကျစ်ဆံမြီးများတွင် ထိုးထားသည့် နှင်းဆီဖြူပွင့်ကလေးသည် ကြမ်းပြင်ပေါ်သို့ ကျကျန်ရစ်ခဲ့၏။ ကျွန်တော်က ပန်းကန်သိမ်းနေရာမှ မိမိ၏ခေါင်းမှ ပြုတ်ကျခဲ့သော နှင်းဆီဖြူကို သွား၍ ကောက်ယူလိုက်ကာ အထပ်ထပ်နမ်းပြီး အိတ်ထဲသို့ ကောက်ထည့်ထားလိုက်သည်။

ကျွန်တော်ကား အချစ်ဆိုတာကို ပထမဆုံး သိရှိလာ၏။ ကျွန်တော်သည် မိမိ့မျက်နှာကို ကြည့်နေချင်ပါ၏။ မိမိ၏ မျက်လုံးများနှင့် တွေ့ဆုံလိုပါ၏။ မိမိနှင့် စကားတွေ ပြောနေချင်ပါ၏။ သို့ရာတွင် မိရီတို့နှင့် နေတုန်းကလို ညစ်ညမ်းသော စိတ်မျိုးမရှိပေ။ မိမိကို ကြွေရုပ်ကလေးပမာ ကြည့်၍သာ နေချင်ပေသည်။ မိရီတုန်းက ချစ်သည်ဆိုခြင်းမှာ တကယ်တော့ အချစ်မဟုတ်။ မိရီတို့၏ အမြူအဆွယ်ကိုမြင်၍ ကျွန်တော့်ရမ္မက် ပြင်းထန်လာခြင်းဖြစ်၏။ မိမိကျတော့ ကျွန်တော်သည် လှပသော ပန်းပွင့်ကလေးတစ်ပွင့်ကို ကြည့်သလိုသာ ကြည့်နေချင်သည်။ လရောင်ဝင်းပသည့် ညတစ်ညမှာ မိမိ၏ လက်သွယ်ပျောင်းတို့ကို ဆုပ်ကိုင်၍ လမ်းလျှောက်နေချင်သည်။ သည်အခါတွင် မိမိ၏မျက်နှာသည် ငွေလဝန်းလိုပင် တင့်ရှန်းနေပေလိမ့်မည်။ မိမိ၏ မျက်ရည်စများသည် ကောင်းကင်မှ ဝင်းလက်နေကြသည့် ကြယ်ပွင့်များလို လှပတင့်မောပေလိမ့်မည်။ မိမိ၏ လေတွင်လွင့်နေသော ဆံနွယ်များသည်လည်း ညအမှောင်တွင် ဝိုးတဝါးမြင်ရသည့် စိမ်းညို့သော တောခင်တန်းလို ဆွတ်ပျံ့ဖွယ် ဖြစ်ပေလိမ့်မည်။ ဖြူဖွေးသော သွားများသည် လရောင်တွင် နှင်းသီးနှင်းခက်တို့နှင့် တူပေလိမ့်မည်။ မိမိ၏ ရယ်သံသည် ညဥ့်ငှက်တို့၏ တေးသီသံလို နှစ်လိုဖွယ် ရှိပေလိမ့်မည် ... ။ အို ... မိမိသည် အလှ၊ အယဉ်၊ အနု၊ အနွဲ့၊ အချောပေါင်းအားလုံးတို့ စုစည်းရာ ... ၊ ကိုးကွယ်ရာ ... ၊ ဆုံစည်းရာ ... ။

သို့သော် ကျွန်တော့်ဘဝကား အဆိုးအကြမ်း၊ အရိုင်းတို့ဖြင့် ပြွမ်းနေသော အမှောင်ရိပ်ထိုးနေသည့် ဘဝဖြစ်၏။ သည်လောက်လှသူနှင့် သည်လောက်ဆိုးသူတို့၏ ကမ္ဘာနှစ်ခုသည် ဘယ်တော့မှ ဆုံးစည်းကြပါမည်နည်း။

ကျွန်တော်သည် အလုပ်သွားရမည်ဆိုလျှင် ခါတိုင်းထက် စိတ်ပါလေသည်။ မိမိမျက်နှာကိုသာ တွေ့ချင်မြင်ချင် နေလေသည်။ မိမိကို တစ်နေ့မမြင်ရလျှင် ကျွန်တော့်စိတ်ထဲတွင် ဟာတာတာ ဖြစ်၍ နေလေသည်။ မိမိစားဖို့ဆိုလျှင် ကျွန်တော်သည် ထမင်းပွဲကို စိတ်ပါလက်ပါဖြင့် ပြင်၏။ သည်အခါများတွင် ကျွန်တော့်စိတ်သည် ရွှင်လန်းပေ့ါပါး၍ နေလေ၏။ မိမိကိုက်၍ ချထားခဲ့သော မုန့် အကျိုးအပဲ့ကလေးဆိုလျှင် ဘယ်လောက်ပင် မဆာစေကာမူ ကျွန်တော်ယူ၍

စားပစ်လိုက်၏။ မီမီမကုန်၍ နယ်ဖတ်ပြီးသား ကျန်နေသော ထမင်းဆိုလျှင် ကျွန်တော်ယူစားပစ်လိုက်၏။ ခါတိုင်းထက်ပို၍ အရသာရှိသည်ဟု ထင်လေသည်။

ကျွန်တော်သည် ရင်ထဲက ခံစားမှုကို မီမီအား ဖွင့်ပြောလိုက်ချင်ပါ၏။ သို့ရာတွင် ကျွန်တော့်ဘဝနှင့် သူ့ဘဝကား မိုးနှင့်မြေလို ကွာလွန်းလှ၏။ ရေပင်လယ် ဆီးသည်နှင့် ဝေးလွန်းလှ၏။ ဘယ်တော့မျှ နီးမည်လို့ မထင်ပေ။ ခုလို ရိုးရိုးတန်းတန်း နေသည်ကမှ မီမီကို မြင်တွေ့နေရသေး၏။ သူ့ကိုများ ဖွင့်ပြောလိုက်မိလျှင် ကျွန်တော် ဒုက္ခလှလှကြီး တွေ့ရပေမည်။ ကျွန်တော်သည် အဘက်ဘက်က လှည့်စဉ်းစား၏။ ကျွန်တော့်စိတ်ကို မျိုသိပ်၍ မရပေ။ ထို့ကြောင့် ညထောင်ထဲတွင် မီမီ့အတွက် စာတစ်စောင် တိတ်တိတ် ခိုးရေးခဲ့ပြီး အပြင်အလုပ်ထွက်သောအခါ ဝှက်၍ယူလာခဲ့သည်။

မီမီတို့ ကျောင်းဆင်းလာသည်ဆိုလျှင်ပင် မီမီသည် ကားပေါ်မှ ဖျတ်လတ်ပေ့ါပါးစွာ ဆင်းလာပြီးလှေကားကိုပြေးတက်လာ၏။မီမီကိုကြည့်ရသည်မှာသမင်မကလေးလို ပေ့ါပါးလှပေ၏။ မီမီသည် မီးဖိုချောင်ထဲသို့ ဝင်လာကာ ...

"ကိုကျော်မောင် ... မီမီ ကြော်ခိုင်းထားတဲ့ ငါးပိကြော် ... ကြော်ပြီးပလား" ဟု ဆိုကာ ကျွန်တော်ကြက်သွန်ဖြူ လှီးနေရာသို့ လာရပ်၏။ မီမီ၏ ဘော်ဒါမှ သူငယ်ချင်းများကို လက်ဆောင်ပေးရန် ကျွန်တော့်ကို ငါးပိကြော် ကြော်ခိုင်းထားလေသည်။

"မကြော်ရသေးဘူး ... ခုမှ ကြက်သွန်လှီးတုန်း ... အဆင်သင့်ပါပဲ။ ဒါပြီးရင် ကြော်လိုက်ရုံပဲ"

ကျွန်တော်က ကြက်သွန်လှီးနေရာမှ အနားတွင် လာရပ်သော မီမီကို မော့ကြည့်ရင်း ပြောလိုက်သည်။ မီမီသည် ရှပ်လက်တိုအဖြူပေါ်တွင် ကျောင်းဂါဝန်ပြာ လက်ပြတ်ကို ဝတ်ထားကာ ခြေအိတ်ဖြူ၊ ဖိနပ်ဖြူနှင့် ဖြစ်ပြီး ဆံပင်ကို ကျစ်ဆံမြီး နှစ်ခါကျစ်၍ နောက်တွင် ချထား၏။ ကျစ်ဆံမြီးဖျားတွင် ဖဲပွင့်နီနီရဲရဲကြီးများ လှုပ်ရမ်းနေလေ၏။ လွယ်အိတ်ကို ပခုံးတွင် ချိတ်ထားလေသည်။ မီမီသည် တစ်ဖက်သို့ လှည့်၍ ပြပ်သီးတစ်ပုံ၊ ကြက်သွန်ဖြူတစ်ပုံ၊ ကြက်သွန်နီတစ်ပုံ၊ သတ်သတ်စီ ပုံထားသော ပန်းကန်ပြားများကို လှည့်ကြည့်နေသည်။ မီမီ၏ ခြေသလုံးများမှာ ဆင်စွယ်လို မွတ်ညက်ဖြူဝင်းကာ ဒူးခေါက်ကွေးနားတွင် အကြောစိမ်းကလေးများ ပေါ်နေကြလေ၏။ ကျွန်တော်သည် မုတ်ဆိတ်မွေးဗလပွတ်နှင့် အာဒါးဘိုင်က အမြင့်ခြေသလုံးကို ငုံ့နမ်းနေသည်ကို သွား၍ အမှတ်ရနေလေသည်။

"ဖလ်ဘူးကော ဆေးပြီးပလား ... "

မီမီက တစ်ဘက်သို့ လှည့်နေရာမှ ကျွန်တော့်ဘက်သို့ ချာကနဲလှည့်၍ ဂါဝန်စကို ကွက်ကွက်ရွှတ်ရွှတ် သိမ်းကာ ခြေဖျားထောက်၍ ဆောင့်ကြောင့်ထိုင်လိုက်ရင်း ဒူးပေါ်တွင် တစ်တောင်ဆစ်နှစ်ဖက်ကို မှေးတင်ပြီး မေးလိုက်၏။

"ပြီးပါပြီ ... ဟိုမှာ နေလှန်းထားတယ်"



www.burmeseclassic.com

ကျွန်တော်က ပြတင်းပေါက် ဘောင်ပေါ်တွင် မှောက်၍ နေလှန်းထားသော ဖလ်ပုလင်းကို မေးငေါ့ပြလိုက်သည်။

"အိုကေ ... " ဟုဆိုကာ မီမီက မတ်တတ်ရပ်လိုက်တော့မည် အပြုတွင် ကျွန်တော်က "ခဏ ... မီမီ ... ရော့ ... မီမီ့ဖို့" ဟုဆိုကာ အိတ်ထဲက စာခေါက်ကို သူ့ရင်ခွင်ထဲသို့ ပစ်ချလိုက်သည်။ မီမီ၏ မျက်နှာမှာ နှင်းဆီရည်ဖျန်းလိုက်သလို ရဲလာလေသည်။ မီမီသည် စာကို ဖျပ်ကနဲ ကောက်ကိုင်ကာ "အံမာ ... လူပါးဝလို့ ဘာများ အောက်မေ့နေသလဲ ... " ဟု ဆိုရင်း လွှင့်ပစ်လိုက်ပြီး ကျွန်တော့်ပါးကို ဖျန်းကနဲ မြည်အောင် ရိုက်ချလိုက်သည်။ နောက်တစ်ချက် ... ၊ နောက်တစ်ချက် ... ၊ နောက်တစ်ချက် စသည်ဖြင့် မီမီသည် ကျွန်တော့်ပါးကို အချက်ပေါင်းများစွာ ရိုက်နေ၏။ ကျွန်တော်ကား ပထမအချက်တွင် မျက်နှာတွေ ထူပူသွားကာ မျက်လုံးထဲတွင် မီးတွေပွင့်သွားသည်ဟု ထင်လိုက်ရ၏။ နောက်အချက်များကိုကား သတိမထားမိတော့ပေ။ ကျွန်တော့်ပါးကို မီမီရိုက်နေသည်ကိုလည်း လုံးဝသတိမရတော့ပေ။ ပန်းပွင့်များနှင့် ပေါက်ခတ်ကစားနေသကဲ့သို့သာ ကျွန်တော် ထင်မှတ်မိပေသည်။

ကျွန်တော့်ပါးများကား ကြမ်းတမ်းလှ၏။ သည်ပါးများသည် ဒဏ်ရာဒဏ်ချက် အမျိုးမျိုးကို ခံခဲ့ရလေပြီ။ ပုလိပ်များ၏ အသားမာကြီးများကြောင့် ကြမ်းနေသော လက်ဝါးကြီးများဖြင့် ရိုက်သည်ကိုလည်း ခံခဲ့ရလေပြီ။ သည်လောက် ကြမ်းတမ်းသော ပုလိပ်၏ လက်ဝါးစောင်းကို ခံနိုင်လျှင် ကျွန်တော်သည် မီမီ၏ သေးသွယ် နုထွေးသော လက်ဖဝါးကလေးများဖြင့် ရိုက်သည်ကို ဘာကြောင့် မခံနိုင်ရမည်နည်း။

"ရိုက်ပါ ... ရိုက်ပါ ... မီမီ စိတ်ကျေနပ်အောင် ရိုက်"

ကျွန်တော်က ခေါင်းမော့ကာ ကျန်ပါးတစ်ဖက်ကို ထိုးပေး၏။ သို့သော် မီမီသည် နောက်ထပ် ဆက်မရိုက်တော့ဘဲ ငိုကာ ချာကနဲ လှည့်ထွက်သွားလေသည်။

သည်တော့မှ ကျွန်တော်က စာခေါက်ကို ကောက်၍ အိတ်ထဲသို့ပြန်ထည့်လိုက်သည်။ မီမီကား တစ်နေ့လုံး ထွက်မလာတော့ပေ။ နောက် သုံးရက်လောက်တွင်လည်း ကျွန်တော်လည်း မျက်နှာချင်းမဆိုင်တော့ပေ။

"ဒေစီ ... မီမီ့ကို ပြောလိုက်ပါ ... ။ သူကြော်ခိုင်းထားတဲ့ ငါးပိကြော် ... ကြော်ပြီးပြီလို့ ... "

ကျွန်တော်က နေသွေ့အောင် လှန်းထားသည့် ဖလ်ပုလင်းကိုယူ၍ ငါးပိကြော်ကို ပုလင်းထဲသို့ထည့်ရင်း ပြောလိုက်သည်။ ခဏကြာလျှင် ဒေစီပြန်ထွက်လာပြီး ...

"ကြော်ပြီးရင် ... ဖလ်ပုလင်းထဲထည့်ပြီး ကြောင်အိမ်ထဲ သိမ်းထားလိုက်တဲ့ ... ။ သူ မနက် ကျောင်းသွားမှ ယူမယ်တဲ့ ... "

သည်ရက်အတောအတွင်းတွင် ကျွန်တော်သည် မီမီကို ရိပ်ကနဲသာ မြင်လိုက်ရ၏။ မျက်နှာချင်း မဆိုင်ရပေ။ ခါတိုင်းဆိုလျှင် မီမီသည် ငှက်ပြာမကလေးသို

www.burmeseclassic.com

ဂါဝန်ပြာကလေးကို ဝေ့ကနဲနေအောင် ဖျပ်လပ် ပေ့ါပါးစွာဖြင့် လှုပ်ရှားနေတတ်၏။ ကတွက်ပေါက်မှ ရေစီးကျသံကို ချိုသာသောအသံဖြင့် တစာစာ စကားပြောနေတတ်၏။ မျက်နှာကလေး ကြည်ကြည်၊ မျက်လုံးကလေး ရီရီဖြင့် ရှိ၏။ တောစပယ် ပန်းကလေးလို လန်း၍ နေတတ်၏။ ယခုတော့ မီမီသည် စကားလည်းမပြော၊ အပြုံးလည်း မပြုံး၊ မျက်လုံးလည်း မရီတော့ပေ။

သည်ရက်အတောအတွင်းကား ကျွန်တော့်အဖို့ ငရဲကျသည်နှင့် တူလေသည်။ တစ်ခါက ထမင်းစားပွဲပေါ်တွင် မီမီ၏ စာအုပ်သေးသေးကလေးကို ကျွန်တော်ဖွင့်၍ ကြည့်ဖူး၏။ မိမိ၏ သူငယ်ချင်းများက စာအုပ်ကလေးထဲတွင် သူတို့မှတ်တမ်းများကို ရေးထားလေသည်။ မှတ်တမ်းတစ်ခုတွင် (ချစ်တဲ့မီရေ... မီဟာ နှင်းဆီပန်းကလေးလို လှတယ်။ ဒီ နှင်းဆီပန်းကလေး ညှိုးသွားမှာကို ကိုယ် သိပ်စိုးရိမ်တယ် ... ) ဟူသော စာတမ်းကလေးတစ်ပုဒ်ကို သွားတွေ့၏။ အောက်တွင် (မီချစ်တဲ့ ကိုလေး ... ပတ်ထရစ်) ဟု လက်မှတ်ထိုးထား၏။ ကျွန်တော်သည် စာတန်းကိုကြည့်၍ ရင်ထဲတွင် နာနေလေသည်။ မှန်ပါ၏။ ကျွန်တော်ကား အညတြ လူဆိုးလူပေ ဖြစ်၏။ ထောင်နုတ်ခမ်းတွင် လျှောက်နေရသူ ဖြစ်၏။ ကျွန်တော့်မှာ ထောင်ကထွက်လျှင် လမ်းမပေါ်မှာ နေရသည့် ဘဝဖြစ်၏။ ပတ်ထရစ်က မီမီလို အထက်တန်းလွှာ၊ အင်္ဂလိပ်ကျောင်းသား၊ မှန်ကားကြီးပေါ်က လူဖြစ်၏။ ကျွန်တော့်လို ငပါမွှားကို စကားထဲမှာပင် ထည့်ပြောစရာ အကြောင်းမရှိ။

တစ်လလောက်ကြာသည် ဆိုလျှင်ပင် မီမီသည် ခါတိုင်းလိုပင် စကားပြောစ ပြုလာ၏။ ခါတိုင်းလိုပင် ဖျပ်လတ်ပေ့ါပါးလာ၏။ သည်လိုကျပြန်တော့လည်း ကျွန်တော်သည် ကြည်နူးမိပြန်လေသည်။ ကျွန်တော်ကလည်း မီမီစားဖို့ဆိုလျှင် အကောင်းဆုံးကြိုးစား၏။ အသန့်ဆုံးဖြစ်အောင် လုပ်၏။ မီမီကား အသန့်ကြိုက်တတ်သည် မဟုတ်လား။

ကျောင်းပြန်ချိန်ဆိုလျှင် ကျွန်တော် ဝမ်းသာနေပေသည်။ မီမီသည် ကျောင်းကားဆိုက်လျှင် လှေကားမှ ပြေးတက်လာကာ ထမင်းစားပွဲ အခန်းသို့ ပြေးဝင်လာတတ်၏။ မီမီသည် လွယ်အိတ်ကို ထမင်းစားပွဲပေါ်သို့ ပစ်ချလိုက်ပြီး ...

"ကိုကျော်မောင်ရေ ... ဘာစားစရာရှိသလဲ ... ဆာလိုက်တာကွာ ... " ဟု မေးလိုက်သည်။

ကျွန်တော်က ပန်းကန်ဆေးနေရင်းက လှမ်း၍ ...

"ကြောင်အိမ်ထဲမှာ ကော်ဖီနဲ့သောက်ဖို့ ဘီစကွတ်မုန့် ရှိတယ်။ အပေါ်က ပန်းကန်လုံး အုပ်ထားတယ်"

ကျွန်တော်ကား အကြံသမားဖြစ်၏။ မီမီ ကြည်ကြည်လင်လင် နေသည့်အခါကို စောင့်နေသူ ဖြစ်၏။ ထို့ကြောင့် ဘီစကွတ်ပန်းကန်ထဲတွင် စာခေါက်ကို တင်ထားခဲ့ပြီး ဖြစ်လေသည်။ မီမီက အင်္ဂလိပ်သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုး ညည်းလာရင်း ကြောင်အိမ်ကို ဆွဲဖွင့်လိုက်သည်. ကျွန်တော်က လှည့်မကြည့်ရဲသဖြင့် ပန်းကန်ဆေးနေလိုက်သည်။ ဂျိမ်းကနဲဆောင့်၍ ကြောင်အိမ်ခန်းပိတ်သံကို

www.burmeseclassic.com

ကြားသဖြင့် လှည့်ကြည့်လိုက်သောအခါ မီမီသည် အိမ်ဝသို့ ရောက်နေပြီ ဖြစ်၏။ ကျွန်တော်သည် ကြောင်အိမ်သို့ ထသွားကာ စာခေါက်ကို ကြည့်လိုက်သည်။ စာခေါက်ကလေး မရှိတော့ပေ။

ကျွန်တော်ကား ဝမ်းသာလွန်းသဖြင့် ရင်တွေတုန်နေ၏။ မီမီကိုမြင်ရနိုးဖြင့် မျှော်မိ၏။ သို့သော် မီမီကို တော်တော်ကြာ မမြင်ရတော့ပေ။ ပထမ စာပေးတုန်းကလိုပင် မီမီသည် ရက်အတော်ကြာကြာ အခန်းအောင်းနေလိုက်သည်။ အနေမကောင်းဟု အကြောင်းပြကာ ကျောင်းက ကျောင်းသားတွေ လာကြသည်ကိုပင် ထွက်၍အတွေ့မခံတော့ပေ။ တစ်နေ့တွင်မှ ကျွန်တော်တစ်ယောက်တည်း ကော်ဖီနှပ်နေခိုက် မီမီရောက်လာလေသည်။ မမြင်ရတာ ကြာပြီဖြစ်၍လားမသိ။ မီမီ၏ မျက်နှာသည် ချောင်ကျသွားသည်ဟု ထင်ရ၏။

“ရော့ ... စာ ... မီမီ ဖတ်ပြီးပြီ။ မီမီ ဒီလိုလုပ်တာ မကြိုက်ဘူး” ဟု ကျွန်တော့်စာကို ပြန်ပေး၏။ ကျွန်တော်ကလည်း ပြန်၍ယူထားလိုက်လေသည်။ စာခေါက်ကလေးမှာ မီမီ့လက်ထဲရောက်မှ သင်းပျံ့မွှေးကြိုင်နေပေသည်။ ကျွန်တော်သည် ဘာမပြော ညာမပြောနှင့် မီမီအနားသို့ကပ်ပြီး ဖြူဖွေးမွတ်ညက်နေသော ပါးပြင်ကို နမ်းလိုက်သည်။ မီမီက “အို” ဟုဆို၍ နောက်သို့ ရုန်းလိုက်ပြီး အခန်းထဲသို့ ဝင်ပြေး၏။ ကျွန်တော်ကား ယောင်တောင်တောင် ကြောင်တက်တက် မောင်းကျောက်မှန်သည့် ကြက်လို ကျန်ရစ်ခဲ့လေသည်။ မီမီသည် သည်တစ်ခါတွင်လည်း နစ်ရက်လောက် မထွက်တော့ပေ။ သုံးရက်မြောက်နေ့ ကျွန်တော်နှင့် ထမင်းစားခန်းတွင် နစ်ယောက်ချင်းဆိုင်မိတော့မှ ကျွန်တော်က ...

“ဟိုတစ်နေ့က ကိစ္စအတွက် ဝမ်းနည်းပါတယ် မီမီ” ဟု ပြောလိုက်သည်။ ကျွန်တော်သည် ဘာကြောင့်မှန်းမသိ။ တကယ်ပင် ဝမ်းနည်းလာကာ မျက်ရည်တွေ ကျလာလေသည်။ မီမီက စကားမပြောဘဲ နေသည့်အခါတွင် ကျွန်တော့်မှာ မနေနိုင်မထိုင်နိုင် ဖြစ်မိပေသည်။

“အို ... ဝမ်းနည်းစရာ မလိုပါဘူး။ နောက်ဒီလို မလုပ်နဲ့။ မီမီ မကြိုက်ဘူး။ ဖေဖေတို့သိသွားရင် အားလုံးဒုက္ခရောက်ကုန်မယ်”

မီမီက ဒါပဲပြောကာ ပြန်ထွက်သွား၏။ မီမီသည် ကျွန်တော့်အနားတွင် ကြာကြာမနေတော့ပေ။ သိပ်လည်း စကားမပြောတော့ပေ။

ကျွန်တော်သည် အထက်တန်းလွှာကိုမှ လှမ်းမိသဖြင့် ရင်နာခဲ့ရသူ ဖြစ်၏။ ကျွန်တော် ခပ်ငယ်ငယ် ဘကြီးနှင့် သုံးပုံကစားကြတုန်းက ကျွန်တော့်လက်ထဲတွင် ဖဲကြီးတွေချည်း ရထားသူဖြစ်ပြီး ဘကြီးကို အနိုင်ယူကာ သရော်လှောင်ပြောင်ခဲ့ဖူး၏။ ယခုတော့ ကျွန်တော်ဝဋ်လည်ပေပြီ။ အမှန်ကတော့ ကျွန်တော့်အချစ်မှာ ဖဲလေးများကို ကိုင်ထားရင်း သုံးပုံကစားနေရသူလို ဖြစ်ပေသည်။ ကျွန်တော့်လက်ထဲမှာ ဖဲကြီးမရှိ၊ ဖဲကလေးတွေသာ ရှိ၏။ မီမီ၏လက်ထဲမှာကား ဖဲကြီးတွေသာ ရှိ၏။ မီမီက ဖဲကြီးဖြင့် ထွက်လိုက်သောအခါ ကျွန်တော်သည် ဖဲကြီးဖြင့် ပြန်မရိုက်ဘဲ ကျွန်တော့်လက်ထဲမှာရှိသည့် ဖဲကလေးတွေဖြင့် မှောက်ထားလိုက်ရလေသည်။ကျွန်တော်ရင်နာမိလေသည်။အချစ်ရေးတွင်အရှုံးဖြင့်

www.burmeseclassic.com

မှောက်ထားလိုက်ရသော ကျွန်တော့်ဘဝတစ်ကွေ့ပါပေ။ ဒီကိစ္စကြောင့်ပေပဲလား ဆိုသည်ကိုမူ ကျွန်တော်မသိပေ။ သည်နောက်တွင်ကား ကျွန်တော့်ကို အပြင်ဘက် အလုပ်မချတော့ဘဲ ထောင်ထဲက တောင်ယာတွင် အလုပ်ချလိုက်သည်။ မကြာမီ မအူပင်ထောင်ကို ပြောင်းလိုက်လေသည်။ ထောင်ပြောင်းပြီးနောက် မကြာခင် လွှတ်မည်ဖြစ်၏။

လောကတွင် ရှင်လိင်ပြန်သောနေ့၊ မင်္ဂလာဆောင်သောနေ့၊ ထောင်မှထွက်သောနေ့ ဟူသည် အပျော်ဆုံးဟု ဆိုကြ၏။ ကျွန်တော်ကား မပျော်ပေ။ သည်ထောင်က မထွက်ချင်၊ ထောင်ထဲမှာ ထာဝစဉ်နေပြီး မိမို့မျက်နှာကို မြင်နေရလျှင် သေတပန်သက်တဆုံး အကျဉ်းထောင်တွင်းမှာ နေရပါစေ။ ကျွန်တော် ကျေနပ်ပါပြီ ... ။

*

(၁၃)

ကျွန်တော် မအူပင်ထောင်မှလွတ်၍ ရန်ကုန်ပြန်ရောက်သောအခါ ကမ္ဘာအေး ထီးတင်ပွဲမှာ ကြိတ်ကြိတ်တိုး စည်ကားနေပေ၏။ ကျွန်တော်သည် ဘယ်သို့မျှ မသွားတော့ဘဲ မေမေတို့ရှိရာ အောင်မင်္ဂလာလမ်းသို့ ဆိုက်ဆိုက်မြိုက်မြိုက်ပင် ပြန်လာလေသည်။ ကျွန်တော် ပြန်ရောက်လာသောအခါ မေမေသည် တိုးတိုးတိတ်တိတ် ကျိတ်၍ငိုလေသည်။

"ကျော်မောင်ရယ် ... နင်အိမ်က ထွက်သွားနေတာ ဘယ်လောက်ကြာပြီလဲ ... ၂ နှစ် ကျော်ကျော်လောက်ရှိပြီ မဟုတ်လား"

ကျွန်တော့်ညီလေးမှာတော်တော်ထွားနေပြီဖြစ်၏။ သူသည်ကျွန်တော်တို့အနားတွင် ထိုင်နေလေ၏။

"ဒီတစ်ခါတော့ ... နင် ဘယ်မှမသွားနဲ့တော့ ... အိမ်မှာပဲ ကောင်းကောင်းမွန်မွန် နေ ...အိမ်မှာလည်း ဧည့်သည်တွေ ရောက်နေတယ်။ ကသစ်ပင်က ကိုစံဖေ တူမများ ခြေထောက်အနာပေါက်လို့ ဆေးကုလာတယ်။ ခုတော့ သက်သာသွားပါပြီ။ ဘုရားမရောက်သေးလို့ဆိုပြီး ထွက်သွားကြလေရဲ့"

မေမေက သူ့ယောက်ျား၏ တူမအကြောင်းကို ပြောပြနေပေ၏။ ကျွန်တော်ကား မေမေတို့ အခြေအနေကို အကဲခတ်သည့်သဘောဖြင့် အိမ်ကို ဟိုဟိုဒီဒီ လှမ်းကြည့်လိုက်သည်။ မေမေတို့အိမ်မှာ သပ်သပ်ရပ်ရပ် ရှိသည်ကိုထောက်၍ အလုပ်အကိုင် ဟန်ကျနေကြဟန် တူပေသည်။

"ဟိုဘက်ခန်းက အိမ်ရှင်ဘဲလား"

"အေး ... အိမ်ရှင်အဖိုးကြီး အမယ်ကြီးလင်မယား နှစ်ယောက်ထဲသဲ။

www.burmeseclassic.com

မင်းညီတော်မောင်ကတော့ အဲဒီအိမ်မှာပဲ အချိန်ကုန်တာပဲ။ အိပ်ချိန်ကျတော့မှ ပြန်လာတော့တယ်”

ကျွန်တော်ကား မေမေနှင့် မတွေ့ရတာ ကြာပြီမို့ ရေးပေါင်းနှောင်းဖြစ်တွေကို ပြောနေလေသည်။ ဆွေမျိုးသားချင်းများအကြောင်းလည်း ပါ၏။ ဦးလေးကိုပါကြီးအကြောင်းလည်း ပါ၏။ ပိန်းကန်က အဖေကြီးတို့ အကြောင်းလည်း ပါလေ၏။

“တလောကတောင် ပါကြီး လာသေးတယ်။ ဖားကူးအိမ်မှာတုန်းက လုံချည်တွေပျောက်တာ ပေါ်ပြီတဲ့။ ဘကြီးသားတွေ ခိုးပြီး ဖဲရိုက်ကြတာတဲ့။ တစ်နေ့ကမှ ပါကြီးပြန်သွားတယ်။ ပါကြီးကဖြင့် ကောင်လေး သက်သက်မဲ့ နေပူလှန်းခံရတယ်နဲ့ တဖျစ်တောက်တောက်ပဲ”

ကျွန်တော်တို့သားအမိ စကားကောင်းနေကြတုန်း အိမ်ရှေ့တွင် ဆိုက်ကားတစ်စီး ထိုးရပ်ကာ မိန်းမပျိုတစ်ယောက်နှင့် ဆယ်နှစ်ရွယ် ကလေးမလေးတစ်ယောက် ဆင်းလာကြ၏။

“ဟော ... မခင်လှိုင်တို့တောင် ပြန်လာကြပြီ ... အဲဒါပဲ ကသစ်ပင်ကကိုစံဖေ့တူမဆိုတာ ...”ဟု မေမေကအိမ်ရှေ့သို့လှမ်း၍အော်ရင်း ကျွန်တော့်ဘက်သို့ ခပ်တိုးတိုး လှည့်ပြောလိုက်သည်။ မိန်းမပျိုမှာ ကျွန်တော်နှင့် ရွယ်တူလောက်ဖြစ်၍ အသားလတ်လတ်၊ မျက်ခုံးကောင်းကောင်း၊ ကိုယ်လုံးခပ်သွယ်သွယ်ဖြစ်ပြီး ဘယ်ဘက်ခြေထောက်တွင် ပတ်တီးစည်းထားလေသည်။ သူတို့နှစ်ယောက် ဆိုက်ကားခပေးပြီး အိမ်ပေါ်သို့ အတက်တွင် မေမေက ...

“ဘယ့်နယ် ... ညီအစ်မနှစ်ယောက်ထဲ ပြန်လာသလား ... ။ ကိုစံဖေကော ဘယ်မှာနေရစ်ခဲ့သလဲ” ဟု လှမ်းမေးလိုက်သည်။ မခင်လှိုင်သည် ခုံမြင့်ဖိနပ်အနက်ကလေးကို ကုန်း၍ချွတ်ယူကိုင်လာပြီး ကျွန်တော်တို့ရှေ့မှ ခါးကိုကိုင်း၍ အိပ်ခန်းထဲသို့ ဝင်မည်အပြုတွင် သမင်လည်ပြန် လှည့်ကြည့်လိုက်ရင်း ...

“ဘဒွေးအိမ်ဆောက်ဖို့ စကားပြောစရာရှိလို့။ သီတာလမ်းထဲ ခဏဝင်နေရစ်ခဲ့တယ်” ဟု ပြောပြီး အခန်းထဲသို့ ဝင်သွားလေသည်။ ကလေးမကလေးက ကျွန်တော့်ညီအနားတွင် လာထိုင်ပြီး သကြားလုံးများကို ပေးနေသည်။

မခင်လှိုင်ကား အခန်းထဲက ထွက်မလာတော့ပေ။ တော်တော်နှင့် ထွက်မလာတော့မှ မေမေက အခန်းဘက်သို့ လှည့်လိုက်ပြီး “မခင်လှိုင်ရေ ... ခဏ” ဟု ခေါ်လိုက်သည်။ အခန်းထဲမှ “ရှင် ... လာပါပြီ ဒေါ်လေး” ဟု ထူးသံနှင့် မရှေးမနှောင်း မခင်လှိုင်ထွက်လာကာ ကျွန်တော်တို့ရှေ့နားတွင် ခေါင်းငုံ့ပြီး ပဆစ်တုပ်၍ ထိုင်နေလေသည်။ စောစော မခင်လှိုင်မှာ အဝတ်သစ်၊ အစားသစ်နှင့်ဖြစ်ပြီး ယခုမခင်လှိုင်မှာ ဆံပင်ကို တစ်ပတ်လျှို နောက်တွဲထုံးထားပြီး နိုင်လွန်အင်္ကျီလက်ရှည်၊ သရက်ထည်လုံချည်ကလေးနှင့် ရိုးရိုးကလေးဖြစ်၏။ ဘယ်ဘက်လက်သူကြွယ်တွင် ဝတ်ထားသော နီလာလက်စွပ်ကလေးမှာ

www.burmeseclassic.com

သူ၏သေးသွယ်ဖြူဝင်းသော လက်ချောင်းကလေးနှင့် ပဏာရနေပေသည်။

"ဟောဒါ…ဒေါ်လေးသားကြီး မောင်ကျော်မောင်တဲ့။ ဒေါ်လေးပြောပြောနေတာလေ။ ခုတင် မန္တလေးက ပြန်လာတယ်"

မေမေက ကျွန်တော် မအူပင်ထောင်တွင် ကျနေသည်ကို မန္တလေးသွားနေသည်ဟု လိမ်ပြောထားဟန် တူလေသည်။

"ဟုတ်ကဲ့ … "

မခင်လှိုင်က ကျွန်တော့်ကို မျက်လုံးတစ်ချက် လှန်ကြည့်လိုက်ပြီး ဖြေ၏။

"မခင်လှိုင်အဖေက ကသစ်ပင်မှာကွဲ … ။ ကိုစံဖေနဲ့တော့ ညီအစ်ကို ဝမ်းကွဲတော်တာပေါ့ … ။ ခြေထောက်က အနာကော ဘယ့်နယ် နေသေးသလဲ။ ဘုရားပေါ်တက်နိုင်ရဲ့လား"

"ဟုတ်ကဲ့ … ခုတော့ တော်တော်သက်သာသွားပါပြီ ဒေါ်လေး။ မခင်လှိုင်လည်း အစကတော့ ဒီအနာကြောင့် ရန်ကုန်မှာ ဘယ်ကိုမှ မရောက်တော့ဘူးလို့ အောက်မေ့နေတာ"

"ဟန်ကျတာပေါ့။ မခင်လှိုင်လည်း အနာပျောက်သွားပြီ … မနက်ဖြန်ညလောက်ဆိုရင်တော့ ကမ္ဘာအေး ရွှေမန်းတင်မောင် သွားကြည့်ရအောင်"

အငယ်မကလေးနှင့် ကျွန်တော့်ညီငယ်က ပွဲဆို၍ ဝမ်းပန်းတသာ ထခုန်ကြသည်။ မခင်လှိုင်က သူတို့ကို ကြည့်၍ပြုံးနေသည်။

ကျွန်တော်ကား ထမင်းစားသောက်ပြီးလျှင် ပေငါးဆယ်ထိပ်သို့သွားမည် စိတ်ကူးသော်လည်း မခင်လှိုင်ရှိနေသဖြင့် မသွားချင်တော့။ မခင်လှိုင်ကြောင့် မေမေတို့အိမ်သည် ပျော်စရာကြီးဖြစ်နေသည်ဟု ထင်ရ၏။ သာယာစိုပြေနေသည်ဟု အောက်မေ့ရ၏။ မခင်လှိုင်သည် ထမင်းပွဲကို ရှုးခပ်ပြင်ပေးကာ စားတော့လည်း ကျွန်တော်တို့နှင့် အတူစားလေသည်။ စားသောက်ပြီးတော့လည်း ထမင်းဝိုင်းကို သူပင်သိမ်းလေသည်။ မခင်လှိုင်မှာ အလုပ်လုပ်ရာတွင် သွက်လက် ချက်ချာလှပေ၏။ ဟင်းခတ်လျှင်လည်း သူပင် ထခတ်ပေး၏။ သူ့ကို ကြည့်ရသည်မှာ အိမ်ရှင်မတစ်ဦးလိုဖြစ်ပြီး ကျွန်တော်က ဧည့်သည်တစ်ဦးလို ဖြစ်နေလေ၏။ မခင်လှိုင်သည် တစ်အိမ်လုံးရှိ အဝတ်တွေကိုလည်း သူပင် ဖွပ်လျှော်ပေးလေသည်။

"အကို … မခင်လှိုင်က အဝတ်လျှော်စရာရှိရင် ပေးလိုက်ပါတဲ့"

အိမ်ရှေ့တွင် သင်ဖျူးတစ်ချပ်ခင်းပြီး စာဖတ်နေတုန်းအငယ်မ မဝင်းကြည်ကလေးက လာတောင်း၏။

"မရှိဘူး… မရှိဘူးလို့ ပြောလိုက်နော်"

www.burmeseclassic.com

ကျွန်တော်က မဝင်းကြည်ကလေးကို ပြန်ပြောလိုက်သည်။ ခဏကြာတော့ မခင်လှိုင် ထွက်လာကာ ...

“အစ်ကိုကျော် ... အင်္ကျီညစ်တွေရှိရင် ပေးလိုက်လေ ... မခင်လှိုင် ရေဘုံဘိုင်ထွက် အဝတ်လျှော်မလို့ ...” ဟု ပြောသည်။ ကျွန်တော်က စာအုပ်ကို မျက်နှာမှခွာလိုက်ပြီး မခင်လှိုင်ကို လှမ်းကြည့်လိုက်သည်။ မခင်လှိုင်မှာ ထမီရင်လျားကို မျက်နှာသုတ်ပုဝါ ခြုံထားပြီး လက်ထဲတွင် အဝတ်ထုပ်ကြီး တစ်ထုပ်ကို ပိုက်ထားလေသည်။

“အို ... စွပ်ကျယ်အင်္ကျီက ညစ်နေပြီးမဟုတ်လား။ ပေးလိုက်လေ ... အားမနာပါနဲ့။ ဒီမှာ မခင်လှိုင် လုပ်နေကျပါ”

မခင်လှိုင်က ထပ်ပြောသဖြင့် ကျွန်တော်က စွပ်ကျယ်အင်္ကျီကို ချွတ်ပေးလိုက်သည်။ မခင်လှိုင်သည် ညနေကျတော့လည်း မီးဖိုချောင်တွင် သူကိုယ်တိုင်ဝင်၍ ထမင်းဟင်း ချက်လေသည်။ မေမေက ကလေးထိန်းလေသည်။ မေမေက “မခင်လှိုင်ရယ် ... အနာသျှော်မိပါ့မယ်”ဆိုလျှင် မခင်လှိုင်က ...“ကိစ္စမရှိပါဘူး ဒေါ်ဒေါ်ရဲ့ ...ပျောက်ပါပြီ” ဆိုကာ ဖွတ်လုပ်၏။ နောက်တော့ မေမေကလည်း ဘာမျှ မပြောတော့ပေ။

ညနေကျတော့ ကျွန်တော်တို့ အိမ်သားအားလုံး အိမ်ကို သော့ခတ်၍ အိမ်ရှင်အဖိုးကြီး လင်မယားတွင် အပ်ခဲ့ပြီး ကမ္ဘာအေးစေတီ ထီးတင်ပွဲသို့ ထွက်လာကြလေသည်။ ကမ္ဘာအေး ထီးတင်ပွဲမှာ ကြိတ်ကြိတ်တိုးနေလေသည်။ လူအုပ်ကြားထဲသို့ရောက်လျှင် မခင်လှိုင်သည်နောက်က ကျွန်တော့်ခါးကို ဖက်၍ လိုက်လာ၏။ လက်တစ်ဖက်က မဝင်းကြည်ကလေးကို တွဲထားလေသည်။ ကျွန်တော့်စိတ်ထဲတွင် မခင်လှိုင်နှင့် ကျွန်တော်မှာ သမီးရည်းစားလိုလို ထင်လာလေသည်။ လူရှင်းသွားလျှင် ကျွန်တော်တို့ အတွဲပြုတ်သွားကြ၏။ လူအုပ်ထူလာပြီဆိုလျှင် မခင်လှိုင်က မတွဲရသေးမီ ကျွန်တော်ကပင်စ၍ “လာ ... မခင်လှိုင်၊ ခါးဆွဲထား” ဟု သူ့လက်ကို ကျွန်တော်က ပိုင်စိုးပိုင်နင်းကိုင်ပြီး ကျွန်တော့်ခါးကို ချိတ်ပေးလိုက်သည်။ နောက်တော့ ကျွန်တော်သည် လူအုပ်ထူထူ ရှိရာသို့သာ သွားလေသည်။ မေမေတို့ကလည်း ကျွန်တော် ခေါင်းဆောင်ရာသို့သာ လိုက်လာကြလေသည်။

ညနေတွင် ပန်းရထားဖြင့် ထီးတော်တင်လေသည်။ မေမေက ...

“လာဟဲ့ ... ထီးတင်တော့မယ်။ ဝင်ပြီး ပန်းရထားကြိုး ဆွဲကြရအောင်။ ကုသိုလ်ရတာပေါ့” ဟု ဆိုသဖြင့် မေမေကျွန်တော်နှင့် မခင်လှိုင်တို့ ဝင်၍ ပန်းရထားကြိုးကို ဆွဲကြသည်။ မေမေ့ယောက်ျားကား ကျွန်တော့်ညီငယ်ကို ချီ၍ မဝင်းကြည်ကလေးကို လက်မှဆွဲကာ ဘေးမှရပ်ကြည့်နေလေသည်။ ပန်းရထားကြိုးကို အလုအယက် ဆွဲကြရသည်မှာလည်း ပျော်စရာကြီး ဖြစ်၏။ ကြိုးတန်းတစ်လျှောက် စီတန်း စုပြုံဆွဲနေသော လူအုပ်ကြီးထဲသို့ အတင်းတိုးဝင်လိုက်သည်။ မေမေက ရှေ့ဆုံးက မခင်လှိုင်ကအလယ်က၊ ကျွန်တော်က နောက်ဆုံးက ဖြစ်လေသည်။ ကျွန်တော်သည် မခင်လှိုင်ကို ရှေ့သို့အတင်းတွန်းပို့လိုက်ပြီး သူ့နောက်မှ ဝင်ရပ်လိုက်သည်။ မခင်လှိုင်မှာ

www.burmeseclassic.com

မိန်းမပျိုကလေးဖြစ်၍ ရှေ့ကထား၍ မတော်၊ နောက်ကထား၍လည်း မသင့်သဖြင့် အလယ်သို့ ပို့ရခြင်း ဖြစ်လေသည်။

မခင်လှိုင်၏ ကျောမှာ ချွေးတွေစိုရွှဲကာ အသားဖြင့် ကပ်နေလေ၏။ မခင်လှိုင်၏ကိုယ်မှ ချွေးနံ့မှာ သင်းပျံ့လှပေ၏။ ကျွန်တော်သည် ဖြူဖွေး၍ ချွေးသီး ချွေးပေါက်ကလေးတွေသီးကာ ဆံနုကလေးတွေ ဝဲနေသည့် မခင်လှိုင်၏ လည်ဂုတ်ကလေးကို ငုံ့၍ နမ်းလိုက်ချင်၏။ ကျွန်တော်ကား ကမ္ဘာအေးစေတီကို ကျွန်တော်နှင့် မခင်လှိုင်တို့ကတည်၍ ကျွန်တော်နှင့် မခင်လှိုင်တို့ ထီးတော်တင်နေသည်ဟု ထင်လေသည်။

ကျွန်တော်သည် စိတ်ကူးဖြင့် စိတ်ပါလက်ပါ ကြိုးကို အားရပါးရဆုပ်ကာ ဆောင့်၍ ဆွဲလိုက်၏။ ကျွန်တော့်လက်များသည် ပူကနဲ ဖြစ်သွားပြီး နာကျင်လာသဖြင့် ကြည့်လိုက်သောအခါ လက်ဖဝါးတွင် ကြိုးရှ၍ ဟက်တတ်ကွဲကာ သွေးတွေ ထွက်လာသည်ကို မြင်ရလေသည်။

"အား … ကျွတ် … ကျွတ် … ရှသွားပြီ"

ကျွန်တော်က ကြိုးကိုလွှတ်ပြီး ထွက်လိုက်သဖြင့် မခင်လှိုင်နှင့် မေမေလည်း ထွက်လာခဲ့ကြသည်။ ကျွန်တော်သည် လူအုပ်ပြင်ဘက်သို့ ထွက်လာကာ သွေးတွေ ထွက်နေသော လက်ဖဝါးကို ဖုတ်များဖြင့် ကောက်၍သိပ်လိုက်သည်။

"အို … မနည်းပါလား … "

မခင်လှိုင်က သွေးတွေရဲနေသည့်ကျွန်တော့်လက်ဖဝါးကိုကြည့်ကာပြောလိုက်သည်။

"လာ … လာ … အုန်းရင်တို့ဆိုင်ထဲဝင်ထိုင်ပြီး ပတ်တီးလေး၊ ဘာလေး စည်းရအောင် … "

မေမေက ပြောသဖြင့် ကျွန်တော်တို့သည် ဘေးရိုထမင်းနှင့် လက်ဖက်ရည် တွဲရောင်းသော ဆိုင်တစ်ဆိုင်သို့ ဝင်လာကြ၏။ လက်ဖက်ရည်ဆိုင်မှာ မေမေ့အသိ၏ဆိုင် ဖြစ်လေသည်။ ရောက်သည်ဆိုလျှင်ပင် မခင်လှိုင်က ရေနွေးတောင်းပြီး လက်ကို ဆေးကြောပေးကာ ရေနံဆီဖြင့် နယ်သိပ်ပေးပြီး သူ့လက်ကိုင်ပုဝါဖြင့် ပတ်တီးစည်းပေး၏။ ကျွန်တော့်မှာ စပ်သဖြင့် ရှုံ့မဲ့နေလေသည်။

မခင်လှိုင်သည် ခွေးခြေပေါ်တွင် ရှုံ့မဲ့နေသော ကျွန်တော့်ကို အောက်တွင် ဒူးထောက်ထိုင်နေရာမှ မော်၍ ပြုံးကြည့်လိုက်ပြီး …

"စပ်သလား … " ဟု မေးလိုက်သည်။

"အား … သိပ်စပ်တာပဲ … ကျွတ် … ကျွတ်"

"ယောက်ျားပဲ … ဒီလောက်ကလေးမှ မခံနိုင်ဘူးလား။ အားရှိပါးရှိ ဆွဲတာကိုး

www.burmeseclassic.com

... ရှိမှာပေါ့” ဟု ကျွန်တော့်ကို အပြစ်တင်နေ၏။ ကျွန်တော့်မှာ မခင်လှိုင်က ပတ်တီးစည်းပေးနေသည်ကို ခွေးခြေပေါ်မှ ငုံ့ကြည့်ရင်း ကြည်နူးနေလေသည်။

ညစာကို ကျွန်တော်တို့ ပွဲဈေးတန်းထမင်းဆိုင်မှာပင် စားကြ၏။ ထမင်းစားပြီး ပွဲဈေးတန်းတစ်ခေါက် လျှောက်ကြပြန်လေသည်။ မေမေတို့ သားအမိနှင့် သူ့ယောက်ျားမှာ ညောင်းသည်ဆို၍ ထမင်းဆိုင်မှာပင် နေခဲ့ကြလေ၏။ ကျွန်တော် မခင်လှိုင်နှင့် မဝင်းကြည်ကလေးတို့ သုံးယောက်တည်းသာ ဖြစ်လေသည်။ ကျွန်တော်က မခင်လှိုင်ကို လက်ချင်းချိတ်ထားပြီး မခင်လှိုင်က မဝင်းကြည်ကလေးကို လက်တွဲ၍ခေါ်လေသည်။

ကျွန်တော့်အဖို့ ကမ္ဘာလောကကြီးသည် ကြည်နူးစရာ ကောင်းနေပေ၏။ မြင်မြင်သမျှ အရာအားလုံးသည် ပျော်စရာတွေ ဖြစ်နေပေ၏။ ကောင်းကင်တွင် တပေါင်းလပြည့် လမင်းကြီးသည် လည်းကောင်း၊ ဘုရားမှ မီးပွင့်များသည် လည်းကောင်း၊ ဈေးဆိုင်တန်းမှ မီးပွင့်များသည် လည်းကောင်း ပြုံးနေကြသည်ဟု ထင်၏။ ပို၍ ဝင်းလက်သည်ဟု ထင်မိ၏။

ဆိုင်ပြခန်းများရှေ့သို့ ရောက်သော် အထည်ဆိုင်တစ်ဆိုင်ထဲဝင်ပြီး မိန်းမကိုင် လက်ကိုင်ပုဝါ ခြောက်ထည်ဝယ်လာခဲ့ပြီး မခင်လှိုင်ကို ပေး၏။ ကျွန်တော့်လက်တွင် စည်းပေးထားသော လက်ကိုင်ပုဝါကို ကျွန်တော်က အပိုင်သိမ်းထားချင်ပေသည်။

“မခင်လှိုင်ဖို့ လက်ကိုင်ပုဝါ ဝယ်လာခဲ့တယ် ... ”

ကျွန်တော်က လက်ထဲတွင်ပါလာသည့် စက္ကူအိတ်ကို လှမ်းပေးလိုက်သည်။

“ဟင် ... ဘာလုပ်ဖို့ ဝယ်လာတာလဲ။ မခင်လှိုင် မလိုချင်ဘူး”

မခင်လှိုင်က ခေါင်းခါလေသည်။

“ကိုင်စေချင်လို့ပေါ့ ... စေတနာနဲ့ပေးတာကို မယူချင်ဘူးလား”

“မယူချင်လို့ မဟုတ်ပါဘူး။ အကိုကျော့်ဟာက လက်ကိုင်ပုဝါ ဝယ်ရတာလို့ပဲ ...။ နိမိတ်မရှိ ... နမာမရှိ ... ”

“ဘာ ... နိမိတ်မရှိရမှာလဲ။ ဘာဆိုင်တာမှတ်လို့”ဟု ကျွန်တော်က မခင်လှိုင်စကားကို နားမလည်သဖြင့် မေးလိုက်သည်။ မခင်လှိုင်က ဘာမှမပြောဘဲ ရယ်နေလေသည်။ ကျွန်တော်က မကျေနပ်ဘဲ “ဘာနိမိတ်မရှိတာလဲဟင်” ဟု မေးလိုက်သည်။

“ချစ်ခင်တဲ့ လူအချင်းချင်း လက်ကိုင်ပုဝါကို လက်ဆောင်မပေးရဘူး။ လက်ကိုင်ပုဝါ လက်ဆောင်ပေးရင် အခင်ပျက်တတ်တယ်၊ မကြားဖူးဘူးလား ... ”

“ဟင့်အင်း ... ”

www.burmeseclassic.com

"ကဲ ... ကဲ ... ဒါဖြင့်ပေး"

မခင်လှိုင်က ကျွန်တော့်လက်က လက်ကိုင်ပုဝါအိတ်ကိုယူကာ ပိုက်ဆံတစ်မူး ထုတ်ပေး၏။

"ဒါက ဘာလုပ်တာလဲ"

"ဝယ်တာလေ ... စတိအဖြစ်ပေါ့"

ကျွန်တော်ကား မခင်လှိုင်၏အစွဲအလန်းကြီးပုံကို သဘောကျကာ ရယ်နေလေသည်။ သူ့လက်ထဲက မူးစေ့ကို လှမ်းယူလိုက်ပြီး အိတ်ထဲသို့ ထည့်လိုက်လေသည်။

ထိုနေ့ညက ကျွန်တော်တို့ ရွှေမန်းတင်မောင်ဇာတ်ပွဲကို ကြည့်ကြလေသည်။ မေမေတို့ သားအမိ၊ မေမေ့ ယောက်ျားနှင့် မဝင်းကြည်ကလေးတို့မှာ အိပ်သည့်အခါ အိပ်ကြသော်လည်း ကျွန်တော်တို့နှစ်ယောက်မှာ တစ်ရေးမှ မအိပ်။ စကားပြောလိုက်၊ ပွဲကြည့်လိုက်နှင့် အချိန်ကုန်လေသည်။ မခင်လှိုင်က ညောင်းလျှင် ကျွန်တော့်ပေါင်ပေါ်မှာ ခေါင်းအုံး၍ လှဲလေသည်။ အိပ်ကား မအိပ်ပေ။ ကျွန်တော်တို့နှစ်ယောက်မှာ စကားကောင်းနေကြလေသည်။

"မေမေတို့ တစ်ညလုံး ဒီလိုအိပ်နေရင် ကောင်းမှာ" ဟု ကျွန်တော်က ပြော၏။

"ဘာဖြစ်လို့ ... "

"ခုလို မခင်လှိုင်နဲ့ စကားပြောနေရတာပေါ့ ... ။ ကိုယ်တော့ အိပ်လည်း မအိပ်ချင်တော့ဘူး"

"ကြည့်စမ်း"

မခင်လှိုင်က ကျွန်တော့်ပေါင်ကိုဆွဲ၍ လိမ်လေသည်။ ကျွန်တော်က မခင်လှိုင့်လက်များကို ဖမ်းဆုပ်ထားလိုက်သည်။ မေမေတို့ကား နောက်ပိုင်းတွင် ကျွန်တော်ဆုတောင်းသည့်အတိုင်း အိပ်ကြလေသည်။ ကျွန်တော်နှင့်မခင်လှိုင်မှာ တွတ်တီးတွတ်တာ စကားပြောလိုက်၊ ပွဲကြည့်လိုက်နှင့် တစ်ညလုံး တစ်ရေးမှ မအိပ်ဖြစ်ကြတော့ဘဲ သည်လိုနှင့်ပင် မိုးထိန်ထိန်လင်းလေသည်။

သည်နောက်တွင်ကား ကျွန်တော်နှင့် မခင်လှိုင်သည် အိမ်တွင် လူကြီးတွေလစ်တိုင်း ချစ်သမျှအကြောင်းကို ပြောမဆုံးနိုင်အောင် ဖြစ်ရသည်။ ကျွန်တော့်မှာ သည်အချိန်တွင် မေမေ့ယောက်ျားနှင့် လက်သမား လိုက်လုပ်ရလျှင်ပင် ရင်ထဲတွင်ကြည်အေးကာ အမောပြေသွားသည်။ ရက်အားတွင် မခင်လှိုင်နှင့်အတူ မဝင်းကြည်ကလေးကိုပါခေါ်ကာ ဘိုင်စကုတ် ကြည့်ကြသည်။ ကျွန်တော်ကား ကျွန်တော့်လူဆိုးဘဝကို မေ့လျော့ကာ ပျော်နေလေသည်။

မခင်လှိုင်မှာ အနာလည်း ပျောက်ပြီမို့ ကသစ်ပင်သို့ ပြန်ရတော့မည် ဖြစ်၏။

www.burmeseclassic.com

ပြန်ခါနီးတွင် ကျွန်တော်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ငိုပွဲဆင်ကြရသည်။ မခင်လှိုင်က "မြန်မြန်နီးအောင် ကြံပါ။ အတူတူ နေချင်လှပြီ" ဟု ဆိုသည်။ ကျွန်တော်ကလည်း အတူတူ နေချင်လှပေပြီ။

မခင်လှိုင် ကသစ်ပင်သို့ ပြန်သွားသောအခါ ကျွန်တော်တို့ အိမ်မှာ ခြောက်သွေ့ကာ ပျင်းရိစရာ ကောင်းနေလေသည်။ ကျွန်တော့်ရင်ထဲမှာလည်း ဟာ၍ ကျန်ရစ်ခဲ့လေသည်။ ကျွန်တော်သည် မခင်လှိုင်နှင့် နီးဖို့အရေးအတွက် လက်သမားခထဲမှ ငွေကလေးတွေကို မသုံးရက် မစွဲရက်ဘဲ ခြစ်ခြုတ်၍ စုထား၏။ သို့သော် များများစားစား မစုနိုင်ပေ။ ကျွန်တော်ကား ငွေလို၏။ ပြီးတော့ မေမေ့ယောက်ျားနှင့် လက်သမား လိုက်လုပ်ရသည်မှာလည်း တစ်နေ့မှ သုံးကျပ်သာရပြီး ပင်ပန်းလွန်း လှ၏။ အိမ်မှာနေရသည်မှာ ပျင်းရိငြီးငွေ့စရာကောင်း၍ ကြပ်တည်းကျဉ်းမြောင်းသည်ဟု ထင်၏။

မခင်လှိုင်မရှိသည့်နောက် မေမေ့အိမ်သည် ကျွန်တော့်အဖို့ ထောင်နံရံတံတိုင်းကြီးလို ဖြစ်နေလေသည်။ ထို့ကြောင့် ကျွန်တော်သည် အိမ်မှ ထွက်လာခဲ့လေသည်။

*

(၁၄)

ကျွန်တော်သည် ပေငါးဆယ်သို့ မသွားတော့ဘဲ မြေနီကုန်းအဝိုင်းကြီး အနီးရှိ အနိစ္စကွက်သစ်တွင်နေသော မောင်ညွှန့်တို့အိမ်သို့ လာခဲ့လေသည်။ အနိစ္စကွက်သစ်မှာ အိမ်တဲပုတ်ကလေးများဖြင့် ပြည့်ကြပ်နေပေ၏။ ဘာကြောင့် အနိစ္စကွက်သစ် ခေါ်သည်ကိုမူ ကျွန်တော်မသိပေ။

မောင်ညွှန့်မှာ ကျွန်တော်နှင့် ပေငါးဆယ်တွင် အတူနေခဲ့သူ ဖြစ်၏။ ကျွန်တော် ထောင်ကျပြီး မကြာမီ သူလည်း ထောင်ကျလေသည်။ ထောင်ကထွက်ပြီး မိန်းမရကာ အနိစ္စကွက်သစ်တွင် အိမ်တစ်လုံးငှား၍ နေလေသည်။ ကျွန်တော် ရောက်သွားသောအခါတွင် မောင်ညွှန့်နှင့် သူ့မယားစိန်ရင်က အောက်ထပ်တွင် အိပ်လေသည်။ အပေါ်ထပ်ဆိုသော်လည်း ကြီးကြီးကျယ်ကျယ် မဟုတ်ပေ။ အပေါ်ထပ်မှာ အမိုးနှင့် ထိလုနီးပါးဖြစ်၍ လူတစ်ရပ်ပင် ကောင်းကောင်း မလွတ်ချင်ပေ။ ကျွန်တော်ကား မောင်ညွှန့်နှင့် တွဲမိနေလေသည်။ မောင်ညွှန့်မှာ အဆင့်အတန်းမြင့်ကာ အိမ်ဖောက်သည့် အဆင့်သို့ ရောက်နေပြီဖြစ်၏။ ကျွန်တော်လည်း သည်ရောက်မှပင် အိမ်ဖောက်လေသည်။ အရင်က ကျွန်တော့်အလုပ်မှာ ဆင်ဝင်မီးလုံးဖြုတ်ခြင်း ဖြစ်၏။ ဆင်ဝင်မီးလုံးဖြုတ်ခြင်းမှ အဆင့်တက်ကာ မော်တော်ကားမီးလုံးဖြုတ်သည့် အဆင့်သို့ ရောက်လာသည်။ သည်တုန်းက လက်နက်မှာလည်း ဝက်အူလှည့်တစ်ချောင်းရှိလျှင် ကိစ္စပြီး၏။ ယခု အိမ်ဖောက်သည့် အဆင့်သို့ ရောက်သောအခါတွင်မူ ဝက်အူလှည့်နှင့် မရတော့ပေ။ ကုလားအော်ကို လည်းကောင်း၊ လွန်ကိုသော် လည်းကောင်း၊ လွှကို လည်းကောင်း ကိုင်လာရသည်။ ရသည့်ဝင်ငွေမှာလည်း များလာ၏။ မော်တော်ကား မီးလုံးတစ်ခါဖြုတ်လျှင် သုံးဆယ်လောက်သာရ၍ ယခု အိမ်တစ်ခါ ဖောက်လျှင်မူကား

www.burmeseclassic.com

ထောင်သောင်းချီ၍ ရလာပေသည်။

ကျွန်တော်ကား မခင်လှိုင်နှင့် နီးဖို့အရေးအတွက် ငွေကိုသာ စုလေသည်။ ဖဲရိုက်၍ ရှုံးသည့်အခါလည်း ရှုံးလေသည်။ ကျွန်တော့်တွင် ရွှေကြယ်သီး၊ ဇန်ကောက်လုံချည်၊ နာရီ၊ လက်စွပ်တို့ဖြင့် ပြောင်ပြောင်လက်လက် ဖြစ်နေလေ၏။ ကျွန်တော့်အလုပ်ကို မခင်လှိုင်သာသိလျှင် ရင်ကွဲပေလိမ့်မည်။ သို့ရာတွင် ကျွန်တော့်မှာ လူလူသူသူ နေနိုင်ဖို့အတွက် သည်နည်းလမ်းသာ ရှိသည်မဟုတ်လား။

ညဆိုလျှင် မောင်ညွှန့်နှင့် ကျွန်တော် အလုပ်ထွက်လုပ်ကြပြီး နံနက်လင်းခါနီးမှ အိမ်သို့ ပြန်ရောက်တတ်လေသည်။ မောင်ညွှန့်မိန်းမ မစိန်ရင်ကား ကျွန်တော်တို့ပြန်အလာကို ရင်တထိတ်ထိတ်ဖြင့် မျှော်နေတတ်ပေသည်။ ကျွန်တော်သည် စိန်ရင်ကို မြင်ရသောအခါ မခင်လှိုင်လည်း လူဆိုးမယား ဘဝရောက်လျှင် ဒီလိုနေရမှာပဲ တွေး၍ စိတ်မကောင်း ဖြစ်ရလေသည်။ လူဆိုးမယားဆိုသည်မှာ ရင်တမမဖြင့် အသက်ရှင်ရသောဘဝ ဖြစ်၏။ ညတွင် လင်အလုပ်ထွက်လျှင် ချောချောမောမောမှ ဖြစ်ပါလေစဟုလည်း တွေး၍ပူရ၏။ လင် အဖမ်းခံရလျှင် နောက်က ဖတ်ဖတ်သီနေအောင် လိုက်ရ၏။ တစ်ခါတလေ ဘယ်ဂါတ်ကိုရောက်လို့ ရောက်မှန်းမသိပေ။ သည်အခါမျိုးတွင်ကား မယားသည် ရန်ကုန်မြို့ တစ်မြို့လုံးရှိ ဂါတ်မှန်သမျှကို ထမင်းထုပ်ရွက်၍ လိုက်ရှာရလေသည်။

ကျွန်တော့်ဘဝတွင် မီရီ၊ မီမီ၊ မခင်လှိုင်ဆိုသော မိန်းမ သုံးယောက်ကို တွေ့ခဲ့ဖူးပြီ ဖြစ်၏။ မီရီတို့လို အစားမျိုးကား အချစ်ဆိုတာတွေ ဘာတွေ မရှိ။ ခန္ဓာကိုယ်ကို နိုင်လွန်တစ်ဝတ်စာလောက်နှင့်လည်း လဲနိုင်သည်။ နတ်ခမ်းနီဆိုးဆေး တစ်တောင့်နှင့်လည်း ရက်ရက်ရောရော ပေးအပ်နိုင်သည်။ သူတို့မှာ အချစ်ဆိုတာမျိုးသည် ရယ်မောစရာကြီး တစ်ခုမျှသာ ဖြစ်ပေသည်။ မီမီကျပြန်တော့ အထက်တန်းလွှာမှ ဖြစ်၏။ ပန်းတောမှ ပန်းလိပ်ပြာလို ဂုဏ်ပကာသန အသိုင်းအဝိုင်းတွေ ကြားထဲမှာ တင့်တယ်သည့် ဂါဝန်ပြာဝတ် ကွန်ဗင့်ကျောင်းသူကြီး ဖြစ်၏။ ကျွန်တော့်လို ဖောက်ထွင်းမှုနှင့် ထောင်အလီလီ ကျနေသူ လူဆိုး၊ သူခိုးနှင့် မီမီလို ကွန်ဗင့်ကျောင်းသူကြီးတို့ တုနှစ်ကိုယ်နီးဖို့ အရေးဆိုသည်မှာ ကြံပင် မကြံစည်အပ်သည့် အရာဖြစ်၏။ မီမီတို့လို ကွန်ဗင့်ကျောင်းသူကြီးမှာ ပက်ထရစ်တို့လို အတန်းအစားနှင့်သာ ရှေ့သွားနောက်လိုက် ညီပေလိမ့်မည်။ မီမီနှင့် နီးဖို့အရေးကို မျှော်လျှင် ကျွန်တော် စိတ်ပင်ပန်းရုံသာ ရှိပေမည်။

ထို့ကြောင့်ကျွန်တော့်ကမ္ဘာတွင်ကျွန်တော်နှင့်တကယ်နီးစပ်သူမှာမခင်လှိုင်သာလျှင် ရှိ၏။ မခင်လှိုင်သည် ကျွန်တော့်လို တောမှာပင် ကြီးပြင်း၍ မြေသင်းနံ့မွှေးသော လေကို ရှူရှိုက်ကြီးပြင်းခဲ့ရသူ ဖြစ်၏။ ကျွန်တော့်လိုပင် လယ်ကန်သင်းကို ဖင်ခုထိုင်ခဲ့ရသူ ဖြစ်၏။ ပြီးတော့ ကျွန်တော့်ကို တကယ်မေတ္တာစစ်၊ မေတ္တာမှန်ဖြင့် စောင့်စားနေရရှာသူ ဖြစ်၏။ သူ့ဘဝကို ကျွန်တော် မညစ်နွမ်းစေလိုပေ။ ကျွန်တော့်ကြောင့် ရုံးပြင်ကန္တား၊ ထောင်၊ ဂါတ် စသည်တို့ကို မတွေ့စေလိုပေ။ တကယ်လို့ ကျွန်တော် ထောင်ကျတုန်း မဟားဒယား အလုပ်ခံရမှုဖြင့် ...

ကျွန်တော် ရှေ့ဆက်၍ မတွေးရဲတော့ပေ။

www.burmeseclassic.com

ကျွန်တော်သည် အထပ်ခိုး ခုတင်လေးပေါ်တွင် လူးလိမ့်နေမိလေသည်။ ပြည်လမ်းမဘက်မှ မော်တော်ကားများသည် ဝေါကနဲ၊ ဝေါကနဲမြည်၍ ဖြတ်သွားကြသည်။ ဆိုက်ကားဟွန်းသံ၊ မြင်းခွာသံများကိုလည်း ဗားကရာလမ်းဘက်ဆီမှ ကြားနေရသည်။

"ကိုကျော်မောင် ... ကိုကျော်မောင်"

အောက်ထပ်က စိန်ရင်၏ခေါ်သံကြောင့် ကျွန်တော့်အတွေးမျှင်များသည် ပြတ်သွားကြသည်။

စိန်ရင်သည် သစ်သားလှေကားအရင်းသို့ တစ်ဝက်လောက်ထိ တက်လာပြီးမှရပ်၍ ကျွန်တော့်ကို ခေါ်လိုက်သည်။ ကျွန်တော်က လူးလဲထကာ ...

"မအိပ်ပါဘူး ... "

"လာပါ ... မအိပ်ရင် အပျင်းပြေ ကိုးမီးရိုက်ရအောင် ... "

"ရိုက်ကြပါ။ ကျွန်တော် မရိုက်တော့ပါဘူး"

ကျွန်တော်ကား ဖောက်ထွင်း၊ ဆိုးခိုး၊ ဖဲရိုက်၊ အရက်သောက်၊ မိန်းမလိုက် စသဖြင့် မကောင်းမှု သံသရာထဲတွင် တစ်ဝဲလည်လည် ဖြစ်နေသူဖြစ်၏။ သည်လိုနှင့်သာ အချိန်များသည် တစ်ရွေ့ရွေ့ ကုန်လာခဲ့၏။ ကျွန်တော့်ဘဝကို တစ်ခါမှ ရေရေလည်လည် မဆန်းစစ်မိပေ။

"လာပါရှင့် ... ။ အပျင်းပြေ တစ်အိမ်ဝင်ပါ"

"ဘယ်သူရှိသလဲ"

"ကျွန်မသူငယ်ချင်း မတင်ရီလာမယ် ... ပျင်းလွန်းလို့ ကိုးမီးဆွဲရအောင်ဆိုပြီး အတင်းအခေါ်ခိုင်းနေတယ်။ လာပါ"

စိန်ရင်က ဖွတ်အတင်းခေါ်သဖြင့် ကျွန်တော်သည် အောက်သို့ ဆင်းလာခဲ့သည်။ ထပ်ခိုးအောက် ခွေးခြေပေါ်တွင် တင်ပလ္လင်ချိတ်၍ ထိုင်နေသော မတင်ရီကို တွေ့ရပေ၏။ မတင်ရီကား ဆံပင်ကို ဖွာလန်ကြဲနေအောင် ဖွထားပြီး မျက်နှာချေ ခပ်ထူထူ၊ နှုတ်ခမ်းဆိုးဆေး ခပ်ထူထူ လိမ်းထား၏။ နိုင်လွန်အင်္ကျီလက်ပြတ် အနက်ရောင်နှင့် တိုဘရားကိုးလုံးချည်အနက်မှာ ဖြူဖွေးသော သူ့အသားနှင့် ပဏာရနေပေသည်။ ကျွန်တော့်ကိုမြင်လျှင် မတင်ရီက မျက်လုံးတစ်ချက် ဝင့်ကြည့်လိုက်ကာ စီးကရက်ကို ဟန်ပါပါ ဖွာရှိုက်နေပေသည်။

"ငါပြောပြောနေတဲ့ ကိုကျော်မောင်ပေါ့အေ ... လာ ... ဟော့။ ဒီမှာ ထိုင်ကြရအောင်"

စိန်ရင်က ကွပ်ပျစ်ပေါ်တွင် သားသည်အမေထိုင်,ထိုင်ရင်း ဖဲထုပ်ဟောင်းတစ်ထုပ်ကို

www.burmeseclassic.com

ကုလားဖန် ထိုးနေလေသည်။ ကျွန်တော်နှင့် မတင်ရီသည် စိန်ရင်ထိုင်နေသော ကွပ်ပျစ်ဆီသို့ လျှောက်လာပြီး တက်ကာ သုံးပွင့်ဆိုင် ထိုင်ကြသည်။ အလယ်က တစ်ကျပ်ထည့်၍ ဘေးကိုင်းကျပ် လောင်းကြသည်။ မတင်ရီကား ဖဲရိုက်ရာတွင် အင်မတန် ကျင်လည်သူတည်း။

ကျွန်တော်ကား ဖဲကစားသည်ဆိုသော်လည်း ဖဲကို စိတ်မဝင်စား။ ဖဲချပ်များကို တဖျတ်ဖျတ်မည်အောင် ကျင်လည်လှပစွာ ကုလားဖန်ထိုးတတ်သည့် မတင်ရီ၏ လက်များဆီသို့ လည်းကောင်း၊ လက်သဲနီနီ ရှည်ရှည်များဆီသို့ လည်းကောင်း၊ တင်ပလ္လင်ခွေထိုင်ထားသဖြင့် အိစက်တင်းရင်းနေသော ပေါင်တံ့များဆီသို့ လည်းကောင်း အာရုံရောက်၍ နေပေသည်။ ဘေးနားတွင် ရေစဉ့်အိုးကြီးရှိသဖြင့် မတင်ရီနှင့် ကျွန်တော်မှာ ကပ်လျက် ဒူးချင်းထပ်၍ ထိုင်မိလျက်သား ဖြစ်နေလေရာ ကျွန်တော့်ကိုယ်မှာ တရှိန်ရှိန် ပူနေလေသည်။ မတင်ရီကား ဒါမျိုးလောက်တွေကို ရိုးနေဟန်ရှိလေသည်။

တော်တော်ကြာ ကစားမိတော့ ကျွန်တော့်လက်ထဲတွင် ရှိသမျှငွေတစ်ရာမှာ ချောသွားလေသည်။ မတင်ရီချည်း နိုင်နေလေသည်။ ကျွန်တော်မှာ ဖဲရိုက်လျှင် သဲမဲကြီးတတ်သူမို့ ငွေတစ်ရာကုန်သော် လည်ပင်းတွင် ဝတ်ထားသည့် ရွှေကြိုးကို မတင်ရီထံမှာ ငါးဆယ်နှင့် ပေါင်ရလေသည်။ ကျွန်တော်က ရွှေကြိုးကို ချွတ်၍ ပေါင်သည်တါင် မတင်ရီက ပြုံး၍ ...

"တော်ပါတော့ ... နောက်နေ့မှ ကစားကြရအောင်" ဟု ဆိုလေသည်။

"ဟာဗျာ ... ကျွန်တော် ရှုံးထားတာ။ ဘယ်ရမလဲ။ နေပါဦး ... ဒါလေးကုန်ရင် တော်ပြီ။ ဒါလေး အပေါင်ခံ ... ငါးဆယ်နဲ့ ... ရော့"

ကျွန်တော်က ဆွဲကြိုးကိုချွတ်၍ သူ့ကို ပစ်ပေးလိုက်သည်။ ဆွဲကြိုးမှာ သူ့ရင်ခွင်ထက်တွင် ပုံလျက်သား ကျသွားလေသည်။ သည်တော့မှ မတင်ရီက ပြုံးကာ ...

"ရှင်လည်း ကျွန်မနဲ့ တော်တော်တူတယ်။ ဖဲရိုက်ရင် သိပ်သဲကြီးမဲကြီး နိုင်တယ်။ ရှုံးလည်း မရဘူး။ ပါတာ အကုန်ပြောင်အောင် ရိုက်တာပဲ။ ကြိုက်တယ်။ မိတင်ရီတို့က ဒီလိုသတ္တိမျိုးမှ ကြိုက်တာ။ ရော့ ... ငါးဆယ်"

မတင်ရီကား ဒူးနံ့နေလေသည်။ ကျွန်တော်က ငွေငါးဆယ်ကိုယူ၍ ထပ်၍ရိုက်ပြန်သည်။ ကျွန်တော့်ဖဲမှာ သေလွန်းလှသည်။ ကျွန်တော်က လတ်ကိုးဆိုလျှင် မတင်ရီက ကုလားသုံးကောင် ကျ၏။ ကျွန်တော်က ကုလားသုံကောင်ကျမိလျှင် မတင်ရီက ဝိုက်ကျလေသည်။ သည်လိုနှင့် ငွေငါးဆယ်လည်း ကြာကြာမခံ ချောသွားလေသည်။

"ကဲ ... ကဲ ... တော်လောက်ပါပြီ ... နောက်များမှ"

မတင်ရီက ငွေတွေကို ချွေးခံအင်္ကျီအိတ်ထဲသို့ ထည့်ပြီး ခါးကိုဆန့်၍ ကော့ကာ

www.burmeseclassic.com

လက်နှစ်ဘက်ကို ခေါင်းနောက်သို့ ပစ်၍ဆန့်ထားရင်း အညောင်းဆန့်နေ၏။

"တင်ရီတို့တော့ နေ့တွက်စီသွားပြီ ... ကိုကျော်မောင် ဖဲကလည်း ဆိုးလိုက်တာ။ ကြဲဖူးပေါင်တော် ... ။ ကျွန်မတို့ကတော့ အရင်းအတိုင်ပဲ ထင်ပ့ါ" ဟု ဆိုကာ ပိုက်ဆံကို ရေတွက်နေပြီးမှ ... "အမယ် ... ခုနစ်ကျပ်တောင် ရှုံးလိုက်သေးတယ်။ တင်ရီချည်း သိမ်းသွားတာပဲ။ တင်ရီတို့တော့ နေ့တွက်စီသွားတာပေ့ါ" ဟု စိန်ရင်က ပြောလိုက်သည်။

"အမလေး ... ဒီလောက်မှ နေ့တွက်မစီရင်လည်း သေရချည်ရဲ့။ မနေ့ညက အော်ဒါလိုက်သွားတာ ဖိုးတွေချည်းပဲဖြစ်လို့ ... တစ်ညလုံး မအိပ်ရဘူး။ ဒီနေ့ တစ်မနက်လုံး အိပ်တာတောင် ခေါင်းတွေ အုံနေသေးတယ်။ မူးလိုက်ကြတာလည်း ဝက်ဝက်ကို ကွဲရောထဲကပဲ။ ဒီနေ့ညတော့ အလုပ်မလုပ်တော့ဘူး။ ဘိုင်စကုန်ကလေး ဘာလေးကြည့်ပြီး အိပ်တော့မယ်။ ဆန်းသီရိက ကုလားကား ကောင်းသတဲ့တော်ရေ့။ အမယ် ... ငါးနာရီတောင် ခွဲသွားပြီ။ သွားမှပဲ။ ညည်းတို့ ထမင်းမချက်ဘူးလား"

"ဘယ်မှာ ချက်ချိန်ရှိတော့လို့လဲအေ့။ တစ်နေကုန် ဖဲရိုက်နေတာ။ ဒီလိုပါပဲ။ တစ်ခါတလေလည်း အိမ်မှာချက်တယ်။ တစ်ခါတလေလည်း ဆိုင်က ဝယ်စားလိုက်တာပဲ။ သူတို့နှစ်ယောက်ကလည်း မှန်မှန်စားတာ မဟုတ်ပါဘူး။ အလုပ်ထွက်လုပ်ရင် တွေ့တဲ့နေရာမှာပဲ စားတာပဲ"

"ကိုင်း ... ဒီလိုဆို ငါကျွေးပါ့မယ်အေ ...။ ဘိုင်စကုတ်ပါ ပြပါ့မယ်။ လာ လာ"

မတင်ရီက ဒကာခံ၍ ကျွန်တော်နှင့် စိန်ရင်တို့ ထမင်းဆိုင် လိုက်စားကြသည်။ ပြီးလျှင် ဘိုင်စကုတ် ကြည့်ကြလေသည်။ ကျွန်တော်၊ မတင်ရီ၊ စိန်ရင် အစဉ်လိုက်ဖြစ်၏။ မတင်ရီနှင့် ပူးပူးကပ်ကပ်နေရ၍ ကျွန်တော့်ကိုယ်မှာ နတ်ဝင်ခံရသူလို တုန်တုန်ရီရီ ဖြစ်နေပေသည်။ မတင်ရီကမူ ဘာမျှထူးခြားဟန်ကို မပြပေ။

သည်လိုဖြင့် ... မတင်ရီနှင့် ကျွန်တော်သည် ဖဲရိုက်လိုက်၊ ဘိုင်စကုတ်ကြည့်လိုက်ဖြင့် ရင်းနှီးလာကြပေသည်။ မတင်ရီသည် တစ်ခါတလေ တော်တော်ကြာကြာ ပျောက်နေ၏။ တစ်ခါတစ်ရံ ဘွားကနဲ ပေါ်လာကာ ... ကျွန်တော်တို့နှင့် ဖဲကစားလိုက်၊ ဘိုင်စကုတ်ကြည့်လိုက်နှင့် အချိန်ဖြုန်းလေသည်။ သူ၏ ညအလုပ် အားသည်နှင့်ကြုံလျှင် ကျွန်တော်တို့နှင့် ဖဲကစား၍ ညတွင်လည်း ကျွန်တော်တို့ အိမ်မှာပင် အိပ်တတ်ပေသည်။

သည်အိမ်ကလေးမှာ မောင်ညွှန့်တို့ လင်မယားတစ်ခန်း၊ ကျွန်တော် အိမ်သာအပေါ်ထပ်ခိုးက တစ်ခန်းမျှသာ ရှိလေရာ မတင်ရီ ရောက်လာသည့်ည ကျွန်တော်တို့လည်း အပြင်အလုပ် မထွက်သည့်ညဆိုလျှင် အိပ်စရာ မရှိပေ။

"တင်ရီ ... ညည်း ... ဒီမှာအိပ်မှာလား"

"ဒါပေ့ါအေ ... ဒီအချိန်ကျမှ ဘယ်ပြန်လို့ ဖြစ်တော့မလဲ"

BURMESE CLASSIC .com
www.burmeseclassic.com

"ဒို့အိမ်ကတော့ အိပ်စရာမရှိတော့ဘူး။ နှစ်ခန်းပဲ ရှိတယ်။ ညည်းဘာသာ ညည်းကြည့်သာ အိပ်ပေတော့"

စိန်ရင်က လက်ဖက်ရည်ကို နို့ဆီခွက်ဖြင့် မော့သောက်ရင်း ပြောလိုက်သည်။ ကျွန်တော်တို့ကမ္ဘာတွင် အိမ်ရှင်က ဧည့်သည်ကို သည်လိုပင် ဧည့်ခံကြပေသည်။

"ညည်းနဲ့ငါ အိပ်မယ်လေ။ ညည်းယောက်ျားနဲ့ ကျော်မောင်က တစ်ခန်းအိပ်ပေါ့"

မတင်ရီက ကျွန်တော့်ကို နင်နှင့်ငါနှင့်ပြော၍ ကျော်မောင်ဟု ခေါ်လေသည်။ တွေ့စတုန်းကတော့ ရှင်နှင့်ကျွန်မနှင့် ယဉ်ယဉ်ကျေးကျေးပင် ဖြစ်၏။ တစ်ခါနှစ်ခါလောက် ဖဲအတူရိုက်၍ နောက်ပြောင်လာကြသည်ဆိုလျှင်ပင် ရင်းနှီးလာကြ၏။ ယဉ်ကျေးခြင်း၊ ဟန်ဆောင်ခြင်း ဆိုသည်မှာ ... ကျွန်တော်တို့ အဘိဓာန်တွင် မရှိပေ။

"အံမယ် ... လုပ်ပါနဲ့တော် ...။ ယောက်ျား အလုပ်အားလို့ တစ်ညတစ်လေ အတူနေရတာ။ ခွဲနိုင်ပေါင် ...။ ကိုယ့်ယောက်ျားနဲ့ကိုယ် အိပ်မှာပေါ့။ ညည်းလည်းညည်းလင်နဲ့ ညည်းအတူအိပ်"

စိန်ရင့်ယောက်ျား မောင်ညွန့်ကား ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်ရင်း တဟားဟား ရယ်နေလေသည်။ ကျွန်တော်ကား ပြုံးရုံသာ ပြုံး၏။ မတင်ရီကမူ

"ဟော့ ... ဒီနေ့ည အားမလားလို့ဟာ ...။ ညည်းက ခု အလုပ်သွင်းနေပြန်ပလား။ ဒါပေမယ့် ကော်မရှင် တစ်ဆယ့်လေးကျပ်တော့ မပေးနိုင်ဘူးဟေ့။ အခန်းခပဲ ပေးမယ်"

မတင်ရီက ရယ်သလိုမောသလိုဖြင့် ပြောလိုက်သည်။

"အံမယ်လေး ... မယ်မင်းကြီးမ ... ကော်မရှင်လည်း မယူပါဘူး။ အခန်းခလည်း တစ်ပြားမှ မယူပါဘူး။ တော်တို့ဘာသာ တော်တို့ အိပ်ပါ။ ကျုပ်တို့လင်မယားလည်း အေးအေးဆေးဆေး အိပ်ပါရစေ။ ကြွတော်မူ ... ကြွတော်မူ ... ။ ဒို့လည်း အိပ်တော့မယ်"

စိန်ရင်ကအတင်းနှင်လွှတ်ပြီး...သူ့ယောက်ျားကိုလက်တွဲခေါ်ကာသူတို့အခန်းထဲသို့ ဝင်သွားလေသည်။

အပြင်တွင် ကျွန်တော်တို့နှစ်ယောက်သာ ကျန်ရစ်ခဲ့ကြ၏။ ကျွန်တော်နှင့် မတင်ရီသည် တစ်ယောက်ကို တစ်ယောက်ကြည့်၍ ပြုံးလိုက်ကြပေသည်။

*

www.burmeseclassic.com

(၁၄)

တစ်ညတွင် ကျွန်တော်တို့ ၅၂ လမ်းရှိ တိုက်တစ်တိုက်ကို ဖောက်ကြလေသည်။ မောင်ညွန့်နှင့် ကျွန်တော်သည် ညနေကတည်းက အရိပ်အခြေကို အကဲခတ်ကာ ကုလားအော်နှင့် လွှကို နောက်ဘေးလမ်းကြားထဲရှိ အမှိုက်ပုံတစ်ပုံထဲတွင် ထိုးထားခဲ့သည်။ ညသန်းခေါင်ကျော်တော့မှ မောင်ညွန့်ကို အိမ်အပြန်ခိုင်းပြီး ကျွန်တော်တစ်ယောက်တည်း နောက်ဖေးလမ်းကြားထဲသို့ ဝင်ခဲ့သည်။ ကျွန်တော်သည်နောက်ဖေးအမှိုက်ပုံထဲမှလွှကိုယူ၍ခါးကြားထဲထိုးကာနောက်ဘေးပိုက်လုံးမှ တါယ်တက်လာခဲ့သည်။ နှစ်ထပ်သို့ရောက်လျှင် အိမ်သာပြတင်းပေါက်သို့ ရောက်လေသည်။ အိမ်သာပြတင်းပေါက်မှာ သုံးမူးလုံးခန့် သံတိုင်များ ကာထား၏။ ကျွန်တော်သည် သံဖြတ်လွှဖြင့် သံတိုင်နှစ်ချောင်းကို ကြိတ်၍ဖြတ်ရာ မိနစ်နှစ်ဆယ်လောက်ကြာလျှင် ပြတ်သွားလေသည်။ ကျွန်တော်သည် သံတိုင်ကို ဖြဲဟကာ အိမ်သာထဲသို့ ဝင်လိုက်သည်။ အိမ်သာကတဆင့် ရေချိုးခန်းသို့ ကူးပြီးမှ အိမ်ရှေ့သို့ရောက်လေ၏။ ကျွန်တော် အိမ်သာထဲက အိမ်ရှေ့ခန်းသို့ ကူးမည်အလုပ် အိပ်ခန်းထဲမှ တီးတိုး စကားပြောသံများကို ကြားရလေသည်။ ကျွန်တော်သည် နားရွက်မခတ်ဝံ့ဘဲ နားစွင့်၍ ထောင်လိုက်သည်။ အရေးရှိက ထွက်ဖို့ရန်လည်း ပြင်ထားလိုက်သည်။

တစ်သံမှာ ယောကျာ်းသံဖြစ်၍ တစ်သံမှာ မိန်းမအသံ ဖြစ်လေသည်။ တစ်ခစ်ခစ် ရယ်မောသံများ၊ ညုသံ၊ ခရာသံများကို ကြားရလေသည်။

"ဟင့်အင်းကွယ် ... သူ သိပ်ကဲတယ် ... "

မိန်းမ၏ ခရာသံဖြစ်၏။ ကျွန်တော့်မျက်လုံးများသည် ပြူးကျယ်လာကြပေသည်။ ခဏကြာတော့ အခန်းထဲမှ တခစ်ခစ်ရယ်သံ၊ ညုသံများသည် တိတ်ဆိတ်သွားကြ၏။ ကျွန်တော်သည် အိမ်သာထဲတွင်ထိုင်၍ နေရလေသည်။ ခြင်ကိုက်လိုက်သည်မှာလည်း ဆိုစရာမရှိတော့ပြီ။

မိနစ်လေးဆယ်လောက်ကြာတော့ အသက်မှန်မှန်ရှူသံကို ကြားလာရ၏။ အိပ်သွားကြပြီဟု ထင်လေသည်။ ကျွန်တော်သည် အိမ်သာမှ ရေချိုးခန်းကို ဖြတ်ကာ အိပ်ခန်းသို့ ဝင်လာခဲ့သည်။ နှစ်ယောက်အိပ် ကျွန်းခုတင်ပေါ်တွင် အိပ်နေသော လင်မယားနှစ်ယောက်ကို မြင်ရလေသည်။ နွေရာသီဖြစ်၍မို့ မိန်းမမှာ ဇာဘော်လီသာ ဝတ်ထားသည်။ ထမီသည် ရှော့ရဲ ပြေကျကာ ပေါင်ရင်းနားအထိ လျောကနေလေသည်။ ကျွန်တော် အခန်းထဲသို့ အဝင်လိုက်တွင် မိန်းမသည် အင့်ကနဲ လွန့်ကာ ညာဘက်တွင် ပက်လက်လှန်၍ အိပ်နေသော ယောကျာ်းကို ခြေတစ်ဖက်တင်၍ ခွလိုက်သည်။

ကျွန်တော်သည် တံခါးကြားတွင် ငြိမ်၍ နေလိုက်သည်။ တန်းပေါ်တွင် လှားထားသော မိန်းမဝတ် နိုင်လွန်အင်္ကျီမှ စိန်ကြယ်သီးတစ်စုံသည် ပြာလဲ့လဲ့ မီးရောင်အောက်တွင် လက်နေလေသည်။ ကျွန်တော်က မိန်းဝတ်အင်္ကျီကို လည်းကောင်း၊ ရွှေကြယ်သီးတပ်ပြီး ၅၁ ပတ်ကားဖောင်တိန် ထိုးထားသည့် ရှပ်အင်္ကျီကို လည်းကောင်း၊ ခုတင်ဘေး စားပွဲပေါ်တွင် တင်ထားသည့်



www.burmeseclassic.com

ယောက်ျားပတ် ရှီးလက်(စ်) နာရီတစ်လုံးကို လည်းကောင်း၊ ကောက်ယူပြီး လွယ်အိတ်ထဲသို့ ထည့်လိုက်သည်။ အိပ်ရာခုတင် အစွန်းတွင် သားရေအိတ်တစ်လုံး တွေ့သဖြင့် ယောကျ်ားအိပ်နေသော ခေါင်းအုံးကို အသာမကာ သားရေအိတ်ကို ဖျတ်ကနဲ ဆွဲယူလိုက်သည်။ သားရေအိတ်မှာ တော်တော် လေးပေသည်။ ဖွင့်ကြည့်လိုက်သောအခါ ရွှေဘီး၊ ရွှေရင်ထိုး၊ လက်စွပ်နှစ်ကွင်း၊ ရာတန်လေးငါးချပ်နှင့် ဆယ်တန်အချပ် နှစ်ဆယ်လောက် ရှိ၏။ ခုတင်အောက်တွင် ယူနီဖောင်းနှင့်တူသဖြင့် ဖွင့်ရန်မကြိုးစားတော့ဘဲ အိမ်ရှေ့ခန်းသို့ ထွက်လာခဲ့သည်။ အိမ်ရှေ့ခန်းတွင် အသက် ၂၀ ကျော်ကျော် လူရွယ်နှစ်ယောက် အိပ်နေကြလေသည်။ သူတို့ဘေးတွင် စာအုပ်တွေ ပြန့်ကြဲနေပေ၏။ ကျွန်တော်သည် အင်္ကျီချိတ်တွင် ချိတ်ထားသော ရွှေကြယ်သီးတပ် အင်္ကျီများကို ဖြုတ်ယူကာ နောက်ဖေးပိုက်လုံးမှပင် တွယ်၍ ဆင်းလာခဲ့သည်။

ကျွန်တော်သည် နောက်ဖေးလမ်းကြားမှ ထွက်ကာ ၅၁ လမ်းဘက်သို့ ချိုးဝင်လာခဲ့သည်။ လမ်းမကြီးပေါ်တွင်ဆိုလျှင် လူသွားလူလာ ရှုပ်တတ်လေသည်။ ထို့ကြောင့် ၅၁ လမ်းထဲ ဝင်လာခဲ့ခြင်း ဖြစ်လေသည်။ ၅၁ လမ်းထိပ်မှ ဘီဂန်ဒတ်လမ်းဘက်သို့ အထွက်လိုက်တွင် စက်ဘီးပတ္တရောင်များနှင့် တိုးနေလေသည်။

"ဟော့ … ရပ်လိုက်စမ်း"

ပုလိပ်က လက်နှိပ်ဓာတ်မီးဖြင့်ထိုး၍ အရပ်ခိုင်းသဖြင့် ရပ်လိုက်ရသည်။ ဘယ်လိုမှ မပြေးသာတော့ပေ။ ကျွန်တော့်ကို စစ်ဆေးရှာဖွေပြီး ဌာနကို ခေါ်သွားလေသည်။ သည်တော့ နံနက်လေးနာရီလောက် ရှိပေပြီ။ ကျွန်တော်ကား မိုးထိန်ထိန်လင်းသည်အထိ အိပ်မရတော့ပေ။ နံနက်မိုးလင်လျှင် ကျောင်းသားနှစ်ယောက် ဌာနသို့ ပေါက်လာကြပြီး မနေ့ညက ခိုးမှုကို တိုင်ချက်ဖွင့်လေသည်။

"ဒီပြင်ပစ္စည်းက သိပ်အရေးမကြီးပါဘူးဗျာ … ကျွန်တော်တို့ မက်ထရစ်ကျောင်းသားတွေပါ။ စာမေးပွဲ ဝင်ခွင့်ကပ်ပြားတွေရရင် တော်ပါပြီ"

ကျောင်းသားများက စိုးရိမ်တကြီး ပြောကြ၏။ အမှန်ကတော့ ကျွန်တော်ကလည်း သည်ကတ်ပြားတွေ ပါလာမှန်း လမ်းပေါ်ရောက်မှ သိရ၏။ မနက်ကျတော့ စာတိုက်က ပြန်ပို့မည်ဟု စိတ်ကူးထားလေသည်။ ကျွန်တော်တို့ လူဆိုးတွေမှာ သည်လောက်တော့ သစ္စာရှိကြပါ၏။ အရေးကြီးသည့် စာချုပ်စာတမ်းများ၊ စာမေးပွဲဝင်ခွင့် ကတ်ပြားများ၊ တိုင်းရင်းသား မှတ်ပုံတင်ကတ်ပြားများ ပါလာလျှင် ကျွန်တော်တို့သည် လိပ်စာကို မှတ်သားကာ ပြန်ပို့လေ့ရှိ၏။ ကျွန်တော်တို့တွင် စည်းရှိပေသည်။

ကျွန်တော်ကို ဖောက်ထွင်းမှုနှင့် ပုလိပ်က ရုံးတင်ရာ ကျွန်တော် ထောင် ၂ နှစ်ကျလေသည်။ ဒုတိယအကြိမ် ရောက်ခြင်းဖြစ်၏။ ကမန်တော် ရုံးထက်တွင် မောင်ညွှန့်တို့လင်မယား ခဏခဏ လာကြလေသည်။ မောင်ညွှန့်မိန်းမ စိန်ရင်မှာ အသားနီစိုစို၊ ရင်ကောင်းကောင်း လုံးကြီးပေါက်လှဖြစ်၍ ကျွန်တော့်အမှုကို

www.burmeseclassic.com

စစ်သောရုံးမှ စာရေးများက စိန်ရင်ကို သဘောကျနေကြလေသည်။ ကျွန်တော့်အား စိန်ရင်ကိုရလျှင် ကွင်းလုံးကျွတ်အောင် လုပ်ပေးမည်ဟု ဆိုကြလေသည်။ ကျွန်တော်က ခေါင်းခါလိုက်သည်။ စိန်ရင်မှာ ကျွန်တော်နှင့် ဘာမျှမဆိုင်၊ စိန်ရင်မှာ မိန်းမကောင်းတစ်ယောက်ဖြစ်၍ ဆိုင်သည့်တိုင်အောင်လည်း ကျွန်တော့်အတွက်နှင့် အနစ်နာ မခံစေချင်ပေ။ ကျွန်တော့်ထိုက်နှင့် ကျွန်တော့်ကံပင် ရှိပါစေတော့ဟု သဘောထားလိုက်သည်။

ကျွန်တော်ကား ဝါရင့်လာပြီမို့ ထောင်ကိုလည်း မမှတ်ချင်တော့ပေ။ ပထမအကြိမ် ထောင်ရောက်တုန်းကလိုလည်း အဆန်းမဟုတ်တော့။ ယခုတစ်ခေါက် ကျွန်တော်သွားရသည့်ထောင်မှာ မီမီတို့ရှိသဖြင့် စိတ်ထဲမှာ ဝမ်းသာသလိုလိုတောင် ရှိပေးသေး၏။ ထောင်သို့ ကျွန်တော် ရောက်သွားသောအခါတွင် ပထမတစ်ကြိမ် ကျွန်တော်ကျစဉ်က ကျန်ရစ်ခဲ့ကြသော နစ်ကြီးသမားများကို တွေ့ရသေး၏။

"ဟေး ... ကျော်မောင် ... လာပြန်ပလား"

သူတို့က ကျွန်တော့်ကို ဝမ်းသာအားရ နှုတ်ဆက်ကြ၏။ အပြင်မှ သတင်းများကို မေးပြီး အထဲမှ သတင်းများကိုလည်း ပြောကြလေသည်။

"မင်းတော့ ဒီတစ်ခါလည်း ထောင်ပြောင်းထိဦးမလား မသိဘူး။ အရင်တစ်ခါ ထောင်ပြောင်းတာ သိရဲ့လား။ ဟိုကိစ္စပေါ့ကွ။ နောက်ဖေးဝါဒါလိုင်းက မင်းနဲ့ ကောင်မလေး စကားပြောပြောနေတာ မြင်လို့ သွားတိုင်တာနဲ့ မင်းကို တခြားကိုပို့လိုက်တာ"

ကျွန်တော်သည် မီမီ၏ပဝင်းသော မျက်နှာကို မြင်ချင်၏။ သို့သော် ထောင်ထဲတွင်သာ အလုပ်ကျသဖြင့် အပြင်ဘက် မထွက်ရသောကြောင့် ကျွန်တော်မြင်ချင်သော်လည်း မမြင်ရတော့ပေ။ အမှန်ကတော့ မီမီမှာ ကျွန်တော့်အချစ်ဦး ဖြစ်လေသည်။ မီမီသည် အချစ်၏သရုပ်သဘာဝကို ကျွန်တော့်အား ခွဲခြားပြလိုက်သော ဆရာမလေးလည်း ဖြစ်လေသည်။ မခင်လှိုင်ကို ကျွန်တော်မမုန်း။ သို့ရာတွင် မခင်လှိုင်မှာ ကျေးတောသူမို့ ကျေးတောသူအမူအရာနှင့် ကျေးတောသူလိုပင် စကားပြောတတ်၏။ မီမီလို မလှ၊ မခင်လှိုင်ကို ကျွန်တော်ချစ်ပုံမှာ သနားကရုဏာဖြင့် ချစ်သော အချစ်ဖြစ်၍ မီမီ့ကို ချစ်ပုံမှာ ကြွေရုပ်ကလေးကို အမြဲတစေ ကြည့်နေချင်သော အချစ်မျိုး ဖြစ်၏။ စိတ်ကူးယဉ်သည်ဟု ဆိုချင်လည်း ဆိုနိုင်ပါ၏။

မီမီအတွက် ကျွန်တော် ရတက်ပွေရသောအခါ ကျွန်တော်သည် စိတ်ကူးယဉ်ဝတ္ထုများနှင့် စိတ်ကူးယဉ် ကဗျာများကိုဖတ်၍ စိတ်ကူးယဉ် ဝတ္ထုများထဲမှ အလှဆုံး မိန်းကလေးများသည် ကျွန်တော်ချစ်သော မီမီ ဖြစ်လာကြ၏။ စိတ်ကူးယဉ်ကဗျာများထဲမှ စမ်းရေစီးသံနှင့်တူသော မိန်းမချောကလေးများ၏ ရယ်သံများသည် ကျွန်တော်ချစ်သော မီမီ၏ ရယ်သံများ ဖြစ်လာ၏။ စိတ်ကူးယဉ် ကဗျာထဲက မိန်းမချော ကလေးများအတွက် စွန့်စားသော ဇာတ်လိုက်များသည် ကျွန်တော်ဖြစ်သည်ဟု ထင်နေ၏။ ကဗျာတွေထဲက သစ်ရွက်ကြွေပုံ၊ တိမ်ခိုးဆင်ပုံ၊ ပန်းပွင့်ပုံ၊ ရေလှိုင်းခတ်ပုံတို့ကို ဖတ်၍ ကျွန်တော်သည် မီမီ့ကိုသာ အမှတ်ရလေသည်။



www.burmeseclassic.com

ကျွန်တော့်အလုပ်မှာ ထောင်ထဲတွင် ပန်းပင်စိုက်ရသော အလုပ်ဖြစ်၏။ အင်မတန်ရှင်သန်လွန်းသော ရွက်လှပင်များကို ခုတ်ထွင်ပြီး ပင်ခြေကို ရှင်းပေးရ၏။ ရွက်လှပင်ဆိုလျှင် ထောင်ထဲမှာပင် အုပ်ကြီးကြီး မထားရ။ သည်အပင်တွေအောက်မှာ ဆေးခြောက်ထုပ် ဖွက်ထားတတ်လွန်းသောကြောင့် ရွက်လှပင်များကို အမြဲ ရှင်းလင်းပေးရပေသည်။ ဂန္ဓမာပန်းများ၊ ဇော်မွှားပန်းများ၊ ဗုဒ္ဓသရဏံပင်များကိုလည်း စိုက်ရ၏။

ကျွန်တော်သည် ဇော်မွှားပန်းပင်များကို မြေတောင်မြှောက်ပေးနေစဉ် ထောင်ဘူးဝမှ ထောင်ထဲသို့ မိန်းကလေးတစ်သိုက် ဝင်လာသည်ကို မြင်ရလေ၏။ မိန်းကလေးများမှာ နှစ်ဆယ်အောက် ရွှေရင်သိမ်းသစ် ပျိုမျစ်သည့်အရွယ် ချောချောလှလှကလေးတွေချည်းဖြစ်၏။ ကျွန်တော် မြေတောင်မြှောက်ပေးနေသည့် ပန်းပင်တွေအကြား မြေနီလမ်းကလေးပေါ်မှ လျှောက်လာကြလေသည်။ ရှေ့ဆုံးမှ ခေါင်းဆောင်လာသူကား မီမီတည်း။

မီမီသည် အိမ်မှာလို ဂါဝန်ပြာ၊ ဖိနပ်ဖြူနှင့်မဟုတ်ဘဲ နင်းပန်းလိုဖြူဖွေးနေသည့် နိုင်လွန်အင်္ကျီအဖြူနှင့် ထမီပြာပြာကို ဝတ်ထား၏။ ဖိနပ်မှာ ကြိုးသိုင်းဖိနပ် အနီရောင်ကလေးဖြစ်လေသည်။ ကျွန်တော် ပေါက်တူးပေါက်ရန် မြှောက်လိုက်သည့် လက်များသည် လမ်းတစ်ဝက်တွင် တန့်သွားလေသည်။ ကျွန်တော်သည် ပန်းပွင့်များအကြားမှ မီမီ့ကို ငေးကြည့်နေမိလေသည်။ မီမီက ကျွန်တော့်ကို မြင်ဟန်မတူဘဲ အသံတစာစာဖြင့် "ဟောဒါက ... ဈေးတိုက်လို့ ခေါ်တယ် ... အကျဉ်းသမားတွေ အစားအသောက် ပစ္စည်းတွေ လှောင်တဲ့အခန်း။ ဒါက ဆေးရုံ" စသဖြင့် သူ့သူငယ်ချင်းများကို ပြလာလေသည်။

သည်အခိုက် ကျွန်တော်နှင့် မျက်လုံးချင်းသွား၍ ဆုံမိလေသည်။ ကျွန်တော့်ကို မြင်သောအခါ မီမီသည် စကားပြောနေရာမှ ရပ်သွားပြီး မျက်နှာကလေး ညိုသွားလေသည်။ ပြီးတော့ ဇက်ကနဲ တစ်ဖက်သို့လှည့်၍ ကြွေးဆယ်ကာ ပြောလက်စကို ဆက်ပြောနေ၏။ ကျွန်တော်ကား "မီမီရေ ... " ဟုအော်၍ ခေါ်လိုက်ချင်၏။ သို့ရာတွင် ကျွန်တော်က ရာဇဝတ်ကောင် မဟုတ်လား ... ။

ကျွန်တော်ကလည်း သူ့မျက်လုံးများကို ရှောင်လိုက်ပြီး ခေါင်းကိုငုံ့ထားလိုက်သည်။ လိပ်ပြာကလေးသည် ပန်းပွင့်လေးတစ်ပွင့်ပေါ်တွင် ဝဲနေလေ၏။ သည်ပန်းပွင့်ကလေးမှာ မီမီဖြစ်၍ လိပ်ပြာမှာ ကိုပက်ထရစ် ... ။

ကျွန်တော်သည် ပန်းပွင့်နှင့်လိပ်ပြာကို ကြည့်ရင်း တွေးလက်စကိုရပ်ကာ အဝေးသို့ လှမ်းကြည့်လိုက်သည်။ မီမီတို့တစ်သိုက်သည် ဘူးဝ ကျားပါးစပ် တံခါးကို ငုံ့၍ ထွက်သွားကြသည်။ နောက်ဆုံး ကျန်ရစ်သော မီမီက ကျွန်တော့်ဘက်သို့ တစ်ချက် နောက်ပြန်လှည့်ကြည့်လိုက်သည်။ ကျွန်တော်က လှမ်းကြည့်လိုက်သည်နှင့် ဆုံနေပြန်သဖြင့် မီမီသည် ချာကနဲ ပြန်လှည့်ကာ ကျားပါးစပ်တံခါးမှ အပြင်သို့ ထွက်သွားလေသည်။

ကျားပါးစပ်တံခါးသည် ဂျိမ်းကနဲ ပိတ်သွားပေသည်။

www.burmeseclassic.com

သည်တစ်ခါ ထောင်ကျရခြင်းကား ကြာလွန်းသည်ဟု ထင်၏။ အရင်တစ်ခါက မိမို့မျက်နှာကို မြင်နေရ၍ ကြာသည်မထင်။ မြန်လွန်းသည်ဟုပင် ထင်၏။ ယခုတစ်ပတ်ကား ကြာလွန်းလှပေသည်။

*

(၁၅)

သည်တစ်ကြိမ် ထောင်မှလွတ်သော် အိမ်သို့ပြန်လာခဲ့လေသည်။ မေမေတို့ကား မပြောင်းလဲ။ အရင် အောင်မင်္ဂလာလမ်းမှာပင် ဖြစ်၏။ ကျွန်တော့်ဘဝသာ အပြောင်းအလဲကလေးရှိသည်။ မေမေတို့ဘဝကား ခါတိုင်းလိုပင် ပျင်းရိခြောက်သွေ့စရာပေတည်း။

ကျွန်တော် ပြန်လာသောအခါ ကျွန်တော် တစ်ယောက်တည်း မဟုတ်။ အောင်ရင် ပါလေသည်။ အောင်ရင်မှာလည်း ကျွန်တော့်လို ဖောက်ထွင်းမှုနှင့် ကျပြီး လွတ်လာသူဖြစ်၍ နေစရာမရှိသဖြင့် ခေါ်လာရခြင်း ဖြစ်၏။ ကျွန်တော်တို့နှစ်ယောက်အတွက် မေမေက အိမ်ဘေးအဖီကလေးထဲတွင် နေရာချပေးလေသည်။

အောင်ရင်ကိုခေါ်လာရသည့်အကြောင်းမှာ သူနှင့်ကျွန်တော် အလုပ်အတူတူလုပ်ရန် ပါတနာ ခေါ်လာခြင်းလည်း ဖြစ်သည်။ ကျွန်တော်တို့မှာ အမှုအတွင်းကရှိသည့် ပစ္စည်းကလေးတွေ ရောင်းချခဲ့ရသဖြင့် ကုန်ပြီဖြစ်၏။ နောက်ထပ် ငွေရှာရပေဦးမည်။ တခြားအလုပ်အကိုင်ကိုလည်း မလုပ်ချင်ပေ။

မေမေ့ကိုမူ အောင်ရင်က ကြည့်-ပု ဒရိုင်ဘာဟု ကျွန်တော်က ဖြီးထား၏။ အောင်ရင်နှင့်အတူ ကျွန်တော်သည် စပယ်ယာလုပ်သည်ဟုလည်း ပြောထားလေသည်။ ကျွန်တော်တို့နှစ်ယောက်သည် နံနက်လင်းလျှင် ခပ်တည်တည်ပင် အိမ်မှထွက်သွားကြသည်။ ၁၀ နာရီ ၁၁ နာရီလောက်ကျမှ အိမ်သို့ ပြန်လာကြလေသည်။ အလုပ်ဆင်းသည့်ဟန်ပေတည်း။

တစ်ခါတလေလည်း အိမ်သို့ ညနေစောစော ခြောက်နာရီလောက် ပြန်လာပြီး ညသန်းခေါင်ကျော် တစ်ရေးနိုးမှ အလုပ်ထွက်လုပ်ကြကာ နံနက် ၄ နာရီလောက်တွင် အိမ်သို့အသာ ပြန်လာကြလေသည်။ ခြောက်လလောက် အလုပ်လုပ်လိုက်လျှင်ပင် ကျွန်တော်တို့တွင် ရုပ်ကြယ်သီး၊ လက်ပတ်နာရီ၊ လက်စွပ် စသည်တို့ဖြင့် ပြောင်ပြောင်လက်လက် ဖြစ်လာ၏။ မေမေ့ကိုပင် အင်္ကျီမစီကြိုးတစ်ကုံး လုပ်ပေးလိုက်သေးသည်။ မေမေက ကျွန်တော့်ကို သင်္ကာမကင်းသော မျက်လုံးများဖြင့် ကြည့်ရင်း

"ကျော်မောင်ရယ် ... နင့်အလုပ်က ဟုတ်မှ ဟုတ်ရဲ့လား။ နင် အရင်အလုပ်များ ပြန်လုပ်နေပြန်ပြီလား။ အေးအေးဆေးဆေး နေစမ်းပါ" ဟု ဆုံးမ၏။ ကျွန်တော်က ခပ်တည်တည်ဖြင့် ...



www.burmeseclassic.com

"မေမေမသိပါဘူးဗျာ …။ အရင်အလုပ်လုပ်ရင် ဒီလို အထင်ကရ နေနိုင်ပါ့မလား။ ပြေးနေရမှာပေါ့။ ပေးရင် ယူထားလိုက်တာ မဟုတ်ဘူး။ စကားများလိုက်တာ"

မေမေကား ဘာမျှပြန်မပြောတော့ပေ။ ကျွန်တော့်မှာ ထောင်လည်း ကျဖူးပြီးဖြစ်၍ အသိုင်းအဝိုင်းကလည်း ကောင်းနေပြီမို့ သည်အလုပ်ကို မစွန့်ချင်တော့ပေ။ ပြီးတော့ တစ်နေကုန် တစ်နေခန်း ပင်ပင်ပန်းပန်း လုပ်ရသည့် အလုပ်မျိုးကိုလည်း မလုပ်ချင်တော့ပေ။ အလွယ်လမ်းကိုသာ လိုက်ချင်ပေသည်။

ကျွန်တော်နှင့်အောင်ရင်မှာနေ့လယ်တွင်ဘတ်(စ်)ကားလိုင်းဆင်းသည်ဟုပြောကာ ညာဏဗလကွက်သစ်၊ အနိစ္စကွက်သစ် စသည့်သူငယ်ချင်းများအိမ်တွင် ဖဲလည်ရိုက်ပြီး ညတွင် အလုပ်ထွက်လုပ်ကြ၏။ ရသည့်အထဲက မခင်လှိုင်နှင့် လက်ထပ်လျှင် တင့်တောင့်တင့်တယ် ဖြစ်စေရန်လည်း ဖွဲ၍စုထား၏။ ကျွန်တော်ကြိုက်သော ရွှေထည်ကလေးများဆိုရင် မေမေ့ထံ အပ်ထားလေသည်။

"ကျော်မောင် … မခင်လှိုင်တို့က ကသစ်ပင်က ပြောင်းလာသတဲ့ဟဲ့။ ခု … ပုဇွန်တောင်မှဆိုလား … ဘယ်မှာဆိုလား နေသတဲ့။ ပုဇွန်တောင်ဈေးထဲမှာ ကုန်ခြောက်ဆိုင် ဖွင့်သလိုလို ကြားတာပဲ"

ကျွန်တော်ညက အိပ်ရေးပျက်သဖြင့် နေမြင့်အောင်အိပ်ပြီး အိပ်ရာမှ အထတွင် မေမေက ပြောလိုက်၏။

"သူတို့ ဒီကို ပြောင်းကြသတဲ့လား"

"ကိုစံဖေ ပြောတာပဲ။ ကသစ်ပင်မှာ နေရတာ အေးအေးချမ်းချမ်း ရှိပုံမရပါဘူး။ လေး၊ ငါး ခြောက်လလောက် ရှိပြီတဲ့"

ကျွန်တော်ကား ကြာကြာမဆိုင်းနိုင်ပေ။ အိပ်ရာက ကပျာကယာ လူးလဲထ၊ ရေမိုးချိုး အဝတ်အစားလဲကာ ပုဇွန်တောင်ဈေးဘက်သို့ ထွက်လာခဲ့သည်။ ပုဇွန်တောင်ဈေးထဲတွင် တစ်နာရီလောက် ကြာအောင်လိုက်ရှာမှ ကုန်ခြောက်ဆိုင် တစ်ဆိုင်တွင် ထိုင်နေသော မခင်လှိုင်ကို တွေ့ရလေသည်။

မခင်လှိုင်မှာ ကျွန်တော်နှင့် စတွေ့တုန်းက မခင်လှိုင် မဟုတ်တော့ပေ။ အသားတွေဖြူဝင်းကာ အလှတိုးနေပေ၏။ အရင်တုန်းကလို လည်ပင်းပေါက် ကျယ်ကျယ် အင်္ကျီလက်ရှည်ကြီးနှင့် သရက်ထည်လုံချည် မဟုတ်တော့ဘဲ နိုင်လွန်အင်္ကျီ လက်ပြတ်၊ တူတယ်လုံချည် အပြာရောင်ကို ဝတ်ထားကာ ခုံမြင့်ဖိနပ်အဖြူ စီးထားသဖြင့် ရန်ကုန်သူဟန် ဖြစ်နေပေသည်။

"ဟင် … အစ်ကိုကျော်ပါလား …။ ထိုင် … ထိုင် … ခဏနေဦး။ ဈေးဝယ်သူလာလို့"

ကျွန်တော့်ကို မြင်သောအခါ မခင်လှိုင်က ဝမ်းသာအားရ နှုတ်ဆက်ကာ ငါးရံ့ခြောက်တွေ ချိန်ပေးရင်းက ပြောလိုက်၏။ ငါးရံ့ခြောက်များက သင်အူကြိုးနှင့်တွဲ၊ ပိုက်ဆံပြန်အမ်းပေးပြီး ဈေးဝယ်ထွက်သွားတော့မှ

www.burmeseclassic.com

ကျွန်တော့်အနီးသို့ ရောက်လာကာ ...

"တစ်နေ့ကတောင် ဘဒွေးတို့ကိုတွေ့လို့ အိမ်အလည်လာဦးမယ်လို့ မှာလိုက်သေးတယ်။ အစ်ကိုကျော်ကို အများကြီး ပြောစရာတွေ ရှိတယ်။ အစ်ကိုကျော် ဘာတွေလုပ်ပြီး ဘယ်တွေသွားနေသလဲဆိုတာလည်း မခင်လှိုင် အကုန်လုံး သိပြီးပြီ"

မခင်လှိုင်က အသံတုန်တုန်နှင့် ကျွန်တော့်ကို ပြော၏။ သူ့မျက်နှာမှာ ညှိုးငယ်၍ နေပေသည်။ ကျွန်တော်ကမူ ဘာမျှမပြောဘဲပြုံး၍သာ နေလိုက်သည်။

"ကြည့်ပါလား ... အဲဒီလို အေးတိအေးစက်ကြီး လုပ်တာ အားမရတာဘဲ"

"ဒီလိုမနေလို့ ဘယ်လိုနေရဦးမလဲ"

"ဘယ်လိုနေရမယ်ဆိုတာ မခင်လှိုင် အေးအေးဆေးဆေး ပြောပြမယ်။ ခုတော့ ဈေးဝယ်တွေရှုပ်နေလို့ မပြောအားသေးဘူး။ မနက်ဖြန်နေ့လယ် အိမ်လာခဲ့မယ်။ စောင့်နေ ... ဘာအလိုရှိပါသလဲရှင်"

ဈေးဝယ်ရောက်လာ၍ မခင်လှိုင်က ကျွန်တော့်ကို ပြောနေရာမှ တစ်ဆက်တည်း ဈေးဝယ်သူဘက်သို့လှည့်၍မေးလိုက်သည်။ မခင်လှိုင်မှာ စကားအပြောအဆိုကစ၍ ယခင်ကနှင့် မတူတော့ပေ။ သွက်လက်ချက်ခြာနေကာ တကယ့်ဈေးသည်ကြီး ဖြစ်နေလေသည်။ ကျွန်တော်လည်း စကားကောင်းကောင်း ပြောမရသည့်အတူမို့ အိမ်သို့ပြန်လာခဲ့သည်။

နောက်တစ်နေ့ နေ့လယ်တါင် မခင်လှိုင် သူ့ညီမ မဝင်းကြည်ကလေးနှင့်အတူ အိမ်သို့ ပေါက်လာလေသည်။ မခင်လှိုင်သည် မနေ့ကထက် ပြင်ဆင်ဝတ်စားလာသောကြောင့် ပို၍လှနေလေသည်။ အစိမ်းရောင်နိုင်လွန် လက်ပြတ်၊ အစိမ်းရောင် အင်းလုံချည်နှင့် ခုံမြင့်ဖိနပ်အဖြူ စီးထားပြီး ဖက်ဖူးရောင် ပိုးထီးကလေးကို ဆောင်းလာလေသည်။

အိမ်မှာ မေမေတို့ကလည်း မရှိသဖြင့် ကျွန်တော်တို့ချည်းသာ ရှိလေသည်။ မဝင်းကြည်ကလေးက အခန်းထဲတွင် လှဲ၍ စာဖတ်နေလေသည်။ မခင်လှိုင်က မျက်စမ်းစမ်းဖြင့် ...

"အစ်ကိုကျော့်အကြောင်း အကုန်ကြားပြီးပါပြီ။ အစ်ကိုကျော် လူဆိုးလုပ်နေတာရော၊ ထောင်ကျသွားတာရော ...။ အို ... စုံလို့ပဲ"

"ဘယ်ကကြားသလဲ"

"အို ... ဒီလိုပေါ့ ... လူသတင်း ... လူချင်းဆောင်တာပေါ့။ အစကတော့ ချစ်လှချည်ရဲ့ ... ကြိုက်လှချည်ရဲ့ ဆိုပြီး ခုတော့ မခင်လှိုင် မျက်နှာကိုမှ မထောက်ဘူး"

www.burmeseclassic.com

"ပြောသမျှ ... ခံရတော့မယ့် ဘဝပဲ။ ကိုယ်က မကောင်းတဲ့ဘဝ ရောက်နေပြီကိုး"

မခင်လှိုင်သည် အေးစက်စက်နိုင်လှသော ကျွန်တော့်ကိုကြည့်ကာ ပခုံးနှစ်ဖက်ကို ဆွဲ၍လှုပ်လိုက်ပြီး ...

"ဒီလိုနေလို့ မပြီးဘူး ... လက်ထပ်ဖို့လေး ဘာလေးလည်း စဉ်းစားဦးရှင့် ... စဉ်းစားဦး"

"စဉ်းစားသားပဲ ... စဉ်းစားလို့ တင့်တောင့်တင့်တယ် နေနိုင်အောင် ဒီအလုပ်လုပ်တာပေါ့"

မခင်လှိုင်သည် မျက်လုံးပြူးသွားကာ ...

"ဟင် ... မခင်လှိုင်နဲ့နေဖို့ ဒီအလုပ်လုပ်တယ်။ ဟုတ်လား ... မခင်လှိုင်နဲ့နေဖို့ ... ။ အမလေး ... ဒီလို ရှာဖွေကျွေးတာတော့ မစားပါရစေနဲ့ ... အစ်ကိုကျော်ရယ်။ လင်ထောင်ကျပြီး မယားမျက်ရည်နဲ့ မျက်ခွက်နေရမယ့် အဖြစ်မျိုးကိုတော့ မရောက်ပါရစေနဲ့။ အစ်ကိုကျော့်လုပ်စာ မစားရလည်း နေပါစေ ... မခင်လှိုင် ဈေးရောင်းကျွေးပါ့မယ်"

သည်စကားကို ကြားလိုက်ရတော့ ကျွန်တော်သည် ကြည်နူး၍ သွားလေသည်။ အလိမ္မာကလေးဟုလည်း စိတ်ထဲက ကျိတ်၍ ချီးမွမ်းလိုက်မိသည်။

"ဒါတွေကြောင့် ချစ်ရတာ ... ဒါတွေကြောင့် ... ကဲ ... ကဲ ... နောက်မလုပ်တော့ပါဘူး မခင်လှိုင်ရယ် ... ကတိပေးပါတယ်"

ကျွန်တော်က မခင်လှိုင်၏ မေးကိုကိုင်၍ မော့လိုက်ရင်း ပြောလိုက်မိသည်။ မခင်လှိုင်သည် ခေါင်းကိုအလိုက်သင့် မော့ပေးပြီး ကျွန်တော့်ကို ကြည့်နေလေသည်။

ကျွန်တော်သည် မခင်လှိုင်၏ ရိုးသား၍ အပြစ်ကင်းသော မျက်နှာကို မြင်လိုက်ရသောအခါ တကယ်ပင် သနား၍ သွားလေသည်။ တကယ်တော့ သူ့လို ရိုးသားအပြစ်ကင်းသည့် မိန်းကလေးတစ်ယောက်သည် ကျွန်တော့်လို ရာဇဝတ်ကောင်းမျိုးနှင့် မထိုက်တန်ပေ။ ထို့ကြောင့် ကျွန်တော်က မခင်လှိုင်ကို သည်အလုပ် မလုပ်တော့ပါဟု ကတိပေးလိုက်ခြင်း ဖြစ်ပေသည်။

သည်တော့မှ မခင်လှိုင်သည် ဟင်းကနဲ သက်ပြင်းကလေးကို မှုတ်ထုတ်လိုက်ပြီး ...

"ဝမ်းသာလိုက်တာ အစ်ကိုကျော်ရယ် ... နောက် ဒီအလုပ် မလုပ်ပါနဲ့နော်။ မခင်လှိုင် ဈေးရောင်းကျွေးပါ့မယ်။ လက်ထပ်ဖို့လည်း မခင်လှိုင်မှာ နည်းနည်းပါးပါး စုမိထားတာလေးရှိပါတယ်"

မခင်လှိုင်သည် ရွှင်လန်းပေါ့ပါးစွာ ပြန်သွားလေသည်။

မေမေတို့ ပြန်လာ၍ ညစာထမင်းစားကြသောအခါ ကျွန်တော်က

www.burmeseclassic.com

ကျွန်တော့်အကြံအစည်ကို မေမေ့အား ဖွင့်ပြောလိုက်သည်။

"မေမေ ... ကျွန်တော် အလုပ်တစ်ခု လုပ်ချင်တယ်။ စုံစမ်းပေးစမ်းပါ ... "

မေမေသည် ကျွန်တော့်ကိုကြည့်ကာ အံ့အားသင့်နေလေသည်။ မေမေမှာ ဝမ်းသာလွန်းသဖြင့် ကျွန်တော့်စကားကို မယုံကြည်နိုင်ဘဲ ဖြစ်နေပုံရ၏။

"တကယ်လားဟင်"

"တကယ်ပေါ့ ... မေမေရေ ... ကျွန်တော် အလုပ်ကလေးဘာလေး တစ်ခုခု လုပ်ချင်တယ်။ လခစားဖြစ်ဖြစ်ပေါ့ မေမေရာ ... ။ ဣန္ဒြေရရ အလုပ်ဆိုရင် တော်ပါပြီ"

"ဒီလိုဆို ... အခန့်သင့်ပဲ။ အစိုးရ ရုပ်ရှင်ဌာနမှာလုပ်တဲ့ ကိုစံရီကတောင် တစ်နေ့က အော်ပရေတာ အကူအညီဆိုလား လိုလို့တဲ့"

ကျွန်တော်ကား စိတ်ကူးဖဲရိုက်၍ ကောင်းနေလေသည်။ ကျွန်တော့်တွင် ငွေကလေးနည်းနည်းပါးပါး စုဆောင်းမိပြီး ဖြစ်၏။ ရွှေထည်ကလေးတွေလည်း နည်းနည်းပါးပါး ရှိ၏။ ကိုစံရီပြောသည့် အော်ပရေတာ အလုပ်ရမည်ဆိုလျှင်လည်း ကျွန်တော်သည် မခင်လှိုင်ကို တင့်တောင့်တင့်တယ် လက်ထပ်ပြီး လူတန်းစေ့ နေနိုင်ပေမည်။ ကျွန်တော့်မှာ ကိုယ့်အတွေးနှင့်ကိုယ် ကြည်နူးနေပေသည်။

မေမေပြောသည့်အတိုင်းပင် ကိုစံရီက ကျွန်တော့်ကို အစိုးရ ရုပ်ရှင်ပြဇာတ်ဌာနသို့ ခေါ်သွား၏။ ကိုစံရီမှာ ရုပ်ရှင်ဌာနတွင် အော်ပရေတာ ဖြစ်လေသည်။ သူ့အလုပ်ကား အစိုးရ ရုပ်ရှင်ကားများ၊ သတင်းကားများ၊ ကျန်းမာရေး ပညာပေးကားများကို အရပ်တကာလှည့်၍ ပြရလေသည်။ သူက ရုပ်ရှင်ပြစက်ကို ကိုင်ရလေသည်။ ကျွန်တော့်အလုပ်မှာ ကိုစံရီထံတွင် ပညာသင်ဖြစ်၏။ ပြစက်နှင့် ပိတ်ကားကို ဖိုးကပ်ဖမ်းပုံ၊ ဖလင်ကော်ပြားရစ်ပုံ စသည်တို့ကို သင်ရ၏။ လခမှာ တစ်ပြားမှ မရပေ။ သို့ရာတွင် အလုပ်ကျွမ်းကျင်သည်နှင့် အော်ပရေတာ ခန့်ပေးမည်ဟု ဆိုလေသည်။

ကျွန်တော်သည် ကိုစံရီနှင့် ရပ်ကွက်များသို့ လိုက်သွားရလေသည်။ သူ့ကို တတ်သရွေ့မှတ်သရွေ့ ကူညီလုပ်ပေးသည်။ ကိုယ့်စားရိတ်ကိုယ်စား၍ လုပ်ရခြင်းပေတည်း။

ကျွန်တော်ကား အော်ပရေတာအလုပ်ရလျှင် တော်ပါပြီ။ ကျွန်တော့်တွင် စုငွေကလေး ရှိသည်။ အော်ပရေတာ လခလည်း ရမည်။ မခင်လှိုင်ကလည်း ဈေးထွက်မည်ဆိုလျှင် ကျွန်တော်နှင့် မခင်လှိုင်တို့၏ အိမ်ထောင်ရေးသည် ချမ်းမြေ့ဖွယ် ကောင်းမည်ဟု ကျွန်တော်ထင်၏။ အလုပ်အကိုင်ကလေးနှင့် ဣန္ဒြေရရ ရှိဖို့က အရေးကြီးသည် မဟုတ်လား ... ။

ကျွန်တော်သည် သည်လိုနှင့် ကိုစံရီနှင့်လိုက်၍ လေးလလောက် ပညာသင်နေလေသည်။ နံနက်တွင် ကိုစံရီနှင့်အတူ အစိုးရရုပ်ရှင်နှင့် ပြဇာတ်ဌာနသို့ အလုပ်ဆင်းပြီး ညတွင် ဘိုင်စကုတ် လျှောက်ပြရ၏။ အားလျှင်

www.burmeseclassic.com

ဘိုင်စကုတ်ကြည့်လေသည်။ ဖဲလည်း မရိုက်ဖြစ်တော့ပေ။

ယနေ့တွင်မူ တနင်္ဂနွေနေ့ ဖြစ်သောကြောင့် သွင်ရုံတွင် ဘိုင်စကုတ်ကြည့်ပြီး ပေငါးဆယ်ထိပ်သို့ ရောက်လာခဲ့သည်။ ကျွန်တော်၏ ပေါင်းဟောင်းသင်းဟောင်းများကို တွေ့ရပေသည်။ တချို့ကား ထောင်ထဲသို့ ရောက်နေကြ၏။ တချို့ကား ခါတိုင်းလို ဖဲရိုက်တုန်း။ မျောက်ပန်းလှန်တုန်းပင်တည်း။

"ဟေး ... ကျော်မောင်။ ပျောက်ချက်သား ကောင်းလှချည်လားကွ။ ဒို့ဘက်တောင် ခြေဦးမလှည့်တော့ပါလား ... " ဟု ကျွန်တော့်ကို ဆီးကြိုနှုတ်ဆက်ကြ၏။ သူတို့က ကျွန်တော့်ကို မျောက်ပန်းလှန်ဖို့ ခေါ်ကြ၏။ ကျွန်တော်ကား သည်အလုပ်တွေကို မလုပ်ချင်တော့ပေ။

"မကစားတော့ပါဘူးကွာ ...အလုပ်အကိုင်ကလေးနဲ့ငြိမ်ငြိမ်ဆိမ်ဆိမ်နေလိုက်ဦးမယ် ... " ဟု ကျွန်တော်က ပြော၏။

"အံမာ ... ကြီးကြီးကျယ်ကျယ် ... မင်းက ဘာများလုပ်လို့လဲ"

စိန်အေးက ကျွန်တော့်ကို ဝင်၍မေး၏။ စိန်အေးသည် စကားပြောလျှင် သည်လိုပင် မာကျယ်ကျယ် ပြောတတ်ပေသည်။ ကျွန်တော်ကမူ ဘာမျှပြန်မပြောပေ။ သူနှင့် ကျွန်တော်မှာ မော်တော်ကား မီးလုံးဖြုတ်ပြီး ရောင်းစဉ်က ဝေစုခွဲသည့်ကိစ္စကြောင့် စကားများခဲ့ဖူးကြ၏။ ယခုလို အေးအေးဆေးဆေး နေစဉ်တွင် ကျွန်တော် အချင်းမများချင်ပေ။

ကျွန်တော်သည် မိရီတို့ဆိုင်ဘက်သို့ လှည့်ထွက်ခဲ့သည်။ မိရီတို့ညီအစ်မမှာလည်း ခါတိုင်းလို မျက်ခုံးမွှေး သေးသေးတင်နေအောင် ဆွဲကာ သနပ်ခါး ခြေဆုံးခေါင်းဆုံး လိမ်းထားကြပြီး အရင်လို ကောင်လေးတွေနှင့် လုံးလားထွေးလားနှင့်ပင် ဖြစ်လေသည်။

"အံမယ် ... ကျော်မောင်က လူလူသူသူပါကလားဟ။ ဘန်ကောက်လုံချည်တွေ ရှပ်ကြယ်သီးတွေနဲ့။ မျိုးစရာ ဆို့စရာလေးရှိလို့ထင်တယ် ... ဒို့ဆိုင်ဘက်တောင် ခြေဦးမလှည့်တော့ဘူး ... "

မိရီက နှုတ်ခမ်းနီရဲရဲကိုစူကာ ကျွန်တော့်ကို ရန်ထောင်၏။

"ဒီလိုပေါ့ဟာ ... ကောင်းကောင်းမွန်မွန် လုပ်စားတဲ့အခါ ခပ်ငြိမ်ငြိမ်ဘဲ နေရတာပေါ့"

ကျွန်တော်က ပြုံး၍ ပြောလိုက်သည်။ မိရီသည် ကျွန်တော့်အနားသို့ ကပ်လာကာ ကျွန်တော့်အိတ်ထဲမှ သားရေအိတ်ကို ဖျတ်ကနဲ ဆွဲယူလိုက်ပြီး ... "ပြစမ်း ... ပိုက်ဆံဘယ်လောက်ရှိသလဲ ... " ဟု ဆို၏။ မိရီကား အရင်တုန်းကလိုပင် ကောင်လေးတွေနှင့်ပုတ်လားခတ်လားနေလေသည်။ ကျွန်တော်ကားအရင်တုန်းက စိတ်မျိုး မရှိတော့ပြီ။ အရင်တုန်းက မိရီတို့နှင့်တွေ့လျှင် ပုတ်လားခတ်လားဖြင့် ထိကပါး ရိကပါး နေချင်၏။ ယခုမူ သည်စိတ်မျိုး မရှိတော့ပေ။ ကျွန်တော့်စိတ်ထဲတွင်

www.burmeseclassic.com

မခင်လှိုင်သာလျှင် ကြီးစိုးနေပေသည်။

"ဟော ... ဟော ... မျောက်ပန်းဝိုင်းက ကောင်လေးတွေ ပြေးကုန်ပြီ။ ဆားပုလင်းလာတယ် ထင်တယ်" ဟု မိရီက လှမ်းပြောလိုက်၏။ ဆားပုလင်းမှာ လူဆိုးထိန်းကို ခေါ်ခြင်းဖြစ်၏။ ဆိုက်ကားသမားများနှင့် ကောင်လေးတွေမှာ ဦးတည်ရာသို့ ထွက်သွားကြ၏။ စိန်အေးတစ်ယောက်သာ မပြေးဘဲ ကျန်ရစ်ခဲ့လေသည်။

"ဒီနားတစ်ဝိုက်မှာ ဒီကောင်ရှုပ်နေတာ သူ သွားသွားပြီး ပုလိပ်ကို လက်တို့လို့ ကောင်လေးတွေ ကောင်းကောင်းကို နေရတယ် မရှိဘူး။ ထွက် ... ထွက် ပြေးနေရတာပဲ။ ငါ့ကို ဘိုင်စကုတ်ဖိုး ငွေတစ်ဆယ် ပေးခဲ့စမ်း ... "

မိရီကကျွန်တော့်သားရေအိတ်ထဲကဆယ်တန်တစ်ရွက်ကိုဆွဲယူပြီးသားရေအိတ်ကို ပြန်ပေးလိုက်၏။ မိရီမှာ ကျွန်တော်တို့ကို ညှဉ်းနေကျဖြစ်၍ ကျွန်တော်လည်း ဘာမှ မပြောသာတော့ဘဲ သားရေအိတ်ကို လှမ်းယူလိုက်ရသည်။

"ဟိုကောင် ... ဆားပုလင်းကို ဘာတွေ လိုမ့်နေမှန်းမသိဘူး ..."

ကျွန်တော်က ဆားပုလင်းနှစ်ယောက်နှင့် ရယ်လားမောလား စကားပြောနေသော စိန်အေးကိုကြည့်၍ ပြောလိုက်သည်။

"လိုမ့်နေတာ မဟုတ်ဘူးတော့် ... တစ်ယောက်ကို ဂျောက်တွန်းနေတာ ... ။ သွား ... သွား။ တော်တော်ကြာ နင့်ကိုပါ စစ်လားဆေးလား လုပ်နေလိမ့်ဦးမယ်"

မိရီကတွန်းလွှတ်လိုက်သဖြင့်ကျွန်တော်သည်ပေငါးဆယ်ထဲမှဒါလဟိုဇီလမ်းထိပ်သို့ ပလက်ဖောင်းဆိုင်များကို ကပ်၍ လျှောက်လာခဲ့သည်။ ဆယ်လှမ်းလောက် လျှောက်မိခါရှိသေး ...

"ဟော့ကောင် ... ကျော်မောင် ... ။ ခဏ" ဟု ဆားပုလင်းတစ်ယောက်၏ ခေါ်သံကို ကြားလိုက်ရသည်။ ကျွန်တော်က ခြေလှမ်းကို တုံ့ကာရပ်နေလိုက်သည်။

"ဘယ့်နယ်လဲကွ ... ငြိမ်လှချေလား"

သူက ကျွန်တော့်ပခုံးကိုပုတ်၍ မေးလိုက်၏။ ကျွန်တော်ကလည်း ခပ်တည်တည်ဖြင့် ...

"ကျွန်တော် ... အလုပ်ဝင်လုပ်နေတယ်" ဟု ပြောလိုက်သည်။

"ဟုတ်လှချည်လား ... ဘယ်မှာလဲကွ ..."

"အစိုးရရုပ်ရှင်နဲ့ ပြဇာတ်ဌာနမှာပါ ... "

www.burmeseclassic.com

"ဘာလုပ်သလဲ … "

"အော်ပရေတာ … "

ကျွန်တော်က အလုပ်သင်ဆိုလျှင် အထင်သေးသွားမည်စိုး၍ အော်ပရေတာဟုပင် ပြောလိုက်ပေသည်။

"ကဲ … ကဲ … အော်ပရေတာ လုပ်တာလည်း လုပ်ပေါ့ကွာ။ ခုတော့ ခဏလိုက်ခဲ့ပါဦး … "

သူက ကျွန်တော့်လက်ကို ဆွဲလိုက်သည်။ ပုလိပ်က ခဏဟုဆိုခြင်းမှာ ဖောက်ထွင်းမှု မသင်္ကာဖြင့် လည်းကောင်း၊ တစ်ရာ့ကိုး တစ်ရာ့တစ်ဆယ်ဖြင့် လည်းကောင်း ထောင်ထဲသို့ ခြောက်လလောက် သွားနေပါဟု ဆိုသည့် အဓိပ္ပာယ် ပင်တည်း။

"ဗျာ … ဘာဖြစ်လို့လဲ … ကျွန်တော် ကောင်းကောင်းမွန်မွန် နေတာပဲ"

"ဒီမှာ ကျော်မောင် … မင်း ဘာလုပ်နေတယ်ဆိုတာ ဒို့သိပါတယ်ကွာ။ ၅၂ လမ်းကအမှုနဲ့ ထောင်ကလွတ်လာပြီး ကတည်းက မင်းလက်ထဲမှာ … "

"ဟော့ကောင် … ရှည်မနေနဲ့။ မင်းဆီက ခြောက်လုံးပြူး လိုချင်တယ်။ ဒါပဲ"

ဆားပုလင်းတစ်ယောက် စကားမဆုံးခင် ဆားပုလင်းတစ်ယောက်က ဝင်၍ပြောလိုက်သည်။

"ဗျာ … ကျွန်တော့်ဆီမှာ ခြောက်လုံးပြူး မရှိပါဘူး"

"ကဲ … ကွာ … ဟိုရောက်မှ ပြောပါ"

ဆားပုလင်းတစ်ယောက်က ကျွန်တော့်လက်ကို ဆွဲခေါ်လိုက်သည်။ ကျွန်တော်သည် ဘာမျှ ပြန်မပြောနိုင်တော့ဘဲ လက်ကို ဆောင့်ရုန်းကာ တိုက်နှစ်တိုက်ကြားမှ ကျုံးကြီးလမ်းဘက်သို့ ထွက်ကာ မှတ်တိုင်မှ ထွက်လာသော ကားတစ်စီးပေါ်သို့ တက်၍ လိုက်လာခဲ့သည်။ ဆားပုလင်းနှစ်ယောက်ကား တိုက်နောက်ဖေး လမ်းကြားထိပ်တွင် မျက်ခြေပြတ်၍ ကျန်ရစ်ခဲ့လေသည်။

ကျွန်တော်မှာ အိမ်သို့ မပြန်ရဲတော့ပေ။ လမ်းငါးဆယ်မှာလည်း နေ၍မဖြစ်။ အနိစ္စကွက်သစ်မှ မောင်ညွန့်ကလည်း ဖောက်ထွင်းမှုဖြင့် ထောင်ကျနေ၏။ တစ်နေရာကိုတော့ ရှောင်မှ ဖြစ်ပေမည်။ ထို့ကြောင့် ဘူတာကြီးတွင်ဆင်းကာ လော်ကယ်ကိုတက်စီး၍ သင်္ကန်းကျွန်းသို့ လာခဲ့လေသည်။

ခြေဦးတည့်ရာကို ရောက်ပေဦးတော့မည်။

www.burmeseclassic.com

(၁၆)

သင်္ဘောကျွန်းတွင် ကျွန်တော့်သူငယ်ချင်း ဝါဖောင်ရှိလေသည်။ ဝါဖောင်မှာ အရပ်ရှည်ရှည်၊ ခါးကိုင်းကိုင်းနှင့် တရုတ်ကပြားဖြစ်၏။ ဝါဖောင်ကို ထောင်ထဲတုန်းက သိခဲ့ခြင်း ဖြစ်၏။ သူလည်း ကျွန်တော့်လို အိမ်ဖောက်နေသူ ဖြစ်ပေသည်။ ဝါဖောင်က သူ့ဆီတွင် အလုပ်အကိုင်ကောင်း၍ အတူလာနေရန် မကြာခဏ ခေါ်ဖူး၏။ သို့ရာတွင် ကျွန်တော့်မှာ မခင်လှိုင်နှင့် နီးဖို့အရေးအတွက် စိတ်ကူးယဉ်နေသဖြင့် သူ့ထံသို့ မသွားဖြစ်ပေ။

ဝါဖောင်ကို အိမ်တွင် အဆင်သင့် တွေ့ရလေသည်။ ကျွန်တော့်ကို မြင်သောအခါ ဝါဖောင်က ဝမ်းသာအယ်လဲ ကြိုဆို၏။ ကျွန်တော်သည် ဝါဖောင်နှင့် အတူတူနေရင်း အရင်အလုပ်ကို ဆက်လုပ်ပြန်လေသည်။ ညတွင် အိမ်ဖောက်၏။ နေ့လည်နေ့ခင်း လူပြတ်သည့်အခါတွင်လည်း အိမ်ဖောက်လေသည်။ ကျွန်တော်တို့မှာ အိမ်ဖောက်လျှင် ကုလားအော်လွှန်၊ လွှစသည်တို့သာမက ခြောက်လုံးပြူးကလေးပင် ပါလာ၏။ လူနိုးသည်နှင့်ကြုံလျှင် အရင်ကလို ထွက်မပြေးတော့ဘဲ ခြောက်လုံးပြူးဖြင့် အနကြမ်းစီးကြ၏။ ကျွန်တော်ကား ဆင်ဝင်မီးလုံးဖြုတ်၊ နောက် မော်တော်ကား မီးလုံးဖြုတ်၊ နောက် အိမ်ဖောက်၊ နောက် အနကြမ်းဖြင့် အဆင့်ဆင့် တက်လာသူဖြစ်၍ အောက်သက်ကြေနေလေပြီ။

ယခုလိုဘဝကို ပြန်လည်ရောက်ရသောအခါ ကျွန်တော်သည် ဆားပုလင်းတွေကို စိတ်နာမိလေသည်။ စိန်အေးကိုလည်း စိတ်နာမိလေသည်။ ကောင်းကောင်းမွန်မွန် လုပ်ကိုင်စားနေခါမှ ယခုလို ပြန်ဖြစ်ရသည်ကို တွေးမိသောအခါ မခင်လှိုင်ကို သနား၍ သွားလေသည်။ မခင်လှိုင်သည် ကျွန်တော့်စကားကို ဘယ်တော့မှ ယုံမည်မထင်တော့ပေ။ ကျွန်တော်သည် မခင်လှိုင်ကို ပြေးတွေ့ကာ ဖြစ်ကြောင်းကုန်စင်ကို ပြောပြချင်သည်။ သို့ရာတွင် ဘဝခြားလေပြီတကား။

ကျွန်တော် ဝါဖောင်နှင့်နေ၍ တွေ့မရှောင် အလုပ်မှန်သမျှ လုပ်လေသည်။ အိမ်လည်းဖောက်၏။ လူနိုးလျှင်လည်း အနကြမ်းဖြင့် လုလေသည်။ ရသည့်ဝင်ငွေကလည်း ဖဲဝိုင်း၊ အရက်ဆိုင်၊ ပြည့်တန်ဆာဆီသို့သာ ရောက်၏။ ကျွန်တော်သည် ဇက်သတတ်တော့ဘဲ စိတ်ညစ်ညစ်နှင့် ဖဲဝိုင်း၊ အရက်ဆိုင်နှင့် ပြည့်တန်ဆာအိမ်တွင်သာ သံသရာလည်နေလေသည်။

မနေ့ညက အလုံက အိမ်တစ်အိမ်ကိုဖောက်ပြီး ရလာသည့် ပစ္စည်းများကို သံပုံချိုင့်က အုန်းမောင်ဆီတွင် သိမ်းရန်ပေးလိုက်သဖြင့် သံပုံချိုင့် အုန်းမောင်အိမ်သို့ ထွက်လာခဲ့သည်။ အုန်းမောင်မှာ ကျွန်တော်ရောက်မှ အိပ်ရာနိုးလေသည်။ အုန်းမောင်နှင့် ကျွန်တော် ဝေစုခွဲကြသည်။ တစ်ယောက်လျှင် ငါးထောင်ကျော်လောက် ရလေသည်။

ကျွန်တော်သည် ကျွန်တော့်ဝေစုဖြစ်သော ရွှေထည်ပစ္စည်း ငါးထောင်ဖိုးကို အိတ်ထဲတွင်ထည့်ကာ သံပုံချိုင့်မှ တက်လာခဲ့သည်။ သွေးဆေးကန်ဘက်တွင် ပိန်းတောကြီးကို မြင်ရသောအခါ အဖေကြီးတို့ ရန်ကုန်ရောက်ခါစက မေမေနှင့်

www.burmeseclassic.com

သည်နေရာသို့ အလည်လာခဲ့ကြသည်ကို သွား၍ အမှတ်ရနေလေသည်။ ဝမ်းနည်းသလိုလို ရင်ထဲတွင် ဖိုလာသည်။ ကျွန်တော်သည် ကိုယ့်အတွေးနှင့်ကိုယ် ခေါင်းငိုက်စိုက်ဖြင့် လျှောက်လာခဲ့သည်။

နောက်မှ ကျွိကနဲ အသံကြားသဖြင့် လှည့်ကြည့်လိုက်သောအခါ ကျွန်တော့်ဘေးတွင် စက်ဘီးနှင့် လူတစ်ယောက်ကို တွေ့ရ၏။ ဆားပုလင်း ကိုကိုကြီးပေတည်း။

"လာခဲ့ ... လာခဲ့ ... မင်းကို ချောင်းနေတာ ကြာလှပြီ။ ဝေစု လာခွဲတာ မဟုတ်လား"

ကိုကိုကြီး ခြောက်လုံးပြူးကိုကိုင်ကာ စက်ဘီးပေါ်မှ ဆင်းလာ၏။ ကျွန်တော်ပြေးမည်ဟု စိတ်ကူးမိပါသေး၏။ သို့ရာတွင် ကိုကိုကြီးလက်ထဲက ခြောက်လုံးပြူးကြောင့် ကျွန်တော် မပြေးနိုင်တော့ပေ။

"မဟုတ်ပါဘူးဗျ ... သူငယ်ချင်းတစ်ယောက်ဆီက ပြန်လာတာပါ"

"ဘယ်ကပြန်ပြန်ကွာ ... လာ ... ဂါတ်ကိုလိုက်ခဲ့"

ကိုကိုကြီးက လက်တစ်ဖက်တွင် ခြောက်လုံးပြူးကိုကိုင်ကာ စက်ဘီးပေါ်သို့ တက်လိုက်ပြီး ကျွန်တော့်ကို နောက်ခုံပေါ်တွင် အတက်ခိုင်းလိုက်သည်။ ကျွန်တော်လည်း မငြင်းသာတော့ပြီမို့ တက်ထိုင်လိုက်ရပေသည်။ ဆားပုလင်း ကိုကိုကြီးသည် ဘိုင်စကယ်ကို နောက်သို့ ပြန်ကွေ့လိုက်သည်။ သူ့စိတ်ကူးမှာ အနီးဆုံးဖြစ်သည့် ကန်တော်မင်ရဲဌာနသို့ ခေါ်သွားရန် ဖြစ်ဟန်တူ၏။

ကျွန်တော်တို့နှစ်ယောက် ပိန်းတောကြီးနားသို့ ရောက်လာကြလေသည်။ ပိန်းတောကြီးမှာ အရွက်တွေ ပိတ်၍နေလေသည်။ ပိန်းတောကြီးနားရောက်သည်နှင့် တစ်ပြိုင်နက် ကျွန်တော်သည် ဝုန်းကနဲ ခုန်ဆင်းကာ ပိန်းရွက်တွေကြားထဲသို့ ဝင်ပြေးခဲ့သည်။ ကိုကိုကြီးက ကျွန်တော့်အား ခြောက်လုံးပြူးဖြင့် လှမ်းပစ်၏။ သို့သော် ကျွန်တော့်ကို မထိပေ။ ကျွန်တော်သည် ပိန်းရွက်တွေ ပိတ်နေသောကြောင့် ကျွန်တော့်မှာ ပိန်းတောထဲတွင် ပျောက်နေလေသည်။ ကျွန်တော်သည် ပိန်းရွက်တွေကြားထဲသို့ အတင်းတိုး ဝင်ခဲ့သည်။ ဘယ်ရောက်မည်ကို မသိပေ။

ပိန်းတောထဲတွင် တော်တော်ကြာသွားမိတော့မှ အနောက်ဘက်စောင်းတန်း အလယ်လောက်တွင် ဆုံးသွားလေသည်။ ကျွန်တော်သည် အနောက်ဘက် ပစ္စယံက ချုံတွေကြားထဲမှ ဖြတ်ဆင်းပြီး ကန်တော်မင်ပန်းခြံဘက်သို့ ဖြတ်ဆင်းခဲ့ပြီး သင်္ကန်းကျွန်းသို့ တောက်လျှောက် ပြန်လာခဲ့လေသည်။ ဝါဖောင်အိမ်မှာ သင်္ကန်းကျွန်းတောင်ဖျားတွင်ရှိ၍ စိတ်ချရ၏။ သည်အိမ်မှာပင်နေ၍ အလုပ်လုပ်လေသည်။

ကျွန်တော်သည် ညကျမှသာထွက်၍ အလုပ်လုပ်၏။ နေ့လယ်ခင်းတွင် မြို့ထဲကိုလည်း သိပ်မထွက်တော့ပေ။ ပျင်းလွန်း၍ မနေနိုင်လျှင် ဗိုလ်တထောင် ကားဂိတ်သို့သွား၍ ဖယ်တောက်နေလေသည်။ ဗိုလ်တထောင်မှလွန်၍ကား သွားခဲလှသည်။ တစ်နေ့ ကျွန်တော် ပျင်းပျင်းနှင့် ဘတ်(စ်)ကား စပယ်ယာတွေနှင့်

www.burmeseclassic.com

ဖယ်တောက်နေစဉ် ကျွန်တော့်ကို လူဆိုးထိန်းလေးယောက် မြင်သွားလေသည်။ ကျွန်တော်က မယောင်မလည်ထ၍ ထွက်မည်အပြုတွင် သူတို့လေးယောက် ကျွန်တော့်ကို ဝိုင်းထားကြကာ ဌာနသို့ ခေါ်ပြန်သည်။

"ကဲ ... ကျော်မောင် ... အချင်းချင်းတွေပဲကွာ။ ဒို့ကို ညာမနေပါနဲ့တော့။ မင်းဆီက သေနတ်လိုချင်တယ် ... ဒါပဲ"

"ကျွန်တော့်မှာ သေနတ်မရှိဘဲ ကျွန်တော် ဘယ့်နယ်လုပ် ပေးမလဲ"

"ကုတ်ကိုင်းကအိမ်ကို ဖောက်တာ မင်းတို့ပါကွာ ... ဒို့သိပါတယ်။ အဲဒီတုန်းက မင်းတို့မှာ ခြောက်လုံးပြူးပါတယ် မှတ်လား"

သူတို့ပြောသည်မှာ အမှန်ပင် ဖြစ်၏။ တစ်လောက ကျွန်တော်နှင့်ဝါဖောင် ကုတ်ကိုင်းက အိမ်တစ်အိမ်ကို ဖောက်ဝင်ရာ အိမ်ရှင်နိုးသဖြင့် ခြောက်လုံးပြူးနှင့် ချိန်ပြီး လုလာခဲ့လေသည်။ အမှန်ကတော့ သည်ခြောက်လုံးပြူးမှာ ကျွန်တော်တို့ ဘုံပိုင်ပစ္စည်းဖြစ်၏။ ကျွန်တော့်လက်ထဲတွင်လည်း မရှိပေ။ သူငယ်ချင်းတစ်ယောက် အလုပ်လုပ်စရာ ရှိသဖြင့် မနေ့ကပင် ငှားလိုက်ရလေသည်။

"မဟုတ်ပါဘူးဗျာ ... ကျွန်တော် ပြောပြပါ့မယ် ... " ဟု ဆိုကာ ကျွန်တော့်အသိ လူဆိုးထိန်းကို လက်တို့ခေါ်လိုက်ပြီး သူ့ကို ကြေရာကြေကြောင်းပြောကာ အိတ်ထဲတွင် ပါလာသည့် ငွေတစ်ရာ့ငါးဆယ်ကို ထုတ်ပေးလိုက်သည်။

ကျွန်တော်ကား အမှုမယ်မယ်ရရ မရှိဘဲ အသားလွတ် အဖမ်းမခံချင်ပေ။ ပြီးတော့လဲ ပုလိပ်ဌာနများမှာဖော်ကောင်ဘည့္နဲ့တို့ခေတ်ကတည်းကရေလောင်းစစ်သည့်နည်း ခေတ်စားနေသည်ဟု ကြားရ၏။ ကျွန်တော်တို့ လူဆိုးများကား ရိုက်သည်ထက် ရေလောင်းခံရမည်ကို အကြောက်ဆုံး ဖြစ်လေသည်။ ရေလောင်းပြီး သေနတ်တောင်းမှဖြင့် ကျွန်တော် သက်သာမည် မဟုတ်ပေ။

အစပထမသော်ကျွန်တော့်အသိဆားပုလင်းကငြင်းသေး၏။နောက်ထပ်ငွေငါးဆယ် ထုတ်ပေးတော့မှ "ကြည့်လုပ်ရတော့မှာပေါ့ကွာ ... ။ မင်းလည်း ငြိမ်ငြိမ်နေရင် ကောင်းမယ်ထင်တယ်" ဟုဆိုကာ သူ့လူများကို ခေါ်၍ ပြန်ထွက်သွားလေသည်။

အမှန်ကတော့ ပုလိပ်က ကျွန်တော့်ကို ဘယ်အမှုတွင်မှ တပ်အပ် မစွဲနိုင်သေးပေ။ သက်သေ အထောက်အထားလည်း ခိုင်လုံအောင်ရှိသည် မဟုတ်။ သို့သော် ဖောက်ပုံဖောက်နည်းကို ကြည့်၍ ကျွန်တော်တို့ ဖြစ်ကြောင်းကိုမူကား သိထားဟန်တူလေသည်။ ထို့ကြောင့် ကျွန်တော်သည် အလုပ်တစ်ခု လုပ်ပြီးလျှင် အပြင်သို့ သိပ်မထွက်ဘဲ အိမ်ထဲတွင်သာ နေလေ့ရှိသည်။ ခြောက်လုံးပြူးတောင်းသည့် ရန်မှာမအေး။ အထောက်အထား ခိုင်ခိုင်လုံလုံနှင့် အမှုရှာမရသည့်တစ်နေ့တွင် ခြောက်လုံးပြူးကိစ္စနှင့် ဆွဲသွားပြီး ရေလောင်းစစ်လိုက်လျှင် ကျွန်တော့်အမှုတွေ တစ်သီတစ်တန်းကြီး ပေါ်ကုန်မည် ဖြစ်၏။ ရေလောင်းသည့်ဒဏ်ကို ကျွန်တော်လည်း ခံနိုင်မည်မဟုတ်။

ဗိုလ်တထောင် ကားဂိတ်တွင် ပုလိပ်တွေနှင့် တွေ့ပြီးကတည်းက ကျွန်တော်သည်

www.burmeseclassic.com

နေ့လည်နေ့ခင်းတွင်အပြင်မထွက်တော့ပေ။တစ်နေရာထဲတွင်လည်းအတည်တကျ မနေတော့ဘဲ လှည့်ပတ်ပြောင်းရွှေ့ နေလေသည်။ သည်အတောအတွင်းမှာ ခင်မောင်နှင့်ကျော်ဝင်းကို တွေ့ရလေသည်။ ခင်မောင်နှင့် ကျော်ဝင်းမှာ ကျွန်တော့်လို နာမည်ရှိသူများပင်တည်း။

"ကျော်မောင် ... အလုပ်တစ်ခု ဒို့မြင်ထားတယ်။ အဲဒါ မင်းပါရင် သိပ်ကောင်းမှာပဲ"

ကျော်ဝင်းက ကျွန်တော့်ကို အဖော်ညှိ၏။ ကျွန်တော်ကား နည်းနည်းပါးပါးလောက်ဆိုလျှင် မလုပ်ချင်။ ခပ်များများ အပွကြဲချင်၏။ တစ်ချီထဲ ခပ်များများရလျှင် ကောင်းကောင်းမွန်မွန်ပဲ လုပ်ကိုင် စားသောက်တော့မည်ဟု စိတ်ကူးထား၏။ ခုလို တိမ်းရှောင် ပုန်းအောင်းနေရသည့် ဘဝ၊ ရင်တဖိုဖိုနှင့် နေရသည့် ဘဝက ငြီးငွေ့လှပြီ ဖြစ်၏။ မခင်လှိုင်နှင့် တင့်တောင့်တင့်တယ် နေချင်လှပေပြီ။

"လုပ်ကြပါကွာ ... ကိုယ်မအားဘူး။ ဝါဖောင်နဲ့ ချိန်းထားတာ တစ်ခုရှိတယ်"

ကျွန်တော်က လှီးလွှဲ၍ ပြောလိုက်ရသည်။ တကယ်လည်း ဝါဖောင်နှင့် အလုပ်တစ်ခုလုပ်ရန် ချိန်းထားပေသည်။

"ဝါဖောင်နဲ့ တွေ့ခဲ့ပြီးပြီ။ သူလည်းပါမယ်။ သူက မင်းပါရင် ပိုကောင်းမယ်ဆိုလို့ ... "

ခင်မောင်က ဝင်ပြောလိုက်သည်။ ကျော်ဝင်းကလည်း ...

"အလုပ်ဖြစ်ရင်တော့ တစ်ချီထဲ ပွပေါက်ပဲကွ ... ကိုယ်တို့မှာလည်း သေနတ်ကလေးဘာလေး ရှိပါတယ်"

ကျွန်တော်ကလည်း ငြင်း၍ မကောင်းတော့သည့်ပြင် ဝါဖောင်လည်း ပါသည်မို့ သူတို့ ကမ်းလှမ်းချက်ကို လက်ခံလိုက်သည်။ သူတို့ အကြံအစည်မှာ ဘောက်ထော် မင်္ဂလာလမ်းက စိန်ဘာဘူအိမ်ကို ဖောက်ရန်ဖြစ်၏။ အလုပ်ဖြစ်လျှင် တော်တော်များများ ရနိုင်မည်ဟု ဆိုလေသည်။ ကျွန်တော်တို့ လေးယောက်သည် အလုပ်မလုပ်မီ တစ်ညတွင် ဘောက်ထော် မင်္ဂလာလမ်းက စိန်ဘာဘူအိမ်ကို သွား၍ကြည့်ကြသည်။စိန်ဘာဘူအိမ်မှာနှစ်ထပ်တိုက်ကြီးဖြစ်၏။ဘိလပ်သံတံခါးနှင့် တော်တော် ခိုင်ခိုင်ခန့်ခန့် ရှိလေသည်။ တိုက်ကြီးက ဟိန်းနေသဖြင့်တစ်ကြောင်း၊ မဂိုလမ်းက စိန်ဘာဘူဖြစ်၍ တစ်ကြောင်း တော်တော်ရမည်ဟု ခန့်မှန်းလိုက်သည်။

နောက်တစ်နေ့ညတွင် ကျွန်တော်တို့လေးယောက်သား ခပ်စောစောသွား၍ အခြေအနေကို အကဲခတ်ကြပြီး မရိုးဆန်းရုံတွင်ဝင်၍ ဘိုင်စကုတ် ကြည့်ကြသည်။ ၁၂ နာရီကျော်ကျော် ဘိုင်စကုတ်ပြီးတော့မှ ဘောက်ထော်ကို လာခဲ့ကြပေသည်။

မင်္ဂလာလမ်းတစ်ပိုက်တွင် တိတ်တိတ်ဆိတ်ဆိတ် ရှိနေပေ၏။ ကောင်းကင်တွင်လည်း လရောင်မရှိ၊ ကြယ်ရောင်တို့သာ ဝင်းပ၍နေပေသည်။ ကျွန်တော်တို့သည် သစ်ပင်ရိပ်များအောက်မှ ကပ်ကာ စိန်ဘာဘူအိမ်နားသို့

www.burmeseclassic.com

လျှောက်လာခဲ့ကြ၏။ စိန်ဘာဘူအိမ်အောက်မှ ခွေးသည် ထိုး၍ဟောင်လိုက်သည်။ ထို့ကြောင့် အသာပြန်ဆုတ်လာကာ သစ်ပင်ရိပ်အောက်တွင် ဝပ်နေကြသည်။ နောက်တစ်ကြော့ ပြန်ကပ်သည့်အခါ ခွေးကထပ်၍ ဟောင်ပြန်သည်။

ကျွန်တော်တို့သည် စိတ်ပျက်လက်ပျက်ဖြင့် ဆုတ်ခွာလာကြပြန်ကာ တံတိုင်းနားမှာ ကပ်နေလိုက်ကြသည်။ ကျွန်တော်တို့ ကပ်နေသည့်တံတိုင်းမှာ တစ်ဖက်က တိုက်အိမ်ကို ကာရံထားသည့် တံတိုင်းဖြစ်၏။ ကျွန်တော်က စိတ်ပျက်လက်ပျက်ဖြင့် တစ်ဖက်တိုက်အိမ်ကြီးကို လှမ်းကြည့်လိုက်သည်။ အိမ်ကြီးမှာ ဟိန်းနေပေ၏။ ကျွန်တော့်ခေါင်းထဲတွင် အကြံတစ်ခုရလာလေသည်။

"ဟေ့ ... စိန်ဘာဘူအိမ် ဝင်မရတဲ့အတူတူ ငါတော့ ဒီအိမ်ကြီးကို ဝင်ချင်တယ်ကွာ။ ဒီနားကတော့ လူချမ်းသာတွေချည်း နေမှာပဲ"

ကျွန်တော်ကကျွန်တော့်အကြံကိုဖွင့်ပြောလိုက်သည်။အားလုံးကဘာမျှမပြောကြဘဲ တိတ်ဆိတ်နေကြသည်။ အတန်ကြာမှ ကျော်ဝင်းက ...

"ဟာ ... မလုပ်ပါနဲ့ကွာ ... ဘာမှန်းလဲမသိ၊ ညာမှန်းလဲမသိနဲ့ တော်တော်ကြာ ဂျောက်ပေါက်တိုးနေလိမ့်မယ် ... "

"ငါတော့ စမ်းကြည့်ချင်တယ်ကွာ။ လက်ချည်းတော့ ပြန်မသွားချင်ဘူး။ ရောက်တဲ့အတူတူ"

ကျွန်တော်က ဇွတ်ပြောသဖြင့် သူတို့အားလုံး သဘောတူကြသည်။

ကျွန်တော်သည် ကျော်ဝင်း ပုခုံးပေါ်မှ အုတ်တံတိုင်းပေါ်သို့ လှမ်းတက်လိုက်ပြီး အထဲသို့ ခုန်ချလိုက်သည်။ ခဏကြာလျှင် သူတို့နှစ်ယောက်လည်း လိုက်လာကြလေသည်။ ကျော်ဝင်းက အောက်ကစောင့်၍ ကျွန်တော်တို့နှစ်ယောက်က အပေါ်သို့ တက်ရမည် ဖြစ်လေသည်။ ကျွန်တော်သည် နောဖေးလှေခါးမှ အပေါ်သို့ တက်လာခဲ့သည်။ နောက်ဖေးလှေခါးထိပ်တွင် အုတ်လက်ရန်းကာထား၏။ နောက်ဖေးမီးဖိုဖြစ်ဟန်တူလေသည်။ တံခါးမကြီးမှာ ပိတ်ထား၏။ တံခါးမကြီးကိုတွန်းကြည့်လိုက်သောအခါ အောက်က မင်းတုန်းမထိုးဘဲ အထက်မင်းတုန်းသာ ထိုးထားပေသည်။ တံခါးမကြီးအထက်တွင် တစ်ပေခွဲခန့် အိုင်းသုံးပေါက် ဖောက်ထားပြီး အလယ်တွင် အုတ်နှစ်ချပ်ကို ကြက်ခြေခတ်၍ စီထား၏။ ကျွန်တော်သည် အုတ်လက်ရန်းပေါ်မှတစ်ဆင့် တံခါးမကြီးအထက်၊ အုတ်ဘောင်ပေါ်သို့ တက်လိုက်ကာ အပေါက်ကလေးတစ်ပေါက်ကို လက်ဖြင့်ဖမ်း၍ မြဲအောင်ဆုပ်ထားပြီး ညာဘက်လက်ဖြင့် အောက်သို့နှိုက်ကာ မင်းတုန်းကို ဖြုတ်ချလိုက်သည်။

အောက်က ကျော်ဝင်းက တံခါးကို တွန်းလိုက်သည်တွင် အဆင်သင့် ပွင့်သွားလေသည်။ အောက်က ခင်မောင်လည်း တက်လာသဖြင့် သုံးယောက်စလုံး အထဲသို့ ဝင်ခဲ့ကြ၏။ အထဲက တံခါးများမှာ အားလုံးဖွင့်ထားကြသည်။ မီးဖိုချောင်နှင့်ကပ်လျက် အခန်းထဲတွင် မိန်းမပျိုတစ်ယောက် အိပ်နေသည်ကို

www.burmeseclassic.com

တွေ့ရလေသည်။ ကျွန်တော်တို့သည် ခေါင်းရင်းခန်းဘက်သို့ ကူးလာခဲ့ကြ၏။ ခေါင်းရင်းခန်းထဲတွင် ကုတင်တစ်လုံးစီဖြင့် ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက် အိပ်နေလေသည်။ ကျွန်တော်တို့မှာ အိမ်အတွက် ပြင်ဆင်ရသည်ကို ပြင်ဆင်ရပေဦးမည်။ ထို့ကြောင့် လှေခါးမှ အောက်ထပ်သို့ ဆင်းလာခဲ့သည်။ အောက်ထပ်မှာ ဘာဂျာတံခါးကို သော့ခတ်ထား၏။ အနီးစားပွဲပေါ်တွင် တွေ့သောသော့ဖြင့် ဘာဂျာတံခါးကို ဖွင့်ပြီးမှ အပေါ်သို့ပြန်တက်ခဲ့ကြသည်။

ကျွန်တော်တို့ သုံးယောက်စလုံး လင်မယားနှစ်ယောက်အိပ်သည့် ခေါင်းရင်းခန်းသို့ ဝင်လာခဲ့ကြသည်။ မိန်းမကုတင်အောက်တွင် သေတ္တာကြီး တစ်လုံးရှိ၍ ခြေရင်းတွင် ဘီဒိုကြီးတစ်လုံး ရှိသည်။ ကျွန်တော်သည် ဘီရိုနားသို့ ကပ်ပြီး တံခါးကို ဆွဲဖွင့်လိုက်သည်။ တံခါးသည် ကျီကနဲ မြည်သွားလေ၏။ ကုတင်ပေါ်တွင် အိပ်နေသည့် မိန်းမသည် ဖျတ်ကနဲ နိုးလာကာ ချောင်းဟန့်ရင်း "ဘယ်သူလဲ" ဟု မေးလိုက်သည်။

ကျွန်တော်တို့ကား အေးအေးဆေးဆေး မပြီးလျှင် ပြီးသလိုလုပ်ရန် ဆုံးဖြတ်ထားပြီး ဖြစ်၏။ ထို့ကြောင့် ကျွန်တော်က အနားတွင်တွေ့သော မီးခလုတ်ကို ဖွင့်လိုက်သည်။ ကျော်ဝင်းနှင့် ခင်မောင်က ကုတင်ပေါ်တွင် ထထိုင်လိုက်သော ယောကျ်ားကို ခြောက်လုံးပြူးဖြင့် ဖမ်းချိန်ကာ ကြိုးနှင့်တုပ်လိုက်ပြီး ပါးစပ်ကို အဝတ်စည်းလိုက်သည်။ ကျွန်တော်က မိန်းမထံသွားကာ ပါးစပ်ကို အဝတ်စည်းလက်ကို ကြိုးဖြင့်တုပ်ကာ အမှောက်ခိုင်းလိုက်သည်။

သည့်နောက်ကား ကျွန်တော်တို့လက်၊ ကျွန်တော်တို့ခြေသာ ဖြစ်၏။ ဘီရိုထဲက ရွှေထည်ပစ္စည်းတွေကို အေးအေးဆေးဆေးပင် အိတ်ထဲသို့ ထည့်လိုက်သည်။ မိန်းမကုတင်အောက်က သေတ္တာထဲကတွေ့သော ပစ္စည်းတွေကိုလည်း အိတ်ထဲသို့ သိမ်းထည့်လိုက်သည်။ ကျွန်တော်တို့လက်ထဲတွင် သော့ရပြီဖြစ်၍ အေးအေးဆေးဆေးပင် မွှေနှောက်နေကြသည်။ ယောကျ်ားကုတင်အောက်က သေတ္တာထဲတွင်ကား အကောင်းစား စစ်ဝတ်စုံတွေ တစ်ထပ်ကြီးကို တွေ့ရ၏။ ကျော်ဝင်းတို့က ယောကျ်ားကို မေးနေသံကြားရ၏။ ခဏကြာတော့ ... ကျော်ဝင်း ကျွန်တော့်အနား ရောက်လာကာ "ဟော့ကောင် ... ဖြစ်ပုံမလား။ စစ်ဗိုလ်တဲ့" ဟု တိုးတိုးလာပြောသည်။ ကျွန်တော်ကား ပေါက်သည့်နဖူး မထူးတော့သည့် အတူတူမို့ "အို ... ကွာ ... လုပ်စရာရှိတာသာ လုပ်ပါ" ဟု ပြောလိုက်သည်။ သေတ္တာထဲမှ ငါးကျပ်သားလောက် ရှိမည်ထင်ရသော ရွှေတံဆိပ်တစ်ခုကို တွေ့ရသဖြင့် ဖတ်ကြည့်လိုက်သောအခါ 'ဇေယျကျော်ထင် ဒုဗိုလ်မှူးကြီးဘရှင်' ဟု တွေ့ရပေသည်။ ကျွန်တော်တို့သည် ရတတ်သမျှပစ္စည်းကို သိမ်းကြုံးယူကာ ထွက်လာခဲ့ကြသည်။ မြင်းပြိုင်ကွင်းမရောက်ခင် ဘောက်ထော်အဝင် တံတားလေးနားရောက်တော့ ဘောက်ထော်စစ်တပ်ဆီမှ သေနတ်သံ ကြားလိုက်ရသည်။ ကျွန်တော်တို့ကား ဘေးကင်းရာအရပ်သို့ ရောက်လာပြီဖြစ်၍ အေးအေးဆေးဆေးပင် လူစုခွဲလိုက်ကြပေသည်။

နောက်နေ့ကျတော့ သတင်းစာများထဲတွင် ဗိုလ်မှူးဘရှင်၏အိမ်အမှု သတင်းပါလာလေသည်။ ကျွန်တော်တို့မှာ အားပုံး

www.burmeseclassic.com

တစ်သောင်းကျော်လောက်ရမည် ထင်ရလေသည်။ အမှုကို ပုလိပ်က သဲသဲမဲမဲ လိုက်နေသဖြင့် လက်ဝတ်လက်စားတွေကို မြန်မြန်ထုခွဲ ရောင်းချရသည်။ ကျွန်တော်ကား ဝါဖောင်အိမ်တွင် တစ်လှည့်၊ ဉာဏဗလကွက်သစ် သူငယ်ချင်းအေးကိုအိမ်တွင် တစ်လှည့် လှည့်နေလေသည်။ ဘယ်နေရာမှ အတည်တကျ မနေပေ။ တစ်လလောက်ကြာတော့ ကျော်ဝင်းကို မိသွားသည်ဟု ကြားရလေသည်။ ကျော်ဝင်းက အပေါင်ဆိုင်တွင် ဘယက်သွားပေါင်ထား၏။ ပုလိပ်က အပေါင်ဆိုင်များကို လိုက်စစ်ဆေးသောအခါ တိုင်ချက်တွင်ပါသည့် ပစ္စည်းနှင့် တူနေသည်ဟုဆိုကာ လာပေါင်သူ၏ လက်ဗွေပုံစံကို သိမ်းပြီး စုံထောက်ရုံးသို့ ပို့လိုက်သည်။ စုံထောက်ရုံးတွင် ကျွန်တော်တို့ လက်ဗွေပုံစံ ရှိ၏။ တိုက်ကြည့်သောအခါ ကျော်ဝင်းလက်ပုံစံ ဖြစ်နေလေသည်။ နောက်ဆုံးတော့ ကျော်ဝင်းကို ဘိုကလေးတွင် ဖမ်းမိသည်ဟု ကြားရပေသည်။

ကျွန်တော်ကား ကျော်ဝင်းက ဖော်သည်ဟု ကြားပြီးဖြစ်၏။ ထို့ကြောင့် နယ်ထွက်၍ ရှောင်ရန် စီစဉ်ရလေသည်။ သည်နေ့က အင်းစိန်တစ်ဝိုက်မှ ပြန်လာပြီး ဉာဏဗလကွက်သစ် ကျွန်တော့်သူငယ်ချင်းအိမ်သို့ ပြန်လာ၏။ ည ၉ နာရီလောက် ရေမိုးချိုးပြီး အိပ်ရာပေါ်တွင်လှဲရင်း မခင်လှိုင်နှင့် ကျွန်တော်တို့၏ ရှေ့ရေးကို စဉ်းစားနေမိသည်။ ကျွန်တော်ကား မခင်လှိုင်ကို ကတိပေးပြီးမှ လူဆိုးဘဝသို့ ပြန်ရောက်နေပြီ ဖြစ်၏။ မခင်လှိုင်က ကျွန်တော့်ကို လူကောင်းသူကောင်း ဖြစ်စေချင်၏။ ကျွန်တော်က သူဖြစ်စေချင်သည့်အတိုင်း ဖြစ်မလာပေ။ ကျွန်တော်သည် လူကောင်းသူကောင်းဖြစ်ရန် ကြိုးစားပါ၏။ သို့ကြောင့် မေမေ့ကို ပူစာကာ ရုပ်ရှင်ပြဇာတ်ဌာနတွင် ပညာသင်အဖြစ် ဝင်လုပ်ခဲ့၏။ သို့ရာတွင် ပေငါးဆယ်ထိပ်တွင် ဆားပုလင်းက ခြောက်လုံးပြူး တောင်းပြီးကတည်းက ကျွန်တော်သည် ဥပဒေကို ကျောပေးကာ အမှောင်ရိပ်ထဲသို့ ပြေးဝင်လာခဲ့သည်မှာ ယခုတိုင်အောင် ဖြစ်ပေသည်။ ဘယ်တော့များမှ သည်အမှောင်ရိပ်က လွတ်ပါလိမ့် … ။

ကျွန်တော်သည် အိပ်ရာပေါ်တွင်လှဲရင်း သည်အကြောင်းတွေကို စဉ်းစားမိ၏။ သည်အတောအတွင်းမှာ စစ်ဖိနပ်သံများကို ကြားလိုက်ရပြီး အိမ်ရှေ့တွင် ပုလိပ်တွေ ဝိုင်းထားသည်ကို တွေ့ရ၏။ ကျွန်တော်ကား မပြေးသာတော့ပြီမို့ အသာတကြည်င အဖမ်းခံလိုက်ပေသည်။

ပုလိပ်က ကျွန်တော့်ကို ရုံးတင်သည်။ ရုံးက အမှုထင်ရှားသဖြင့် ထောင်သုံးနှစ် ချလိုက်သည်။ တစ်ခါက် ရောက်ရပြန်ပေပြီ။

(၁၇)

ရန်ကုန်ထောင်မှာ ရက်စေ့အောင်နေပြီးလျှင် လွတ်လာလေသည်။ ကျွန်တော် လွတ်လာသောအခါ ဝါဖောင်က ထောင်ဘူးဝက လာ၍ကြို၏။ ဝါဖောင်သည် ဖောက်ထွင်းမှုတစ်ခုဖြင့် ကျွန်တော့်နောက်မှ ရောက်လာပြီး ကျွန်တော့်ထက် အရင်စော၍ လွတ်သွားသူဖြစ်၏။ ကျွန်တော်လွတ်လာလျှင်



www.burmeseclassic.com

လာကြိုပါဟု မှာသဖြင့် ဂျစ်ကားတစ်စီးငှားလာကာ လာ၍ကြိုလေသည်။

"ကဲကွာ ... ထောင်ကလွတ်တဲ့ အထိမ်းအမှတ်ပေ့ါ။ တရုတ်တန်းသွား ထမင်းစားရအောင်"

ဝါဖောင်က တက္ကစီကို ကိုယ်တိုင်မောင်းလာပြီး လမ်းမတော် ယူကီးဟော်တယ်ရှေ့တွင် ထိုးရပ်လိုက်သည်။ ကားဒရိုင်ဘာလည်း သူ့သူငယ်ချင်းဖြစ်၍ ကျွန်တော်တို့နှင့် ပါလာလေသည်။ ကျွန်တော်တို့သုံးယောက် ရမ်ပုလင်း အကြီးတစ်လုံးမှာ၍ ကုန်အောင်သောက်ကြပြီး ထမင်းစားကြသည်။ ဝါဖောင်က ဒကာခံလေသည်။ ထမင်းစားပြီး ဝါဖောင်က "ကဲ ... ကွာ ... ဆက်ပြီး အောင်ပွဲခံရအောင်" ဟုဆိုကာ တာမွေနတ်ချောင်းဘက်သို့ ကားကို မောင်းသွား၏။

ကျွန်တော်တို့သည် နတ်ချောင်းတံတားထိပ်တွင် ကားကိုရပ်ကာ မီးရထားသံလမ်းဘေး တဲအိမ်များဆီသို့ လျှောက်လာခဲ့ကြလေသည်။ သံလမ်းမှဖဲ့၍ တဲကြိုတဲကြားထဲသို့ ဝင်မည်အပြုတွင် ကျွန်တော်က ...

"ဝါဖောင်အဲဒီတဲထိအောင်ငါမလိုက်ချင်ဘူးကွာ ...။ ငါကားပေါ်မှာပဲနေရစ်ခဲ့မယ်"ဟု လှမ်းပြောပြီး ကားဘက်သို့ လျှောက်လာခဲ့ပေသည်။ ဝါဖောင်နှင့် တက္ကစီဒရိုင်ဘာမှာ တဲကြိုတဲကြားထဲသို့ ဝင်သွားကြ၏။ ကားနားသို့ အရောက်တွင် ကျွန်တော် ဆေးလိပ်သောက်ချင်သဖြင့် စီးကရက်ဝယ်ရန် အိမ်ဆိုင်ကလေးတစ်ဆိုင်ရှေ့တွင် ရပ်လိုက်သည်။ ဈေးသည်မှာ အသက်လေးဆယ်ကျော်ခန့် မိန်းမကြီး တစ်ဦးဖြစ်၍ သူ့ဘေးတွင် အသက်နှစ်ဆယ်ကျော်ကျော် လုံးကြီးပေါက်လှ မိန်းမတစ်ယောက်ကို တွေ့ရလေသည်။ သူသည် စီးကရက်ကို ဖွာရှိုက်နေလေ၏။ အနားရောက်တော့ မီးရောင်မှိန်မှိန်တွင် ကျွန်တော် သူ့ကို သေသေချာချာ ကြည့်လိုက်သည်။ လား ... လား ... မတင်ရီပေတည်း။

အနီစွက်ကွက်သစ် မောင်ညွှန့်တို့ အိမ်တုန်းကလိုပင် မတင်ရီသည် ပြောင်ပြောင်လက်လက်နှင့် ဖြစ်၏။ အရင်တုန်းကလို နှုတ်ခမ်းဆိုးဆေးဆိုး၍ အင်္ကျီလက်ပြတ်ကို ဝတ်၍ စီးကရက်ကိုခဲ၍ ...

ကျွန်တော်က သူ့ကို အကဲခတ်ကြည့်နေစဉ်မှာပင် သူကစ၍ ...

"ဟောတော့ ... ကျော်မောင်ပါလား။ နင် ဘာလာလုပ်တာလဲ" ဟု ဝမ်းသာအားရ နှုတ်ဆက်သည်။

"ဟေ့ ... မတင်ရီ ... ငါလည်း နင်နဲ့တူလို့ ကြည့်နေတာ။ နှုတ်ဆက်တော့မလို့ပဲ ... ။ နေပါဦး နင်ခု ဘယ်မှာလဲ"

"ဟို ... ဟိုအိမ်ပဲ ငါယောကျ်ားရနေပြီ။ အိမ်လိုက်လည်ပါဦးလား ...။ လာ ... လာ ... စကားစမြည်လေးဘာလေး ပြောရအောင်"

မတင်ရီက ခေါ်သဖြင့် ကျွန်တော်လည်း ယိုင်နဲ့နေသော သူတို့တဲကလေးထဲသို့



www.burmeseclassic.com

လိုက်သွားသည်။ မတင်ရီက သင်ဖြူးခပ်နွမ်းနွမ်းတစ်ချပ်ကို ဆွဲခင်းလိုက်ရင်း ...

"နေရတာတော့ ဖြစ်သလိုပဲ...။ နို့ ... နေစမ်းပါဦး။ ခုနက နင်တို့ သုံးယောက် ဟိုဘက်သွားတာ မြင်လိုက်ပါတယ်။ ဘာလုပ်ကြမလို့တုန်း။ ငါလည်း သူတို့တစ်ခုခု အကြံအစည်ရှိလို့ပဲ ထင်ပြီး ရပ်ကြည့်နေတာ ... ဆိုင်က အဖွားကြီးကိုတောင် ပြောမိသေးတယ်"

မတင်ရီက ကျွန်တော်တို့ကို ပုလိပ်စစ် စစ်လေသည်။ မတင်ရီမှာ ကျွန်တော်တို့ အလုပ်အကိုင်ကို အနိစ္စကွက်သစ်မှာ နေကတည်းက သိပြီးဖြစ်၏။ ထို့ကြောင့် ကျွန်တော့်ကို အလုပ်အကိုင်ကိစ္စနှင့် ပတ်သက်၍ လာသည်ဟု ထင်ဟန်ရှိလေသည်။

"မဟုတ်ပါဘူးဟာ...ဒီပြင်ကိစ္စကလေးရှိလို့ပါ"

ကျွန်တော်က လိုးလွဲပြောလိုက်ရသည်။ မတင်ရီသည် ကျွန်တော့်အား စီးကရက်တစ်လိပ်ကို ကောက်၍မီးညှိပေးလိုက်ရင်း ...

"အမလေး ... တင်ရီတို့ကို ကွယ်မနေပါနဲ့ ... တင်ရီတို့က ချက်ဆို နားခွက်က မီးတောက်ပြီးသားပါ။ အလုပ်ကိစ္စမဟုတ်ရင် မိန်းမလာရှာကြတာပေါ့လေ..."

"မဟုတ်ပါဘူး..." ဟုဆိုကာ ကျွန်တော်ကပြုံး၍ နေလိုက်သည်။ မတင်ရီက နှုတ်ခမ်းကိုမဲ့ကာ ...

"လူတွေကတော့ကွာ...ဇော်ချည်းပဲ..."ဟုဆိုလေသည်။

"နေစမ်းပါဦး ... မောင်ညွှန့်တို့နဲ့ကော တွေ့သေးသလား"

"မတွေ့တာကြာပြီ ... သူတို့လည်း နစ်ကျပ်တစ်မတ် ကွက်သစ်ပြောင်းတယ်လို့ ကြားတယ် ... ငါလည်း ယောက်ျားရပြီးကတည်းက သူတို့ဘက် မရောက်တော့ဘူး"

"နင် ဘယ်တုန်းက ယောက်ျားရတာတုန်း"

"မကြာသေးပါဘူး။ ငါးလလောက်ပဲ ရှိဦးမယ်။ အဲ ... ငါးလတောင် မပြည့်သေးဘူး ထင်တယ်"

မတင်ရီက ခေါင်းကိုမော့၍ မျက်လုံးကိုမှေးကာ စဉ်းစားရင်း ပြောလိုက်၏။

"နင့်ယောက်ျားကော ... ခုဘယ်သွားလဲ"

"ဆိုက်ကားသွားနင်းတယ်လေ ... ယောက်ျားက ဆိုက်ကားသမားဟဲ့"

"နင့်ယောက်ျားကကော တော်ရဲ့မဟုတ်လား"

www.burmeseclassic.com

"တော်တယ်လို့ မဟုတ်ပါဘူး။ တွေ့တာနဲ့ ကောက်ယူလိုက်တာပဲ"

မတင်ရီသည် သူ့စကားကို သူ သဘောကျကာ ရယ်၍နေလေသည်။ ကျွန်တော်ကပြုံးကာ ...

"နင့်ဟာကလဲဟာ ... တွေ့တာနဲ့ ကောက်ယူလိုက်ရောတဲ့လား"

"အမလေး ... ရာဇဝင်က အရှည်ကြီးဟဲ့ ...။ နင်လည်း ငါ့အကြောင်းသိသားနဲ့။ ဖဲဝိုင်းတွေ ကောင်းနေတာနဲ့ ဖဲလျှောက်ရိုက်နေတာပဲ။ ဖဲဝိုင်းတစ်ဝိုင်းမှာ စိန်မောင်နဲ့ တွေ့တာပေါ့"

စိန်မောင်မှာ သူ့ယောက်ျား ဖြစ်လေသည်။ မတင်ရီသည် စီးကရက်တစ်လိပ်ကို ကောက်၍ မီးညှိသောက်နေ၏။

"အဲဒီ ဖဲဝိုင်းမှာ ရှုံးလိုက်တာကို သွက်သွက်လယ်နေတာပဲ။ ငါ့မှာပါတဲ့ အင်မစီကြိုးတစ်ကုံး၊ ဥဿဖယား ကြယ်သီးတစ်စုံ၊ နာရီတစ်လုံး အကုန်ကုန်တာပဲ"

"နေပါဦး ... နင်က ဘယ်ကလာ ဖဲရိုက်တာတုန်း"

"ဟဲ့ ... မြေနီကုန်းက လာရိုက်တာပေါ့"

"အံ့ပါရဲ့ဟာ ... မြေနီကုန်းကများ လာဖဲရိုက်ရတယ်လို့ ... "

"ဒါတော့ကိုယ့်အဆက်နဲ့ကိုယ်ပေါ့ဟယ်။နင်တို့လိုပေါ့။ဒီလိုပဲသူငယ်ချင်းတွေအိမ်မှာ အိပ်၊ စားပြီး ရိုက်နေတာပေါ့။ ဒါနဲ့ တစ်နေ့ညတော့ ဖဲကလည်း သိပ်ရှုံးရှုံးနဲ့ ထိုင်ပြီးရိုက်နေလိုက်တာ ရှိတဲ့နားကပ်ကလေးလည်း ကုန်ရော။ ဘာမှ ပေါင်စရာ မရှိတော့ဘူး။ဒါနဲ့မထူးဘူးဆိုပြီးစိန်မောင်ဆီလူပေါင်ရိုက်တာ။နောက်တော့ငါလည်း မြေနီကုန်း မပြန်ဖြစ်တော့ဘူး။ သူနဲ့အတူတူ နေလိုက်တာပဲ"

မတင်ရီသည် သူ့စကားကို သူ သဘောကျကာ ရယ်နေလေသည်။

"ဒါနဲ့ ပြန်မရွေးဘဲ အပေါင်ဆုံးထားလိုက်တယ် ဆိုပါတော့"

"ပြန်ရွေးရအောင် ငါ့မှာမှ တစ်ပြားမှ မရှိဘဲ။ ဘာနဲ့ သွားရွေးမလဲဟဲ့။ ခုတော့ စိန်မောင်ကပဲ ရှာဖွေကျွေးနေတာပဲ။ အေးလေ ... တစ်နေ့ပြန်ရွေးနိုင်တော့လည်း ရွေးပြီးပြန်လာမှာပေါ့။ အပေါင်ပစ္စည်းဆိုတာ တစ်နေ့တော့ ပြန်ရွေးရမှာပဲ မဟုတ်လား"

ကျွန်တော့်စိတ်သည် ရှည်ဝေးသော အတိတ်သို့ ပျံပြေးနေလေသည်။ အနိစ္စကွက်သစ် မောင်ညွန့်တို့အိမ်မှာ ဖဲရိုက်ကြတုန်းက ကျွန်တော်မှာ ရှုံးသူဖြစ်၍ မတင်ရီမှာ နိုင်သူဖြစ်၏။ သည်တုန်းက မတင်ရီသည် ကျွန်တော့်ပိုက်ဆံရော၊ ရွှေကြိုးကိုရော အားနာမှု ငဲ့ညှာမှုဆို၍ မြူမှုန်လောက်မျှပင်

www.burmeseclassic.com

မရှိဘဲ သိမ်းကျုံးယူသွား၏။ ကျွန်တော်က သဲကြီးမဲကြီးနှင့် အရှုံးလေး ပြန်ရလိုရငြား ဖိရိုက်သည်ကိုပင် သူက သူနှင့်တူသည်ဟု ပြောခဲ့သေး၏။ ယခု သူရှုံးတော့လည်း မတင်ရီသည် အားမနာ၊ ပါးမနာ ရှုံးပစ်လိုက်လေသည်။ အနိုင်၊ အရှုံးကိစ္စတွင် အင်မတန် ပြတ်သားသော မတင်ရီပေတည်း။

"နင် ... အခု ဘယ်မှာနေသလဲ"

ကျွန်တော်က သူ့အမေးကို မဖြေဘဲ မတင်ရီကို ငေးကြည့်နေမိပေသည်။ သူ့မျက်လုံးများမှာ အရင်တုန်းကလိုပင် စွဲမက်စရာ ကောင်းပေသည်။ တင်းရင်းဖွံ့ဖြိုးသော ရင်အုံနှင့် ပြည့်ဖြိုးကားစွင့်နေသော တင်ပါးများမှာလည်း အရင်တုန်းကလိုပင် ရှိ၏။ နှုတ်ခမ်းများကလည်း ပိန်းနေအောင် နီရဲနေပေသည်။ စိတ်အာရုံကို ထကြွလာစေသော နှုတ်ခမ်းများပေတည်း။

ခန္ဓာကိုယ်ကို ပစ္စည်းတစ်ခုလို ဖဲပေါင်ရိုက်သည်ကို ကျွန်တော့်တစ်သက်တွင် သည်တစ်ကြိမ်သာ ကြားဖူးတွေ့ဖူးသေး၏။ မတင်ရီကို ကြည့်ရသည်မှာကား ဘာကိုမျှနမြောတွန့်တိုပုံ မရ။ အေးစက်စက်နိုင်လှပေသည်။ ရွေးနိုင်လျှင် ရွေးမည်။ မရွေးနိုင်လျှင်လည်း ဖြစ်လိုရာ ဖြစ်စေတော့ဟု သဘောထားဟန် တူပေသည်။

"နင်ကလည်းဟာ လူကိုတောင် ပေါင်ရိုက်ရတယ်လို့ပဲ"

ကျွန်တော်က ဂရုဏာ၊ ဒေါသောဖြင့် ပြောလိုက်မိလေသည်။ မတင်ရီက မျက်ခုံးတစ်ဖက်ကို ချီကာ ...

"ဟ ... ပေါင်စရာဆိုလို့ ဘာပစ္စည်းမှ မကျန်တော့ဘဲ လူပဲ ပေါင်ရိုက်ရတော့တာပေါ့။ အနိုင်အရှုံးဆိုတာ ရှိတာပေါ့။ နိုင်တဲ့အခါ နိုင်၊ ရှုံးတဲ့အခါ ရှုံးပေါ့။ ရှုံးတော့လည်း ဒီလိုလုပ်တန် လုပ်ရတာပဲ ကျော်မောင်ရေ့ ... "

ကျွန်တော်သည် မတင်ရီဘဝအဘိဓမ္မာကို အံ့သြရပေသည်။ အနိစ္စကွက်သစ် မောင်ညွန့်တို့အိမ်မှာ နေကတည်းက မတင်ရီကို ကြိုက်သလိုလိုတော့ ရှိ၏။ သို့သော် သည်လောက်လေးပင်လှသည် မဟုတ်ပေ။ ယခုတော့ မတင်ရီ၏ အဘိဓမ္မာကိုပင် သဘောကျသလိုလို ဖြစ်လာပေသည်။ ကျွန်တော့်ဘဝကား လူဆိုးဘဝ၊ ကျွန်တော့်ချစ်သူ မခင်လှိုင်ကား တင့်တောင့်တင့်တယ်ဘဝ သည်ဘဝနစ်ခုကို ကျွန်တော် ဘယ်လိုပေါင်းကူး ပေးရမည်နည်း။ အရင်တုန်းကတော့ မီမီ၏ကမ္ဘာနှင့် ကျွန်တော့်ကမ္ဘာမှာ ကွာခြားကြသည်မို့ ဘဝချင်းနီးစပ်သော မခင်လှိုင်နှင့် နီးဖို့အရေးကို တွေး၍ ပျော်ခဲ့ရ၏။ ယခုမူ မခင်လှိုင်ကမ္ဘာနှင့်ပါ ဝေးသည်ထက် ဝေးလာပေပြီ ...။

နင်တို့ဟာ တွေ့ရာနေရာက ယောကျ်ားကို တစ်ယောက်ပြီးတစ်ယောက် ကောက်ယူနေတာပဲနော်။ ယောကျ်ားတစ်ယောက်ကို စွန့်ပြီးတစ်ယောက်ကို ကောက်ယူလိုက်တာဟာ လွယ်လွန်းလှပါကလား မတင်ရီ။ ဆေးလိပ်တစ်တိုကုန်လို့ ဆေးလိပ်အသစ်တစ်လိပ် ထပ်ညှိသလို၊ ဖိနပ်တစ်ရံကုန်လို့ အသစ်တစ်ရံ ဝယ်သလိုပဲ သွားတာ လွယ်လွယ်ကလေးရယ်။ ဘာမှ မခဲယဉ်းဘူး။ နင်တို့မှာ

www.burmeseclassic.com

အချစ်ဆိုတာကော ရှိရဲ့လားဟင်"

ကျွန်တော်က သူ့ဘဝကိုကြည့်၍ ရင်ထဲတွင် တစ်လှိုက်လှိုက် ဖြစ်လာသဖြင့် ပြောလိုက်သည်။ မတင်ရီက မျက်လွှာချကာ ...

"ချစ်တယ် ... မုန်းတယ်ဆိုတာတော့ ရှိတာပေါ့ ကျော်မောင်။ ငါလည်း လူပဲ။ ဒါပေမယ့် ချစ်တယ်ဆိုတာနဲ့ လင်ယူတာဟာ တခြားစီပဲ။ လောကကြီးမှာ ချစ်တော့ တစ်ယောက် လင်ယူတော့ တစ်ယောက်ဆိုတာတွေဟာ ဒုနဲ့ဒေးပါ။ ငါ့ကျမှ အပြစ်ပြောမနေပါနဲ့။ ငါလို ချစ်တော့တစ်ယောက်၊ ရတော့တစ်ယောက် ဖြစ်နေကြတဲ့ မိန်းမတွေ အပုံကြီးပဲ။ သူဌေးသမီးတွေ၊ ကောလိပ်ကျောင်းသူတွေ၊ အရာရှိသမီးတွေလည်း ငါ့လိုပဲ။ ချစ်တော့တစ်ယောက်၊ လင်ယူတော့ တစ်ယောက်။ ဒီထဲမှာ နင်က ငါ့ကိုမှရွေးပြီး အပြစ်ဖို့သလား။ ဟုတ်တယ် ... လောကကြီးမှာ ငါတစ်ယောက်ထဲ ချစ်တော့တစ်ယောက်၊ လင်ယူတစ်ယောက်ဆိုရင် ငါ မကောင်းဘူး။ ဒါပေမယ့် ငါတစ်ယောက်ထဲ မဟုတ်ဘူး။ သူတို့လည်း ဒီလိုပဲ။ သူတို့က ဖုံးထားတယ်။ လူမသိဘူး။ ငါက ဖုံးမထားဘူး။ ပြောင်ပြောတယ်။ ငါကတောင် သာသေး"

"အမလေး ... ခင်ဗျားသဘောပါ။ ခင်ဗျားသဘောပါ"

နောက်ဆုံးတော့ ကျွန်တော်က လက်မြှောက်ရပေသည်။ အတန်ကြာမှ ကျွန်တော်က ...

"နေစမ်းပါဦး ... နင်ကဖြင့် နင်ခုယောက်ျားကို မချစ်ဘူးပေါ့"

"ဟင့်အင်း ... ချစ်ဘူး"

"ဒါဖြင့် နင်ဘာလို့ ပေါင်းနေသေးသလဲ"

"အို ... ဒါကတော့ အပေါင်ပစ္စည်းနဲ့ အပေါင်ဆိုင် တရုတ်သဘောပဲဟာ။ အပေါင်ပစ္စည်းဆိုတာ တရုတ်လက်ထဲမှာ နေချင်ပဲ့မလား။ သူ့ပိုင်ရှင်ဆီ သူ နေချင်တာပေါ့။ မရွေးနိုင်လို့ အပေါင်ဆိုင်မှာ အိပ်နေရတာ မဟုတ်လား။ ငါလည်း ဒီလိုပေါ့။ ရွေးနိုင်တဲ့လူက ရွေးတဲ့တစ်နေ့မှာ အပေါင်ဆိုင်က ထွက်လာရုံပေါ့"

သည်အချိန်က ကျွန်တော့်မှာ ထောင်မှ လွတ်လာပြီဖြစ်၍ ချစ်သူတစ်ယောက်၏ အယုအယကို တောင့်တနေသည့်အချိန် ဖြစ်ပေသည်။ မတင်ရီကို ကျွန်တော်ရွေး၍ ပေါင်းလိုက်ရလေမလားဟု တွေးမိပေသည်။

"ဒါဖြင့် ငါနင့်ကို ရွေးယူရင်ကော"

မတင်ရီသည် ကျွန်တော့်ကို ကြည့်နေလေသည်။ ပြီးမှ ပြုံးကာ ...

"တကယ်လား"

www.burmeseclassic.com

"အို ... တကယ်ပေါ့ဟ"

"ငါဒီမှာနေရတာ မပျော်ဘူး။ သူ့ကိုလည်း မချစ်ဘူး။ ပြီးတော့ ပိုက်ဆံလည်း သိပ်ကြပ်တယ်။ တစ်ခါတလေ ပျင်းလို့ ဖဲတောင် မရိုက်နိုင်ဘူး။ ငွေသိပ်ကြပ်လို့ ငါ အပြင်အလုပ် ထွက်လုပ်ရင်လည်း ငါ့ကို လိုမ့်ရိုက်တယ်။ ငါလည်း ပြေးရကောင်းမလားလို့ စဉ်းစားနေတာ"

"နင် ဒီလိုဆို ငါနဲ့နေမလား"

မတင်ရီက ဘာမျှမပြောဘဲ လက်သည်းများကို ကိုက်၍စဉ်းစားနေလေသည်။

"ငါက ပေါင်ထားတော့ သူ့ပေါင်ကြေးတော့ ပြန်ပေးပြီးမှ ရွေးမှဖြစ်မှာ"

"ရွေးမှာပေါ့ဟ ... နေပါဦး။ ဒီငွေက ဘယ်လောက်လဲ"

"သုံးရာ့ငါးဆယ်"

"အို ... ငါရွေးပေးမယ် ... မပူနဲ့"

"ဒီလိုဆို မတင်ရီတို့ကတော့ အိုကေပေါ့"

မတင်ရီက မျက်လုံးကလေးမှိတ်ကာ နှုတ်ခမ်းကလေးမဲ့၍ ပြောလိုက်သဖြင့် ကျွန်တော်က သူ့ပါးကို လိမ်ဆွဲလိုက်ပါသည်။

"ဟိုး ... ဟိုး ... ပေါင်ကြေးမပေးသေးဘဲနဲ့ သူများပစ္စည်း သွားမကိုင်နဲ့လေ ...။ မြန်မြန်လည်းရွေး ... ဆရာ့ ... သိရဲ့လား။ အပေါင်ဆိုင်က ရန်သူမျိုးငါးပါး တာဝန်ခံတာ မဟုတ်ဘူး။ မီးလောင်တာတို့၊ ကြွက်ကိုက်တာတို့။ ပြီးတော့ ... "

"အေးပါဟာ ... ငါလာရွေးပါ့မယ်။ နင့် အပေါင်ဆိုင် တရုတ်ကြီးသာ မီးသေအောင် လုပ်ထားပါ"

"အို ... မိတင်ရီတို့က မီးသေမှ လုပ်တာ။ ဒါထက် နင်ဘယ်မှာ နေသလဲ။ ပြောစမ်းပါဦး။ အရေးရှိရင် အကြောင်းကြားရအောင်"

မတင်ရီက ကျွန်တော့်လိပ်စာကို နောက်တစ်ကြိမ် ထပ်မေးပြန်သည်။ ကျွန်တော်က ထောင်မှထွက်ပြီး လူဆိုးအသိုက်အဝန်းထဲမှာ နေသူဖြစ်၏။ သည်အတွင်း ထောင်ကျသဖြင့် အလုပ်ပျက်သည့်ရက်တွေအတွက် အတိုးချ၍အလုပ်လုပ်ရဦးမည် ဖြစ်၏။ ကျွန်တော့်နေရာကို ခြေရာဖျောက်ထားမှ တော်ခါကျပေမည်။ ထို့ကြောင့် ကျွန်တော်က ပါးစပ်ထဲတွင် တွေ့သည့် လမ်းနာမည်တစ်ခုကို ကောက်ရွတ်လိုက်သည်။

"ဝါဖောင်မေးရင် ... ငါနေတဲ့နေရာ သိပါတယ်"



www.burmeseclassic.com

"အေး ... အေး ... ငါလာဦးမယ်။ နင်နဲ့ ပြောစရာတွေ အများကြီး ရှိသေးတယ်"

ဝါဖောင်တို့ ပြန်လာကြသဖြင့် မတင်ရီကို နှုတ်ဆက်၍ ထွက်လာခဲ့သည်။ ကျွန်တော်ကား မတင်ရီအဖြစ်ကို တွေးနေမိလေသည်။ မတင်ရီအကြောင်းကို ဝါဖောင်အား ပြန်ပြောသောအခါတွင် ဝါဖောင်က "မင်း ယူလိုက်ပါလားကွ" ဟု ဆို၏။ ကျွန်တော်ကား မတင်ရီကို သနားတော့ သနား၏။ သို့သော် ကျွန်တော်သည် မခင်လှိုင်နှင့်သာ အတူနေချင်နေသည်။

ဝါဖောင်ကား ကျွန်တော့်ကို မတင်ရီအား ယူဖို့အကြောင်း တိုက်တွန်းကာ တစ်နေ့တွင် မတင်ရီအိမ်သို့ ခေါ်လာပြီး ကျွန်တော်နှင့် လွှတ်ပေးလေသည်။ အစကတော့ ကျွန်တော့်ကိုယ်ကျွန်တော် ထိန်းချုပ်ပါသေး၏။ သို့ရာတွင်ကျွန်တော် ဘာကိုမျှ မစဉ်းစားတော့ပေ။ သည်နောက်တွင်ကား ကျွန်တော်သည် မတင်ရီ ယောက်ျားမရှိချိန်တွင် သူ့အိမ်သို့သွား၍ အိပ်၏။ ကျွန်တော်မသွားလျှင်လည်း မတင်ရီက လူကြုံဖြင့် လည်းကောင်း၊ စာပေး၍ လည်းကောင်း မှာလေ့ရှိလေသည်။ ကျွန်တော်ကလည်း ပိုက်ဆံရှိလျှင် သုံးဖို့စွဲဖို့ ပေးခဲ့ပေသည်။ တစ်နေ့ ကျွန်တော် အိမ်မှာအိပ်နေစဉ် ဝါဖောင်မြို့ထဲမှ ရောက်လာကာ နိုးပြီး မတင်ရီက မနက်ဖြန် အိမ်မှ ဆင်းခဲ့တော့မည်ဖြစ်ကြောင်း၊ သင်္ကန်းကျွန်းကားဂိတ် ကွမ်းယာဆိုင်က စောင့်စေလိုကြောင်းဖြင့် မှာလိုက်သည်ဟု ပြော။ ကျွန်တော်ကလည်း "ဆင်းလာလည်း ခေါ်ထားလိုက်ရုံပေါ့" ဟု ခပ်ပေါ့ပေါ့ပင် ပြောလိုက်မိလေသည်။ မတင်ရီကို ရွေးယူဖို့ငွေ သုံးရာ့ငါးဆယ်ကိုလည်း ဝါဖောင်ကိုပင် အပေးခိုင်းလိုက်လေသည်။

ကျွန်တော်နှင့်ဝါဖောင်သည် သင်္ကန်းကျွန်းကားဂိတ် ကွမ်းယာဆိုင်တွင် စောင့်နေကြ၏။ တစ်နာရီကျော်ကျော် စောင့်နေသော်လည်း မတင်ရီ မပေါ်လာပေ။ ကြာသော် ကျွန်တော် စိတ်ပျက်လာလေသည်။

"ဝါဖောင်ရာ ... ဟုတ်မှ ဟုတ်ရဲ့လားကွာ"

ကျွန်တော်က တော်တော်နှင့် မလာနိုင်သဖြင့် ဝါဖောင်ကို လှမ်း၍မေးလိုက်သည်။

"သူ သေသေချာချာ ပြောထားတာပဲကွ။ နေပါဦးကွာ။ ခဏစောင့်ကြည့်ဦးစို့ ..."

ဝါဖောင်က စိတ်မပျက်ဘဲ ဖွဲနှင့် စောင့်လေသည်။ ဝါဖောင်သည် ကျွန်တော်နှင့် မတင်ရီ လွဲသွားမှာကို စိုးရိမ်ဟန် တူလေသည်။

"ကောင်မလေးက သူ့ယောက်ျားနဲ့လည်း အဆင်ပြေတာ မဟုတ်ဘူးကွ။ ညားကတည်းက ဖဲဝိုင်းမှာ ဖဲပေါင်ရိုက်ပြီး ညားလာတာ ဘယ်အဆင်ပြေမလဲ။ ခုတလော ယောက်ျားကလည်း တရိုက်ထဲ ရိုက်နေတာပဲ။ မင်းနဲ့နေတာများ ရိပ်မိသွားသလား မပြောတတ်ဘူး"

ကျွန်တော်က ဘာမျှမပြောဘဲ တွေးနေမိသည်။ ကျွန်တော်နှင့် မခင်လှိုင်

www.burmeseclassic.com

နီးကြဖို့အရေးမှာ ကျွန်တော် လူကောင်းဘဝ ပြန်ရောက်မှသာ ဖြစ်ပေမည်။ ကျွန်တော်ကား အကြောင်းအမျိုးမျိုးကြောင့် လူကောင်း ဖြစ်မလာတော့ပေ။ လူဆိုးဘဝတွင် မခင်လှိုင်နှင့် နီးဖို့ရန် အကြောင်းမရှိတော့သည့် အတူတူ မတင်ရီနှင့် နေလိုက်သည်ကပင် ကျွန်တော့်ဘဝမှာ သာယာစိုပြေလာစရာ ရှိပေသည်။

သင်္ကန်းကျွန်းလမ်းမပေါ်တွင် ဘတ်(စ်)များသည် တဝေါဝေါမြည်ကာ ဖြတ်မောင်းသွားကြသည်။ ကတ္တရာလမ်းပေါ်တွင် နေပူကြောင့် အခိုးတွေ တလူလူ ထွက်နေလေသည်။

"မလာတော့ပါဘူး ထင်ပါရဲ့ကွာ" ဟု ပြောကာ ကွမ်းယာဆိုင်မှ စီးကရက် တစ်ဘူးကိုဝယ်ရင်း ဖွာနေမိသည်။

"မင်းခဏနေဦး ... ငါ ဟိုဘက် လျှောက်ကြည့်လိုက်ဦးမယ်"

ဝါဖောင်သည် ကျွန်တော့်ထံမှ စီးကရက်တစ်လိပ်ကို တောင်းညှိကာ ကားဂိတ်ဘက်သို့ ထွက်သွားလေသည်။ ခဏကြာတော့ ဝါဖောင် ပြန်လာ၏။ မတင်ရီလည်း ပါလာလေသည်။

"ကံကောင်းလို့ မောင်ရေ့ ... သူကလည်းဒီ့ကို စောင့်နေတာ တစ်နာရီ ကျော်ကျော်လောက်ရှိပြီတဲ့။ လာမှာ မဟုတ်တော့ဘူးဆိုပြီး ပြန်တော့မလို့"

"ဒီလောက် စောင့်လို့မှ မလာနိုင်တော့ဘဲ ဟုတ်မယ် မထင်ပါဘူးဆိုပြီး ပြန်တော့မလို့။ သိဘူးလေ ... နင်တို့ဟာက နောက်သလို ပြောင်သလိုနဲ့ ပေးစမ်းပါဦး။ စီးကရက်တစ်လိပ်လောက်၊ ပိုက်ဆံမပါတာနဲ့ ဆေးလိပ်တောင် မသောက်ရဘူး"

မတင်ရီက စီးကရက် လှမ်းတောင်းသဖြင့် ကျွန်တော်က ပေးလိုက်ရ၏။

"ကဲ ... ဝါဖောင် ဘယ်သွားမလဲ"

"လာပါ ... ငါ့နောက်သာ လိုက်ခဲ့"

ကျွန်တော်နှင့်မတင်ရီသည် ဘာမျှမပြောတော့ဘဲ ဝါဖောင်နောက်ကို လိုက်လာခဲ့ကြသည်။ ဝါဖောင်က ကျွန်တော်တို့နှစ်ယောက်ကို ကမာရွတ်ဘူတာအနီး သံလမ်းဘေးတွင်နေသော သူ့အစ်မ မကြည်အိမ်သို့ ခေါ်သွားလေသည်။ မကြည်ယောကျ်ားမှာ တရုတ်တန်းက တရုတ်ဆိုင်တစ်ဆိုင်တွင် ခေါက်ဆွဲကြော်လေသည်။ လခ သုံးရာနီးပါးလောက် ရပေသည်။

"မကြည်ရေ ... ငါ့သူငယ်ချင်း မိန်းမခိုးလာလို့ နင်တို့အိမ်မှာ ခဏနေမယ်"

ဝါဖောင်က ကျွန်တော်တို့လင်မယားကို သူ့အစ်မထံတွင် အပ်၏။ ကျွန်တော်တို့ကား သည်လိုနဲ့ ပုဆိုးတန်းတင် အကြင်လင်မယားဘဝသို့ ရောက်လေသည်။ ကျွန်တော်တို့ကို ဝါဖောင်နှင့်မကြည်တို့က လင်မယားအဖြစ် အသိအမှတ်ပြုကြ၏။

www.burmeseclassic.com

"အိမ်ကတော့ ကျဉ်းကျဉ်းပဲဟေ့။ ဖြစ်သလို နေကြပေတော့။ ဘာမှ အားမနာနဲ့ ..."

မကြည်ကလည်း ဖော်ဖော်ရွေရွေပင် ကျွန်တော်တို့လင်မယားကို လက်ခံလေသည်။ မကြည်တို့အိမ်မှာ သံလမ်းဘေးရှိ ဆယ့်နှစ်ပေလောက်သာ ကျယ်သော တဲကလေးဖြစ်၏။ နောက်ခန်းတွင် သူတို့လင်မယား အိပ်၍ အိမ်ရှေ့ခန်းတွင် ကျွန်တော်နှင့်မတင်ရီတို့ အိပ်၏။ ဝါဖောင်ကလည်း ကျွန်တော်တို့အနားမှာပင် အိပ်လေသည်။

ကျွန်တော်ကား ကိုယ့်အဖြစ်ကိုယ်တွေးရင်း ဟစ်လို့သာ ရယ်ချင်ပေသည်။ ကျွန်တော်နှင့်မတင်ရီ တွေ့ကြပုံမှာ တကယ်တော့ လမ်းကြုံ၍ ကုန်ဝင်ဆစ်သည့် သဘောနှင့် တွေ့ကြပြီး လွယ်လွယ်နှင့်ပင် ညားခဲ့ကြ၏။ မတင်ရီမှာလည်း အချစ်ဆိုတာတွေ ဘာတွေ ရှိဟန် မတူတော့ပေ။ သူ့ကိုယ်သူပင် ဘူးသီး၊ ခရမ်းသီးလို ပစ်စလက်ခတ် ထားဟန် ရှိပေသည်။ တစ်နေ့တွင် ကျွန်တော့်ထံမှလည်း အပေါင်ပစ္စည်းရွေးသလို ရွေး၍ပြန်သွားမည်လား မပြောတတ်ပေ။

"ကဲ ... ကဲ ... မင်းတို့လင်မယားအိပ်ချင် အိပ်ကြတော့လေ။ ငါအပြင်ဘက် ထွက်ထိုင်ဦးမယ် ... ညားခါစဆိုတော့ ... အဟီ ... ဟိ"

ဝါဖောင်က စပ်ဖြီဖြီလုပ်၍ အပြင်ဘက်သို့ ထသွားလေသည်။ အခန်းထဲက မကြည်တို့ လင်မယားမှာ အိပ်ပျော်နေကြပြီး ဖြစ်၏။ ခပ်မှိန်မှိန် ရေနံဆီမီးရောင်တွင် ကျွန်တော်တို့နှစ်ယောက်သာ ကျန်ရစ်ခဲ့ပေသည်။

ကျွန်တော်က မတင်ရီကို နောက်ကျောမှ သိုင်းဖက်လိုက်ပြီး အငမ်းမရ နမ်းလိုက်သည်။ မတင်ရီကလည်း ကျွန်တော့်ကို ခပ်ကြမ်းကြမ်း ပြန်ဖက်ထားလိုက်သည်။ ကျွန်တော်သည် မီးခွက်ကို လှမ်း၍မှုတ်လိုက်၏။ မတင်ရီ၏ ပေါင်တစ်ဖက်သည် ကျွန်တော့်ပေါင်ပေါ်သို့ ရောက်လာ၏။ သူ့လက်များသည် ကျွန်တော့်လက်ကောက်ဝတ်က နာရီကိုလာစမ်းလေသည်။ ကျွန်တော်က မတင်ရီသည် ကျွန်တော့်လက်က နာရီကိုများ ချွတ်ယူလေမလားဟု မသိမသာ ငြိမ်နေလိုက်၏။ ကျွန်တော့်နာရီကို စမ်းသပ်ပြီးတော့မှာ ကျွန်တော့်မျက်လုံး၊ နှာတံ၊ နားရွက်၊ ဆံပင်တို့ကို ပွတ်သပ်နေပေသည်။

(၁၈)

"အစ်ကို...ထတော့လေ...နေမြင့်လှပြီ။ကိုယ်တွေလည်းပူလို့ပါလား"

မတင်ရီက ကျွန်တော့်နဖူးကို လာ၍စမ်း၏။ မတင်ရီမှာ ဆံပင် တစ်ပတ်လျှိုထုံးထားပြီး သနပ်ခါးပဲ ဖယ်လူးထားပေ၏။ ကျွန်တော်ကား မျက်လုံးကို မဖွင့်ချင်၊ ကျွန်တော့်မျက်ခွံတွေမှာ လေးလံနေ၏။ ခေါင်းကလည်း တဒိန်းဒိန်းမြည်ကာ မခံမရပ်နိုင်အောင် ကိုက်လှပေ၏။ တစ်ကိုယ်လုံးမှာ ရိုက်ထားသလို နာကျင်နေပေသည်။

www.burmeseclassic.com

"ခေါင်း...သိပ်ကိုက်တယ်ကွာ"

"ဟုတ်တယ်...ကိုယ်ကလည်း သိပ်ပူတာပဲ။ မနေ့ညက အအေးမိသွားတယ် ထင်တယ်"

ကျွန်တော်က ဘာမျှမပြောဘဲ မျက်လုံးကို အားယူ၍ ဖွင့်ကာ မတင်ရီကို ကြည့်နေမိသည်။ မတင်ရီက စိုးရိမ်ကြီးစွာဖြင့် ကျွန်တော့်ကို စောင့်ကြည့်နေသည်ကို မြင်ရသောအခါ အကျေနပ်ကြီး ကျေနပ်သွားမိပေ၏။

"နေဦး...နေဦး...မကြည်တို့ဆီမှာ ငန်းဆေးများ ရှိမလား မသိဘူး"

မတင်ရီက ထသွားကာ ကျွန်တော့်ကို ရေနွေးပူပူနှင့် ငန်းဆေးတစ်ခွက် တိုက်ပြီးအပေါ်မှ စောင်ခြုံပေးလိုက်သည်။ ကျွန်တော်ကား စောင်ခြုံထဲတွင် မျက်လုံးကို မှိတ်ထားလိုက်သည်။ မျက်လုံးထဲတွင် စိမ်းစိမ်းနီနီ အရောင်မျိုးစုံတို့ ပေါ်လာကြပေ၏။ ကျွန်တော်ကား မင်္ဂလာဦး ပျော်ပျော်ရွှင်ရွှင် နေရမည့်အချိန်တွင် နေထိုင်မကောင်း ဖြစ်ရသည်ကို ဒေါပွ၍ နေမိလေသည်။

ကျွန်တော့်တွင် အလုပ်လုပ်စရာတွေ အများကြီးရှိ၏။ အပေါင်းအသင်းနှင့် လုပ်ရမည့်အတွက် သူတို့နှင့် ချိန်းထားတာတွေ ရှိ၏။ တစ်ယောက်တည်းလုပ်မည့် အကွက်တွေကို တွေ့ထားသဖြင့် စိတ်ကူးတာတွေလည်း ရှိ၏။ ကျွန်တော့်စိတ်ကူးမှာ သည်တစ်ချီ ခပ်များများ ရလိုက်လျှင် တစ်နေရာတွင် မတင်ရီနှင့် အေးအေးဆေးဆေးသွားကာ ကောင်းရောင်းကောင်းဝယ် လုပ်စားရန်ဖြစ်လေသည်။ ခုလိုအချိန်ကောင်းမှာ နေထိုင်မကောင်းရသည်ကို ဒေါပွနေမိလေသည်။

ကျွန်တော့်အဖျားမှာ သက်သာသလိုလို ရှိသော်လည်း တစ်ပတ်လောက် ကြာသည့်တိုင်အောင် မပျောက်ပေ။

"အစ်ကိုရေ ... ဒီလို ဆေးမြီးတိုနဲ့ ကုနေလို့ မဖြစ်ဘူး။ ဆရာဝန်ဆီ သွားပြပြီး ဆေးလေးဘာလေး ထိုးတန်ထိုးမှ ထင်တယ်"

ကျွန်တော်က စောင်ခြုံ၍ ငုတ်တုတ်ထိုင်ကာ ကော်ဖီသောက်နေတုန်း မတင်ရီက လှမ်းပြောလိုက်၏။ သူများအိမ်တွင်ဖြစ်၍လည်း အနေအထိုင် ကျဉ်းကြပ်နေလေသည်။ အရင်တုန်းက မတင်ရီသည် "နင်နဲ့ ... ငါနဲ့" ဟု ပြောလေ့ရှိသော်လည်း ယခုကျွန်တော့်ကို "အစ်ကို" ဟုခေါ်ကာ သူ့ကိုယ်သူလည်း "မတင်ရီ" ဆိုသော နာမ်စားကို သုံးလေသည်။

"ဆေးထိုးလို့ ဘယ်က ပိုက်ဆံနဲ့ ထိုးမလဲ။ ကိုယ့်မှာ တစ်ပြားမှ မရှိတော့ဘူး။ နာရီပဲ ရှိတော့တယ်"

ကျွန်တော်က ကော်ဖီပန်းကန်ကို ပါးစပ်တွင်တေ့ထားရင်းက ပြောလိုက်သည်။ မတင်ရီသည် ကျွန်တော့်ကို တွေ၍ကြည့်နေသည်။အတန်ကြာမှ...



www.burmeseclassic.com

"အသိ ဆရာဝန်တစ်ယောက်တော့ ရှိတယ်။ သူ့ဆီသွားရမလားလို့"

"ဘယ်မှာလဲ"

"မဂိုလမ်းမှာ...သွားမလား...ဟင်"

"သဘောပဲ..."

ကျွန်တော့်မှာ မြန်မြန်ပျောက်ချင်လှပြီ။ မတင်ရီသဘောကျပဲ လိုက်လုပ်တော့မည်ဟု စိတ်ကူးမိလေသည်။

"ကဲ...ဒါဖြင့် သွားမယ်။ နေဦး။ ဝါဖောင်ဆီမှာ ပိုက်ဆံနည်းနည်းပါးပါးတော့ ရှိလိမ့်ဦးမယ်။ ခရီးစရိတ် ယူသွားဦးမှ"

မတင်ရီက နံရံတွင် ချိတ်ထားသော ဝါဖောင် ရှပ်အင်္ကျီအိတ်ထဲက ကျပ်တန် သုံးရွက်ကို ဆွဲထုတ်လာပြီး ...

"သူ့မှာလည်း ဒါပဲရှိပဟန်တူတယ်။ ဒါပဲ ခဏယူခဲ့တာပေ့ါ။ ညနေကျတော့မှ ပြန်ပေးမယ်"

မတင်ရီက ကျွန်တော့်ကို မဂိုလမ်း ကုလားဆေးဆိုက်သို့ ခေါ်လာ၏။ ဆေးခန်းအပြင်ဘက် ထိုင်ခုံပေါ်တွင် လူမမာတွေ တန်းစီ၍ ထိုင်နေသည်ကို မြင်ရ၏။ အရင်ရောက်သူက အရင်ဝင်ရသဖြင့် ကျွန်တော့်မှာ ခုံတန်းအစွန်းတွင် ဝင်ထိုင်နေရလေသည်။

"အစ်ကို...ဒီမှာခဏနေဦး"

မတင်ရီက ကျွန်တော့်ကို ခုံတန်းလျားအစွန်တွင် ထိုင်စေကာ ဆရာဝန်အခန်းထဲသို့ ဝင်သွား၏။ မတင်ရီကို ကြည့်ရသည်မှာ သည်နေရာသို့ မကြာခဏ လာဖူးဟန်တူလေသည်။ အခန်းထဲမှ ရယ်သံ၊ နှုတ်ဆက်သံတို့ကို ကြားရသည်။ ပြောပုံဆိုပုံကို နားထောင်ရသည်မှာလည်း တော်တော် ရင်းနှီးဟန် ရှိလေသည်။ ခဏကြာတော့ မတင်ရီ ပြန်ထွက်လာကာ "လာ ... အစ်ကို" ဟု ကျွန်တော့်ကိုတွဲ၍ အခန်းထဲသို့ ခေါ်သွား၏။ ကျွန်တော့်အရင် ရောက်၍ စောင့်နေကြသော လူမမာများက မကျေနပ်သော အကြည့်ဖြင့်ကြည့်နေကြလေသည်။

အခန်းဆင်နားရွက် တံခါးကလေးကို တွန်းဖွင့်ဝင်လိုက်သောအခါ အရပ်ထောင်ထောင်မောင်းမောင်း ဦးပေါင်းထုပ်နှင့် ပန်ချာပီဆရာဝန်ကိုတွေ့ရ၏။

"သူပဲ ကျွန်မ ယောက်ျား"

"ဟုတ်လား...ဟိုမှာလှဲလှဲ"

www.burmeseclassic.com

ပန်ချာပီ … ဆရာဝန်က အဝတ်ဖြူခင်းထားသည့် စားပွဲတစ်လုံးပေါ်တွင် ကျွန်တော့်ကို အအိပ်ခိုင်းပြီး နားကျပ်နှင့် ဟိုထောက်ဒီထောက် စမ်းကာ ဆေးတစ်လုံး ထိုးပေးလိုက်သည်။

"ကဲ … ဆရာ … ကျေးဇူးတင်ပါတယ်။ ဘယ်နေ့လာခဲ့ရဦးမလဲ"

"တစ်ရက်ခြားလာခဲ့"

ဆရာဝန်ကို နှုတ်ဆက်၍ ထွက်လာကြသည်။ ကျွန်တော်က မတင်ရီနှင့် ဆရာဝန် လက်ပွန်းတတီး တွဲလွန်းလှသည်ဟု အောက်မေ့မိသည်။

"ဆရာဝန်နဲ့ သိတာ တော်တော်ကြာပြီလား"

"ကြာပြီ"

"ဘယ်တုန်းကလဲ"

"ကြာပါပြီ … မတင်ရီ လေလွင့်နေတုန်း သူနဲ့ တွေ့တာပေါ့။ ဆေးထိုးချင်လည်း သူ့ဆီမှာပဲ ထိုးတာပဲ"

ကျွန်တော်က နောက်ထပ် ဘာမှ ထပ်မမေးတော့ပေ။ ယခုလောက်ဆိုလျှင် မတင်ရီနှင့် ဆရာဝန်၏ ဆက်ဆံရေးကို ကျွန်တော် ရိပ်မိပေပြီ။

"ဟိုတုန်းကတော့ လူမျိုးစုံနဲ့ ဆက်ဆံရတာပဲ။ ခုတောင် အစ်ကိုတို့ကို သိပ်စိတ်ချတာ မဟုတ်ဘူး"

ကျွန်တော်က သူပြောသည့် အဓိပ္ပာယ်ကို နားမလည်သဖြင့် သူ့ကို ကြည့်လိုက်ပြီး …

"ဘာ စိတ်မချတာလဲ"

"ဩော် … အစ်ကိုက မတင်ရီကို အတည်တကျ ပေါင်းပါ့မလားလို့။ လိုက်သာလိုက်လာရတာ။ စိတ်ထဲကတော့ အတည်တကျမှ ဟုတ်ရဲ့လားလို့ တထင့်ထင့်နဲ့ပဲ"

"ဟ … လင်မယားပါဆိုမှ အတည်တကျ မဟုတ်လို့ ဘယ်လို နေရမှာတဲ့လဲဟ"

ကျွန်တော်က သူပြောသည့်စကားကို နားမလည်သဖြင့် မေးလိုက်သည်။

"သိဘူးလေ … တချို့လင်မယားဆိုပြီး နောက်ကျတော့ ဒိုပြင်လူနဲ့ လွှတ်ပေးတာ။ သူငယ်ချင်းတွေထဲမှာ ဒီလိုတွေ့ဖူးတာ များလှပြီ။ မကြည်တို့အိမ် ရောက်တဲ့ညကလည်း တစ်ရေးနိုးတော့ ဝါဖောင်နဲ့များ

www.burmeseclassic.com

လွှတ်ပေးသလားလို့ မျက်နှာတွေ၊ ပါးတွေ လျှောက်စမ်းသေးတယ်။ လက်ကနာရီစမ်းမိတော့မှ အစ်ကိုပဲဆိုပြီး စိတ်ချလက်ချ အိပ်ပျော်တော့တယ်"

ကျွန်တော်က သူ့စကားကို သဘောကျ၍ ရယ်လိုက်မိသည်။ သည်တော့မှ မကြည်တို့အိမ် ရောက်သည့်ညက ကျွန်တော့်မျက်နှာ၊ မျက်လုံး၊ နားရွက်၊ နှာတံတို့ကို လည်းကောင်း၊ လက်မှနာရီကို လည်းကောင်း မှောင်ထဲမှာ ကိုင်တွယ်စမ်းသပ်ပုံကို သတိရမိပေသည်။

ကျွန်တော့်မှာ ဆရာဝန်ထံတွင် ဆေးသုံးလုံးလောက် ထိုးပြီးသည်နှင့် ထူထူထောင်ထောင် ရှိလာပေသည်။ နံနက်ဆိုလျှင် စောစောထပြီး ပဲပြုတ်နှင့် နံပြားကို စားရသည်မှာ အရသာ ရှိလှပေ၏။ တစ်နေ့နံနက် ကျွန်တော် လက်ဖက်ရည်သောက်နေချိန်တွင် ဝါဖောင် ပျာယီးပျာယာ ပေါက်လာလေသည်။ ဝါဖောင်မှာ ကျွန်တော်တို့ကို ပို့ပြီးနောက်တွင်တစ်ခါတလေသာ ရောက်လာတတ်ပေသည်။

"ကျော်မောင်ရေ ... သတင်းထူးတယ်ဟေ့" ဟု သူက ကျွန်တော်တို့ကို ခရီးရောက်မဆိုက် လှမ်းပြောလိုက်သည်။ သူ့ကို ကြည့်ရသည်မှာ ပျာယီးပျာယာ နိုင်လွန်းလှသည်။ လက်ထဲတွင် သတင်းစာတစ်စောင်ကို လိပ်၍ကိုင်လာ၏။

"ဘာသတင်းလဲကွ"

"ရော့ ... ဟောဒီထဲမှာ ပါတယ်"

သူက သတင်းစာလိပ်ကို ကျွန်တော့်ရှေ့ကို ပစ်ချလိုက်သည်။ သတင်းစာကို ကောက်ဖတ်လိုက်သောအခါ မနေ့က မစိန်ညွှန့်အိမ် ဖောက်ထွင်းမှုသတင်းကို တွေ့ရ၏။ ဖောက်ထွင်းပုံ ဖောက်ထွင်းနည်းမှာ ကျွန်တော်တို့ အသိုင်းအဝိုင်းက နည်းများမဟုတ်ပေ။ သတင်းစာထဲတွင် ပုလိပ်က ရန်ကုန်ရှိ နာမည်ကြီး ရာဇဝင်လူဆိုးများကို လိုက်နေကြောင်း ဖော်ပြထားလေသည်။

"ဘယ်လို သဘောရသလဲ"

ကျွန်တော်က သတင်းစာကို ကြမ်းပြင်ပေါ်သို့ ဖြန့်၍ပစ်ချရင်း မေးလိုက်သည်။

"ငါလည်း သတင်းအစအန မရသေးဘူး။ ကျော်ဝင်း မနက်အစောကြီး ပေါက်လာပြီး ရှောင်နေရင် ကောင်းမယ်ဆိုပြီး သတိပေးသွားတာနဲ့ မင်းဆီထလာခဲ့တာပဲ"

"ရှောင်တန်ရင်တော့ ရှောင်ရမှာပေါ့"

"ရှောင်ဆို ... ခပ်မြန်မြန်ရှောင်မှ ... ပုလိပ်က ရန်ကုန်မှာရှိတဲ့ လူဆိုးတွေအားလုံးကို လိုက်နေတယ်။ အဲဒီက လူတွေကို အကုန်ဖမ်းပြီးမှ ဒီအထဲက မသင်္ကာတွေကို စစ်ထုတ်လိမ့်မယ်ထင်တယ်။ မောင်စိတ်တို့တော့ ရှောင်ကုန်ပြီ ကြားတယ်။ ကိုယ်တို့လည်း ရှောင်မှပဲ"

www.burmeseclassic.com

"အခြေအနေ ကြည့်သေးတာပေါ့ကွာ"

"အေးတိအေးစက် လုပ်လို့တော့ မရဘူးမောင်။ ပစ္စည်းက တော်တော်များတော့ ပုလိပ်ကလည်း နာမည်ကြီး လူဆိုးထဲက ဖြစ်ရမယ်လို့ တွက်ပြီး မဲလိုက်နေတယ်။ အဲဒါ မင်းမြန်မြန်ရှောင်ပေတော့။ ငါလည်း ပဲခူးဘက်ထွက်မယ် စိတ်ကူးတယ်။ မတင်ရီကော ရှိလား။ သူ့ပါခေါ်သွားပေါ့"

ဝါဖောင်က စီစဉ်စရာတွေ ရှိသည်ဆိုကာ နှုတ်ဆက်ပြန်သွားလေသည်။ ကျွန်တော်ကလည်း မတင်ရီကိုခေါ်ကာ အကျိုးအကြောင်း ပြောပြရသည်။ အမှန်ကတော့ ရန်ကုန်မှာ သည်လို ဖောက်ထွင်းမှု ကြီးကြီးကျယ်ကျယ်ဖြစ်လျှင် ကိုယ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ တိမ်းရှောင်ရ၏။ နေးလျှင် ခံရမည်သာတည်း။

ကျွန်တော်သည် ထိုနေ့မှာပင် မတင်ရီကိုခေါ်၍ လက်ပံတန်းသို့ ထွက်လာခဲ့သည်။ လက်ပံတန်း တာဆုံတွင် တစ်ပတ်လောက် ခိုအောင်းနေတုန်း မစိန်ညွှန့်အိမ်အမှု တရားခံကို မိပြီဆိုသည့် သတင်းကို ကြားရ၏။ သည်တော့မှ ရန်ကုန်သို့ ပြန်လာခဲ့လေသည်။

သည်တစ်ခေါက်တွင်မူ ကျွန်တော်သည် ဝါဖောင့်အိမ်သို့လည်း မသွား၊ မကြည်တို့အိမ်ဘက်သို့လည်း ခြေဦးမလှည့်တော့ဘဲ။ အောင်မင်္ဂလာလမ်းရှိ မေမေ့အိမ်သို့ ပြန်ခဲ့လေသည်။ မေမေသည် ကျွန်တော် မိန်းမယူလာသည်ကို အံ့သြဟန် မပြပေ။ သိရုံမျှ အကျိုးအကြောင်းမေးပြီး မတင်ရီကို ခြေဆုံးခေါင်းဆုံး အကဲခတ်၍ ကြည့်လိုက်သည်။ မတင်ရီ အခန်းထဲ ဝင်သွားတော့မှ ...

"အေးလေ ... ယူမိမှတော့လည်း တည်တည်တန့်တန့် ပေါင်းပေါ့။ မင်းလည်း သားနဲ့မယားနဲ့ ဖြစ်လာပြီ။ အလုပ်ကလေး အကိုင်ကလေးလည်း ကောင်းကောင်းမွန်မွန် ရှာဖွေပြီး လုပ်" ဟု ဆိုပေသည်။

## (၁၉)

"ဟော ... အစ်ကို။ ကိုအုန်းရွှေတို့ကားလာပြီ"

မတင်ရီက ကျွန်တော့်ကို လှုပ်၍နှိုးလိုက်သဖြင့် နံနက် သုံးနာရီလောက်တွင် နိုးလာလေသည်။ အိမ်ရှေ့မှ မော်တော်ကားဟွန်းသံကို ကြားရလေသည်။ ကျွန်တော်က အိပ်ရာက လူးလဲထလိုက်သည်။

"ဟုတ်လား ... ဘူတာကို လိုက်ပို့ဦးမှ ထင်ပါရဲ့ကွာ"

"ဘူတာထိအောင် လိုက်နေဦးမလို့လား ... နေမကောင်းလို့ မလိုက်တော့ဘူးလို့ ပြောလိုက်ပြီးတာပဲ"

www.burmeseclassic.com

"ဟာ ... ဘယ်ကောင်းမလဲကွာ ... မလိုက်တာ မလိုက်ဘူးလို့ ရှင်းရှင်းပြောလိုက်တာ ကောင်းပါတယ်။ အေးလေ ... ကြည့်ပြီးပြောတာပေါ့။ ဘူတာရုံတော့ လိုက်ပို့ဦးမှကောင်းမှာ။ ကားပေါ်မှာ ရေရေလည်လည် ရှင်းပြရတာပေါ့။ ခဏလိုက်သွားဦးမယ် ဟုတ်လား"

"သဘော ... သဘော ... မြန်မြန်လည်း ပြန်လာခဲ့နော်"

ကျွန်တော်သည် အိမ်ရှေ့တွင် ရပ်ထားသော အငှားဂျစ်ကားပေါ်သို့ တက်လိုက်သည်။ အငှားကားမှာ ကျွန်တော်တို့ လူသိုက် လခပေး၍ ငှားထားခြင်း ဖြစ်၏။ တစ်ခါတလေ အငှားကားဆရာလည်း ကားကိုမောင်း၍ ကျွန်တော်တို့ အလုပ်ရှိရာကို လိုက်လာတတ်လေသည်။

"ပေ့ကောင် ... မိန်းမနဲ့ ကွေးနေတုန်းလားကွ ... သိပ်နောက်ကျနေမယ်"

အုန်းရွှေက ကားပေါ်မှဆီး၍ အပြစ်တင်သည်။ ကားနောက်ခန်းတွင် အသားညိုညို အရပ်ရှည်ရှည်နှင့် လူတစ်ယောက်ကို ကျွန်တော် သတိထားလိုက်မိသည်။ သူကမူ ဘာမျှမပြောဘဲ စီးကရက်ကို ဖွာနေပေ၏။

"အစောကြီး ရှိပါသေးတယ်ကွ ... ကဲ ... ကဲ ... ဘူတာရုံကို မောင်း။ ငါတော့ လိုက်နိုင်မယ် မထင်ဘူးကွာ ... ဆောရီးပဲ"

ကားသည် ဂူးကနဲအော်၍ ထွက်လာ၏။ နံနက်စောစောဖြစ်၍ မြို့တော်ရန်ကုန်၏ လမ်းများသည် တစပြင်လို တိတ်ဆိတ်နေပေသည်။ ကျွန်တော်က ကားပေါ်တွင် အကျိုးအကြောင်း ရှင်းပြရသည်။ အုန်းရွှေကမူ မကျေနပ်လှပေ။

"ငါ့လခွေး ... ဒီလိုဆိုရင် စောစောစီးစီး ပြောရောပေါ့ကွာ ... မင်းမလိုက်ဘူးဆိုရင် တခြားတစ်ယောက် ခေါ်ခဲ့ရတာပေါ့ ... ခုတော့"

ကျွန်တော်ကား ကျွန်တော့်ကြောင့် အလုပ်လုပ်သွားမည့်သူ စိတ်အနှောင့်အယှက်ဖြစ်ရသည်ကိုစိတ်မကောင်းဖြစ်နေမိလေသည်။ကျွန်တော်တို့လောကတွင်သွားခါနီး လာခါနီး စိတ်အနှောင့်အယှက်ဖြစ်လျှင် အလုပ်လုပ်ရာတွင် အထစ်အငေါ့နှင့် တွေ့ရတတ်လေသည်။

"အစကတော့ လိုက်ဖို့ပဲကွ ... ကိစ္စလေးတစ်ခု မပြတ်သေးတာနဲ့"

ကျွန်တော်ကပြော၍သာ ပြောလိုက်ရသည်။ စိတ်မကောင်းလှပေ။ ပြီးတော့လည်း ကျွန်တော့်လက်များသည် ယားလာကြသည်။ ကျွန်တော်သည် ဂျစ်ကားမှန်ဘောင်ကို အားရပါးရ ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည်။

"မင်းကို စောင့်နေရင်လည်း မနက်ဖြန်က ပြဿဒါးနေ့ကြီး နောက်ရက်ရာဇာကျတဲ့အထိ စောင့်နေရမှာ ... လိုက်ခဲ့ပါကွာ ... မထူးပါဘူး"

www.burmeseclassic.com

အုန်းရွှေက ကျွန်တော့်ကို အပါခေါ်နေပေပြီ။ ကျွန်တော်ကား နဂိုကလည်း မလိုက်ရသည့်အတွက် စိတ်မကောင်း၊ ထို့ပြင် လက်များကလည်း တရွရွနေအောင် ယားလာပြီဖြစ်ရကား "ကဲကွာ ... ဒီလောက်တောင်ရှိလှတာ ... သွား ... သွား။ ငါလိုက်မယ် ... နောင်ခါလာ နောင်ခါဈေး" ဟု ပြောလိုက်သည်။ အုန်းရွှေကား ဝမ်းသာ၍ နေလေသည်။

အတိုချုံးရလျှင် ကျွန်တော်တို့ မန္တလေးသို့ နောက်နေ့တွင် ရောက်၏။ မန္တလေးတွင် သတင်းပလ္လင်းကို စနည်းနာ၍ လားရှိုးသို့တက်လာခဲ့ကြပြီး လားရှိုးရွှေဆိုင်ကို ဖောက်ကြလေသည်။ ကျွန်တော်ကား ဝါရင့်နေပြီမို့ ကျွန်တော်ကိုယ်တိုင်ပင် ဖောက်၏။ သူများကို သိပ်စိတ်မချပေ။ လားရှိုးရွှေဆိုင်မှ ပစ္စည်းများယူ၍ နောက်နေ့တွင် မန္တလေးသို့ ဆင်းလာခဲ့ကြသည်။

မန္တလေးတွင် ရွှေထည်တချို့ကို ထုခွဲကြပြီး တချို့စိန်ထည်များကို ရန်ကုန်ရောက်မှ ထုခွဲကြသည်။ ကျွန်တော်တို့သုံးယောက် တစ်ယောက်ကို ရှစ်ထောင်ကျော်လောက် ရလိုက်ကြပေသည်။

မတင်ရီက သူ့ကို အသိမပေးဘဲ သွားရကောင်းလားဟု ကျွန်တော့်ကို စိတ်ဆိုး၏။ ပြီးတော့ မေမေနှင့် စကားများကြသည့် အကြောင်းကိုလည်း ပြောပြလေသည်။ ကျွန်တော်ကမူ ပါလာသည့် ငွေများကိုအပ်၍ အချို့ကို မတင်ရီအတွက် လက်ဝတ်လက်စားတွေ လုပ်ပေးလိုက်၏။ ငွေမျက်နှာကြောင့် မတင်ရီ စိတ်ဆိုးသည်မှာ သိပ်မကြာ၊ ခဏသာတည်း။

ကျွန်တော်ကား ငွေရှစ်ထောင်လောက် လက်ထဲပိုက်မိသွားပြီဖြစ်၍ ကောင်းရောင်းကောင်းဝယ် လုပ်စားတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ပထမစိတ်ကူးကား ဂျစ်ကားလတ်လတ်တစ်စီးကို ခြောက်ထောင်လောက် ပေးဝယ်ကာ ဂျစ်ကားတက္ကစီဆွဲရန် ဖြစ်၏။ တက္ကစီဆွဲဖြစ်လျှင် အရင်းအနှီးထုတ်၍ မတင်ရီကို အိမ်ဆိုင်ကလေးတစ်ဆိုင် ဖွင့်ပေးရန် ဖြစ်လေသည်။ သည်အကြံကို မတင်ရီကလည်း သဘောကျလေ၏။

"ကိုယ့်အိမ်လေးနဲ့ကိုယ်ပေါ့ ... အစ်ကိုရယ်။ ဒီမှာက မေမေ့အိမ်ဆိုပေမယ့် အနေကျုံ့တာပေါ့"

မတင်ရီက အိမ်ပြောင်းရန်လည်း တိုက်တွန်းလေသည်။ မတင်ရီသည် စည်းကမ်းကြီးလှသော မေမေနှင့် ကာလရှည်ကြာအောင် နေချင်ဟန် မတူပေ။ ထို့ကြောင့် ကျောက်မြောင်းထဲမှာပင် စဘော် အတော်အသင့်ပေး၍ အိမ်လခ အသင့်အတင့်ရှိသော အိမ်ခန်းကလေးတစ်ခန်းကို လိုက်ရှာရလေသည်။ ကျွန်တော်ကိုယ်တိုင်လည်း ခုလို ကိုယ့်အိုးကိုယ့်အိမ် ကိုယ့်သားကိုယ့်မယားနှင့် တင့်တောင့်တင့်တယ် နေရမည်ဆိုသောအခါ ကြည်နူးနေမိလေသည်။

တစ်နေ့တွင် သတိပဋ္ဌာန်လမ်းက အိမ်ခန်းတစ်ခန်းကို ကြည့်၍ပြန်လာပြီး မေမေနှင့် အိမ်ရှေ့တွင် လုံ့နေစဉ် ကျော်ဝင် ပေါက်လာလေသည်။ ကျော်ဝင်းမှာ

www.burmeseclassic.com

ပေငါးဆယ်ထိပ်တွင် ကျွန်တော်တို့နှင့် ကျက်စားသူ ဖြစ်၏။ နောက် ဖောက်ထွင်းမှုဖြင့် ကျွန်တော့်လိုပင် အကြိမ်ကြိမ် ထောင်ကျခဲ့သူလည်း ဖြစ်၏။ သူသည် သည်အလုပ်ကို ဆက်လုပ်နေတုန်းပင် ရှိသေး၏။ သူ့ကိုယ်တွင် ရှပ်အင်္ကျီအဖြူ မန္တလေးကျစ်ပိုးအပေါ်ဖုံး အင်္ကျီအနက်၊ ရွှေကြယ်သီး၊ ဖန်ကောက်လုံချည်တို့ဖြင့် ပြောင်ပြောင်လက်လက် ဖြစ်နေလေ၏။

"ငြိမ်လုချည်လားကွ ... မင်းသတင်းမကြားရတာ တော်တော်ကြာနေပြီ"

ကျော်ဝင်းက ဖန်ကောက်လုံချည်တရွှန်းရွှန်းဖြင့် တက်လာရင်း ကျွန်တော့်ကို နှုတ်ဆက်၏။ သူစီးလာသည့် တက္ကစီကားမှာ အိမ်ရှေ့ ဇာဒ်ပင်အောက်တွင် ရပ်ထားလေသည်။

"ဘာလဲ ... အလုပ်မဖြစ်ဘူးလား"

"အင်း ... ဖြစ်တယ်လည်း မဟုတ်ပါဘူး။ ခုတော့ အေးအေးဆေးဆေးပဲ နေမယ် စိတ်ကူးတယ်"

ကျော်ဝင်းသည် ကျွန်တော့်စကားကို သဘောကျကာ တဟားဟားရယ်နေ၏။ ရွှေသွားများသည် တလက်လက် တောက်နေကြပေသည်။

"ဘာဖြစ်လို့ ... ရီတာလဲ"

"ဘာမှမဖြစ်ပါဘူး ... မင်းကို သဘောကျလို့ပါ ... လူဆိုးက အေးအေးဆေးဆေးနေမယ်ဆိုလို့"

"အေးလေ ... ဒီလောက်တောင် ဆိုးတေလာပြီးတဲ့နောက်မှတော့ အေးအေးဆေးဆေးလည်း နေဦးမှပေါ့ကွ။ လောကမှာ သေသာသွားရော ထောင်ထဲဝင်၊ ပြန်ထွက်၊ ပြန်ဝင်၊ ပုလိပ်ကဖမ်း-လွှတ်၊ လွှတ်-ဖမ်း ဆိုရင် ဘယ်နိုင်တော့မလဲ"

"ဟကောင်ရ ... အေးအေးဆေးဆေး နေလို့ကော ရမှာတဲ့လား။ ခုမင်းမှာအမှုမရှိရင် ဟိုတုန်းက မပေါ်ခဲ့တဲ့ အမှုတွေ တစ်နေ့ ပေါ်မလာဘူး မပြောနိုင်ဘူး။ ပေါ်လာရင် အဲဒီအမှုတွေနဲ့ အဖမ်းခံရဦးမယ်။ ကဲ ... ဘာထူးသလဲ။ အဖမ်းခံရမယ့်အတူတူ အခြောက်တိုက်တော့ ဘယ်အဖမ်းခံနိုင်မလဲကွ။ အလုပ်လုပ်ပြီးမှ အဖမ်းခံမှာပေါ့။ ထားပါလေ ... အမှုဟောင်း ပြန်မပေါ်ဘူးထား။ လောလောဆယ် ဖောက်ထွင်းမှု တစ်ခုဖြစ်ရင် မင်းတို့ငါတို့လို နာမည်ပျက်ရှိတဲ့လူတွေဆီ ပုလိပ်က ရောက်လာတာပဲ။ မစိန်ညွန့်အိမ်ကိစ္စ ကြည့်လေ။ ဒို့ကောင်တွေ ပြေးလိုက်ရတာ။ ဖတ်ဖတ်ကို မောလို့။ လက်သည်က တခြား၊ ပြေးရတဲ့လူက တခြား၊ လက်သည်မြန်မြန် မိပေလို့ပေါ့။ မမိရင် ဘယ်လောက်ကြာကြာ ပြေးနေရဦးမလဲ မသိဘူး။ လုပ်လည်း ပြေးရ၊ မလုပ်လည်း ပြေးရတာပါပဲကွ။ ဒီတော့ ... ဒို့ဘဝဟာ ဘာထူးသေးသလဲဟင်"

ကျော်ဝင်းက ကျွန်တော့်ကို တရားဟောအပြီး

www.burmeseclassic.com

စီးကရက်တစ်လိပ်ကို မီးညှိ၍ ဖွာထုတ်လိုက်သည်။

"ဟော့ … ကျော်မောင် လောကမှာ အေးအေးဆေးဆေး နေချင်ကြတဲ့ လူချည်းပဲကွ … ကိုယ့်အိုးကိုယ့်အိမ်နဲ့သာ နေချင်ကြတာချည်းပဲ။ ဒါပေမယ့် နေလို့မှ မရဘဲ။ ဘယ်နယ်လုပ် မလဲ … အိမ်မရှိတဲ့လူကလည်း အိမ်ရှိအောင် လုပ်မယ်။ အိမ်ရှိတဲ့လူကလည်း ရေဒီယိုကလေး ဝယ်နိုင်အောင် လုပ်မယ်။ ရေဒီယိုရှိပြန်တော့ မော်တော်ကားလေး ထပ်ဝယ်ချင်တယ်။ မော်တော်ကားလေးရှိတော့ ရေခဲသေတ္တာလေးနဲ့ နေရအောင် လုပ်မယ်။ ကိုယ့်နည်းနဲ့ကိုယ် ရှာဖွေစားသောက်နေကြတာပဲကွာ။ ဒီတော့ ဒို့ကလည်း ကိုယ့်နည်းနဲ့ပကိုယ် ရှာရုံပေါ့။ ကဲ … မင်းဆီလာတာကတော့ ငါ့မှာကိစ္စကလေးတစ်ခု ရှိလို့လာတာပဲကွ သူငယ်ချင်း။ အဲဒါ မင်းကူညီမှ ဖြစ်မှာပဲ"

သည်စကား ထွက်လာသည်နှင့် တစ်ပြိုင်နက် ကျွန်တော့်အား အလုပ်လုပ်ရန် လာခေါ်သည်ကို ကျွန်တော် ရိပ်မိပြီးဖြစ်၏။ ကျွန်တော်ကမူ စိတ်မပါလှပေ။ လားရှိုးရွှေဆိုင်ကို ဖောက်ပြီးကတည်းက ကျွန်တော်သည် အလုပ်မလုပ်တော့ဘဲ ကောင်းကောင်းမွန်မွန်ပင် နေခဲ့လေသည်။

"ဆိုစမ်းပါဦး … မင်းအလုပ်က"

"မော်လမြိုင်မှာ ပွဲပေါက်တစ်ခု ငါတွေ့ခဲ့တယ်။ အဲဒါက လူများလို့လည်း မဖြစ်ဘူး။ လူနည်းနည်းနဲ့ပ သေသေသပ်သပ် လုပ်မှဖြစ်မှာ။ ဒို့အထဲမှာ အလုပ်လုပ်တဲ့နေရာမှာ အသေသပ်ဆုံးက မင်းပဲ။ ဒါကြောင့်မို့ မင်းဆီကို လာတာပဲ"

"ဒီပြင်တစ်ယောက် ရှာလို့မရဘူးလားကွာ"

ကျွန်တော်က တောင်းပန်သည့် လေသံဖြင့် ပြောလိုက်သည်။ ကျော်ဝင်းသည် မျက်နှာရှုံ့မဲ့သွားကာ …

"သူငယ်ချင်းရာ … ဒို့အချင်းချင်း ကူညီရိုင်းပင်းရမယ့် ဝတ္တရားရှိလို့ မင်းကတော့ ငြင်းမှာမဟုတ်ဘူးဆိုပြီး လာတာပါကွာ။ မင်းကိုငါ ဘယ်လောက် အကူအညီပေးခဲ့တယ်ဆိုတာ မင်းသိပါတယ် … မင်းအလှည့်ကျတော့ … "

ကျွန်တော်ကား သည်လိုအထေ့ကလေးတွေကို သိပ်အပြောမခံချင်ပေ။ ပြီးတော့ ကျော်ဝင်းမှာ ကျွန်တော်နှင့် ဗိုလ်မှူးဘရှင်အိမ် အမှုတုန်းကလည်း တက်ညီလက်ညီ ပါဝင်ခဲ့သူဖြစ်၏။ ကျွန်တော့်ကို အကူအညီ ပေးခဲ့သည်မှာလည်း အမှန်ပင်ဖြစ်၏။ ကိုယ့်အလှည့်ကျတော့ ရှောင်ဖယ်ဖယ်လုပ်လျှင် ကျွန်တော်တို့လောကတွင် သစ္စာမဲ့ရာ ရောက်သည်မဟုတ်လား …

"ကဲ … ကဲ … မောင်ရင့်သဘောပဲ … ကိုယ်လိုက်ခဲ့မယ်။ ဘယ်တော့သွားမလဲ"

"သွားဆို … ခပ်မြန်မြန်ပဲ။ မနက်ဖြန် သွားချင်တယ်"

www.burmeseclassic.com

နောက်နေ့တွင် ကျော်ဝင်းနှင့် ကျွန်တော် မော်လမြိုင်သို့ ထွက်ခဲ့ကြသည်။ ကျော်ဝင်းက မောင်ငံရပ်ရှိ ကုန်စုံဆိုင်တစ်ဆိုင်ကို လိုက်ပြ၏။ ဆိုင်နှင့်တွဲလျက် ပွဲရုံတစ်ရုံလည်း ဖွင့်ထားလေသည်။ ကျွန်တော်တို့နှစ်ယောက် ပွဲရုံနှင့် ဆိုင်အခြေအနေကို အကဲခတ်ကာ ညတွင် ကုလားအော်ဖြင့် ဘိလပ်တံခါးကိုဖောက်၍ ရွှေထည်၊ စိန်ထည်တွေကို ယူခဲ့ကြပြီး ရန်ကုန်သို့ ပြန်လာခဲ့ကြသည်။ ကျော်ဝင်းမှာ ပွဲရုံအခြေအနေကို စုံစမ်းပြီးဖြစ်၍မို့ စိန်ထည် ရွှေထည်များကို အလွယ်တကူပင် ရလာလေသည်။ အခြား ဘာပစ္စည်းမှ မယူခဲ့ပေ။

ရန်ကုန်ပေါက်ဈေး စိတ်တစ်ရတီကို ရစ်ရာနှင့်တွက်လျှင် စိန်ချည်း တစ်သောင်းကျော်ဖိုးလောက် ပါလေ၏။ ရွှေထည် လက်ဝတ်လက်စားကလည်း တစ်သောင်းဖိုးနီးပါး ပါလာလေသည်။ ရန်ကုန်ရောက်လျှင် ခါတိုင်းရွှေထည်၊ စိန်ထည်များကို ဝယ်နေကျ ဖောက်သည်တစ်ဦးနှင့် စကားပြောကြသည်။ သူက ကျွန်တော်တို့စိန်တွေကို ကြည့်ပါရစေဆိုသဖြင့် ကျွန်တော်တို့နှင့် လမ်းမတော် ကမ်းနားလမ်းထိပ်ရှိ လက်ဖက်ရည်ဆိုင် တစ်ဆိုင်တွင် တွေ့ကြလေသည်။

သည်လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှာ ကျွန်တော်တို့စတည်းချရာ ဖြစ်၏။ ချောင်ကျ၍ လူရှင်းသည်။ ပြီးတော့ တရုတ်လက်ဖက်ရည်ဆိုင် ဖြစ်၍လည်း သိပ်စပ်စုခြင်း မရှိလှပေ။

ကျွန်တော်တို့သည် ချောင်ကျကျ စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ လက်ဖက်ရည်ဆိုင်တွင် ဆိပ်ကမ်းအလုပ်သမားများ၊ ခေါ်တောကုလားများနှင့် ရှုပ်နေပေသည်။ ကျွန်တော့်ရှေ့နံရံတွင် မော်စီတုံး၏ ပုံကြီးတစ်ပုံ၊ ဗိုလ်ချုပ်အောင်ဆန်း၏ ပုံကြီးတစ်ပုံနှင့် သမ္မတကြီးဒေါက်တာဘဦး၏ ပုံကြီးတစ်ပုံကို ချိတ်ဆွဲထားလေသည်။

"ကဲ ... ဟောဒီစိန်တွေပဲဗျာ။ ဘယက်ကတစ်ကုံး၊ လက်ကောက်က လေးရံ၊ ရင်ထိုးရယ်၊ နားကပ်ရယ် ရှိသေးတယ်။ စုစုပေါင်း ရတီ နှစ်ဆယ်ကျော်လောက်တော့ ရှိမယ်ထင်တယ်"

ကျော်ဝင်းက အိတ်ထဲက လက်ကိုင်ပုဝါနှင့် ထုပ်ထားသောအထုပ် တစ်ထုပ်ကို ပြလိုက်သည်။ ကျွန်တော်တို့ ဖောက်သည်က အထုပ်ကို လက်နှင့်ဆကာ ...

"ကျွန်တော် သေသေချာချာ ကြည့်ချင်တယ်ဗျာ။ အရည်အသွေးလေးဘာလေး မမြင်ရတော့ ဈေးပြောဖို့ ခက်သားပဲ"

"ကြည့်လေ ... ကြည့်ချင်တယ်ဆိုရင် နောက်ဖေးက အိမ်သာထဲ ဝင်ကြည့်တာပေါ့။ လာ ... လာ"

ကျော်ဝင်းနှင့် ဖောက်သည်က လက်ဖက်ရည်စားပွဲမှထကာ အိမ်သာထဲသို့ ဝင်သွားကြ၏။ ခဏကြာတော့ ပြန်ထွက်လာကြလေသည်။

www.burmeseclassic.com

"လရှီးလိုမှပဲ ... တစ်ရတီကို လေးရာပဲ ပေးတယ်ကွ"

ကျော်ဝင်းက ကျွန်တော့်ကို လက်တို့၍ခေါ်ပြီး ခပ်တိုးတိုး ပြော၏။

"ဟ ... ထက်ဝက်လောက်ပဲ ရပါကလား"

"အေးကွာ ... ခွေးမသားတွေက ဒို့ပစ္စည်းတွေက မရိုးမှန်းသိလို့ တမင်ဈေးနှိမ်ပေးတာပဲ။ ဟုတ်တော့လည်း ဟုတ်တာပဲလေ။ သူတို့လည်း မိသွားရင် ပစ္စည်းလက်ခံမှုနဲ့ အမှုတွဲ ဖြစ်နေဦးမှာ"

"မရောင်းဘူးကွာ ... ဒါတော့ နည်းလွန်း ..."

ရိပ်ကနဲ မြင်လိုက်သဖြင့် ကျွန်တော်က စကားကို ဆုံးအောင်မပြောဘဲ ဘေးသို့ လှည့်ကြည့်လိုက်သည်။ အရပ်ဝတ် အရပ်စားနှင့် လူဆိုးထိန်းတစ်ယောက် ခြောက်လုံးပြူးကို ထုတ်ချိန်ကာ ကျွန်တော့်အနားသို့ လာလေသည်။ သူ့နောက်မှ ယူနီဖောင်းဝတ် ပုလိပ်လေးယောက်က ကပ်လျက်ပါလာသည်။ ဗိုလ်မှူးဘရှင် အိမ်တုန်းက ကျွန်တော့်ကို ဖမ်းခဲ့သူတည်း။

"ကဲ ... ကိုယ့်လူတို့ အေးအေးဆေးဆေးသာ လိုက်ခဲ့ကြ"

သူက ခြောက်လုံးပြူး မောင်းကွင်းကို လက်ညှိုးပေါ်တွင်တင်၍ လှည့်ကစားရင်း ပြောလိုက်၏။ သူ့ဟန်မှာ ဗိုလ်အောင်ဒင်ဇာတ်ကားမှ ခင်မောင်ရင်၏ဟန် ဖြစ်၏။ မခိုးမခံ့ အပြုံးကိုလည်း ပြုံးထားလိုက်သေး၏။

"ဘာလဲဗျ"

ကျော်ဝင်းက ခပ်တည်တည်နှင့် ပြန်၍ပြောလိုက်သည်။

"ဘာရမလဲ ... မော်လမြိုင် မောင်ငံရပ်က ကုန်စုံဆိုင်ကို ဖောက်လာတာရယ်။ အင်းလျားလမ်းက သံအရာရှိအိမ်ကို ဖောက်တာရယ်။ ကြည့်မြင်တိုင်က သင်္ကန်းဆိုင်ကို ဖောက်တာရယ် ... အများကြီးပဲ ... ဟဲ ... ဟဲ ... "

မရယ်ချင့်ရယ်ချင်ကာ အမှုတွေကို တစ်သီတစ်တန်းကြီး ရွတ်နေ၏။ ကျွန်တော်တို့ လုပ်တာတွေလည်း ပါ၏။ မလုပ်တာတွေလည်း အများကြီး ပါလေသည်။

"ဟာ ... မလုပ်တာ ကြာပါပြီဗျာ"

ကျော်ဝင်းက မျက်နှာပျက်ပျက်နှင့် ပြောသည်။

"ကျော်ဝင်း ... ငါ့ကို ညာမနေပါနဲ့ကွာ ... မင်းနဲ့ ကျော်မောင် ဘယ်နေ့က ဘယ်သွားတယ်။ ဘယ်နေ့က ပြန်လာတယ်ဆိုတာ အကုန်သိတယ်။

www.burmeseclassic.com

မင်းတို့လောက်မလျှင်ရင် ပုလိပ်မလုပ်ဘူး။ ကဲ ... ဟော့ကောင်တွေ ရှာကြစမ်း"

ယူနီဖောင်းဝတ် ပုလိပ်တွေက ကျွန်တော်တို့နှစ်ယောက်ကို ဖမ်းချုပ်ကာ အိတ်ထဲသို့ နှိုက်ရှာ၏။ ကျော်ဝင်း၏ ဘောင်းဘီအိတ်ထဲမှ စိန်ထုပ်ကို သွား၍ တွေ့လေသည်။ ကျွန်တော်တို့နှစ်ယောက်ကား ဘာမှဆက်မပြောသာတော့ပေ။ ဂတ်ထဲသို့ လိုက်သွားရလေသည်။

ဂတ်ထဲရောက်လျှင် မော်လမြိုင်ပုလိပ်ဆီက ရထားသည့် ပစ္စည်းစာရင်းနှင့် ကျွန်တော်တို့ အထုပ်ထဲက ပစ္စည်းများကို စစ်ကြည့်၏။ တစ်ခုမျှ မလွဲပေ။ ရွှေထည်များကိုကား ထုခွဲရောင်းချပြီးဖြစ်၍ ပုလိပ်လက်သို့ ပါမသွားတော့ပေ။ တချို့ကိုကား ကျွန်တော်က မတင်ရီကို ဆင်ပေးပြီး ဖြစ်လေသည်။

သည့်နောက်တွင်ကား ကျွန်တော်တို့ကို အမှုဖြစ်ပွားရာ မော်လမြိုင်သို့ပို့၍ မော်လမြိုင် တရားရုံးတစ်ရုံးတွင် အမှုတင်လေသည်။ ကျွန်တော်တို့အမှု မော်လမြိုင်ရောက်၍ လေးလအကြာတွင် မတင်ရီရောက်လာကာ ထောင်ဝင်စာ လာတွေ့လေသည်။ ကျွန်တော်ကားသည်လို အမှတ်တရ လိုက်လာသည်ကိုပင် ကျေးဇူးတင်ရပေ၏။

"နင့်နယ်ဟာ ... ဒုက္ခရာလို့ လိုက်လာတယ်"

ကျွန်တော်က မတင်ရီကို ဆီး၍ အပြစ်တင်သည်။ မတင်ရီကမူ ကျွန်တော့်ကို သံဇကာကြားမှ ညှိုးငယ်စွာ ကြည့်ရင်း ...

"လင်ကိုး ... အစ်ကိုရဲ့ လိုက်လာရမှာပေါ့" ဟု ဆိုလေသည်။

"ခု ... နင် ဘယ်မှာ တည်းသလဲ"

"မုဒုံက ကျော်ဝင်းအစ်မများအိမ်မှာ တည်းတယ်။ ခု သူတို့ရော မတင်ရီရော မော်လမြိုင်ကို ပြောင်းနေကြမလို့။ ဒိုင်းဝန်းကွင်းနားမှာ အိမ်ခန်းလေးတစ်ခန်း ငှားထားတယ်။ ဒီလိုနေမှ နောက်က လိုက်နိုင်မှာ ရန်ကုန်မှာဆိုရင် ခဏခဏ လာနိုင်မှာ မဟုတ်ဘူး။ နေပါဦး ... အမှုက ဘယ့်နှယ်နေတုန်း"

"မသိသေးဘူး ... ထောင်တော့ ကျမှာပဲ ... သိပ်တော့ကြာမယ် မထင်ပါဘူး"

"ကြာရင်တော့ ဒုက္ခပဲ။ ခုတော့ လက်ဝတ်လက်စားလေးတွေ ပေါင်နှံ ရောင်းချပြီး နေရတာပဲ။ ဒါလေးတွေ ကုန်သွားရင်တော့ အခက်ပဲ။ ဒီမှာနေဖို့တောင် မလွယ်တော့ဘူး။ ပြီးတော့ မတင်ရီ သတင်းတစ်ခု ကြားတယ်"

မတင်ရီက တောင်မြောက်လေးပါးကို ကြည့်ကာ မျက်နှာကို သံဇကာနားသို့ကပ်၍ ခပ်တိုးတိုးလေသံဖြင့် ပြောလိုက်သည်။

"ဘာသတင်းလဲ ... "

www.burmeseclassic.com

"အစ်ကိုတို့ စစ်တဲ့ရုံးက စာရေးကြီးကို လာဘ်ထိုးရင် လွယ်နိုင်တယ်လို့ ပြောတာပဲ"

"ငွေက ဘယ်လောက် ပေးရမှာတဲ့လဲ"

"ငွေ မဟုတ်ဘူးတော့ ... လူ ... လူ"

"ဘယ်သူ့ကိုလဲ ... နင့်ကိုလား။ ကျော်ဝင်းအစ်မကိုလား"

"ကျော်ဝင်းအစ်မကို ယူပါလိမ့်မယ် ... အားကြီး။ ဒီလောက်အသက်ကြီးတာကို လာဘ်ယူမတဲ့လား။ မတင်ရီကိုတဲ့ ... မတင်ရီကို။ သိပလား ... ကဲ ... "

ကျွန်တော်ကား ကျွန်တော့်ထိုက်နှင့် ကျွန်တော့်ကံ ဖြစ်လိုရာဖြစ်စေတော့ဟု ဆုံးဖြတ်ထားသူ ဖြစ်၏။ ထောင်ကျလျှင်လည်း အလွန်ဆုံး တစ်နှစ်ထက် မပိုဟု တွက်ထား၏။ ကျွန်တော့်အတွက် မတင်ရီအား ဒုက္ခရောက်သည်ကို မမြင်လိုပေ။

"ဟာ ... ဘယ်ဖြစ်မလဲ"

"အို ... လွတ်ရင်ပြီးတာပဲ မဟုတ်လား"

"မဖြစ်ပါဘူး။ တော်တော်ကြာ မလွတ်တော့ နင် ဘာတတ်နိုင်မှာလဲ။ မသေချာတာ ဘယ်တော့မှ မလုပ်နဲ့"

"လွတ်လို လွတ်ငြားပေါ့ အစ်ကိုရဲ့။ မတင်ရီလည်း အစ်ကိုနဲ့ မရခင်က ကောင်းတာမှ မဟုတ်ဘဲ။ ခုမှတော့ မထူးပါဘူး။ မလွတ်တောင် နည်းနည်းပါးပါး ကျတော့ တော်သေးတာပေါ့"

"ဒီမှာ မတင်ရီ ... နင် အရင်တုန်းက ကောင်းကောင်း မကောင်းကောင်း ငါ့လက်ထဲမှာ ကောင်းကောင်း နေခဲ့တာပဲ။ ကောင်းကောင်းနေရင် မိန်းမကောင်း ပြန်ဖြစ်တာပဲ မိန်းမကောင်း ဖြစ်ပြီးမှတော့ ဒီလိုမလုပ်နဲ့။ ငါ မကြိုက်ဘူး။ ပြီးတော့ ငါ့အတွက်လည်း နင့်ကို ငါဘာမှ ဒုက္ခမပေးချင်ဘူး။ အေး ... တစ်ခုတော့ ရှိတယ်။ နင်ကိုယ်တိုင်က ဖောက်ပြန်ရင်တော့ ငါမပြောတတ်ဘူး။ နင့်သဘောပဲ။ ငါ့အတွက်နဲ့တော့ ဒါမျိုးမလုပ်နဲ့။ ဖြစ်လည်း မဖြစ်စေနဲ့"

ကျွန်တော်က ခပ်မာမာ ပြောချလိုက်၏။ မတင်ရီသည် ကျွန်တော့်စကားကြောင့် မျက်ရည်တွေ ဝဲလာကာ ...

"အစ်ကို ... မတင်ရီကို ဒီလို မထင်နဲ့။ မတင်ရီဟာ အစ်ကို့အပေါ်မှာ သစ္စာမပျက်ဘူး။ မိန်းမကောင်းဆိုပြီး သာတုန်းကစံ၊ နာတော့ မခံဘဲ ထွက်ပြေးတဲ့ မိန်းမဆိုးမျိုး မဟုတ်ဘူး။ လင်နဲ့အတူ ဆိုးတူကောင်းဘက်နေတဲ့ မိန်းမမျိုး သိရဲ့လား။ မတင်ရီဟာ လူမကောင်းပေမယ့် စိတ်ကောင်းတော့ ရှိပါသေးတယ် ... အစ်ကိုရဲ့။ အစ်ကို မြန်မြန်လွတ်စေချင်လို့သာ ဒီလိုစိတ်ကူးမိတာပါ။

www.burmeseclassic.com

"အေး ... ဒီလိုဆိုရင် ငါ့အတွက် တတ်နိုင်တာထက် ဘာမှ ပိုမလုပ်နဲ့။ လုပ်သင့်သလောက် လုပ်လို့မှ မရရင်လည်း မတတ်နိုင်ဘူး"

ထောင်ဝင်စာ အချိန်စေ့သဖြင့် မတင်ရီ ပြန်သွားလေသည်။ ကျွန်တော်ကား ရင်ထဲတွင် လေးနေ၏။ မတင်ရီသည် ကျွန်တော်နှင့်မရခင်က ခပ်ပျက်ပျက် ဖြစ်၏။ ယခုတဖန် အပျက်သို့ ပြန်သွားဦးမည်လားဟု စိုးရိမ်မိပေသည်။ သူ့အလိုအလျောက် အပျက်သို့ ပြန်ရောက်မည်ဆိုလျှင်တော့ ကျွန်တော် ဘာမှ မတတ်နိုင်ပါ။ သို့ရာတွင် ကျွန်တော့်အတွက်ကြောင့် ပြန်ရောက်မည်ကိုတော့ စိုးရိမ်မိပါ၏။

ကျွန်တော်တို့အမှုမှာ သက်သေမလာ၍ မစစ်ဖြစ်သည့်အခါ ရှိ၏။ ရှေ့နေမလာ၍လည်း ရက်ချိန်းတွေ ခဏခဏ တောင်းရပြန်၏။ သည်လိုနှင့် အမှုအတွင်းချုပ်ရက်မှာ ခြောက်လလောက် ကြာသွားလေသည်။ မတင်ရီကမူ စောစောပိုင်းတွင် ကျွန်တော့်ကို ထောင်ဝင်စာ မှန်မှန် လာတွေ့ရှာလေသည်။ သို့သော်လည်း ထုခွဲရောင်းချ၍ ကုန်ပြီဖြစ်ရကား မော်လမြိုင်တွင် ကြာကြာ ဆက်မနေနိုင်တော့ဘဲ ရန်ကုန်သို့ ပြန်သွားလေသည်။

ကျွန်တော်ကား အမှုတွင်းမှာမို့ မော်လမြိုင် ထောင်ကြီးချုပ်မှာပင် နေရပေ၏။ ကိုယ့်မြို့ကိုယ့်ရွာ မဟုတ်သည့်အတွက် အားလည်းမငယ်မိပေ။ ကိုယ့်မြို့မဟုတ်သည့်အတွက် အိမ်က ထောင်ဝင်စာ မလာနိုင်ဘဲရှိလေရာ သူတို့ ဒုက္ခအေးသည်ဟုပင် အောက်မေ့ကာ စိတ်သက်သာရာ ရနေပေသေးသည်။

ကျွန်တော်တို့အမှုကား သည်လိုနှင့် တစ်နှစ်လောက်ကြာသွားပေ၏။ အမှုပြီးခါနီးတွင် မတင်ရီ မော်လမြိုင်သို့ သက်သေခံ ရောက်လာလေသည်။ မတင်ရီသည်ရုံးတွင် ကျွန်တော့်ကို တွေ့သောအခါ ခပ်အမ်းအမ်း ဖြစ်နေပေ၏။

"နင် ... ရန်ကုန် ဘယ်မှာနေသလဲ ... မေမေတို့ဆီမှာပဲလား"

ကျွန်တော်က ခေါက်ဆွဲနှစ်ထုပ်နှင့် ဘားမားစတိတ် စီးကရက်နှစ်ဘူးကို ကိုင်၍ အနားသို့ရောက်လာသော မတင်ရီကို မေးလိုက်သည်။ မတင်ရီသည် ခေါင်းကိုဖြေးညှင်းစွာ ရမ်းပြလေသည်။

"ဒါဖြင့် ... ဘယ်မှာနေလဲ"

"သင်္ကန်းကျွန်းမှာ ... "

"ဘယ်သူနဲ့ နေသလဲ"

မတင်ရီက ရုတ်တရက် မဖြေသေးဘဲ မျက်လွှာကို အောက်သို့ချထား၏။ သူ့မျက်လုံးတွင် မျက်ရည်တွေ ဝဲနေလေသည်။

"နင် ယောက်ျား ရနေပြီပေါ့လေ ... "

www.burmeseclassic.com

သူက မဖြေနိုင်သဖြင့် ကျွန်တော်က စိတ်အထင်နှင့် မေးလိုက်သည်။ မတင်ရီသည် ခေါင်းကို ဖြေးညှင်းစွာပင် ညိတ်၍ပြလေသည်။

"အေး ... ဒီလိုဆိုလည်း ကောင်းတာပေါ့လေ။ နေပါဦး။ နင့်ယောက်ျားကကော ကောင်းကောင်းမွန်မွန် ဟုတ်ကဲ့လား"

"ဟုတ်ပါတယ် ... သူက ရက္ကန်းရုံမှာ လုပ်ပါတယ်။ ခုတောင် မော်လမြိုင်ကို ပါလာသေးတယ်။ ဖောက်ပြန်တယ်လို့ ထင်ရင်လည်း ခံရတော့မှာပဲ အစ်ကို ... ရှိတဲ့ လက်ဝတ်လက်စားကလေးကလည်း မော်လမြိုင်တင် ကုန်ခဲ့ပြီ။ အစ်ကို မရှိဘဲနဲ့ အောင်မင်္ဂလာလမ်းကအိမ်ကို မပြန်ချင်ဘူး။ အားကိုးရာမဲ့လို့ ယူလိုက်ရတာပဲ။ သစ္စာမဲ့တယ် ... ဖောက်ပြန်တယ်လို့ ထင်ရင်လဲ ... "

"တော် ... တော် ... ငါသိတယ်။ နင် ကောင်းကောင်းမွန်မွန် ဖြစ်တယ်ဆိုရင် ငါကျေနပ်ပြီ"

မတင်ရီကိုစစ်ပြီး နောက်တစ်ပတ်ကြာလျှင် စီရင်ချက် ချလေသည်။ ကျွန်တော်ရော၊ ကျော်ဝင်းပါ မော်လမြိုင်ထောင်တွင် ၂ နှစ်စီ ချလိုက်လေသည်။ သို့ရာတွင် စီရင်ချက်ချပြီး သုံးလအကြာတွင် အယူခံဖြင့် ကျွန်တော်တို့ လွတ်လာခဲ့ပေသည်။

ကျွန်တော်တို့အဖို့ ရတနာပုံ ဆိုက်ခြင်းပေတည်း။

သည်တစ်ခေါက် ထောင်မှလွတ်သောအခါ ကျွန်တော့်တွင် ဘယ်ကိုမှ သွားစရာ မရှိတော့ပေ။ ကျွန်တော့် သူငယ်ချင်း ဝါဖောင်မှာ ဖောက်ထွင်းမှုဖြင့် ထောင်ထဲရောက်နေပြီ ဖြစ်၏။ အုန်းရွှေတို့ တစ်သိုက်ကိုလည်း ရန်ကုန်မှာ ရှာမတွေ့တော့ပေ။ ထောင်ထဲသို့ ဝင်ရောက်နေကြပြီလား။ တခြားသို့ တိမ်းရှောင် ထွက်ပြေးနေကြပြီလား။ ကျွန်တော် မသိပေ။ မတင်ရီမှာ မလ္လကုန်းတွင် သူ့ယောက်ျားနှင့် နေသည်ဟု ကြားရ၏။ သို့သော် ... မတင်ရီကိုလည်း ကျွန်တော် မတွေ့ချင်တော့ပါ။

ကျွန်တော်သည် ရန်ကုန်ပြန်ရောက်လျှင် မေမေ့အိမ်မှာသာ နေပေ၏။ မေမေတို့အိမ်မှာ အောင်မင်္ဂလာလမ်းမှာပင် ရှိ၏။ ယခင်ကကဲ့သို့ပင် ဘာမျှ အပြောင်းအလဲ မရှိပေ။ မနှစ်က ချိတ်ထားသော စီးကရက်ကုမ္ပဏီတစ်ခုမှ ပြက္ခဒိန်သည်ပင်လျှင် စာရွက်တွေ ဝါကြင့်သွေ့လျော်ကာ နံရံတွင် ချိတ်မြဲ ချိတ်ထား၏။ မေမေ့ယောက်ျားမှာလည်း ယခင်ကကဲ့သို့ပင် လက်သမားပစ္စည်းတွေ ထည့်သောစစ်လွယ်အိတ်ကို လွယ်ကာ နံနက်လင်းလျှင် ဖတ်သီဖတ်သီဖြင့် အလုပ်သွားတုန်း ရှိသေး၏။ အိမ်ရှေ့က ဗာဒံပင်သည်ပင်လျှင် အပြောင်းအလဲမရှိဟု ထင်ရလေသည်။

ကျွန်တော်ကား မေမေ့အိမ်မှာကပင် နေ၍ အလုပ်ထွက်လုပ်လေသည်။ မေမေကလည်း ကျွန်တော့်ကို ဘာမှ မပြောတော့ပေ။ မေမေသည် ဆုံးမ ... မနိုင်၊ ဆိုပိုင်ခက်ခဲသော သားကို ဥပေက္ခာ ပြုထားဟန် ရှိလေသည်။ မေမေက ...

www.burmeseclassic.com

"မခင်လှိုင်လေးကို သွားတွေ့ပါဦးဟယ် ... နင် အချုပ်ခံရတုန်းက ခဏခဏ မေးရှာတယ်" ဟု ပြောသဖြင့် ကျွန်တော်သည် ပုဇွန်တောင်ဈေးဆိုင်ကို လိုက်သွားလေသည်။ ဆိုင်တွင် မခင်လှိုင်ကို မတွေ့ရသဖြင့် အိမ်သို့လိုက်သွားရာ အိမ်မှာအခန့်သင့်ပင် မခင်လှိုင်ကို တွေ့ရသည်။

မခင်လှိုင်မှာ အသားအရေ ဖြူဝင်းစိုပြေကာ အလှတိုးနေပေ၏။ တောလေ့တောမူ မရှိတော့ပေ။ ကျွန်တော့်ကိုမြင်တော့ မခင်လှိုင်က မျက်ရည်ဖြင့် ဆီးကြို၏။ ကျွန်တော်ကား ဆရာမရှေ့ရောက်သော ကျောင်းပြေးလို မလုံမလဲ ဖြစ်နေလေသည်။

"အစ်ကို ... လွတ်လာပြီနော်"

မခင်လှိုင်က ကျွန်တော့်ကို မျက်ရည်တွေကြားမှ ကြည့်ရင်း မေးပေသည်။ ကျွန်တော်က ခေါင်းကိုညိတ်၍ ပြလိုက်၏။ ပါးစပ်ကမူ အသံ ထွက်မလာပေ။

"အစ်ကို့ကို ဒီအလုပ် မလုပ်ပါနဲ့လို့ ပြောတာ ... ဘယ်နှစ်ခါ ရှိပလဲ။ မခင်လှိုင်ကို မချစ်လို့ ... အစ်ကို ဒီလို ဆက်မိုက်နေတာပေါ့ဟင် ဟုတ်လား"

မခင်လှိုင် ကျွန်တော့်ကို ရန်တွေ့ပေပြီ။ မခင်လှိုင် ... မခင်လှိုင် ... မခင်လှိုင်ကို ကျွန်တော် အသဲထဲ နင့်အောင် ချစ်သည်မှန်ပါ၏။ ကျွန်တော်၏ ဘဝသည် မကောင်းမှုတို့ဖြင့် ညစ်ထေးပေကျံလျက်ရှိသော ဘဝဖြစ်၍ မခင်လှိုင်၏ဘဝမှာ ဖြူစင်၍အပြစ်ကင်းသော ဘဝဖြစ်၏။ ကျွန်တော့်ဘဝမှာ မတင်ရီတို့လို လမ်းမပေါ်က မိန်းမများနှင့်သာ ထိုက်တန်၏။ တကယ်တော့ မခင်လှိုင်နှင့် မထိုက်တန်ပေ။ ထို့ကြောင့်ပင် ကျွန်တော်သည် မတင်ရီကို ယူခဲ့ခြင်း ဖြစ်၏။ မတင်ရီနှင့် နေစဉ် ကျွန်တော်သည် မခင်လှိုင်ကို ဖွတ်အားတင်း၍ မေ့ပစ်၏။ မခင်လှိုင်ကို မတွေ့အောင် ရှောင်ခဲ့၏။ မခင်လှိုင်ကမူ ကျွန်တော့်ဘဝ အဖြစ်တွေကို သိရှာဟန် မတူပေ။

"မလုပ်တော့ဘူးလို့နေတာပဲ ... မခင်လှိုင်၊ သူငယ်ချင်းတစ်ယောက်က ဖွတ်လာခေါ်တာနဲ့ သူ့ကိုငဲ့ညှာပြီး လိုက်လုပ်ပေးမိတာ"

"အစ်ကိုတို့ လောကမှာ သူငယ်ချင်းကို ဒီလောက် သစ္စာရှိရသလား။ ဒီသူငယ်ချင်းတွေကြောင့် အစ်ကို ပျက်စီးနေတာ။ ဒီသူငယ်ချင်းတွေကြောင့် လူဆိုးဘဝ ရောက်နေရတာ။ အစ်ကို လူဆိုးဘဝရောက်နေရင် အမေတို့က ဘယ့်နယ်လုပ် သဘောတူမလဲ။ ဖွင့်ပြောဖို့တောင် ခက်ခက်ပဲ။ မခင်လှိုင်နဲ့ အတူနေချင်ရင် အစ်ကို ဒီအလုပ်ကို စွန့်လိုက်ပါ အစ်ကိုရယ်။ ကောင်းကောင်းမွန်မွန် နေပါ"

ကျွန်တော် မခင်လှိုင်နှင့် နီးဖို့အရေးအတွက် အလွယ်တကူ ကတိပေးလိုက်မိသည်။ မခင်လှိုင်သည် မျက်ရည်တွေကြားမှ ပြုံးကာ "ဝမ်းသာလိုက်တာ အစ်ကိုရယ် ... မခင်လှိုင် ဝမ်းသာလိုက်တာ။ အစ်ကို အလုပ်မရှိသေးရင် မခင်လှိုင် ဈေးရောင်းကျွေးပါ့မယ်" ဟု ဝမ်းသာအားရ ဆိုလေသည်။



www.burmeseclassic.com

ကျွန်တော်ကား တကယ်ပင် ဘ၀ပေါင်းကိုစွန့်၍ ဘ၀သစ်သို့ ရောက်ချင်လှပြီ ဖြစ်၏။ မခင်လှိုင်နှင့်အတူတူ တင့်တောင့်တင့်တယ် နေချင်လှပါ၏။ သို့ရာတွင် ကျွန်တော့်လက်ထဲတွင် ငွေကြေးဆို တစ်ပြားမှ မရှိပေ။ ထို့ကြောင့် ပတ်စာပိတ်သဘောဖြင့် ပွဲပေါက်တိုးသည့် အကွက်တစ်ကွက်လောက်တော့ လုပ်လိုက်ဦးမည်ဟု သန္နိဋ္ဌာန်ချလိုက်မိသည်။ သည်တစ်ချီပြီးလျှင်တော့ ... ကျွန်တော် တော်ပါပြီ။ သည်ဘ၀ကို စွန့်လွှတ်ပါတော့မည်။

တစ်ညတွင် ကျွန်တော်သည် ပွဲပေါက်တိုးမည့် အကွက်တစ်ကွက်ကို ဝင်ဆာလမ်းဘက်တွင် တွေ့ခဲ့လေသည်။ ဝင်ဆာလမ်းမှာ ကြေးရတတ်တွေနေသည့် ရပ်ကွက်ဖြစ်၏။ သည်တစ်ချီလောက် ချလိုက်ပြီးလျှင် ကောင်းရောင်းကောင်းဝယ် လုပ်စားတော့မည်ဟု စိတ်ကူးမိ၍ သည်ရပ်ကွက်ကို ကြည့်ရခြင်း ဖြစ်လေသည်။

ကျွန်တော်သည် မှောင်ရီရီတွင် ဝင်ဆာလမ်းကို ခေါက်တုံ့ခေါက်ပြန် လျှောက်၍ကြည့်ခဲ့ပြီး ရတနာပုံရုပ်ရှင်ရုံ ဘက်သို့လျှောက်လာခဲ့လေသည်။ ရတနာပုံရုံရှေ့တွင်ကား ခြောက်နာရီခွဲပွဲ ပြီးခါစဖြစ်၍ လူတွေ ကြိတ်ကြိတ်တိုးနေလေ၏။

ကျွန်တော်သည် ရတနာပုံရုံရှေ့တွင်ရပ်၍ ငေးနေမိလေသည်။ နောက်မှပခုံးကို လာပုတ်သဖြင့် လှည့်ကြည့်လိုက်သည်။ ရွှေသွားတွေ ဝင်းနေအောင် ပြုံးနေသော အေးကိုကို တွေ့ရပေ၏။ အေးကိုမှာ အရင်ဉာဏဗလကွက်သစ်တွင် နေသော်လည်း ယခု ဗောဓိကုန်းတွင် နောက်မိန်းမနှင့် နေလေသည်။ ခါးပိုက်နှိုက်လောကတွင် နာမည်ကြီးသူ တစ်ဦးပေတည်း။ အေးကိုနှင့်အတူ ကျွန်တော်မမြင်ဖူးသော လူတစ်ယောက်လည်း ပါလာလေသည်။

"မင်း ... ဘာလာလုပ်တာလဲ သူငယ်ချင်း"

အေးကိုက ကျွန်တော့်ပခုံးကို သိုင်း၍ဖက်ရင်း မေးလိုက်၏။

"ဒီလိုပေါ့ကွာ ... အလုပ်အကိုင်မကောင်းတော့ ဟိုလျှောက်သည်လျှောက် လုပ်နေရတာပေါ့။ မင်းတို့ကော"

ကျွန်တော်က အေးကိုနှင့် ပါလာသူကို စောင်းငဲ့ကြည့်ကာ မသိမသာ အကဲခတ်လိုက်သည်။

"ဒို့လည်း ဒီလိုပေါ့ကွာ ... စိန်အောင်မင်းပွဲ လာကြည့်တာ။ အလုပ်ကလေး ဘာလေးလည်း လုပ်ရင်းပေါ့ကွာ။ ဟောဒါက ငါ့သူငယ်ချင်း ကျင်သိန်း"

အေးကိုက သူနှင့်ပါလာသူကို မိတ်ဆက်ပေး၏။ စမ်းချောင်းဘောလုံးကွင်းထဲရှိ ဇာတ်ရုံဘက်ဆီမှ အသံချဲ့စက်နှင့် ဓာတ်ပြားဖွင့်သံကို ကြားရလေ၏။

ကျွန်တော်တို့သုံးယောက်သားရတနာပုံကဖေးသို့ဝင်လာခဲ့ကြကာစားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်ကြသည်။ အေးကိုက ထုံးစံအတိုင်း လေသံကလေးဖြင့် ...

www.burmeseclassic.com

"ဘယ့်နယ်လဲ သူငယ်ချင်း ... အလုပ်အကိုင် မပြေလည်ဘူးလား"

ကျွန်တော်က ရယ်၍ ... ခေါင်းကို ရမ်းလိုက်သည်။

"ငါတော့ နေရာတွေ့ထားတယ်။ အဲဒါ မင်းလိုက်ကြည့်မလား။ အလုပ်ဖြစ်ရင်တော့ တစ်ချီထဲနဲ့ ပွပေါက်ပဲ"

"ကြည့်လေ ... သွားကြည့်တာပေါ့"

ကျွန်တော်ကား အလုပ်မြန်မြန်ဖြစ်ချင်သူ ဖြစ်၏။ သေချာသော ပွပေါက်ဆိုလျှင် တစ်မိနစ်ပင် မဆိုင်းချင်ပေ။ လက်ဖက်ရည်သောက်ပြီးနောက် ကျွန်တော်တို့သုံးယောက် ဇာတ်ပွဲဘက်သို့ ဦးမလှည့်တော့ဘဲ ဇောဓိကုန်း အေးကိုအိမ်ကို ပြန်လာခဲ့ကြသည်။ အိမ်တွင် ခဏတဖြုတ် အစီအစဉ်ဆွဲပြီး ဆိုက်ကားနှစ်စီးဖြင့် လောင်းဝစ်လမ်းမှတစ်ဆင့် ရွှေတောင်ကြားလမ်းထဲသို့ ဝင်ခဲ့ကြသည်။

ရွှေတောင်ကြားလမ်းမှာ တိတ်ဆိတ်နေလေသည်။ လမ်းဓာတ်မီးတိုင်များသည် သစ်ပင်ကြီးများအောက်တွင် ချည့်နဲ့စွာ လင်းနေကြပေသည်။ ကန်ထဲမှ ပရစ်များ၏ အော်သံကို ကြားရလေသည်။

"အရေးဆိုရင်တော့ ဒါထုတ်သုံးရမှာပဲ"

အေးကိုက ကျင်သိန်းလွယ်အိတ်ထဲတွင် ပါလာသည့် ၃၈-ဘို့ ခြောက်လုံးပြူးကို ထုတ်၍ပြရင်း ပြောလိုက်သည်။ ကျွန်တော်ကား ဘာကိုမျှ ပြန်မပြောမိပေ။ ခဏလောက် လျှောက်မိလျှင် အေးကိုသည် ခြေလှမ်းကို တုံ့လိုက်ကာ ...

"အလုပ်လုပ်ရမှာကတော့ ဒီအိမ်ပဲကွ" ဟု ကျွန်တော့်ကို လှမ်း၍ပြောကာ အိမ်ဘက်သို့ မေးငေါ့ပြလိုက်သည်။

အိမ်ကြီးမှာ ခေတ်ဆန်သော နှစ်ထပ်တိုက်ကြီးဖြစ်၍ မီးရောင်များသည် မှန်ပြတင်းကိုဖောက်ကာ အပြင်ဘက်သို့ လင်းထိန်နေလေ၏။ "မာလာမြိုင်" ဆိုသော ဆိုင်းဘုတ်ကလေးကို အုတ်တိုင်တံခါးဝတွင် ချိတ်၍ဆွဲထားလေသည်။ ကျယ်ပြန့်သော ခြံဝင်းထဲတွင် ထင်းရှူးပင်များသည် အုံ့ဆိုင်းယှက်ထိုး နေကြလေ၏။ ကျွန်တော်တို့သည် ခြံစည်းရိုးကိုကျော်ကာ အထဲသို့ဝင်ခဲ့ကြပြီး ထင်းရှူးပင်ရိပ် တစ်ရိပ်တွင် မှောင်ခို၍ ရပ်နေလိုက်ကြသည်။ နာရီကို ကြည့်လိုက်သောအခါ သုံးနာရီ ထိုးနေလေပြီ။ ဆယ့်ငါးမိနစ်တစ်ကြိမ်ကျ ဒရဝမ်များ၏ သံချောင်းခေါက်သံကို ကြားရလေ၏။ ကျွန်တော်က ထင်းရှူးပင်ရိပ်မှ တိုက်နံရံသို့ ကပ်မည်အပြုတွင် ဒေါက်-ဒေါက်-ဒေါက်နှင့် စည်းကွက်ဝါးကွက် မှန်မှန်ကြီးဖြင့် ကျလာသော စန္ဒရီ၏ ဖိနပ်သံကို ကြားလိုက်ရသဖြင့် ခြေလှမ်းကို တုံ့လိုက်ကာ ခြံစည်းရိုးဘေး ထင်းရှူးပင်ရိပ်တွင် ကပ်နေလိုက်ရပြန်သည်။ စန္ဒရီကား တိုက်ကို ပတ်ချာလှည့်၍ စောင့်နေလေ၏။ တစ်ခါတစ်ရံတွင် သီချင်းညည်း၍ပင် နေလိုက်သေး၏။



www.burmeseclassic.com

တစ်ရေးနိုးပြီး၍ မျက်လုံးများ ကျယ်နေပဟန် တူပေသည်။ ကျွန်တော်တို့သည် လေးနာရီထိအောင် စောင့်နေကြသည်။ အချိန်မှာ တဖြည်းဖြည်း နည်းလာပြီ ဖြစ်၏။ လေးနာရီထိုးမှ အထဲဝင်ရလျှင် အလုပ်လုပ်ချိန် သိပ်မရှိတော့ပေ။

"ပြန်ကြပါစို့ကွာ ... ဒီညတော့ ဖြစ်မှာ မဟုတ်ပါဘူး" ဟု အေးကိုက ဆိုသဖြင့် နောက်နေ့ညတွင် ထပ်မံကြိုးစားရန် ချိန်းလိုက်လေသည်။

(၂၀)

နောက်နေ့ညတွင် အေးကိုတို့အိမ်တွင် ကျွန်တော်တို့ ဆုံကြလေသည်။ ည၁၂ နာရီထိုးထိ ကျင်သိန်းကို စောင့်၏။ ကျင်သိန်း မပေါ်လာတော့ပေ။ ကျင်သိန်း မပေါ်လာတော့သဖြင့် ကျွန်တော်တို့နှစ်ယောက် ထထွက်လာခဲ့ကြသည်။

မနေ့ညက ကျွန်တော်တို့ ဝင်ခဲ့ကြသော နေရာမှပင် ခြံစည်းရိုးကိုကျော်၍ ဝင်လာခဲ့ကြပြီး ထင်းရှူးပင်ရိပ်တွင် ခိုနေလိုက်သည်။ သည်အချိန်မှာ စန္ဒရီ၏အိပ်ချိန်ဖြစ်၍ ကျွန်တော်တို့အဖို့ များစွာအခွင့်အလမ်း သာလေသည်။ ကျွန်တော်သည် အေးကိုကို ခြံစည်းရိုးသစ်ပင်ရိပ်တွင် ထားခဲ့ပြီး တိုက်နားနံရံသို့ ကပ်လိုက်သည်။ ပြတင်းပေါက်များမှာ သံတိုင်များ စိုက်ထားသဖြင့် သိပ်လွယ်ကူလှသော အလုပ်မဟုတ်ပေ။ ကျွန်တော့်မျက်လုံးများသည် ပြတင်းပေါက်အထက်တွင် ခပ်ဟဟဖြစ်နေသော လိပ်ပြာတောင်တံခါးကို သွား၍မြင်လေသည်။ ထို့ကြောင့် ပြတင်းပေါက်ကို တွယ်တက်၍ လိပ်ပြာတောင်တံခါးကိုမကာ ကြည့်လိုက်သည်။ လိပ်ပြာတောင်တံခါးပေါက်တွင် သံတိုင်တစ်ချောင်းကို ကန့်လန့်ဖြတ်၍ တပ်ထားသည်ကို တွေ့ရ၏။ ထို့ကြောင့် ကျွန်တော်သည်ခြံစည်းရိုးနားတွင်တွေ့ခဲ့သောခြံစည်းရိုးညှပ်သည့်လှေကားခုံကြီးကို သွားယူလေသည်။ ခြံစည်းရိုးနားတွင် အေးကို မရှိတော့ပေ။ အေးကိုမှာ ခါးပိုက်နှိုက်မို့ သည်လိုအလုပ်မျိုးကို သိပ်မရဲသဖြင့် ပြန်သွားဟန် တူလေသည်။

ကျွန်တော်ကား ရောက်မိသည့်အတူမို့ ပြန်မဆုတ်တော့ဘဲ လှေကားကို ပြတင်းပေါက်နားသို့မလာကာ လှေကားပေါ်တက်၍လိပ်ပြာတောင်တံခါးပေါက်တွင် ကန့်လန့်စိုက်ထားသော သံတိုင်ကို နှဲ့ကြည့်သည်။ သံတိုင်စိုက်ထားသော သစ်သားဘောင် တစ်ဖက်တစ်ချက်ရှိ ကျင်းများမှာ သိပ်မနက်လှဘဲ ထိန်းထားမိရုံ ခပ်တိမ်တိမ်ကလေးတွေ ဖြစ်၏။ ကျင်းကို ဒါးမြှောင်ဦးဖြင့် ကျယ်လာအောင်ဆွပြီး သံတိုင်ကို ဆွဲချုတ်လိုက်ရာ အလိုက်သင့်ပါလာပေ၏။ လိပ်ပြာတောင်တံခါးပေါက်မှာ သံတိုင်ကို ဖြုတ်လိုက်သည်နှင့် ကျွန်တော့်လို ခပ်လှီလှီ လူတစ်ယောက်စာ ချောင်ချောင်ကလေး ဝင်နိုင်သွားပြီ ဖြစ်၏။

ကျွန်တော်သည် လိပ်ပြာတောင် တံခါးပေါက်မှနေ၍ အထဲသို့ ဝင်လာခဲ့ပြီး အောက်ထပ်ဧည့်ခန်းသို့ ထွက်လာခဲ့ကာ ဧည့်ခန်းမီးကို ဖွင့်လိုက်သည်။ ဧည့်ခန်းမှအပြင်သို့ ထွက်သော ဘာဂျာတံခါးဘေးတွင် သော့အဆင်သင့် တွေ့သဖြင့် ဘာဂျာတံခါးတွင် ခတ်ထားသော သော့ခလောက်ကို လိုလိုမယ်မယ် ဖွင့်ထားလိုက်သည်။ ဧည့်ခန်းရှိစားပွဲပေါ်တွင် တယ်လီဖုန်းကို မြင်သဖြင့်

www.burmeseclassic.com

စားပွဲအောက်တွင် ပုံကျနေသော တယ်လီဖုန်းကြိုးကို ဓားဖြင့်လှီးလိုက်သည်။ အထဲက ဝိုင်ယာကြိုးကို လှီးမိသောအခါတွင် ကျွန်တော့်လက်များသည် ဓာတ်လိုက်ကာ ထုံကျဉ်သွားလေသည်။ ဓားနှင့်လှီးသဖြင့် တယ်လီဖုန်း ခေါင်းလောင်းကလည်း ကလင် ... ကလင် ... မြည်လာ၏။ ထို့ကြောင့် တယ်လီဖုန်းကြိုး ဖြတ်ရန်အကြံကို လက်လျှော့လိုက်ရကာ မဟော်ဂနီရောင်ဝေ့၍ ပြောင်လက်နေသော ကျွန်းသားလှေကားကြီးမှ အပေါ်ထပ်သို့ တက်လိုက်သည်။

လှေကားအတက်တွင် ကျွန်တော့်ခြေလှမ်းများသည် တုံ့ကနဲဖြစ်သွားကြလေ၏။ ကျွန်တော်နှင့် မျက်နှာချင်းဆိုင် လှေကားထိပ်တွင် သမ္မတဟောင်း ဒေါက်တာဘဦး၏ ဓာတ်ပုံနှင့် အိန္ဒိယ အမျိုးသားခေါင်းဆောင်ကြီး ဂျရီနေရူးတို့ တွဲရိုက်ထားသော ဓာတ်ပုံကြီးတစ်ပုံကို မြင်လိုက်ရသဖြင့် ကျွန်တော်သည် လှေကားလက်ရန်းကို ကိုင်ကာ တွေ၍ရပ်နေမိလေသည်။

ကျွန်တော်သည်လူဆိုးမျက်စိဖြင့်အလုပ်လုပ်ရန်အတွက်အကွက်ကောင်းကိုကြည့်၍ သည်အိမ်ထဲသို့ဝင်လာခြင်း ဖြစ်၏။ ဘယ်သူဘယ်ဝါ၏အိမ်ဖြစ်၍ ကျွန်တော့်အတွက် ဘယ်လောက်အန္တရာယ်ရှိ၊ မရှိကို ကျွန်တော် မစဉ်းစားမိပေ။ သမ္မတဟောင်း ဒေါက်တာဘဦးနှင့် ကျွန်တော် မကြာခဏ သတင်းစာများတွင် တွေ့ဖူးမြင်ဖူးနေသော ဂျရီနေရူး၏ ဓာတ်ပုံကို တွေ့လိုက်သောအခါ ကျွန်တော်ဖောက်ထွင်း၍ ဝင်လာခဲ့သော ဤအိမ်ကြီးသည် အထက်တန်းစား အရာရှိကြီးတစ်ဦး၏ အိမ်ပေလား ... သို့မဟုတ် အိန္ဒိယလူမျိုး အထက်တန်းအရာရှိကြီး တစ်ဦး၏ အိမ်ပေလားဟု ဝေခွဲမရအောင် ဖြစ်မိသည်။ သို့ရာတွင် ကျွန်တော့်မှာ အိမ်ကို ဖောက်ထွင်း၍ အထဲသို့ ဝင်ရောက်နေပြီ ဖြစ်ရကား ဘယ်လို အန္တရာယ်နှင့်ပင် တွေ့ရစေတော့ ... ။ နောက်ဆုတ်လို့ မဖြစ်သည့် အခြေအနေသို့ ရောက်နေပေပြီ။

ထို့ကြောင့် ကျွန်တော်သည် ကြာကြာမဆိုင်းတော့ဘဲ မွေးရှည်ကော်ဇောကြီးများ ခင်းထားသည့် လှေကားထစ်များကို လျင်မြန်ပေါ့ပါးစွာ ကျော်လွှား၍ အပေါ်ထပ်သို့ တက်လာခဲ့သည်။ အပေါ်ထပ် ခေါင်းရင်းအခန်း နှစ်ခန်းအနက် ဘယ်ဘက်က အခန်းထဲတွင် အသက် ၅၀ ကျော်ခန့် ပိန်ပိန်ပါးပါး လူကြီးတစ်ယောက် အိပ်ပျော်လျက်ရှိပြီး၊ ညာဘက်အခန်းထဲတွင် အသက် ၄၀ ကျော် မိန်းမကြီးတစ်ယောက်နှင့် ၉ နှစ်ရွယ် ကလေးငယ်တစ်ယောက် အိပ်ပျော်လျက် ရှိ၏။ ကျွန်တော်သည် ညာဘက်အခန်းထဲသို့ဝင်ကာ မီးခံသေတ္တာကို ဖွင့်ရန်အတွက် မီးခံသေတ္တာ သော့ပေါက်ကို သံချောင်းဖြင့် ထိုးကြည့်မိသည်။ ဘယ်လောက်များ ကြာသည်မသိ။ ခဏကြာသောအခါ လူးလွန့်သံနှင့်အတူ အိပ်ရာပေါ်မှ လူကြီးသည် ခေါင်းထောင်လိုပ်ကာ "ဘယ်သူလဲ" ဟု မေးလိုက်သည်။

ကျွန်တော်သည် ရုတ်ချည်းထလိုက်ပြီး ခါးကြားထဲမှ ဓားမြှောင်ကို ဆွဲထုတ်ကာ ခြင်ထောင်ကို လှပ်လိုက်သည်။ ကျွန်တော့်မျက်လုံးများသည် ပြာဝေ၍ သွားလေသည်။ ခပ်မှိန်မှိန် မီးရောင်တွင် ကျွန်တော် မြင်ရသူကား အခြားသူမဟုတ်။ သမ္မတဟောင်း ဒေါက်တာဘဦး ကိုယ်တိုင်ပေတည်း။

ကျွန်တော်သည် ခဏမျှ ကြက်သေသေနေ၏။ တောင်းပန်ပြီး ပြန်ဆင်းရမလား။ ထွက်ပြေးရမလား။ နိုင်ငံတော်၏ အထွဋ်အထိပ်ဖြစ်ခဲ့သူ တစ်ဦးအား ယခုလို


www.burmeseclassic.com

ခြိမ်းခြောက်ခြင်းသည် လွန်မင်းစွာ မယဉ်ကျေးရာ ရောက်လေမလား ... ။

သို့သော် ကျွန်တော်ကြာကြာ မစဉ်းစားနိုင်ပါ။ ရောက်မိသည့်အတူတူ လုပ်စရာရှိတာကို လုပ်ရမည် မဟုတ်လား။ ထို့ကြောင့် သမ္ဗတဟောင်းအား အနားတွင် တွေ့သောကြိုးဖြင့် ကောက်တုပ်လိုက်ပြီး အမှောက်ခိုင်းလိုက်သည်။ ချက်ခြင်းပင် ကျွန်တော်သည် ဘေးဘက်ခန်းထဲတွင် မြင်ခဲ့သော ကလေးကစားသည့် ခြောက်လုံးပြူးသေနတ်ကလေးကို အမှတ်ရကာ ပြေး၍ယူလိုက်ပြီး ချိန်ထားလိုက်သည်။

သမ္ဗတဟောင်းကမူ တည်ငြိမ်စွာဖြင့်ပင် "မောင်ရင်လိုချင်တာ ပြောပါ" ဟု ဆို၏။ သည်အခိုက်မှာတစ်ဖက်ခန်းမှမိန်းမကြီးလည်းစကားပြောသံကြားသဖြင့်ထလာကာ အခန်းထဲသို့ ဝင်လာလေသည်။ သူ့ကိုလည်း ကျွန်တော်က ကလေးကစားစရာ ခြောက်လုံးပြူးဖြင့် ချိန်လိုက်ရင်း တုပ်နှောင်ကာ မီးခံသေတ္တာသော့ကို တောင်းသည်။ မီးခံသေတ္တာသော့ရတော့မှ ကျွန်တော်သည် မီးခံသေတ္တာထဲမှ ရွှေထည်၊ စိန်ထည်များကို စိတ်အေးလက်အေး မွှေနှောက်ရှာလေသည်။ မီးခံသေတ္တာထဲမှ တစ်ပေကျော်ကျော် သံမဏိသေတ္တာ လေးလုံးထဲတွင် စိန်ရွှေအပြည့် တွေ့ရ၏။ ကျွန်တော့်မှာ လွယ်အိတ်တစ်လုံးသာ ပါ၏။ ထို့ကြောင့် သံမဏိသေတ္တာ တစ်လုံးကို လွယ်အိတ်ထဲထည့်ပြီး တစ်လုံးကို အနားတွင်တွေ့သည့် ပုဆိုးတစ်ထည်ဖြင့် ကောက်ထုပ်လိုက်သည်။ ကျန်နှစ်လုံးကိုကား မသယ်နိုင်တော့ပေ။ ထို့ကြောင့် ပုဆိုးတစ်ထည်ဖြင့် ကျန်သေတ္တာထဲမှ ပစ္စည်းများကို ထည့်လိုက်ပြီး သူတို့ကို ခြောက်လုံးပြူးဖြင့် ချိန်ကာ အောက်ခန်းသို့ ဆင်းလာခဲ့၍ ခြံဝင်းအပြင်ဘက်သို့ ထွက်လာခဲ့လေသည်။

ကျွန်တော် ထွက်လာသောအခါ နံနက် ၃ နာရီလောက်ရှိပြီ ထင်၏။ ကျွန်တော်သည် အပြင်ဘက်ခြံစည်းရိုးကို မှောင်ခိုကာ တစ်ဖက်ခြံကြီးနားသို့ လျှောက်လာခဲ့သည်။ အိမ်ပေါ်မှလှုပ်လှုပ်ရွရွဖြစ်နေသည်ကိုတွေ့ရလေ၏။ထို့ကြောင့်ကပ်လျက်ရှိနေသော ဝင်းခြံအဝရှိ ကျောက်ပြားတံတား အောက်မြောင်းအထဲသို့ ရောက်နိုင်သမျှ ရောက်အောင် တိုးဝှေ့ဝင်လာခဲ့သည်။ သည်အထုပ်အထည်တွေနှင့် လမ်းမပေါ်တွင် လျှောက်သွားလျှင် အချုပ်ထောင်သို့ တည့်တည့်ကြီး သွားနေသည်နှင့် တူပေလိမ့်မည်။

မြောင်းထဲတွင် အမှိုက်သရိုက်တွေ ပြည့်ကြပ်နေ၏။ ကျွန်တော်သည် အမှိုက်တွေကို ဖယ်ရှားကာ မြောင်းလယ်တံတားအောက် တည့်တည့်ရောက်အောင် လေးဘက်တွား၍ ဝင်လာပြီး ဝပ်နေလိုက်သည်။ ခဏကြာတော့ ပိုင်ယာလက်ကားများ၏ စူးရှသော ဥသြသံကို ကြားရပေ၏။ ခဏကြာလျှင် ပုလိပ်များ၏ ဖိနပ်သံများကို ဝင်းရှေ့ကတ္တရာလမ်းပေါ်တွင် တဂေါက်ဂေါက် ကြားရလေသည်။ ကျွန်တော် ပုန်းနေသည့် ရေမြောင်းတံတားပေါ်သို့လည်း လျှောက်လာသံကို ကြားရ၏။ ကျွန်တော်ကား အသက်ကိုမျှပင် ပြင်းပြင်းမရှူဝံ့တော့ပေ။

www.burmeseclassic.com

ဖိနပ်သံများသည် တံတားပေါ်တွင် ရပ်သွားပြီး စကားပြောသံများကို ကြားနေရ၏။ လက်နိပ်ဓာတ်မီးရောင်သည် တံတားအောက် မြောင်းဝနားသို့ ထိုးကျလာသည်။ ကျွန်တော်သည် အတွင်းဘက်သို့ တိုးဝင်နိုင်သမျှ တိုးဝင်ပြီး ဝပ်နေလိုက်သည်။ ပုလိပ်များမှာ ကျွန်တော့ ခြေရာလက်ရာများကို လိုက်လံကြည့်နေဟန် ရှိ၏။ ကျွန်တော်ကား အရည်ဝပြီးသူမို့ ခြံစည်းရိုးနားကို ကပ်ကာ မြင်ခင်းပေါ်က လျှောက်လာခဲ့ခြင်းဖြစ်၏။ ကျွန်တော့်ခြေရာကို ကောက်မိသွားမှာကို မစိုးရိမ်ရတော့ပေ။ ပြီးတော့ အိမ်ပေါ်တုန်းက ကျွန်တော်ကိုင်ခဲ့သော ပစ္စည်းများကိုလည်း လက်ရာမကျန်ရအောင် အဝတ်နှင့် သုတ်ခဲ့ပြီးဖြစ်၏။ သို့ရာတွင် အကုန်လုံး ဖျက်ပစ်နိုင်ခဲ့သည်တော့ မဟုတ်။ လက်ရာကျန်လျှင်လည်း ကျန်ခဲ့ဦးမည် ဖြစ်၏။ မည်သို့ပင်ဖြစ်စေ သိန်းချီ၍တန်သော ပစ္စည်းများ ကျွန်တော့်ထံတွင် သပိတ်ဝင်အိတ်ဝင်၍ နေပြီမဟုတ်ပါလား။

ခဏကြာတော့ ပုလိပ်ကားများသည် ဥဩသံ တညံညံဖြင့် ပြန်ထွက်သွားကြလေသည်။ မော်တော်ကား လေးစင်းလောက် ရှိမည်ဟု ထင်ရပေ၏။ လောလောဆယ်တော့ တစ်ရန်အေးသွားပေပြီ။ သို့ရာတွင် မြောင်းထဲက တံတားအောက်မှ ကျွန်တော် ဘယ်လိုလုပ်၍ ထွက်ရမည်နည်း။ ပုလိပ်ကားများ ပြန်သွားကြသော်လည်း စန္ဒရီတွေ ချမပစ်ခဲ့ဟု မပြောနိုင်။ နံနက် လင်းအားကြီးတွင်လည်း ပတ္တရောင်တွေနှင့် ရင်ဆိုင်တတ်သေးသည် မဟုတ်လား။ ခုလို နံနက် အရုဏ်တက်တွင် လွယ်အိတ်ကြီးတစ်လုံးလွယ်၍ လုံချည်နှင့်ထုပ်ထားသော အထုပ်တစ်ထုပ် လက်ကဆွဲလာသော ကျွန်တော့်ကိုမြင်လျှင် ဇောန်ရပ်တန့်၍ ရှာဖွေကြမည်သာ ဖြစ်၏။ ပိုမိုဆိုးသည်ကား ကျွန်တော့်မှာ တံတားအောက် မြောင်းထဲတွင် ရောက်နေ၍ အပြင်လောကကို မမြင်ရခြင်းပင် ဖြစ်ပေသည်။

ကျွန်တော်သည် မြောင်းထဲမှာပင် တစ်နာရီလောက် မှိန်းနေလိုက်သည်။ ကျွန်တော် နိုးလာသောအခါတွင် ရွှေတောင်ကြားလမ်းတစ်ဝိုက်မှာ လူးလွန့်ကာ အိပ်ရာမှ နိုးလာစ ပြုပေပြီ။ ကျေးငှက်တို့၏ စိုးစိုးစီစီ အော်သံကိုလည်း ကြားရပြီ ဖြစ်၏။ ကျီးများသည် အိပ်တန်းမှထကာ အော်မြည်နေကြ၏။ ကျွန်တော်သည် တံတားအစပ် မြောင်းဝသို့ရောက်အောင် တဒေါင်ဆစ်ဖြင့် ထောက်၍အားယူကာ တွား၍လာခဲ့ပြီး တံတားအောက်တွင် ခေတ္တလလူသံသူသံကို နားစွင့်၍ ကြည့်လိုက်သည်။ ကျေးငှက်တို့ တေးသီကျူးသံမှအပ လူသံကို မကြားရသေးပေ။ သို့ကြောင့် ဖျတ်ကနဲကုန်း၍ထကာ ခေါင်းပြူ၍ အပြင်သို့ လှမ်းကြည့်လိုက်သည်။ အပြင်တွင် လူသွားလူလာမရှိသဖြင့် မြောင်းထဲသို့ ပြန်ဆင်းလာပြီး လွယ်အိတ်ကိုကောက်၍ ယူခဲ့သည်။ လုံချည်နှင့်ထုပ်ထားသော သေတ္တာကိုယူ၍မဖြစ်သေး။ နောက်နေ့ညကျမှ လာယူမည်ဟု အောက်မေ့ကာ အမှိုက်တွေဖုံး၍ ထားလိုက်သည်။ ပြီးမှတစ်ဖန် မြောင်းဝဘက်သို့တွား၍ လာခဲ့သည်။ ကျွန်တော့်အင်္ကျီတွင် ကပ်နေသော အမှိုက်သရိုက်များကို လူးလဲခါချလိုက်ပြီး တံတားဝ မြောင်းစပ်မှ ရုတ်တရက်ထွက်၍ လွယ်အိတ်ကို ခပ်တည်တည်ဖြင့် ပြင်လွယ်လိုက်ပြီး လျှောက်လာခဲ့သည်။

ရွှေတောင်ကြားလမ်းမပေါ်တွင် ကျွန်တော်တစ်ဦးတည်းသာ ရှိလေသည်။ သို့သော် ကျွန်တော့်မျက်လုံးများကား အငြိမ်မနေ ဘေးပတ်ဝန်းကျင်တွင် လှည့်ပတ်ကစားနေကြသည်။ ရွှေတောင်ကြားတစ်ဝိုက်သည် မနေ့ညက

www.burmeseclassic.com

ထူးခြားဆန်းကြယ်သောအဖြစ်အပျက်ကိုမသိသလိုပင်တိတ်ဆိတ်၍နေလေသည်။

လောင်းဝစ္စလမ်းထိပ်အရောက်တွင် ဆိုက်ကားတစ်စီးကို တွေ့သဖြင့် လှမ်းခေါ်လိုက်ပြီး ဘောင်ထရီလမ်းဒေါင့် ဝိဇယရုံနားတွင်ဆင်းကာ ဦးဝိစာရမှ မြောက်ဘက်သို့ လျှောက်၍ အေးကိုအိမ်ရှိရာ ဗောဓိကုန်းသို့ လာခဲ့သည်။

ကျွန်တော့်စိတ်ကူးမှာ အေးကိုကို သိမ်းသွင်းထားရန် ဖြစ်လေသည်။ အေးကိုမှာ ကျွန်တော်နှင့် နဂိုက တစ်စိတ်ထဲ တစ်ဝမ်းထဲဖြစ်၍ အိမ်အထိ လိုက်ပါလာပြီးမှ ပြန်သွားသူဖြစ်၏။ ထို့ကြောင့် သူ့ကို ရန်ကုန်မှာ ထားခဲ့၍မဖြစ်။ သူ့ကို အပါခေါ်ကာ တစ်နေရာရာသို့ ထွက်ပြေးပုန်းရှောင်မှ လုံခြုံပေမည်။

ကျွန်တော် ရောက်သောအခါ အေးကိုမှာ အိပ်နေတုန်းပင် ဖြစ်၏။ ကျွန်တော်က အေးကိုကိုနှိုးကာ အကျိုးအကြောင်း ပြောပြရသည်။ အေးကိုသည် အိပ်မှုန်စုံမွှားနှင့် မျက်လုံးကိုပွတ်ရင်း ကျွန်တော့်စကားကို ကြားသောအခါ အံ့အားသင့်၍ မျက်လုံးကြီး ပြူးကြည့်နေလေသည်။

"ဟကောင် ... တကယ်လား"

"တကယ်ပေါ့ကွ ... လက်စသတ်တော့ သမ္မတဟောင်း ဒေါက်တာဘဦး အိမ်ကိုးကွ"

"ဟင် ... ဟုတ်လား ..."

"ငါလည်း ဟိုရောက်မှ သိတာ။ ဒါပေမယ့် မတတ်နိုင်ဘူးလေကွာ။ ရောက်မှတော့ မထူးဘူးဆိုပြီး လုပ်ရတော့တာပဲ"

"တော်တော်စွံရဲ့လား"

"စွံတာတော့ မပြောနဲ့။ စိန်ရွှေသေတ္တာ ၂ လုံး ကျန်ခဲ့သေးတယ်။ အဲဒါ မနိုင်လို့ မယူခဲ့ရဘူး။ ခုလည်း တစ်လုံးပဲ ပါလာတယ်။ တစ်လုံးကတော့ ညကျမှ သွားယူရမယ်။ အဲဒါက အရေးမကြီးဘူး။ ခုကိစ္စက မျက်နှာကြီးအိမ်ဆိုတော့ ပုလိပ်က ဖိလိုက်လိမ့်မယ်။ ဒို့ တစ်နေရာရာကို အမြန်ဆုံးထွက်မှ ဖြစ်မယ်။ ဒီမှာ ကြာကြာနေလို့ မဖြစ်ဘူး။ မင်းလည်း လိုက်မှဖြစ်မှာ။ ဒီလောက်များတဲ့ ပစ္စည်းတွေကို ငါတစ်ယောက်ထဲ သိမ်းဖို့ဆိုတာ မလွယ်ဘူး။ ဘယ့်နှယ်လဲ"

အေးကိုက ဘာမျှပြန်မပြောဘဲ ကျွန်တော့်ကို ကြည့်နေ၏။ ဖြစ်မှဖြစ်ပါ့မလားဟု သံသယရှိဟန် တူလေသည်။

"ငါ လိုက်လို့ဖြစ်"

"ဘာလဲ ... မင်းမလိုက်ဘူးလား"

ကျွန်တော်က သူ့စကားကို ဆုံးအောင် မစောင့်တော့ဘဲဖြတ်၍ မေးလိုက်သည်။

www.burmeseclassic.com

အေးကိုသည် ခေါင်းငုံ့ကာ မျက်လုံးများကို လက်ခုံဖြင့် ပွတ်နေလေသည်။

"မလိုက်လို့တော့ မဖြစ်ဘူးမောင် ... ဒီကိစ္စမှာ မင်းနဲ့ငါပဲ သိတယ်။ မင်းကိုထားလဲ့လို့ မရဘူး"

"နောက်မှ လိုက်လာလို့ကော မဖြစ်ဘူးလား"

"ဟင့်အင်း ... မရဘူး။ ခုလိုက်ရမယ်။ မလိုက်ရင် မင်းနဲ့ငါနဲ့ စားရင်းရှင်းပွဲပဲ"

ကျွန်တော်က ခပ်ပြတ်ပြတ်ပင် ပြောလိုက်သည်။ ပြီးတော့ ကျွန်တော့်လက်ထဲမှ ဓားမြှောင်ကို သူ့ရှေ့တွင် ထုတ်၍စိုက်လိုက်သည်။ ကျွန်တော်ကား သည်ကောင်မလိုက်လျှင် လိုက်သည့်နည်းဖြင့် ခေါ်ရန်အသင့် ဖြစ်လေသည်။ အေးကိုသည်ပစ္စည်းကိုလည်းရချင်သည်။လိုက်ရန်လည်းဖင့်နွှဲ့နေဟန်တူလေသည်။

"ဟော့ကောင် ... မလိုက်ဘူးလား"

ကျွန်တော်က ဒေါသထွက်လာသဖြင့် သူ့လည်ပင်းကိုကိုင်၍ ညှစ်တော့မလို လုပ်လိုက်တော့မှ အေးကိုက လက်လျှော့သွားဟန်ဖြင့် ...

"သဘောပဲလေ ... လစ်ရင် ဘယ်ဘက်လစ်မလဲ"

"အဝေးဆုံးကို လစ်မှဖြစ်မယ်။ ငါ့စိတ်ကူးကတော့ တောင်ငူမှာ ငါ့မိတ်ဆွေ ကိုစိန်လင်းဆိုတာ ရှိတယ်။ သူ့ဆီကို အရင်သွားမယ်။ သူ့ညီတစ်ယောက်က ရှမ်းပြည်မှာဆိုလား၊ ကယားပြည်မှာဆိုလား ရှိတယ်။ အဲဒီဘက်ကို ပြေးမယ်။ ဘယ့်နှယ်လဲ ... "

"မင်းကိုစိန်လင်းက စိတ်ချရရဲ့လား"

"စိတ်ချရပါတယ် ... ဟေ့ ... အေးကို ... ကျော်မောင်တို့က မပိုင်ရင် ဘယ်တော့မှ မလုပ်ဘူး ... စိတ်ချ"

နောက်ဆုံးတွင် အေးကိုကလည်း သဘောတူလိုက်၏။ ကျွန်တော်တို့နှစ်ယောက်သည် ထိုနေ့က အောင်ပွဲခံလိုက်ကြ၏။ ဘိုင်စကုတ်ကြည့်၊ အရက်ဆိုင်သွား၊ ပြည့်တန်ဆာခေါ် ... ၊ အို ... တကယ့် ပွဲတော်ကြီးပင်တည်း ... ။

ညကျတော့ ရွှေတောင်ဂါကားလမ်း သမ္မတဟောင်း အိမ်ဘေးခြံဝင်း တံတားအောက် မြောင်းထဲတွင် ထားခဲ့သည့် အထုပ်ကို သွားယူလေသည်။ သည်သေတ္တာထဲတွင်လည်း စိန်တွေ၊ ရွှေတွေ ပြည့်နှက်နေ၏။ နိုင်ငံခြားကပေးသော ဂုဏ်ထူးဆောင် ရွှေတံဆိပ်ကြီးများ၊ စိန်စီထားသော ရွှေစလွယ်ကြီးများကို တွေ့ရ၏။ လက်ဝတ်လက်စားများကား ပြည့်နှက်နေပေ၏။ ကျွန်တော်တို့ကား သည်ပစ္စည်းတွေထဲက အချို့တဝက်ကို ထုခွဲကာ ဂျစ်ကားတစ်စင်း ဝယ်လိုက်ကြပြီး တောင်ငူသို့ ထွက်လာခဲ့ကြသည်။ တောင်ငူတွင် ကိုစိန်လင်းကို အရှံသင့်ပင် တွေ့ရ၍ သူ့ကို သိသင့်သိထိုက်တာတွေ ပြောပြသည်။ ကိုစိန်လင်းက မျက်ခုံးကိုပင့်ကာ ...

www.burmeseclassic.com

"အေး ... ဟုတ်လား။ သွားမယ် ... သွားမယ်။ ငါလည်း ဒီမှာအလုပ်အကိုင် ဟန်မကျလို့ စိတ်ပျက်နေတာနဲ့ အတော်ပဲ။ လားရှိုးက စစ်တပ်ထဲမှာ ငါ့လူ ထွန်းခဆိုတာ ရှိတယ်။ ဒီကောင်ဆီ သွားရောင်နေလိုက်ရင် မီးသေတာပဲကွ။ အဲဒီက အခြေအနေကိုကြည့်ပြီး နေရာပြောင်းတန် ပြောင်းရမပေါ့"

ကျွန်တော်တို့ တောင်ငူမှ ကိုစိန်လင်းကိုခေါ်ကာ မန္တလေးသို့ တက်လာကြပြီး တမဟုတ်ချင်း သူဌေးသား ကုန်သည်များအဖြစ်သို့ ရောက်သွားကြပေသည်။ ကျွန်တော့်နာမည် ကိုကျော်သူဟု ပြောင်းလိုက်၏။ အေးကိုက အောင်လွင်ဟု ပြောင်း၏။ ကိုစိန်လင်းကာ အမည်ရင်းအတိုင်း ဖြစ်လေသည်။

"ဟော့ကောင်တွေ ဟိုရောက်ရင် ထွန်းခကိုလည်း ဒီအတိုင်း ပြောထားမယ်နော်။ မင်းက ကျော်သူ၊ အေးကိုက အောင်လွင် ဟုတ်လား။ ရန်ကုန်က သူဌေးသား ကုန်သည်တွေ၊ ရှမ်းပြည်ကို လာလည်ကြတာပေါ့ကွာ ... ဟုတ်လား"

ကိုစိန်လင်းက သူ့စကားကို သူသဘောကျ၍ ရယ်နေလေသည်။ ကျွန်တော်တို့မှာ တကယ်လည်း သူဌေးသားကုန်သည်တွေနှင့် တူအောင် ဝတ်ဆင်ရ၏။ ရလာသည့် ပစ္စည်းထဲက စိန်ကြယ်သီး၊ ရွှေကြယ်သီးတွေကို ကိုယ်စီတပ်ပေးလိုက်၏။ လက်ပတ်နာရီဆိုလျှင်လည်း ရိုးလက်(စ်)တွေ ကိုယ်စီနှင့် ဖြစ်ဒ။ ဗန်ကောက်လုံချည်၊ အပေါ်အင်္ကျီ ရှပ်အင်္ကျီတို့မှာလည်း အသစ်ကျပ်ချွတ်တွေချည်း ဖြစ်လေသည်။

"တစ်ခုတော့ ကျွန်တော် ပြောထားမယ်နော် ... ဒီပစ္စည်းတွေ အားလုံး"ဟ ကျွန်တော်တို့သုံးယောက် ဘုံပိုင်တာပဲ။ ခင်ဗျားတို့ သုံးချင်သလောက် သုံး။ စားချင်သလောက် စား။ နေချင်သလိုနေ ဟုတ်လား။ ဝေစုရယ်လို့ မထားတော့ဘူး"

ကျွန်တော့်အကြံကို အေးကိုနှင့် ကိုစိန်လင်းကလည်း သဘောကျလေသည်။ စောစောကမူ သည်တစ်ချီပွပေါက်တိုးလိုက်လျှင် ရင်းနှီးကာ ကောင်းရောင်းကောင်းဝယ် လုပ်စားမည်။ ပြီးတော့ မခင်လှိုင်နှင့် လက်ထပ်မည်ဟု စိတ်ကူးထား၏။ သို့ရာတွင် ကျွန်တော့်မှာ ပဒူအုံကို ဒုတ်နဲ့သွားဆွမိသလို ဖြစ်နေရကား အလုပ်လုပ်ပြီး အေးအေးဆေးဆေး နေနိုင်ဖို့အကြောင်း မရှိတော့ပေ။ ရန်ကုန်မှာ ဆက်နေလျှင် ကျွန်တော်တို့မှာ နာမည်ကြီး လူဆိုးစာရင်းဝင်တွေ ဖြစ်နေရကား ပုလိပ်ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာမည်မှာ သေချာနေ၏။ ပုလိပ်လက် ရောက်မိပြီဆိုလျှင် ပါးစပ်ကို အဝတ်စည်း၊ ရေလောင်း၊ ကျဉ်စက်လှည့်၊ ရာဘာတုတ်ထု၊ ဆေးပြင်းလိပ် မီးကပ် စသည့်ဒဏ်တွေကို ကျွန်တော် ခံနိုင်မည် မဟုတ်။ အလွယ်ကလေးနှင့် ဖြောင့်ချက်ပေးလိုက်ရမည် ဖြစ်၏။ ထို့ကြောင့် နဂိုက အစီအစဉ်ကို ဖျက်လိုက်ကာ ထွက်ပြေးခဲ့ရခြင်း ဖြစ်ပေသည်။

ယခုတော့ ဘာမှုမထူးတော့ပါဘူး။ သေမြေကြီး ရှင်ရွှေထီးဘဲ မဟုတ်လား။

www.burmeseclassic.com

(၂၁)

---

"ကဲ ... ထွန်းခရေ ... ဒို့မင်းဆီမှာပဲ ခဏတည်းခိုရမှာပဲ။ ရန်ကုန်က ကုန်သည်တွေက ရှမ်းပြည်ခဏ သွားချင်တယ်ဆိုလို့ လိုက်ပို့တာ။ သူက အင်ပို့လိုင်စင် သူဌေးကလေး ကိုကျော်သူတဲ့။သူကလည်း အင်ပို့လိုင်စင် သူဌေးပဲ။ ကိုအောင်လွင်တဲ့။ တွဲဖက်ကုမ္ပဏီ ထောင်ထားတာပေါ့ကွာ။ ခုတော့ အင်ပို့လိုင်စင်တွေ သိပ်ခေတ်မကောင်းတော့တာနဲ့ ရှမ်းပြည်ဘက် အလည်ထွက်လာကြတာပဲ။ အနားလည်း ယူရင်းပေါ့ ... "

ကိုစိန်လင်းက သူ့လူထွန်းခကို ကျွန်တော်တို့နှင့် မိတ်ဆက်ပေး၏။ ထွန်းခမှာ အရပ် ထောင်ထောင်မောင်းမောင်း၊ မေးရိုးကားကားနှင့် ယောကျ်ားပီသသူ ဖြစ်၏။ သူသည် စစ်တပ်တွင် တပ်ကြပ်လုပ်နေလေသည်။ ကျွန်တော်တို့က ထွန်းခကို လားရှိုးပျော်ပွဲစားရုံတွင် ညစာစားပွဲကြီးတစ်ခု ပေးလိုက်ကြ၏။ အရက်ဆိုသည်မှာလည်း ချောင်းစီးမတတ်ပါပေ။ ကိုထွန်းခကလည်း စစ်သားဖြစ်၍လား မသိ။ တော်တော်သောက်နိုင်သူ ဖြစ်၏။ ကျွန်တော်တို့တစ်တွေ တော်တော်မူးသည့်တိုင် သူ့မှာ ဘာမျှမဖြစ်သေး။ သည်ထဲတွင် အောင်လွင်က ကျွန်တော့်နာမည်ရင်းကို မကြာခဏ မှားခေါ်၍ သူ့ကို သတိပေးရသည်မှာလည်း အမောပင်။

"ထွန်းခရေ ... ကိုကျော်သူတို့အတွက် အိမ်တစ်လုံးလောက် ရှာပေးစမ်းပါကွာ။ မင်းတပ်ထဲမှာဆိုတော့ ဒို့လွတ်လွတ်လပ်လပ် မရှိဘူး။ လခဘယ်လောက် ပေးရပေးရကွာ။ အိမ်ကောင်းကောင်း ရပ်ကွက်ကလည်း သန့်သန့် ... "

ကိုစိန်လင်းက ဗိုက်လေဘယ် ဝီစကီပုလင်းကိုကိုင်၍ ခွက်ခြင်ထည့်ရင်း ပြောလိုက်သည်။ တစ်ဖက်ခန်းမှ ပုလင်းနှင့် ဖန်ခွက်ထိသံ၊ စကားပြောသံများသည် ဆူညံနေလေ၏။

"ဟာ ... ရမယ် ... ရမယ် ... အိမ်လခကတော့ သိပ်မများပါဘူး။ အတော်အသင့်ပေးရင် ဒီမှာ အိမ်ကောင်းကောင်း ရပါတယ်။ တကယ်လို့ ဒီမှာ မနေချင်ဘူးဆိုရင် မန်ဆန်ဖော(လ်)ကိုတော့ ခင်ဗျားတို့ တစ်ခေါက်လောက် ခေါ်သွားရဦးမယ်။ အဲဒီတော့မှ သဘောကျပြီး နေချင်တယ်ဆိုရင်လည်း ပြောင်းကြတာပေါ့ဗျာ"

အရက်ဖိုးပေးပြီး ဂျစ်ကားဖြင့် ဆိုင်ထဲက ထွန်းခ တန်းလျားသို့ ပြန်ခဲ့ကြသည်။ ကျွန်တော်တို့ကား စားလိုက် သောက်လိုက်၊ သုံးလိုက် ဖြုန်းလိုက်နှင့် တကယ့် သူဌေးသားဂိုက်ဖမ်းနေကြ၏။ ထွန်းခကလည်း ကျွန်တော်တို့အကြောင်းကိုသိကာ ရင်းနှီးလာလေသည်။ သို့ရာတွင် ကျွန်တော်တို့အမှုမဲ့ အမှတ်မဲ့ နေကြသလောက် နိုင်ငံတစ်ဝှမ်းရှိ ရဲဘက်က အမှုမဲ့အမှတ်မဲ့ မနေကြပေ။ လူဆိုးထိန်း စုံထောက်များကို ရန်ကုန်မှ အနံ့အပြားသို့ လွှတ်နေ၏။ ဗိုလ်အောင်ကျော်လမ်း အတွင်းဝန်ရုံး အထက်ထပ်ရှိ ရဲမင်းကြီးရုံးခန်းမှ ကြေးနန်းစာရွက်များသည် နယ်ရဲဌာနများသို့ ပလူပျံသလို ပျံနေကြ၏။ နယ်ရဲဌာနများမှလည်း ရဲမင်းကြီး ရုံးခန်းသို့ ကြေးနန်းများ



www.burmeseclassic.com

တဖွဲဖွဲ ရောက်နေပေ၏။ သတင်းစာများမှ မှုခင်းသတင်းထောက်များကလည်း အမှုသတင်းကို ဒေါင့်အမျိုးမျိုးမှ ရေးနေကြ၏။ အယ်ဒီတာများကလည်း ပြင်းထန်သော ခေါင်းကြီးပိုင်းများဖြင့် ရဲဘက်ကို ပုတ်ခတ်တိုက်ခိုက်လျက် ရှိကြလေသည်။

"ကဲ ... ကိုစိန်လင်း ကျွန်တော်တို့ ဒီလို ရုန်းရုန်း ရုန်းရုန်းနေလို့ မဖြစ်တော့ဘူး။ လူစုခွဲပြီး နေမှပဲ။ ကျွန်တော့်သဘောကတော့ ခင်ဗျား မန္တလေးကို ဆင်းနေစေချင်တယ်။ မန္တလေးဆိုတော့ သတင်းစုံ ကြားရတာပေါ့ဗျာ။ အရေးရှိရင်လည်း ချက်ခြင်း သိလွယ်တယ်။ အဲဒီမှာ ဆင်းပြီးတော့ အရင်ကလို ဝပ်ရှော့တစ်ခု ဖွင့်ထားဗျာ။ အဲဒီထဲက အရင်းအနှီး စိုက်ထုတ်ပြီး လုပ်တာပေါ့"

"အေး ... ငါလည်း အဲဒါ စိတ်ကူးနေတာပဲကွ။ ဒီလိုကြာကြာနေလို့တော့ မနိုပ်ဘူး။ ပြီးတော့ ငါ့ကလည်း နောက်ပိုင်း ရှင်းတဲ့ကောင် မဟုတ်ဘူး။ တောင်ငူပုလိပ်က ငါ့ကို စောင့်ကြည့်နေတာ။ ငါ တောင်ငူက ပျောက်သွားတယ်ဆိုရင် ဒီကောင်တွေ လိုက်ရှာနေကြမယ် ထင်တယ်။ ဒီတော့ မန္တလေးမှာ မော်တော်ကား ဝပ်ရှော့ကလေးတစ်ခု ထောင်ပြီး ဣန္ဒြေမပျက် နေရမလားလို့"

သည်အကြံကို အေးကိုကလည်း သဘောတူလေသည်။ ထို့ကြောင့် ပစ္စည်းများကို ထုခွဲရောင်းချကာ ကိုစိန်လင်းအား ငွေတစ်သောင်းပေးလိုက်ပြီး မန္တလေးသို့ လွှတ်လိုက်လေသည်။ ကျွန်တော်တို့ကား ဂျစ်ကားတစ်စင်းဖြင့် လားရှိုးတွင် သူဌေးသားဂိုက်အပြည့် ဖမ်းထားကြလေသည်။ နှစ်ပတ်လောက်ကြာလျှင် ကိုစိန်လင်းထံမှ ဝပ်ရှော့ဖွင့်ပြီးဖြစ်ကြောင်း၊ အခြေအနေကောင်းကြောင်း စာတစ်စောင် ရောက်လာလေသည်။ ကျွန်တော်သည် ကိုစိန်လင်း၏စာကို အရက်ဖန်ခွက်ပေါ်တွင် ဖတ်ကာ ဆုတ်ပစ်လိုက်လေသည်။

ကျွန်တော်ကား ရှမ်းပြည်၏ သဘာဝအလှတွင် ယစ်မူးနေမိပေသည်။ နေခြည်သည် မှိုင်းပြာသော တောင်တန်းများကိုကျော်၍ စိမ်းသောသစ်ပင်များပေါ်သို့ ညွတ်ပျောင်းကျဆင်းလာပေသည်။ လိမ္မော်နံ့များသည် တသင်းသင်းပျံ့၍နေ၏။ စမ်းရေစီးသံကလေးများသည် ကျွန်တော့်နားတွင် ချစ်သူ၏ တီးတိုးစကားပြောသံလားဟု ထင်ရ၏။ သည်ချစ်သူသည် ကျွန်တော့်အသဲနှလုံးတွင် ပထမဆုံး ကိန်းဝပ်နေခဲ့သော မီမီပေလား။ မခင်လှိုင်လားဟု ကျွန်တော် မသိပေ။ ကျွန်တော့်စိတ်သည် လွင့်ပါးကာ လွမ်းတသသနှင့် ရှိနေပေသည်။

"မန်းဆန်ရောက်ရင်တော့ ကိုယ်တို့တည်းမဲ့အိမ်မှာ ညီအစ်မနှစ်ယောက် ရှိတယ်ဆရာ ... အကြီးမက ရီရီတဲ့။ အငယ်မက ဝေဝေတဲ့ အကြီးမကတော့ ကိုယ့်ဖို့ပဲ။ အငယ်မကတော့ မောင်ရင်တို့ နှစ်ယောက် ပိုးကြပေတော့။ လျင်တဲ့လူ အရင်စွံမှာပဲ"

ထွန်းခက ဂျစ်ကားကို ကမ်းပါးယံတွင် ကွေ့လိုက်ရင်းက လှမ်းပြောသည်။ ကျွန်တော်တို့နှစ်ယောက်မှာမူ ဘာမျှ မပြောကြပေ။ စီးကရက်တစ်လိပ်စီ ညှိကာ ရှမ်းပြည်၏ ရှုခင်းကိုငေးကာ လိုက်ပါလာကြပေသည်။

"အဘိုးကြီး အဘွားကြီးက သဘောကောင်းပါတယ်။ ကိုယ်ကတော့ ဒီအိမ်မှာ

www.burmeseclassic.com

တံခါးမရှိ ဓားမရှိဘဲ။ စနေနေ့ဆိုရင် ဒီလာပြီး တနင်္လာနေ့ မနက်မှ ပြန်တာချည်းပဲ။ အဘိုးကြီးက မန်းဆန်ရေတံခွန် ရေအားလျှပ်စစ် ဓာတ်အားပေးဌာနမှာ လုပ်တယ်”

ကျွန်တော်တို့သည်ကား စကားတပြောပြောနှင့် မန်းဆန် ရေတံခွန်သို့ ရောက်လာကြလေသည်။ ဝေဝေတို့အိမ်မှာ ရေတံခွန်သည်ဘက် ကုန်းထိပ်ကလေးအပေါ်တွင် ဆောက်ထားပေ၏။ ကျွန်တော်တို့သည် ကားကို တောင်ကမူ လမ်းကလေးအတိုင်း တက်လာကာ တစ်ထပ်အိမ်ကလေးရှေ့တွင် ထိုးရပ်လိုက်သည်။ အိမ်ရှေ့ဝရံတာတွင် အသက် ၅၀ ကျော် ဆံပင်ဖြူဖြူ ကိုယ်လုံးကိုထည် တောင့်တောင့် အဖိုးကြီးတစ်ဦး ရပ်နေလေ၏။

“အဲဒါ … ရီရီတို့ ဖေဖေပေါ့”

ထွန်းခက မော်တော်ကား အင်ဂျင်ကို မြှင့်လိုက်ပြီးမှ စက်ရပ်လိုက်၏။ ကျွန်တော်တို့ အိမ်ပေါ်သို့ရောက်လျှင် ထွန်းခက အဖိုးကြီးနှင့် မိတ်ဆက်ပေးလေသည်။ အဖိုးကြီးမှာ အင်မတန်ဖော်ရွေတတ်သူ ဖြစ်၏။ အိမ်ဝရံတာမှ ကြည့်လျှင် ရေတံခွန်ကိုစီး၍ မြင်နေရ၏။ ရေတံခွန် သွယ်ဖြာစီးကျသံသည် တေးသီသံလို ငြိမ့်ညောင်းကာ ရိုက်မြည်လာစေပေသည်။

“ရီရီတို့ … ဝေဝေတို့ … ဟဲ့ ကောင်မလေးတွေ။ ဘာလုပ်နေကြတာလဲ။ ဟောဒီမှာ နင်တို့အစ်ကိုတွေ ရောက်လာတယ်”

အဘိုးကြီးက လှမ်းခေါ်လိုက်သဖြင့် အိမ်ခန်းထဲမှ ညီအစ်မနှစ်ယောက် ထွက်လာကြလေသည်။ အကြီးမှာ ၂၃ နှစ်လောက်ရှိ၍ အငယ်မမှာ ၁၉ နှစ် ၂၀ နှစ်လောက်သာ ရှိဦးမည် ထင်ရ၏။ နှစ်ယောက်စလုံးပင် ဖြူဖြူဖွေးဖွေး သေးသေးသွယ်သွယ်ကလေးတွေ ဖြစ်၏။ အငယ်မက နည်းနည်းပို၍ ပြည့်သည် ထင်ရလေသည်။ မျက်ခုံးများမှာ စိမ်းဖန့်ထူထဲ၍ ပါးအို့များ၊ နှုတ်ခမ်းများမှာ ဆေးမဆိုးဘဲ နီရဲနေပေ၏။

“အစ်ကို ထွန်းခ … အရင်တစ်ပတ်က ပြောသွားတော့ မလာတော့ဘူးဆို” အငယ်မ ဝေဝေက နှုတ်ခမ်းကလေးကို စူသယောင်ပြုကာ မေးလိုက်၏။ အကြီးမကမူ ဘာမျှမပြောဘဲ ကျွန်တော်တို့ကို အကဲခတ်နေဟန် ရှိလေသည်။ အငယ်မလို မဟုတ်ဘဲ နှစ်ဆယ်ကျော် အစိတ်ပိုင်းသို့ဝင်ကာ အရွယ်တော် တစ်ဆိတ်ဟိုင်းလာပြီ ဖြစ်၍လည်း ပို၍ရင့်ကျက်ဟန် ပေါက်နေ၏။ ကျွန်တော်ကမူ ဝေဝေ၏ မျက်နှာကလေးကိုသာ ငေးကြည့်နေမိပေသည်။ သူလေးကို မြင်လိုက်ရသောအခါ ကျွန်တော်သည် ကျွန်တော်၏ဘဝကိုလည်း မေ့သွား၏။ မခင်လှိုင်ကိုလည်း သတိမရတော့ပေ။ စိတ်ထဲတွင် တစိမ့်စိမ့် ကြည်နူးလာလေသည်။ ဝေဝေ့နောက် အခန်းဆီးကြားမှ ချောင်းကြည့်နေသော ကပြားလိုလို ကောင်လေးတစ်ယောက်ကို မြင်ရလေသည်။

“မလာတော့ဘူးလို့ဘဲဟ … ဟောဒီက နင်တို့အစ်ကိုတွေက မန်းဆန်ရေတံခွန်ကို သွားချင်လှချည်ရဲ့ဆိုလို့ လိုက်ပို့ရတာ။ ရန်ကုန်ကလေ။ သူက ကိုကျော်သူတဲ့။

www.burmeseclassic.com

သူက ကိုအောင်လွင်။ ရှမ်းပြည်ကို လာအနားယူကြတာ။ သူဌေးသားတွေဆိုတော့ အေးအေးဆေးဆေးအနားယူနိုင်တာပေါ့လေ ...ဟဲ ...ဟဲ ...ဒို့လိုဆင်းရဲသားကတော့ စနေ၊ တနင်္ဂနွေနေ့လောက်ကိုပဲ အားကိုးရတာပဲ။ ဒါတောင် စနေ၊ တနင်္ဂနွေ မန်းဆန်ဘက် ရောက်လာရင် ရီရီက ဘုပြောလွှတ်တဲ့အခါ လွှတ်သေးတယ်။ ကံများမွဲချင်တော့ အနားယူလာတာတောင် နားအေးပါးအေး မနေရဘူး”

ထွန်းခက ကျွန်တော်တို့ကိုလည်း မိတ်ဖွဲ့ပေးရင်း သူ့ကိစ္စကိုလည်း ဆွဲထည့်ကာ လေရှည်ရှည်ဖြင့် ပြောလိုက်၏။ အသိုးကြီးမှာ အိမ်ရှေ့သို့ ဆင်းသွားကာ ပန်းပင်များကို မြေတောင် မြှောက်နေလေသည်။

“ဘယ်မှ ဘုပြောလို့လဲ။ ပြောတော့ သူက ပြောပြီး သူများကို လွှဲချသေးတယ်။ အဲဒီလို တင်စီးပြောတာတွေကို မခံချင်ဘူး”

သည်တစ်ခါတော့ အကြီးမရီရီက ဝင်ပြော၏။ ထွန်းခကိုလည်း လှမ်း၍ မျက်စောင်းထိုးလိုက်လေသည်။ ကျွန်တော်တို့နှစ်ယောက်ကား သူတို့နှစ်ဦးသာ နားလည်နိုင်သည့် စကားတွေဖြစ်၍ ဘာမျှဝင်မပြောကြပေ။ ပြီးတော့လည်း ကျွန်တော်တို့မှာ ယခုမှ တွေ့ရသော သူစိမ်းတရံတွေ မဟုတ်လား။

“ကဲ ... မောင်ရင်တို့ ရေတံခွန်ဘက်ကို လိုက်ပြရဦးမယ်။ လာ ... လာ”

စကားပြော၍ နည်းနည်းညောင်းလာတော့ ထွန်းခက ကျွန်တော်တို့ကိုခေါ်ကာ တောင်ကမူကလေးပေါ်မှ ဆင်းလာကြသည်။ ရီရီတို့ညီအစ်မနှစ်ယောက်လည်း ပါလာပေသည်။ ထွန်းခနှင့် ရီရီတို့ရှေ့က၊ ကျွန်တော်နှင့် အောင်လွင်က ဝေဝေကို အလယ်မှထားကာ နောက်က ...။

ကျွန်တော်ကား တော၏အလှနှင့် ဝေဝေ၏အလှတွင် ကြည်နူး၍ နေပေသည်။ တောလမ်းကလေး၏ဘေး တောင်ကမ်းပါးယံများမှ မဟာပထဝီပြေသားမှာ နီကြန်ကြန် ဖြစ်နေ၏။ တောပန်းများ၏ ရနံ့ကလည်း သင်းထုံ၍ နေပေသည်။ ကျွန်တော်တို့သည် တောင်ကမူ ဆင်ခြေလျောအတိုင်း လျှောက်လာခဲ့ပြီးလျှင် စမ်းချောင်းကလေးတစ်ခုကို တွေ့ရ၏။ သည်စမ်းချောင်းမှာ မန်းဆန်ရေတံခွန်က စီးလာသော စမ်းချောင်းကလေး ဖြစ်ပေသည်။ စမ်းချောင်းကိုဖြတ်၍ ဝါးတံတားလေး တစ်ခုရှိသည်။ ဝါးတံတားဟိုဘက် လမ်းကလေးဆုံးလျှင် မန်းဆန်ဘုတာကို တွေ့ရလေသည်။

“ဝေဝေတို့အိမ်မှာနေတဲ့ ဝီလီဆိုတဲ့ကောင်လေးက ဝေဝေတို့နဲ့ ဘာတော်သလဲဟင်”

ကျွန်တော်တို့ ဝေဝေနှင့် တော်တော်ရင်းနီးလာပြီဖြစ်၍ ဝေဝေတို့အိမ်က ဂျူးကပြားလိုလို ကောင်လေးအကြောင်းကို မေးလိုက်၏။ ဝီလီမှာ သူတို့အိမ်တွင် အိမ်သားတစ်ယောက်လို ဖြစ်နေလေသည်။ မီးပူတိုက်၊ ပန်းပင်ရေလောင်း ဈေးဝယ် စသည့် ဗာဟီရများကို လုပ်ရ၏။ အသက်မှာ ဝေဝေထက် နည်းနည်းကြီးမည်ဟု ထင်ရလေသည်။

www.burmeseclassic.com

"အော် … ဝီလီလား။ ဘာမှ မတော်ပါဘူး။ ဖေဖေတို့က မွေးစားထားတာ။ ဝီလီရဲ့အဖေက အရင် မီးရထားဂတ်ဗိုလ်လေ။ နောက်တော့ အဖေအမေမရှိတော့တာနဲ့ ဖေဖေတို့ကပဲ ကောက်ယူမွေးစား၊ ကျောင်းထားပြီး အလုပ်သွင်းပေးထားတယ်။ ဝီလီက တော်ရှာပါတယ်။ ခု သူက မန်းဆန်ဖော(လ်)က ဓာတ်အားရုံမှာ အလုပ်လုပ်တယ်။ ရသမျှ လခဆိုရင် ဖေဖေ့ကို အကုန်အပ်တာပဲ။ ကြောက်လည်းကြောက်၊ ချစ်လည်းချစ်၊ ဒါ့ကြောင့် ဖေဖေတို့ကလည်း မမရီနဲ့ ပေးစားဖို့ စီစဉ်ထားတယ်လေ"

ကျွန်တော်က အောင်လွင့်ကို လှမ်း၍ကြည့်လိုက်ရာ အောင်လွင်ကလည်း ကျွန်တော့်ကိုလှမ်း၍ ကြည့်လိုက်လေသည်။။ ထွန်းခကပြောတော့ သူနှင့်ရီရီမှာ ချစ်နေကြပြီဟု ဆို၏။ သို့ရာတွင် ဝေဝေကမူ ရီရီကို ဝီလီနှင့် ပေးစားမည်ဟု ပြောနေပြန်သည်။ သည်အကြောင်းကို ထွန်းခသိမှ သိပါရဲ့လား မပြောတတ်ပေ။ ဝေဝေကမူ ကျွန်တော်တို့အတွေးများကို မသိဘဲ လက်ထဲတွင် ဆုပ်လာသော ကျောက်စရစ်ခဲကလေးကို တစ်လုံးစီ တစ်လုံးစီ ပစ်ချရင်း လျှောက်လာပေသည်။

"ဩော် … ဟုတ်လား"

ကျွန်တော်က ဝင်၍ ထောက်လိုက်သဖြင့် ဝေဝေသည် ခေါင်းကလေး ညိတ်လိုက်ရင်းက …

"ဒါပေမယ့် သူတို့ ဘယ်လိုလဲ မသိပါဘူး။ မမရီကလည်း အစ်ကိုထွန်းခနဲ့ သိပ်တွဲတာပဲ။ တစ်ခါတလေကျရင် သူတို့နှစ်ယောက်ထဲ အိမ်ရှေ့ဝရံတာမှာ ထိုင်ပြီး စကားပြောနေကြလိုက်တာညသန်းခေါင်လွဲအထိပဲ။မမရီကလည်းအစ်ကိုထွန်းခကို ကြိုက်နေတယ် ထင်ပါရဲ့။ သူ့ဟာက ဝီလီကိုရော အစ်ကိုထွန်းခကိုရော မပစ်နိုင်ဘူးထင်တယ်။ ဝေဝေသာဆိုရင် တစ်ယောက်ယောက်ကို ရွေးလိုက်မှာပဲ။ ဒီလို ရည်းစားနှစ်ယောက်ကြားမှာ ဗျာများပြီးတော့ မနေချင်ပေါင်"

ဝေဝေက သူ့စိတ်ထဲရှိတာတွေကို ဖွင့်ပြောလိုက်သည်။ ပြောအပ်သည် မပြောအပ်သည်ကို စဉ်းစားဟန် မတူပေ။

"ကိုယ်သာ ထွန်းခဆိုရင်လည်း ဗိုလ်အောင်ဒင် ဇာတ်ကားထဲကလို (လေ့နံ့နှစ်ဖက်တော့ နင်းမနေပါနဲ့ဗျာ … နင်းချင်ရင် ကျွန်တော့်ဘက်ကို ဖိနင်းလိုက်ပါ) လို့ ပြောချလိုက်မှာပဲ"

အောင်လွင်က သူ့ထုံးစံအတိုင်း သွက်သွက်လက်လက် ပြောချလိုက်သည်။ ဝေဝေက သူ့စကားကို သဘောကျကာ အသံထွက်အောင် ရယ်နေလေသည်။ ဝါးတံတား လက်ရမ်းပေါ် ရောက်လာသဖြင့် ကျွန်တော်တို့သည် ဝါးတံတားလက်ရမ်းကလေးကို မှီ၍ ရပ်နေကြသည်။ ကျွန်တော့်တွင် ရိုလီဖလက်(စ်) ကင်မရာတစ်လုံး ပါလာသဖြင့် ဝေဝေကို ဝါးတံတားပေါ်တွင် ရပ်စေကာ ဓာတ်ပုံရိုက်လိုက်သေးသည်။ ဓာတ်ပုံရိုက်ပြီးတော့မှ အိမ်သို့ပြန်လာခဲ့ကြလေသည်။ ကျွန်တော်တို့သည် မန်းဆန်ရေတံခွန်မှ တနင်္လာနေ့မနက်ကျတော့မှ ပြန်လာခဲ့ကြလေသည်။ ညဆိုလျှင် ကျွန်တော်တို့ငါးယောက် အိမ်ရှေ့ဝရံတာတွင် ကုလားထိုင်ကိုယ်စီနှင့်

www.burmeseclassic.com

ထိုင်၍စကားပြောကြသည်။ ဝီလီကား ကျွန်တော်တို့ သောက်ဖို့ ကော်ဖီလင်ပန်းကို လာချရသည်။ သနားစရာ သူငယ်သာတည်း။

နှစ်ရက်သုံးရက်အတွင်း ကျွန်တော်တို့နှင့် ရီရီတို့ တော်တော် ရင်းနှီးသွားလေသည်။ အဘိုးကြီး၊ အဘွားကြီးတွေကလည်း ကျွန်တော်တို့ကို တကယ့်သူဌေးသားတွေ ထင်၍လား၊ နဂိုကတည်းက ခင်မင်ရင်းစွဲ ဝါသနာရှိ၍လားမသိ။ တော်တော် ခင်လေသည်။ နောက် မကြာမကြာ လာဖို့လည်း ဖိတ်မန္တက ပြုလိုက်ပေသည်။

ကျွန်တော်တို့ကား လားရှိုးသို့ပြန်လာပြီး အရက်သောက်လိုက်၊ သုံးလိုက်၊ ဖြုန်းလိုက်နှင့် ကိုယ့်ဘဝကို မေ့နေကြလေသည်။ စနေ၊ တနင်္ဂနွေရက်အားဆိုလျှင်လည်း မန်းဆန်ရေတံခွန်သို့ သွားလည်ကြပြီး ရီရီတို့ ဝေဝေတို့နှင့် အချိန်ကုန်လေသည်။ ကျွန်တော်ကား ဝေဝေကို ချစ်ကြောင်း ဖွင့်၍ပင် ပြောပြီးဖြစ်၏။ ဝေဝေကမူ "လူကြီးတွေ သဘောတစ်ခုပါပဲ" ဟု စကားအလှဖြင့် တုံ့ပြန်လေသည်။ ကျွန်တော်ကား အဘိုးကြီး၊ အဘွားကြီးမှာ ကျွန်တော်တို့ကို အထင်ကြီးလျက်ရှိသဖြင့် ငြင်းဆန်မည်မဟုတ်ဟု ယူဆထားပြီး ဖြစ်၏။ ထို့ကြောင့် သမ္မတဟောင်း အိမ်မှရခဲ့သော ကျွန်တော်ဝတ်ထားသည့် စိန်ခြယ်မြလက်စွပ်ကို ဝေဝေအား ပေးလိုက်ပြီး ဝေဝေ့လက်သူကြွယ်တွင် ဝတ်ထားသည့် ကျောက်နီ လက်စွပ်ကို ကျွန်တော့်လက်သန်းတွင် ဝတ်ထားလိုက်ကာ "ဒါ ... လက်စွပ်လဲတာပဲ ... ဝေဝေ ... လူကြီးတွေကို ပြောပြီးရင် ကိုယ်နဲ့လက်ထပ်မယ် ...။ ပြီတော့ ရှမ်းပြည်မှာပဲ လာနေတော့မယ်" ဟု ပြောလိုက်၏။ ဝေဝေက ဘာမျှမပြောဘဲ ပြုံး၍သာ နေပေသည်။ အစကတော့ သည်စိန်ခြယ်မြလက်စွပ်မှာ ကျွန်တော့်ချစ်သူ မခင်လှိုင်အတွက် ကျွန်တော် တရိုတသေ သိမ်းထားခဲ့၏။ သည်လောက် အဖိုးတန်လက်စွပ်ကိုမခင်လှိုင်၏ လက်ချောင်းသွယ်သွယ်ကလေးများပေါ်တွင် ဝတ်ထားသည်ကိုသာ ကျွန်တော် မြင်လိုပေသည်။ သို့ရာတွင် ဝေဝေ၏အလှ၊ ဝေဝေ၏အချစ်တွင် ကြည်နူးပြီးသည့်နောက်ပိုင်းတွင်ကား ကျွန်တော်သည် အချစ်ဦး၊ မခင်လှိုင်ကို မေ့နေပြီ ဖြစ်၏။ ဝေဝေ၏အလှတွင် ယစ်မူးနေပြီ ဖြစ်၏။ ထို့ကြောင့် ပြန်၍မဖြစ်တော့သော ရန်ကုန်ကို ပြန်လည်းမပြန်ချင်တော့။ မခင်လှိုင်ကိုလည်း တသသ လွမ်းမနေတော့ပေ။

ကျွန်တော်သည် မန်းဆန်ရေတံခွန်သို့ ရောက်လျှင် ဝေဝေနှင့် နှစ်ယောက်သား လက်ချင်းတွဲကာ ဝါးတံတားကလေးဘက်သို့ လမ်းလျှောက်ကြ၏။ ရေတံခွန်အောက်မှာ ရေချိုးကြ၏။ မန်းဆန်ဘူတာကုန်းနားရှိ ဈေးကလေးသို့ နှစ်ယောက်သား ဈေးသွား၍ ဝယ်ကြ၏။ ရေတံခွန်အေး ကျောက်ဆောင် ကျောက်ထွင့်များပေါ်တွင် ဝေဝေကို ဓာတ်ပုံရိုက်ပေး၏။ ကျွန်တော့်အဖို့ လောကကြီးသည် သာယာစိုပြေနေလေသည်။ ကျွန်တော့်မှာ ငွေရှိသည် ... ပြီးတော့ ဝေဝေဆိုတဲ့ ချစ်သူလှလှကလေး ရှိသည်။ ကဲ ... ဘာလိုသေးသလဲ ... ။

အောင်လွင်ကမူ ဝေဝေအား အရူးအမူး ဖြစ်နေသော ကျွန်တော့်ကို ကြည့်၍ "ဟေ့ကောင် ကျော်သူ ... မင်းဘဝကို မေ့နေပြီလား။ ဒါ ရုပ်ရှင်ရိုက်နေတာ မဟုတ်ဘူးမောင်။ ဝရမ်းပြေး နေရတာ။ ဝရမ်းပြေးနေရတဲ့ လူဆိုးဘဝဆိုတာလည်း သတိထားဦး" ဟု ကျွန်တော့်ကို သတိပေး၏။ ကျွန်တော်ကား အောင်လွင့်စကားကို အကောင်းမထင်ပေ။ တကယ်တော့ အောင်လွင်သည်

www.burmeseclassic.com

ကျွန်တော်နှင့် ဝေဝေတို့အချစ်ကို အရှုစိမ့်နိုင်သူဟု ထင်၏။ သူကိုယ်တိုင်လည်း ဝေဝေ့ကို ချစ်နေဟန် တူလေသည်။ အောင်လွင်သည် ကျွန်တော်တို့မပါဘဲ မန်းဆန်ရေတံခွန်သို့ ထွက်ထွက်သွားတတ်၏။ အစကတော့ ကျွန်တော်တို့ မရိပ်မိကြသေးပေ။ နောက်တစ်ခေါက် ကျွန်တော်တို့သုံးယောက် သွားရောက်၍ အလည်တွင် အဘွားကြီးက ဖွင့်ပြော၍ အောင်လွင် မျက်နှာပျက်နေတော့မှ ကျွန်တော်တို့ ရိပ်မိလေသည်။ ပြီးတော့ ဝေဝေမှာလည်း ကျွန်တော်နှင့် ရင်းနှီးသလို သူနှင့်ရင်းနှီးလှသည်ဟု ထင်၏။ တစ်ခါက အောင်လွင်က စားပွဲတွင်ထိုင်၍ ကျွန်တော်တို့ ရိုက်ထားသော ဓာတ်ပုံစာအုပ်ကို ကြည့်နေစဉ် ဝေဝေက နောက်မှ မတ်တတ်ရပ်ကာ အောင်လွင့်ပုခုံးပေါ်တွင် တဒေါင်ဆစ်ထောက်ပြီး ကြည့်ကာ ကြည်နူးနေကြသည်ကို မြင်ဖူး၏။ ကျွန်တော်ကား သည်ကတည်းက အောင်လွင်နှင့် ဝေဝေကို သင်္ကာမကင်း ဖြစ်နေပေသည်။

အစတုန်းက အချစ်လှေပေါ်တွင် ရပ်၍ ဝီလီနှင့် ထွန်းခဆိုသော လှေနံနှစ်ဖက်နင်းထားသည့် ရီရီကို ဝေဝေက အပြစ်ဆိုဖူး၏။ ယခု ဝေဝေကိုယ်တိုင် ကျွန်တော်နှင့်အောင်လွင်ကို နှစ်ဖက်နင်းထားလေပြီလား။ အောင်လွင်ကိုယ်တိုင်ကလည်း(နင်းချင်းနင်းရင်ကျွန်တော့်ဘက်ဖိနင်းလိုက်ပါဗျာ) ဆိုသော ဗိုလ်အောင်ဒင်စကားကို သွက်သွက်ကြီးပြောကာ သူ့ဘက်ကို ဖိ၍ အနင်းခိုင်းလေပြီလား။ အောင်လွင်ကား ကျွန်တော့်လို အတွေးသမား၊ အငေးသမား၊ အဆွေးသမား၊ စိတ်ကူးယဉ်သမား မဟုတ်။ နှုတ်သွက်လျှာသွက်နှင့် လက်တွေ့သမား ဖြစ်၏။ ပြီးတော့ အောင်လွင်မှာ ကျွန်တော့်ထက် ရုပ်ချော၏။ နှုတ်ခမ်းမွှေးရေးရေး၊ အသားဖြူဖြူနှင့် မိန်းမတွေ သဘောကျသည့် ရုပ်မျိုးဖြစ်၏။ တကယ်တော့ အောင်လွင်မှာ ကျွန်တော် အသက်စွန့်ဆံဖျား စွန့်စား၍ ရခဲ့သော ငွေပုံပေါ်တွင် ကျွန်တော့်ချစ်သူနှင့် ပျော်မွေ့နေသူ ဖြစ်၏။ ဒါကို တွေးမိသောအခါ ကျွန်တော် ရင်နာမိလေသည်။

ထို့ကြောင့် ကျွန်တော်သည် စိတ်ညစ်လျှင် ယစ်ရွှေရည်ချောင်းတွင် နစ်မွန်း၍သာ နေလေသည်။ ကျွန်တော်သည် သည်အကြောင်းကို အောင်လွင်ကိုလည်း ဖွင့်မပြောရက်ပေ။ အားအားရှိလျှင် လားရှိုးပျော်ပွဲစားရုံသို့သွားကာ အရက်ကို ဖိသောက်၏။ တစ်ခါတစ်ရံတွင်လည်း တစ်ယောက်ထဲ သွား၏။ တစ်ခါတစ်ရံလည်း ထွန်းခရော၊ အောင်လွင်ပါ ပါလာတတ်လေသည်။ သူတို့ပါလာလျှင် ကျွန်တော်တို့သည် အရက်ဖန်ခွက်ပေါ်တွင် အချစ်ရေးကို ဆွေးနွေးကြလေသည်။

“မောင်ရင် … ရီရီကလည်း ဝီလီဆိုတဲ့ ကောင်လေးနဲ့ စေ့စပ်ထားတယ်ဆို … ဟုတ်လား”

အောင်လွင်က ထုံးစံအတိုင်း နှုတ်သွက်လျှာသွက်ဖြင့် ထွန်းခကို မေးလိုက်၏။ တစ်ဖက်ခန်းမှ အရက်ငှဲ့သံ၊ ဖွန်းသံ၊ ခရင်းသံ၊ စကားပြောသံများကို ကြားရလေသည်။

“လူကြီးတွေကတော့ ဒီငနဲလေးနဲ့ ပေးစားဖို့ စီစဉ်ထားတာပဲ။ ဒါပေမယ့် ရီရီ့သဘောတစ်ခုပါ။ ရီရီက (ဟင့်အင်း)လို့ ငြင်းလိုက်ရင် ပြီးသွားမှာပဲ။ ဒါပေမယ့် ခက်တာက ရီရီကိုယ်တိုင်က ကိုယ့်ကို ကြိုးရှည်ရှည်နဲ့ လှန်ထားတာ ခက်တယ်”

www.burmeseclassic.com

ကျွန်တော်ကား သည်လိုကြိုးရှည်နှင့် အလှန်ခံထားရသော ဘဝတူဖြစ်၍ နည်းနည်းကလေးမှ မခံမရပ်နိုင်ဘဲ ...

"ဟော့ ... ဖိုးထွန်းခ ... ဒီလိုတော့ ကြိုးရှည်နဲ့ အလှန်မခံနဲ့ ... ပါရင်လည်း ကိုယ့်ဘက်။ မပါရင်လည်း သူ့ဘက် ပြတ်ပြတ်သားသားဖြစ်အောင် လုပ်။ မောင်ရင် မပြောချင်ရင် မရီရီကို ကိုယ်မေးမယ်။ ကိုယ့်အမျိုးသမီးကလည်း ဒီလိုပဲ လက်စွပ်ချင်းလဲပြီးခါမှ ကိုယ့်ကို ကြိုးရှည်နဲ့ လှန်ထားတယ်။ အေးလေ ... သူငယ်ချင်းကလည်း သစ္စာဖောက်ပေသကိုး"

ကျွန်တော်က တော်တော်ကလေး ထွေလာပြီမို့ အောင်လွင်ကို လှမ်းကြည့်ရင်း ပြောလိုက်၏။ အောင်လွင်ကလည်း ကျွန်တော်ဆိုလိုသည့်အဓိပ္ပာယ်ကို နားလည်ပုံရလေသည်။ သူ့မျက်နာမှာ သွေးရောင်လျှမ်း၍ သွားလေသည်။

"သူငယ်ချင်း ... ကျော်သူ ... "

အောင်လွင်က ကျွန်တော့်ကို လှမ်းခေါ်၏။ ကျွန်တော်က ပြန်မထူးဘဲ အရက်ခွက်ကို ကောက်၍မော့လိုက်သည်။

"ဟော့ကောင် ... ကျော်သူ"

"ဘာလဲကွ ..."

"မင်း ... ငါ့ကို စောင်းပြောတာပေါ့ ... ဟုတ်လား ... မင်းငါ့ကို အထင်လွဲတာ ငါဝမ်းနည်းတယ်ကွာ။ ဝေဝေကို ငါနဲ့ မသကာဘူးဆိုတာ ငါသိပါတယ်ကွယ်။ ငါ သိပါတယ်။ ဒါပေမယ့် ငါနဲ့ ဝေဝေဟာ ဘာမှ မဖြစ်ကြပါဘူး။ ရိုးရိုးတန်းတန်း ခင်တာပါ"

အောင်လွင်က ငိုသံပါကြီးနှင့် ကျွန်တော့်ကို လှမ်းပြောလိုက်သည်။ သူ့မျက်လုံးတွင် မျက်ရည်တွေ ဝဲနေ၏။ ကျွန်တော်ကမူ မကျေနပ်နိုင်သေးဘဲ ...

"မညာပါနဲ့ အောင်လွင်ရာ ... ငါလည်း ဒီလောက်တော့ လူကဲခတ်တတ်ပါသေးတယ်။ မင်းနဲ့ ကောင်မလေး တစ်နေ့က ဓာတ်ပုံကြည့်နေတုန်း ငါနဲ့ ဝင်တိုးတာရယ်။ မင်းတို့နှစ်ယောက် ရေတံခွန်ဘက် သွားရေချိုးကြတာရယ်။ အို ... ငါအကုန်သိပါတယ်ကွာ"

ထွန်းခကား ဘာမျှမပြောဘဲ ကျွန်တော်တို့နှစ်ယောက်ကို မျက်လုံးအဝိုင်းသားနှင့် ကြည့်နေလေသည်။ အောင်လွင်က ဘာမျှပြန်မပြောတော့ပေ။

"ဒီမှာ သူငယ်ချင်း အောင်လွင်။ မင်းဒီလို ရောက်လာရတာဟာ ငါ့ကြောင့် ရောက်လာရတာ မဟုတ်လား။ အမှန်က ငါတစ်ယောက်ထဲ ထွက်လာရင် ဖြစ်တယ်။ ဒါပေမယ့် ... မင်းပါမှ ကောင်းမယ်ထင်လို့ မင်းကို ခေါ်လာမိတာပဲ။ အမှန်ကတော့ မင်းကို ဒုက္ခရောက်အောင် ငါ ခေါ်လာခဲ့သလို ဖြစ်နေပြီ။ ဒီတော့

www.burmeseclassic.com

အနစ်နာခံမယ်ဆိုရင် ငါခံပါ့မယ်ကွာ ... ငါ့ဘဝဟာ အမြဲတမ်း အရှုံးနဲ့ချည်း တွေ့ခဲ့ရတယ်။ အစကတော့ ငါဟာ လောကကြီးမှာ ငွေရှိရင် စိတ်ချမ်းသာမယ်လို့ ထင်ခဲ့တယ်။ ငွေလို့ခေါ်တဲ့ စက္ကူတွေကို တစ်ရွက်ပြီးတစ်ရွက် ထုတ်သုံးနိုင်ရင် လောကကြီးဟာ ပျော်စရာကောင်းမှာပဲလို့ ထင်ခဲ့တယ်။ သူငယ်ချင်းတွေဟာလည်း ဘယ်လောက်ပဲ အမှားကိုလုပ်လုပ် ငါ့ကို ခွင့်လွှတ်ကြလိမ့်မယ်လို့ ထင်ခဲ့တယ်။ ဒါပေမယ့် တကယ်ကျတော့ ဒီလိုမဟုတ်ပါလားဆိုတာ သိပါပြီကွာ။ ခုတော့ ငွေဆိုတာ ဘာလဲ။ ဘာမှ အဓိပ္ပာယ် မရှိပါဘူး။ ချစ်တယ်လို့ ကောင်မလေးတွေ ပါးစပ်ကပြောတဲ့ သစ္စာစကားဟာလည်း တကယ်ကျတော့ မုသားပြောတာ။ သူငယ်ချင်းဆိုတဲ့ လူတွေဟာလည်း တကယ်အကျဉ်းအကြပ်ထဲကျတော့ လည်ပင်းဖက်ထားရာက ဖြုတ်ပြေးပြီး ကိုယ်စိတ်ချမ်းသာရာကို ရှာနေတဲ့ လူတွေပါ။ အေးလေ ... ငါကတော့ ငါ့ ကံတရားကိုပဲ ပုံချရမှာပေါ့ ... မင်းတို့ စိတ်ချမ်းသာမယ်ဆိုရင် ”

ကျွန်တော်က ကုလားထိုင်တွင် ချိတ်ထားသည့် ထွန်းခလွယ်အိတ်ထဲမှ ခြောက်လုံးပြူးကို ဆွဲထုတ်လိုက်သည်။ ကျွန်တော် ဟန်ဆောင်ခြင်း မဟုတ်ပါ။ လူဆိုးဘဝ၊ ဝါရမ်းပြေးဘဝ၊ အချစ်ကို ဆုံးရှုံးရသော ကျွန်တော့်ဘဝသည် ဘာအဓိပ္ပာယ် ရှိပါတော့မည်နည်း။

“ဟော့ကောင် ... ကျော်သူ ... ဟော့ကောင်”

အောင်လွင်က ကျွန်တော့်လက်ထဲက ခြောက်လုံးပြူးကို ဆွဲလုလိုက်သည်။ ကျွန်တော်က ဖွတ်အတင်း ဆုပ်ထားသည်။ ထွန်းခကပါ ထ၍ လုတော့မှ သေနတ်မှာ သူတို့လက်ထဲသို့ ပါသွားလေသည်။

“တော်တော်ခက်တဲ့ကောင်ပဲ။ ကဲ ... ငါရှင်းရှင်း ပြောမယ်။ ဟုတ်တယ်။ ငါနဲ့ ကောင်မလေး ကြိုက်နေကြပြီ။ မင်းထင်တာတွေ အားလုံးမှန်ပါတယ်။ ဒါပေမယ့် ငါရှောင်ပေးမယ်။ လာ ... ခုပဲ မန်းဆန် သွားမယ်။ ဟေ့ ... ထွန်းခ သွားမယ်ကွာ။ မင်းကိစ္စရော ... ဒို့ကိစ္စရော အကုန်ရှင်းမယ်”

အောင်လွင်က ကျသင့်သော အရက်ဖိုးကိုရှင်းကာ ဆိုင်ပြင်သို့ ထွက်လာပြီး ဂျစ်ကားပေါ်သို့ တက်သွားသဖြင့် ကျွန်တော်တို့လည်း နောက်ကလိုက်လာခဲ့ကြသည်။ ဂျစ်ကားကလေးသည် မန်းဆန်မှ ထွက်လာကာ မန်းဆန် ရေတံခွန်ဘက်သို့ မောင်းလျက်ရှိ၏။ နှင်းတွေပိတ်နေသဖြင့် ရှေ့ကို သဲကွဲစွာ မမြင်ရပေ။ ကျွန်တော်ကား နည်းနည်းလေး မူးနေပြီဖြစ်၍ ဘာကိုမျှ မမြင်ရဘဲ မျက်စိကို မှိတ်လိုက်ပြီး ကားကူရှင်ကို မှီထားလိုက်သည်။ ကျွန်တော့်မျက်လုံးထဲတွင် ကိုစိန်လင်းထံမှစာများ ... မခင်လှိုင့်မျက်နှာ၊ ဝေဝေ့မျက်နှာ၊ အောင်လွင်တို့၏ ရုပ်ပုံလွှာများသည် ပန်းစကြာမှန်ပြောင်းကို လှည့်၍ကြည့်ရသလို ချာလပတ်လည်နေကြပေသည်။

“ကဲ ... ဟော့ကောင် ... ကျော်သူ ... ရောက်ပြီ ... ဆင်း”

အောင်လွင်က ကျွန်တော့်လက်မောင်းကို လှုပ်ခေါ်တော့မှ ကျွန်တော်သည် ကားပေါ်မှ ဒယီးဒယိုင်ဖြင့် ဆင်းလာ၏။ ရီရီက တံခါးဖွင့်ပေးရင်း ညဥ့်နက်သန်းခေါင်

www.burmeseclassic.com

ရောက်လာသော ကျွန်တော်တို့တစ်တွေကို ကြည့်၍ အံ့အားသင့်နေလေသည်။ ဝေဝေမှာ အခန်းထဲမှ ထွက်မလာပေ။ အိပ်ပျော်နေပြီဟု ထင်ရလေသည်။

"လာ ... လာ ... အထဲဝင်ကြ။ အပြင်မှာ သိပ်အေးတယ်"

ရီရီက ကျွန်တော်တို့ကို ဧည့်ခန်း မီးလင်းဖိုဘေးသို့ ခေါ်သွားလေသည်။ ရီရီနှင့် အဘွားကြီးမှာ မင်းလင်းဖိုဘေးတွင် ထိုင်၍ အဝတ်ချုပ်နေကြလေသည်။ ကျွန်တော်တို့က အဘွားကြီးကိုမြင်၍ ကိုယ်ရှိန်သတ်နေလိုက်ကြသည်။ ခေါင်းထဲတွင် မူးမူးနောက်နောက် ရီဝေဝေ။

"ဝေဝေတော့ အိပ်ပြီ ... ခေါင်းကိုက်လို့တဲ့။ ကဲ ... ကဲ ... မင်းတို့မောင်နှမတွေ စကားပြောကြဦး။ မင်းတို့ဦးလေးလည်း မေမြို့ဆင်းသွားတယ်။ မနက်ဖြန်မှ ပြန်ရောက်လိမ့်မယ်"

အဘွားကြီးက ထသွားသဖြင့် မီးလင်းဖိုနားတွင် ကျွန်တော်တို့ လေးယောက်သာ ကျန်ရစ်ခဲ့လေသည်။ ကျွန်တော်တို့နှစ်ယောက်က စီးကရက်တစ်လိပ်စီ ထုတ်၍ဖွာရှိုက်နေသည်။ ကျွန်တော်တို့မှာ ကာယကံရှင် ဝေဝေမရှိ၍ ငုတ်တုတ် ထိုင်နေရလေသည်။ ထွန်းခကမူ ရီရီကို လှမ်းကြည့်ကာ ...

"ရီ ... ကိုယ်ပြောထားတာ စဉ်းစားပြီးပြီလား" ဟု မေးလိုက်၏။ ရီရီက ပန်းထိုးဝှေကို လှည့်လိုက်ရင်း ...

"နို့ ... အစ်ကိုထွန်းခကို ပြောပြီးပါပကောလား"

"မဟုတ်ဘူး ... ရီ ... အရင် ရီပြောထားတဲ့ စကားဟာ သောင်မတင် ရေမကျဘဲ။ လူကြီးတွေ သဘောဆိုတော့ ခက်သားပဲ။ လူကြီးတွေက ဝီလီကို ကတိပေးပြီးသားဆိုတော့ သူတို့စကားကို သူတို့ ပြန်ရုပ်သိမ်းမှာ မဟုတ်ဘူး။ ဒီတော့ ရီ ပြတ်သားဖို့ လိုတယ်။

ကျွန်တော်ကား အရက်ရှိန်ကြောင့် ကုလားထိုင်နောက်မှီတွင် ခေါင်းတင်ကာ မှိန်းနေ၏။ စကားပြောသံကို ကြားနေရသော်လည်း ဘာတွေပြောနေကြမှန်းကို မသဲကွဲတော့ပေ။ နံရံပေါ်မှ တိုင်ကပ်နာရီ၏ မြည်သံ၊ မီးလင်းဖိုထဲမှ မီးသွေးများကို မီးဝါးသံများကို ကြားနေရ၏။ ဘယ်လောက်ကြာသည် မသိ။ ကျွန်တော့် ပခုံးကို တစ်စုံတစ်ယောက်က လာလှုပ်တော့မှ ကျွန်တော်သည် နိုးတစ်ဝက် အိပ်တစ်ဝက်မှ လန့်နိုးလာသည်။

"ကိုကျော်သူ ... ကိုကျော်သူ ... ထစမ်းပါဦး"

မျက်လုံးကို ဖွင့်ကြည့်လိုက်သောအခါ ကျွန်တော့်မျက်နှာကို မိုး၍ စိုးရိမ်တကြီးဖြင့် ကြည့်နေသော ရီရီကို မြင်ရ၏။ ဧည့်ခန်းထဲတွင် ကျွန်တော်တို့နှစ်ယောက်သာ ရှိလေသည်။ ကျွန်တော်က ခေါင်းကို ဆတ်ကနဲ ထောင်လိုက်ရင်း ...

www.burmeseclassic.com

"ဟင် ... ရီရီ ... ဘာလဲ ... ဘာလဲ"

"ဟို ... ဟို ... ကိုထွန်းခတို့ဆီကို လိုက်ပါပြီး။ အကုန် ဒုက္ခရောက်ကုန်တော့မှာပဲ"

"ဟုတ်လား ... ဘာဖြစ်လို့လဲ"

"ရီ့ကို လက်ထပ်ဖို့ ပြောတာ။ အဲဒါ ရီက စဉ်းစားပါရစေဦးလို့ ပြောတယ်။ အဲဒါ မရဘူး။ ရီဟာ သူ့ကို ကြိုးရှည်ရှည်နဲ့ လှန်ထားတယ်။ သူ့ကို မချစ်ဘဲနဲ့ လှည့်စားတယ်။ ပြီးတော့ ဝိလ္လီကိုသာ ချစ်တယ်ဆိုပြီး မူးမူးနဲ့ ပြောချင်ရာတွေ ပြောတယ်။ ဒီနေ့ည အဖြေပေးရမယ်လို့လည်း အကြပ်ကိုင်တယ်။ အဖြေမပေးရင် သူ့ဘာသာသူ ပစ်သတ်မယ်ဆိုပြီး ထွက်သွားလေရဲ့။ ကိုအောင်လွင်တော့ နောက်က လိုက်သွားတာပဲ"

"ဟင် ... ဟုတ်လား သူတို့ ဘယ်ဘက် ထွက်သွားကြသလဲ"

"ရေတံခွန်ဘက် ထွက်သွားတယ် ထင်တာပဲ"

"ကျွန်တော် လိုက်သွားမယ်နော်။ အောင်လွင်လည်း ပါပါတယ်။ ကိစ္စမရှိပါဘူး။ ကဲ ... မရီရီကို ကျွန်တော်ကလည်း တောင်းပန်ချင်တယ်။ ဒီအကောင်ဟာ မရီရီအတွက် တော်တော်ဒုက္ခရောက်နေပြီ။ ရှေ့လျှောက်ပြီး ဒီအတိုင်းဆက်နေရင်တော့ ဒီအကောင် ဒုက္ခလှလှကြီး တွေ့မှာပဲ။ အရက်ဆိုလည်း မိုးမလင်းဘူး။ တပ်ထဲမှာ ကွာတာလည်း ခဏခဏ အချခံရတယ်။ သူ့ကိစ္စကို မြန်မြန်ပြီးပြတ်အောင် လုပ်လိုက်ပါ မရီရီရာ။ ကျွန်တော် တောင်းပန်ပါတယ် ... ပြီးတော့ ... "

ကျွန်တော့်စကားမဆုံးမီမှာပင် ၄ မိုင်ဘက်ဆီမှ သေနတ်သံတစ်ချက် ကြားလိုက်ရလေသည်။

"ဟော ... သေနတ်သံကြားတယ်။ ဒုက္ခပါပဲ ... သေကုန်ပြီ ထင်ပါရဲ့။ လိုက်သွားပါဦး ... ကိုကျော်သူ ... လုပ်ပါ ... မြန်မြန်"

ကျွန်တော်သည်သေနတ်သံကြားရာဘက်သို့ဂျစ်ကားကိုမောင်း၍ထွက်လာခဲ့သည်။ တကယ်ပင် သေကုန်ကြပြီလား မသိ။ ရေတံခွန်က ၂ မိုင်လောက်ရောက်လျှင် ကားလမ်းဘေးတောစပ်တွင် ဒယီးဒယိုင် လျှောက်နေကြသော အောင်လွင်နှင့် ထွန်းခကို တွေ့ရလေသည်။ ထွန်းခလက်မောင်းမှာ သေနတ်မှန်၍ သွေးတွေဖြာကျနေ၏။ ကျွန်တော်သည် ရေတံခွန်ဘက်သို့ မပြန်တော့ဘဲ လားရှိုးဘက်သို့ မောင်းလာခဲ့ပေသည်။

သူ့လက်မောင်းအိုးပေါ်မှ အသဲနှင့်မြားပုံ မင်ကြောင်ထိုးထားသည့် နေရာတို့တွင် သွေးတွေဖြာစီးနေပေသည်။ ထွန်းခဒဏ်ရာမှာ လက်မောင်းကို ရှပ်မှန်၍ တော်သေး၏။ သို့မဟုတ်လျှင် ရင်ဝကို တည့်တည့်မှန်က ပုလိပ်တွေ ရှုပ်ရှက်ခတ်ပြီး ကျွန်တော်တို့ပါ အမှုထဲတွင် ကန့်လန့်ပါလာနေပါက မီးခိုးကြွက်လျှောက် အကုန်ပေါ်တော့မည် ဖြစ်၏။ ယခုကား အရေးမကြီး။ ထွန်းခ လက်မောင်းကို

www.burmeseclassic.com

ဆေးတိုက်တစ်တိုက်တွင် သွား၍ဆေးထည့်ကာ အပြင်လူနာအဖြစ် ကုသရင်း ကြာမြင့်ပျက် နေနိုင်ခဲ့လေသည်။

သည်အတွင်းတော့ ကျွန်တော်သည် မန်းဆန် ရေတံခွန်သို့ တစ်ခေါက်သာ ရောက်လေသည်။ ဝေဝေမှာ ကျွန်တော့်ကို ယခင်ကလို ရင်းရင်းနှီးနှီး မရှိလှတော့။ ခပ်မှန်မှန်ပင် နေလေသည်။ အောင်လွင်ကား နေ့တိုင်း မန်းဆန်ရေတံခွန်သို့ တစ်ယောက်တည်း ဂျစ်ကားဖြင့် ထွက်သွားတတ်သည်။ ကျွန်တော်ကား လားရှိုးမှာ သည်အတိုင်းဆက်နေလျှင် အောင်လွင်နှင့် ကျွန်တော် သဘောကွဲကာ အမှုအတွက်ပါလာ၍ ထိခိုက်တော့မည်ကို မြင်၏။ ပြီးတော့ ဝေဝေဆိုသည့် သူငယ်မကလည်း ကျွန်တော့်ကို ရှောင်ဖယ်ဖယ်လုပ်ကာ လက်စွပ်ချင်းပြန်လဲရန် ပြောလာလေသည်။ ကျွန်တော်က "ကိုယ်မယူတော့ပါဘူး။ ဝေဝေ့ကို မိတ်ဆွေတစ်ယောက်အနေနဲ့ လက်ဆောင်ပေးတာပါ။ ဒါကိုတော့ လက်ခံပါ" ဟု အတင်းပေးပစ်ခဲ့၏။ သည့်နောက်တွင်ကား အောင်လွင်တို့ကိုပင် အသိမပေးဘဲ မန္တလေးကိုစိန်လင်းထံသို့ တိတ်တဆိတ် ဆင်းလာခဲ့ပေသည်။

ကိုစိန်လင်းမှာ သူ့အလုပ်နှင့်သူ ဟန်ကျနေပေ၏။ မော်တော်ကား ဝပ်ရှော့မှာ လုပ်သားတွေ ဆယ်ယောက်လောက်နှင့် စည်စည်ကားကား ရှိလှပေသည်။ ကျွန်တော်က အောင်လွင်နှင့် သဘောကွဲ၍ တိတ်တဆိတ် ထွက်လာသည့် အကြောင်းကို ကိုစိန်လင်းအား လုံးဝမပြောဘဲ အပျင်းပြေ အလည်လာသည်ဟု လိမ်ပြောထားရာ ကိုစိန်လင်းမှာ တကယ် ထင်မှတ်နေလေသည်။ ကျွန်တော်ကား မန္တလေးတွင်လည်း ပျော်တယ်တွေဝင်၍ အရက်သောက်ရင်းဖြင့် အချိန်ကုန်လေသည်။ ကျွန်တော့်တွင် ဖြေဖျော်စရာဆိုလို့ အရက်သာရှိတော့သည် မဟုတ်လား။

သည်လိုနှင့် ကျွန်တော် မန္တလေးရောက်နေသည်မှာ အရက်နှစ်ဆယ်လောက် ကြာသွား၏။ တစ်နေ့ညနေတွင် နေမကောင်းသဖြင့် ကျွန်တော်သည် ကားဝပ်ရှော့ရှေ့တွင် ပက်လက်ကုလားထိုင် တစ်လုံးဖြင့် လှဲနေမိသည်။ ကိုစိန်လင်းမှာ ဝပ်ရှော့အလုပ်သမားများကို ငွေရှင်းပေးနေလေသည်။ သည်အခိုက်မှာ ဝပ်ရှော့ရှေ့တွင် ရဲကားတစ်စင်း ထိုးရပ်လိုက်လေ၏။ ကားပေါ်မှ ယူနီဖောင်းဝတ် ရဲအရာရှိတစ်ဦးနှင့် အရပ်ဝတ်အရပ်စား ဝတ်ထားသူတစ်ဦး ဆင်းလာကာ ...

"ကိုစိန်လင်းဆိုတာ ရှိသလား" ဟု ကျွန်တော့်ကို မေးလိုက်သည်။ ကျွန်တော့် ဘာမျှမပြောရမီ ကိုစိန်လင်းထွက်လာလေသည်။

"ရှိပါတယ် ... ကျွန်တော်ပါပဲ။ ဘာကိစ္စရှိလို့ပါလဲ"

"ခင်ဗျားဆီမှာ ရန်ကုန်က ကျော်မောင်နဲ့ အေးကိုဆိုတာ မလာဘူးလား"

ကျွန်တော့်ရင်ထဲတွင် ဒိတ်ကနဲ ဖြစ်သွားလေသည်။ အချိန်ရလျှင် ထွက်ပြေးရန် အရိပ်အခြေကိုလည်း အကဲခတ်လိုက်သည်။ ကိုစိန်လင်းကမူ အကင်းပါးသူပီပီ ...

www.burmeseclassic.com

"ဟင့်အင်း ... မလာပါဘူး။ အဲဒီလူတွေလည်း ကျွန်တော်မသိပါဘူး ... ဘာကိစ္စရှိလို့ပါလဲ"

ကိုစိန်လင်းက ကျွန်တော့်ဘက်ကို စောင်းငဲ့ကြည့်လိုက်သည်။ ရဲနှစ်ယောက်မှာ တီးတိုးစကား ပြောနေကြ၏။ ကျွန်တော်ကား ကြာကြာနေလျှင် အခြေမလှ ဖြစ်တော့မည်ကို မြင်ကာ အိမ်ထဲသို့ ထလာခဲ့သည်။ ရဲနှစ်ယောက်က "ကဲဗျာ ... ဒါဖြင့် ခင်ဗျား ရှစ်မှတ်ဌာနကို လိုက်ခဲ့ပါ။ မေးစရာကလေးတွေ ရှိလို့" ဟု ခေါ်၏။ ကိုစိန်လင်းမှာ မငြင်းဆန်သာတော့ဘဲ ကားပေါ်သို့ တက်လိုက်သွားလေသည်။

ကျွန်တော်ကား ကိုစိန်လင်းပါသွားသည်နှင့် တစ်ပြိုင်နက် ပစ္စည်းတွေကို ထုပ်ပိုးကာ မော်တော်ကားတစ်စင်းကို ငှား၍ မိတ္ထီလာသို့ ထွက်လာခဲ့သည်။ မိတ္ထီလာမှာ တစ်ညအိပ်ပြီး နောက်နေ့ရထားဖြင့် ပဲခူးအထိ လိုက်လာကာ ပဲခူးက ကျွန်တော့်သူငယ်ချင်းအိမ်မှာ တည်းနေလေသည်။ ကျွန်တော်သည် ထွက်၍သာ လာရသော်လည်း အခြေအနေကို ပိုင်ပိုင်နိုင်နိုင် သိသူမဟုတ်ပေ။ လားရှိုးက အေးကိုတို့ အခြေအနေကိုလည်း မသိ။ ကိုစိန်လင်းအခြေအနေကိုလည်း လုံးလုံးမသိ။ စစ်ဆေးမေးမြန်းပြီး ပြန်လွှတ်လိုက်လေသလား။ ကျွန်တော်တို့အမှုကိုပဲ ဖော်လိုက်လေပြီလား၊ ဘာကိုမျှ မသိရပေ။ ပြီးတော့ ရန်ကုန်ပုလိပ်ကလည်း သည်အချိန်တွင် ရန်ကုန်အဝင်အထွက် လမ်းများကို မျက်စိဒေါက်ထောက်၍ မမိုတ်မသုန် စောင့်ကြည့်နေမည်မှာ သေချာပေသည်။

ကျွန်တော်သည် ပဲခူးမှနေ၍ မခင်လှိုင်ကို စာရေး၍ ခေါ်လိုက်လေသည်။ မခင်လှိုင်ကလည်း မဆိုင်းဘဲ လိုက်လာလေသည်။ ကျွန်တော့်ကို မြင်သောအခါ ဖက်ပြီး ကြူကြူပါအောင် ငိုလေသည်။ ကျွန်တော်ကား မခင်လှိုင်ကျေနပ်အောင် ချော့ရုံအပြင် ဘာတတ်နိုင်ဦးမည်နည်း။

"အစ်ကို့ကို ဒီအလုပ် မလုပ်ပါနဲ့တော့လို့ မခင်လှိုင် ဘယ်နှစ်ခါပြောရမလဲဟင် ... ။ မခင်လှိုင်ကို မချစ်ဘူးလား ... အစ်ကို ... ဟင်။ မခင်လှိုင်ကို မသနားဘူးလား"

မခင်လှိုင်က ကျွန်တော့်ပခုံးကို ဆွဲလှုပ်ပြီး မေး၏။ ကျွန်တော့်ဘဝတွင် သည်အလုပ်ကို မလုပ်တော့ပါဘူးဟု သုံးကြိမ်သုံးခါ ဆုံးဖြတ်ခဲ့ဖူး၏။ သို့ရာတွင် အကြောင်းကြောင်းကြောင့် ကျွန်တော့် ဆုံးဖြတ်ချက်များ ပျက်ခဲ့ရလေသည်။

"ဒီတစ်ခါ နောက်ဆုံးပဲလို့ လုပ်လိုက်တာပဲ မခင်လှိုင် ... ခုတော့ အရှိန်သတ်လို့ မရတဲ့ဘဝ ရောက်နေပြီ ... အစ်ကို့ကိုပဲ အပြစ်ဆိုပါတော့လေ ... အစ်ကိုကိုပဲ အပြစ်ဆိုပါ"

"ကဲ ... ခု ဘယ့်နယ်လုပ်ကြမလဲ။ ရန်ကုန်မှာလည်း ဒီအမှုက ဟိုးလေးတကျော် ဖြစ်နေပြီ။ သတင်းစာတွေကလည်း ရေး၊ ပုလိပ်ကလည်း သဲသဲမဲမဲ လိုက်နဲ့။ ဒုက္ခတော့ ရောက်ကုန်ကြပါပြီ အစ်ကိုရယ်"

မခင်လှိုင်က ပြောပြောဆိုဆို ထပ်၍ငိုပြန်လေသည်။ ကျွန်တော်က ခဏတဖြုတ်တော့ ပဲခူးမှာ နေဦးမည် ဖြစ်ကြောင်း၊ ပဲခူးကို တနင်္ဂနွေ တစ်ပတ်တစ်ခါ

www.burmeseclassic.com

လာတွေ့စေချင်ကြောင်း၊ ကျွန်တော် ပဲခူးမှာ ရောက်နေကောင်း ဘယ်သူ့ကိုမျှ အသိမပေးစေချင်ကြောင်း မခင်လှိုင်ကို ပြောပြရ၏။ မခင်လှိုင်က ကျွန်တော့်ကို ကတိပေးသွားလေသည်။ မိန်းမများဟာ ဒီလိုကျတော့လည်း အင်မတန် သနားစရာကောင်းသော သတ္တဝါတွေပဲဟု ကျွန်တော် ထင်မိပေသည်။

ကျွန်တော်ကား ဒီအမှု ဘယ်လိုပေါ်လာသည်ကို တွေးမရအောင် ဖြစ်နေ၏။ ကျွန်တော်လုပ်ခဲ့သည်မှာ ခြေရာပျောက်ဖြစ်ရာ ရဲဘက်က ကျွန်တော်မှန်း ဘာကြောင့် တပ်အပ်သိသလဲ ပဲခူးမှနေ၍ စုံစမ်းကြည့်လေသည်။

နောက်တော့မှ သတင်းစုံ သိရလေသည်။ ရဲဘက်မှာ ကျွန်တော် မော်လမြိုင်ထောင်က အယူခံဖြင့် လွတ်လာသည်ကို မသိသဖြင့် ကျွန်တော့်ကို ဘာမျှ သံသယမရှိပေ။ သို့ရာတွင် နောက်ဆုံးထောင်ထဲ ရောက်နေသော ကျွန်တော့် သူငယ်ချင်း အကောက်က "ကျော်မောင် ထောင်ကလွတ်သွားပြီ။ ထောင်ထဲမှာ မရှိတော့" ဟု အပြင်ဘက်က သူ့သူငယ်ချင်းတွေဆီ သတင်းပေးလိုက်၏။

သည်သတင်းကို ကြားတော့မှ ကျွန်တော် မော်လမြိုင်ထောင်တွင် ရှိမရှိ ရဲဘက်က ကျွန်တော့်ကို အပူတပြင်း လိုက်ရှာလေသည်။ ဘယ်လိုမှ ခြေရာကောက်၍ မရပေ။ နောက်ဆုံး ဒေါက်တာဘဦး အိမ်မဖောက်ဖြစ်သည့် ပထမညက မိလာသော ကျင်သိန်းလက်နက်မှုနှင့် အဖမ်းခံရတော့မှ ကျင်သိန်းက ကျွန်တော်သွားတတ်သော နေရာတွေကို လမ်းကြောင်းပေးလိုက်သဖြင့် မန္တလေးဘက်တွင် ရဲဘက်က ပိုက်စိပ်တိုက် ရှာလာခြင်း ဖြစ်သည်ဟု သိရလေသည်။

ကျွန်တော်နှင့် မခင်လှိုင်မှာ တနင်္ဂနွေတစ်ပတ်ကို တစ်ကြိမ် ပဲခူးမှာ တွေ့ခဲ့ကြ၏။ ပဲခူး လော်ကယ်ရထားအချိန်မှန်သလိုပင် မခင်လှိုင်ကလည်း ကျွန်တော့်ထံလာရာတွင် အချိန်မှန်လှပေ၏။ ကျွန်တော်ကား ကျွန်တော့် သူငယ်ချင်းများမှတစ်ဆင့် လက်ဝတ်လက်စားများကို ပဲခူးတွင်ပင် ထုခွဲရောင်းချပစ်ရင်း သည်လိုနှင့် အချိန်ကုန်ရလေသည်။ သည်အတောအတွင်း သတင်းစာများကလည်း တရားခံကျော်မောင်ကို မမိရကောင်းလားဟု ရဲအဖွဲ့ကို အပြစ်တင်ပုတ်ခတ်လျက် ရှိကြလေသည်။ မကြာခင် တရားခံကို မိတော့မည်ဖြစ်ကြောင်း စသည့်သတင်းများကိုလည်း သတင်းစာထဲတွင် ဖတ်ရလေသည်။ ထို့ကြောင့် ကျွန်တော် အခါတိုင်းထက် အနေအထိုင် ဆင်ခြင်လေသည်။ ကျွန်တော်ကား မခင်လှိုင်နှင့် ဘုရားသွားကျောင်းတက်အတူ ထင်ထင်ရှားရှား သွားချင်လာချင်၏။ သို့သော် ကျွန်တော့်ဘဝကား ဝရမ်းပြေးဘဝ ဖြစ်၏။ အရင်တုန်းကတော့ ကျွန်တော့် အဘိဓမ္မာမှာ ငွေရှိလျှင် လောကကြီးမှာ ပျော်နိုင်သည်။ တင့်တောင့်တင့်တယ် ရှိသည်။ ထို့ကြောင့် ငွေတွေ၊ စိန်ရွှေရတနာတွေ အများကြီး ရှိပြီဖြစ်၏။ သို့သော် ငွေသာရှိသော်လည်း ကျွန်တော့်ဘဝကား ဟာလာဟင်းလင်းဖြစ်သော ဘဝသာတည်း။ အနှစ်သာရ ကင်းမဲ့သော ဘဝသာတည်း။

ငွေရှိလျှင် ချစ်သူနှင့် ပျော်မည်ဟု အားခဲထားခဲ့၏။ ယခု ငွေရှိပြီ။ ကျွန်တော့် ချစ်သူနှင့် ပျော်ဖို့ကား ဝေးစွ။ တိတ်တဆိတ်ကြိတ်၍ တွေ့ရသည့် ဘဝမျှသာဖြစ်၏။ သည်ငွေတွေသည် ကျွန်တော့်အဖို့ အလဟဿ ဖြစ်ရလေပြီ။ လောကတွင် ငွေရှိလျှင် စိတ်ချမ်းသာသည်ဆိုသည့် ကျွန်တော် ကိုးကွယ်ခဲ့သော အဘိဓမ္မာသည်

www.burmeseclassic.com

အကြီးအကျယ်များကြောင်း ကျွန်တော် သိပါပြီ။

ကျွန်တော်က သည်ငွေတွေကို ကျွန်တော့်လက်ထဲတွင် မထားချင်သဖြင့် တစ်ကြောင်း၊ မခင်လှိုင်အရင်းအနှီး ရစေလို၍ တစ်ကြောင်း မခင်လှိုင်ကို ပေး၏။ မခင်လှိုင်က နှုတ်ခမ်းကို တင်းတင်းစုကာ ...

"ဟင့်အင်း...ဟင့်အင်း...အစ်ကို့ငွေ...မခင်လှိုင်မလိုချင်ဘူး။ဒီငွေနဲ့ရင်းနှီးဖို့မပြောနဲ့။ ကိုင်တောင် မကိုင်ချင်ဘူး။ မရှိရင် မခင်လှိုင် ဆေးလိပ် လိပ်စားမယ်"

"ယူပါ မခင်လှိုင်ရယ် ... ယူပါ ... ဒါ မခင်လှိုင်အတွက် ရှာတာတွေပါ"

"အမလေး ... မလုပ်ပါနဲ့ ... အစ်ကို ဒါ မခင်လှိုင်အတွက်ဆိုရင် မရှာပါနဲ့။ အစ်ကို အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့သာ ဆင်းခဲ့ပါ။ မခင်လှိုင် ဈေးရောင်းကျွေးပါ့မယ်။ အစ်ကို့ကို မခင်လှိုင် ချစ်ပါတယ်။ ဒီငွေကို မယူပါရစေနဲ့"

"ဒါဖြင့် မခင်လှိုင် လာလာတွေ့ရမယ့်အတွက် ခရီးစရိတ်ကလေးဖြစ်ဖြစ် လက်ခံပါ ... ရော့ပါ ... "

ကျွန်တော်က ရာတန်ငါးရွက်လောက်ကို ထုတ်ပေး၏။ မခင်လှိုင်က လက်ကာပြကာ ...

"အို ... ခရီးစရိတ်ရော ... ဘာရော။ မခင်လှိုင် ရှာနိုင်ပါတယ်။ ဒီငွေကိုတော့ မကိုင်ပါရစေနဲ့"

ဩော် ... ကျွန်တော့်ချစ်သူကပင် ကျွန်တော် သက်စွန့်ကြိုးပမ်း ရှာဖွေလာသော ငွေကို လက်မခံတော့ပါကလား။

သည်နေ့မှာတနင်္ဂနွေနေ့ဖြစ်၍မခင်လှိုင်ကိုကျွန်တော်မျှော်၏။ပဲခူးလော်ကယ်ရထား ဆိုက်လာသော်လည်း မခင်လှိုင် မပေါ်လာသေးပေ။ ကြာသော် ကျွန်တော်သည် ဂဏာမငြိမ် ဖြစ်လာ၏။ နေထိုင်မကောင်း ဖြစ်လေရော့သလား။ လူဆိုး၏ ရည်စားဘဝကို စိတ်ပျက်သွားလေပြီလားဟု ပူပန်စပြုလာ၏။ ကျွန်တော်သည် ကြာကြာမဆိုင်းနိုင်တော့ဘဲ ညနေလော်ကယ်ဖြင့် ရန်ကုန်သို့ လိုက်လာခဲ့လေသည်။ စွန့်စား၍ လာရသော်လည်း ကျွန်တော့်အဖို့ အန္တရာယ် ကြီးလှပေ၏။ ရန်ကုန်ပုလိပ်များမှာ ကျွန်တော့်ကို မှတ်မိကြပေသည်။

ကျွန်တော်သည် ရန်ကုန်ဘူတာထိအောင် မလိုက်တော့ဘဲ သင်္ဘန်းကျွန်းတွင် ဆင်းလိုက်သည်။ ကျွန်တော့်အကြံကား သင်္ဘန်းကျွန်း ဝါဖောင်ဆီတွင်တည်းပြီး ညဘက်မှ ရန်ကုန်ထဲသို့ သွားရန်ဖြစ်ပေသည်။ ကျွန်တော်သည် လွယ်အိတ်ကို လွယ်လိုက်ပြီး ခေါင်းကို အဝတ်ဦးထုပ်ဖြူ ဆောင်းထားလိုက်သည်။ ကျွန်တော့်အင်္ကျီမှာ ခပ်နွမ်းနွမ်း။ ကျွန်တော်သည် သင်္ဘန်းကျွန်း ဘူတာရုံအဝမှ ထွက်လိုက်သည်။ ဘူတာရုံ အဝတွင်ကား ...

www.burmeseclassic.com

ရဲသားလေးယောက် ရပ်နေကြ၍။ နှစ်ယောက်က ဘောင်းဘီအိတ်ထဲ လက်နှိုက်ကာ သမ်းဝေ၍ စကားပြော နေကြလေသည်။ တာဝန်ကျ ရဲသားများ ဖြစ်ဟန်တူပေသည်။ ကျွန်တော်သည် သူတို့အနားမှ ဖြတ်ကျော်လာခဲ့သည်။ ရဲသားနှစ်ယောက်သည် မြင်းတစ် တွက်နေကြလေသည်။ ကျွန်တော်က ဣန္ဒြေမပျက် လျှောက်လာခဲ့သည်။ သူတို့မှာ ကျွန်တော်တို့လို ဝရမ်းပြေးများကို စောင့်တာ ဖြစ်ချင်ဖြစ်ပေမည်။ ဟုတ်ချင်မှလည်း ဟုတ်လိမ့်မည်။

သူတို့သည် ကျွန်တော့်ကို ဂရုမစိုက်အားဘဲ စကားကို ဖောင်လောက်အောင် ပြောနေကြ၏။ ကျွန်တော် ဘူတာရုံအဝမှ အပြင်ဘက် လမ်းမပေါ်သို့ လျှောက်လာခဲ့သော အခါတွင်မူ ကျွန်တော့် မျက်လုံးများသည် ပြာကာ သွားလေသည်။

"ဟိုက်"

ကျွန်တော်သည် ရဲသားလေးယောက်ကို ခပ်တည်တည် ဖြတ်လာသော်လည်း ကျွန်တော့်ရှေ့တွင်ကျောပေးကာမြင်းတစ်စာအုပ်ကိုကိုင်၍ထွက်လာသောရဲအုပ်ကို မြင်လိုက်သောအခါ ကျွန်တော့်ပါးစပ်မှ အသံထွက်၍ အော်လိုက်မိလေသည်။ ကျွန်တော့်ဘက်သို့လှည့်ကာ ဘူတာရုံဘက်သို့ ဝင်လာသူ ရဲအုပ်ကား ကျွန်တော့်ကို ရွှေတိဂုံဘုရားနားတွင် ဖမ်းခဲ့သော ဆားပုလင်း ကိုကိုကြီးပေတည်း။

ကျွန်တော်သည် ခပ်သွက်သွက် လျှောက်လာခဲ့သည်။ ရဲအုပ်ကိုကိုကြီး မြင်းတစ်စာအုပ်ကို ကြည့်လာရင်းက မော့ကြည့်လိုက်သောအခါ ကျွန်တော့်ကို မြင်သွားလေသည်။ သူသည် ခေတ္တကြာမျှ ကျွန်တော့်ကိုရပ်၍ ကြည့်လိုက်၏။ ကျွန်တော်ကလည်း ဣန္ဒြေမပျက်ပင် လျှောက်လာခဲ့သည်။ ခဏကြာတော့ ကိုကိုကြီးသည် နောက်ကပြေးလိုက်လာကာ "ဟေ့ ... ကျော်မောင် ... ကျော်မောင် ... ရပ် ... ရပ်" ဟု အော်၏။ ကျွန်တော်လည်း မကြားသလိုဆက်၍ လျှောက်လာသည်။

"ဟေ့ကောင် ... ရပ် ... ဟေ့ ... ကျော်မောင်။ ရပ်နော် ... မရပ်ရင် ပစ်ထည့်လိုက်မယ်"

သူ့အော်သံကြောင့် ဘူတာရုံအဝတွင် စကားဖောင်နေကြသော ရဲသားလေးယောက်ကလည်း ပြေး၍လိုက်လာကြသည်။ ကျွန်တော်က ကျွန်တော့်ကို လိုက်နေသည်ကို မသိဟန်ဖြင့် အူကြောင်ကြောင်လုပ်၍ လျှောက်လာစဉ် ကိုကိုကြီးက အမီလိုက်လာကာ ကျွန်တော့်လက်မောင်းကို ဆွဲလှုပ်လိုက်လေသည်။

"ဟေ့ကောင် ... ကျော်မောင် ... ဟဲ ... ဟဲ ... ငါ့ကို ဒီလိုလုပ်လို့ ဘယ်ရမလဲကွ ... ဟဲ ... ဟဲ ... လိုက်ခဲ့"

ကျွန်တော်က လက်မောင်းကို ရမ်းခါလိုက်ပြီး

"ဘယ်က ... ကျော်မောင်လဲဗျ ... ဘာလဲ"

"ဘယ်က ကျော်မောင်ရမှာလဲ။ သမ္မတဟောင်း ဒေါက်တာဘဦးအိမ်ဖောက်ပြီး

www.burmeseclassic.com

ထွက်ပြေးတဲ့ ကျော်မောင်ပေါ့ကွာ။ ငါ ကိုကိုကြီးလေကွာ။ ဟဲ ... ဟဲ ... ဒီလိုမလုပ်ပါနဲ့ သူငယ်ချင်းရာ။ ကဲ ... ကဲ ... မင်းဦးထုပ်ဖြူကို ချွတ်လိုက်စမ်းပါဦး"

ကိုကိုကြီးက ကျွန်တော့်ခေါင်းက အဝတ်ဦးထုပ်ဖြူကို ဆွဲချွတ်လိုက်သည်။ ပြီးတော့မှ သူ့အိတ်ထဲက ကျွန်တော့်ဓာတ်ပုံကို ဆွဲထုတ်လိုက်ပြီး "ဒါ ... မင်းမဟုတ်လို့ ဘယ်သူလဲကွ" ဟုဆိုကာ ကျွန်တော့်ကိုပြ၏။ ကျွန်တော် ဘာမျှမတတ်နိုင်တော့ပေ။ ကမန်တော်က မပြုံးချင်ပြုံးကာ ...

"ဒီတစ်ခါတော့ ခင်ဗျားတို့က လက်ဦးသွားတာကိုးဗျာ ... ခံလိုက်ရဦးမှာပေါ့"

ကျွန်တော့်ကို ဖမ်းချုပ်ကာ ဝိုင်ယာလက်ကားဖြင့် ဘာလမ်းအချုပ်သို့ ခေါ်သွားကြလေသည်။

"ကဲ ... ကိုယ့်လူ ရိုင်းတယ်လို့တော့ မအောင်းမေ့ပါနဲ့။ အထဲနေလိုက်ပေဦးရော့ပဲ။ မရှိလို့ ... လုပ်စား ကိုင်စားတာ ဖြည်းဖြည်းပေါ့ ဟုတ်လား"

ကိုကိုကြီးက ဘားလမ်းဌာနအုပ်ကို အပ်လိုက်သည်။ သံတံခါးကြီးသည် ဂျိမ်းကနဲမြည်၍ ပိတ်သွားလေသည်။

(၂၂)

ဘာလမ်းအချုပ်ခန်းမှာ ကျဉ်းမြောင်းကြပ်တည်း၍ အသက်ရှူရသည်မှာ မွန်းလှ၏။ ကားလမ်းပေါ်မှ မော်တော်ကားဟွန်းသံ၊ ရုတ်ရုတ်သဲသဲ လှုပ်ရှားသံများကို အစဉ်မပြတ် ကြားနေရပေ၏။ ကျွန်တော့်ကိုကား အမှုကြီးတရားခံမို့ အချုပ်ခန်း အတွင်းဘက်ဆုံး အခန်းထဲသို့ ပို့ထားလိုက်လေသည်။ ကျွန်တော့်အခန်းက ရန်ကုန်မြစ်ဘက်မှ ညင်းညင်းညှံ့ညှံ့ တိုက်ခတ်လာသော လေပြေလေညင်းကိုလည်း မရှူရှိုက်ရ။ နေရောင်ခြည်ကိုလည်း မမြင်ရ။ ဝပ်နစ်ဆယ်အားရှိသော မီးလုံးကလေးတစ်လုံးကို အမြဲထွန်းထား၏။ နေ့လား၊ ညလား ဆိုတာကိုပင် ခွဲခြား၍မရတော့ပေ။

ကျွန်တော်ကား ယခုလို နေရောင်ခြည်ကို မမြင်ရအောင် အခန်းကျဉ်းကလေး ထဲကိုရောက်တိုင်း ဖားကူးရွာတစ်ဝိုက်က လယ်တောများကို အမှတ်ရနေလေသည်။ ရိုးပြတ်လယ်တောကို ဖြတ်တိုက်လာသော လေကို ရှူလိုက်ရလျှင် ကျွန်တော့်စိတ်တို့သည် ပေါ့ပါးလာကြပေသည်။ ပဲခူးချောင်းစပ်မှ စိမ်းစိုသော မြက်တောများကို မြင်လိုက်ရလျှင်လည်း လန်းဆန်းလာပေသည်။

ကျွန်တော့်အခန်းတွင် ကျွန်တော်နှင့်အတူ နိုင်ငံရေးလူသတ်မှုဖြင့် အဖမ်းခံရသူတစ်ဦး၊ ဒေါ်လာခိုးသွင်းမှုဖြင့် အဖမ်းခံရသူတစ်ဦးတို့ နေကြလေသည်။ သူတို့က ကျွန်တော့်စွန့်စားခန်းများကို မေးတတ်ကြ၏။ ကျွန်တော်ကလည်း ဖုံးဖိတန်သည်ကို ဖုံးဖိ၍ ပြန်ပြောတတ်လေသည်။ ကျွန်တော်တို့ အချုပ်ခန်းနှင့် ကပ်လျက် လမ်းမြောင်းကလေး တစ်ခုသာခြားသော အတွင်းတွင် အမျိုးသမီး

www.burmeseclassic.com

အချုပ်သားများ ရှိလေသည်။ သူတို့၏ သီချင်းဆိုသံ၊ စကားပြောသံများသည် ညံစီလျက် ကျွန်တော်တို့အခန်းဘက်သို့ ပျံ့လွင့်လာတတ်သည်။ အများအားဖြင့် ပြည့်တန်ဆာပုဒ်မနှင့် အဖမ်းခံရသူများသာတည်း။

"လမင်း ... ပဝင်း၊ ဖိုးလယုန်ရေ ... ပြောပြပါတော့လား။ ဖြစ်ပျက်ပုံကလေးတွေ ချစ်တဲ့မေတစ်ပါး ချွေစကားတွေ ... မောင့်ကိုမှာချင်ပေ"

သီချင်းသံသည် တစ်ဖက်အချုပ်ခန်းမှ ပေါ်လာလေသည်။ အသံကသာ၍ အဆိုမှာ နွဲ့ပျောင်းလေသည်။ ကျွန်တော်သည် ဝေဝေ့ကို သွား၍ အမှတ်ရမိလေသည်။ ဝေဝေသည် ကျွန်တော့်ကို လူဆိုးမှန်း သိသွားလေပြီလား။ ဒီအချိန်ဆိုလျှင် အေးကိုနှင့်ပဲ ချစ်ခွန်းတုံ့လှယ် နေကြပြီလား ... ကျွန်တော် မသိပေ။၏

သီချင်းသံက ရပ်သွားကာ ညစ်ညစ်ညမ်းညမ်း နောက်ပြောင်သံများကို ကြားရ၏။

"ဟိုဘက်ခန်းက ညည်းလင်ကတော့ ညည်းအသံကြားတိုင်း ဖြတ်ဖြတ်လူးနေမှာပဲ။ ညည်းက ဒီဘက်ကနေ မသံပေးလေ။ ဟိုဘက်က မနေနိုင် မထိုင်နိုင် ဖြစ်လေ"

"ဟေ့ ... အိမ်မှာ ငါ့လင်က အိပ်ရာဝင်ရင် ဒီလိုချော့သိပ်မှ အိပ်တာအေ့"

"ချော့သိပ်တော့ ... အိပ်ရောတဲ့လား ... ဘာမှ မလုပ်ဘူးလား"

တစ်ယောက်က ခပ်တိုးတိုး ပြန်မေးလိုက်သံကို ကြားရ၏။ ဘယ်လို ဖြေလိုက်သည်ကိုမူ မသဲကွဲပေ။ သို့ရာတွင် ညစ်ညမ်းသည့် အဖြေပင် ဖြစ်လိမ့်မည်ဟု ကျွန်တော်ထင်လေသည်။ သူတို့ဘက်ဆီမှ ကျယ်ကျယ်လောင်လောင် ရယ်မောသံများကို ကြားရလေသည်။

"ဟေ့ ... ကောင်မတွေ ... လာကြ ... လာကြ ... လမ်းလျှောက်ထုတ်နေပြီ"

အသံစာစာနှင့် တစ်ယောက်က လှမ်းခေါ်လိုက်သဖြင့် အားလုံးစုပြုံ၍ ထွက်လာသံကို ကြားရ၏။ သူတို့အားလုံး ကျွန်တော်တို့ အခန်းဘေးက စင်္ကြံကြားထဲတွင် လမ်းလျှောက်နေကြလေသည်။

"ဟေ့ကောင်မ ... အေးကြိုင်။ ဒီနေ့ ညည်းလူ ရောက်လာတယ် မဟုတ်လား။ လုပ်ပါအေ့ ... ဒို့ကို ပြစမ်းပါ ... မမြင်ဘူးလို့"

သူတို့အထဲက တစ်ယောက်ပြောလိုက်သည်။ ကျွန်တော်တို့အခန်းထဲတွင် ပေါင်းမှ သုံးယောက်သာရှိ၏။ လူသစ်ဆို၍ ကျွန်တော်တစ်ယောက်သာ ရှိလေသည်။ ကျွန်တော်ကား အေးကြိုင်ဆိုသည့် မိန်းကလေးကို မမြင်ဘူး၊ ကြားလည်း မကြားဖူးပေ။

"ငါ့လူက ရှက်တတ်တယ်အေ့ ... ညည်းတို့မပြောနဲ့။ လင်မယားချင်းချင်းတောင် ရှက်တတ်လို့ ခြင်ထောင်ထဲ ဖွက်ဖွက်ထားရတယ်"

www.burmeseclassic.com

"ကဲ ... အေး။ ညည်းမပြချင်ပေမယ့် ဒို့က ကြည့်ချင်တယ် ... ငါခေါ်လိုက်မယ်"

"ဟောတော့ ... မပုကြီး ဒီလိုမလုပ်နဲ့နော်။ တော့်လူ တော့်ဘာသာခေါ် ကျွန်မနဲ့မဆိုင်ဘူး"

ကျွန်တော်ကား အခန်းထဲက နံရံကို မှီ၍ သူတို့စကားတွေကို နားထောင်နေမိလေသည်။ ခဏကြာတော့ အထက်နံရံ သံတိုင်ကြားက ခဲလုံးလေးများ တစ်လုံးပြီးတစ်လုံး ကျလာလေသည်။

"မပုကြီး ... မလုပ်ပါနဲ့တော့ ... တော်တော်ကြာ တကယ်တက်လာလို့ ခက်နေဦးမယ်"

ကျွန်တော်သည် ကျွန်တော်နှင့်အတူတူ ကျနေသော အချုပ်သမားနှစ်ယောက်ကို ကြည့်၍ပြုံးလိုက်သည်။ ဒေါ်လာ အချုပ်သမားက ...

"ဟော့ ... ကျော်မောင် တက်ပြီးပြလိုက်လေကွာ။ ကောင်မတွေက သာကေတဘက်က မိလာတဲ့ ကောင်မတွေကွ။ လုပ်ပါ ... အပျင်းပြေပေါ့"

ကျွန်တော်ကလည်း အပေါ်တက်ချင်ချင်မို့ နောက်တစ်ခါ မပြောရပါ။ သူတို့က တစ်ချက် တွန်းပေးလိုက်သည်နှင့် ကျွန်တော်သည် နံရံကိုတွယ်တက်ကာ အထက်ပြတင်းပေါက် သံတိုင်ကို ဖမ်းဆုပ်ပြီး အောက်စင်္ကြံပေါ်သို့ လှမ်းကြည့်လိုက်သည်။ မိန်းမ အချုပ်သားလေးယောက် စင်္ကြံကလေးပေါ်တွင် လမ်းလျှောက်နေသည်ကို မြင်ရပေ၏။

"ဟော ... ဟော"

အသက်ခပ်ကြီးကြီး အသားညိုညို ဝဝ မိန်းမကြီးက အသားဖြူဖြူ ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်မိန်းမကို လက်တို့၍ ကျွန်တော့်ဘက်ကို မေးငေါ့ပြလိုက်သဖြင့် အားလုံး ကျွန်တော့်ကို မော့ကြည့်လိုက်ကြသည်။

"ဟော့ ... ဒီမှာ နင့်အဆက် အေးကြိုင်က နင့်ကို လွမ်းလို့တဲ့။ အလွမ်းသီချင်းတွေချည်းပဲ ဆိုနေတယ်။ မကြားဘူးလား။ ဖိုးလယုန်ဆိုလား ... ဖိုးလရုပ်ဆိုလား။ အဲဒီသီချင်းကို ဆိုနေတယ်"

အသက်ခပ်ကြီးကြီး မိန်းမက အသားဖြူဖြူ မိန်းမကို လက်ညှိုးထိုး၍ ကျွန်တော့်ကို ပြောနေပေသည်။ ကျွန်တော်ကား မျက်နှာတွေ ထူပူသွားလေသည်။ ကျွန်တော်သည် မိန်းမအတွေ့အကြုံတွင် အရိုင်းမဟုတ်သော်လည်း သည်လောက်တော့ မရဲတင်းပေ။

"အို ... မပုကြီးကလည်း"

အေးကြိုင်က ရှက်စနိုးဖြင့် မပုကြီးကို လှမ်း၍ ရိုက်လိုက်ရင်း ခေါင်းငုံ့နေပေသည်။ အေးကြိုင်ဘက်တွင် ရပ်နေသော အမျိုးသမီး နှစ်ယောက်ကလည်း အေးကြိုင်ကို တစ်လှည့်၊ ကျွန်တော့်ကို တစ်လှည့်ကြည့်၍ ရယ်နေကြလေသည်။

www.burmeseclassic.com

ကျွန်တော်ကလည်း ရောယောင်ကာ ရယ်လိုက်သည်။

"ပြောလေ ... ညည်းအဆက်ကြီးကို ... သြော် ... ဒို့ ရှိလို့လား။ ကဲ ... ကဲ ဒီလိုဆို ရှောင်ပေးပါ့မယ်တော်။ ဟဲ့ ... အမီနာတို့၊ စိန်အေးတို့ လာကြ ... လာကြ"

မပုကြီးက ခေါ်သွားသဖြင့် စင်္ကြံပေါ်တွင် အေးကြိုင်တစ်ယောက်တည်း ကျန်ရစ်ခဲ့လေသည်။ အေးကြိုင်က ရှက်စနိုးဟန်ဖြင့် ကျွန်တော့်ကို မော်ကြည့်ကာ ...

"အစ်ကို ... စီးကရက် မရှိဘူးလား"

"ရှိသားပဲ"

"ဒါဖြင့် ပေးစမ်းပါ ...။ တစ်လိပ် နှစ်လိပ်လောက်"

ကျွန်တော်က စေတနာ ရေစီးစကမ်းပြိုလိုက်ကာ အိတ်ထဲတွင် ထည့်ထားသော ဘားမားစတိတ် အလိပ် ၂၀ ဝင်ဘူးကို ပစ်ချလိုက်ပါသည်။ အေးကြိုင်သည် ကပျာကယာကောက်၍ ထမီခါးကြားထဲသို့ ထည့်ထားလိုက်သည်။

"နင် ... ဘာမှုနဲ့လဲ ... "

"သုံး(က)နဲ့ ... "

"ပုဒ်မ ၃(က)မှာ ပြည့်တန်ဆာ မြူဆွယ်မှု ပုဒ်မဖြစ်လေသည်။ ကျွန်တော်ကား မောင်လှမိန်းမ မတင်အေး သင်ပေးထား၍ လည်းကောင်း၊ ပြည့်တန်ဆာတွေနှင့် ကျင်လည်ခဲ့ဖူးသူဖြစ်၍ လည်းကောင်း၊ သည်ပုဒ်မကို အလွတ်ရနေပေပြီ။ မတင်ရီပင်လျှင် တစ်ခါက သည်ပုဒ်မနှင့် အဆွဲခံရဖူးသည်ဟု ကျွန်တော့်ကို ပြောပြဖူးလေသည်။

"မပုကြီးကကော ... "

"၃၆၃ နဲ့ ပုဒ်မ ဂ(၁) ..."

ပုဒ်မ ၃၆၃ မှာ သွေးဆောင်မှု ဖြစ်၏။ ပုဒ်မ ဂ(၁)ကိုမူ ကျွန်တော်နားမလည်ပေ။

"ဂ(၁)က ဘာလဲ ... "

"ဘာလဲတော့ မသိဘူးတော် ... အခန်းငှားတဲ့ လူကိုတော့ ဂ(၁)နဲ့ ဖမ်းတာပဲ"

"နင် တစ်ယောက်ထဲ မိတာလား"

"အမလေး ... ပုလိပ်သေလို့ ဝင်စားသလား မသိပါဘူး။ အမေးအမြန်း ထူလိုက်တာ။

www.burmeseclassic.com

တစ်ယောက်ထဲ မဟုတ်ပါဘူး။ ကျွန်မရယ်၊ အမိနာရယ်၊ စိန်အေးရယ် သုံးယောက် ... သုံးယောက်"

အေးကြိုင်က ကျွန်တော့်ကို လက်သုံးချောင်း ထောင်ပြ၏။ အေးကြိုင်ကား သူ့အသက်မွေးဝမ်းကျောင်းနှင့် လိုက်လျောညီစွာ ရဲတင်းသူတည်း။ စောစောက မပုကြီးရှေ့တွင်တွင် အေးကြိုင်သည် အထီးဆို ယင်ဖိုမှ မသန်းရသေးသော အပျိုရိုင်းကလေးအသွင် ရှက်သလိုလို ကြောက်သလိုလိုနှင့် မခို့တရို့ကလေးဖြစ်၏။ ကျွန်တော်နှင့် နှစ်ယောက်ချင်းကျတော့ အေးကြိုင်သည် တကယ် ကျွမ်းကျင်သူ ဖြစ်နေလေသည်။

"နင့်အသံ ကောင်းသားပဲ။ ခုနက သီချင်းဆိုနေတာ နင် မဟုတ်လား"

အေးကြိုင်သည် ရွှေသွားပေါ်လာအောင် တဟီးဟီး ရယ်ရင်း ...

"ဟုတ်သားပဲ ... ကောင်းပါဘူးတော် ... မြှောက်မနေစမ်းပါနဲ့"

"တကယ်ပါဟ ... ကောင်းလို့ ကောင်းတယ် ပြောတာပါ။ နင့် သီချင်းဆိုသံကို နားထောင်ပြီး အိပ်ရရင် သိပ်ကောင်းမှာပဲ။ လွတ်ရင်တော့ နင့်ဆီငါ လာခဲ့မယ်နော် ... ဟုတ်လား"

"ဘာလဲ ... စီးကရက်ဘူးဖိုး တောင်းမလို့လား"

အေးကြိုင်က ကျွန်တော့်ကို မျက်စောင်းထိုးလေသည်။

"မဟုတ်ပါဘူးဟ ... တကယ် သဘောကျလို့ပါ"

"ရှိုးနေပြီတော်ရေ့ ... မိကြိုင်တို့က ရှိုးနေပြီး ... သွားဦးမယ်"

"အထဲက မပုကြီးတို့က လှမ်းခေါ်သဖြင့် အေးကြိုင်က ကျွန်တော့်ကို မျက်စိတစ်ဖက်မှိတ်၍ လျှာထုတ်ပြကာ ဝင်သွားလေသည်။ ကျွန်တော်သည် အေးကြိုင်၏ ဖွံ့ကားသော တင်ပါးများကို နောက်ကနေ၍ ငေးကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

ကျွန်တော် အောက်သို့ ဆင်းလာသောအခါ ကျွန်တော်နှင့် အခန်းချင်း တွဲဘက်နှစ်ယောက်မှာ ထမင်းစားပြီး စီးကရက်ကိုယ်စီဖြင့် မှိန်းနေလေပြီ။ ကျွန်တော်လည်း ထမင်းစားပြီး စီးကရက်တစ်လိပ်ကို မီးညှိဖွာကာ ကျွန်တော့်ရှေ့ရေးကို စဉ်းစားနေမိလေသည်။

ကျွန်တော့်အမှုကား နိုင်ငံ၏အထွဋ်ရှိ ခေါင်းဆောင်တစ်ဦး၏အိမ်ကို တက်၍အနုကြမ်းစီးခဲ့သည့်အင်မတန်ကြီးမားသောပြစ်မှုကြီးဖြစ်၏။ကျွန်တော်သည် နိုင်ငံ့အထွဋ်အခေါင်ကို ရိုသေပါ၏။ လေးစားပါ၏။ သို့ရာတွင် ကျွန်တော်သည် လူဆိုးတစ်ဦးမျှသာ ဖြစ်လေရာ ဘာကိုမျှ မရှောင်နိုင်တော့ဘဲ သည်ပြစ်မှုကို

www.burmeseclassic.com

ကျူးလွန်ခဲ့မိ၏။ အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်ကတော့ ကျိန်းသေနေပေသည်။

နေ့လည်တုန်းကတော့မှ မေမေသည် မျက်ရည်စက်လက်နှင့် ကျွန်တော့်ကို ထောင်ဝင်စာ လာတွေ့ပေသည်။ မေမေ မျက်ရည်လည်ရွဲဖြစ်သည်ကို မြင်ရတော့လည်း ကျွန်တော် စိတ်မကောင်းပေ။ မေမေနှင့်အတူ မတင်ရီပါလာသည်ကို မြင်ရပြန်တော့ ပို၍ စိတ်မကောင်း ဖြစ်ရပြန်၏။ မတင်ရီသည် ကျွန်တော်နှင့်ကွဲပြီး လင်သားရနေပြီ ဖြစ်၏။ သည်အထဲကမှ ကျွန်တော့်လို ရာဇဝတ်ကောင်ကို လာတွေ့ရဲသည့် သတ္တိကိုမူ ကျွန်တော် အံ့သြရလေသည်။ သာတော့စံ နာတော့မခံဘဲ ရှောင်ထွက်ပြေးသည့် မိန်းမကောင်း အခေါ်ခံ မိန်းမဆိုးတွေထက်တော့ သာပေသည်။ မတင်ရီက လွတ်မြောက်အောင် ကြံစည်ရန် ကျွန်တော့်ကိုတိုက်တွန်း၏။ ကျွန်တော်လွတ်လာလျှင် သူနှင့်ကျွန်တော်တစ်နေရာသို့ ထွက်ပြေးကြမည်ဟု မတင်ရီက ပြောပြလေသည်။ ကျွန်တော့်အမှုကြောင့် ဝေဝေတို့သားအမိတွေလည်း မန္တလေးတွင် အချုပ်ခံရကြောင်း ကြားသောအခါ စိတ်မကောင်း ဖြစ်မိပေသည်။

"ဒါပေမယ့် နောက်ဆုံး သူတို့ကို လွှတ်လိုက်ပြီး အစိုးရသက်သေအဖြစ် စစ်မယ်လို့ ပြောတယ်"

ကျွန်တော့်အမှုကား အဘက်ဘက်က ခိုင်လုံနေပြီဖြစ်လေရာ သည်အတွင်း ကျွန်တော့်အဖို့ တစ်ခုတည်းသော လွတ်မြောက်ရန်လမ်းမှာ ထွက်ပြေးရန်သာ ရှိလေသည်။ ကျွန်တော့်စိတ်ကူးကား ထွက်ပြေးပြီး တော်ရာချောင်တစ်ခုတွင် ခိုနေရန် ဖြစ်လေသည်။ ထို့ကြောင့် မတင်ရီကို ကျွန်တော် ရုံးထုတ်သည့်နေ့တွင် သံဖြတ်လွှတစ်စင်း မှာလိုက်ပြီး ဖြစ်လေသည်။ မတင်ရီမှာ အစတွင် တွေ၍နေနေကာ နောက်ဆုံးကျမှ သဘောတူလေသည်။

ကျွန်တော်ကား မထူးတော့သည့်တူတူ ထွက်ပြေးတာမှ သက်သာလိမ့်မည်ဟု ထင်၏။ ပြီးတော့ ကျွန်တော်ရခဲ့သည့် ရွှေ၊ ငွေ၊ ပစ္စည်းများကိုလည်း ကျွန်တော် သုံးစွဲချင်ပေသေးသည်။

ကျွန်တော် အတွေးတွင် ဘယ်လောက်ကြာကြာ နစ်မြောနေသည် မသိ။ ဘေးမှ နှစ်ယောက်မှာ အိပ်ပျော်နေပြီ ဖြစ်၏။ အပြင်ဘက်မှ စန္ဒရီ၏ ဖိနပ်သံကို မှန်မှန်ကြီး ကြားနေရပေသည်။

(၂၃)

ကျွန်တော်သည်တရားခံထိုင်သောဝက်ခြံကလေးတွင်ထိုင်လိုက်သည်။ ရုံးခန်းဝတွင် သတင်းထောက်တွေ၊ ဝတ်လုံတွေ၊ ပုလိပ်တွေ၊ အမှုလာနားထောင်သူတွေ ပြည့်နှက်နေလေသည်။

မေမေနှင့် မတင်ရီတို့ကလည်း ဝက်ခြံနောက်ရှိ ခုံရှည်ပေါ်တွင် ထိုင်နေကြပေ၏။ မေမေ့မျက်လုံးတွင် မျက်ရည်တွေ စိုရွှဲနေလေသည်။ ကျွန်တော်ကား


www.burmeseclassic.com

မေမေ့ကိုလည်း မကြည့်၊ မတင်ရီကိုလည်း မကြည့်၊ ခေါင်းကိုငုံ့၍ ကျွန်တော့် လွတ်မြောက်ရေးကိုသာ စဉ်းစားနေလေသည်။ ကျွန်တော်မှာသော သံဖြတ်လွှ မတင်ရီယူမှ ယူခဲ့ပါ့မလားဟုလည်း ရင်ထဲတွင် တထိတ်ထိတ် ဖြစ်နေလေသည်။

သူတို့နှင့် စကားပြောချင်လို့လည်း မပြောရ။ ကျွန်တော့်အနား၌ လက်ကိုင် ပုလိပ်များ၊ အရပ်ဝတ် အရပ်စားနှင့် စုံထောက်များ ပြည့်ကြပ်နေလေသည်။ ကျွန်တော့်ဝတ်လုံကမူ အေးကိုနှင့် စိန်လင်းတို့အကြောင်းကို ကျွန်တော့်အား ပြောပြ၏။ သူတို့နှစ်ယောက်ကလည်း ဖြောင့်ချက်ပေးသည်ဟု ဆိုလေသည်။

"နှစ်နည်းနည်း ကျအောင်ပဲ ကြိုးစားရမှာပဲ။ အမှုကလည်း သိပ်ထင်ရှားနေတယ်။ ပြီးတော့ မင်းကလည်း ဖြောင့်ချက်ပေးပြီးသားဆိုတော့ သိပ်အကျိုးမထူးလှပါဘူး။ နှစ်နည်းနည်းကျရင် သက်သာတယ် ခေါ်ရမှာပေါ့ ... "

ကျွန်တော့် ဝတ်လုံကလည်း ပြောင်ပြောင်ပင် ဖွင့်ပြောလေသည်။ ကျွန်တော်က ဖြောင့်ချက်ပေးထားသော်လည်း အမှုက ကြီးလွန်းနေသဖြင့် နည်းနည်းပါးပါး သက်သာမှ သက်သာစေတော့ဟု ဝတ်လုံငှားရခြင်း ဖြစ်လေသည်။ ဒါကလည်း ကျွန်တော့်သဘောမဟုတ်၊ မေမေတို့သဘောသာ ဖြစ်လေသည်။ ကျွန်တော်ကမူ ကာကွယ်မနေချင်တော့ပေ။ စီရင်ချက်ချပြီး အမြန်ဆုံးလွတ်မြောက်အောင် ဖြစ်သည့်နည်းနှင့်သာ ကြိုးစားချင်ပေသည်။

ခဏကြာလျှင် တရားသူကြီး တရားခွင်သို့ ကြွလာ၍ ကျွန်တော်တို့ အားလုံးမတ်တတ်ရပ်၍ အရိုအသေ ပြုကြသည်။ ရှေ့ပတ် စာရေးကြီးက အမှုတွဲကို ကိုင်ကာ တရားလိုကို ခေါ်လိုက်သည်။

"တရားလို သက်သေ မဝေဝေ ... တရားလိုသက်သေ မဝေဝေ ... "

ဝေဝေသည် နိုင်လွန်အကျီအဖြူ လက်ပြတ်၊ အင်းလေးလုံချည် အစိမ်းကို ဝတ်ထား၍ ခုံမြင့်ဖိနပ်အဖြူကို စီးထားသဖြင့် ကြော့နေပေသည်။ ဝေဝေသည် ဣန္ဒြေရရဖြင့် သက်သေခုံပေါ်သို့ တက်လာလေသည်။ ကျွန်တော့်ဘက်ကို လှည့်၍ပင် မကြည့်ပေ။ သူ့မျက်နှာကလေးသည် နှင်းဆီရောင် သန်းနေ၏။ တင်းမာခက်ထန် သယောင်လည်း ရှိလေသည်။ သည်လို စိတ်ဆိုးနေပုံ မြင်ရတာကိုကပင် ချစ်စရာ ကောင်းနေလေသည်။

"မှန်ရာကို အစစ်ခံပါမည်။ မမှန်တာ အစစ်ခံလျှင် ကျမ်းစူးပါစေသား"

ရှေ့ပတ် စာရေးကြီးက ကျမ်းတိုက်ပေးသဖြင့် ဝေဝေက လိုက်၍ ကျမ်းဆို၏။ ဝေဝေမှာ ခရစ်ယာန်မကလေးဖြစ်၍ ကျမ်းထုပ်ကို မကိုင်ရဘဲ သမ္မာကျမ်းစာအုပ်ကို ကိုင်၍ ကျမ်းကိုင်ရလေသည်။ ဝေဝေ့အသံသည် တုန်ခြင်းမရှိ။ ရင်လည်း ခုန်ချင်မှ ခုန်ပေတော့မည်။

"ဒါဖြင့် မင်းနဲ့ တရားခံသိတာ လေးလကျော် ငါးလလောက် ရှိပြီပေါ့နော်"

www.burmeseclassic.com

"ဟုတ်ပါတယ် ..."

"စနေနေ့ညနဲ့ တနင်္ဂနွေညများမှာ မင်းတို့အိမ်ကို လာပြီး အိပ်တယ် မဟုတ်လား"

"တစ်ခါတလေ လာအိပ်ပါတယ်"

"တစ်ခါတလေဆိုတာ ဘယ်လိုလဲ။ တစ်လ တစ်ခါလား။ နှစ်လ တစ်ခါလား"

ဝေဝေသည် ခေါင်းကိုမော့၍ စဉ်းစားသလို လုပ်နေ၏။ အတန်ကြာမှ ...

"ဘယ်လောက်ဆိုတာတော့ မမှတ်မိပါဘူး။ တစ်ခါတလေ လာအိပ်တယ်ဆိုတာပဲ မှတ်မိပါတယ်"

"ကောင်းပြီ ... ဒီလို ဝင်ထွက်သွားလာနေတယ်။ မင်းအိမ်ကို တရားခံဟာ ညအိပ်ညနေလာနေတယ်ဆိုရင် မင်းနဲ့ တရားခံဟာ တော်တော် ရင်းနှီးနေတယ်ပေါ့"

"အို ... ဒါကတော့ ကျွန်မနဲ့ ရင်းနှီးတာ မဟုတ်ပါဘူး။ ဖေဖေတို့ မေမေတို့နဲ့ ရင်းနှီးတာပါပဲ ..."

"ဒါဖြင့် သူငယ်မနဲ့ တရားခံဟာ တစ်ယောက်နဲ့တစ်ယောက် ရည်ငံဖူးကြသေးသလား ... ဆိုလိုတာက ချစ်ခဲ့ကြဖူးသလား"

ဝေဝေ၏ မျက်နှာသည် သွေးရောင်လျှမ်းသွားလေသည်။ မျက်လုံးများမှာလည်း တဖျတ်ဖျတ် တောက်လာကြပေ၏။ ဝေဝေသည် ကျွန်တော့်ဘက်ကို ဖျပ်ကနဲ ကြည့်လိုက်သဖြင့် မျက်လုံးအကြည့်ချင်း ဆုံသွားကြသည်။ ဝေဝေ ဘယ်လိုများ ဖြေလေမလဲဟု နားစွင့်လိုက်မိသည်။ ဝေဝေသည် တော်တော်နှင့် မဖြေ။

"ချစ်ဖူးသလား ... ဖြေလေ ..."

"အို ... ဘယ်က ချစ်ဖူးရမှာလဲ ..."

"သူငယ်မ ... ခု ရုံးတော်မှာ ကျမ်းကျိန်ထွက်ဆိုနေတယ်ဆိုတာ သတိထားနော် ... မင်းနဲ့သူ မချစ်ခဲ့ကြဘူးလား။ ကဲ ... ဖြေပါ"

"အို ... မချစ်ခဲ့ဖူးပါဘူးလို့ ဆိုနေ ... "

"ကောင်းပြီ ... ဒီလိုဆို သူကကော ချစ်စကား ကြိုက်စကား ပြောခဲ့ဖူးသလား"

"သူကတော့ ပြောဖူးပါတယ် ..."

"ဟုတ်တယ်"

BURMESE CLASSIC .com
www.burmeseclassic.com

"ကောင်းပြီ။ ဒါဖြင့် သက်သေခံအမှတ် (စ)အဖြစ် ပြထားတဲ့ စိန်ခြယ်မြလက်စွပ်ဟာ မင်းနဲ့သူနဲ့ ချစ်လို့ လက်စွပ်ချင်း လဲထားရင်း မင်းဆီကို ရောက်လာတာ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး ..."

"လက်စွပ်ချင်းမလဲရင် မင်းလက်ထဲ ဘယ်လိုလုပ်ပြီး ရောက်သလဲ"

ဝေဝေသည် အတန်ကြာ စဉ်းစားနေ၏။ ဘယ်လိုပြောရမလဲဟု ဝေခွဲမရ ဖြစ်နေဟန် ရှိလေသည်။

"ဖြေလေ ... ဒီလက်စွပ်ဟာ မင်းလက်ထဲ ဘယ်လိုလုပ် ရောက်သလဲ"

BURMESE CLASSIC .com

"သူက ဒါကို ဝတ်ထားပါ။ သူ မဝတ်ချင်ဘူးဆိုလို့ ယူဝတ်ထားလိုက်တာပဲ ..."

ကျွန်တော့်ရှေ့နေက ဝေဝေနှင့် ကျွန်တော် ချစ်ခင်ရည်ငံ ခဲ့ဖူးကြောင်းကို သက်သေထူရန် ကြိုးစားနေ၏။ သို့ကြိုးစားခြင်းမှာ ချစ်သူတစ်ဦးကိုပင် ပုလိပ်က အဓမ္မခြိမ်းခြောက်၍ တရားခံအဖြစ် ရောက်အောင် သက်သေ အထွက်ခိုင်းကြောင်း ပြလို၍ ဖြစ်၏။ သို့ရာတွင် ဝေဝေက ကျွန်တော်နှင့်သူ ဘာမျှမဖြစ်ခဲ့ရပါဟု ဘူးကွယ်လေသည်။ သည်နေ့ တရားလိုသက်သေ ဝေဝေကို စစ်ပြီးလျှင် လျှောက်လဲချက် ချက်ချင်းပေး၍ မနက်ဖြန်တွင် စီရင်ချက်ချမည် ဖြစ်လေသည်။

အမှုစစ်ပြီး၍ ကျွန်တော့်ကို အချုပ်ခန်းသို့ ပြန်ပို့ခါနီးတွင် မေမေနှင့်မတင်ရီ ကျွန်တော့်အနားသို့ ရောက်လာ၍ နှုတ်ဆက်လေသည်။ မေမေက ခေါက်ဆွဲနှစ်ထုပ်ကို ပေး၏။ မတင်ရီက စီးကရက်နစ်ဘူးနှင့် ကုန်ထုပ်စက္ကူအညို ဖုံးထားသော မဂ္ဂဇင်းတစ်အုပ်ကို ပေးလေသည်။ ပုလိပ်တွေအလစ်တွင် သူက ကျွန်တော့်ကိုမျက်စေ့ မှိတ်ပြလိုက်၏။ ကျွန်တော်မှာသည့် ပစ္စည်းပါလာကြောင်း အချက်ပေးလိုက်ခြင်းပေတည်း။ ကျွန်တော်က မတင်ရီအနားသို့ကပ်ကာ ကျွန်တော့်အစီအစဉ်ကိုလည်း ပြောပြလိုက်၏။

ကျွန်တော်သည် သူတို့ကို နှုတ်ဆက်၍ ပြန်လာခဲ့သည်။ အခန်းထဲရောက်တော့မှ မဂ္ဂဇင်း အနောင့်ဘက်တွင် ပါလာသော သံဖြတ်လွှကိုထုတ်၍ တစ်နေရာတွင် သိမ်းထားလိုက်သည်။

ကျွန်တော်ကား သည်နေ့ညနေ ရုံးကပြန်လာသောအခါ သံဖြတ်လွှကိုသိမ်းပြီး ကိုယ့်အကြံနှင့်ကိုယ်ဖြစ်၍ အချုပ်ခန်းထဲရှိ သူများနှင့် ခါတိုင်းလို စကားစမြည် ပြောမနေဘဲ အိပ်ရာထက်တွင် ခွေနေလေသည်။

"ဟေ့ ... ကျော်မောင် ... ငြိမ်လှချည်လားကွ။ စီရင်ချက် မချသေးဘူးလား"

ဒေါ်လာခိုးသွင်းမှုဖြင့် အဖမ်းခံရသူက မေးလိုက်၏။ သူသည် ကပ္ပတိန်စီးကရက်ကို ဖွာရှိုက်နေလေသည်။

www.burmeseclassic.com

"မနက်ဖြန်ချမယ်"

"ဟုတ်လား ... ဒို့လည်း ဒီနေ့ညနေ ထောင်ကြီးချုပ်ကို ပြောင်းရမယ် ပြောတယ်။ ဟော့ ... မင်းကောင်မ ခုနက ခဲနဲ့ပေါက်ပြီး ခေါ်နေတယ်။ ငါက မရှိဘူးလို့ ပြောလိုက်တယ် ... "

ကျွန်တော်မှာ သူတို့ထောင်ကြီးချုပ်သို့ ပြောင်းမည်ဆိုသဖြင့် ဝမ်းသာသွားလေသည်။ သူတို့မရှိလျှင် ကျွန်တော် အချုပ်ခန်း ဖောက်ပြေးဖို့ လွတ်လွတ်လပ်လပ် ပြင်ဆင်နိုင်သည် မဟုတ်ပါလား။ ခဏကြာတော့ သူတို့နှစ်ယောက်ကို အိပ်ရာလိပ် အထုပ်အပိုးများကို သယ်စေကာအပြင်သို့ ထုတ်၍သွားသဖြင့် ကျွန်တော် တစ်ယောက်တည်း ကျန်ရစ်ခဲ့လေသည်။ ကျွန်တော်က သံတိုင်ပေါက်သို့တက်ပြီး ခဲလုံးကလေးဖြင့် တစ်ဘက်ခန်းသို့ လှမ်းပေါက်လိုက်သည်။ ကျွန်တော့်ရည်းစား အေးကြိုင်ကို စကားပြောရန် ဖြစ်လေသည်။ ပြတင်းပေါက်ဘောင်သို့ လက်နှစ်ဖက်ပေါ်လာကာ တွယ်ထားသည်ကို မြင်ရ၏။ နောက် မျက်နှာပေါ်လာတော့မှ အေးကြိုင်မဟုတ်ဘဲ မပုကြီးဖြစ်နေ၍ ကျွန်တော် စိတ်ပျက်သွားလေသည်။

"အေးကြိုင် မရှိဘူးလား"

"ရှိတယ် ... ထမင်းစားနေတယ်"

"အေးကြိုင်ကို ပြောလိုက်စမ်းပါ ... ကျွန်တော်က ခေါ်တယ်လို့"

ခဏကြာလျှင် အေးကြိုင် တက်လာလေသည်။ အေးကြိုင်ကား အချုပ်ခန်းထဲတွင် နေရသော်လည်း ပေါဒါမှန်မှန်လိမ်း၍ နှုတ်ခမ်းနီမှန်မှန် ဆိုးနေတုန်းပင်ဖြစ်လေသည်။

"ငါ့အမှု မနက်ဖြန် စီရင်ချက် ချမလို့"

"ဟုတ်လား ... ဘယ်လောက်ကျမယ် ထင်သလဲ"

"ဆယ်နှစ်လောက်တော့ ကျမယ်ထင်တာပဲ"

"ဟယ် ... ဆယ်နှစ်ဆိုတော့ အများကြီးပဲ။ ကျွန်မက သုံးလလောက်ပဲကျမှာ။ ဒီလိုဆို အပြင်ရောက်ရင် ကျွန်မနဲ့ပေါင်းလို့ ဘယ်ဖြစ်တော့မလဲ"

"ပေါင်းလို့မဖြစ်လည်း နောက်တစ်ယောက် ယူပေါ့ဟ။ နင့်မှာ ပေါသားပဲ"

"ဒါတော့ အစ်ကို ပြောမှလား။ ကျွန်မက အစ်ကိုနဲ့မှ ပေါင်းချင်တာကိုး"

အေးကြိုင်က ဖြစ်စပ်စပ်လုပ်၍ ပြော၏။ ကျွန်တော်ကမူ ကျွန်တော့်အကြံကို အေးကြိုင်ကို ဖွင့်ပြောလိုက်ရ ကောင်းလေမလားဟု တွေးလိုက်မိသည်။

www.burmeseclassic.com

“နေပါဦးဟာ ... ငါ့အပြင်ရောက်အောင် ကြံစည်ပါဦးမယ်။ နင့်အရင် ထောင်အပြင်ရောက်ချင် ရောက်နေမှာပါ”

“ဒီလိုဆိုလည်း ကောင်းတာပေါ့”

သည်အခိုက်မှာ စန္ဒရီလှည့်လာသံကြား၍ ကျွန်တော်တို့ ကပျာကယာ ခုန်ဆင်းလိုက်ကြသည်။ ကျွန်တော်ကား ကျွန်တော့်အကြံအစည် အောင်မြင်ပါ့မလားဟု စိုးရိမ်နေပေသည်။ မတင်ရီကို ၃၆ လမ်းထိပ်မှာ ဂျစ်ကား အစောင့်ခိုင်းထားတာ စောင့်မှ စောင့်ပါ့မလား။ ညစန္ဒရီတွေများ သိပ်ကြပ်နေမလားဟုလည်း တွေးတောနေမိသည်။ ဘာပဲဖြစ်ဖြစ် ထောင်ကြီးသို့ မရောက်မီ တစ်နည်းနည်းနှင့်တော့ လွတ်မှဖြစ်မည်။ ထောင်ကြီးရောက်လျှင် လွတ်ဖို့မလွယ်တော့ပေ။ ပြီးတော့ ကျွန်တော့်အမှုမှာ သာမန်ခိုးမှုလေး မဟုတ်၊ အမှုကြီးဖြစ်၍ ကျွန်တော့်အပြစ်ဒဏ်မှာ ပိုမို၍ ကြီးပေလိမ့်မည်။ ထို့ကြောင့် ဘာပဲဖြစ်ဖြစ်အမြန်ဆုံးလွတ်ရန်စီစဉ်ရခြင်းဖြစ်လေသည်။အစပထမတွင်မတင်ရီမှာ ဖြစ်မှဖြစ်ပါ့မလားဟု သံသယ ရှိလေသည်။ မိသွားက သူ့ယောကျာ်းအတွက်လည်း စိုးရိမ်မိပဟန် ရှိလေသည်။ နောက်ဆုံး ကျွန်တော်က တိုက်တွန်းတော့မှ သည်နေ့တွင် ရုံးသို့ ပေါက်လာကာ မဂ္ဂဇင်းတစ်အုပ်ကို အဖုံးဖုံး၍ အဖုံးကြားထဲတွင် သံဖြတ်လွှတစ်စင်းကို ထည့်ပေးလိုက်ခြင်း ဖြစ်လေသည်။ ဂျစ်ကားတစ်စင်းငှားကာ ၃၆ လမ်းထိပ်တွင် စောင့်နေမည်ဟုလည်း သေသေချာချာ ပြောသွားပြီးဖြစ်၏။ နောင်ခါလာ နောင်ခါဈေးပေါ့လေ ...။

မှောင်စပြုလာသည်နှင့် ကျွန်တော်သည် ဘားလမ်းအခန်းနံပါတ် (-)ရှိ သံတံခါးအပေါ်တွင် တပ်ထားသည့် လိပ်ပြာတောင်တံခါးကို တက်၍ကြည့်သည်။ လိပ်ပြာတောင်တံခါးမှာ ပြတင်းပေါက်အထက်တွင် သူ့ဘောင်နှင့်သူ သပ်သပ်ရှိ၏။ ကျွန်တော်သည် ဝါးခြမ်းပြားစ ပါးပါးကလေးဖြင့် လိပ်ပြာတောင် တံခါးဘောင်ကို လျှောက်ထိုးကြည့်သည်။ တံခါးဘောင်မှာ စောစောက အမှိုက်တွေ ဖုံးနေသဖြင့် အံသေနေအောင် အပြီးပိတ်ထားသလို ထင်ရသော်လည်း ဝါးခြမ်းပြားဖြင့် လျှောက်၍ နံဘေးပတ်လည်ကို ထိုးလိုက်သောအခါ ဟနေလေသည်။ လိပ်ပြာတောင်တံခါး အလယ်တွင် ငါးမူးလုံးခန့် သံတိုင်တစ်ချောင်းကို ကန့်လန့်ဖြတ်၍ ကပ်ထားပြီး ဘေးနှစ်ဘက်နှစ်ချက် တံခါးဘောင်မကြီးတွင် စုတ်၍ ထားလေသည်။ ကျွန်တော်သည် အိမ်သာနှင့်တွဲထားသော ရေချိုးခန်းကိုဝင်ပြီး ရေပိုက်ကို ဒလဟော ဖွင့်ချလိုက်သည်။ သံမံတလင်းပေါ်သို့ ရေကျသံသည် တဝေါဝေါမြည်နေလေ၏။ နိုင်ငံရေး လူသတ်သမားနှင့် ဒေါ်လာခိုးသွင်းသူမှာလည်း ယနေ့ပင် ပြောင်းသွားကြသဖြင့် ကျွန်တော့်အဖို့ အခွင့်သာနေပေ၏။

ကျွန်တော်သည် တဝေါဝေါမြည်နေသော ရေသံကို နားထောင်ကာ မဂ္ဂဇင်းအဖုံးထဲတွင် အလျားခြောက်လက်မလောက်ရှိ သံဖြတ်လွှကို ဆွဲထုတ်ပြီး လိပ်ပြာတောင်တံခါးကို ကန့်လန့်လျှိုကာ ဘေးသစ်သားဘောင်နှစ်ဖက်တွင် စွဲထားသော သံတိုင်ကို ဖြတ်လိုက်သည်။ တစ်နာရီအတါင်းမှာ အားလုံးကိုစွပြီးသွားတော့မှ လိပ်ပြာတောင်တံခါးကို နဂိုအတိုင်းရှိနေအောင် အသာတေ့၍ မှေးထောင်ထားလိုက်ပြီး အိပ်နေလိုက်သည်။ သို့ရာတွင်

www.burmeseclassic.com

ကောင်းကောင်းအိပ်မပျော်ပေ။ စန္ဒရီ၏ ဖိနပ်သံ တံခါးနားသို့ ရောက်သွားတိုင်း ကျွန်တော့်ရင်သည် တဒိတ်ဒိတ် ခုန်နေလေသည်။ သူအဝေးသို့ ရောက်သွားတော့မှ စိတ်အေးသွားရပြန်သည်။ တစ်ဖက်ခန်းမှ အကျဉ်းသားများ ဟောက်သံကို ကြားရ၏။ ကျွန်တော်ကား အကြံသမားမို့ အိပ်မပျော်။ ဆယ့်ငါးမိနစ်တစ်ကြိမ် ခေါက်နေသော နာရီသံချောင်း ခေါက်သံကို ကြားနေရလေသည်။

နာရီပြန် ၂ ချက်ထိုးလေပြီ။
ဒေါင် ... ဒေါင် ... ဟု နှစ်ချက်ခေါက်လိုက်သည်နှင့် ကျွန်တော်သည် အိပ်ရာမှ လူးလဲထကာ ပြတင်းပေါက် သံတိုင်ဆီတက်၍ လိပ်ပြာတောင်တံခါးကို ခွာကာ အောက်သို့ ချထားလိုက်သည်။ အပေါက် ဟင်းလင်းကြီးမှာ ကျွန်တော့်တစ်ကိုယ်စာတော့ ခပ်ချောင်ချောင် ဝင်နိုင်လေသည်။ ကျွန်တော်သည် အပေါက်ကို ငုံ့လျှိုး၍ဝင်ကာ လမ်းမဘက်သို့ ခုန်ချလိုက်သည်။ နောက် တိုက်မှောင်ရိပ်များကို ခိုကာ ၃၆ လမ်းထိပ် ချိန်းထားရာသို့ လျှောက်လာခဲ့သည်။

လမ်းထိပ်တွင် ကျွန်တော်စီစဉ်ခိုင်းထားသော တက္ကစီကို အဆင်သင့်တွေ့၍ ဘူတာကြီးသို့ အမောင်းခိုင်းလိုက်သည်။ ဘူတာကြီးတွင် ဆင်းပြီးမှ စကော့ဈေးဘူတာဘက်သို့ သံလမ်းအတိုင်း ခြေလျင်လျှောက်လာခဲ့သည်။ နံနက် ၄ နာရီ၊ မိနစ် ၄၀ တွင် ပထမဆုံး အင်းစိန်ရထားဖြင့်တက်၍ လိုက်လာခဲ့သည်။ အင်းစိန်မှကားဖြင့် ဥက္ကံက ကျွန်တော့်သူငယ်ချင်း တင်မောင်ဆီသို့ လာခဲ့လေသည်။

ဥက္ကံရောက်သော် တင်မောင်ကို မတွေ့ရပေ။ ကျွန်တော့် မျှော်လင့်ချက်တောင်ကြီးမှာ ပြိုကွဲသွားသကဲ့သို့ ထင်ရလေသည်။ ကျွန်တော်သည် လုံခြုံမည်မထင်သဖြင့် ဥက္ကံမှကားဖြင့် နေ့ချင်းပင် ရန်ကုန်သို့ ပြန်လာခဲ့လေသည်။ ကျွန်တော့်စိတ်ကူးကား ရန်ကုန်ကီလီလမ်းက ကျော်မြင့်အိမ်တွင် ခဏခို၍ ကျော်မြင့်အဆက်ဖြင့် မအူပင်သို့ သွားမည်။ မအူပင်တွင် ၆ လလောက် အခြေအနေ အကဲခတ်ပြီး မဟန်လျှင် တောတွင်းသူပုန်များထံသို့ သွားရန်ဖြစ်လေသည်။

ကျွန်တော့်ကို မြင်သောအခါ ကျော်မြင့်သည် အံ့အားသင့်နေလေသည်။

"ဟာ ... ဟော့ကောင် ... လာ ... လာ...။ မင်းနယ်ကွာ ရန်ကုန်မှာ တစ်နေ့ခိုနေရသေးသလား။ မနက်ကတည်းက ထွက်သွားရောပေါ့။ ခုမင်းကိစ္စ သတင်းစာတွေထဲမှာလည်း ပွက်လောရိုက်ကုန်ပြီ။ ဘားလမ်းက ပုလိပ်တွေလည်း ပြုတ်တဲ့လူ ပြုတ်ကုန်ပြီ။ လာ ... လာ ... အထဲဝင်"

"ငါ အခု ဥက္ကံတင်မောင်တို့ဆီက လာတာ။ အဲဒီကတစ်ဆင့် တောသွားမလို့။ ဒါပေမယ့် တင်မောင်နဲ့ မတွေ့ခဲ့လို့ ဒီလိုပြန်လာတာ။ ငါ မနက် မအူပင်ကို ဆင်းမယ် သူငယ်ချင်း"

"အမလေး ... ကြွမှာ မြန်မြန်ကြွစမ်းပါကွာ။ ငါတော့ မင်းအစား အသဲယားလွန်းလို့။ မင်းပြေးတာ မနက်ကမှဆိုတော့ ဒီကောင် ရန်ကုန်က မထွက်နိုင်သေးဘူးဆိုပြီး ပိုက်စိပ်တိုက် ရှာနေတယ် ... နာမည်ရှိတဲ့လူတွေ အိမ်တွေ၊ အဆက်အသွယ်တွေ အကုန် လိုက်ရှာနေတယ်။ ပြီတော့ ဟို ပြည့်တန်ဆာပုဒ်မနဲ့ အချုပ်ခံနေရတော့

www.burmeseclassic.com

အေးကြိုင်တို့ ညီအစ်မကိုလည်း သူတို့ကတစ်ဆင့် လွှဲယူပေးတာဆိုပြီး ဒီနေ့ပဲ ထောင်တစ်လ ချလိုက်တယ် ကြားတယ်။ ဒီတော့ ကိုယ့်အိမ်မှာလည်း မအိပ်နဲ့။ စိတ်မချရဘူး။ သင်္ဘောဆိပ်က ခရီးသည်တွေထဲမှာရော အိပ်ပေတော့”

ကျော်မြင့်က ကျွန်တော့်ကို အဆက်အသွယ်တွေ ပေးလိုက်ကာ သင်္ဘောဆိပ်သို့ လိုက်ပို့သည်။ ကျွန်တော်သည် ညောင်ပင်လေးဆိပ်တွင် ခရီးသည်တွေကြားထဲမှာ စောင်ကြီးခြုံ၍ အိပ်နေလေသည်။ ပုလိပ်များကား ရှုပ်ရှက်ခတ်နေပေ၏။ သို့ရာတွင် ကျွန်တော့်ကိုတော့ သိဟန်မတူပေ။

ကျွန်တော်သည် မောမောနှင့် ဘောတံတားပေါ်တွင် တစ်ရေးလောက် ပျော်သွားလေသည်။ ပြန်နိုး၍ ကြည့်လိုက်သောအခါ သန်းခေါင်ကျော်လောက် ရှိပြီဖြစ်၏။ ခရီးသည်များ၏ စကားပြောသံကို ကြားရ၏။ မော်တော်ဦးမှ မယ်ဒလင်သံနှင့် သီချင်းသံသည် တငြိမ့်ငြိမ့် ထွက်ပေါ်လာလေသည်။ ကျွန်တော်တို့အနားတွင်ကား ပုလိပ်တွေ လမ်းသလားနေကြတုန်းပင် ဖြစ်လေသည်။ ကျွန်တော်ကား သင်္ဘောဆိပ်တွင် နေရသော်လည်း စိတ်ထဲမှာ ချီတုံချတုံ ဖြစ်နေလေသည်။ ကျွန်တော့်လက်များသည် ယား၍ နေလေသည်။ ထို့ကြောင့် ကျွန်တော်သည် အိတ်ထဲတွင် ပါလာသည့် မောင်းချဓားကို ထုတ်ကာ တင်းကြပ်စွာ ဆုပ်ထားလိုက်သည်။ ဓားကို ဆုပ်ထားသဖြင့် လက်ယားသက်သာသွားသလိုလို ရှိသော်လည်း လက်များမှာ တဆတ်ဆတ် တုန်နေလေသည်။ အရက်တစ်စိတ်လောက် သောက်လိုက်ရရင်တော့ အယားပြေတန် ကောင်းပါရဲ့။ သို့သော် သည်အချိန်ကြီးမှာ အရက်ကို ဘယ်မှာ သွား၍ ရှာရမည်နည်း။ ကျော်မြင့်အိမ်တွင်မူ ညနေတုန်းက အရက်တစ်လုံး မြင်ခဲ့၏။ သည်အရက်ကို သွားသောက်လျှင် အယားသက်သာပေမည်။ ထို့ကြောင့် ကျွန်တော်သည် အိပ်ရာမှထကာ ကီလီလမ်း ကျော်မြင့်အိမ်သို့ ပြန်လာခဲ့သည်။ မနက်စောစောမှ ဆင်းမယ်လေ ... ။

ကမ်းနားဘက် ကီလီလမ်းမှာ လူရှင်းနေ၏။ မီးရောင်များသာ မင်းမူနေလေသည်။ ဗိုလ်ချုပ်လမ်းသို့ တက်သွားသော ကီလီလမ်းတစ်ဝက် အရောက်တွင်မူ ကျွန်တော့်ကို ပတ္တရောင်များက အရပ်ခိုင်းကာ မျက်နှာကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လေသည်။ ပြီးတော့ အိတ်ထဲတွင် ပါလာသည့် ကျွန်တော့်ဓာတ်ပုံနှင့် တိုက်ကြည့်ပြီး “ဟား ... မနက်က ဘားလမ်းက ထွက်ပြေးတဲ့ ကျော်မောင် ဟေ့ ... ကျော်မောင် ဟ” ဟု ဝမ်းသာအားရ အော်လိုက်ကြသည်။

နံနက်လင်းအားကြီး နာရီပြန် ၂ ချက်ကမှ ထွက်ပြေးခဲ့သော ကျွန်တော်သည် ၂၂ နာရီအကြာတွင် ပြန်ဖမ်းမိကာ အကျဉ်းသမားဘဝသို့ ပြန်ရောက်ပြန်ပေပြီ။

ကျွန်တော့်ကို ကြာကြာမဆိုင်းဘဲ နောက်နေ့တွင် စီရင်ချက် ချမည့်ရုံးသို့ ပို့လိုက်လေသည်။ တစ်နေ့က အမှုစစ်တုန်းက ဝေဝေတို့ ညီအစ်မတွေကို တွေ့ရသေး၏။ မတင်ရီကို တွေ့ရသေး၏။ မေမေ့ကို တွေ့ရသေး၏။ စီရင်ချက်ချသည့် ယနေ့တွင်မူ ကျွန်တော့်ကို ဘယ်သူမျှ လာမတွေ့တော့ပေ။ ကျွန်တော့်ကို ရုံးတော်က ဖောက်ထွင်းမှုအတွက် ထောင်ဒဏ် ၁၄ နှစ်၊ ထောင်ဖောက်ပြေးမှုအတွက် ထောင်ဒဏ် ၂ နှစ် တစ်ပေါင်းတည်း ကျခံစေဟု အမိန့်ချလိုက်လေသည်။



www.burmeseclassic.com

ယခုတော့ ကျွန်တော့်အဖို့ မထူးတော့ပေ။ ကျွန်တော်သည် အကြောင်းကြောင်းတွေကြောင့် လူဆိုးဘဝရောက်ခဲ့ရ၏။ လူဆိုးဘဝကြောင့် ပတ်ဝန်းကျင်နှင့် ပဋိပက္ခ ဖြစ်ခဲ့ရ၏။ ကြက်နှင့်ကြက်ဥ ဘယ်သင်းက အရင်စသည်ကို မသိသလို ကျွန်တော့်ပတ်ဝန်းကျင်နှင့် လူဆိုးဘဝ၊ လူဆိုးဘဝနှင့် ပတ်ဝန်းကျင်၊ ဘယ်သင်းက အရင်စသည်ကို ကျွန်တော် မစဉ်းစားတတ်ပေ။ ကျွန်တော်ကမူ ကျွန်တော်နှင့် ထိုက်တန်သော အပြစ်ကို ယခုတော့ ရဲရဲဝံ့ဝံ့စွာပင် ရင်ဆိုင်ပါ၏။ မဆိုင်၍ကော ဘာတတ်နိုင်ပါဦးမည်နည်း။ လူဆိုးဘဝဆိုသည်မှာ နောက်ဆုံးတော့ ထောင်နံရံတံတိုင်းအတွင်းမှာ အဆုံးသတ်ရသည် မဟုတ်ပါလား။ ကျွန်တော်သာ မဟုတ်။ လူဆိုးပေါင်းများစွာတို့သည် သည်လမ်းမှ ဝင်လာကာ သည်ထဲသို့ ရောက်ခဲ့ဖူးကြပြီ ဖြစ်၏။ ကျွန်တော်နှင့် ဆိုးဖော်များဖြစ်ကြသော ကိုစိန်လင်း၊ အေးကို၊ ထွန်းခတို့သည်လည်း ကျွန်တော့်လမ်းကိုလိုက်ကာ သည်တံတိုင်းထဲမှာပင် ရောက်လာခဲ့ကြ၏။ တခြားလမ်း မရှိတော့ပါပြီ။ ကျွန်တော့်ဘဝမှာ ထောင်ထဲတွင်လည်း ထောင်ပြေးမို့ ခြေနှစ်ဖက်တွင် သံခြေကျင်းခတ်ကာ ကျဉ်းမြောင်းမဲမှောင်သည့် အလုံတိုက်ထဲမှာ နေခဲ့ရ၏။ မေမေနှင့် မတွေ့ရသည်မှာ ကြာပြီ။ မတင်ရီကော ... အရင်ယောကျ်ားနဲ့လားဆိုတာ ကျွန်တော်မသိပါပြီ။ မခင်လှိုင်ကော ကျွန်တော့်ကို ချစ်ပါလေစဟု ကျွန်တော် မဝေခွဲတတ်ပါပြီ။ အတိတ်မှ ကျွန်တော်ချစ်ရသော မိရီ၊ မီမီ၊ ဝေဝေ ... စသူတို့၏ ရုပ်ပုံလွှာများသည်လည်း တဖြည်းဖြည်း မှုန်ဝါးလာပေပြီ။

ပြစ်ဒဏ်အရဆိုလျှင် ကျွန်တော်သည် ၁၉၇၅ ခုနှစ်ကျမှ လွတ်ပေတော့မည်။

(၂၄)

သည်နေ့ ... အလုံတိုက်မှလွတ်ကာ သံခြေကျင်း ချွတ်ရသည်။ ကျွန်တော့်ခြေထောက်များမှာ ခြောက်လကြာမျှ သံခြေကျင်း ခတ်ထားခံရသဖြင့် သံခြေကျင်းချွတ်လိုက်သောအခါ မြေကြီးပေါ်တွင် မထောက်ရဲသလို ဖြစ်နေ၏။ ကျွန်တော့်ခြေထောက်များမှာ ခပ်ခွင်ခွင် ဖြစ်နေကြ၏။ မည်သို့ပင်ဖြစ်စေ ကျွန်တော့်အဖို့မူ အလုံတိုက်က အကျယ်ထောင်သို့ ထွက်ရသည်မှာ အပြင်ဘက်လောကသို့ ရောက်ရသလို ဖြစ်နေလေသည်။

"ထောင်ကျ ကျော်မောင် ... ထောင်ဝင်စာ ... တွေ့လိုသူ အမိမလေးရှင်၊ ညီမ မခင်လှိုင်"

ကျွန်တော် အလုံထောင်က လွတ်သည့်နေ့မှာ မေမေနှင့် ကျွန်တော့်ချစ်သူတို့ လာတွေ့ကြသဖြင့် ကျွန်တော်သည် ကမန်းကတမ်း ထောင်ဘူးဝသို့ လိုက်သွားမိသည်။ ခဏကြာသော် ထောင်ဝင်စာလာသူများ အထဲသို့ ဝင်လာကြ၏။

မေမေသည် သံဇကာကြားမှနေ၍ ကျွန်တော့်ကို မြင်သောအခါ ကြုံကြုံပါအောင် ငိုလေသည်။ မခင်လှိုင်၏ မျက်လုံးတွင်လည်း မျက်ရည်တွေ ဝဲနေ၏။ ကျွန်တော်လည်း အားရပါးရ ငိုလိုက်ချင်ပါ၏။ သို့သော် ကျွန်တော့်မျက်လုံးမှာ


www.burmeseclassic.com

မျက်ရည်ထွက်မလာတော့ပေ။ မေမေက အိမ်အခြေအနေကို ပြောပြ၏။ ဘားလမ်းအချုပ်ခန်းမှ ပြည့်တန်ဆာမ အေးကြိုင်တို့လည်း ကျွန်တော့်အတွက် တစ်လလောက် ထောင်ချခံရကြောင်း မေမေက ပြောပြလေသည်။ မတင်ရီကား ယောက်ျားတစ်ယောက် နောက်ထပ်ရကာ တောသို့ပြန်သွားပြီ ဆို၏။ ကျွန်တော်ကမူ မတင်ရီကို လင်သားနှင့် တင့်တောင့်တင့်တယ်ရှိ၍ နေစေချင်၏။ လမ်းမပေါ်သို့ ပြန်မရောက်စေချင်ပေ။ ကျွန်တော်တို့ သားအမိ စကားပြောပြီးတော့မှ မေမေက အဝေးသို့ ရှောင်ပေးသဖြင့် မခင်လှိုင်နှင့် စကားပြောခွင့် ရလေတော့သည်။

ကျွန်တော်ကား မခင်လှိုင် ခုလို ကျွန်တော့်ကို လာတွေ့သည်ဆိုလျှင်ပင် ဝမ်းသာလှပါပြီ။ မခင်လှိုင် ... မခင်လှိုင် ... ကျွန်တော်ချစ်သော မခင်လှိုင်။ နိုင်ငံတော်၏ အထွဋ်အထိပ်ဖြစ်သည့် သမ္မတဟောင်း၏ အိမ်ကိုတက်၍ အနကြမ်းစီးသူ၊ လုယက်သူ ဖောက်ထွင်းသူ၊ ထောင်ကို ဖောက်၍ပြေးသူ၊ လေလွင့်သူ၊ ရာဇဝတ်ဒဏ်ဖြင့် အကျဉ်းခံရသူ၊ ရှည်လျားလှစွာသော နာမည်ဆိုးကြီးများက နောက်ကဂုဏ်ပုဒ်တွေလို တစ်သီတစ်တန်းကြီးဖြစ်၍နေသူ ကျွန်တော့်ကို လာတွေ့သည်ဆိုတော့ ကျွန်တော်သည် ဝမ်းအသာကြီး သာမိပေသည်။ မခင်လှိုင်သည် ကျွန်တော့်အပေါ်တွင် ချစ်ပါသေးလားဟုလည်း တွေး၍ ပီတိဖြစ်ရပေသည်။

ကျွန်တော်က မချိပြုံးပြုံးကာ ...

"မခင်လှိုင် ... လာသေးသကိုး" ဟု ဆိုလိုက်သည်။

"ချစ်တာကိုး ... အစ်ကိုရဲ့ ... ဘယ့်နှယ်ပြောပါလိမ့်။ မခင်လှိုင်ကတော့ အစ်ကိုဆိုးလည်း ချစ်တာပဲ။ ကောင်းလည်း ချစ်တာပဲ။ ဒါပေမယ့် ကိုယ့်ချစ်သူ ကောင်းတာကိုပဲ မြင်ချင်တာပေါ့။ အစ်ကို အခု ဘယ်နှစ်လ ရှိပြီလဲဟင်"

"ခြောက်လ"

ကျွန်တော်က မခင်လှိုင်၏ မျက်နှာကို ရွှန်းရွှန်းစားစားကြည့်ကာ ပြုံး၍ ဖြေလိုက်၏။

"နောက် ... ဘယ်လောက်ကြာမှ လွတ်မှာလဲ"

"၁၉၇၅ ခု"

"၁၉၇၅ ခုဆိုတော့ ခု ဘယ်နှစ်ခုလဲ။ ၁၉၅၉" ဟုဆိုကာ မခင်လှိုင်က လက်ချိုး၍ ရေတွက်နေလေသည်။ ကျွန်တော်က မခင်လှိုင်ကို ကြည့်၍ ...

"လက်ချိုးရေမနေနဲ့ မခင်လှိုင်။ ထောင်ကျတာ ဖောက်ထွင်းမှု အတွက်က ၁၄ နှစ်၊ ထောင်ဖောက်ပြေးမှုက ၂ နှစ်၊ ပေါင်း ၁၆ နှစ်ကျတယ်။ ဒီအတိုင်းဆိုရင် ၁၉၇၅ ခုနှစ်ကျမှ လွတ်မယ်"

"ဟင်"

www.burmeseclassic.com

မခင်လှိုင်သည် တစ်ခွန်းမျှသာ အာမေဋိတ်သံထွက်ကာ မျက်ရည်တွေ ဝဲ၍ လာလေသည်။

"၁၆ နှစ်လို့သာ ပြောတာပါ။ လျော့ရက်နဲ့ ဘာနဲ့ဆိုရင် ၁၃ နှစ်လောက် နေရမှာပါ။ ဒီအထဲမှာ သုံးဖို့တစ်ဖို့ကိုက်ရင် ဆယ်နှစ်ကျော်ကျော် ဆယ့်တစ်နှစ်လောက် နေရမှာပါ။ စောင့်နိုင်ပါ့မလား"

ကျွန်တော်က မခင်လှိုင်ကိုကြည့်၍ မေးလိုက်သည်။ မခင်လှိုင်သည် မျက်ရည်လည်ရွဲဖြင့် အဝေးသို့ ငေးကြည့်နေပေသည်။ ခဏကြာမှ ...

နောက်ထပ် ဆယ်နှစ်ကျော်ကျော်လောက် အနည်းဆုံး စောင့်ရဦးမှာနော်။ မခင်လှိုင်ကတော့ ဘယ်လောက်ပဲ စောင့်ရ၊ စောင့်ရ စောင့်ပါတယ် အစ်ကိုရယ်။ အစ်ကိုကသာ ထောင်က လွတ်လာရင် ကောင်းကောင်းမွန်မွန် နေပ့ါမယ်လို့ ကတိပေးစမ်းပါ"

ကျွန်တော်က ဘာမျှမဖြေဘဲ ပြုံးရုံသာ ပြုံး၏။ အနည်းဆုံး ဆယ်နှစ်ကျော်ကျော်လောက် မခင်လှိုင် ကျွန်တော့်ကို တကယ် စောင့်နိုင်ပါ့မလားဟုလည်း သံသယရှိနေပေသည်။ ကျွန်တော့်မှာ အသက်သုံးဆယ်ထဲသို့ ဝင်လာပြီ ဖြစ်၏။ ဆယ်နှစ်ဆိုသည်မှာ ထောင်ထဲတွင် ပြစ်မှုမရှိမှ ဆယ်နှစ်ခု တွက်၍ရ၏။ လက်ခြေချော်၍ ပြစ်မှုကျူးလွန်မိလျှင် ၁၉၇၅ ခုနှစ်အထိ နေရပေလိမ့်မည်။ သည်အချိန်တွင် ကျွန်တော့်အသက်သည် ၄၅ နှစ်ထဲသို့ ရောက်နေပေတော့မည်။

တကယ်တော့ ကျွန်တော့်ကို မေတ္တာစစ်ဖြင့် ချစ်သူ၊ ကျွန်တော်ကလည်း မေတ္တာစစ်နှင့် ချစ်သူမှာ မခင်လှိုင်သာ ဖြစ်၏။ ရွှေရီတို့၊ မီမီတို့မှာလည်း အတိတ်တွင် ကျန်ရစ်ခဲ့လေပြီ။ မတင်ရီမှာလည်းလင်နှင့်သားနှင့်တင့်တောင့်တင့်တယ်ရှိနေပေပြီ။ ဝေဝေဆိုသည်မှာလည်း ကျွန်တော့်ကို တကယ်ချစ်သည် မဟုတ်။ အလှကိုဘန်းပြ၍ ကျွန်တော့်ကို မြှူခြင်းဖြစ်သည်ဟု ကျွန်တော်ထင်၏။ ဝေဝေက ကျွန်တော့်ကို ထောင်ထဲသို့ တွန်းလွှတ်လိုက်သောအခါတွင် ကျွန်တော့်ဘက်မှာ မခင်လှိုင် တစ်ယောက်သာ မားမားရပ်မည့်သူ ကျန်တော့သည်။ ခုလို ကျွန်တော်ချစ်သော မခင်လှိုင်နှင့် ဇရာပိုင်းရောက်မှ ပေါင်းကြရမည်ဆိုတော့ ကျွန်တော့်ဘဝသည် အင်မတန် ရင်နာစရာ ကောင်းပေသည်။

ငွေ ... ငွေ ... သည်ငွေကို လိုချင်၍ ကျွန်တော်ဆိုးခဲ့ မိုက်ခဲ့သည်။ သည်ငွေရလျှင် ကျွန်တော့်ချစ်သူ မခင်လှိုင်နှင့် ကမ္ဘာသစ်တစ်ခုကို ထူထောင်မည်ဟု မိုက်မဲစွာ စိတ်ကူးယဉ်ခဲ့သည်။ လောကတွင် ငွေကိုရသည့်နည်းဖြင့်ရှာရန် ဆုံးဖြတ်ခဲ့သည်။ ယခုငွေကို ကျွန်တော်ရာလို့ ရခဲ့ပါ၏။ သို့သော် ကျွန်တော့်ချစ်သူ မခင်လှိုင်နှင့် နီးကြဖို့ မဆိုထားနှင့် ကျွန်တော်၏ နပျိုသော ဘဝအဆစ်အပိုင်းကို အကျဉ်း၏နေ့ရက်များအဖြစ် စောင့်စားကုန်ဆုံး ရပေတော့မည်။ ငွေကို ရသည်မှန်သော်လည်း ကျွန်တော့်ချစ်သူ မခင်လှိုင်နှင့် အိုမင်းတွင်းဆုံးအရွယ်ကျမှတော့ တွေ့ရပေတော့မည်။ ကျွန်တော်၏ စိတ်ကူးယဉ်

www.burmeseclassic.com

အဘိဓမ္မာသည် မိုက်မဲလွန်းပါ၏ ငွေရှိလျှင်ပြီးသည်ဆိုသော အဘိဓမ္မာသည်လည်း မိုက်မဲလွန်းလှပါ၏။ ချစ်သောသူနှင့် ကွေကွင်း၍ အကျဉ်းထောင်ထဲမှာ နေရမည်ဆိုလျှင် သည်ငွေတွေသည် ကျွန်တော့်အဖို့ ဘာတန်ဖိုး ရှိတော့မည်နည်း။

ကျွန်တော်သည် ရင်ထဲမှ တလှိုက်လှိုက်ဖြစ်လာကာ ငိုချလိုက်ချင်သည်။ သို့သော် … မေမေတို့ မခင်လှိုင်တို့ အားငယ်မည်စိုး၍ ကြိုးစား၍ ပြုံးလိုက်ရပေသည်။

"ဘာပြုံးတာလဲ အစ်ကို"

မခင်လှိုင်က ကျွန်တော့်ကိုကြည့်ရင်း မေးလိုက်သည်။

"ဩော် … မခင်လှိုင် … စောင့်မှ စောင့်နိုင်ပါ့မလားလို့ပါ။ ဆယ်နှစ်ကျော်ကျော် ဆယ့်ငါးနှစ်လောက်ဆိုတာ နည်းတဲ့အချိန် မဟုတ်ဘူး။ ဒီတော့ အစ်ကို့ကို စောင့်မနေပါနဲ့။ မခင်လှိုင်သာ … ချစ်သူတွေ့ရင်"

"ဒီမှာ အစ်ကို … မခင်လှိုင်ကို ဒီလောက် အထင်သေးသလား။ အမေတို့ ယောက်ျားအတင်းပေးစားနေကြပြီ။ မခင်လှိုင် မယူခဲ့ဘူး။ အစ်ကို လူကောင်းဘဝ နေရာက်မယ်ဆိုရင် မခင်လှိုင် စောင့်မယ်။ သေသေချာချာ စဉ်းစားကြည့်ပါ အစ်ကို။ အစ်ကို့ကို ချစ်လွန်းလို့ လူဆိုးဘဝမှာတောင် အစ်ကို့နောက်ကို တကောက်ကောက် လိုက်ခဲ့သေးတယ် မဟုတ်လား။ ထောင်က ထွက်တဲ့အချိန်မှာ အစ်ကို လူကောင်းပြန်ဖြစ်မယ်ဆိုရင် မခင်လှိုင်ကတော ဘာဖြစ်လို့ မစောင့်နိုင်ရမှာလဲ။ ထောင်ကလွတ်ရင်သာ ကောင်းကောင်းမွန်မွန် နေမယ်လို့ မခင်လှိုင်ကို ကတိပေးစမ်းပါ။ မခင်လှိုင်လေ အစ်ကို့ဆီက ဘာကိုမှ မမျှော်လင့်ဘူး။ ဒီကတိတစ်ခုပဲ လိုချင်တယ်။ ဒီကတိတစ်ခုထဲ မခင်လှိုင်ကို ပေးစမ်းပါ အစ်ကိုရယ် … နော်။ မခင်လှိုင်ကို သနားရင် မခင်လှိုင်ကို ချစ်ရင် … ဒီကတိတစ်ခုထဲ ပေးစမ်းပါ … နော် … အစ်ကို … အစ်ကို အစ်ကို"

ထောင်ဝင်စာ အချိန်စေ့၍ ခေါင်းလောင်းသံ တညံညံ ထွက်ပေါ်လာပေသည်။ ဘေးရှိ အကျဉ်းသမားများနှင့် ထောင်ဝင်စာလာသူများ အပြန်အလှန် နှုတ်ဆက်သံတွေဖြင့်လည်း ဆူညံလျက် ရှိပေသည်။ သည်အသံဗလံတွေကြားမှ မခင်လှိုင်သည် ကျွန်တော့်ထံမှ သူအလိုချင်ဆုံးသော ကတိကို တောင်းနေ၏။ လူသံတွေ စီစီညံနေသည့်ကြားထဲက မခင်လှိုင်သည် ကျွန်တော့်ကို လှမ်းအော်နေပေသည်။

"ကဲ … ကဲ … အချိန်စေ့နေပြီ"

အစောင့်ဝါဒါက ကျွန်တော့်လက်မောင်းကို ဆွဲရမ်းကာ တုတ်ဖြင့် ဖေ့ရမ်း၍ အဝေးသို့ နှင်လေသည်။ ကျွန်တော်သည် လူတွေကြားထဲမှ သမင်လည်ပြန် လှည့်ကြည့်ကာ ကျွန်တော့်အား လှမ်းအော်ပြောနေသော မခင်လှိုင်ကို ငေး၍ကြည့်နေမိသည်။

"အစ်ကို … အစ်ကို … ဘယ့်နယ်လဲ … မခင်လှိုင် ပြောတာလေ။ အစ်ကို ကြားရဲ့လား … ။ မခင်လှိုင်ကို ချစ်တယ်ဆိုရင် ဒီကတိကို ပေးစမ်းပါ အစ်ကိုရယ်။ ဟင် … အစ်ကို

www.burmeseclassic.com

... အစ်ကို”

သည့်နောက်တော့ မခင်လှိုင်အသံသည် လူသံတွေကြားထဲမှာ နစ်မြုပ်သွား၏။ နီထွေးသော နှုတ်ခမ်းကလေးများသည် ပွင့်အာတော့မည့် ကြာပဒုံလို လှုပ်နေကြ၏။ စကားသံကိုမူ မကြားရတော့ပေ။ မခင်လှိုင်ကမူ ကျွန်တော့်ကို မျှော်လင့်ချက်ကြီးစွာဖြင့် လှမ်းကြည့်နေတုန်းပင် ဖြစ်၏။

သည်အချိန်သည် မခင်လှိုင်အဖို့ သေရေးရှင်ရေး အချိန်ဖြစ်၏။ သူသည်နေ့ ကျွန်တော့်ထံသို့ ထောင်ဝင်စာလာခြင်းမှာ သူ့အိမ်က ယောက်ျားပေးစားနေပြီဖြစ်၍ ကျွန်တော်နှင့် အိမ်ကပေးစားသည့် ယောက်ျားကို ရွေးချယ်ရန် ဆုံးဖြတ်ဖို့ လာခဲ့ခြင်း ဖြစ်ပေသည်။ ကျွန်တော် ထောင်ကလွတ်၍ လူကောင်းအဖြစ် နေပါမည်ဟု ကတိပေးလျှင် မခင်လှိုင်သည် ကျွန်တော့်ကို စောင့်မည်ဟု ဆို၏။ ကျွန်တော်က ကတိမပေးလျှင်မူကား ...

ကျွန်တော်သည် ကြာကြာတွေးမနေနိုင်တော့ဘဲ အော်၍ပြောလိုက်၏။ ခေါင်းကိုလည်း အကြိမ်ကြိမ် ငြိတ်ပြလိုက်မိသည်။ မခင်လှိုင်က ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်ကို မြင်မှ လက်ကိုဝှေ့ရမ်း၍ တစ်စုံတစ်ရာကို ပါးစပ်မှ လှမ်းပြောနေ၏။ အသံကိုမူ မကြားရတော့ပေ။

ကျွန်တော်သည် ကျွန်တော့်ကို ကျောပေး၍ ထွက်ခွာသွားသော မခင်လှိုင်ကို ငေးကြည့်နေမိရင်း သံတိုင်များကို တင်းကြပ်စွာ ဆုပ်ကိုင်လိုက်သည်။ သို့သော် ကျွန်တော့်လက်များသည် အားမရှိကြတော့။ ခြေထောက်များသည်လည်း ပျော့ခွေညွတ်ကျ၍ နေပေသည်။ ကျွန်တော်သည် သံတိုင်ကို ကိုင်ထားရာမှ လျှော၍ ဒူးထောက်ထိုင်ချလိုက်သည်။ အားတွေ ကုန်ပေပြီ။ သည်ဘဝကို ကျင်လည်လျှင် သည်ထောင်နံရံတံတိုင်းအတွင်းမှာ ရောက်ရမည်သာ ဖြစ်၏။ တခြား ဘယ်ကိုမှ သွားစရာလမ်းမရှိ။ နောက်ဆုံးတော့ ကျွန်တော်တို့လို လူဆိုးဆိုသည်မှာ ဘယ်ကိုပဲ ပြေးပြေး၊ ကျားပါးစပ်တံခါးကြီးကို ငုံ့ဝင်ကာ ထောင်နံရံတံတိုင်း အတွင်းသို့ ဝင်လာခဲ့ရသည်ချည်း ဖြစ်၏။ တခြားလမ်း မရှိ၊ ဝေးလေပြီ။

“ဩော် ... ၁၉၇၅ ခုနှစ်ကျမှ လွတ်မှာပါလား”

သည်အတွေးသည် ကျွန်တော့်ကို ခြောက်လှန့်နေ၏။ ကျွန်တော်၏ ငွေရှာရေးအဘိဓမ္မာက ပေးလိုက်သည့် ရလာဒ်မှာ ချစ်သူနှင့် အသက် ၄၅ နှစ်ကျမှ ပေါင်းရမည်ဟူသော ရလာဒ်ဖြစ်၏။ သည်အဘိဓမ္မာ၏အမှားကို ကျွန်တော် တွေ့လေပြီ။

ထောင်နံရံတံတိုင်း၏ဟိုမှာဘက်တွင်ကားနေရောင်ခြည်ပန်းပွင့်တို့ဖြင့်သာယာစိုပြေ လွတ်လပ်သော မခင်လှိုင်၏ ကမ္ဘာ။ ထောင်နံရံ၏ သည်မှာဘက်တွင်ကား ... ကျဉ်းမြောင်းမဲမှောင် ကြပ်တည်းလှသော ကျွန်တော့်ကမ္ဘာ ...။

သည်ကမ္ဘာနှစ်ခုကို ကျွန်တော် ဘယ်လို ပေါင်းစပ်ရမည်နည်း ... ။

www.burmeseclassic.com

ခဏကြာတော့ ဂျိမ်းကနဲ မြည်သံကြီးနှင့်အတူ ကျားပါးစပ် တံခါးကြီး ပိတ်သွားလေပြီ။

တကယ်တော့ သည်ကျားပါးစပ် တံခါးကြီးသည်ပင် ကျွန်တော်၏ကမ္ဘာနှင့် မခင်လှိုင်၏ကမ္ဘာကို ကာခြားပေးလိုက်သည် မဟုတ်ပါလား ... ။

ပြီး၏

မြသန်း

BURMESE CLASSIC .com

www.burmeseclassic.com